# ဇာတကာဝိပဿနာတရားတော်

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

၏

ဥပနိသျှခံတပည့်

နိုင်ငံကျော်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ

**အသျှင်ဇာဝန**

ဟောကြားသော

# ဇာတကဝိပဿနာ

# တရားတော်


သုဓမ္မဝတီစာပုံနှိပ်တိုက်

အမှတ် ၅၃-စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၄၀-ခု။

ထုတ်ဝေသူ – ဦးစောအောင်
၂၇၁-သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊
တောင်ဥက္ကလာပ။
(ကင်းလွတ်ခွင့် အမှတ် ၀၄၆၅၆)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၁၂၅၇)

ပုံနှိပ်သူ – ဦးသိန်းဝင်း မှတ်ပုံတင် အမှတ် (၀၂၁၅၅)
သုဓမ္မဝတီ စာပုံနှိပ်တိုက်၊
အမှတ် ၅၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် သုဓမ္မဝတီစာပုံနှိပ်တိုက်၊

ပဌမအကြိမ်

၁၉၇၉ - ခု၊ မတ်လ။ (ဓမ္မဒါန) အုပ်ရေ ၃၀၀၀။



မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိသျှခံတပည့်
ကမ္မဋ္ဌာနာစရိယ - နယ်လှည့် ဓမ္မကထိက
အသျှင်ဇဝန၏ပုံ

# ပဏ္ဏာသီသ

ဂဂနေ ဘာနုရာဇာဝ၊
အယံ ဂန္ထော တမောနုဒေါ။
စတုသစ္စံ ဒသေယန္တောဝ၊
စိရံ ဒိပ္ပတု သာသနေ။

ဂဂနေ၊ အဇဋာပြင်ကျယ် ကောင်းကင်လယ်၌။ ဘာနုရာဇာဝ၊ ရောင်ခြည်တထောင် မကဆောင်သား မိုက်မှောင်ချေခွင်း ရှင်နေမင်းကဲ့သို့။ **အယံ ဂန္ထော၊** မိုးကုတ်နည်းကျ **ဇာတကဝိပဿနာ** ဤကျမ်းစာသည်။ တမောနုဒေါ၊ အဝိဇ္ဇာအမိုက် အမှောင်တိုက်ကို တိုက်ဖျက်နှိမ်နင်း စင်အောင်ခွင်း၍။ စတုသစ္စံ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို။ ဒသေယန္တောဝ၊ မိုးကုတ်ဆရာတော် တိုင်းလုံးကျော်၏ ကိုယ်တော်အစား ပိုင်းခြားဂန ထင်ရှားပြလျက်သာလျှင်။ သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာ၌။ ဝါ၊ မိုးကုတ်ပဋိပတ် ဝိပဿနာဟောစဉ် သာသနာဝင်၌။ စိရံ၊ ရာပေါင်းများစွာ နှစ်တွေကြာအောင်။ ဒိပ္ပတု၊ ထိန်ထိန်ပဝင်း ကြေးညှော်ကင်းလျက် ထွန်းလင်းတောက်ပ ပါစေသော်။ ။

ကုသိုလ်အရှိန် လျော့ပါးလာလျှင် လျော့ပါးသလောက် အောက်ဘုံသို့ကျဆင်းတော့မည်သာ ဖြစ်သောကြောင့် ယင်းသို့မကျဆင်းနိုင်စေရန် ကျွန်ုပ်တို့၏ ဘဝယန္တရားကြီးကို အချိန်ရှိသရွေ့ ကြောင့်ကြစိုက် စစ်ဆေးကာသာ ဒါနသီလ ဘာဝနာတည်းဟူသော ကုသိုလ်လောင်ဆီများ အထပ်ထပ်ဖြည့်ပေးနိုင်မှ တန်ကာကျရုံရှိပါမည်။

စေတီပေါင်း ကျောင်းပေါင်း ရှစ်သောင်း လေးထောင်နှင့် တကွ ငွေပေါင်း ကုဋေကုဋာ အကုန်အကျခံ၍ သူမတူအောင် ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ပူဇော်သည့် ကောင်းမှုတွေ တောင်လိုပုံနေပါလျက် သေခါနီးအချိန်တွင်မှ မပြောပလောက်သော မကောင်းမှုကလေးကို တွေးမိသည့်အတွက် စပါးကြီးမြွေ ခုနစ်ရက်မျှ ဖြစ်ရရှာသော သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးဝတ္ထု, ထိုနည်းတူပင် အလှူရေစက်လက်နှင့်မကွာ ရှိလာပါလျက် သေခါနီး ထင်ပေါ်လာသည့် မကောင်းမှုမဖြစ်စလောက်ကြောင့် ခုနစ်ရက်မျှ အဝီစိကျရရှာသော မလ္လိကာဒေဝီ ခေါ် ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီးဝတ္ထု, ကဿပဘုရားလက်ထက် နှစ်ပေါင်းနှစ်သောင်းကျော် သိက္ခာသီလကိုလုံခြုံစွာ ထိန်းစောင့်လာပါလျက် ပြိတ်မြက်ပင်ကို မတော်တဆ ဖြတ်မိသော အာပတ်ကို သေခါနီးသတိရမိ၍ ထန်းလုံးခန့် မြွေနဂါးကြီးဖြစ်ရရှာသော ရဟန်းတော်တပါး ဝတ္ထုစသည်တို့ကို ထောက်ထားသော် ဒါနသီလတို့က ဘဝကူးဂတိအတွက် အာမခံချက် အတိအကျမပေးနိုင်သေးကြောင်း သိသာပါသည်။

ဘာဝနာကမူ သမထကိုသာစီးဖြန်းပြီး ဈာန်တန်းလန်းနှင့် စုတေလျှင် မလွဲမသွေ ဗြဟ္မာ့ဘုံသို့ရောက်၍ ဝိပဿနာဖြစ်ပါလျှင်

လည်း မဂ်စစ်ဖိုလ်စစ်ကို မရနိုင်သေးစေကာမူ "ဤအကျိုးသည် ဤအကြောင်းကြောင့် ဖြစ်သည်" ဟု နာမ်ရုပ်တို့၏အကြောင်းကို သိမ်းဆည်းနိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်လောက် ရောက်ရုံမျှဖြင့်ပင် သုဂတိသို့ ကိန်းသေရောက်နိုင်ပြီဖြစ်ကြောင်းကို-

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ-
သာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠ
သောတာပန္နော နာမ ဟောတိ။

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်ဆိုထားပါသည်။

ဝိပဿနာပေါက်မြောက်ရေးအတွက် စကားလုံးတွေ မြောက်မြောက်များများ ဝေဝေဆာဆာသုံးပြီး အကျယ်တဝင့်ဟောမှ မဟုတ်ပါ၊ အရှင်အဿဇိမထေရ်က "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" ဟု တခွန်းမျှဟောလိုက်ရုံဖြင့် ထင်းကနဲ သစ္စာပေါက်ပြီး အရိယာဘဝသို့ ချက်ချင်းရောက်သွားသော အရှင် သာရိပုတ္တရာ ကိုယ်တော်ကြီး, ဘုရားရှင်ကိုယ်တိုင် ညွှန်ပြသည့်အတိုင်း ရဇောဟရဏံ, ရဇောဟရဏံ ဟု စီးဖြန်းကာ အဝတ်ဖြူပိုင်းကို ဆုပ်နယ်နေရင်းက ခယဝယထင်ပြီး ဝိပဿနာ အောင်မြင်သွားသော အရှင်စူဠပန်,ဇရာမရဏနှင့်စပ်လျဉ်းသည့် သီချင်းသံကို ကြားရုံမျှဖြင့် ဆန်ဖွပ်နေရင်းက သံဝေဂရရှိ အရိယာအဆင့်သို့ တက်လှမ်းသွားဘူးသော အမျိုးသမီးငယ်စသည်တို့ကဲ့သို့ တခွန်းစ နှစ်ခွန်းစမျှဖြင့်လည်း ကမ္မဋ္ဌာန်းနှင့်အသိဓာတ် အံဝင်ခွင်ကျဟပ်မိသွားပါက မီးခလုပ်ကို နှိပ်လိုက်သည့်ပမာ သစ္စာအဆင့်ဆင့် ဖျတ်ကနဲပွင့်လာနိုင်ပါသည်။ ထို့ကြောင့် ဘုရားရှင်ကလည်း-

သဟာဿမပိ စေ ဝါစာ၊ အနတ္ထပဒသဉှိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

ဟု တခွန်းစနှစ်ခွန်းစဖြင့်လည်း အကျိုးပြီးနိုင်ကြောင်း ညွှန်ကြားဆုံးမတော်မူခဲ့ပါသည်။

ဤဇာတကဝိပဿနာကျမ်းစာ၏ အရည်အသွေးကို မှတ်ကျောက်တင်ကြည့်ပါမူ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အကျော်အမော် ဖြစ်သည်နှင့်အညီ–

(၁) ဖြစ်ပေါ်လာတိုင်းသော ရုပ်နာမ်ဓမ္မတို့ကို လိုက်၍မှတ်နည်း ခယဝယတင်နည်း နာမ်ရုပ်ခွဲနည်း အကြောင်းသိမ်းဆည်းနည်း သက္ကာယဒိဋ္ဌိခွာနည်း ပဋိစ္စသမုပ္ပါဒ်အသုံးချနည်း သစ္စာပေါ်နည်းမှအစ မိုးကုတ်ဥပနိသျကျကျ ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် ပြထားခြင်း။

(၂) သဘောပေါက် နားလည်စေချင်လွန်းသော ဆန္ဒစောတိုင်းလည်း ပရိသတ်အသိဉာဏ် တွေးသွားမည် သင်သည့်နေရာ၌ စိတ်ရှိသလောက် အကျယ်ပိတ္တာချမဟောဘဲ တရားနာသူ၏ ဉာဏ်နှင့်ဆန့်ရုံ ကိုက်ရုံသာ လိုရင်းမျှ ထိပ်တိုက်ဟောခြင်း။

(၃) ရှေ့နောက်စကား အဆက်အစပ်ရင်ကြားစေ၍ ဟာကွက်မတွေ့ရခြင်း။

(၄) လူတန်းစား အသီးသီး သဘောပေါက် နားလည်နိုင်သည့် အိမ်သုံးဝေါဟာရများကို ရွေးစစ်သုံးထားသဖြင့် နားမလည်နိုင်စရာ မပါရှိခြင်း။

(၅) တရားနာပရိသတ် နားရှင်းရေးကိုသာ ရှေးရှု၍ စကားဝါကျအရှင်းဆုံး သုံးထားခြင်း။

(၆) ပရိသတ် နားလည်မလည် သိရအောင်လည်း ပရိသတ်နှင့် စကားအပေးအယူ အမေးအဖြေ မပြတ်ပြုလုပ်ခြင်း။

(၇) အားကျပြီးကျင့်ချင်လာအောင် ဆိုင်ရာဇာတ်ကွက်ဇာတ်လမ်းများဖြင့် သွေးဆောင်ထားခြင်း။

(၈) စကားအလျဉ်းသင့်၍ ဒါန သီလ အကျိုးကို ဟောရာ၌လည်း ဝိပဿနာဖြင့် အစသတ် သစ္စာအထွတ်တပ် ပြလေ့ရှိခြင်း စသောအရည်အသွေးတို့နှင့် ပြည့်တင်းနေသည်ကို ကျေနပ်ဘွယ် တွေ့ရှိရပါသည်။

ဤသို့ အဖက်ဖက်မှ အဆင်ပြေသော ဟောစဉ်ဟောတမ်းကျမ်းစာကောင်းတစောင် ဖြစ်သောကြောင့် စိတ်ပါလက်ပါ ကြည့်ရှုလေ့လာမည်ဆိုပါက မည်သူမဆို မိုးကုတ်ဝိပဿနာရှုနည်းကို သက်သက်သာသာနှင့် နားလည်နိုင်မည်သာ ဖြစ်ပါသည်၊ နားလည်သည့်အလျောက် ဆက်လက်အားထုတ်ကြမည် ဆိုလျှင်လည်း ပါရမီနုသေးသည့်အတွက် အရိယာအစစ်ကြီး အကယ်မဖြစ်နိုင်သည့်တိုင် နောက်ဘဝ အပါယ်တံခါးပိတ်မည့် စူဠသောတာပန် အဆင့်လောက်တော့ ရောက်ဘို့စိတ်ချနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရိုးသားစွာ တင်ပြအပ်ပါသတည်း။

**စောအောင်**

ထုတ်ဝေသူ

# ဓမ္မကထိက အသျှင်ဇဝန၏
# အမှာစာ

ဤစာအုပ်တွင် ပါဝင်သောတရားများသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး၏ အာဘော်အတိုင်း ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အသျှင်ဇဝနကိုယ်တိုင် မြန်မာနိုင်ငံ အရပ်ရပ်၌ လှည့်လည်ဟောကြားခဲ့သည့် ခန္ဓာဉာဏ်ရောက် အလုပ်ပေး ဝိပဿနာတရားများပင် ဖြစ်ပါသည်။

ယင်းဟောကြားခဲ့သည့် တရားအများအပြားထဲမှ ကောင်းနိုးရာရာတို့ကို အသံသွင်းကြိုးခွေများမှ စိစစ်ရွေးထုတ်လျက် စာအုပ်အဖြစ် ဖန်တီးရခြင်းမှာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏မူ–ဥပနိသျှအတိုင်း ဟောစဉ်ဟောကွက်များ ဖြစ်သည့်အလျောက် လေးနက်သော အနှစ်သာရရှိသဖြင့် ကြားနာသူ အပေါင်း နှစ်ခြိုက်အားရခြင်းကြောင့် စာအုပ်အဖြစ် တဘာဝသစ် ထွက်ပေါ်လာခြင်း ဖြစ်ပါသည်၊ ယင်းဟောစဉ်များကို ဝိပဿနာ ပွားများအားထုတ်ကြသူ ယောဂီအပေါင်းတို့က ကြိမ်ဖန် ထပ်ထပ် ဖတ်ရှုပြီး ခန္ဓာဉာဏ်ရောက်သည်အထိ ကျင့်ကြံအားထုတ်ခြင်းအားဖြင့် ဝိုင်းဝန်းပွတ်တိုက်ပေးပါက သာသနာ့မျက်ရှင် မြတ်ရတနာသည် ထာဝစဉ်ဝင်းဝင်းတောက် ပြောင်လက်နေမည်မလွဲဟု ယုံကြည်မိပါသည်။

မူရင်းအသံကို တိုက်ရိုက်နာကြားရခြင်းမှာ အကောင်းဆုံးပင် ဖြစ်သော်လည်း စာအုပ်အနေဖြင့် တည်ရှိနေမည်ဆိုပါက ကာလ ဒေသမရွေး စာတတ်သူမှန်သမျှ ဖတ်ရှုနိုင် လေ့ကျင့်ပွားများ အားထုတ်နိုင်သည့် အကျိုးထူးများကို ရနိုင်သည်ဖြစ်ရာ "နှုတ်

တရာစာတလုံး”ဆိုသည့်အတိုင်း စာတလုံးက နှုတ်တရာထက် ခရီးရောက်သောကြောင့် နားဖြင့်သာကြားနာနိုင်သော ကြိုးခွေထက် စာအုပ်က တနည်းအားဖြင့် ပိုမိုကျယ်ပြန့်သည်ကိုကား မငြင်းနိုင်ပါ၊ သို့ဖြစ်၍ စာအုပ်အဖြစ် ပုံနှိပ်ရန် အချိန်ယူကြိုးစားကာ သစ္စာဆိုက်သော ဝိပဿနာတရားကောင်းများကို ယောဂီသူတော်စင်အပေါင်းတို့ထံ နက်ရှိုင်းခိုင်မာ ထိုးဖေါက်အမြစ်တွယ်စေချင်သည့်ဆန္ဒမွန်ဖြင့် ဤသို့ ဖေါ်ထုတ်ရခြင်းဖြစ်ပါသည်၊ ဤသည်ကို တရားလိုလား ဓမ္မမာမကအများက လိုအင်ပြည့်ဝ လက်ခံကြမည်မလွဲဟု မမှိတ်မသုံ ယုံကြည်မိပါ၏။

ကိုယ်တွေ့ကျင့်ကြံ အားထုတ်နေကြသော ယောဂီများအနေဖြင့်လည်း စာအုပ်အဖြစ်ဖြင့် လက်ဝယ်ရှိထားပါက အခါမလပ် ဖတ်ရှုပွားများ ကိုးကားနည်းပြု ဖြစ်နေရုံသာမက လုပ်ငန်းစဉ်အဆင့်တိုးမြှင့်စေနိုင်ကြောင်း တနည်းတဖုံ မြေထောင်မြှောက်ပေးသည့် ‘ဉာတပရိညာ’ စခန်းသို့ တက်လှမ်းရာတွင် အဖိုးတန်ပစ္စည်းရတနာသဖွယ် အသုံးကျမည်ဟု အလေးအနက် ယုံကြည်ကြပါလိမ့်မည်။

ယနေ့ခေတ်အခါတွင် ဝိပဿနာတရားသံ မိုးလုံးညံမစဲ လွှမ်းမိုးဝေဖြိုးနေခြင်းကို အထောက်အကူဖြစ်စေမည့် ဤတရားစာအုပ်ကို စေ့စေ့စပ်စပ် ဖတ်ရှုပြီး ခန္ဓာဉာဏ်ဆိုက် အမြိုက်မဂ်လမ်းပေါက်သည်အထိ တက်လှမ်းရောက်ရှိ နိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်၊ သို့တည်းမျှမဟုတ် တရားစဉ်များကို ဖတ်ရှုရင်း တလုံးတပါဒကိုမျှ မှတ်မိသိရှိ နှလုံးသွင်းသဘောပေါက်မိပါလျှင်လည်း ထူးခြားသည့် အကျိုးထူးတရားများကို ကောန်မသွေ ရရှိနိုင်ခံစားနိုင်ပါမည်၊ ထိုမှတနည်း အသိဉာဏ်စခန်းဖြင့် ရောင့်ရဲ

မနေဘဲ ကိုယ်တွေ့ကိုယ်တိုင် ကျင့်သုံးပွားများကြစေရန် အမှန်ပင် ရည်ရွယ်ရင်းစိတ်ထားဖြင့် ထုတ်ဝေရခြင်းသည် ပဓာနမျှော်မှန်း ချက်ပင်ဖြစ်ပါပေသည်။

ဤမှန်မြတ်သော ရည်မှန်းချက်ကို ဦးတည်လျှောက်လှမ်းသည် နှင့်အမျှ စီးပွားရေးဟူသော အမြတ်အစွန်း သဘောတရားမှာ နောက်ကွယ်၌ ဝေးရှိသေး၍ ကျန်ရစ်ခဲ့ကြောင်း ကောင်းစွာ သဘောပေါက် နားလည်ကြပါလိမ့်မည်။

တရားစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းတိုက်တွန်း အားပေးကြသော ဝမ်းတွင်းမြို့ ရွှေခြူးအထည်စက်ပိုင်ရှင် ဦးအုံး ဖေ ဒေါ်လှမယ်၊ ဦးကျော့ ဒေါ်တင်အေး၊ မိတ္ထီလာမြို့ ကြေး သံကုန်သည် ဦးသာဘော်-ဒေါ်တင်ဦး၊ ပဒ္မိပတ္တိ ပြန့်ပွားရေး ဥက္ကဋ္ဌ ဦးဘရင်နှင့် အခြားအခြားသော ယောဂီမမှ မိတ်ဆွေ အပေါင်းတို့အားရင်း ကိုယ်ထိလက်ရောက် လုပ်အားပေးကြ သော ရန်ကုန်မြို့ ဖဆပလရုပ်ကွက်မှ ယောဂီဦးဘတုတ်၊ ဟုမ်း လမ်း ဂူဏ္ဍာဘာယ မဟာဗောဓိစေတိကျောင်းတော်ကြီးမှ ဆရာဦးထွန်းရှိန်၊ ဦးထွန်းလက်နှင့် လက်ရေးမူကို လက်နှိပ်စက် ကူညီရိုက်ပေးသော မနုနုတင် (ရွှေဂုံတိုင်) တို့အားရင်း များစွာကျေးဇူးတင်ရှိပါ ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကမ္ဘာတဝှန်းတွင် ဝိပဿနာတရား ပြန့်ပွားစေအံ့၊ ပြန့်ပွား သည့် ဝိပဿနာတရားကို ခန္ဓာဉာဏ်ရောက် ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများရန်မှာ စာဖတ်သူယောဂီ၏ တာဝန်သာဖြစ် ကြောင်း ဘယ်အခါမှ မမေ့သင့်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **ခန္တီဝါဒီရသေ့ဝတ္ထု** | | |
| ၁။ | အရှင်ဇဝန၏ မေတ္တာစေတနာမှန် | .... | ၁ |
| ၂။ | ပလ္လင်ဖွင့် အောင်ဂါထာတော် | .... | ၂ |
| ၃။ | တရားနှစ်မျိုး၏ ခြားနားချက် | .... | ၄ |
| ၄။ | ရထားစီးခရီးသွား ဥပမာ | .... | ၅ |
| ၅။ | သံသရာ့အခြေအမြစ် | .... | ၁၄ |
| ၆။ | ဒိဋ္ဌိ၏ စားကျက်ကွင်း | .... | ၁၆ |
| ၇။ | ဒိဋ္ဌိခွင်းလက်နက်ကြီး | .... | ၁၈ |
| ၈။ | လူ့ဘဝနှင့်လိပ်ကန်းကြီး | .... | ၂၀ |
| ၉။ | ပရိညာသုံးပါး | .... | ၂၈ |
| ၁၀။ | ဖြစ်ဆဲကိုရှုပါမှ | .... | ၃၂ |
| ၁၁။ | သစ္စာသုံးပါးထင်ပေါ်ပုံ | .... | ၃၆ |
| ၁၂။ | ခန္တီဝါဒီဇာတ်လမ်း | .... | ၄၁ |
| ၁၃။ | မေတ္တာပန်း ပွင့်လန်းကြောင်းနှစ်မျိုး | .... | ၄၅ |
| ၁၄။ | ဇာတ်ပေါင်း | .... | ၅၅ |
| ၁၅။ | ဘုရားရှင်၏ မှာတမ်း | .... | ၅၆ |
| | **ဝိသာခဓမ္မဒိန္နဝတ္ထု** | | |
| ၁။ | အနန္တငါးပါး ကန်တော့ခန်း | .... | ၅၇ |
| ၂။ | ပတ္တမြားစစ် ညွှန်မနစ် | .... | ၅၉ |
| ၃။ | ဆုတောင်းပြည့်နေချိန် | .... | ၆၀ |
| ၄။ | ခန္ဓာအရှိနဲ့ဉာဏ်အသိ | .... | ၆၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | အမတေရှိရာ အမတေစု | .... | ၆၂ |
| ၆။ | ဝိသာခ ဓမ္မဒိန္နာ့ ဇာတ်လမ်း | .... | ၆၃ |
| ၇။ | အမြင်ပြောင်းပြန် ပုထုဇန် | .... | ၆၇ |
| ၈။ | အပါယ်နှစ်တဲ့တရားဆိုး | .... | ၆၈ |
| ၉။ | အိမ်သူ့ကျင့်ဝတ် | .... | ၇၂ |
| ၁၀။ | တောရ၏အရသာ | .... | ၈၁ |
| ၁၁။ | ရှုခိုက်ရှိုက်ခိုက် ရထိုက်သောမဂ္ဂင် | .... | ၉၀ |
| ၁၂။ | အပါယ်တံခါးပိတ်သည့်အချိန် | .... | ၉၇ |
| ၁၃။ | မိဒွေးတော် ဂေါတမီ၏ ဥဒါန်းကျူးသံ | .... | ၉၇ |

ပါဝေယျက မင်္ဂလာဆင်တော်ဝတ္ထု

| | | | |
|---|---|---|---|
| ၁။ | တရားပွဲဖွင့်ဝန္ဒနာ အေးဂါထာ | .... | ၉၉ |
| ၂။ | လသာတုန်း ဗိုင်းငင် | .... | ၁၀၁ |
| ၃။ | ပရိယတ်ရှိမှ ပဋိပတ်သိ | .... | ၁၀၃ |
| ၄။ | အခွင့်ကောင်းကို မဆုံးရှုံးစေသင့် | .... | ၁၀၄ |
| ၅။ | မင်္ဂလာဆင်ကြီးဗွက်ကျွံခဏ်း | .... | ၁၀၅ |
| ၆။ | ဘေးတွေ့မှကြိုးစားတတ် | .... | ၁၁၀ |
| ၇။ | ဗွက်ထဲမှရုန်းထွက်ရန် ဘုရားအမိန့်သံ | .... | ၁၁၂ |
| ၈။ | သေမင်းစံတဲ့နန်းတော် | .... | ၁၂၁ |
| ၉။ | သေမင်းကိုတော်လှန် | .... | ၁၃၀ |
| ၁၀။ | ကိုယ်ထူကိုယ်ထ | .... | ၁၃၂ |
| ၁၁။ | ဒါနနဲ့နိဗ္ဗာန် | .... | ၁၄၅ |
| ၁၂။ | နိဗ္ဗာန်ပေါက် အလှူရေစက်ချ | .... | ၁၄၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **သာသနာနဲ့ ဒါယကာ ရေနဲ့ကြာ** | | |
| ၁။ | တရားပလ္လင်ခံ | .... | ၁၅၈ |
| ၂။ | သာသနာသုံးရပ် ကွင်းဆက်နေပုံ ဥပမာ | .... | ၁၅၉ |
| ၃။ | သာသနာ့ဝန်ထမ်းနှစ်မျိုး | .... | ၁၆၂ |
| ၄။ | သိရိဓမ္မာသောကမင်းကြီး | .... | ၁၆၃ |
| ၅။ | အသန္ဓိမိတ္တာမိဖုရားကြီး | .... | ၁၆၄ |
| ၆။ | ကာလနဂါး ဘုရားပုံဖန်ဆင်းပြခြင်း | .... | ၁၇၁ |
| ၇။ | ကရဝိက်ငှက်မင်းတွန်ခိုင်းခြင်း | .... | ၁၇၅ |
| ၈။ | မှန်ချပ်တွင်းက အရိပ်ပမာ | .... | ၁၈၂ |
| ၉။ | လိုသလိုရ လူ့ဘဝ | .... | ၁၈၅ |
| | **ဆင်းရဲနှင့် ငရဲကင်းရေး** | | |
| ၁။ | အောင်မြေရွှေဘုံဂါထာတော် | .... | ၁၈၇ |
| ၂။ | အချိန်မဖြုန်းရန် မိန့်တော်သံ | .... | ၁၈၉ |
| ၃။ | မဟာခနေသေဌေးကြီး | .... | ၁၉၃ |
| ၄။ | ဗုဒ္ဓကိစ္စတော် ငါးပါး | .... | ၁၉၅ |
| ၅။ | မဟာခနေသူဌေးစိတ်ကူးရှည်ပုံ | .... | ၁၉၀ |
| ၆။ | အရှင်အာနန္ဒာကြွရောက်သတိပေးခြင်း | .... | ၂၀၁ |
| ၇။ | မဟာခနေအား ဘုရားရှင်ဟောသည့်တရား | .... | ၂၁၁ |
| ၈။ | မိုးကုတ်ဆရာတော်ကြီး၏ လက်သုံးမိန့်ခွန်း | .... | ၂၁၇ |
| ၉။ | ညဉ့်အချိန်ကို မှန်ကန်စွာအသုံးချနည်း | .... | ၂၂၀ |
| | **ဆင်သေနှင့်ကျီးမိုက်** | | |
| ၁။ | ရတနာသုံးပါးအားရှိခိုးခန်း | .... | ၂၂၄ |
| ၂။ | အရွယ်သုံးပါးတာဝန် | .... | ၂၂၆ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | သတ္တဝါများ၏ ထာဝရနေအိမ်ကြီးလေးလုံး | .... | ၂၂၉ |
| ၄။ | အရိန္ဒမမင်းဝတ္ထု | .... | ၂၃၀ |
| ၅။ | မိုးလောင်နေဆဲ ပျော်ဘဲပျော်နိုင် | .... | ၂၄၄ |
| ၆။ | ကုသိုလ်တပဲရဲ့တလှည့်တိုက် | .... | ၂၅၀ |
| ၇။ | ရဟန်းတော်များ၏သုခ | ... | ၂၅၆ |
| ၈။ | ဆင်သေနှင့်ကျီးမိုက်ဥပမာပေးတရား | .... | ၂၅၇ |
| ၉။ | အရိန္ဒမတောထွက်ခဏ်း | .... | ၂၆၂ |

ဥတ္တရသာမဏေဝတ္ထု

| | | | |
|---|---|---|---|
| ၁။ | အောင်ဆုပန်ဂါထာတော် | .... | ၂၆၉ |
| ၂။ | ဘဝဝဋ်ကြွေးလျှော်တဲ့ဆေး | .... | ၂၇၉ |
| ၃။ | ဥတ္တရသာမဏေဝတ္ထု | .... | ၂၈၁ |
| ၄။ | ဥတ္တရ၏ဝဋ်ကြွေး | .... | ၁၈၃ |
| ၅။ | အဂတိတရားလေးပါး | .... | ၂၈၉ |
| ၆။ | ရှောင်ခြည်တော်ခြောက်ပါး | .... | ၂၉၅ |
| ၇။ | ပစ္ဆိမဘဝ်ကမမ္မတာ | .... | ၃၀၁ |
| ၈။ | နိဗ္ဗာန်ကူးရန် ဥယျောဇဉ် | .... | ၃၀၂ |


မာတိကာ ပြီး၏။

# ဓာတကဝိပဿနာ

## ခန္ဓာညာဏ်ရောက် အလုပ်ပေးတရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ခန္တိဝါဒီရသေ့ဝတ္ထု

ပါရမီရှင် အပေါင်း သူတော်ကောင်းတို့သည် ဦးပဉ္စင်းဟောတဲ့ တရားကို နားလည် နာကြားနိုင်ကြပါစေ၊ နာကြားတဲ့အတိုင်းလဲဘဲ သိကြပါစေ၊ သိတဲ့အတိုင်းလဲဘဲ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ပြီးတော့ လိုရာခရီး အပြီးတိုင် ဆိုက်ရောက်နိုင်ကြပါစေလို့ မေတ္တာစေတနာ အပြည့်အဝနဲ့ ရွေးမဆုကဘဲ လားခဲ့ပါတယ်။

ဘုရားအိုတာက မိမိတို့ရဲ့ ရရှိသော့တဲ့ ခန္ဓာကြီးရဲ့အကြောင်းစုကို ထင်မြင်စွာသိမှ ဒါတရားသိတယ်လို့ ဆိုရပါမယ်၊ အဲဒါကြောင့် ယနေ့ လူ့ဘဝ ရတဲ့အခါမှာ နာကြားရခဲ့တဲ့တရား၊

မြတ်စွာဘုရား သာသနာကြီးနဲ့ ကြုံတဲ့အခါမှာ လူ့ဘဝရဘို့ ဘယ်လောက် ခဲယဉ်းတယ်၊ ခဲယဉ်းတဲ့ လူ့ဘဝရပြန်တော့လဲ တခဏမှာကြုံတဲ့ သစ္စာတရားကလဲ ဘယ်လောက် ခဲယဉ်းတယ် ဆိုတာကို သိရအောင် မတော်ဘူးတဲ့ ဆွေမျိုးမည်သည် မရှိလေ သောကြောင့် အမိအဖ ညီအကို မောင်နှမလို သဘောထားပြီး တော့ ကျေးဇူးဆပ်သောအားဖြင့် ဟောကြားပါမယ်၊ အဲဒါကို သေသေချာချာလဲ ဉာဏ်နားနဲ့ထောင်ပါ။

ဒီကနေ့ ပလ္လင်ဖွင့်ဂါထာတပုဒ် ရွတ်ဆိုပြီးတဲ့အခါမှာ တရားကို ဆက်ပြီးတော့ ဟောမယ်၊ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ကြည်ကြည်နူးနူးနဲ့ ရည်စူးပြီးတော့ နာကြပါ။

ဗောဓိမူလေ ပလ္လင်္ကမှိ၊ မာရံ သသေနအာဝုဓံ။
ဂဟေတွာ ပါရမီ ခဂ္ဂံ၊ ယော ဇိနာတိ ဇယုဿဝေါ။
သဗ္ဗေ ဝေရီ ပဟန္တွာန၊ သော ဝေါ ဒေတု ဇယံ ဝရံ။

ဇယုဿဝေါ၊ လောကဓာတ်တိုက် ခရိုင်မှာ ဘယ်သူဘဲပြိုင်ပြိုင် အောင်နိုင်စွာ ပွဲဖွင့်၍ ရရင့်တဲ့သတ္တိထူးဖြင့် အောင်ပွဲမူးဖြစ်တော် မူပေသော။ ယော ဇိနော၊ အောင်ပွဲသခင် အကြင်သို့သော ရှင်တော်မြတ်ဘုရားသည်။ ဗောဓိမူလေ၊ မြေမျှားဦးကိုင် မဏ္ဍိုင် သိရိ ဗောဓိသစ်မင်း ပင်ခြေရင်း၌။ ပလ္လင်္ကမှိ၊ နဝရတ်ကိုးသွယ် ဖြိုးကြွယ်ပြောင်လျှမ်း လောင်ကမန်းလင်းထိန်၍ နဝင်းအိမ် စက်ပန်းဖြင့် တက်လျှမ်း စံနေတော်မူရာ ရတနာအမြုတေ ကျက်သရေညွှတ်ရှုံး အတင့်ဆုံးမှန်ပေသော ပလ္လင်ဗွေဌာန၌။ နိသိန္နော၊ လေးသစ္စာဖူးခိုင်ကို ခူးနိုင်အောင် ခူးမယ်ဟု ရည်စူး ချက်အဓိဋ္ဌာန်ဖြင့် စိတ်သန်သန် စံနေတော်မူလျက်။ သသေန-

အာဝုဓံ၊ ဝဲယာ ရှေနောက် တောင်ကြီးတွေ ပေါက်သလို ဘယ့်ကလောက်အင်အား ကုဋေပေါင်း ဘယ်လောက် များသည်ဟု တွက်သားမရနိုင်စဘွယ် ကြီးကျယ်ပြိမ့်ခြောင်း စစ်သည်အပေါင်း နှင့် အစောင်းထက်မြက် လက်နက်စုံစုံ မီးကုန် ယမ်းကုန် စွမ်းဟုန် နှင့်တကွ ချီတက်၍ လာသော။ မာရံ၊ လောကတခွင်လုံးကို သိမ်းကျုံးကာ စိုးပိုင်၍ ငါလက်ကိုင်လုပ်မည်ဟု ယုတ်မာတဲ့အကြံ အားဖြင့် မာရ်ပွားထောင်လောင် မာရ်နတ်မိုက်အယုတ်ကောင်ကို။ ပါရမီ ခဂ္ဂံ၊ တသိန်းနှင့် လေးသင်္ချေ ဘဝတိုင်း ပျက်မသွေအောင် အထွေထွေ ဆည်းပူး၍ ဖြည့်ဘူးတဲ့ မဟာဝသီ ပါရမီထက်မြက် လက်သုံးတော်စိန်သံလျက်ကို။ ဂဟေတွာ၊ ရန်မူကိုပြိုင်လာလျှင် အနိုင်သာခွင်းမည်ဟု ရဲတင်းစွာစွဲကိုင်တော်မူပြီးသော်။ ဇိနာတိ၊ ခုတ်ထွင်ဖြတ်ပိုင်း၍ အလိုရှိတိုင်း အောင်မြင်တော်မူပေ၏။ သော ဇိနော၊ ဗောဓိပင်ခြေ ပလ္လင်ဗွေဝယ် အသင်္ချေမာရ်ဂိုဏ်းကို ခုတ်ပိုင်း ဖျက်ချိုး၍ စက်တန်ခိုးဖွင့်တော်မူသော ထိုရှင်တော်မြတ်ဘုရား သည်။ သဗ္ဗေ ဝေရီ၊ အတွင်းရန် အပြင်ရန် ဘေးဒဏ် အန္တရာယ် အသွယ်သွယ်ရှိသမျှ အနိဋ္ဌအလုံးစုံတို့ကို။ ပဟန္တွာန၊ ကိုယ်တော် တန်ခိုး စွမ်းကုန်နိုးလျက် ဖျက်ချိုး ပယ်လှန်၍ နယ်ကန့်တော်မူပြီး သော်။ ဝေါ၊ ဤတရားသဘင်မှာ အများပင် လာရောက်၍ ဝမ်းမြောက်ဝမ်းသာ ကြားနာကုန်လတ် တရားနာ ပရိသတ် အပေါင်း သင် သူတော်ကောင်း တို့အား။ ပရံ၊ အမွန်မြတ်ဆုံး ဖြစ်သော။ ဇယံ၊ အတွင်းရန် အပြင်ရန်တို့ကို ယခု ပစ္စုပ္ပန်မှာလဲ အောင် နောင်အခါမှာလဲအနိုင်ရ ဖြစ်လေရာ ဘဝါဘဝမှာ မာရ ဝိဇယဆိုတဲ့ အောင်ပွဲကို။ ဒေတု၊ ဂရုဏာတရား မေတ္တာအားဖြင့် ပေးသနားတော်မူပါ မြတ်စွာဘုရား။

(သာဓု - သာဓု - သာဓုပါဘုရား)။

ကိုင်း–တရားကိုဆက်ပြီးတော့ သေသေချာချာ နာကြပါ။ တရားဆိုတာက မှန်တာကိုဘဲ ပြောရမှာ ဖြစ်နေခြင်းကြောင့် နားထောင်လို့ကောင်းတဲ့ တရားကတမျိုး ခန္ဓာမှာဉာဏ်ရောက် တရားပေါက်အောင် ဟောတဲ့တရားက တမျိုးလို့ဆိုတော့ နား ထောင်ကောင်းတဲ့ တရားမျိုးကဖြင့် ဦးပဉ္စင်းရော ဒကာ ဒကာမ တွေရော နာခဲ့ရပေါင်းလဲ များပါပြီ၊ နားထောင်ကောင်းတဲ့ တရားနာပြီးတော့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားဆိုတော့ မရောက်နိုင် ဘူး၊ ခန္ဓာဉာဏ်ရောက် တရားတွေနာပြီးမှ ခန္ဓာရဲ့အဖြစ်အမှန်တွေ တွေ့လို့ ရှိမှန်းငြိုးငွေ့မှသာလျှင် နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတော့ ဩော်–ဒါဖြင့် သစ္စာတရားကို သစ္စာသိမှ နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတာ အားလုံးကဘဲ မှတ်ကြပါ။ (မှန်ပါ့ဘုရား)

မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ဟောထားတာ ကြည့်ပါ လား "ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ-သစ္စေသု" ဆိုတော့ ငါသည် အကြင်အခါ၌ သစ္စာကိုမသိသေး၊ ထိုအခါ၌ ဘုရားဖြစ်ပြီဟူ၍ ဝန်မခံသေး၊ အကြင်အခါ၌ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ သိ၏၊ ထိုအခါ၌ ငါသည် ဘုရား ဖြစ်ပြီဟူ၍ သုံးလောက တကြောမှာ ကြွေးကြော်တော်မူ၏ လို့ ဆိုတော့ သစ္စာမသိဘဲနဲ့လဲ ဘုရားမဖြစ်နိုင်ဘူးလို့ဆိုတော့ ဒါဖြင့် သစ္စာတရား ဟောရတော့မယ်ဆိုတော့ သာယာနာပျော်ဘွယ်ရာ ရှိနိုင်ပါ့မလား။ (မရှိနိုင်ပါဘုရား) တကယ့်သဘောနဲ့ကတော့ သာယာနာပျော်ဘွယ်ရာမရှိနိုင်တော့ဘူးပေါ့ဗျာ။ (မှန်ပါဘုရား)

အရိယာ၏ တပည့်သာဝကများ အနေဖြင့်တော့ အနှစ်သာရ ရှိတဲ့တရားလို့ဆိုတော့ ဟောပြောရမှာပေါ့၊ ဒါကြောင့် ဦးပဉ္စင်းတို့ ရန်ကုန်ကနေပြီးတော့ သာစည်ကို ရထားစီးပြီး လာခဲ့တယ်၊

ရထားစီးရင်းနဲ့ တွေးမိတယ်၊ ဦးပဉ္ဇင်းတို့ကတော့ သာစည်ဘူတာဆိုတာ သေသေချာချာ မမှတ်မိဘူး၊ ခရီးတော့သွားဘူးပါတယ်။

ရန်ကုန်ကနေ စီးပြီးလာခဲ့တာ ပျဉ်းမနားဘူတာက ကျော်လာတယ်ဆိုရင် ပျော်ဘွယ်တို့ ဘာတို့ မရောက်ခင်ကလေးမှာဘဲ ခရီးသည်တွေဟာ ရုတ်ရုတ်သဲသဲနဲ့ ဟိုအထုပ်ဆွဲ ဒီအထုပ်ဆွဲနဲ့ ဘယ့်နှယ် ဖြစ်တာပါလိမ့်လို့ ကြည့်လိုက်တော့၊ ဩော်–ဒါဟာ သူတို့ ကိုယ်လိုရာခရီး သာစည်ဘူတာ ရောက်ခါနီးပြီဆင်ရဲ့လို့ ဒီလိုဘဲစိတ်ထဲမှာ ဆုံးဖြတ်ချက် ချရတာပေါ့လေ။

ဒါနဲ့ ကြည့်ရင်း ကြည့်ရင်းနဲ့ ခလေးရော လူကြီးပါမကျန် အထုပ်ကိုယ်စီနဲ့ အပေါက်ဝကို တဖြေးဖြေးတိုးလာ ဒါဖြင့် ဘူတာဆိုက်ခါနီးပြီထင်ရဲ့လို့ သူတို့အရိပ်အခြေ ကြည့်ပြီးတော့ နေမိတယ်၊ မှန်လဲမှန်ပါတယ်၊ များမကြာမီမှာဘဲ သာစည်ဘူတာကြီးကို ဆိုက်ရောက်လာတယ်ဆိုရင် မရောက်ခင်ကနေ ကိုယ့်အထုပ်အပိုးလေး ပြင်ဆင်ပြီးထားတဲ့ အတွက်ကြောင့် ဘူတာရုံရောက်တာနဲ့တပြိုင်နက် ကိုယ်ရသင့်ရထိုက်တဲ့ ကိုယ့်ပစ္စည်းလေးဆွဲပြီး ဆင်းသွားတာ တွေ့ရတော့၊ ဩော်–ဒို့သံသရာဘုံတကြောမှာလဲ ဒီလိုပါဘဲလားဆိုတာ သွားပြီး တွေးမိတယ်။

ဒကာ ဒကာမတွေကို ရှင်းပြချင်လို့ပါ၊ ဘယ်လိုတွေးမိသလဲဆိုတော့ ဦးပဉ္ဇင်းတို့–

ကာမာနိ ကာမယန္တာနံ၊ သတ္တေ ရထသန္ဒိဘော။
ကာလော သံသာရမဂ္ဂမှိ၊ အာသန္နေ မဂ္ဂရာဇိကော။

ကာမာနိ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့ကို။ ကာမယန္တာနံ၊ ရှင်ပြုံးနှစ်သက် ခံစားလျက်နေကြကုန်ဆဲသာလျှင်။ ရထသန္ဒိဘော၊

မန္တလေး ရန်ကုန် စုန်ချီ ဆန်ချီ အတည်မနား အမြဲသွားသည့် ရထားစာပို့အသွင် ပမာတင်လောက်သော။ ကာလော၊ သက္ကရာဇ် ကောဇာ ဝေါဟာဖွဲ့ချီ နာရီ, နှစ်, လ ရေတွက်၍ ဆလိုက်သော် မရနိုင်းရှိ အတိုင်းမသိများပြားလှသော ရက်ပေါင်း အချိန်ကာလ တို့သည်။ သံသာရမဂ္ဂမို၊ သံသရာခရီး အမြဲပင်တင်ဆောင်နေတဲ့ လမ်းမတော်ကြီး၌။ သက်ရှေ့၊ တနေ့ထွက် တနေ့ဝင် တလငင် တနှစ်ကုန် စက်ဟုန်ခေါတ်ခိုး ကြိမ်ကြိမ်နှိုးလျက် မီးခိုးမစဲ သက္ကရာဇ် ဦးခေါင်းလဲလှယ်ပြီးတော့ တပြောင်းထဲပြောင်းကာ ခုတ်မောင်း စက်နှင်၍ နေကြကုန်ဆဲသာလျှင်။ မစ္ဆုရာဇိကော၊ သုံးဆယ့် တနိုင်ငံ ပိုင်စံစိုးနင်း အာဏာပြင်းလှတဲ့ ရှင်သေမင်း၏ ခင်းကျင်း ဗြူဟာ မဟာသဘင် ယဇ်ပလ္လင်ဟု တွင်ဘွင်သတ်ဖြတ် ကြိုးမိန့် ပေးအပ်သည့် ရစ်ပတ်ချည်နှောင် သေဆုံးရမည်ဆိုတဲ့ နေဝင် တောင်သည်။ အာသန္နော၊ မီးရထားနှင့် စီးသွားရာတွင် ဘူတာရုံ တွေကိုကျော် လမ်းဆုံးကို မျှော်သကဲ့သို့ နီးသည်ထက်နီး၍လာခဲ့ ကြလေကုန်သတည်း။

(သာဓု - သာဓု - သာဓုပါဘုရား)။

အဲဒီ ရထားပေါ်မှာ စီးလာရင်းနဲ့ တွေးမိတယ်၊ ဩော်– ဘူတာရုံနား ရောက်ခါနီးတော့ ကိုယ်ရသင့် ရထိုက်တဲ့ ပစ္စည်း တွေကို သယ်ဆောင်ပြီးတော့ မမေ့မလျော့ မပေါ့မဆဘဲနဲ့ သယ်ဆောင်ယူငင်ပြီးတော့ သွားကြတာဟာ ဒါလမ်းမှန်တယ် လို့ကော မခေါ်နိုင်ဘူးလား။ (ခေါ်နိုင်ပါတယ်ဘုရား)။

အဲဒါက လောကီ ဥပမာ ကလေးပေါ့နော်၊ လောကုတ္တရာ ဥပမာနဲ့ ဦးပဥ္စင်းက ဒကာ ဒကာမတွေကို ဥပမေးယျ ပြန်ပြရမယ်

ဆိုတော့ ကျုပ်တို့မှာလဲဘဲ အမိဝမ်းခေါင်းက ကျွတ်လွတ်တဲ့ အချိန်ကစပြီး ဒီနှစ်မွေးတဲ့လူက ရှေ့နှစ်တွေကျရင် သင်းချိုင်းတည်းဟူသော ဘူတာရုံဆိုက်ဘို့ နီးလာတာဘဲ။

၁၆-နှစ် ရှိတဲ့လူက ၂၀-လောက်ရောက်လာရင် ဒါဘူတာရုံဆိုက်ဘို့ မနီးလာဘူးလား။ (နီးလာပါတယ်ဘုရား)။

အသက် အစိတ်ရှိတဲ့လူက ၅၀-လောက် ရောက်လာတော့ နီးမလာဘူးလား။ (နီးလာပါတယ်ဘုရား)။

သင်းချိုင်းကုန်းတည်းဟူသော ဘူတာနဲ့ နီးလာတာဘဲ၊ ရထားဘူတာဆိုက်ခါနီးလို့ ဒို့နေရာရောက်တော့မဟဲ့ဆိုပြီးတော့ ယူသင့်ယူထိုက်တဲ့ ပစ္စည်းတွေကို ယူရသလို ဦးပဥ္စင်းတို့တတွေမှာလဲဘဲ သင်းချိုင်းတည်းဟူသော ဘူတာရုံ ဆိုက်ရောက်ခါနီးပြီ၊ ကိုယ့်အထုပ်ကိုယ်ယူစရာ ဘာရှိသေးသလဲဆိုတာတော့ လူတိုင်းလူတိုင်း တွေးစေချင်ပါတယ်၊ တွေးဘို့ကောမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

သားတွေ သမီးတွေကို ယူသွားလို့ မရပါဘူးတဲ့၊ ပစ္စည်းဥစ္စာတွေ ဆယ်နှစ်ဆယ်မိုး ရှာဖွေစုဆောင်းထားပေမဲ့ ယူသွားလို့ ရပါ့မလား။ (မရပါဘူး ဘုရား)။

အိုး အိမ် တိုက်တာ လယ်ယာ ရွှေ ငွေ အထွေထွေ ပစ္စည်းတွေကလဲ ယူသွားလို့ရပါ့မလား။ (မရပါဘူး ဘုရား)။

ကိုယ်ကတော့ အသက်လေး - ငါးဆယ်ရှိလာပြီ၊ ခေါင်းကြည့်လိုက်ပြန်တော့လဲ ဦးပဥ္စင်းတို့တတွေမှာ ဆံဖြူ နားထိုင်း ခါးကိုင်းသွားကျိုးပြီးတော့ ခိုကိုးစရာမရှိလောက်အောင် ဘူတာရုံဆိုက်ခါနီးလို့ အလံချိုးနေတာနဲ့ မတူဘူးလား။ (တူနေပါတယ်ဘုရား)။

ဒါဖြင့် ဆံပြု နားထိုင်း ခါးကိုင်း သွားကျိုးတာ ဘာဖြစ်တာလဲမေးရင် အလံချိုးတာ။ (မှန်ပါဘုရား)။

ဘယ်ရောက်ခါနီးလို့လဲ ဆိုတော့ သင်းချိုင်း တည်းဟူသော ဘူတာရုံဆိုက်ခါနီးလို့ အလံချိုးထားတာနော်။ (မှန်ပါဘုရား ။

အလံချိုးထားတဲ့အခါ ခန္ဓာတည်းဟူသော ရထားကြီးသည် သင်းချိုင်းတည်းဟူသော ဘူတာဆိုက်ရတော့မယ်လို့ မျှော်မှန်းပြီးတော့ ဒို့ကိစ္စဘာရှိသေးလဲဆိုတာ တွေးရမယ်၊ အဲဒါတွေကို မတွေးမိဘဲနဲ့ သားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ကုန်နေရင် တော့ဖြင့် အင်း ဒီပုဂ္ဂိုလ် အိပ်ပျော်နေတဲ့ ပုဂ္ဂိုလ်ဘဲ။ (မှန်ပါဘုရား)။

ဒါဖြင့် ငါဘူတာရုံ ဆိုက်ခါနီးပြီလို့ သူသိသေးရဲ့လား။ (မသိပါဘုရား)။

မသိတာက အဝိဇ္ဇာ၊ သားရေး သမီးရေး စီးပွားရေးနဲ့ ပျော်နေတာက တဏှာ၊ ရှင်းပြီလား။ (ရှင်းပါပြီဘုရား)။

ဘယ်လိုမသိသလဲဆိုတော့ ဩော်–ငါတို့ ဘူတာရုံဆိုက်ခါနီးပြီလို့ မသိတာက အဝိဇ္ဇာ၊ သားရေး သမီးရေး စီးပွားရေးနဲ့ ပျော်နေတာက တဏှာ၊ ဒီနားက မခွဲနိုင် မခွာရက်ဖြစ်နေတာက ဥပါဒါန်ပေါ့၊ ဟိုပြေး ဒီလွှား ဟိုပြော ဒီဆို ပြုလုပ်တာက ကာယကံ ဝစီကံ၊ ဒါကို ကောင်းကံ ခေါ်မလား၊ ဆိုးကံခေါ်မလား။ (ဆိုးကံပါဘုရား)။

အဝိဇ္ဇာ- တဏှာ- ဥပါဒါန် အုပ်ချုပ်တဲ့ကံမို့ ဆိုးကံဆိုတော့ ဖြတ်ကနဲ စုတေမနေ သေလိုက်မယ်ဆိုရင် သားတွေ သမီးတွေကလဲ မကယ်နိုင်၊ ပစ္စည်းပစ္စယတွေကလဲ မကယ်နိုင်လို့ရှိရင် အကုသိုလ်ကံ

တွေချည်း ပြုလုပ်ထားတဲ့ ပုဂ္ဂိုလ်သည် 'သဒိသံ ပါကံ ဇနေတိ' တူသောအကျိုး ပေးမယ်ဆိုတော့ ကောင်းကျိုး ပေးမလား၊ ဆိုးကျိုးပေးမလား။ (ဆိုးကျိုးပေးပါမယ်ဘုရား)။

ဒါဖြင့်သေခြင်းဆိုး ဖြစ်ရမှာပေါ့။ (မှန်ပါ့ဘုရား)ကဲ-တွေးဘို့ မသင့်ဘူးလား။ (သင့်ပါတယ်ဘုရား)။

ဒါကြောင့်—ဓမ္မပဒ အဋ္ဌကထာမှာ—

"အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ"။

အဇ္ဇေဝ၊ ရက်ဆိုင်းမရွှေ့ ဤယနေ့၌ ပင်လျှင်။ အာတပ္ပံ၊ ကိလေသာကို ပူပင်စေတတ် ပြုဘွယ်ကိစ္စအရပ်ရပ်ကို။ ကိစ္စံ-ကာတဗ္ဗံ၊ လောလောလတ်လတ် ပြုလုပ်အပ်၏။ သုဝေ၊ နေ့မြင့်ရှည်ကြာ နက်ဖြန်ခါ၌။ မရဏံ၊ အခြေမှောက်ယှင်း သေပျောက်ခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်ပါအံ့နည်း။ မဟာသေနေန၊ တပါးမက များလှစွာသော စစ်သည်အခြံအရံရှိသော။ တေန မစ္စုနာ၊ အသေသတ်ခွင်း ထိုရှင်သေမင်းနှင့်။ သင်္ဂရံ၊ တိုင်ပင်ချိန်းချက်ခြင်းသည်။ နော၊ ငါတို့အား။ န ဟိ-နဝေ၊ မရှိသည်သာလျှင်တည်း။

လို့ ဆိုတော့ ခြောဲ— ဒို့ပြုဘွယ်ရာကိစ္စ ကိုယ့်နောက်ကို ဘာများ ပါမှာလဲဆိုတော့- ဒါနတည်းဟူသော ကုသိုလ်တရား သီလတည်းဟူသော ကုသိုလ်တရား ဝိပဿနာတည်းဟူသော ကုသိုလ်တရားတွေကို ဘုတာရုံ ဆိုက်ခါနီးရင် အထုပ် အထည်

ပြင်ဆင်ဘို့ အချိန်ရောက်ပါပေါ့လားလို့ ကိုယ့်ကိုယ်ကို တွေးမိဘို့ မကောင်းဘူးလားဗျာ။ (ကောင်းပါတယ် ဘုရား)။

အဲဒါတွေကို မတွေးဘဲနဲ့ သားရေး သမီးရေး စီးပွားရေး တွေလုပ်တာသည် ငယ်တဲ့ပုဂ္ဂိုလ် လုပ်တာလား၊ ကြီးတဲ့ပုဂ္ဂိုလ် လုပ်တာလား။ (ငယ်တဲ့ပုဂ္ဂိုလ် လုပ်တာပါ ဘုရား)။ ကြီးတဲ့ပုဂ္ဂိုလ် က ပိုလုပ်တယ်နော်- (မှန်ပါ့ ဘုရား)။

ငယ်တဲ့ပုဂ္ဂိုလ်က သားရေး သမီးရေးတင်လုပ်တာ၊ အသက် ကြီးတဲ့ ပုဂ္ဂိုလ်က ဒါက တပည့်တော်ရဲ့မြေး၊ ဟိုဘက်ကမြစ်၊ တပည့်တော်တို့ အသက်အရွယ် ကြီးပေမဲ့ မြေးနဲ့ မြစ်နဲ့နေရသေး တယ်၊တော် တော်သေးရှိတဲ့၊ အင်း-သူမေ့နေတာကိုတော့ သူမသိ ဘဲနဲ့ တော်နေတာ။ (မှန်ပါ)။

တော်တာက တော်ချင်လို့ တော်တာလား၊ သေခြင်းဆိုး သေချင်လို့လား။ (သေခြင်းဆိုး သေချင်လို့ပါ ဘုရား)။

သား သမီး မြေးမြစ်ဆိုတာက ကိုယ့်နောက်မှ မပါတာဘဲဟာ၊ ဒီလို မပါဘူးရယ်လို့လဲ မသိ၊ သင်းချိုင်းကုန်း တည်းဟူသော ဘူတာရုံ ဆိုက်ခါနီးပြီလို့ မသိတာက-အဝိဇ္ဇာ၊ ဒါကမြေး ဒါက မြစ်ဆိုပြီး ကြည့်ပြုံးနေတာက-တဏှာ၊ ဒါတွေကို စွဲလမ်းနေတာက ဥပါဒါန်၊ ခင်ဗျား မွေးစားတာလေးလားလို့ မေးရင် ကြိုက်ကဲ့ လား။ (မကြိုက်ပါ ဘုရား)။

အင်း-ဒါဖြင့် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဘဲ။ (မှန်ပါ ဘုရား)။ မိုးကြိုးပစ်ရစေရဲ့၊ ဘယ်နေ့ ဘယ်ရက်က မွေးဖွားထားတာ၊ သက္ကရာဇ်တောင် ရှိပါသေးတယ်လို့ ပြောချင်ပြောမှာ။ (မှန်ပါ ဘုရား)။

ဒိဋ္ဌိနဲ့ စွဲသလား၊ မစွဲဘူးလား။ (စွဲပါတယ် ဘုရား)။ ဒါမွေးစားတာလေးလား ဗျာလို့ ဆိုရင် မျက်နှာတောင် ပျက်မယ်၊ လူတောထဲမေးရင်နော်။ (မှန်လှပါဘုရား)။ အဲဒါကြောင့်မို့လို့ ဒါဟာ ဘယ်သူ့သဘောလဲလို့ မေးတော့ ဒိဋ္ဌိသဘော၊ ဒိဋ္ဌိသဘော ဆိုတော့ ဒါဖြင့် ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်- ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုရင် ကမ္မဘဝပစ္စယာ- ဆိုပြီးတော့ သေလိုက်လို့ ရှိရင် ဒီပုဂ္ဂိုလ်သည် နောက် ဇာတိ မလာပေဘူးလား။ (လာပါတယ် ဘုရား)။ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံဆိုတော့ ကောင်းကံတော့ မဟုတ်သည့် အတွက်ကြောင့် ဆိုးကျိုးဇာတိဘဲ၊ အပါယ်လေးပါး ဇာတိလာလိမ့်မယ်။ (မှန်ပါ)။

ဒါကြောင့် ဒါတွေမဖြစ်ရအောင် ဦးပဉ္ဇင်း ပြောပြအုံးမယ်၊ ကဲ–အခု ဘယ်နားရောက်နေကြပြီလဲ။ (ဘူတာရုံနား ရောက်နေပါပြီဘုရား)။ ဘယ်ဘူတာပါလိမ့်ဗျာ။ (သင်းချိုင်းကုန်းဘူတာပါဘုရား)။

သင်းချိုင်းကုန်းလေးတော့ ထဲ့အုံးဗျာ၊ တော်တော်ကြာ သူများကပြောမယ်၊ ဦးဇဝနဆိုတဲ့ ကိုယ်တော် မပင့်နဲ့ဗျ၊ ကျက်သရေမရှိဘူး၊ ဒီကိုယ်တော်က သင်းချိုင်းကုန်းနဲ့ အသုဘနဲ့ မသာနဲ့ သေခြင်းဆိုးနဲ့ ဆိုတော့ ဘယ်ဟာ ကောင်းမတုံးဗျလို့ ပြောချင်ပြောမှာ၊ နို့-မှန်ကော မမှန်ဘူးလားဗျာ။ (မှန်ပါတယ် ဘုရား)။

ဘုရားက ဟောထားတယ်၊ 'ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်၊ သူများတော့ မကြိုက်ဘူးတဲ့၊ ဒါပေမဲ့ ဇွတ်သာပြော'တဲ့၊ ဒါကြောင့် ဦးပဉ္ဇင်းက ပြောရတာပါ။ (မှန်ပါဘုရား)။

၆၀၂၈

ဘုရားဟောစကားကြီး ခြောက်ခွန်းရှိတယ်မဟုတ်လား။ (ရှိပါတယ် ဘုရား)။ 'ဟုတ်လဲဟုတ်တယ်၊ မှန်လဲမှန်တယ်၊ အကျိုးလဲရှိမယ်၊ သို့သော် သူများကတော့ မကြိုက်ဘူးတဲ့၊ ကျက်သရေတုံးတယ်လို့လဲ ထင်လိမ့်မယ်တဲ့၊ ကိစ္စမရှိဘူး ပြောသာပြော' ဆိုတော့ ဦးပဥ္စင်းကတဲ ပြောရမှာဘဲ။ (မှန်ပါ ဘုရား)။

ကိုင်း–ဒါဖြင့် သင်းချိုင်းကုန်း တည်းဟူသော ဘူတာရုံဆိုက်ခါနီးပြီဆိုတော့ ဆံဖြူ နားထိုင်း ခါးကိုင်း သွားကျိုးတာက– အလံချိုးတာ၊ တချို့ ပစ္စည်းပစ္စယ မပြည့်စုံတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီခေတ် ဒီအခါကြီးထဲကွာ၊ သားသမီးတွေကလဲ ပြောလို့ ဆိုလို့ မကောင်းဘူးကွာ၊ သေများ သေချင်ပေါ့လို့ မညည်းဘူးလား။ (ညည်းပါတယ် ဘုရား)။ အဲဒါက ဥဩဆွဲတာ။ (မှန်ပါ ဘုရား)။

အဲဒါ ခလေးက ညည်းတာလား၊ လူကြီးက ညည်းတာလား။ (လူကြီးကညည်းတာပါ ဘုရား)။ အင်း– လူကြီးဆိုတော့ ဆံမဖြူဘူးလား။ (ဖြူလာပါတယ် ဘုရား)။ ဆံဖြူတာက အလံချိုးတာ၊ လူကြီး ညည်းတာက ဘာလုပ်တာလဲ။ (ဥဩဆွဲတာပါ ဘုရား)။ အင်း–နီးပြီ၊ အဲဒါ စိတ်သာချ၊ မနီးသေးဘူးလား။ (နီးပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာလုပ်ရမလဲဆိုတော့ ဒကာ ဒကာမတွေက စဉ်းစားလိုက်ရင် အကုသိုလ် အထုပ်ကိုထုပ်မိရင် အပါယ်လေးဘုံသို့ ရောက်မယ်၊ 'ဒါန-သီလ' တည်းဟူသော ကုသိုလ်အထုပ်ကိုထုပ်ရင် သုဂတိရောက်မယ်ပေါ့ဗျာ၊ 'ဝိပဿနာ'အထုပ်ကိုထုပ်မိရင် နိဗ္ဗာန်သွားမယ်ပေါ့။ (မှန်ပါ ဘုရား)။ ဒါကြောင့် အထုပ်ထမ်းမမှားဘို့လဲ အရေးကြီးပြန်တယ်။ (မှန်ပါ ဘုရား)။

အရှင်ဘုရားပြောလို့ တပည့်တော်တို့ အခုတော့ဖြင့် ဆံဖြူတာက-အလံချိုးတာ၊ညည်းညူပြီးတော့ 'ခက်ပါသေးရဲ့ကွာ' ဆိုတာက-ဥဩဆွဲတာဆိုတော့ သင်းချိုင်းကုန်းတည်းဟူသော ဘူတာရုံနားရောက်ခါနီးပြီကို တပည့်တော်တို့ သိပြီဆိုတော့ အားထုတ်ဘို့သာ လိုတော့တယ်ပေါ့နော်။ (မှန်ပါ ဘုရား)။

**ဝိပဿနာရှိမှ သစ္စာသိ**

ဒါတွေကို အားထုတ်တော့မယ် ဆိုလို့တော့ ဒါနလဲ ဒကာ ဒကာမတွေ ပြုခဲ့ပေါင်း များပါပြီ၊ သီလလဲ ဆောက်တည်ခဲ့တာ မနည်းပါဘူး၊ သို့သော် ဝိပဿနာ တရားလေးတော့ဖြင့် အံဝင်ခွင်ကျဖြစ်အောင် လုပ်ဘို့ ဦးပဥ္စင်းရော ဒကာ ဒကာမတွေရော အရေးကြီးလှပါတယ်။ (မှန်ပါ ဘုရား)။ အရေးကြီးတယ်ဆိုတော့ ဝိပဿနာအလုပ်ကို မလုပ်ဘဲနဲ့ သစ္စာကိုသိနိုင်ပါ့မလား။ (မသိနိုင်ပါ ဘုရား)။ သစ္စာမသိရင် သောတာပန် မတည်နိုင်ပါဘူး၊ သောတာပန် မတည်ရင်လဲ ရဟန္တာ မဖြစ်နိုင်ဘူးဆိုတော့ ဩော်— ဒါဖြင့် သောတာပန် ဖြစ်မှလဲ နိဗ္ဗာန်မြင်မှာကိုးဗျ။ (မှန်လှပါ ဘုရား)။

သောတာပန် ဖြစ်ခြင်း၏ အကြောင်းသည် ဝိပဿနာမှတပါး အခြားကိုးစားစရာ ရှိသေးရဲ့လား။ (မရှိပါ ဘုရား)။ ဂင်္ဂါဝါဠု သဲစုမက ပွင့်ကြသီးသီး ဘုရားရှင်ကိုယ်တော်မြတ်ကြီး တို့သည်လည်း—

ဒါနံ သီလံ နေက္ခမ္မဉ္စ၊ ပညာဝီရိယခန္တိယော။
သစ္စာ မေတ္တာ အဓိဋ္ဌာနံ၊ ဥပေက္ခာ ဒသပါရမီ။

ဆိုပြီးတော့ ဒီပါရမီဆယ်ပါးဘဲ လက်ကိုင်ထားပြီးတဲ့အခါမှာ နောက်ဝိပဿနာတရားအားထုတ်မှဘုရားဖြစ်တယ်မဟုတ်လားဗျ။ (မှန်လှပါ ဘုရား)။ အရင်းခံကတော့ ဒါန သီလ ခန္တီ စသည်အားဖြင့် ဒါတွေပါတာပေါ့။ (မှန်ပါ)။ တကယ်လိုရင်းကျတော့ ဝိပဿနာဘဲ ဆိုက်ရောက်တယ် မဟုတ်လား။ (မှန်ပါ ဘုရား)။

ဒါဖြင့် ဦးပဥ္စင်းတို့ ပြုလုပ်ဘွယ်ရာက ဘူတာရုံနားဆိုက်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဘာလိုနေပါလိမ့်။ (ဝိပဿနာ လိုနေပါတယ် ဘုရား)။ ဝိပဿနာ လိုတယ်ဆိုတော့ ဒကာ ဒကာမတို့ ဝိပဿနာအလုပ် လုပ်ဘို့ရာက တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ စားရေး သောက်ရေးတွေကိုလဲ သည်းခံပြီးတော့ ထားပါ၊ သွားရေး သမီးရေး စီးပွားရေးကိုကော သည်းခံပါတဲ့၊ ဒါတွေက ဘဝတိုင်း ဘဝတိုင်းမှာ လုပ်ခဲ့ရတာဗျ။ ပြည့်စုံတယ်များ ရှိကြရဲ့လား။ (မရှိပါ ဘုရား)။

သေသာသွားတယ်၊သားသမီးအတွက် ရတက်အေးပြီး သေတာလား၊ မအေးဘဲနဲ့ သေတာလား။ (မအေးဘဲနဲ့ သေတာပါ ဘုရား)။ အဲဒါ ဘဝတိုင်းလား၊ တဘဝထဲလား။ (ဘဝတိုင်းပါ ဘုရား)။ ဘယ်သူ့ လက်ချက်ပါလိမ့်မလဲလို့ မေးတော့ အဝိဇ္ဇာ၊ တဏှာ၏လက်ချက်။ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုရားက–

> အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

ဟောတော့ သံသရာထဲမှာ သတ္တဝါအဖြစ်နဲ့ ကျင်လည်နေရတာ တခြားကြောင့်မဟုတ်ဘူး၊ အဝိဇ္ဇာ - တဏှာကြောင့်ဘဲလို့ ဆိုတော့ အဝိဇ္ဇာဆိုတာက ခန္ဓာရဲ့အဖြစ်မှန်ကို မသိတာ။ ဘာခေါ်သလဲ။ (အဝိဇ္ဇာပါ ဘုရား)။ ခန္ဓာရဲ့အဖြစ်မှန်ကို မသိလို့ ငါ- ယောကျ်ား မိန်းမ- ပုဂ္ဂိုလ်- သတ္တဝါ ထင်ပြီးတော့ ခင်မင်တဲ့တရားက ဘာပါလိမ့်။ (တဏှာပါ ဘုရား)။

အဲ–အဝိဇ္ဇာ တဏှာကြောင့် တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန ပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ။ အင်း–ဇာတိဆိုတော့ သေထည် ပေါ်မလာဘူးလား။ (ပေါ်လာပါတယ် ဘုရား)။ သေထည် ပေါ်လာရင် သေအုံးမှာဘဲ။ (မှန်ပါ ဘုရား)။သေထည် တွေကို ဘယ်သူလုပ်ပါလိမ့်မလဲ မေးတော့· ကံလုပ်တာ။ (မှန်ပါ ဘုရား)။ကံ-ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မလဲ မေးတော့-ဥပါဒါန်၊ ဥပါဒါန် ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့်မလဲ မေးတော့ ခင်မင်မှု တဏှာ။ (မှန်ပါ ဘုရား)။

ခင်မင်မှုတဏှာက ဖြစ်ချင်လို့ ဖြစ်တာလား၊ မသိလို့လား။ (မသိလို့ပါ ဘုရား)။ ဘာမသိတာလဲ မေးတော့ ခန္ဓာရဲ့ ဖြစ်စဉ် မသိတာ။ (မှန်ပါ ဘုရား)။ ကဲ–ဒါဖြင့် ဦးပဉ္ဇင်းတို့ ခန္ဓာရဲ့ ဖြစ်စဉ်ကိုသိရင် မသိ အဝိဇ္ဇာ ချုပ်ရမယ်။ (မှန်ပါ ဘုရား)။ သိတဲ့ ဝိဇ္ဇာ ပေါ်လာမယ်။ (မှန်ပါ)။ ဝိဇ္ဇာပေါ်လာရင် ခင်တွယ်တဲ့ တဏှာ လောဘ ချုပ်ပြီးတော့ အလောဘ ဖြစ်ရမယ်။ (မှန်ပါ ဘုရား)။ တဏှာချုပ်ရင် ဥပါဒါန်ကုန်မယ်၊ ဥပါဒါန် ကုန်ရင် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မဖြစ်နိုင်ဘူး၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မဖြစ် ခဲ့သည်ရှိသော် ဦးပဉ္ဇင်းတို့ အပါယ်လေးပါး တံခါးပိတ်ပြီလို့ ဆိုးဖြတ်ချက်ချ။ (မှန်ပါ ဘုရား)။ရှင်းပြီမဟုတ်လား။ (ရှင်းပါပြီ ဘုရား)။

အဲဒါ–ဝိပဿနာလုပ်ချင်ရင် ဒကာ ဒကာမတွေ ဒိဋ္ဌိကိုအရင်ဖြုတ်ရမယ်။ (မှန်ပါ)။ ဒိဋ္ဌိဆိုတာက ဘယ်မှာစွဲတာလဲဆိုတော့ ခန္ဓာမှာ စွဲတယ်။ (မှန်ပါ)။ ခန္ဓာက ဘယ်နှစ်ပါး ရှိသလဲ။ (ငါးပါးပါဘုရား)။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ ဆိုတဲ့ ခန္ဓာငါးပါးပေါ့၊ ဒီခန္ဓာငါးပါးထဲက ဘယ်ခန္ဓာမှာ အစွဲဆုံးလဲမေးတော့ ဒိဋ္ဌိစွဲတာဟာ စိတ်မှာအစွဲဆုံး၊ ဟုတ်တယ် မဟုတ်ဘူးလားဆိုတာ စဉ်းစားကြည့်စမ်းပါ။ "မင်း ငါ့စိတ်ကို မစမ်းနဲ့နော်၊ မင်း-ငါ့ဘာကောင် အောက်မေ့လို့တုံး"တဲ့။

ကဲ–စိတ်ကို ငါတဲ့၊ စိတ်က စိတ်ဘဲဗျာ။ ငါက နဂိုကရှိတာလား၊ နောက်မှလာတာလား။ (နောက်မှ လာတာပါ ဘုရား)။ အဲဒါ–စိတ်က သက္ကာယဘဲ၊ နောက်မှ ငါဆိုတဲ့ ဒိဋ္ဌိကစွဲတာ၊ စွဲတာက ဒိဋ္ဌိဘဲ၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ပေါင်းရင်....(သက္ကာယဒိဋ္ဌိပါ ဘုရား)။ အင်း–သူက အပါယ်သွားမဲ့ ပုဂ္ဂိုလ်ဘဲ။ (မှန်ပါ့)။ ဒါဖြင့် ဦးပဉ္စင်းတို့က စိတ်ကို ပထမ စိတ်မှန်းသိအောင်လုပ်ရမယ်။

အင်း–စိတ်မှန်းသိတော့ စိတ်သည် အထည်မပါဘူး၊ ဒီနေရာ ဖြစ်ပြီးတော့ ဒီနေရာတွင် ပျောက်ပျက်တတ်လို့ စိတ်ကို နောက်ထပ် မမြင်တော့ဘဲနဲ့ ပျောက်ပျက်တာလေးတွေ မြင်လာလို့ရှိရင် ခန္ဓာဖြစ်ပျက်မြင်ပြီပေါ့ဗျာ။ (မှန်ပါဘုရား)။

ခန္ဓာဖြစ်စဉ် မြင်လို့ရှိရင် ယောကျာ်း, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, ဟန်ပန်နိမိတ်တွေ အကုန်လုံး ဆိတ်သဉ်းပြီးတော့ ဖြစ်တယ် ပျက်တယ် ဆိုတဲ့ အနိစ္စ- အနိစ္စဆိုတာ ဉာဏ်ထဲမှာ ပေါ်လာလိမ့်မယ်၊ ဉာဏ်ထဲမှာ ပေါ်လာတော့မှ အနိစ္စသည် မြင်ပါများလို့ရှိရင် ဒါဟာမမြဲတဲ့တရားသည် ဆင်းရဲတယ်ခေါ်မလား၊ ချမ်းသာတယ်

ခေါ်မလား။ (ဆင်းရဲပါတယ် ဘုရား)။ဟန်လုပ်ဆင်းရဲတာလား၊ အမှန်ဆင်းရဲတာလား။ (အမှန်ဆင်းရဲတာပါ ဘုရား)။ အမှန် ဆင်းရဲတဲ့တရားက သူများခန္ဓာမှာ ရှိတာလား၊ မိမိရဲ့ခန္ဓာမှာ ရှိတာလား။ (မိမိရဲ့ခန္ဓာမှာရှိတာပါ ဘုရား)။

မိမိရဲ့ခန္ဓာမှာ ရှိတယ်ဆိုတာ မယုံစရာမလိုတော့ဘူး၊ ပြတာ ကလဲ မိမိခန္ဓာ၊ အမှန်လဲဆင်းရဲတယ်ဆိုတော့ အမှန်က-သစ္စာ၊ ဆင်းရဲတာက—ဒုက္ခ၊ ဒုက္ခနဲ့ သစ္စာနဲ့ပေါင်း.... (ဒုက္ခသစ္စာပါ ဘုရား)။အဲဒီ ဒုက္ခသစ္စာကို ဦးပဥ္စင်းတို့တတွေက ဆေးလိပ်သောက် နေလို့လဲ မသိနိုင်ဘူး၊ သိနိုင်ပါမလား။ (မသိနိုင်ပါ ဘုရား)။ ဟိုရွှေ့ ဒီပြောင်းနေလို့ကော။ (မသိနိုင်ပါ ဘုရား)။ ဒါက အပြော သက်သက်နဲ့ နာရမဲ့တရားမဟုတ်ဘူး၊ ခန္ဓာဉာဏ်စိုက် နာရမဲ့ တရားနော်။ (မှန်ပါ ဘုရား)။

အဲဒီ အနိစ္စဟာ သူများ ခန္ဓာက ပြတာမဟုတ်ဘူး၊ မိမိခန္ဓာက ပြပြီးတော့ ဟိုနေရာက ရှကန်-ဒီနေရာက မှကန် စစ်ကန်-လှစ်ကန် ပူလိုက်-အေးလိုက် ညောင်းတယ်- ညာတယ် နာတယ်-ကျင်တယ် ရိုးရိုးရွရွ မိုးမိုးမွမွနဲ့ဆိုတော့ ယောကျ်ားတွေလား၊ မိန်းမတွေ လား၊ ပုဂ္ဂိုလ် သတ္တဝါလား၊ ဖေါက်ပြန်ပျက်စီး နေတာလား။ (ဖေါက်ပြန် ပျက်စီးနေတာပါ ဘုရား)။ သူများ ဖေါက်ပြန် ပျက်စီးတာလား၊ စိတ်တွေ ဖေါက်ပြန် ပျက်စီးနေတာလား။ (စိတ်တွေ ဖေါက်ပြန် ပျက်စီးတာပါ ဘုရား)။

တော်တော်ကြာ ဝမ်းထဲက လှုပ်ချင်တယ်၊ ကုတ်ချင်တယ်၊ ရွှေ့ချင်တယ်၊ ပြောင်းချင်တယ်၊ သွားချင်တယ်၊ လာချင်တယ်၊ စားချင် သောက်ချင်တယ် ဆိုတာတွေကကော တည်တံ့ခိုင်မြဲ နေသလား၊ ပြောင်းလွဲ နေသလား။ (ပြောင်းလွဲနေပါတယ်

ဘုရား)။ အဲဒါ သတိထား ဝီရိယစိုက်ပြီးတော့ သမာဓိကောင်း ကောင်းနဲ့ ဉာဏ်ကလေးနဲ့ တွဲဘက်ကြည့်လိုက်ရင် "ပြောင်းလဲနေ တယ်၊စိတ်တွေဟာ ပြောင်းလဲနေတယ်" ဆိုတာ မသိရပေဘူးလား။ (သိရပါတယ် ဘုရား)။

အဲဒီလိုသာသိရင် အဝိဇ္ဇာချုပ်တာပေါ့ ဒကာ ဒကာမတွေရဲ့။ (မှန်ပါ့ ဘုရား)။

အဝိဇ္ဇာကြောင့် အပါယ်တဟုန်းဟုန်း တပြုန်းပြုန်းကျနေ တယ်၊ အဝိဇ္ဇာကြောင့် သစ္စာမမြင်တော့ ခန္ဓာငါးပါးကိုပင်လျှင် ငါကောင် သူကောင်လို့ ဒိဋ္ဌိကြောင့် မထင်ပေဘူးလား။ (ထင်ပါ တယ် ဘုရား)။ ငါကောင် သူကောင်ထင်တော့ ဒိဋ္ဌိဖြစ်ကရော။ (ဖြစ်ပါတယ် ဘုရား)။ ဒိဋ္ဌိဖြစ်တော့ မလုပ်သင့်တဲ့ အလုပ်တွေလဲ လုပ်တယ်၊ မပြောသင့်တဲ့ စကားတွေလဲ ပြောတယ်ဆိုတော့ အင်း–ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေမြောက်တော့ အပါယ်ရောက်တာ ပေါ့။ (မှန်ပါ့ ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်နဲ့ ဒိဋ္ဌိသတ်

အဲဒါ–အပါယ်မရောက်အောင် ဉာဏ်နားကလေးနဲ့ ခန္ဓာဉာဏ် စိုက်ပြီးတော့ နာစမ်းပါလို့နော်။ (မှန်ပါ့ ဘုရား)။ ကိုင်း–ခန္ဓာ ငါးပါးကို ဝိပဿနာရှုမယ်ဆိုတော့ ဝိပဿနာရှုမယ်ကြံရင် ဒိဋ္ဌိကို အရင်ဖြုတ်ပါ။ (မှန်ပါ့)။ ဒိဋ္ဌိဖြုတ်မယ်ကြံတော့ ဓားနဲ့ ခုတ် ဒုတ်နဲ့ ရိုက်ဖြုတ်လို့ရမှာလား။ (မရပါ ဘုရား)။ အဲ–ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိက ပြုတ်တယ်၊ ဒါဖြင့် ဝိပဿနာလုပ်မယ်ကြံရင် ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ရှေးဦးက အရင်ရှင်းရမယ်၊ ခုနက စိတ်ရှုပါဆိုတော့ တချို့ကြည့်ပါလား၊ မင်း ငါ့စိတ်မစမ်းနဲ့ ဆိုတာက၊ ဒါ စိတ်ထဲမှာ ဒိဋ္ဌိစွဲ-မစွဲ....(စွဲပါတယ် ဘုရား)။

တချို့ ဒကာ ဒကာမတွေကျတော့လဲ ဘယ်လိုတောင်အောက်မေ့လို့လဲ၊ "ဒို့က ဇာမဏီမျိုး၊ ဆံတပင် အကျွတ်မခံနိုင်ဘူး"လို့ လာချင်လာတယ်နော်။ (မှန်ပါ့)။ ဆံတပင်အကျွတ်မခံနိုင်ဘူးဆိုတော့ ဆံပင်ကလဲ လူတကိုယ်လုံးမှာ သုံးကုဋေခြောက်သန်းရှိတယ်ဆိုတော့ ဒိဋ္ဌိပေါင်း နဲသလားဗျာ။ (မနဲပါဘုရား)။ အင်း ဒါဖြင့် အပါယ်က တက်ခွင့်ကိုရမှာ မဟုတ်တော့ဘူး။ (မှန်ပါ့)။

အဲဒါကြောင့်– ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကိုပြမယ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာက ဘုရားပွင့်တော့ကော.... (ရှိပါတယ် ဘုရား)။ ဘုရားမပွင့်ခင်ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ.... (ဝိညာဏံ ပါဘုရား)။ အဲဒါ ဘုရားမပွင့်လဲရှိနေတဲ့ ပဋိစ္စသမုပ္ပါဒ်နော်။ (မှန်ပါ့)။

ဘုရားပွင့်လာတော့ အဝိဇ္ဇာချုပ်အောင်လုပ်တယ်၊ အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်မယ်၊ သင်္ခါရချုပ်ရင် အပါယ်ဝိညာဏ်မလာတော့ဘူး။ (မှန်ပါ့)။ အဲဒီလို ဘုရားပွင့်တဲ့ ပဋိစ္စသမုပ္ပါဒ်က တမျိုး၊ ဘုရားမပွင့်ခင်က အကြောင်းပြုလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ်က တမျိုး၊ ဦးပဉ္ဇင်းတို့က လည်တာကိုမသိဘဲနဲ့ ပြတ်ချင်ပါ့မလား။ (မပြတ်ချင်ပါ ဘုရား)။

ဒါဖြင့် လည်တာက ဒုက္ခနဲ့လည်သလား၊ သုခနဲ့လည်သလားလို့ စစ်တမ်းထုတ်လိုက်ရင် အတိတ်ဘဝက နေပြီးတော့ စုတေမနေ သေလွန်ခဲ့တာဟာ သေချင်လို့သေတာလား၊ မသေချင်ဘဲနဲ့ သေတာလား။ (မသေချင်ဘဲနဲ့ သေတာပါ ဘုရား)။ မသေချင်ဘဲနဲ့ သေတာလဲ ဒုက္ခ။ (မှန်ပါ့)။ သေပြီးတဲ့အခါမှာ အမိဝမ်းခေါင်းချောက်ထဲမှာ ဦးပဉ္ဇင်းရော ဒကာ ဒကာမတွေရော

ကိုးလကျော် ဆယ်လ ထောင်ကျလာတာကလဲ သုခလား၊ ဒုက္ခလား။ (ဒုက္ခပါ ဘုရား)။

ဒါဖြင့် အတိတ်ဘဝတုန်းက အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ အမိဝမ်းခေါင်း ချောက်ထဲမှာ ကိုးလကျော်ဆယ်လ ပဋိသန္ဓေဝိညာဏ်က စလာတာကိုး ဗျ။ (မှန်ပါ့ဘုရား)။ ဒါဖြင့် ဒုက္ခနဲ့လည်သလား၊ သုခနဲ့လည်သလား။ (ဒုက္ခနဲ့လည်ပါတယ် ဘုရား)။ အင်း– ဒုက္ခနဲ့လည်မှန်းသိမှ သုခဘက်သွားချင်မှာ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် ဒိဋ္ဌိမပြုတ်ဘူး၊ ဒိဋ္ဌိမပြုတ်ဘဲနဲ့ ဝိပဿနာလုပ်ရင် ရှင်ဆန္ဒကိုကြည့်ပါ၊ နှစ်ပေါင်း လေးဆယ်ကျော်လောက် အားထုတ်တာ မဂ်မရဘူး၊ နောက်မှ ပဋိစ္စသမုပ္ပါဒ်ကို ညီတော်အာနန္ဒာက ပြလို့ သူသည် ရဟန္တာဖြစ်တာ။ (မှန်ပါ့ဘုရား)။ ရှင်းကြပြီ မဟုတ်လား။ (မှန်ပါ့ဘုရား)။

ကဲ–ပဋိစ္စသမုပ္ပါဒ် ပြမယ်နော်၊ လူ့ဘဝရဘို့လွယ်သလားဗျာ။ (မလွယ်ပါ ဘုရား)။လူ့ဘဝရဘို့မလွယ်ဘူးဆိုတာကို ဥပမာလေး တခု နဲနဲမှတ်လိုက်ပါအုံး။

ဒီ–ဧရာဝတီမြစ်ကနေပြီးတော့ နွားပခုံးပေါ်တင်တဲ့ ထမ်းပိုးတုံးကြီးကို အပေါက် တပေါက်ထဲ ဖေါက်ပြီးတော့ မျှောလိုက်လို့ မပုပ်မဆွေးခဲ့ရင် မဟာသမုဒ္ဒရာထဲကို ရောက် မရောက်.... (ရောက်ပါတယ် ဘုရား)။

တောင်လေလာရင် မြောက်ဘက်သွားမယ်၊ မြောက်လေလာရင် တောင်ဘက်သွားမယ်၊ ဆိုလိုတာကတော့ဖြင့် ဒီအာထဲမှာရှိတဲ့

တုံးတိုင် သစ် ဝါ တို့ရဲ့ ထုံးစံအတိုင်းပေါ့။ အဲဒီ သမုဒ္ဒရာထဲမှာလဲ နှစ်ပေါင်း တရာကြာမှ တခါသာ ပေါ်လာတဲ့ လိပ်ကန်းကြီး တကောင်ရှိတယ်လို့ မှတ်ထားပေါ့။ (မှန်ပါ့)။

အနှစ်တရာကြာမှ ပေါ်လာတဲ့ လိပ်ကန်းကြီးရယ် ခုနက တပေါက်ထဲ ဖေါက်ပြီးလွှတ်လိုက်တဲ့ ထမ်းပိုးတုံးကြီး အပေါက် ထဲကို နှစ်ပေါင်းတရာကြာမှ တခါသာ ပေါ်လာတဲ့ လိပ်ကန်းကြီး ခေါင်းလျှိုပြီးတော့ အမောဖြေဘို့ရာ လွယ်သလား၊ ခဲယဉ်း သလား။ (ခဲယဉ်းပါတယ် ဘုရား)။ နန့်ခဲယဉ်းတာလား၊ အကြီး အကျယ်ဘဲလားဗျာ။ (အကြီးအကျယ် ခဲယဉ်းပါတယ် ဘုရား)။

လူ့ဘဝရဘို့ဟာ ဒီထက်ခဲယဉ်းတယ်။ (မှန်ပါ)။ ဒါဖြင့် မကြုံစဖူး အကြုံထူးတဲ့ လူ့ဘဝကြီးကိုတော့ဖြင့် အလွဲသုံးစား လုပ်လို့တော့ မတော်ပါဘူး၊ မနုဿတ္တဘာဝေါ ဒုလ္လဘော တဲ့။ လူ့ဘဝရဘို့ထက် သစ္စာတရားနာရဘို့က ပိုပြီ ခဲယဉ်းပါတယ်။ မြတ်စွာဘုရားက သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ – ဒီထက်ခဲယဉ် တယ် ဆိုပါလား။ (ခဲယဉ်းပါတယ် ဘုရား)။

လူ့ဘဝရဘို့ထက် ခဲယဉ်းကယ်ဆိုတော့ ဒါဖြင့် ၇၅-နှစ်တမ်း ဆိုငြားသော်လဲ အဇ္ဇေဝ-သုဝေဝ တဲ့၊ ယနေ့လား နက်ဖြန်လားလို့ ဘယ်သူ တာဝန်ခံနိုင်မှာတုံး။ (တာဝန်မခံနိုင်ပါဘူး ဘုရား)။ မခံနိုင်ရင် ရခဲတဲ့ဘဝမှာ ဒီသစ္စာတရားကလဲ တခဏကြုံဘို့ရာ လွယ်သလား။ (မလွယ်ပါ ဘုရား)။ အစဘဲသိဘို့ အရေးကြီး တယ် နော်။ (မှန်ပါ့ ဘုရား)။ ဒီသစ္စာတရားတည်းဟူသော တခဏ ကလေးလွဲသွားမယ်ဆိုရင် ကိုယ့်အတွက် ကိုယ်ကျိုးမနဲ့ဘူးလား။ (နဲ့ပါတယ် ဘုရား)။ ၁၄၂၀၈

ဒါဖြင့် ရခဲတဲ့ဘဝကြီးရတော့လဲ ကြုံခဲတဲ့ တခဏနဲ့ ရခဲတဲ့ ဘဝနဲ့ ဘယ်ဟာက ပိုပြီးအရေးကြီးသလဲမေးရင် ကြုံခဲတဲ့တခဏက ပိုအရေးမကြီးဘူးလား။ (ကြီးပါတယ် ဘုရား)။ မနုဿတ္တဘာဝ ဒုလ္လဘမှာ 'အတိ' မထည့်ဘူး။ သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံ-ကျမှ ထည့်ဆိုတော့ လူ့ဘဝရဘို့ရာ ခဲယဉ်းတာထက် သစ္စာတရားနာဘို့ ရာက.... (ပိုခဲယဉ်းပါတယ် ဘုရား)။

အတိဒုလ္လဘံ= ပိုခဲယဉ်းတယ် တဲ့။ (မှန်ပါ ဘုရား)။ အဲဒါ ကြောင့် ရခဲတဲ့ဘဝနဲ့ ကြုံခဲတဲ့တခဏ ဘယ်ဟာကို အဓိကထား မလဲ။ (ကြုံခဲတဲ့ တခဏကို အဓိကထားရပါမယ်)။

အဲဒါကြောင့်– ဆေးလိပ်သောက်လို့ မရဘူးဗျ။ (မှန်လှပါ ဘုရား)။ ဆေးလိပ်သောက်ရင် တဏှာအလို လိုက်သွားတာ။ (မှန်ပါ)။ အင်း–တရားဟောတာလဲ နားကတော့ ကြားသွားဘဲ၊ ငါက ဆေးလိပ်သောက်ချင်တယ်ဆိုတာမှာ ငါက - ဒိဋ္ဌိ၊ သောက် ချင်တာက-တဏှာ။ ဒိဋ္ဌိနဲ့တွဲမှတော့ ဒိဋ္ဌိကလဲ အကုသိုလ်ဘဲ၊ တဏှာကတော့.... (အကုသိုလ်ပါ ဘုရား)။ ကောင်းတာပါသေး လား။ (မပါပါ ဘုရား)။ ခင်ဗျားတို့အိမ်မှာ မကောင်းတာ ကိစ္စမရှိဘူးနော်–အိမ်မှာ မကောင်းတာက သားရှိလဲပူး၊ သမီး ရှိတော့ကော....(ပူးပါတယ် ဘုရား)။

အင်း–ဒီလိုပူးနေတော့ ဖထီးကို အို့မဲ့သတ်ထားလို့ မဲ့တယ်လို့ ပြောစရာမလိုပါဘူး။ (မလိုပါဘူး ဘုရား)။ အိမ်မှာနေပြီးတော့ အပါယ်သွားရုံမှတပါး ဘာမှမရှိပါဘူး၊ ဒီမှာ ဦးပဥ္စင်းက သံဝေဂ ရအောင် ရထား ဥပမာထားပြီးတော့ "သေခါနီးလာပြီဟော့၊ ဦးပဥ္စင်းတို့တတွေ မသေခင်လေးမှာ ရခဲတဲ့ဘဝ ကြုံခဲတဲ့တခဏ

လေးနဲ့ အံကိုက်ပြီးတော့ အလုပ်လုပ်ရအောင်”လို့ ခင်ဗျားတို့ ဉာဏ်ထဲမှာ သံဝေဂဉာဏ်တွေ ကိန်းပြီးတော့ ကိလေသာတွေဖြုန်စင် အောင် ပထမပြောပေးတာပါ၊ (မှန်ပါ ဘုရား)။

အဲဒါကြောင့်– ဒါကိုပြောပြီးလို့ ဖြုန်စင်မယ်လို့ကြံကာရှိသေး တယ်၊ခင်ဗျားတို့က ဆေးလိပ်တွေသောက်နေရင်ဝိဇ္ဇာဉာဏ်ပျောက် သွားမှာပေါ့၊ ဝိဇ္ဇာဉာဏ်ပျောက်ရင် ဒိဋ္ဌိနဲ့ တဏှာ ဝမ်းထဲရောက် မလာဘူးလား။ (ရောက်လာပါတယ် ဘုရား ။ ရောက်လာရင် “မသောက်ရမနေနိုင်ဘူးဘုရား”ဆိုတော့ တဏှာပစ္စယာ ဥပါဒါန် လာမှာဘဲ။ (မှန်ပါ ဘုရား)။ မီးခြစ်ကလေ ရှုကနဲဆို ခြစ်လိုက် တော့ ကံမြောက်တာဘဲ၊ ရှကနဲဖွာရင်လဲ ကံဖြစ်မှာဘဲ။ (မှန်ပါ ဘုရား)။ ကောင်းကံလား၊ ဆိုးကံလား။ (ဆိုးကံပါ ဘုရား)။ ကမ္မဘဝပစ္စယာ ... (ဇာတိပါဘုရား) ။ အင်း ဒီကြားထဲသာစုတေ စိတ်ကျကြည့်၊ ဆေးလိပ်သောက်ချင်တဲ့စိတ်ကြီးနဲ့ သာ စုတေစိတ် ကျကြည့်နော်–အပါယ်လေးပါး မရောက်ပေဘူးလား။ (ရောက် ပါတယ် ဘုရား)။

အဲဒါကြောင့်–ဦးပဍင်းက ဒါတွေသိအောင် အမိအဖ ညီအကို မောင်နှမလို သဘောထားပြီးတော့ ဖေါ်ပြောနေတာကို ကျေးဇူး ဆပ်နေတာဘဲလို့ မှတ်စေချင်တာဘဲ။ (မှန်လှပါ ဘုရား)။

ဦးပဍင်းလို စေတနာထားရင်တော့ဖြင့် ကြည်ကြည်ဖြူဖြူနဲ့ ပြော်–ငါတို့ရဲ့သား ငါတို့ရဲ့မောင် ငါတို့ရဲ့အကိုက ဒို့ကို ကြည်ကြည်ဖြူဖြူနဲ့ ကျေးဇူးဆပ်နေတာဘဲ၊ ဒို့ကလဲ ကြည်ကြည် ဖြူဖြူနဲ့ လက်ခံယူမယ်ဆိုတဲ့ စိတ်ထားတော့ဖြင့် ထားသင့်တယ်လို့ ဦးပဍင်း အောက်မေ့တာဘဲ။ (ထားပါတယ် ဘုရား)။ ကိုင်း....

ဒီတော့ ရခဲတဲ့ဘဝ ကြုံခဲတဲ့ တခဏနဲ့ အလွဲသုံးစား မဖြစ်အောင် မြတ်စွာဘုရားက–

ဥဒယဗ္ဗယသဒ္ဒါရေ၊ နိဗ္ဗိန္နိတွာန ပဏ္ဍိတော။

သက္ကိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံ န ခေပယေ။

ပဏ္ဍိတော၊ သံသရာနက်ဝမ်း တဘက်ကမ်းမှ ထွက်လမ်းမြော်မြင် ပညာရှင်သည်။ ဥဒယဗ္ဗယသဒ္ဒါရေ၊ ဖြစ်လျှင်မုချ ချုပ်ပျက်ရမည့် မြင်သမျှဝတ္ထု တေးဘုမ္မက တရားအစု၌။ နိဗ္ဗိန္နိတွာန၊ စက်ဆုပ်ဖွယ်ကြီး ကြောက်ဖွယ်တည်းဟု မှိုင်ညည်းဟိန်းချ ငြီးငွေ့ကြ၍။ သက္ကိစ္စံ၊ တမင်္ဂတဖိုလ် ရက်တိုတိုနှင့် ရရန် ရောက်ရန် အထောက်အပံ့ကို။ သက္ကိစ္စံ၊ သံသရာလမ်းထုပ် နှောင်ဒမ်းကုပ်ဖို့ မယုတ်စေရ ကိုယ့်ကိစ္စ ကိုယ်အမှုကို သာလျှင်။ အနုယုဉ္ဇေယျ၊ မနားမဆုတ် အားပါးထုတ်၍ သုတ်သုတ်လျင်စွာ ပြုပြင်လိုက်ရာ၏။ မောဃကာလံ၊ စားကာအိပ်ကာ ပျော်ရှင်ကာဖြင့် လိုရာမပြီး ခရီးမလှ အချည်းနှီးသောကာလကို။ န ခေပယေ၊ မကုန်မခန်း မကျွမ်းစေရာသတည်း။

(သာဓု - သာဓု - သာဓု ပါဘုရား)။

အဲဒါ ခန္ဓာဉာဏ်စိုက်ပြီးတော့ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်နဲ့ သတိထား ဝီရိယစိုက်ပြီး နာကြဗျနော်။ (မှန်ပါဘုရား)။ ကဲ–ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်ကို ပြအုံးမယ်။

ဒကာ ဒကာမတွေ ဝိပဿနာလုပ်တယ် ဒိဋ္ဌိဖြုတ်တယ် ဆိုတာက တခြားမဟုတ်ပါဘူး၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, မနော ဆိုတဲ့ အာရုံခြောက်ပါးဟာ ဦးပဥ္ဇင်းတို့ ဒကာ ဒကာမ

တို့မှာ ရှိနေတော့ အပြင်က ရူပါရုံ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အပြင်အာရုံနဲ့ အတွင်းအာရုံဆိုကြပါစို့၊ အပြင်မှာရှိတဲ့ ဖြူ နီ ကြောင်ကျား အစိမ်း အဝါ အပြာတည်း ဟူသော ရူပါရုံ အဆင်းနဲ့ မျက်စိအကြည်နဲ့ နှစ်ခုတိုက်တဲ့ အခါကျတော့ မြင်စိတ်ကလေး မပေါ်လာဘူးလား။ (ပေါ်လာ ပါတယ် ဘုရား)။

အဲဒါကို ဟိုတုန်းက ငါမြင်တယ်လို့ ယူထားကြတယ်။ (မှန်ပါ ဘုရား)။ အခုတော့ ကံကြောင့် ဖြစ်တဲ့ရုပ်နဲ့ ဥတုကြောင့် ဖြစ်တဲ့ရုပ်နဲ့ ရုပ်နှစ်ခုတိုက်တဲ့အခါကျတော့ ဘာပေါ်လာသလဲ။ (မြင်စိတ်ပေါ်လာပါတယ် ဘုရား)။ ဒါကြောင့် "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"လို့ ဆိုတော့၊ ဩော်—မျက်စိရုပ် ပေါ်မှာ မြင်ခန္ဓာလေး ပေါ်တယ်ဆိုရင် လွဲသလားဗျာ။ (မလွဲပါ ဘုရား)။

ငါမြင်တာလား၊ သူမြင်တာလား၊ အကြောင်းနှစ်ခု တိုက်လို့ ပေါ်လာတာလား။ (အကြောင်းနှစ်ခု တိုက်လို့ ပေါ်လာတာပါ ဘုရား)။ ဥတုတည်းဟူသော အကြောင်းထဲမှာလဲ 'ငါ' မရှိ၊ ကံကြောင့်ဖြစ်တဲ့အကြောင်းထဲမှာလဲ 'ငါ' မရှိဆိုတော့ "ဒါဟာ သက်သက်သော ရုပ်နာမ်ဆိုတဲ့ ဓမ္မတရားတွေပါကလား"ဆိုတာကို ဆင်ခြင်မိရမယ်။ (မှန်ပါ ဘုရား)။

ဒါဖြင့် အကြောင်းနှစ်ခုတိုက်လို့ ပေါ်လာတဲ့စိတ်ကို "ငါမြင်တယ်"ဆိုရင် မလွဲဘူးလား။ (လွဲပါတယ်ဘုရား)။ အခုတော့ဖြင့် ငါ မြင်တာလား။ (အကြောင်း နှစ်ခုတိုက်လို့ မြင်စိတ်ပေါ်လာ တာပါ ဘုရား)။ ဒါဖြင့် ခန္ဓာလို့ဘဲ သတ်မှတ် လိုက်တာပေါ့။ (မှန်ပါဘုရား)။

ဒကာ ဒကာမတွေ နာရီကလေး လက်စွပ်ကလေး လမ်းမှာ မြင်လိုက်တယ်ဆိုရင် နာရီတည်းဟူသော အဆင်းနဲ့ မျက်စိတိုက် လိုက်တဲ့အခါ မြင်စိတ်ဆိုတဲ့ မြင်ခန္ဓာလေး ပေါ်လာတယ်၊ နောက် တော့ လိုချင်တဲ့စိတ်ကလေး ပေါ်မလာဘူးလား။ (ပေါ်လာ ပါတယ် ဘုရား)။ မမြင်ဘဲနဲ့ လိုချင်တာလား၊ မြင်လို့ လိုချင် တာလား။ (မြင်လို့လိုချင်တာပါ ဘုရား)။

ဒါဖြင့် ပထမတုန်းကတော့ဖြင့် နှစ်ခုတိုက်တာက-အကြောင်း၊ မြင်တာက-အကျိုး။ အခုတော့ဖြင့် မြင်တာက - အကြောင်း၊ လိုချင်တာက ... (အကျိုးပါဘုရား)။ မြင်တာက-မျက်စိက၊ လို ချင်တာက-ဝမ်းထဲက၊ နေရာဌာနချင်းတော့ တူရဲ့သား။ (မတူပါ ဘုရား)။ ဒါဖြင့် မြင်တဲ့စိတ်သည် မလိုချင်တတ်ဘူး၊ လိုချင်တဲ့ စိတ်သည် မမြင်တတ်ဘူး။ (မှန်ပါဘုရား)။ ဒါကိုမှတ်ပါ။ မြင် တဲ့စိတ်သည် မလိုချင်တတ်ဘူး၊ လိုချင်တဲ့စိတ်သည် မမြင်တတ် ဘူး တဲ့။ အကြောင်းအကျိုးတော့ ကင်းပါရဲ့လား။ (မကင်းပါ ဘုရား။) မြင်တာက-အကြောင်း၊ လိုချင်တာက-အကျိုး။

ဒါဖြင့် မြင်တယ်ဆိုတဲ့ အကြောင်းက ပဋိစ္စ၊ လိုချင်တယ် ဆိုတဲ့အကျိုးက သမုပ္ပါဒ်။ ပဋိစ္စနဲ့ သမုပ္ပါဒ်နဲ့ ပေါင်းရင်....(ပဋိစ္စ· သမုပ္ပါဒ်ပါဘုရား)။ ဘယ်သူ့ပဋိစ္စသမုပ္ပါဒ်လဲ မေးတော့ ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်ပေါ့၊ ရှင်းပြီမဟုတ်လား။ (ရှင်းပါပြီဘုရား)။

အကြောင်းအကျိုး ဆက်နေတာနော်-(မှန်ပါဘုရား)။လိုချင် ပြီးရင် ဓမ္မနိယာမက စွဲလမ်းတဲ့ စိတ်ကလေးပေါ်မပေါ်....(ပေါ် ပါတယ်ဘုရား)။စွဲလမ်းတဲ့စိတ်ကလေးက ပေါ်ပြီးရင် "ငါတော့ ဖြင့် ကောက်ယူမယ်" ဆိုပြီးတော့ သွားကောက်တဲ့ ကံ မြောက်

မမြောက်... (မြောက်ပါတယ်ဘုရား)။အနိစ္စ ပြတော့မယ်နော်။ (ပြပါဘုရား)။

မြင်စိတ်က တယောက်၊ လိုချင်တဲ့စိတ်က တယောက်၊ စွဲလမ်းတာက တယောက်၊ သွားကောက်တာက တယောက်၊ သွားကောက်တဲ့အချိန်ရဲ့ နောက်ပိုင်းမှာ လူ ဘယ်နှစ်ယောက် သေလဲမေးတော့....(သုံးယောက် သေပါတယ်)။ အဲဒါ လူတိုင်းလူတိုင်း စဉ်းစားကြည့်ရင် သိနိုင်တဲ့ အနိစ္စ။ (မှန်ပါတယ်ဘုရား)။ သိနိုင်တယ်ဆိုတာက ဉာဏ်နဲ့ရှုမှသာ သိမှာနော်၊ ဉာဏ်နဲ့မရှုရင်....(မသိပါဘူးဘုရား)။

ဒီတော့ ဦးပဥ္စင်းတို့တတွေမှာ အကြောင်းနှစ်ခု တိုက်လို့ပေါ်လာတဲ့ မြင်ခန္ဓာကလေးကို ဒါဟာ မြင်သိစိတ်လို့ သိလိုက်တော့ ငါ မြင်တယ်ခေါ်မလား၊ မြင်စိတ်ဘဲလား။(မြင်စိတ်ပါ ဘုရား)။ ဒီမြင်စိတ်သည် သိကြား ပြဟ္မာ ဘုရားက လာဖန်ဆင်းတာလား၊ အကြောင်းကြောင့်လား။ (အကြောင်းကြောင့်ပါ ဘုရား)။

အဆင်းရယ်, မျက်စိရယ် နှစ်ခုတိုက်တဲ့ အကြောင်းကြောင့် မြင်စိတ်ပေါ်တယ်ဆိုတော့ “ဒါဖြင့် အရှင်ဘုရား၊ ငါမဟုတ်, သူမဟုတ်၊ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်ရင် ဒီမြင်စိတ်က ဘယ့်နှယ်ကြောင့် ပေါ်သလဲ”လို့ တွေးတောစရာ လိုသေးလား။ (မလိုပါဘူး ဘုရား)။ အကြောင်း နှစ်ခုကြောင့် ပေါ်တယ်ဆိုတော့ ဩော်-အကြောင်းသိတော့ ဝိစိကိစ္ဆာစင်ရော ပေါ့ဗျာ။(မှန်ပါ ဘုရား)။ “နှစ်ခုတိုက်တဲ့အကြောင်းက မြင်စိတ်ဖြစ်စေတယ်”လို့ သိသဖြင့် “ဘယ်က လာပါလိမ့်မလဲ” လို့ တွေးတောတဲ့ သံသယ ဝိစိကိစ္ဆာ ဘာဖြစ်သွားလဲ။ (သေသွားပါတယ် ဘုရား)။

"အကြောင်းနှစ်ခု တိုက်တဲ့အတွက်ကြောင့် မြင်ခန္ဓာ ဆိုတဲ့ စိတ်အကျိုးတရားလေး ပေါ်တာဟာ ငါမဟုတ်ဘူး၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုး"လို့သိတော့ ဒိဋ္ဌိမသေဘူးလား။ (သေပါတယ်ဘုရား)။ ကဲ-ဘာနားလည်လို့ သေတာလဲ မေးတော့ ပဋိစ္စသမုပ္ပါဒ် နားလည်လို့။ (မှန်ပါ့ဘုရား)။ ပဋိစ္စသမုပ္ပါဒ် နားလည်တော့ ဒိဋ္ဌိဝိစိကိစ္ဆာ မသေဘူးလား။ (သေပါတယ်ဘုရား)။ ဘယ်လိုသေတာလဲလို့ မေးတော့မှ တချို့က ပြောသေးတယ်နော်၊ "အရှင်ဘုရားတို့ မိုးကုတ် ဝိပဿနာက ဒိဋ္ဌိကို အရင်ခွါရမယ်၊ ဝိပဿနာကို နောက်မှ အားထုတ်ရမယ်ဆိုတော့ ဘာလုပ်စရာလိုသေးလဲဘုရား"လို့ အချို့က ပြောကြတယ်။ (မှန်ပါဘုရား)။

ဒီလို မပြောပါနဲ့ တဲ့။ ဘုရားက ပရိညာသုံးပါး ထားခဲ့တာကိုးဗျ။ (မှန်လှပါ)။ သိမှုနဲ့ ဝိပဿနာ တရားအလုပ် အားမထုတ်ခင်က **ဉာတပရိညာ**ဆိုတဲ့ သိမှုနဲ့ ဒိဋ္ဌိကို ခွါခိုင်းတာပါ။ (မှန်ပါဘုရား)။ သိမှုနဲ့ခွါပြီးမှ ပွားမှုနဲ့ပွားပါ။ **တီရဏပရိညာ** ပွားမှုရင့်ကျက်လာမှ ဒိဋ္ဌိကွာအောင်ကျင့်တဲ့ ဝိပဿနာဖြစ်ခြင်းကြောင့် 'ဗလဝဝိပဿနာ' ဖြစ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ **ပဟာနပရိညာ ကာတဉာဏ်** ကို ဆိုက်တော့မပေါ့။ (မှန်ပါဘုရား)။

အဲဒါကို သိမှုနဲ့မှ ဒိဋ္ဌိမခွါဘဲနဲ့ ဝိပဿနာ တရားအလုပ်တွေကို အားထုတ်လို့ရှိရင် နှစ်ပေါင်း လေးဆယ်ကျော် အားထုတ်တဲ့ ရှင်ဆန္နဟာ မဂ်ရရဲ့လား။ (မရပါဘုရား)။ သိမှုနဲ့ ဘာမခွါလို့လဲ။ (ဒိဋ္ဌိမခွါလို့ပါဘုရား)။

ဒါကြောင့်- ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေမှာလဲ မိုးကုတ် ဝိပဿနာ မဟုတ်ပါဘူး တဲ့၊ ဗုဒ္ဓဝိပဿနာပါဘဲ၊ ဦးပဉ္ဇင်းတို့က

ဘုရားကို မမှီလိုက်လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးကိုသာ မှီတဲ့အတွက်ကြောင့် ဆရာသမားကို တင်စားပြီးတော့ မိုးကုတ်ဝိပဿနာ ဖြစ်ရတာပါ။ (မှန်ပါဘုရား)။ စင်စစ်ကတော့ ဘုရားဟောတဲ့ ပါဠိတော်နှင့်အညီ ဆရာတော်ဘုရားကြီးက ဟောထားတော့ ဗုဒ္ဓဝိပဿနာဆိုရင်ကော လွဲသလားဗျာ။ (မလွဲပါဘုရား)။ အဲဒါကိုတော့ လူတိုင်းသိစေချင်တယ်ဗျာ။ (မှန်လှပါဘုရား)။

ကိုင်း- ဒီတော့ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရား၊ မြင်တာက - အကြောင်း၊ လိုချင်တာက.... (အကျိုးပါဘုရား)။ ဒါဖြင့် လိုချင်တဲ့စိတ်ကလေး ဘယ်ကပေါ်လာလဲ ထွေးသေးလား။ (မထွေးပါဘူးဘုရား)။ မြင်တဲ့အကြောင်းက လာတယ်ဆိုတော့ သံသယဝိစိကိစ္ဆာက ကုန်နေပြီ။ (မှန်ပါ)။ အဲ့-လိုချင်တဲ့လောဘစိတ်ကလေးဟာ အကျိုးတရားဘဲလို့သိတော့ ငါလိုချင်တယ်ဆိုတဲ့ ဒိဋ္ဌိကကော မသေသေးဘူးလား။ (သေပါပြီဘုရား)။ စွဲလမ်းတဲ့ ဥပါဒါန်လဲ သေတာဘဲနော်။ မှန်ပါ)။ဒါကြောင့်မို့လို့ မြင်တဲ့စိတ်နဲ့ လိုချင်တဲ့စိတ်ဟာ မတူဘူး၊ လိုချင်တဲ့စိတ်နဲ့ စွဲလမ်းတဲ့စိတ်ကော.... (မတူပါဘူးဘုရား)။ စွဲလမ်းတဲ့စိတ်နဲ့ သွားပြီးကောက်ယူတဲ့စိတ်ကော.... (မတူပါဘူးဘုရား)။ မတူဘူး တဲ့။ မတူဘူးဆိုတာဟာ အနိစ္စ၊ အနိစ္စပါဘဲ။ ကိုယ်က လုပ်တာလား၊ ဒါ သတိထား ဝီရိယစိုက် ဉာဏ်နဲ့ကြည့်ရင် မြင်မနေရဘူးလား။ (မြင်နေပါတယ် ဘုရား)။

ဒါဖြင့် ဝိပဿနာဆိုတာဟာ အားစိုက်ရှုရတာလား၊ စောင့်စားရှုရတာလား။ (စောင့်စားရှုရတာပါ ဘုရား)။ မပင်ပန်းပါဘူး။ အဲဒါလေးများ ပင်ပန်းတယ်ထင်ပြီးတော့ တနာရီတောင်

မပြည့်သေးဘူး၊ ရှုံ့မဲ့နေတာဘဲ၊ ဒကာဒကာမတွေ မလှဘဲနဲ့ မဲ့ပြနေတော့ ကောင်းနိုင်ပါ့မလား။ (မကောင်းပါဘူးဘုရား)။

ကိုင်း ဒီတော့ မြင်တဲ့စိတ်ရယ်၊ လိုချင်တဲ့စိတ်ရယ်၊ စွဲလမ်းတဲ့စိတ်ရယ်၊ သွားပြီးတော့ ကောက်ယူတဲ့စိတ်ရယ် မတူကြပါဘူး တဲ့။ မတူဘူးဆိုတာဟာ ပြောင်းလဲနေတယ်၊ ပြောင်းလဲနေတယ်ဆိုတာ ပြောဘို့လိုသေးလား။ (မလိုပါဘူးဘုရား)။ မတူဘူး တဲ့။ မတူဘူးဆိုတာက အနိစ္စ အနိစ္စ အနိစ္စ။ ရှင်းပြီမဟုတ်လား။(ရှင်းပါပြီဘုရား)။ ဗမာလိုပြန်တော့ ဖြစ်ပျက် ဖြစ်ပျက်ဆိုတာ သေချာတယ်မဟုတ်လား။ (သေချာပါတယ် ဘုရား။)

အဲဒါကို သိတာက သူ-သိမလား၊ ငါ-သိမလား၊ ဉာဏ်ရှိမှ သိမှာလား။ (ဉာဏ်ရှိမှ သိမှာပါ ဘုရား)။ အင်း ဖြစ်ပျက်က အကြောင်းတရား။ ( မှန်ပါ )။ ဖြစ်ပျက်က ရှေ့ကျတော့ အကြောင်းတရားပေါ့၊ မတူဘူး- ပြောင်းလဲနေတယ်လို့ သိတာက အကျိုးတရားပေါ့။ ဒါဖြင့် ဖြစ်ပျက် အကြောင်း တရားက-ပဋိစ္စ၊ သိတဲ့တရားက-သမုပ္ပါဒ် ဆိုတော့ ဒါလဲ ပဋိစ္စသမုပ္ပါဒ်ပါဘဲ။ (မှန်ပါ ဘုရား)။ ရှင်းပြီမဟုတ်လား။ (ရှင်းပါပြီဘုရား)။

ဒီတော့ ဦးပဥ္စင်းတို့တတွေမှာ ဒီတရားကိုရှုပုံ ရှုနည်းကလေး ဒိဋ္ဌိဝိစိကိစ္ဆာကို အသိနဲ့ ပယ်ခွါပြီးတော့ ပွါးပါလို့ ဆိုတော့ ယောကျ်ားဆိုရင် တင်ပလ္လင်ခွေထိုင်ပါ၊ အမျိုးသမီး များက ကြုံ့ကြုံ့ထိုင်ပါ။ ဘယ်လက်ကလေးကို အောက်ကထား၊ ညာလက်ကလေးကို အပေါ်တင်၊ ကိုယ်ကလေးတွေကို ဖြောင့်စွာထားပြီး မျက်လွှာကလေး ချလိုက်ပါ။ ပြီးတော့ ဝင်လေ သိ-ထွက်လေ သိ- အဲဒါကိုဘဲ ပထမမှတ်နေပါ။

အဲဒါ ဘယ့်နှယ်ကြောင့် လုပ်ရတာလဲဆိုတော့ ဦးပဥ္စင်းတို့ နေယျပုဂ္ဂိုလ်ဆိုတော့ တသံသရာလုံးက ရိုင်းလာတဲ့ လူတွေကိုးဗျ၊ ဦးပဥ္စင်းတို့တတွေမှာ ဒီလိုလက်ကလေးကို တခုပေါ်တခု ထပ်မထားဘူး ကျကျနန ထိုင်မထားဘူးဆိုရင် ရှကန် မွကန်ဆို ဟိုရွေ့ ဒီပြောင်း ဟိုကုတ် ဒီလှုပ်က တယ်ပြီးတော့ သွက်လက်တာကိုးဗျ။ (မှန်ပါ့ဘုရား)။

ဒါကြောင့် ကုတ်လိုက် လှုပ်လိုက်ရင် အနိစ္စ မမြင်တော့ဘူး၊ ငြိမ်ပြီးတော့ စောင့်စားကြည့်နေမှ "ဟုတ်သားဘဲ စိတ်တွေက မတူပါလား၊ မတူပါလား"ဆိုတာကို သိတော့မှ အနိစ္စ အနိစ္စ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဉာဏ်ထဲမှာ ထင်ရှားတာ။ (မှန်ပါဘုရား)။ အဲဒီလို ထင်ရှားတဲ့ အခါကျတော့ ဘယ်သောက် ကျေးဇူးများ တယ်ဆိုတာလဲ သိမှာပေါ့ဗျာ။ (မှန်ပါ)။

အဲဒီလိုနေပြီးတော့ ဝင်လေသိ ထွက်လေသိဘဲ မှတ်ပါ။ ကိစ္စ မရှိပါဘူး၊ ကိုယ်သန့်ရာကိုသာ မှတ်ပါ။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီးကျတော့ 'ဖေါင်းတယ် ပိန့်တယ်' လို့ ပြပါတယ်၊ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး ကျတော့ 'သိတယ် သိတယ်' လို့ ဟောပါတယ်၊ အင်း တချို့ ကျတော့ 'ရှူတယ် ရှိုက်တယ်'၊ အတူတူချည်းပါဘဲ။ ကြိုက်ရာ ကိုလုပ်ပါ။ သို့သော် ဦးပဥ္စင်းတို့ နည်းကတော့ 'ရှူတယ် ရှိုက် တယ်' ဘဲမှတ်ပါ။ ဒါလဲ အတူတူပါဘဲ။ (မှန်ပါ)။

ဒီလိုမှတ်ပြီးနေရာက တော်တော်ကြာကျတော့ ဒကာ ဒကာမ တွေ ဝိပဿနာရှုတယ်ဆိုတာ ခင်ဗျားတို့ ဦးပဥ္စင်းတို့တတွေ သိထားတဲ့ ယောကျ်ား, မိန်းမ, အထည် ခန္ဓာကြီးကို ရှုလို့မရဘူး

နေ၁်။ (မှန်ပါဘုရား)။ ခုနက အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရား။ ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။

ဆိုတဲ့ ပစ္စုပ္ပန် တည့်တည့်ပေါ်တဲ့ ခန္ဓာကိုသိမှ ဝိပဿနာရှုလို့ဖြစ်တယ်လို့မှတ်ကြပါ။ (မှန်ပါဘုရား)။

သဘောခန္ဓာကိုသာ ရှုရမယ်တဲ့၊ သဘောခန္ဓာကလဲ ပဋိစ္စသမုပ္ပါဒ် နားမလည်ရင် သိပါ့မလား။ (မသိပါဘူး ဘုရား)။ အခုလို ပဋိစ္စသမုပ္ပါဒ်ကို နားလည်တော့ သဘောခန္ဓာကလေးကိုလဲ လွယ်လွယ်ဘဲ ပြပါတော့မယ်။ ရှုစိတ် ရှုကွက်စိတ် ကလေးကို မှတ်နေရာက နေပြီးတော့ ကြွားစိတ်ကလေး ပေါ်လာလဲဒါဟာ သဘောခန္ဓာဘဲ။ (မှန်လှပါ)။

ကဲ-ကြွားစိတ်ကလေး ဘယ်မှာပေါ်မလဲ၊ မျက်စိမှာ ပေါ်မလား၊ နှာခေါင်းမှာပေါ်မလား၊ ဘယ်မှာပေါ်မလဲ။ (နားမှာပေါ်ပါတယ်)။ သူတို့ ဆိုင်ရာဆိုင်ရာမှာမှ ပေါ်မှာကိုးဗျ။ (မှန်ပါ)။

နားမှာပေါ်တဲ့ ကြွားစိတ်ကလေးကို ဒကာ ဒကာမ တွေကသတိထား ဝီရိယစိုက်ပြီး သမာဓိတည်လိုက်တော့ မသိဘူးလား။ (သိပါတယ် ဘုရား)။ အင်း-သိတော့ တွေးကြည့်လိုက်စမ်းပါဦး၊ ဒကာ ဒကာမတွေရဲ့ နားထဲမှာ ပေါ်လာတဲ့ စိတ်ကလေးကိုပြစမ်းပါ၊ ကြည့်ရအောင်။ (မရှိပါ ဘုရား)။ ပြနိုင်ရဲ့လား။ (မပြနိုင်ပါ ဘုရား)။ မကြွားလို့လား။ (ကြွားပါတယ်ဘုရား) ကြွားတုန်းက ဖြစ်တယ်၊ မပြနိုင်တော့ ပျက်တယ်။ ဒါဖြင့်

ဖြစ်တာနဲ့ ပျက်တာနဲ့ ပေါင်း.... (ဖြစ်ပျက်ပါ ဘုရား)။ ဘယ်သူ့ ဖြစ်ပျက်တုန်းလို့ မေးတော့မှ ခန္ဓာ့ဖြစ်ပျက်။ (မှန်ပါဘုရား)။

ကဲ-ဒီ ကြား ခန္ဓာလေးက – ဖြစ်ပျက်၊ တွေးကြည့်လိုက်တဲ့ ဉာဏ်ကလေးက – မဂ်မဖြစ်ဘူးလား။ ဖြစ်ပါတယ်ဘုရား)။ ဖြစ်ပျက်ကို ဉာဏ်တည်းဟူသောမဂ်က မြင်တာ။ (မှန်လှပါဘုရား)။ ပကတိမျက်လုံးက ချောတယ် လှတယ် ပိန်တယ် ဝတယ် ဖြူတယ် မဲတယ်သာမြင်တာ၊ ဒါက ဒိဋ္ဌိမျက်လုံး။ (မှန်ပါ့)။ ပကတိမျက်လုံးဘဲဆိုပါစို့ဗျာ။ (မှန်ပါ)။အဲ ဉာဏ် မျက်လုံးကတော့ဖြင့် အနိစ္စလို့ မြင်တယ်။ (မှန်ပါ)။ ဒုက္ခလို့ မြင်တယ်၊ အနတ္တ လို့ သိတယ်ဆိုတော့ မကွာဘူးလား။ (ကွာပါတယ် ဘုရား)။

အဲဒီလို ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့မှ ကြား ခန္ဓာလေး ပေါ်လာလဲ ဖြတ်ကနဲပျောက်ပျက်သွားတာဘဲ။ (မှန်ပါ)။တော်တော်ကြာတော့ ခန္ဓာကိုယ်ပေါ် စစ်ကနဲ လှစ်ကနဲ ရွကနဲ မွကနဲ မလာပေဘူးလား။ (လာပါတယ် ဘုရား)။ တရွလျှင် တခန္ဓာ၊ တရွလျှင် တခန္ဓာဆိုတော့ ရွရွ ရွရွနဲ့ဟာ အများကြီးဖြစ်ရင် ဒါ ခန္ဓာတွေ အများကြီးပြောင်းနေတာဘဲ။ (မှန်ပါ)။ ခန္ဓာတွေ အများကြီး ပြောင်နေတော့ သတိထား ဝီရိယစိုက်တဲ့ ပုဂ္ဂိုလ်ဟာ သိမနေဘူးလား။ (သိနေပါတယ် ဘုရား)။

ဒါဖြင့် အများကြီးပြောင်းနေတာက အနိစ္စတွေ များနေတာဘဲ။ (မှန်လှပါ)။ သိတာကလဲ အနိစ္စတွေများသလောက် မဂ္ဂတွေ ပွါးနေတာဘဲ။ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ စင်မနေပေဘူးလား။ (စင်နေပါတယ်ဘုရား)။ အဲဒါ ပုဗ္ဗဘာဂမဂ်ကို ရပြီလို့ မှတ်ကြပါ။ (မှန်လှပါ)။ ရှေးပြေး မဂ်ပေါ့ဗျာ။ (မှန်လှပါ ဘုရား)။

**သုဓမ္မဝတီ (က-၁၄၁) ၃**

ဉပမာ—အရှေ့က နေထွက်ခါနီးတော့ အာရုဏ်တက်မလာဘူးလား။ (တက်လာပါတယ်ဘုရား)။ အာရုဏ်တက်လာတာကိုစောင့်ကြည့်နေရင် နောက် ဘာဖြစ်လာမလဲ။ (နေထွက်လာပါမယ်ဘုရား)။ ဒီလိုဘဲ ပုဗ္ဗဘာဂမဂ်ရှေ့က ဖြစ်ပျက်၊ နောက်က.... (မဂ်ပါဘုရား)။ ဒီမဂ်သာရှိနေရင် အဲဒါအာရုဏ်တက်နေပြီ ဒကာဒကာမတွေ၊ လောကုတ္တရာ တည်းဟူသောမဂ် ပေါ်တော့မယ်လို့မှတ်ပါ။ ရှင်းကြပြီလား။ (ရှင်းပါပြီ ဘုရား)။

ဒီအတိုင်း ရှုပြီးနေတော့ တချို့ကျတော့ ရှုရင်း ရှုရင်းကနေဒူးခေါင်းကကိုက်တယ် ပေါင်က ခဲတယ်ဆိုရင် ဒါ ပညတ်တော့ပညတ်ဘဲ၊ သို့သော် ဒကာဒကာမတွေက ပေါင်ကကိုက်ရင် ပေါင်ဘက်ကို ဉာဏ်လှည့်လိုက်တာပေါ့ဗျာ။ (မှန်ပါ့ဘုရား)။ ဒူးခေါင်းကကိုက်ရင် ဒူးခေါင်းဘက် ဉာဏ်လှည့်လိုက်ပါ။ ဉာဏ်လှည့်လိုက်တော့ ဒူးခေါင်းတွေ့သလား၊ ဖေါက်ပြန် ပျက်စီးနေတာ တွေ့သလား။ (ဖေါက်ပြန် ပျက်စီးနေတာ တွေ့ပါတယ်ဘုရား)။ လှည့်တုန်းကတော့ ဒူးခေါင်းတွေ ပေါင်တွေ၊ တွေ့တော့ ဖေါက်ပြန်ပျက်စီးနေတာ တွေ့တယ်ဆိုတော့ အင်း—ခါတိုင်းဆိုရင် အမယ်လေး ကိုက်လိုက်တာ မပြောပါနဲ့တော့ ဒူးခေါင်းကြီးများ ကွဲမလားအောက်မေ့ရတယ်၊ ဟော—အခုဉာဏ်ကလေးနဲ့ တွေးရှုတော့စစ်ကနဲ စစ်ကနဲ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ် ဘုရား)။ ကိုက်တဲ့အထဲကို ဉာဏ်နဲ့ ပေါက်အောင် ရှုလိုက်တော့ တစစ်လျှင်တခဏ္ဍာ တစစ်လျှင် တခဏ္ဍာဆိုတော့ အတုံးအခဲကြီးတွေလား။ ပြောင်းလဲနေတာ တွေ့လား။ (ပြောင်းလဲနေတာ တွေ့ပါတယ်ဘုရား)။ ပြောင်းလဲနေတာ တွေ့တော့ ပြောင်းလဲတာက—ဖြစ်ပျက်၊ ပြောင်းလဲမှန်းသိတဲ့ ဉာဏ်က....(မဂ်ပါ ဘုရား)။ မဂ်ဆို

တော့ ဒီပုဂ္ဂိုလ်သန္တာန်မှာ ရှုံ့မဲ့နေတာ ပါသေးလား။ (မပါပါ ဘုရား)။ ဩော်– ပြောင်းလဲနေတဲ့ အနိစ္စမြင်လို့ ရှုံ့မဲ့ခြင်းမရှိတာပေါ့။ (မှန်ပါ)။ ရှုံ့ခြင်း မဲ့ခြင်း မရှိတော့ ခန္ဓာခင်မင်တဲ့ ကိလေသာ စင်တာကိုးဗျ။

ဒါဟာ ဝိပဿနာရှုနည်းပါဘဲ တဲ့၊ အဲဒီလို ရှုဖန်များတော့ အတွင်းခန္ဓာနဲ့ အပြင်ခန္ဓာ မကွဲတာ ပါသေးတယ်။ ဒါကလေး နှံနှံမှတ်ထားပါ၊ အရေးကြီးတယ်။ ကိုယ်ပေါ်မှာ ပေါ်လာတဲ့ ရှုကနဲ မှုကနဲ စစ်ကနဲ လှုပ်ကနဲဆိုတာက–ကိုယ်ပေါ်မှာ ပေါ်လာတဲ့ သဘောခန္ဓာ။ (မှန်ပါ ဘုရား)။အဲဒါကို ကုတ်ချင်တယ် လှုပ်ချင်တယ် ပြောင်းချင်တယ် ဆိုတာက– ဝမ်းထဲက ပေါ်တဲ့ သဘောခန္ဓာ။ (မှန်ပါတယ် ဘုရား)။ ခန္ဓာချင်း တူရဲ့လား။ (မတူပါဘူး ဘုရား)၊ မတူတာကို မထူမှန်းမသိလို့ တချို့က "ကိုက်လိုက်တာ မခံနိုင်ဘူး" ဆိုတော့ သူကဈေးတော့မှာကိုးဗျ။ (မှန်ပါ)။ ကဲ ကိုက်တာက– ကိုယ်ပေါ်ကဗျ၊ မခံနိုင်တာက–ဝမ်းထဲက။ အဲဒါ ဘယ်သွား ရှုနေလဲဆိုတော့ သူက ပျောက်ချင်ဇောနဲ့ နာတဲ့ဆီသွား ပြီး ဖိရှုနေတာကိုး။

ဖိရှုတော့ ဒကာ ဒကာမတွေရဲ့ ဝမ်းထဲက မခံနိုင်ဘူး ဆိုတဲ့ ခန္ဓာပေါ်တာ သိသေးလား။ (မသိပါ ဘုရား)။ မသိတာက အဝိဇ္ဇာပေါ့ဗျာ။ (မှန်ပါ)။တချို့ကပျောက်ချင်တော့ နာခေါင်း ပြောင်းရှုတာပါသေးတယ်၊ နာခေါင်းပြောင်း ရှုတာက ပျောက်ချင်လို့ရှုတာလား၊ အလိုလို ရှုတာလား။ (ပျောက်ချင်လို့ ရှုတာပါဘုရား)။ ပျောက်ချင်တာက–တဏှာ၊ "မခံနိုင်တဲ့ ခန္ဓာသည် ဝမ်းထဲက ပေါ်လာပါလား" လို့ ပစ္စုပ္ပန်တဲ့တဲ့ မသိတာက– အဝိဇ္ဇာ။ (မှန်ပါဘုရား)။

ပျောက်ချင်တာက–တဏှာ၊ မပြောင်းရ မနေနိုင်ဘူးဆိုတာက–ဥပါဒါန်။ (မှန်ပါ)။ နှာခေါင်းပြောင်းလိုက်တော့ ကံ-မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။ ကဲ–ဒီဘဝလဲ ဒုက္ခ၊နောက်ကော....(ဒုက္ခပါဘုရား) ဝိပဿနာက ဒုက္ခရောက်ချင်လို့ ရှုတာလား၊ သုခရချင်လို့လား။ (သုခရချင်လို့ပါဘုရား)။ ဒါဖြင့် ဒီဝိပဿနာ မမှန်သေးဘူး၊ မှားပြီ။ (တင်ပါ့ဘုရား)။ မှားလို့ သုခမရှိဘဲ ဒုက္ခချင်းဆက်တာ၊ အဝိဇ္ဇာတဏှာပေါ့။ ရှင်းပြီမဟုတ်လား။ (မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ဦးပဉ္စင်းတို့ ဒကာ ဒကာမတွေက ရှုကနဲ စစ်ကနဲ လှစ်ကနဲ ပူတယ် အေးတယ် ညောင်းတယ် တောင့်တင်းတယ်ဆိုရင် ကိုယ်ပေါ်ရှုလိုက်။ (တင်ပါ့ ဘုရား)။ ရွေ့ချင်တယ် ပြောင်းချင်တယ် လှုပ်ချင်တယ် ကုတ်ချင်တယ် စောင်းချင်တယ် ငံ့ချင်တယ်ဆိုရင် ဝမ်းထဲကို ရှုလိုက်ပါ။ (မှန်ပါ့ဘုရား)။ မခံနိုင်ဘူး ပျင်းရိတယ် ငိုက်မျဉ်းတယ် တွေဝေတယ် ပျံ့လွင့်တယ်ဆိုရင်တော့လဲ ဝမ်းထဲကိုရှုပါ။

## သစ္စာပေါ်ပုံ

အဲဒီလို ရှုတဲ့အခါကျတော့ ခုနက ခန္ဓာတွေက ပျင်းရိတယ်ဆိုတဲ့ သဘောခန္ဓာ ရှိသေးလား။ (မရှိတော့ပါဘုရား)။ မရှိတာက ဖြစ်ပျက်၊ သိတာက–မဂ်။ (မှန်ပါ)။ တော်တော်ကြာကျရင် ရွှေ့ချင်တယ်ဆိုတဲ့ စိတ်ကလေးပေါ်လာရင် သိပေးလိုက်ပါ၊ သိတဲ့ဉာဏ်ကလေး ပေါ်လာတော့ ရွှေ့ချင်တဲ့ခန္ဓာရှိသေးလား။ (မရှိတော့ပါဘုရား)။ မရှိတာက–ဖြစ်ပျက်၊ သိတာက–မဂ်။ အသိခံရတာက ဘာသစ္စာ... (ဒုက္ခ

သစ္စာ ပါဘုရား)။အင်း–သိတဲ့ဉာဏ်က....(မဂ္ဂသစ္စာ ပါဘုရား)။ ဖြစ်ပျက် ဒုက္ခသစ္စာချည်းဘဲဆိုတော့ အထည် ပျောက်မသွားဘူးလား။ (ပျောက်သွားပါတယ် ဘုရား)။ အထည်ပျောက်ပြီးတော့ " ဖြစ်ပျက်တွေဘဲ ဖြစ်ပျက်တွေဘဲ " လို့သာ မြင်အောင်ရှုနေပါ။

ဒီနေ့တော့ ဖြစ်ပျက်လောက်ဘဲ ပြောမယ်၊ ခင်ဗျားတို့ ဒုက္ခသစ္စာဉာဏ်ဘက်ကို မတက်နိုင်ဘူး။ (မှန်ပါ)။ အဲဒါ ခန္ဓာကိုယ်ကြီးက ဆင်းရဲကြောင်း ပြနေလိမ့်မယ်နော်။ (မှန်ပါဘုရား)။ ရှကနဲ့ မွကနဲ့ စစ်ကနဲ့ လှစ်ကနဲ့ ဆိုတာလဲ ဆင်းရဲနေတာဘဲ၊ ပူတယ် အေးတယ် အိုက်တယ် ဆိုတာကကော....(ဆင်းရဲတာပါဘဲဘုရား)။

အိပ်ချင်တယ် ကျင်ကြီးကျင်ငယ် စွန့်ချင်တယ် ဆိုတာကကော...(ဆင်းရဲတာပါဘဲဘုရား)။ ဆင်းရဲချင်းများ သွားပြီးတော့ တိုက်နေသေးတယ်နော်၊ အိပ်လဲအိပ်ချင်တယ် ကျင်ကြီးကျင်ငယ်လဲ စွန့်ချင်တယ်ဆိုရင် ဘယ်သူ့အလို လိုက်မတုံး။ "အိပ်ချင်တဲ့စိတ် ကိုယ်တော်မြတ်ကြီး ခဏနေအုံး၊ သည်းခံပါအုံး၊ ကျင်ကြီးကျင်ငယ်ဆီ ပို့ပါရစေအုံး" ဆိုပြီးတော့ တောင်းပန်လိုက်ရတာ။ (မှန်ပါဘုရား)။

အဲဒီတော့–ဘယ်လောက် ဆင်းရဲသလဲ။ (ဆင်းရဲပါတယ်ဘုရား)။ ဒါဟာ ဟန်လုပ်ဆင်းရဲတာလား၊ အမှန် ဆင်းရဲတာလား။ (အမှန်တကယ် ဆင်းရဲတာ ပါဘုရား)။ မှန်တာက–သစ္စာ၊ ဆင်းရဲတာက–ဒုက္ခ။ ဒုက္ခနဲ့ သစ္စာနဲ့ ပေါင်း...(ဒုက္ခသစ္စာ ပါဘုရား)။

အဲဒီဒုက္ခသစ္စာကို အခုလို ဉာဏ်ကလေး ကိန်းတဲ့အခါကျ တော့ ဒကာဒကာမတွေက မသိလာဘူးလား။ (သိလာပါတယ် ဘုရား)။ အဲဒါကြောင့်"ခန္ဓာတွေဟာ သဘောခန္ဓာတွေ ပြောင်း လဲနေတဲ့ဟာဘဲ၊ ဖြစ်ပြီးတော့ ပျက်တဲ့ ဒုက္ခသစ္စာ ပါလား"လို့ သတိထား ဝီရိယစိုက်ပြီးတော့ ဉာဏ်ကလေးနဲ့ သိနေတာက.... (**မဂ္ဂသစ္စာ** ပါဘုရား)။ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိတော့ ချစ်စရာ များဗပါသေးလား။ (မပါပါဘူးဘုရား)။ ကဲ ဒါဖြင့် ခင်စရာ တဏှာ ဉပါဒါန် ကံ လေတာက– **သမုဒယသစ္စာ**။ ဒါဖြင့် "ဒီ ခန္ဓာဟာ ဒုက္ခရှိလို့ ဒုက္ခပြနေတာပါကလား"လို့ ဆုံးဖြတ်ချက်ချ လိုက်တော့"ငါ လေများဖြတ်မလား- ဘာများဖြစ်အုံးမလဲ"ဆိုတဲ့ စိုးရိမ်စိတ်ပရိဒေဝ သောက မငြိမ်းသွားဘူးလား။ (ငြိမ်းသွား ပါတယ် ဘုရား)။ သောကပရိဒေဝ ငြိမ်းတာက–**နိရောဓသစ္စာ**။ (မှန်ပါ)။သစ္စာဘယ်နှစ်ပါး ပေါ်မလဲ။ (လေးပါး ပါဘုရား)။ ရှိတာကတော့....(လေးပါး ပါဘုရား)။ ဒီက ဒကာဒကာမတွေ အခုသိတာကတော့ကော....(လေးပါးပါ ဘုရား)။

ဒါဖြင့် သောတာပန်တည်နိုင်တဲ့ လမ်းကြောင်းဟာ ဒါဘဲ တဲ့၊ (မှန်ပါ ဘုရား)။ အပါယ်တံခါးပိတ်တဲ့အသိဟာ ဒါပ ါဘဲ။ (မှန်ပါ)။ ဒါကြောင့် ရခဲတဲ့လူ့ဘဝ ကြုံခဲတဲ့သစ္စာတရားကို နာ ရတဲ့အခိုက် ဂရုစိုက်နာလိုက်ကြစမ်းပါ။ ကိုယ်က နာနိုင်ပေမဲ့ ဟောတဲ့ပုဂ္ဂိုလ်ကလဲ ဟောအုံးမှကိုး။ (မှန်ပါ ဘုရား)။

ဦးပဥ္စင်းတို့တတွေကျတော့ ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးနဲ့တကွ ဆရာတော် အသီးသီးက သစ္စာတွေကို ဖေါ် ထုတ်ပြီး ဟောပြထားလို့ နားရည်ဝလာတော့ နားလည်လွယ် တယ်ဗျ။ (မှန်ပါဘုရား)။ နားလည်လွယ်တော့ ရခဲတဲ့လူ့ဘဝ,

သစ္စာတည်းဟူသော ကြိုးခဲ့ရတဲ့ တရားလဲ တခဏတည်းနဲ့ သွား ပေါင်းမိတော့ လူဖြစ်ရကျိုး မနပ်ပေဘူးလား။ (နပ်ပါတယ် ဘုရား)။ လူဖြစ်ရကျိုး နပ်တယ်ဆိုတာ ဦးပဥ္စင်းဟောတာ မဟုတ် ပါဘူး၊ ဘုရားရှင်ကိုက ဟောထားတာနော်။ (မှန်ပါ)။

ဟိုတုန်းကတော့ဖြင့် ဒကာ ဒကာမတွေက သစ္စာနှစ်ပါးထဲနဲ့ လည်နေတာ။ (မှန်ပါ ဘုရား)။

ဆေးလိပ်သောက်ချင်တာက သမုဒယသစ္စာ၊ မီးခြစ်ကလေး ရှာကနဲ ခြစ်လိုက်တာက ဒုက္ခ။ (မှန်ပါဘုရား)။ ဆေးလိပ်သောက် ချင်တာက....(သမုဒယသစ္စာပါ ဘုရား)။ ဆေးလိပ်ရှာဖွေရတာက (ဒုက္ခပါ ဘုရား)။ သမုဒယနဲ့ ဒုက္ခဘဲ ရှိတယ်၊ ဘယ်မလဲ မဂ္ဂနဲ့ နိရောဓ၊ ပါရဲ့လား။ (မပါပါဘုရား)။ တဒင်ကို မပါဘူး၊ အခုတော့ဖြင့် မဂ္ဂနဲ့နိရောဓ တဒင်ပေါ်လာတော့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာက တဒင်ချုပ်တာပေါ့ဗျာ။

အဲဒီတော့ အရိယာ တပည့်သာဝက မဖြစ်ကြသေးဘူးလား။ (ဖြစ်ပါတယ် ဘုရား)။ လူဖြစ်ရကျိုး နပ်ပါတယ်ဆိုတာ ရှေ့ပိုင်း မှာ နိဂုံးကမ္ပတ် အဆုံးသတ်ဘို့ရာ မြတ်စွာဘုရားက ဓမ္မပဒမှာ—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော ပုဂ္ဂလော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ အာရုံဒွါရ တိုက်ဆိုင်မှ ပေါ်လာသည့်သဘော ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ မရှုမမြင်တတ်သည် ရှိသော်။ ဝဿသတံ၊ သချာတွက်သုံး အနှစ်တရာ ကာလပတ်လုံး။

ဇီဝေ၊ မပျက်အစဉ် အသက်ရှင်ရပါသော်လည်း။ နသေယျော၊ မမြတ်။ ယော စ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ၊ အာရုံဒွါရ တိုက်ဆိုင်မှ ပေါ်လာသည့် သဘော ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော၊ ရှုမြင်တတ်သည် ရှိသော်။ ဧကာဟံ ဇီဝိတံ၊ တနေ့တရက် တမနက်ပင် အသက်ရှင်၍ နေရပါသော်လဲ။ သေယျော၊ လူဖြစ်ရကျိုး နပ်ပါသဖြင့် အတိုးမဖြတ်နိုင်အောင် မြတ်လှပါပေတော့သတည်း။

(သာဓု - သာဓု - သာဓုပါဘုရား)။

ဒါကြောင့် ရခဲတဲ့လူ့ဘဝ၊ သစ္စာတရား ကြုံခဲတဲ့တခဏမှာဖြင့် သည်းခံပြီး အား ထုတ်ကြမယ်ဆိုရင် ချမ်းသာသုခ ရရှိပါလိမ့်မယ် ဆိုတာ သေချာပါတယ်၊ အားထုတ်တာကတော့ ကိုယ်ကြိုက်ရာမှာ အားထုတ်ကြပါ၊ မိုးကုတ်ကြိုက် မိုးကုတ်၊ မဟာစည်ကြိုက် မဟာစည်၊ အတူတူပါဘဲ။

အချို့က မဟာစည်က ပိန်ဖောင်း မို့ ပါဠိတော်မှာ မပါဘူးတဲ့ ဗျာ၊ ကြီးကျယ်လိုက်ထာ။ ပိန်တယ် ဖောင်းတယ် ဆိုတဲ့ပါဠိသာ တိုက်ရိုက် မပြတာပါ၊ အမှန်ကတော့ ပိန်တာ ဖောင်းတာဟာ ရုပ်တရားတခု ထင်ရှားနေတာ ပေါ်လွင်နေလို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးက ဆုံးမတော်မူထားတာ၊ မမှန်ဘူးလားဗျာ။ (မှန်ပါတယ် ဘုရား)။

ဆဋ္ဌသံဂါယနာတင်တဲ့အခါတုန်းက ပုစ္ဆကဝန်ဆောင် နေတာဆူ လတာဆူ ကျော်ကြားတော်မူတဲ့ ဆရာတော်ကြီး မဟုတ်လား။ (မှန်ပါ)။

ကဲဗျာ—ဖေါင်းပိန်တဲ့ - ရှုံ့ရှိုက်-ထိသိ - ပေါ်သိ။ ကျေးဇူးရှင် ဉာဏစာဂီဆရာတော်ဘုရားကြီးက (ပေါ်သိ-ပေါ်သိနိဗ္ဗာန်ထိ) တဲ့။

ဘာဘဲဖြစ်ဖြစ် အားထုတ်ပါ၊ နောက်ပိုင်းကျတော့ ဖေါင်းပိန်ပျောက်-အနိစ္စရောက်လာတာဘဲ၊ ရှုံ့ရှိုက်ပျောက်-အနိစ္စရောက်လာတာဘဲ၊ ပေါ်သိပျောက်- အနိစ္စရောက်လာတာဘဲ။ ဒီတော့ ဘုရား၏ တပည့်သာဝက သားတော်ကြီးတွေ ဆုံးမကြတာဟာ အဖဘုရား ဩဝါဒ အကုန်ဆိုက်ပြီး အမှန်ချည်းမို့ သည်းခံကြိုးစားလျှင် ချမ်းသာပါတယ်။

## ဇာတ်လမ်း

အဘယ်သူတွေ ချမ်းသာကြတယ်ဆိုတာကို ဇာတ်လမ်းဝတ္ထုထုတ်ကြရအောင်။ (မှန်ပါဘုရား)။

ဘုန်းတော်လျှံထိန် ခြောက်ရောင်ရှိန်ဖြင့် စိန်မကိုဋ်ကြီး လျှံညီးညီးကို ဆင်ပြီးအသင့် တေဇာရောင် ဖွင့်ဝေ သော မင်းမင့်ထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မြတ်၌ ယာပထလေးဖေါ်ဖြင့် မျှတစံပျော် သီတင်းသုံးတော် မူသောအခါ ရဟန်းတချို့က "တရားအားထုတ်ရတာ ဟိုနေရာကဆိုးတယ်ကွ၊ စားရေး သောက်ရေး ဘောဇနသပ္ပါယ မမျှတဘူး၊ ဒီနေရာက သူခိုး ဓားပြထူပြောတယ်၊ ဒီနေရာက ကျားသစ် သားရဲတွေက ပေါများတယ်" ဆိုပြီ တော့ သူတို့က စားရေး သောက်ရေးလဲ သည်းမခံနိုင်ဘူးဗျာ၊ နေရေး ထိုင်ရေးကော.... (သည်းမခံနိုင်ပါဘူး ဘုရား)။

ဝတ်ရေး စားရေးလဲ သည်းမခံနိုင်၊ ဟိုလူပြောတာကိုလဲ သည်းမခံနိုင်၊ ဒီလူပြောတာကိုလဲ သည်းမခံနိုင်ဆိုတော့—

"ချစ်သားတို့၊ သည်းခံခြင်းတရားဟာ အလွန်တရာမှ မွန်မြတ်ပါတယ်ကွာ၊ ရှေးသူတော်ကောင်း များလဲ သည်းခံပြီးတော့ အားထုတ်ခဲ့လို့ သစ္စာလေးအင် ထွင်းဖောက်ပြီး တော့ အရိယာအဖြစ်သို့ ရောက်ခဲ့ပါတယ်၊ ဒုက္ခဝဋ်အတွင်း က လွတ်ကင်း ရပါတယ်ကွာ၊ ဒါကြောင့်မို့လို့ ရခဲတဲ့ ဘဝကြီး မှာ ကြုံခဲတဲ့ တခဏ သိအောင် မင်းတို့ သည်းခံပြီး တော့ အားထုတ်ကြစမ်းပါ"–

လို့ မြတ်စွာဘုရားက ပြောတော့–

"အရှင်ဘုရား၊ အခု ဟောတာတော့ဖြင့် တပည့်တော် တို့ အခုကြားရပါပြီ၊ အတိတ်တုန်းက သူတော်ကောင်း များ ဘယ်ပုံ သည်းခံပြီး အားထုတ်လို့ ချမ်းသာတယ် ဆိုတာ ဟောတော်မူပါ"

လို့ လျှောက်ထားကြတယ်။ အမှန်ကတော့ ရဟန်းတော်တပါး ကို အကြောင်းပြု ဟောပါတယ်၊ ရဟန်းအချို့ကဆိုတာ ဆီလျော် အောင် ထည့်လိုက်တာပါ။

ထိုအခါ မြတ်စွာဘုရားက "ချစ်သားတို့၊ ရှေးလွန်လေပြီးသော အခါ **ဗာရာဏသီ** တိုင်းပြည်၌ **ကလာဗု** မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားအလောင်းတော်သည် ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသားဖြစ်လာတယ်၊ အမည်မှာ **ကုဏ္ဍလ** သတို့သားဟုတွင် တယ် တဲ့။

တနေ့သောအခါ မိဘနှစ်ပါးသည် မမျှော်လင့်ဘဲ ဗြုံးကနဲ သေသွားကြတယ် တဲ့၊ ဒါကြောင့် ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက "မမျှော်လင့်ဘဲ၊ ဗြုံးကနဲ၊ သေလဲသေနိုင်သည်"လို့ ဟောတာဘဲနော်။ (မှန်ပါ ဘုရား)။

ဘုရားလက်ထက်ကတော့ မိုးကုတ်ဝိပဿနာလို့ မရှိပါဘူး၊ မဟာစည် ဝိပဿနာလဲ မရှိပါဘူး၊ ဒါပေမဲ့ ဘုရားဟောတဲ့ ပါဠိတော်များကို အလိုတော်ကျအောင် ဗမာလိုဟောပြီး "ဒါက ရုပ်၊ ဒါက-နာမ်၊ ဒါက-အနိစ္စ"လို့ အိမ်သုံး စကားလုံးနဲ့ ဆုံးမလို့ နားလည် သဘောပေါက်ရတာပါ။

ဦးပဥ္စင်းတို့က ဘုရားလဲမမှီ၊ ဘုရားပါဠိတော်လဲ နားမလည်၊ ဘုရားကိုယ်စား သားတော်ကြီးတွေ အစစ် ဖြစ်တော်မူကြတဲ့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး, ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးတွေဟာ ဒါ ဦးပဥ္စင်းတို့ရဲ့ ဘုရားဆိုလဲ မှန်ပါတယ်၊ သူတို့ ဆုံးမလို့ ရုပ် နာမ်တွေကို သိရတာကိုးဗျ။

ရှင်သာရိပုတ္တရာက ရှင်အဿဇိရှိရာ အရပ်ကို မေးပြီး ရှိခိုးအိပ်တယ်ဆိုတာ ဘုရားရှိရာနဲ့ ဘုရားထက် ကြည်ညိုလို့လား၊ တန်ခိုးကြီးလို့လား ဆိုတော့ မဟုတ်ပါဘူး တဲ့၊ ရုပ် နာမ်၏ အနိစ္စကို အကြောင်း အကျိုးနှင့် ဆက်စပ်ဟောတဲ့ ပထမဆရာမို့ ပဋိစ္စ-သမုပ္ပါဒ်ဆိုတဲ့ အကြောင်း အကျိုးပြပြီး နိဗ္ဗာန်ညွှန်တဲ့ ဆရာမို့ ရှိခိုးတာပါ တဲ့။

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ= အကြောင်းကြောင့် ဖြစ်တဲ့ အကျိုး တရားတွေဘဲ"လို့ ပထမ ပြသတဲ့ ဆရာမို့ပါ၊ အဿဇိ ဝိပဿနာလို့ ဘယ်ရှိပါမလဲ၊ ဒါပေမဲ့ ဘုရားရဲ့အလိုကျ ဟောပြတဲ့ အတွက် ပုဂ္ဂိုလ် နာမည်တပ်ပြီး ဆရာသမားဟာ သူဘဲလို့ ဂုဏ်တင်တာ အပြစ်မရှိပါဘူး၊ အမှန်ပါဘဲ၊ အပြစ်ရှိတယ်ဆိုရင် ရှင်သာရိပုတ္တရာကစပြီး အပြစ်တင်မှ ဖြစ်တော့မယ်။ (မှန်ပါဘုရား)။

ကဲ—မိုးကုတ်ဝိပဿနာဆိုတာ ရှင်းကြပြီလားဗျာ၊ တော်တော်ကြာ ဦးဇဝနက စကားတတ်လို့ပြောတယ် မလုပ်နဲ့နော်၊ မဟာစည်ဆိုတာလဲ ဒီအတိုင်းဘဲမဟုတ်လားဗျာ။ (မှန်ပါတယ် ဘုရား)။

မိဘာနှစ်ပါး သေသွားတော့ ကုဏ္ဍလသတို့သားက စဉ်းစားတယ်၊ "အင်း-မိဘာနှစ်ပါးကတော့ များစွာသော ပစ္စည်းတွေ စွန့်ခဲ့ရရှာပြီ၊ သူတို့နောက်ကိုလဲ တတိုတစမှ လိုက်ပါသွားခြင်း မရှိကြဘူး၊ တနေ့ကျရင် ငါလဲ ဒီလိုဘဲ စွန့်ပစ်ရတော့မှာပါလား" လို့တွေးပြီး "ငါတော့ ကိုယ့်နောက်ပါမဲ့ အလုပ်ကို လုပ်မှဘဲ"လို့ စဉ်းစားမိတယ်။

အတ္တာ ဂေဟေ နိဝတ္တန္တိ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကဋံ ကမ္မံ၊ ဆာယာဝ အနုပါယိနီ။
(ဇာတ်ပါဠိတော်)

အတ္တာ၊ လယ်ယာမိုးမြေ ဆန်ရေစပါး စီးပွားဥစ္စာတို့သည်။ ဂေဟေ၊ မိမိနေရာ အိမ်ဂေဟာ၌။ နိဝတ္တန္တိ၊ မကွာမကွဲ မမြဲကျန်ရစ်ခဲ့ကြရလေကုန်၏။ မိတ္တဗန္ဓဝါ၊ ဆွေမျိုး သားချင်းတို့သည်။ သုသာနေ၊ လူသေတွေမြှုပ်နှံတဲ့ မြေသုသာန်အရပ်၌။ နိဝတ္တန္တိ၊ ငိုလားယိုလား မြေဖို့ထား၍ ပြန်သွားကြလေကုန်၏။ သုကတံ ဒုက္ကဋံ၊ ကောင်းမှု မကောင်းမှုဖြစ်သော။ ကမ္မံ၊ ကုသိုလ်ကံ အကုသိုလ်ကံသည်။ ဆာယာဝ၊ အရိပ်ပမာကဲ့သို့။ အနုပါယိနီ၊ အစဉ်တစိုက် တကောက်ကောက်နှင့် နောက်ကမသွေ လိုက်ရပါလေတော့သတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)။

ထိုအခါ ဘုရားအလောင်းတော် ကုဏ္ဍလ သူဋ္ဌေးသားသည် ကြံစည်ပြီးသကာလ မင်းဘဏ္ဍာအဘိုကိုခွဲ ကျန်သောပစ္စည်းများကို လှူဒါန်းလျက် ဟိမဝန္တာသို့ ထွက်သွားပြီး ရသေ့ပြုကာ ခန္တီဝါဒီရသေ့ ရယ်လို့ နာမည်တွင်လောက်အောင် ကျင့်ကြံတော်မူပါတယ်။

ဒီလို ဟိမဝန္တာတောမှာ အတော်ကြာအောင်ဘဲ သစ်သီးဝလံများ စားသုံးအားထုတ်တော်မူပြီး တနေ့သောအခါ ဗာရာဏသီပြည်သို့ ပြန်ပြီး ဆေးဝါးအမှတ် သုံးစွဲရန် ဆားအလှူခံ ကြွတော်မူလာခဲ့ပါတယ်။

နံနက်ပိုင်း ဆွမ်းအလို့ငှါ မြို့ကိုဝင်တော့ စစ်သူကြီးက မြင်လျှင်မြင်ချင်း မေတ္တာပွားပြီး အကြောင်းစုံ မေးမြန်းပြီးနောက် ပစ္စည်းလေးပါး တကာခံတယ်၊ မင်္ဂလာ ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါရန်လဲ လျှောက်ထားလို့ နှစ်ရက်တန်သည် သုံးရက်တန်သည် နေရန်ဆိုးဖြတ်ပါတယ်။ ဒါကြောင့် ဓမ္မပဒ အဋ္ဌကထာမှာ—

> ပုဗ္ဗေ ဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
> ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ—တဲ့။

ရှေးကရင်းနှီးခဲ့လို့ ယခု မြင်လျှင်မြင်ချင်း မေတ္တာတည်းဟူ ကြာပန်းပွင့်သလိုဘဲ တဲ့၊ မေတ္တာကြာပန်း ပွင့်တာပေါ့။ (မှန်ပါ့ ဘုရား)။ အဲဒီမှာ စစ်သူကြီးက မြင်မြင်ချင်း ညီအကိုအရင်းလို နှလုံးသွင်းပြီတော့—

"အရှင်ဘုရား၊ တပည့်တော်တို့အိမ်ကို ကြွပါ၊ ဘယ်ကိစ္စ အလို့ငှါ လာပါသလဲ ဘုရား"

"ဆားအလှူခံဖို့လာတယ် ဒကာကြီး"

"မှန်လှပါ၊ တပည့်တော်ကို ဆွမ်းဒါယကာဟုမှတ်တော်မူပါ၊ အခု အရှင်ဘုရား ဘယ်ကကြွလာပါသလဲ"

"ဟိမဝန္တာက လာခဲ့တယ်"

"ဘယ်တော့ ပြန်ကြွမလဲ ဘုရား"

"ဆားရရင် မနက်ဖန်ခါ ပြန်မယ်"

"မပြန်ပါနဲ့အုံး ဘုရား၊ တပည့်တော်ရဲ့ အလှူဒါနကို ချီး မြှင့်ထောက်ပံ့သောအားဖြင့် နှစ်ရက်တန်သည် သုံးရက်တန်သည် မင်္ဂလာဥယျာဉ်အတွင်းမှာ သီတင်းသုံးတော် မူပါအုံး ဘုရား"လို့ လျှောက်ထား လိုက်ပြီးနောက် ဆွမ်းခံခြင်း ဆွမ်းစားခြင်းကိစ္စ ပြီးတော့ မင်္ဂလာဥယျာဉ်မှာ သီတင်းသုံးတာပေါ့။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါကျတော့ ကလာဗု မင်းကြီးက မောင်းမမိဿံ ခြွေရံသင်းပင်းတွေနဲ့ မှူးကြီးမတ်ရာ သေနာပတိ အစရှိသူတွေနဲ့ သောက်စားပျော်ပါး ကခုန်တီးမှုတ် ကာ မင်္ဂလာဥယျာဉ် ကစားထွက်လာတယ်။

ဒကာ ဒကာမတွေ၊ မင်းယုတ်မာက တရားနာဘို့ ထွက်လာ တာလား၊ အပျော်ထွက်လာတာလား။ (အပျော်ထွက်လာတာ ပါဘုရား)။ အဲဒီလို အပျော်ထွက်လာတဲ့ ကလာဗုမင်းဟာ မူး ရူးပြီး အချစ်ဆုံး မိဖုရားပေါင်ပေါ်မှာ ခေါင်းအုံးပြီး ကျောက် ဖျာထက်မှာ အမူးလွန်တော့ အိပ်စက်သွားတာကိုး။

ဒီတင်မှာ အနားက မိဖုရားတွေက တီးမှုတ်ပျော်ပါးရင်းနဲ့ " ရှင်ဘုရင်ကြီးတော့ အိပ်ပြီ၊ ဒို့ကခုန်နေလို့ ဘာကျေးဇူးများမတုံး၊ လာသွားကြစို့" ဆိုပြီး မင်္ဂလာဥယျာဉ်ဘက် ထွက်သွားကြတယ်။ မင်္ဂလာဥယျာဉ်ဆိုတော့ ပန်းမျိုးစုံပေါတော့ မိဖုရားတွေ အကြိုက် တွေ့တာပေါ့နော်။ ဟိုပန်းရုံက ဒီပန်း ချုံ၊ ဒီပန်းချုံက ဟိုပန်းရုံ ကူးကာဖြတ်ကာနဲ့ပေါ့။ ပန်းကရမက်တွေကလဲ လန် လျက် တဝေဝေလို့ ဆိုရပေမပေါ့။ (မှန်ပါ ဘုရား)။ ဒါ့ကြောင့်...

မိုးစွေခတ္တာ၊ ဆဿဝါနှင်းဆီ၊ သရဖီမြတ်လေး၊ တတိုင်းမွှေး သဇင်၊ ဂမုန်းအင်ဒေါန၊ သော်ကခေါင်ရမ်း၊ ဇွန်ပန်းခရေ၊ သင်းခွေရင်ခတ်၊ တောင်ဇလပ် ပုန်းညက်၊ ကြက်ရိုးကံ့ကော်၊ စွယ်တော်စမ္ပယ်၊ ထားဝယ်မှိုင်းယုဇနာ၊ တုမရသည့် ပန်းဝတ် ပန်းမှုန် ပန် ရုံတွေကလဲ အလွန်ပေါနေတာကိုး။

အခုတော့ ရွှေပိုင်းမှာက ဝိပဿနာတရား ဖြစ်နေလေတော့ အရှိန်သတ်ထားရမှာပေါ့လေ။ ဒီလိုနဲ့ မိဖုရားတွေဟာ ပန်းတွေကို လိုက်ခူးရင်းနဲ့ ခုနက ရသေ့ကြီ၊ဆီကို ရောက်သွားကြတယ်။

ဒီလို ရသေ့ကြီးဆီကို ရောက်တယ်ဆိုရင်ဘဲ အမျိုးသမီးများဟာ အင်မတန်မှ လှပယဉ်ကျေး သိမ်မွေ့လှကြပါတယ်၊ ခု ခေတ် အမျိုးသား အမျိုးသမီးတွေ ဒကာ ဒကာမတွေနဲ့ မတူဘူးဗျနော်။ အမျိုးသားတွေဆိုရင် ငယ်ငယ်ရွယ်ရွယ်နဲ့ တရားနာတာနဲတယ်၊ အမျိုးသမီးတွေကများတယ်။ မိတ္ထီလာက အမျိုးသားတွေကတော့ တရားနာပါတယ်ဗျာ။

အဲဒီတင် ရသေ့ကြီးကို ရှိရိုသေသေ ရှိခိုးပြီးတော့ "ထိုက်တန်တဲ့တရားဓမ္မကို ဟောကြားပြပါ" ဆိုတော့ ဒါနတရားတွေ သီလတရားတွေ ဟောလိုက်တယ်။

အင်း–ဒါနလှူရင် ပစ္စည်းပေါတယ်၊ သီလ ဆောက်တည်ရင် ရုပ်အဆင်းချောတယ်ဆိုတော့ အမျိုးသမီးအကြိုက်နဲ့ အံမကိုက် သွားဘူးလား။ (အံကိုက်သွားပါတယ် ဘုရား)။

သူ့ပေါင်ပေါ်မှာ ခေါင်းအုံးခံရတဲ့ မိဖုရားက အခြားမိဖုရားတွေသွားတော့ သူလဲ သွားချင်ပေမပေါ့၊ မိန်းမသားဆိုတော့ သူတို့မှာ ဣဿာ မစ္ဆရိယလေးတွေကလဲ ရှိသေးတာကိုး။

ဒီဘက်လှည့်ပေးအုံးမှ။ ကြည့်လေ–သူတို့သာ ပန်းတွေခူးပြီး ပန်ကြတယ်၊ ငါ့တော့ ဒီအတိုင်းထားခဲ့တယ်ဆိုပြီး မနာလိုတော့ သူကလှုပ်လှုပ်ရွရွလုပ်၊ ဒီတော့ ရှင်ဘုရင်ကြီးက နိုးလာတယ်၊ အရက်မူးရာက နိုးလာတော့ ဒေါသတွေ ဖြစ်နေတယ်။

"ကြည့်စမ်း–ငါ့မိဖုရားတွေ ဘယ်ရောက်ကုန်ပြီလဲ"မေးကြည့်တော့ ဟိုဘက်သွားကြတယ်လို့လဲသိပါရော၊တကတဲ သံလျက်ကြီးပိုက်ပြီး မိဖုရားတွေနောက် အတင်းလိုက်တော့တာပေါ့၊ ဟိုကျတော့ ရသေ့ကြီးကို တွေ့တယ်ဆိုရင်ဘဲ ဘုရင်ကြီးက "ကြည့်စမ်းကြည့်စမ်း၊ ရသေ့ယုတ်မာကြီး၊ ဘယ်ကလာပြီး ငါ့မိဖုရားတွေ တသိုက်နဲ့ အကြည်ဆိုက်နေတာလဲ" ဆိုပြီး သူတော်ကောင်းကို မကောင်း စွပ်စွဲတော့တယ်။

ကဲ–ခန္ဓာရဲ့ ဖြစ်စဉ်အမှန်ကို မသိတဲ့ပုဂ္ဂိုလ်သည် သည်းခံဖို့ရာလဲ သူစိတ်မကူးဘူး၊ မိုက်ဖို့ရာဘဲ ရည်ရွယ် တော့တာဘဲ။

ဒီလိုစွပ်စွဲပြီး “သင်ဘယ်ကလာသလဲ လူယုတ်မာကြီး၊ တောမှာ မပျော် မြို့ပေါ်ရွာနား ကျက်စားခိုမှီး အကျင့်ပျက်တဲ့ ရသေ့ကြီး သီလမရှိတဲ့ ရသေ့ကြီး” ဆိုပြီးတော့ စွပ်စွဲပါလေရော။

“ဒါမင်္ဂလာဥယျာဉ်၊ ငါ့ကိုမပန်ကြားဘဲနဲ့ ဘယ်ကလာလို့ ဘယ်ကိုသွားမယ်ဆိုတာ ငါ့ကို မှန်မှန်ပြောစမ်း၊ သင့်နံမယ် ဘယ်လိုခေါ်သလဲ၊ အယူဝါဒဘယ်လိုရှိသလဲ”ဆိုပြီးတော့ အရက်မူးမူးနဲ့ ဝေါက်ငမ်းမေးတော့တာပေါ့။ (မှန်ပါဘုရား)။

အာဂစ္ဆတိ ကုတော ဒါနိ၊ ဝါသံ ကပ္ပေသိ ကေနိဓ။
ကိံဝါဒေါ တေ ကိံသီလံ တေ၊ ပုဋ္ဌော မေ ဗြူဟိ တာပသ။

လို့ မေးလိုက်တယ်၊ ထိုအခါ ဘုရားအလောင်းတော်က ဒီလို ဖြေလိုက်ပါတယ်။

ဒူသကေ သကဝေရိမှိ၊ မေတ္တာစိတ္တေန ဘာဝယေ။
သဗ္ဗတ္ထ ခန္တိဝါဒေါဟံ၊ ခန္တိဝါဒီတိ မံ ဝိဒူ။

မဟာရာဇ၊ ဗာရာဏသီ ပူရှိသနင်း မြတ်သောမင်းကြီး။ အဟံ၊ တရားသိမ်မွေ့ ငါ့ရသေ့သည်။ သဗ္ဗတ္ထ၊ ဣဋ္ဌ အနိဋ္ဌ စိတ် ဖေါက်ပြန်တတ်သည့် လောကဓံအာရုံ အလုံးစုံ ဟူသမျှ၌။ ခန္တိဝါဒေါ၊ ဗုဒ္ဓင်္ကုလောင်းအနွယ်တို့ မစောင်းမဖယ်ကျင့်အပ်တဲ့ ခန္တိဝါဒအယူကို ကြည်ဖြူစွာလေ့လာအပ်သည်ဖြစ်၍။ ဒူသကေ၊ ဒေါသအစွမ်း ကိုယ်နှုတ်ကြမ်း၍ ဘရမ်းဘတာ ပြုလုပ်လာသော။ သကဝေရိမှိ၊ မိမိကိုမာန်မူတဲ့ ရန်သူပင် ဖြစ်သော်လည်း။ မေတ္တာစိတ္တေန၊ ရန်တုံ့မမူ ကြည်ဖြူသနား မေတ္တာစိတ် အားဖြင့်။ ဘာဝယေ၊ ကျင့်ကြံအားထုတ်ကာ ပွားများပါပေ၏။ တသ္မာ၊

ထို့ကြောင့်။ မံ၊ ငါ့ကို။ ခန္တိဝါဒီတိ၊ သည်းခံခြင်း အယူဖြင့် ကြည်ဖြူစွာ ပျော်မွေ့တဲ့ **ခန္တိဝါဒီရှင်ရသေ့ဟူ၍**။ ဇနာ၊ များစွာ သောင်းသောင်း လူ ရှင် ရဟန်း အပေါင်းတို့သည်။ ဝိဒူ၊ နာမည် သတ်မှတ် ဂုဏ်ထူးတပ်၍ ပညတ်ခေါ်ကြပါကုန်သတည်း။

(သာဓု - သာဓု - သာဓုပါ ဘုရား)။

"အံမာ-မေးလိုက်တော့ သူ့ကိုယ်သူ ခန္တိဝါဒီတဲ့၊ ကြည့်လေ-မဟုတ်တယုတ်တွေကို လုပ်ကြံပြောတယ်၊ ရသေ့စုတ်ကြီးက လူပါးဝလို့၊ ခန္တိဝါဒီလေး ဘာလေးနဲ့၊ ဟေ့—အာဏာသားတွေ၊ ဟောဒီ ကိုခန္တိကြီး ဟုတ်သည် မဟုတ်သည်ကို အကျင့်စမ်းရ အောင်လို့ ခန္တိဝါဒီရသေ့ရဲ့ လက်နှစ်ဘက်ကိုဆွဲပြီးတော့ ထက်လှ တဲ့ ဓားကိုကိုင် ငါကိုယ်တိုင်ကြည့်ရအောင် တိကနဲခုတ်စေ"လို့ အမိန့်တော် မှတ်လိုက်တယ်။

ဒီတော့ အာဏာသားတွေက လက်နှစ်ဘက်ကို ဆွဲပြီးတော့ ခုတ်ကြတာပေါ့ဗျာ၊ လက်ကလေးတွေက အိမ်မြှောင်မျှားအမြီး ပြတ်သလို ဆွေ့ဆွေ့ခုန်ပြီးတော့ သွေးတွေက ယိုထွက်လာပြီး ဒုက္ခဝေဒနာ ခံစားရတာပေါ့၊ ဒီနေရာမှာ အလောင်းတော်မျှား သည်းခံခြင်း အယူဝါဒကတော့ မစွန့်လွှတ်သေးဘူး။ (မှန်ပါ ဘုရား)။

ကလာဗုမင်းယုတ်မာကြီးက "ဘယ့်နှယ်တုန်း ကိုခန္တိကြီးရဲ့ ခံနိုင်သေးရဲ့လားကွ" ဆိုပြီးတော့ မဟာဒေါသနဲ့ မေးလိုက်တယ်၊ အလောင်းတော် ရသေ့မြတ်က "ရေမြေသနင်း ဒကာတော် မင်းကြီး၊ ခန္တိဝါဒဆိုတဲ့ အယူဝါဒဟာ ဟောဒီလက်မှာ ကပ်နေ တာ မဟုတ်ပါ၊ အလွန်တရာမှ နူးညံ့သိမ်မွေ့လှစွာသော ဟဒယ

ဝတ္ထုမှာ ယှဉ်တွဲပြီးတော့ ဖြစ်ပေါ်တဲ့ သဘောတရားမို့ အသင်မင်းကြီးသည် ယူဝံ့လို့ရှိလျှင် အသဲကို ခွဲရှာသော်လဲ တွေ့နိုင်တဲ့ အရာမဟုတ်ပါ” လို့ အလောင်းတော် ရသေ့က ပြောလိုက်တာနဲ့ “ကြည့်စမ်း–ကြည့်စမ်း၊ အခုထက်ထိ ခန္တီတုန်း ရှိသေးတယ်၊ ခြေတွေဖြတ်ကွာ”လို့ ဆိုပြီး ဖြတ်ပြန်တာဘဲ တဲ့။

နောက်ပြီး “ခံနိုင်သေးရဲ့လား”လို့ မေးပြန်တယ်၊ ဒီတော့ ရသေ့ကြီးက “ဒကာတော်၊ ခန္တီဝါဒက ဒီနေရာမှာ ရှိတာမဟုတ်ဘူး”လို့ ပြောပြန်တာနဲ့ “နားတွေ နှာခေါင်းတွေကို ဖြတ်ဟာ” ဆိုပြီးဖြတ်ပြန်တာပေါ့။ ဒီလိုဖြတ်ပြီး “ဘယ့်နှယ်တုန်းကွ ကိုခန္တီကြီး ခံနိုင်သေးရဲ့လား”လို့ မေးပြန်တယ်။

အလောင်းတော် ရသေ့မြတ်ကြီးခမြာမှာ သွေးအိုင်ထဲ ယိုင်လဲပြီးတော့ နေစဉ်အခါမှာ “ကိုခန္တီကြီး ခံနိုင်သေးရဲ့လားကွ”လို့ မေးပြန်တာဘဲ၊ ရသေ့ကြီးကလဲ “ခန္တီဝါဒဆိုသည်မှာ ဒီနေရာတွေမှာ နေတာမဟုတ်ပါဘူး၊ အလွန်တရာ နူးညံ့ပျော့ပျောင်းလှစွာသော ဟာဒယဝတ္ထုမှာ ယှဉ်တွဲပြီးတော့ နေတာလို့”ဆိုတော့ “ကဲ–ဒီလောက်တောင် ခံနိုင်တဲ့ ကိုခန္တီကြီး မင်းခန္တီဝါဒဂုဏ်ကို မင်းသာယံုပြီးတော့ ဂုဏ်မြောက်ကွ” ဆိုပြီး ရင်ဝကို ဖနောက်နဲ့ ပေါက်ပြီး တော်ရာကိုထွက်သွားတယ်၊ ဘယ်လောက်များ ဆိုးဝါးပါသလဲဗျာ။ (မှန်ပါ့ဘုရား)။

အဲဒီလောက် မကောင်းတဲ့အမှုကို သူပြုသွားတာကိုး၊ ဒီတော့မှ စစ်သူကြီးက သံသယဖြစ်လာတယ်၊ ဒီရသေ့ကြီးဟာ ငါ့ကြောင့် သေရတာဘဲ၊ ငါတော့ဖြင့် ဘေးကြီးနဲ့ ကြုံရတော့မှာဘဲ”လို့၊ ဒီတင်မှာ “အရှင်ဘုရား အပြစ်တော်ထားလျှင်ဖြင့် ယုတ်ယုတ်မာမာ

ပြုလုပ်တဲ့ ကလာဗုမင်းကြီးအပေါ်မှာသာ ထားတော်မူပါဘုရား၊ တပည့်တော်သည် သဘောတူကြည်ဖြူလို့ ကြည့်နေရတာ မဟုတ်ပါဘုရား၊ ရွှေမားတော်ကို ကြောက်လို့ မလျှောက်ဝံ့လို့ ကြည့်နေရတာပါ၊ တပည့်တော်ကို အပြစ်မထားပါနဲ့”လို့ လျှောက်ထားပြီး ဖြတ်ထားတဲ့ ခြေတွေ လက်တွေ နှာခေါင်းအပြတ်တွေကို ကောက်ပြီးတော့ ပုဆိုးစွန်မှာထုပ်လျက် တောင်းပန်စကား ပြောကြားပါတယ်။

ဒီတော့ ရသေ့ကြီးက ဆွမ်းဒါယကာ စစ်သူကြီးကို ငါ ဒီအတိုင်း ဘာမှမပြောဘဲ သေသွားရင်တော့ဖြင့် ဒီသံသယဝိစိကိစ္စာစိတ်နဲ့ ဆွမ်းဒါယကာကြီး အပါယ်ရောက် ရှာတော့မယ်၊ ဒီတော့ သူ့ရဲ့သံသယ ဖြေဖျောက်ပေးမှဆိုပြီး အလောင်းတော် ရသေ့မြတ်က—

ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊ န ဟိ ကုဇ္ဈန္တိ မာရိသာ။ ။

ဘော ဒါယက၊ တထပ်စာ ဆွမ်းကပ်၍ ဥယျာဉ်တော်အရပ်မှာ သီတင်းသုံးတော်မူပါဘုရား လို့ လျှောက်ထားတောင်းပန်တဲ့ အို–ဆွမ်းဒါယကာ စစ်သူကြီးရယ်။ ယော ရာဇာ၊ အကြင် ကလာဗုမင်းကြီးသည်။ မေ၊ အရှည်ဝါဒီ တောရမှီ၍ ယောဂီတံများ ပွားများပေတတ် ငါရသေ့မြတ်၏။ ဟတ္ထေ စ၊ လက်တို့ကိုရင်း။ ပါဒေ စ၊ ခြေတို့ကိုရင်း။ ကဏ္ဏနာသဉ္စ၊ နားနှာခေါင်းကိုရင်း၊ ဆေဒယိ၊ အမိန့်တော်စေခိုင်း၍ မဆိုင်းလျင်စွာ ဖြတ်ရက်ပါပေ၏။ သော ရာဇာ၊ ငါ့တိုင်းမှာငါဘုရင် ငါထင်သလို စေခိုင်းမည်ဟု စိတ်ရှိတိုင်းပြုလုပ်တဲ့ ထိုကလာဗု မင်းကြီးသည်။

စိရုံ၊ နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင်။ ဇီဝတ္တု၊ အန္တရာယ်မဖက် ရန်စွယ်တွေအကုန်ပျက်၍ အသက်ရှည်ကြာ နေရပါစေသား။ မာရီသာ၊ ဗောဓိဉာဏ်ကို ရင့်သန်စေကြောင်း ဆုပန်ကာတောင်းခဲ့တဲ့ ငါကဲ့သို့သော သူတော်ကောင်း တို့သည်။ နဟိ ကုဗ္ဗန္တိ၊ လက်စားချေရန် ခုခံလိုတဲ့ စိတ်မျိုးဖြင့် ရန်ငြိုးပြုတော် မမူကြပါပေကုန်သတည်း။ ။

(သာဓု-သာဓု-သာဓု ပါဘုရား)။

ငါ့အပေါ် ဘယ်လိုပင်ရက်စက်သော်လဲ အပြစ်မထားပါဘူးကွာ၊ မင်းတို့လို ဆွမ်းဒကာကိုမဆိုထားပါနဲ့၊ ခြေလက်တွေဖြတ်ပြီး ခြေနှင့်ကန်သွားတဲ့ ကလာဗုမင်းကြီးကိုသော်လဲ "ချစ်လှစွာသော သားရတနာ သမီးရတနာ ဇနီးရတနာတွေနဲ့ ရွှေလက်တော်တွဲပြီး ထီးနန်းစည်းစိမ်ကြီးကို ကြာရှည်စွာ ခံစားနိုင်ပါစေ" လို့ ဆုမွန်ကောင်း တောင်းပါတယ်ဆိုတာ မောင်မင်း သခင်ဘုရင်ကြီးကိုပါ သံတော်ဦးတင်လိုက်စမ်းပါကွာ။ အဲဒီလို ပြောပြီး နတ်ရွာစံသွားရှာတယ်။

ဒီလို အလောင်းတော် ရသေ့မြတ်ကြီးရဲ့ ရင်ဝကို ဖနောင့်နဲ့ ပေါက်ပြီးတော့ ကလာဗုမင်းကြီး တော်ရာကိုလဲ ထွက်သွားပါရော၊ အလောင်းတော်ရဲ့ မျက်ကွယ်ကိုရောက်သည်နှင့်တပြိုင်နက် မဟာပထဝီမြေကြီးက ထက်ခြမ်းကွဲပြီးတော့ အဝီစိငရဲက မီးလျှံတွေ တဟုန်းဟုန်း တဖြုန်းဖြုန်းထလျက် အရှင်လတ်လတ် အဝီစိငရဲသို့ ဆွဲသွားပါတယ် တဲ့။ (မှန်ပါ ဘုရား)။

သစွာ ကွယ်မသွားဘူးလား။ (ကွယ်သွားပါတယ် ဘုရား)။ ရခဲတဲ့ လူ့ဘဝကိုတော့ ကလာဗုမင်းဟာ မရဘူးလား။ (ရပါ

တယ်ဘုရား)။ ကြုံခဲ့တဲ့တခဏ သည်းခံခြင်း အယူဝါဒကျတော့ ရရှိလား။ (မရပါဘူး ဘုရား)။ အဲဒါနဲ့ အဝီစိကျသွားတယ်။ (မှန်ပါ့ ဘုရား)။

အလောင်းတော် ရသေ့မြတ်ကျတော့ ရခဲ့တဲ့ လူ့ဘဝကြီးလဲ ရတယ်၊ တမင်တဖိုလ် မကြုံငြားသော်လဲ သစ္စာနဲ့လျော်တဲ့ သဘောတရားကို သည်းခံခြင်းအယူဝါဒ တခဏတော့ဖြင့် ကျင့်သုံးမသွားဘူးလား။ (ကျင့်သုံးသွားပါတယ် ဘုရား)။ ကောင်း၊ မြတ်တဲ့တခဏကို ကျင့်သုံးသွားရတဲ့ အတွက်ကြောင့် စုတေမနေ့ သေလွန်တဲ့အခါမှာ ခန္တိဝါဒအယူဖြင့် နတ်ပြည်ကို လားရပါ တယ် တဲ့။ ကိုင်း–မကွာဘူးလား။ (ကွာခြားပါတယ် ဘုရား)။ သူသည် ဒီလို သစ္စာလေးပါးကို သိချင်လို့ အသက်အသေခံပြီး တော့ သည်းခံရတယ်။ (မှန်ပါတယ် ဘုရား)။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေ တနာရီလောက် သည်းခံအား ထုတ်တာ အသက်သေမှာလားဗျာ။ (မသေပါဘူး ဘုရား)။ဒါနဲ့ များ နှစ်ခါလောက် ပြောင်းမယ် ဆိုရင် မကောင်းဘူးဗျ။ (မကောင်းပါဘူး ဘုရား)။ ဒါဖြင့် မပြောင်းမရွှေ့ဘဲနဲ့ တနာရီ လောက်တော့ဖြင့် ကောင်းကောင်းသည်းခံပြီး အားထုတ်ကြစမ်း ပါ။ ဒီလိုသည် ခံပြီး အားထုတ်လေလေ ခန္ဓာက ဆင်းရဲကြောင်း ပြလေလေဘဲ။ (မှန်ပါ ဘုရား)။ ဆင်းရဲကြောင်း ပြလေလေ ဒကာဒကာမတွေ "ဩော်–ဒီဘုံဘ ၎ မှန်သမျှဟာ ဒုက္ခချည်းဘဲ၊ ဘယ်ဘဝမှ မကောင်းဘူး" လို့ ဘဝအပြစ်ကို မြင်လေလေဘဲ။ (မှန်ပါ ဘုရား)။ ဘဝအပြစ် မြင်တယ်ဆိုရင် အာဒီနဝဉာဏ် မရသေးဘူလား။ (ရပါတယ် ဘုရား)။ ကာမာနံအာဒီနဝဉာဏ် ပေါ့၊ ကာမဂုဏ်အပြစ်တွေ မြင်လာပြီ။ (မှန်ပါ ဘုရား)။

ဒါဖြင့် သစ္စာဆိုက်ဘို့ နီးလာပြီဆိုကြပါစို့၊ နိဗ္ဗာန်ရောက်ဘို့ မနီးသေးဘူးလား။ (နီးလာပါပြီ ဘုရား)။ အဲဒါကြောင့် ရဟန်းအပေါင်းတို့အား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "မင်းတို့ သည်းခံပြီးတော့ နေရာမရွေးဘဲ အားထုတ်ကြစမ်းပါကွာ"လို့ သည်းခံခြင်းအယူဝါဒကို ဟောပြီးတော့ ဇာတ်တော်ကို ပေါင်းပြလိုက်တဲ့အခါ ရဟန်းတော်တို့သည် သောတာပန်တည်ကြပါတယ် တဲ့။ (မှန်ပါ့ဘုရား)။

## ဇာတ်ပေါင်း

ဇာတ်တော်ကို ပေါင်းလိုက်တဲ့အခါကျတော့ - ထိုအခါက ကလာဗုမင်းကြီးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာသည်။ ထိုအခါက ဆွမ်းဒါယကာ စစ်သူကြီးသည် ယခုအခါ သာရိပုတ္တာရာ ဖြစ်လာသည်၊ ထိုအခါက ခန္တီဝါဒီရသေ့သည် ယခုအခါ ငါဘုရားဖြစ်လာသည်၊ ဤကဲ့သို့ ဇာတ်တော်ကိုပေါင်းပြီး သစ္စာကို ပြတော်မူခဲ့ပါတယ်။

အဲဒါကြောင့် ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေ ကြိုးကြိုးစားစား အားထုတ်ကြပါလို့ တိုက်တွန်း လိုက်ပါတယ်။ ရသေ့ကြီးဟာ အသက်အသေခံပြီး အားထုတ်ခဲ့ရတယ်ဆိုတော့ ဦးပဉ္ဇင်းတို့ကလဲ တနာရီလောက် သည်းခံပြီး အားထုတ်နိုင်ရင် သစ္စာလေးပါး ပေါ်-မပေါ်။ (ပေါ်ပါတယ် ဘုရား)။

ဒါဖြင့် သစ္စာလေးပါး ပေါ်ရင် သောတာပန် တည်နိုင်-မတည်နိုင်။ (တည်နိုင်ပါတယ် ဘုရား)။ အဲဒါကြောင့် အားထုတ်ကြပါလို့ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ—

အာရဗ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။

ဘောဂန္တော၊ ချမ်းသာထိပ်သီး စိတ်မငြီးကြပါတဲ့ ရိပ်ကြီးကို ရှာ အို–သူတော်စွာ အပေါင်းတို့။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား အဆုံးအမ သာသနာတော်မြတ်ကြီး၌။ တုမှေ၊ သင်သူတော် ကောင်းတို့သည်။ အာရဗ္ဘထ၊ ဝီရိယဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော့။ နိက္ခမထ၊ ဖျင်းရိခြင်းမှ လွန်မြောက် အောင် အားထုတ်ကြပါကုန်လော့။ ယုဉ္ဇထ၊ ကိလေသာကြား မခိုနိုင်အောင် ဝိပဿနာ တရားအလုပ်တွေကို အားထုတ်ကြပါ ကုန်လော့။ ယထာ၊ ဥပမာပုံအားဖြင့် အဘယ်ကဲ့သို့နည်းဟူမူ ကား။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠာဂါရံ၊ ကျူထရံ အိမ်အိုဆွေးကို။ ဓုနာတိ ဣဝ၊ နင်းချိုးဖျက်ဆီးလေသကဲ့သို့။ တုမှေပိ၊ သင်သူတော်ကောင်းတို့သည်လည်း။ မစ္စုနော၊ သုံးဆယ့် တနိုင်ငံ ပိုင်စံစိုးနင်း အာဏာပြင်းလှတဲ့ ရှင်သေမင်း၏။ သေနံ၊ စစ်သည်အပေါင်းကို။ ဓုနာထ၊ တိုက်ဖျက်ကြပါကုန်လော့။ ဓုနာထ၊ ဝိပဿနာစက် မဂ်လက်နက်ဖြင့် ဖြိုဖျက်တိုက်ခိုက်ကြကုန် ရာသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)။

**ခန္တီဝါဒီရသေ့ဝတ္ထု ပြီးပြီ။**

မဟာကထိက အရှင်ဇဝနဟောကြားတော်မူသော

သဏ္ဍာယဒိဋ္ဌိဖြုတ် အလုပ်ပေးတရား

## ဝိသာခ နှင့် ဓမ္မဒိန္နာဝတ္ထု

### ဘုရားကန်တော့ခန်း

၁။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်ခြင်းကို ခံတော်မူထိုက်သော။ အရဟတော၊ တထောင့်ငါးရာ ကိလေသာ တည်းဟူသော အကန့်အကွက်ကို ချိုးဖျက်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးရပ် တရားမြတ်ကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် သိတော်မူပေထသော။ တဿ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သီရိ ကာမ ပယတ္တ–ဟု ဆိုအပ်သော ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ နော–အမှာကံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော်တို့၏။ နမော – နမကာရော၊ ရှိသေမြတ်နိုး ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(သာဓု-သာဓု-သာဓု ပါဘုရား)။

### တရားကန်တော့ခန်း

၂။ ဓမ္မဿ၊ မဂ်လေးရပ်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား။ မယံ၊ ရုပ်နာမ်နှစ်ဖြာ ငါး

ခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော်တို့သည်။ နမာမ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါကုန်၏ဘုရား။

## သံဃာတော်ကန်တော့ခန်း

၃။ သံဃံ၊ ပရမတ္ထသမုတိ ယခုရှိများစွာ သံဃာတော် အပေါင်းအား။ မယံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော်တို့သည်။ နမာမ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါကုန်၏ အရှင်ဘုရား။

## မိဘကန်တော့ခန်း

၄။ မာတာပိတုန္နံ၊ မြင်းမိုရ်တောင်မျှ နှိုင်းမရသည့် ကျေးဇူး အရှင် မိခင် ဘခင် နှစ်ပါးတို့အား။ မယံ၊ ရုပ်နာမ်နှစ်ဖြာ ငါး ခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့သည်။ နမာမ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါကုန်၏ ဘုရား။

## ဆရာကန်တော့ခန်း

၅။ အာစရိယဿ မဟာထေရဿ၊ ကျေးဇူးတော်ရှင် အဂ္ဂ မဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးအား။ နော-အမှာကံ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော် တို့၏။ နမော- နမကာရော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်း သည်။ အတ္ထု-ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(သာဓု - သာဓု - သာဓုပါ ဘုရား)။

## ပတ္တမြားစစ် ညွှန်မနစ်

ယနေ့တော့ အချိန်ကလေးကလဲ နဲနဲနောက်ကျသွားတယ်၊ ဒကာ ဒကာမတွေ ပြန်ချင်နေကြပြီထင်တယ်။ (မပြန်ချင်ပါဘူး ဘုရား)။

မပြန်ချင်နဲ့ အုံး တဲ့၊ ဦးပဥ္စင်းတို့ သံသရာဘဝတလျှောက်လုံးမှာ ဒီလိုဘဲ တရားဓမ္မကို မေ့လျော့ပြီးတော့ သားစွဲ သမီးစွဲ ပစ္စည်းစွဲ အိုးအိမ် တိုက်တာ မော်တော်ကား ရွှေ ငွေ စသည်အားဖြင့် ဒါတွေကို စွဲလမ်းသည့်အတွက်ကြောင့် တရားကိုမမက် လောကီ အာရုံ ကာမဂုဏ်ကိုသာ မက်ခဲ့သည့်အတွက်ကြောင့် သံသရာဝဲ ဂယက်မှ လွဲမထွက်နိုင်ဘဲနဲ့ အပါယ်လေးပါး ရောက်လိုက် သုဂတိ တခါတလေ အလည်လာလိုက်၊ သုဂတိတော့ တခါတလေမှ အလည်လာတယ်၊ အပါယ်လေးပါး ကျတော့ အမြဲလိုလိုဘဲသွား နေရတာ ဘာဖြစ်လို့ပါလိမ့်မလဲ—မေးတော့မှ သစ္စာတရားတွေကို မမက်ဘဲနဲ့ လောကီအာရုံ ကာမဂုဏ်တွေကို မက်ခဲ့တဲ့အတွက် ကြောင့် ဟို—အပါယ်လေးပါး တည်းဟူသော ဝဲဂယက်မှ ဦးပဥ္စင်းတို့ လွဲမထွက်နိုင်ဘဲနဲ့ ဘဝတိုင်းခံရတာဟာ တရားပျောက် လို့ဆိုတာ ဒကာ ဒကာမတွေ သဘောက်ပေါက်ဘို့ သိပ်ကောင်း တယ်နော်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် အခုတော့ ဦးပဥ္စင်းရော ဒီက အမိ အဘ ညီအကို မောင်နှမတွေရော သာသနာကြီးနဲ့ လဲကြုံပြန် လူ့ဘဝလဲရပြန် သစ္စာတရားတွေကို ဟောပေးနေတဲ့ ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးတို့နဲ့ လဲတွေ့ပြန်ဆိုတော့ ဦးပဥ္စင်းတို့မှာ ပါရမီ ဆုတောင်းကတော့ ပြည့်စုံပြီဆိုတာ ငြင်းဘို့လိုသေးလားဗျာ။ (မလိုပါဘူး ဘုရား)။

တရားဟောတာကတော့ ဘယ်ဘုန်းကြီး ဟောဟော အတူတူ ပါဘဲနော်။ (မှန်ပါ ဘုရား)။ ဒီတရားပါဘဲ တဲ့၊ သို့သော် ဦးပဥ္စင်းတို့ ဒကာ ဒကာမတို့က ဗမာလူမျိုးဆိုတော့ ဗမာ့နည်း ဗမာ့ဟန်နဲ့ "သစ္စာဆိုတာ ဒါပါဘဲကွာ"ဆိုတာကို လက်ညှိုးထိုးပြီး ဟောပြနိုင်လို့ရှိရင် ပိုကောင်းတယ်လို့ ဆုံးဖြတ်ချက်ချပါ။ (မှန်ပါ ဘုရား)။

အဲဒါကြောင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီးကတော့ဖြင့် လက်ဝါးပြင်ပေါ်မှာ ပတ္တမြား တင်ထားဘိသကဲ့သို့ ထင်ထင်လင်းလင်းနဲ့ မိမိတို့ရဲ့ဉာဏ်ထဲမှာ အမြင်ရှင်းအောင် သစ္စာတရားကို ပြနိုင်ခြင်းကြောင့် ဦးပဥ္စင်းတို့ အနေနဲ့တော့ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တ ဆရာတဆူဘဲ လို့လဲ သတ်မှတ်ရမယ်နော်–(မှန်ပါ ဘုရား)။

အခြားအခြားသော ပုဂ္ဂိုလ်တွေကကောဘုရား လို့ ဆိုတော့– အတူတူပါဘဲ တဲ့၊ ဒါကျေးဇူးတော်အစုံဂုဏ်တော်အနန္တ ဆရာတော် ဘုရားချည်းပါဘဲနော်၊ အဲဒီတော့ ဦးပဥ္စင်းတို့မှာ"လူ့ဘဝရပါလို၏"ဆိုတဲ့ ဆုတောင်းကဖြင့် မပြည့်သေးဘူးလား။ (ပြည့်ပါပြီ ဘုရား)။

"သာသနာကြီးနဲ့ ကြုံရပါလို၏"ဆိုတဲ့ ဆုတောင်းပါရမီက ကော။ (ပြည့်ပါပြီ ဘုရား)။ "သစ္စာတရားဟောတတ်တဲ့ ဆရာ သမားနဲ့ တွေ့ရပါလို၏" ဆိုတဲ့ ဆုတောင်း ပါရမီကကော။ (ပြည့်ပါပြီ ဘုရား)။ ပါရမီဆုတောင်းကတော့ ပြည့်နေပြီ တဲ့၊ သို့သော် အလုပ်ပါရမီကကော။ (ပြည့်ပါပြီ ဘုရား)။

ပါရမီဆုတောင်းကတော့ပြည့်နေပြီတဲ့၊ သို့သော် အလုပ်ပါရမီ ပြည့်ဘို့ရာ နည်းနည်း ကျန်နေသေးတယ်နော်။ (မှန်လှပါဘုရား)။

ဒီတော့ "ဒို့မှာ အလုပ် ပါရမီကျန်နေသေးတယ်၊ အားထုတ်ဘို့ရာ ပါရမီလေးတော့ဖြည့်အုံးမှ" ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်စမ်းပါ။ (မှန်လှပါ ဘုရား)။

ကိုင်း—ယနေ့တော့ဖြင့် အချိန်ကလဲ ရသရွေ့ကို ဦးပဥ္ဇင်း ဒီဇာတကဝိပဿနာအနေနဲ့ ကေကနိပါတ်ဇာတ်တော်မှာလဲလာပါတယ်၊ ဓမ္မဒိန္နာနဲ့ဝိသာခဆိုတာ ကြားဘူးကြလိမ့်မယ်နော်။ (မှန်ပါဘုရား)။

အင်မတန်မှလဲ မှတ်သားဖွယ် ကောင်းပါတယ်၊ ဒါနအကျိုးများပုံကိုလဲ သိဘို့ရာအရေးကြီးပါတယ်၊ ဦးပဥ္ဇင်းတို့တတွေ သီလဆောက်တည်ဘို့ရာကော အရေးမကြီးဘူးလား။ (မှန်ပါ ဘုရား)။

ဒါဖြင့် ဒါနလဲ အခုပြည့်စုံခဲ့လို့ လူ့ဘဝရောက်တော့ သားနဲ့ သမီးနဲ့ ပစ္စည်းပစ္စယနဲ့ သင့်သလောက်လဲ ရှိနေကြပါပြီ။ (မှန်ပါဘုရား)။

အခုလဲဘဲ ဒါနပြုတုန်း၊ ဦးပဥ္ဇင်းတို့လဲ ယခုတိုင်ဘဲ ဒါနပြုတုန်းပါဘဲ။ (မှန်ပါ ဘုရား)။ သီလကိုလဲ ဆောက်တည်ခဲ့ကြလို့ အခုတရားပွဲကိုလဲ ကျန်းကျန်းမာမာ လာနိုင် ခဲ့ကြပြန်ပါတယ်။ (မှန်ပါ ဘုရား)။

သီလလဲ ပြည့်စုံတယ်၊ သို့သော် သမထဝိပဿနာဆိုတဲ့ တရားကလေး ဖြည့်ဘို့ရာကတော့ ဒီအချိန်မှာမှ ဖြည့်နိုင်တယ်၊ အအိုကြားနဲ့ အနာကြားမှာ မကြိုးစားရင် ဒို့ကြိုးစားဘို့ အချိန်မရှိတော့ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်ပါ။ (မှန်ပါ ဘုရား)။

ဒါနတရားကလဲ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အင်မတန် ကောင်းမြတ်တဲ့အကျိုးကို ပေးပါတယ်။ (မှန်ပါ ဘုရား)။ သီလ တရားကလဲဘဲ ခုလို သစ္စာတရားတွေ မိုးလိုစွေနေတဲ့ အခါမှာ သူများမသွားနိုင်ပေမဲ့ ကိုယ်သွားနိုင်တဲ့ အရည်အခြင်း ကျန်းမာ ရေးရအောင်လဲ သီလကနေပြီးတော့ အကျိုး ပေးနေပါတယ်။ (မှန်ပါ ဘုရား)။

ကိုင်း–ဒါဖြင့် တရားပွဲ အားခဲပြီး ရောက်လာတဲ့အခါမှာ အချိန်တွေ အလကားမဖြစ်ရအောင်လို့ ခန္ဓာအရှိန့် ဥာဏ်အသိ ကိုက်အောင် ဟောတဲ့တရားမျိုးဆိုရင် ပိုပြီးတော့ မကောင်းဘူး လား။ (ကောင်းပါတယ် ဘုရား)။

ဒါကြောင့်မို့လို့–

အဂ္ဂပုညေဟိ အဂ္ဂေန္တိ၊ အဂ္ဂေဟိ သံသရန္တိ တေ။
အဂ္ဂဋ္ဌာနံပိ ပါပေါတိ၊ သဗ္ဗေယျံ အဂ္ဂသမ္မတေ။

လောကေ၊ ကမ္ဘာတဝိုက် တိုက်အနန္တ ဘုံလောကကြီးထဲ၌။ ယေ သတ္တာ၊ ကောင်းကျိုးမကောင်းကျိုး နှစ်မျိုးစီမံ ကံသာလျှင် အမိ အကြောင်းရင်းရှိကုန်သော အကြင်သတ္တဝါတို့သည်။ အဂ္ဂ- ပုညေဟိ၊ စိတ်ထားမြင့်မြတ် ကုသိုလ်ဓါတ်တို့ကြောင့်။ အဂ္ဂေန္တိ၊ လူ့ပြည်မှာလဲမယှဉ်သာ နတ်ရွာမှာလဲမနိုင်းသင့် မြင့်ထက်မြင့် ခေါင်ကဖုံး၍ အမြတ်ဆုံးဖြစ်ကြလေကုန်၏။ တေ သတ္တာ၊ အမြင့်ဓါတ်ကိုရွယ်ချောင်း၍ တရားကောင်းကိုပွားများလေ့ရှိကြ ကုန်သော ထိုသတ္တဝါတို့သည်။ သံသာရေပိ၊ ရုပ်နှင့်နာမ် ဇာတ် မကွဲလေတော့ ထပ်တလဲလဲကျင်လည်ရာ သံသရာဘဝ ဘုံလောက

ကြီး၍လည်း။ အဂ္ဂေဟိ၊ သားသမီးခြွေရွေ ထွေထွေစည်းစိမ် ဂုဏ်ရှိန်တင့်အပ် အမြွတ်ခပင်း ဓါတ်တသင်းတို့နှင့်။ သံသရန္တိ၊ မျိုးနွယ်သန့်ရှင်း ပွံ့ပွံ့သင်းအောင် ကောင်း၊ခြင်းမျိုးစုံ ကျင်လည်ကြလေကုန်၏။ တေန၊ ထို့ကြောင့်။ ပဏ္ဍိတာ၊ အမြင့်နှင့်အမြတ်ကို မပြော်လိုလား ပညာရှင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ အဂ္ဂဋ္ဌာနံပိ၊ မဂ်လေး၀ ဖိုလ်လေးတန် နိဗ္ဗာန်ကြွင့်နန်း လောကုတ္တရာ အဆင့်အတန်းသို့လဲ။ ပါပေါတုံ၊ မှန်းတိုင်းပေါက်၍ လှမ်းရောက်လျင်စွာ ကျွတ်တန်းဝင်ဘို့ရာ။ အဂ္ဂသမ္မတေ၊ အမြတ်သမုတ် မပြတ်လုပ်ဘို့ အထုပ်ပမာ ကုသိုလ်ကောင်းမှုအဖြာဖြာတို့ကို။ သဒ္ဓေယျုံ၊ အမြင့်ဆုံးအထက်တန်းကို တက်လှမ်းရန်အားထား၍ ကြိုးစားဆည်းပူး ကြကုန်ရာသတည်း။

(သာဓု-သာဓု—သာဓု ပါဘုရား)။

## ဇာတ်လမ်း

ဇာတ်လမ်းကတော့— ဦးပဥ္စင်းတို့ ဤကမ္ဘာမှပြန်ပြီး ရေတွက်သည်ရှိသော် ကမ္ဘာတသိန်းထက်မှာ ပဒုမုတ္တရ မြတ်စွာဘုရားရှင်လက်ထက်က မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတသိန်းကိုပင့်ပြီး ဆွမ်းကပ် သင်္ကန်းလှူ အဲဒီလိုပြုပြီး "တပည့်တော်သည် တဆူသောဘုရား၏ ထံတော်ပါးဝယ် တေဒဂ်ဘွဲ့ထူးကြီးကို ဆွတ်ခူးပြီးသကာလ မိန်းမမြတ် ဥက္ကဋ္ဌ အကျော် ဓမ္မကထိက မယောင် တပါးရယ်လို့ ဖြစ်ထွန်းရပါလို၏" လို့ ဆုပန်လိုက်ခဲ့ဘူးတဲ့ အမျိုးသမီးတယောက်ရှိတယ်။ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကိုရောက်လာတော့ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဋ္ဌေးသမီးတယောက်လာပြီး ဖြစ်ရပါတယ်လို့ မှတ်ကြနော်။ သူ့ကိုတော့ဖြင့် **ဓမ္မဒိန္နာ** လို့ အမည်မှည့်ပါတယ်။

သူဌေးသမီးရဲ့ နံမည်ကို ဘယ်လိုမှတ်ကြမယ်။ (ဓမ္မဒိန္နာ ပါ ဘုရား)။ ဓမ္မဒိန္နာတဲ့နော်၊ ရာဇဂြိုဟ်ပြည်ကြီးမှာပေါ့။ (မှန်ပါ ဘုရား)။

အဲဒီမှာလဲဘဲ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ ဝိသာခ လို့ခေါ်တဲ့ သူဌေးသားတယောက်ကလဲရှိတယ်၊ ဗိမ္ဗိသာရမင်းကြီးနဲ့ ကျောင်း နေဘက်ဖြစ်တော့ မိဂဒါဝုန်တောမှာ မြတ်စွာဘုရား တဝ ါဆို တော်မူပြီးလို့ ရာဇဂြိုဟ်ပြည်ရောက်လာတယ်ဆိုရင်ဘဲ ဗိမ္ဗိသာရ မင်းကြီးနဲ့အတူ တရားဓမ္မတွေနာကြားရလို့ သောတာပန် ဖြစ်နေ တယ်တဲ့။ (မှန်ပါ ဘုရား)။

ဝိသာခသူဌေးကလဲ သောတာပန်တည်နေတော့ ခုနက ဓမ္မ-ဒိန္နာအမျိုးသမီးက အချိန်တန် အရွယ်ရောက် လူလားမြောက်ပြီး တဆယ့်ခြောက်နှစ်အရွယ် လောက်မှာ လူမက နတ်တမျှ အင်မ တန်လှပတဲ့ အမျိုးသမီးဖြစ်နေလေတော့ အတိုင်းတိုင်း အပြည် ပြည်က သူဌေးသူကြွယ် မင်းညီမင်းသားတွေက အဖိုးတန်တဲ့ တံစိုးလက်ဆောင် ပဏ္ဏာများကို ပေးပို့ပြီး စေ့စပ်ကြောင်း လမ်းကြတဲ့အခါ ဗိမ္ဗိသာရမင်းကြီးက "ဘယ်သူ့တံစိုးလက်ဆောင် ပဏ္ဏာကိုမှ လက်မခံရဘူး" လို့ အမိန့်ထုတ်ထားရသတဲ့။ (မှန်ပါ ဘုရား)။

ဒါလောက်တောင် ချောမောလှပပြီး ပစ္စည်းတွေပေါတာ ဟာ တခြားကြောင့်လား၊ အတိတ်တုန်းက ဒါနပြုခဲ့လို့လား။ (အတိတ်တုန်းက ဒါနပြုခဲ့လို့ပါ ဘုရား)။ ပစ္စည်းတွေပေါတာက အတိတ်က ဒါနပြုခဲ့တာနော်။ (မှန်ပါဘုရား)။ ရုပ်ရေရူပကာယ ကောင်းခြင်းငါးဖြာနဲ့ သင့်တင့်တာကတော့ အတိတ်တုန်းက

သိလဆောက်တည်ခဲ့တဲ့ အကျိုးကျေးဇူးလို့ မှတ်ထားပေါ့။ (မှန်ပါဘုရား)။

ဩော်–ဒါဖြင့် ဘုရားသာသနာကြီးနဲ့လဲကြုံတဲ့အပြင် ပစ္စည်းကလဲပေါ ရုပ်ရည်ကလဲချော ဘုရားနဲ့လဲ တွေ့ကြုံပြန်ဆိုတော့ သူ့အဘိုမှာဖြင့် ဒါဟာ ပစ္စိမဘဝိက ပုဂ္ဂိုလ်လို့ မဆိုရပေဘူးလား။ (ဆိုရပါတယ် ဘုရား)။

တချိန်ကျတော့ ဝိသာခသူဌေးကြီးနဲ့ဘဲ အိမ်ထောင်ရက်သားကျတယ်၊ ဗိမ္ဗိသာရမင်းကြီးက စေ့စပ်ကြောင်းလမ်းကာ ရက်ကောင်းရက်မြတ်ရွေး လက်ထပ်ပေးလိုက်တယ်လို့ တိုတိုမှတ်လိုက်တာပေါ့။ (မှန်ပါဘုရား)။

ဒါနဲ့ဘဲ သူတို့အိန္ဒိယတိုင်းမှာ ကုလားလူမျိုးတို့ထုံးစံအတိုင်း ဝိသာခသူဌေးကြီးက ရထားစီးလို့ပေါ့။ ရထားဆိုတာက ခုလို ရထားမျိုးမဟုတ်ဘူး၊ မြင်းရထားပေါ့။ (မှန်လှပါ ဘုရား)။

ရထားစီးပြီးတော့ ဗိမ္ဗိသာရမင်းကြီးနဲ့ ဘုရားကျောင်းတော်ကို တရားသွားပြီးတော့ နာတယ်၊ ပြန်လာလို့ရှိရင် ဓမ္မဒိန္နာက အိမ်ပေါက်ဝမှ ထွက်ပြီးတော့ ဖီးလိမ်းပြင်ဆင်ပြီး လက်ကလေးလှမ်းလှမ်းပေးနေကျပေါ့၊ သောတာပန်ဖြစ်တဲ့ ဝိသာခသူဌေးကြီးက ကာမတဏှာကို မပယ်နိုင်သေးဘဲကိုး။

သောတာပန် ဆိုတာနော်။ (မှန်ပါ ဘုရား)။ ကုရုတိုင်းတတိုင်းလုံးမှာ လေးပုံပုံရင် သုံးပုံက သောတာပန်တွေပေါ့၊ ကာမတဏှာကို မပယ်နိုင်လို့ အိမ်ထောင်ရက်သားနဲ့နေကြတဲ့ ဝိသာခါ အနာထပိဏ် သူဌေးတို့လိုပေါ့ဗျာနော်၊ ခင်ဗျားတို့ ကြားဘူး

ပြီးသွားတွေပါ၊ ကာမတဏှာကို အရှင်းမပယ်နိုင်သေးလို့ အိုးအိမ်ထောင်နဲ့ နေတာတွေ အများကြီးဘဲ။

အဲဒီတော့ ဓမ္မဒိန္နာရဲ့လက်ကို ဆွဲဆွဲပြီး ဝိသာခသူဌေးဟာ ပျော်ပျော်ကြီးပြုံးလား ရှင်လားနဲ့ တရားနာက ပြန်လာတိုင်း အိမ်ပေါ်တက်သွားနေကျဖြစ်တယ်။ (မှန်ပါဘုရား)။ အိမ်ပေါ်ကျတော့မှ စားကြသောက်ကြနဲ့ ပျော်ပျော်ပါးပါး နေကြထိုင်ကြတာပေါ့။

နောက်တနေ့တော့ ဗိမ္ဗိသာရမင်းကြီးက "အဆွေတော် ဝိသာခသူဌေးကြီး၊ ဓမ္မဒိန္နာကို တရားနာခေါ်ခဲ့ပါလား" လို့ ပြောတယ်၊ ဒီအချိန်မှာ ခေမာမိဖုရားကြီးကတော့ ကျွတ်တမ်းဝင်ပြီးသွားဖြစ်နေပြီပေါ့လေ။ (မှန်ပါ ဘုရား)။

ဒါနဲ့ ဝိသာခသူဌေးကြီးက "ချစ်နှမ ဓမ္မဒိန္နာ၊ မြတ်စွာဘုရားရဲ့တရားတော်ကို လိုက်ပြီးတော့ နာပါလားကွာ၊ တရားအရသာဟာ လောကီအရသာနဲ့ မတူဘူးကွ၊ ဘယ်အရသာနဲ့မှ နှိုင်းစာလို့မရဘူး၊ အင်မတန် မြင့်မြတ်တဲ့ အရသာပါ နှမရယ်၊ တရားနာလိုက်ခဲ့ပါလား"လို့ဆိုတော့ "အို-ရှင်ဟာ အားမနာဘူးလား၊ တခါလာလဲ တရားနာသွားရအောင် တခါလာလဲ တရားနာသွားရအောင်နဲ့၊ ရှင့်တရားမနာချင်ပါဘူး၊ ရှင့်တို့တရား ရှင့်တို့ဘဲနာပါ၊ ရှင့်တို့တရားက ကြောက်စရာကြီးဘဲ၊ အင်မတန်မှ ချစ်စရာကောင်းတဲ့ ကိုယ်ကာယကိုပင်လျှင် ရွံရမယ် မုန်းရမယ် အသုဘနဲ့တူရမယ်လို့ ဟောတဲ့တရားမျိုးကို ကျုပ်တို့အမျိုးသမီး အချောအလှအနေအားဖြင့် ဘယ်နည်းနဲ့ နာနိုင်ပါ့မလဲ၊ ရှင့်တို့ တရားကို ရှင့်တို့ဘဲနာပါ"လို့ ပြောတော့ ဝိသာခသူဌေးကြီးက

"ဓမ္မဒိန္နာရယ်၊ ငါတို့ရထားတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ သုံးဆယ့်နှစ်ကောဋ္ဌာသဟာမို့ ရွံစရာမုန်းစရာချည်းဘဲ၊ ဘယ်မှာ ချစ်စရာရှိမှာတုံး" လို့ ပြောတော့ ဓမ္မဒိန္နာက ပုထုဇဉ်ဆိုတော့ အခန်းထဲသွားပြီး ပြင်ဆင်ဖီးလိမ်းပြီးသကာလ ပြန်ထွက်လာပြီး တော့ "အို-ဝိသာခသူဌေးကြီးရယ်၊ ကျမရဲ့ခန္ဓာ ကိုယ်ကာယကို ကြည့်စမ်းပါအုံး၊ ချစ်စရာဘဲလား၊ မုန်းစရာဘဲလား" လို့ ဆိုတော့ ဝိသာခသူဌေးကြီးဟာ ဘယ့်နှစ်ဖြစ်သွားမလဲ။ မုန်းသွားမှာလား၊ ပြုံးသွားမှာလား၊ ဖြေကြပါအုံး။ (မုန်းသွားပါမယ် ဘုရား)။

ဘယ်ကမုန်းသွားရမှာတုံး၊ ပြုံးသွားတာပေါ့၊ ကာမတဏှာကို မှအရှင်းမပယ်နိုင်သေးတဲ့ သောတာပန်ကြီးကိုးဗျနော်။ အဲဒီလို ပြုံးပြီးနေတော့ အရှုံးပေးရာ မရောက်ဘူးလား။ (ရောက်ပါတယ် ဘုရား)။ ဒါ့ကြောင့်မို့ ဒီဂါထာကို ဟောတာပေါ့။

အသုဘံ သုဘသညာယ၊ ဝါယမန္တိ ပုထုဇ္ဇနာ။
ဒိဝါ ရတ္တိံ စ တံ ကာလံ၊ ခေပေတွာ တေသု မုယှရေ။

ပုထုဇ္ဇနာ၊ ကိလေသာဟုန် ကိုယ်လုံးထုံ၍ မြူးခုန်ပျော်ပါး ပုထုဇဉ်များတို့သည်။ အသုဘံ၊ မတင့်မတယ် စက်ဆုပ်ဖွယ်နှော အသုဘဆိုတဲ့သဘောကို။ သုဘသညာယ၊ စိတ်တည့်ရာ ထင်စွာ မှတ်တတ်တဲ့ သုဘဆိုတဲ့ သညာဓါတ်ကြောင့်။ ဝါယမန္တိ၊ ကြိုး ပမ်းအားထုတ် အရေးလုပ်ကာ နေကြလေကုန်၏။ ဝါ၊ အာရုံ တွေ့အပိုတ်ခက်လို့မို့ ကာမဂုဏ်အဆိပ်တက်ကာ နေကြလေကုန် ၏။ ဒိဝါ စ၊ ဒေါင်းဖလ်ရဝိန် သူရိန်နေမင်း ထွန်းလင်းလှစွာ နေ့အခါ၌ရှင်း။ ရတ္တိံ စ၊ အေးမြသာယာ ညဉ့်အခါ၌ရှင်း။ တံ ကာလံ၊ ထိုအဖိုးတန်လှ အချိန်ကာလတွေကို။ ခေပေတွာ၊

အချည်းနှီးသုံးဖြုန်း ကုန်ဆုံးကြစေကုန်လျက်။ တေသု၊ ချစ်ခင်ပေါင်းသင်း ထိုကာမဂုဏ်ကျော့ကွင်းတို့၌။ မုယှရေ- မုယှန္တိ၊ အဝိဇ္ဇာတဏှာအုပ်ချုပ်၍ ဘဝဇာတ်ရှုပ်ကာ နေကြလေကုန်သတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

အဲဒီလို အရှုံးပေးရတဲ့ ဘဝရောက်သွားရတယ်၊ ဒါနဲ့ဘဲ ဗိမ္ဗိသာရမင်းကြီးနဲ့ ဝိသာခသူဌေးကြီးဟာ အကျိုးပေးပုံချင်း တူကြတယ်၊ သူတို့ရဲ့ချစ်သူ မယားချောကလေးတွေကို တရားသဘောပေါက်စေချင်တာကိုး။ သို့သော်လဲ ဟိုက အလှမာန်ကိုးပြီးတော့ နှုတ်ဆိုးဆိုးပုံချင်းလဲတူတယ်၊ တရားရစေချင်တဲ့ ဆန္ဒချင်းကောမတူဘူးလား။ (တူပါတယ် ဘုရား)။

ကျောင်းနေဘက် သူငယ်ချင်းလဲဖြစ်တော့ ဒါနဲ့ဘဲ တနေ့တွင်ရထဒေးတွေစီးလို့ ဝိသာခသူဌေးကြီးနဲ့ ဗိမ္ဗိသာရမင်းကြီး ဘုရားကျောင်းတော်သွားပြီး တရားနာလိုက်တာ၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်တွေဆိုတော့ "ခန္ဓာအာယတနဓါတ်သစ္စာတို့၏ မပြတ်ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ် ၈ လာတာဟာ ဒုက္ခဖြစ်ချင်လို့" ဆိုတဲ့ အကြောင်းကို ဟောလိုက်တာပေါ့လေ။ (မှန်ပါ ဘုရား)။

## အပါယ်နှစ်တဲ့တရား

ဆိုကြပါစို့၊ ဦးပဥ္စင်းတို့ ဒကာဒကာမတို့ကို ကျဉ်းကျဉ်းပြောတော့ ရှုံကိုသွင်းချင်တဲ့စိတ်ကလေးတွေ မှုတ်ထုတ်ချင်တဲ့စိတ်ကလေးတွေ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒါဟာ တည်တံ့ခိုင်မြဲသလား။ (မတည်တံ့ပါ ဘုရား)။ အင်း–ဒီ

သဘောကို တင့်တယ်တယ် ခေါ်မလား၊ မတင့်တယ်ဘူးခေါ်မလား။ (မတင့်တယ်ပါဘူး ဘုရား)။

ရှုရှိုက်နေရခြင်းသည်ပင်လျှင် ကိုယ့်အလို မလိုက်သည့်အတွက်ကြောင့် မတင့်တယ်တဲ့တရား။ မတင့်တယ်ဆိုတာ ဗမာလိုပြန်တာ၊ စာလိုသုံးတော့ အသုဘပါကွာလို့ မပြောဘူးလား။ (ပြောပါတယ် ဘုရား)။

အင်း–ဒကာမကြီးတွေကတော့ ထင်ပြီ၊ ဒီကိုယ်တော် လာရင် အသုဘရယ် သင်းချိုင်းကုန်းရယ်၊ အတော် ကျက်သရေတုံးတဲ့ ကိုယ်တော်ဘဲလို့ ထင်မှာဘဲနော်။ (မထင်ပါ ဘုရား)။ ထင်ချင်လဲ ထင်လေ၊ ဦးပဥ္စင်းတို့ အမိဝမ်းထဲမှာ ပဋိသန္ဓေက ကိုးလလွယ်ဆယ်လကတည်းက ကျက်သရေကို မပါလာဘူး။ (မပါပါ ဘုရား)။

အဲဒါ ကိုယ့်ဟာကိုယ် ခင်ဗျားတို့ ဖေါ့ခရစ်တွေနဲ့ လိုင်းကြီး လိုင်းလတ်တွေနဲ့ ဖုံးပြီးတော့ ကျက်သရေလုပ်တာတော့ မတတ်နိုင်ဘူး၊ ကျက်သရေကတော့ မပါတာ အမှန်ဘဲ။ (မှန်ပါ ဘုရား)။

အခုကြည့်နေပါ၊ တော်တော်ကြာကျလို့ရှိရင် ပူအိုက်ချွေးထွက်ပြီးတမျိုးတမည် ဖေါက်ပြန်လာတာပါဘဲ (မှန်ပါဘုရား)။ ဒါကြောင့် အဲဒါကျက်သရေရှိလို့ ဖေါက်ပြန်တာလား။ မရှိလို့လား။ (မရှိလို့ပါ ဘုရား)။

ကျက်သရေမရှိတဲ့ခန္ဓာသည် တင့်တယ်သလား၊ မတင့်တယ်ဘူးလား။ (မတင့်တယ်ပါ ဘုရား)။ မတင့်တယ်တာကို စာလိုသုံး

တော့ ဘယ်လိုခေါ်ကြမလဲ။ (အသုဘပါ ဘုရား)။ အင်း-အသုဘဘဲ၊ အစတော့ပျိုးလာပြီနော်၊ အသုဘဘဲ တဲ့။

ကိုင်း-ဒါဖြင့် ဦးပဉ္စင်းတို့ ဒကာ ဒကာမတွေ ဒီတရားမျိုးကလဲ အင်မတန်မှ ဘုန်းရှင်ကံရှင်မျိုးမှဘဲ နာနိုင်ကြတာပါနော်။ (မှန်ပါ့ဘုရား)။ နို့မဟုတ်ရင် အင်မတန် နားငြီးစရာ ကောင်းတဲ့ တရား၊ ကိုင်း-ဒီတော့ ဝိသာခသူဌေးကြီးက အနာဂါမ်တည်ပြီး ပြန်လာတယ်ဆိုတာ မှတ်ထားကြနော်။ (မှန်ပါဘုရား)။

ယနေ့ ဟောမဲ့တရားက တခြားမဟုတ်ပါဘူး၊ ဦးပဉ္စင်းတို့ ဒကာဒကာမတို့ကို တသံသရာလုံးက သုဂတိကို ခဏဘဲလည်ခွင့် ပေးတယ်၊ အပါယ်လေးပါးကိုသွားပြီး နှစ်ထားတဲ့ တရားဟာ လက်သယ်ဘယ်သူလဲလို့မေးတော့ **သက္ကာယဒိဋ္ဌိ** လို့ မှတ်ပါနော်။ (မှန်ပါ ဘုရား)။

အပါယ်လေးပါးမှာ အမြဲတစေသွားပြီးတော့ နှစ်ထားတဲ့ တရားဟာ ဘယ်သူပါလိမ့်၊ သက္ကာယဒိဋ္ဌိ မဟုတ်လား။ (မှန်ပါ ဘုရား)။ ဒါကြောင့် ဘုရားက-

> သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
> သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သက္ကာယဒိဋ္ဌိ ခွါလိုက်ရင် အပါယ်လေးပါးက ထွက်တာဘဲ။ (မှန်ပါဘုရား)။ ကိုင်း-ဇာတ်လမ်း ဆက်ကြဦးစို့။ ဝိသာခသူဌေးကြီး အနာဂါမ်တည်ပြီး ရထားစီး ပြန်လာတဲ့အခါမှာ "အင်း-ဓမ္မဒိန္နာကတော့ ပြောလို့ဆိုလို့လဲ မလွယ်ဘူး၊ သူ့မှာ တရားကလဲ အသားမတက်နိုင်ဘဲကိုး၊ ပုထုဇဉ်များ တယ်ခက်

တာဘဲ၊ ငါဘယ်လိုများ သူ့အတွက်ကြံရမလဲ”လို့ ဝိသာခသူဌေး ကြီးက စဉ်းစားတယ်။ “မတတ်နိုင်ပါဘူးလေ၊ အိမ်ရောက်မှဘဲ ကြည့်ရှင်းရတာပေါ့”ဆိုပြီး အိမ်ပေါက်တံခါးဝလဲ ရောက်ကရော၊ ဓမ္မဒိန္နာက ခါတိုင်းလိုဘဲ ပြင်ဆင်ဖီးလိမ်းပြီးသကာလ အိမ်ပေါက်ဝထွက်လာပြီး ကြိုနေတယ်၊ ရထားပေါ်က ဆင်းလာတယ်ဆိုရင်ဘဲ ဓမ္မဒိန္နာက လက်ကလေးလှမ်းပေးလိုက်တော့— ဝိသာခသူဌေးက မကိုင်တော့ဘူး။ (မှန်ပါဘုရား)။

ခါတိုင်း အမူအရာမျိုးနဲ့ တူကြသေးရဲ့လား။ (မတူပါဘူး ဘုရား)။ ဒါ–တကယ့်အနာဂါမ်တို့ရဲ့ ထုံးစံဆိုတာလဲ မှတ်ထားနော်။ (မှန်ပါဘုရား)။ လက်ကလေး လှမ်းပေးတယ်၊ မကိုင်တော့ဘူး။ အိန္ဒြိယထုံးစံတွေဘာတွေ မရှိတော့ဘူး။ အကုန်လုံး စွန့်ပစ်လိုက်ပြီ။ (မှန်ပါ)။

သောတာပန်တုန်းက စွန့်နိုင်ရဲ့လား။ ( မစွန့်နိုင်ပါဘူး ဘုရား)။ မစွန့်နိုင်ပါဘူးတဲ့၊ ဒါနဲ့ဘဲ “ဘယ်နှယ်ဖြစ်တာပါလိမ့်၊ ငါကဘဲ ဝတ္တရားပျက်လို့လား၊ ဘယ်အရေး ဘယ်အကြောင်းလဲ”လို့ ဓမ္မဒိန္နာက တွေးတောရင်း လှေခါးပေါ်မှာ ယှဉ်တဲ့တက်တော့လဲ ဝိသာခသူဌေးကြီးက သူမ လှေခါးပေါ်လှမ်းရင် သူက မလှမ်းဘဲနေသတဲ့။ (မှန်ပါ)။

အိမ်ပေါ်ရောက်တော့ သူထိုင်တဲ့ကုလားထိုင်ပေါ်မှာ ဓမ္မဒိန္နာကလာထိုင်ရင် သူကတနေရာရွှေ့ထိုင်တော့—“ငါ့အပေါ် ဘာများအလိုမကျလို့လဲ၊ ငါကဘာများ ဝတ္တရားပျက်ကွက်လို့လဲ၊ ငါကောင်းကောင်းမွန်မွန် ချက်ပြုတ်လဲကျွေးတယ်၊အိပ်ရာခမ်းနားက အစ လိုလေသေးမရှိအောင် မျက်နှာသစ်ရေ တံပူပါမကျန် လင့်ဝတ္တရားကို ငါပြည့်စုံအောင် ဆောင်ကျဉ်းပါလျက်ကယ်နဲ့–

အိမ်တွင်းမှုလုပ် သိမ်းထုပ်သချာ မိစ္ဆာကြဉ်ရှောင်
လျှော်အောင်ဖြန့်ချိ ပျင်းရိမမှု ဝတ်ငါးဆူ အိမ်သူကျင့်
အပ်စွာ—

ဆိုတဲ့ အိမ်သူကျင့်ဝတ်နဲ့ အညီ ငါကဆောင်ရွက်ပါလျက်ကယ် နဲ့ ဘယ်လိုကြောင့် ဒီအမူအရာမျိုး ပြောင်းလဲသွားပါလိမ့်မလဲ” လို့ စဉ်းစားကာ သူကမျှော်လင့်ချက်ကြီးနဲ့ အသာနေလိုက်တာ ပေါ့လေ။ (မှန်ပါ)။

ညဉ့်ကျတော့ သူက အိပ်ရာခမ်းနားများ ခင်းပြီးတော့ အိပ်တယ်။ ဝိသာခသူဌေးကြီးက အဝတ်ဖြူတွေယူပြီး အပြင်ဘက် ထွက်ခင်းပြီး တယောက်ထဲအိပ်တယ်၊ ဒါနဲ့ အပြင်ဘက်လိုက်ပြီး တော့ အိမ်ပြန်တော့လဲ ဝိသာခသူဌေးကြီးက အခန်းထဲဝင် ပြီးအိပ်ပြန်တယ်။ နောက်တော့ ဓမ္မဒိန္နာက “မဖြစ်ဘူး၊ ငါတော့ မေးမှဘဲ၊ ဘယ်အရေး ဘယ်အကြောင်းဆိုတာ သိရအောင် မေး မှဘဲ”ဆိုပြီးတော့ အိမ်ခန်းထဲဝင်လိုက်သွားတော့ ဝိသာခသူဌေး ကြီးက “ဟော့—အချိန်မတော် ဒီအထဲ ဝင်လာတာ ဘယ်သူတုံး” လို့မေးလိုက်တယ်၊ ကျမ ဓမ္မဒိန္နာပါ။ ဘာကိစ္စကြောင့် ဝင်လာ သလဲ။ ဒီလိုပါ၊ မေးစရာလေးနဲ့ ရှိလို့ပါ။ ဘာမေးမှာလဲကွာ၊ ပြောစမ်းပါအုံး—လို့ ဆိုတော့ ...

မယာ အလ္လာပသလ္လာပံ၊ န ကရေ ကေန ဟေတုနာ။
ကော ဘုဒ္ဓိ ကော သုပိ၊ တံ မေ အက္ခာဟိ သာမိက။

သာမိက၊ အိုချစ်လှစွာသော သူဌေးကြီး။ တံ၊ သင်သည်။ မယာ၊ ကျွန်တော်မ ဓမ္မဒိန္နာနှင့်။ အလ္လာပသလ္လာပံ၊ စကား

ပြောခြင်း တိုင်ပင်ခြင်းကို။ ကေန ဟေတုနာ၊ ဘယ်အကြောင်းကြောင့်။ န ကရေ၊ မပြုလုပ်မပြောဆိုဘဲ နေရပါသနည်း။ ဧကော၊ တယောက်တည်း။ ဘုဉ္ဇိ၊ စားရ၍နေရပါသနည်း။ ဧကော၊ တယောက်တည်း။ သုပိ၊ အိပ်ရ၍နေရပါသနည်း။ တံ၊ ထိုအရှင်သူဌေးကြီးနေထိုင်စားသောက်ပုံကို။ မေ၊ ဓမ္မဒိန္နာ သညာထင်ရှားကျွန်တော်မအား။ အက္ခာဟိ၊ ဆုတ်ဆိုင်းမချန် ဟုတ်တိုင်းပြန်၍ အမှန်ပြောကြားပါလော့။ ။

“အရှင်သူဌေးကြီးရဲ့ နေထိုင်ပုံဟာ ခါတိုင်းနဲ့မတူဘူး၊ တမူထူးခြားပြီးနေတာ ဘာ့ကြောင့်ပါလဲ။ ကျမဝတ္တရား ပျက်ကွက်လို့လား၊ အရှင်သူဌေးကြီး အခုလို တယောက်တည်းအိပ် တယောက်တည်းစားပြီး တယောက်တည်း နေတာဟာ ကျမရဲ့ စိတ်ထဲမှာ မချိလို့မေးရတာပါ၊ မြန်မြန်ပြောပါ” လို့ဆိုတော့မှ “အင်း–ချစ်နှမ ဓမ္မဒိန္နာ၊ အခုသာသာနဲ့နာနာ ငါပြောမယ်၊ မင်းသေသေချာချာ နားထောင်”လို့ ဝိသာခသူဌေးကြီးက ပြန်ပြောလိုက်သတဲ့။ ဘယ်လိုပြောလိုက်သလဲဆိုတော့–

သုဏ မေ ဝစနံ အယျေ၊ အဟံ ဟိ ဆိန္နကာမိကော။
တွဉ္စ ဝသိတုံ ဂေဟေ၊ စရေဝံ ဘဂိနီ ယထာ။
အညံ စေ သာမိကံ ဂေဟေ၊ ဂဏှ သဗ္ဗဓနံ ဟရံ။

အယျေ၊ အိုရှင်မ ဓမ္မဒိန္နာ။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏ၊ သဘောကျအောင် စိုက်နားထောင်စမ်းပါလော့။ အဟံ ဟိ၊ မောင်ကြီးသည်ကား။ ဆိန္နကာမိကော၊ ငါးပါးအာရုံ ကာမဂုဏ်ဖြတ်တောက်၍ အနာဂါမ်အဖြစ်သို့ ရောက်ခဲ့လေပြီ။ တွံ၊ သင်ဓမ္မဒိန္နာသည်။ ဂေဟေ၊ ဤတိုက်အိမ်ကြီး၌။ ဝသိတုံ၊ ငါနှင့်မခွဲ

အတူတွဲ၍နေခြင်းငှါ။ စေ ဣစ္ဆေ၊ အကယ်တန္တိ အလိုရှိခဲ့ပါမူကား။ ဘဂိနီ ယထာ၊ မိစုံဖစုံ တအူတုံဆင်း နှမရင်းကဲ့သို့။ ဝေံ၊ ဤအတူ။ စရေ၊ ကျင့်ကြံနေထိုင်ပါလော့။ အညံ စေ သာမိကံ၊ ငါမှတပါး အခြားသော ချစ်လင်တဦးကို။ စေ ဣစ္ဆေ၊ အကယ်တန္တိ အလိုရှိပါသေးမူကား။ သဗ္ဗမနံ၊ အတွင်းအပ ရှိသမျှ အသီးသီး ငါ့ပစ္စည်းတွေကို။ ဟရံ-ဟရန္တိ၊ လိုချင်သမျှ ငါ့ကို မထား သယ်ဆောင်သွား၍။ ဂစ္ဆ-ဂစ္ဆေယျာသိ၊ အသစ်အိမ်ထောင် ချစ်လင်မောင်နှင့် သုံးဆောင်ခံစားလျက် ပျော်ပျော်ပါးပါးပေါင်းဖက် အကြောင်းဆက်ကာ နေလိုက်ပါတော့ချစ်နှမ။ ။

ချစ်နှမ ဓမ္မဒိန္နာ တဲ့။ ငါနှင့်အတူ နေချင်လို့ရှိရင်တော့ နှမအရင်းကဲ့သို့ နေပါတဲ့၊ ငါ အနာဂါမ်တည်လာခဲ့ပြီ တဲ့။ ဒီလိုမှမဟုတ်လို့ ငါမှတပါး အခြားသော ချစ်လင်သစ်တဦးကို အလိုရှိသေးပါမူကား ငါပိုင်တဲ့ ပစ္စည်းတွေရော သင့်ပစ္စည်းတွေရော အကုန်သိမ်းပြီးတော့ အလိုရှိတိုင်း ငြိမ်းငြိမ်းကလေးနဲ့ ခံစားနေစေချင်ပါတယ် တဲ့။ ဝိသာခသူဌေးကြီးက ခပ်ပြတ်ပြတ်ပြောလိုက်တာကိုး ဗျ။ (မှန်ပါ)။

ခပ်ပြတ်ပြတ်ပြောလိုက်တော့ ဓမ္မဒိန္နာဟာ ဒီနေရာမှာ ဘုံးကနဲ သဲပြီး မေ့မြောသွားရှာသတဲ့။ (မှန်ပါဘုရား)။ ဩော်-ပုထုဇဉ်များ တရားမသိတော့လဲ သနားစရာပါဘဲလေ၊ ဝိသာခသူဌေးကြီးက ဒီအကိုင်းဘဲကြည့်နေတာဘဲ တဲ့။ (မှန်ပါဘုရား)။

ဦးပဥ္စင်းတို့ ပုထုဇဉ်များဆိုရင် အင်း—လင်မယားချင်း ရန်ဖြစ်တဲ့အခါမှာ တယောက်တယောက် ဘာမှမပြောရ မဆိုရသေးဘူး၊

တချို့ စိတ်ကြီးတဲ့ ဒကာမများဆိုရင် တက်သွားလို့ ခြေမကိုလှန်ချိုးရဆိုဘဲ၊ ဟုတ်လား။ (မှန်ပါ)။ အဲဒီလို ဒီခြေမ လှန်ချိုးလို့ သတိပြန်ရတော့မှ ပြောမဲ့လူက သွားပြီချော့ရတယ် မဟုတ်လား။ (မှန်ပါ ဘုရား)။

အနာဂါမ်သူဌေးကြီးကတော့ မချော့ပါဘူး။ (မှန်ပါ)။ ဒါ တကယ့် အနာဂါမ်တို့ရဲ့ထုံးစံ။ (မှန်ပါ ဘုရား)။ ဩော်-ဓမ္မဒိန္နာရဲ့ ဖြစ်ပုံကြည့်ရတော့လဲ သနားစရာပါဘဲလေ။

ဒါပေမယ့် ငါလဲမတတ်နိုင်ပါဘူး ဆိုပြီးတော့ ဒီအတိုင်းဘဲ ကြည့်နေသတဲ့။ (မှန်ပါ ဘုရား)။ ဒါနဲ့ အတန်ငယ်ကြာတော့ ဓမ္မဒိန္နာသတိပြန်ရလာတယ်၊ သူ့ကိုလဲချော့မယ့်လူက မရှိဘူး။ (မှန်ပါဘုရား)။ အဲဒီတော့မှ အားတင်းပြီးတော့ စဉ်းစားနေတယ်၊အခုနေတော့ ဒကာကြီးတွေက အသာရနေပြီး ဒကာမကြီးတွေက အောက်ကျနောက်ကျ ဖြစ်နေတော့ အားငယ်နေကြမှာဘဲ နော်၊ အားမငယ်ကြပါနဲ့၊ ဓမ္မဒိန္နာကလဲ လာပါလိမ့်မယ်။ (မှန်ပါ ဘုရား)။ တော်တော်ကြာ ဒီတရားနာပြီးရင် ဒကာမကြီးတွေ သီလရင်ဝတ်သွားမှာတောင် စိုးရသေးတယ်။ (မှန်ပါ ဘုရား)။

အဲဒီတော့မှ ဓမ္မဒိန္နာက အားမာန်တက်လာပြီး အားကျမခံဘဲ အို-ဝိသာခသူဌေးကြီး၊ အနာဂါမ်ဂုဏ် မောက်ပြီးတော့ မထောက်မညှာ ရက်ရက်စက်စက် ပြောလိုက်တာများ အံ့ဩပါရဲ့၊ " ငါမှတပါး အခြားသော ချစ်လင်တဦးကို အလိုရှိရင် လဲယူပါ၊ ငါကျေနပ်ပါတယ်။ ပစ္စည်းတွေကိုလဲ ငါမစုံမက်တော့ပါဘူး"တဲ့၊ အနာဂါမ်ဂုဏ်ကို ကိုးပြီး မထောက်မညှာ ရက်ရက်စက်စက်တော်။ ကျုပ်ကလဲ ဒီစည်းစိမ်ပစ္စည်းတွေကို မြက် သစ်

ရှက်ခြောက်လို သဘောထားပြီး သူများစွန့်ပစ်ထားတဲ့ တံတွေး ပေါက်လောက်တောင်မှ မအောက်မေ့ပါဘူး။ ပြီးတော့ ကျမ မေးချင်တာကို ရှင်းရှင်းဘဲဖြေပါ အရှင်သူမြတ်ကြီးရဲ့၊ ရှင်တို့ရဲ့ အနာဂါမ်တရားဆိုတာဟာ ယောကျ်ားများမှ အားထုတ်လို့ ရသလား၊ ကျမတို့ မိန်းမသားများကော အားထုတ်လို့မရဘူး လားလို့ မေးလိုက်တာဘဲ။ (မှန်ပါ ဘုရား)။

ကဲ–ဓမ္မဒိန္နာက အားတက်လာပြီနော်။ (မှန်ပါ ဘုရား)။ ဒကာမကြီးတွေငိုက်နေပြီလား။ (မငိုက်ပါဘူး ဘုရား)။ မငိုက် နဲ့ မငိုက်နဲ့၊ ဓမ္မဒိန္နာက တော်တော်ကြာကျ တရားသားလဲ ပေါ် တော့မယ်၊ ဒကာကြီးတွေလဲ နောက်ကောက် ကျသွားအုံးမယ်၊ ဟုတ်လား။

ဒီတော့မှ အို–ချစ်နှမ ဓမ္မဒိန္နာ၊ သင် ဒီလိုမမေးပါနဲ့၊ ငါတို့ရဲ့ မြတ်စွာဘုရားက ဒီလိုမဟောပါဘူး တဲ့။ ဒို့ရဲ့မြတ်စွာဘုရား ဟော သွားတာကတော့ဖြင့်–

ယဿ တောဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

ယဿာ ဣတ္ထိယာ ဝါ၊ အကြင် မိန်းမသားအားရင်း။ ယဿ ပုရိသဿ ဝါ၊ အကြင် ယောကျ်ားအားရင်း။ တောဒိသံ၊ ဤသို့ သဘောရှိသော။ ယာနံ၊ မဂ္ဂင်ယာဉ်ရထားသည်။ အတ္ထိ၊ ကောန်မသေ့ ရှိနေသည်ဖြစ်အံ့။ သ-သော ဣတ္ထိပုရိသော၊ ထိုမိန်းမယောကျ်ား လူအများသည်။ ဝေ-ဧကန္တေန၊ မုချကောန် အမှန်စင်စစ်အားဖြင့်။ နိဗ္ဗာနဿေဝ သန္တိကေ၊ နိဗ္ဗာန်သို့ ခရီးမဝေးပါဘူး အနီးကလေး ၁င်ဖြစ်ပါသတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

နိဗ္ဗာန်မြင်တာသောတာပန်ကလဲ မြင်ရတာဘဲ၊ သကဒါဂါမ် ကလဲမြင်တာဘဲ၊ အနာဂါမ်ကကော.... (မြင်ပါတယ် ဘုရား)။ နိဗ္ဗာန်ကတော့ဖြင့် အဆင့်အတန်း မကွဲဘူးပေါ့လေ၊ မြင်တဲ့ ဉာဏ်ကလေးတွေကတော့ နဲနဲကွာတယ်နော်။ (မှန်ပါ ဘုရား)။

သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့မြင်တာရယ် သကဒါဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ မြင်တာရယ် အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ မြင်တာရယ် မြင်တာချင်းမတူကြဘူးပေါ့၊ နိဗ္ဗာန်ကတော့ အတူတူ ပါဘဲ။ (မှန်ပါ ဘုရား)။ မြင်တဲ့ဉာဏ်ကလေးတွေက အနုအရင့် နဲနဲကွာတာပေါ့ဗျာ။ (မှန်ပါ ဘုရား)။

အဲဒီတင်မှ “ဒို့ဘုရားက ဒီလို မဟောပါဘူးကွာ” ဆိုပြီးတော့ အနာဂါမ်ဖြစ်တဲ့ ဝိသာခသူဌေးကြီးက–

ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ အင်္ဂါငါးပါးနဲ့ အားထုတ်လို့ မဂ္ဂင်ရှစ်ပါးပြည့်ရင် နိဗ္ဗာန်မြင်တာဘဲ၊ အနိစ္စတရားတွေကို သုံးခါမြင် သုံးခါမှန်း သုံးခါသုံးရင် ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ငါလိုဘဲ အနာဂါမ် တည်တာပေါ့ကွာ”

လို့ပြောလိုက်တယ်။ “ဒီလိုဆိုရင် ဝိသာခသူဌေးကြီးရယ်၊ ကျမ ကို ဘိက္ခုနီမပြုဖို့ ခွင့်ပေးပါ” လို့ ခွင့်တောင်းလိုက်တယ်။ (မှန် ပါဘုရား)။

ဝိသာခသူဌေးကြီးက အို–ချစ်နှမ ဓမ္မဒိန္နာ၊ မင်းတို့မိန်းမ သားများဟာလေ သူများတကာကို မခံချင်တဲ့စိတ်နဲ့ ထင်ရာကို လုပ်တတ်တယ်၊ အဲဒီရဟန်းလုပ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး

ကွာ၊တပါးတည်းနေရတယ်၊ တပါးတည်းစားရတယ်၊ တပါးတည်း အိပ်ရတယ်၊ သူများပေးသရွေ့စားရတယ်၊ မင်းကသူဌေးသမီးဆို တော့ ငယ်ငယ်ကတည်းက အလွန်နူးညံ့သိမ်မွေ့တဲ့ အစားအစာ တွေ အဝတ်မျိုးစုံအရုံအခင်းတွေကို သုံးဆောင်လေ့ရှိတယ်၊တပါး တည်းလဲနေရလို့ ရှိရွေတွေနဲ့ မင်းက နေလာသူဆိုတော့ ဖြစ်မှာ မဟုတ်ဘူးကွာ။

"ဆံပင်တွေကိုရိတ်ပယ်၊ အဝါရောင်ပိတ်ထည် သင်္ကန်းကိုဝတ် ဆင်မြန်းပြီးတော့မှ တော်တော်ကြာကျတော့ ဆင်းရဲကိုမခံနိုင်လို့ လူပြန်ထွက်လာရင် မင်းအတွက် ရှက်စရာ ကောင်းလွန်းလို့ကွာ၊ အင်မတန် ခက်ပါသေးတယ်"လို့ အထင်သေး အမြင်သေး သဘောမျိုးနဲ့ ပြောလိုက်တာပေါ့လေ။ (မှန်ပါ ဘုရား)။

"ဝိသာခသူဌေးကြီးရယ် ကျမကို ရှင်ကအခုထက်ထိ အထင် သေးတုန်းဘဲလား၊ ရှင်တို့အန်ထွေးပစ်ထားတဲ့ မြက်သစ်ရွက် ခြောက် တံတွေးပေါက်နဲ့တူတဲ့ စည်းစိမ်ဥစ္စာကို ကျမ မစုံမက် တော့ပါဘူး၊ ဘိက္ခုနီမပြုခွင့်ကိုသာ ပေးစမ်းပါ"လို့ ပြောတော့ "ကိုင်း ကိုင်း-ဒီလိုဆို ပေးပါပြီ နှမရယ်၊ ဒါပေမဲ့ ဒီအတိုင်း တော့ ဘိက္ခုနီမ မပြုလုပ်ပါနဲ့၊ အဆွေတော် ဗိမ္ဗိသာရမင်းကြီး နဲ့လဲ တိုင်ပင်ပါရစေအုံး"ဆိုပြီး ဗိမ္ဗိသာရမင်းကြီးနှင့် တိုင်ပင်ပြီး ပို့တယ်။

မင်းညီမင်းသား တွေကလဲ အင်း မဟာဒိန္နာရဟာန်းပြုဘို့ရော ဘိက္ခုနီမကျောင်း ပို့တဲ့အခါ စစ်အင်္ဂါလေးပါးခြံရံပြီး လိုက်ပို့ ကြသတဲ့။ (မှန်ပါ ဘုရား)။ ရဟာန်းတွေကလဲ တရားမမွှတွေ ဟောပြီးသကာလ ကူညီကြတယ်ဆိုတော့ ရာဇဂြိုဟ်တိုင်းနိုင်ငံလုံး

သိမ့်သိမ့်တုန်အောင် အလှူပွဲကြီးဟာဖြင့် ကြီးကျယ်ပါတယ်တဲ့။ ဒါ အခုမှဖြစ်တဲ့ အကြောင်းလားတဲ့၊ အတိတ်တုန်းက ပါလာတဲ့ အကြောင်းလား။ ( အတိတ်က ပါလာတဲ့ အကြောင်းပါ ဘုရား)။

အေး–ဒါကြောင့် ဦးပဥ္စင်းတို့ ဒကာဒကာမတွေ ဆုတောင်း ပါရမီ စုံညီပြည့်ဝနေတဲ့အခါမှာ အလုပ်တရားလေးကို သူဘယ် လိုအားထုတ်တယ်၊ သူတို့အမေးအဖြေက ဘယ်လိုရှိတယ်ဆိုတာကို သိပြီးသကာလ အဲဒီ သူ့ရဲ့ဝိပဿနာတရားနဲ့ဘဲ "ဒို့ဒိဋ္ဌိပြုတ်တာ ခဲခဲယဉ်းယဉ်းမဟုတ်ဘူးကွ၊ ဒီတရားကို ဒီလိုဒီလိုသိရင် သိမှုနဲ့ဒိဋ္ဌိ ပြုတ်တာဘဲ၊ သိမှုနဲ့ပြုတ်တော့ ပွားမှုနဲ့ပါဖြုတ်လိုက်ရင် ဒါ-- စူဠသောတာပန် အစစ်ဖြစ်ပြီး အနည်းဆုံးဒုတိယဘဝမှာ နတ် ပြည်မှာ မဟာသောတာပန်ဖြစ်ဘိုရာ ဒို့ဘဲ"ဆိုတာကို ဆုံးဖြတ် ချက်ချနိုင်အောင် ကြိုးစားလိုက်ပါ။ (မှန်ပါဘုရား)။

အပါယ်လေးပါးကို သွားသွားပြီးတော့ အမြဲနှစ်ထားတာ ယက်သယ်က ဘယ်သူတဲ့....(သက္ကာယဒိဋ္ဌိ ပါဘုရား)။ဦးပဥ္စင်းတို့ တတွေကို သုဂတိအလည်လာပြီးတော့ ပြန်သွားလို့ရှိရင် အပါယ် လေးပါးက မပေါ်နိုင်အောင် နှစ်ထားတာ ဘယ်တရားပါလိမ့်.... (သက္ကာယဒိဋ္ဌိ ပါဘုရား)။

"အဲဒီသက္ကာယဒိဋ္ဌိဟာ လက်သယ်ဘဲ၊ အပါယ်လေးပါး ရောက်ရတာ သူ့ကြောင့်ဘဲလို့ ဉာဏပရိညာနဲ့သိမယ်၊ တီရဏ ပရိညာနဲ့ပွားမယ်ဆိုရင် ဒါ စူဠသောတာပန် အစစ်ဖြစ်ပြီးတော့ အပါယ်တံခါးပိတ်တာဘဲနော်။ (မှန်ပါ ဘုရား)။

အဲဒီတရားမျိုး နာရတော့မယ်ဆိုတော့ ဝမ်းသာစရာမကောင်း ဘူးလား။ (ကောင်းပါတယ် ဘုရား)။ ဒါနဲ့ဘဲ ဓမ္မဒိန္နာက

ကြုံလိုက်တယ်၊ ဘယ်လို ကြုံသလဲဆိုတော့–ဟန်ကျပြီ၊ ငါမရှက် မကြောက် ပုထုဇဉ်အနွယ်ကို မဖြတ်ဘဲနဲ့ သူ ရထားပေါ်က ဆင်း လာတယ်ဆို ငါကသွားပြီးတော့ လက်ကမ်းပေးတယ်၊ ငါ့လက်ကို လဲ သူကမကိုင်ဘူး၊ ဣန္ဒြေတခွဲသားနဲ့ အနာဂါမ်ဂုဏ်မောက်ပြီး တော့ မထောက်မညှာ အိမ်ပေါ်ကိုတက်တယ်၊ အိမ်ပေါ်ရောက် တော့လဲ ငါကသူ့နောက်လိုက်ပြီးတော့ ထိုင်တယ်၊ သူကအထိုင် မခံဘူး၊ ငါ ပုထုဇဉ်အနွယ်မဖြတ်ဘဲနဲ့ အရှက်မရှိတဲ့ အဖြစ်က လွတ်ကင်းအောင်တော့ဖြင့် အားထုတ်မယ်ဆိုပြီး သူကတွေးတာ။ (မှန်ပါ ဘုရား)။

ကဲ – ဒကာကြီး တွေ တရားပွဲ သွားမယ်ဆိုရင် “သူတောင် သွားသေးတာ ငါလဲသွားနိုင်အောင် ကြိုးစားမယ်” ဆိုပြီးတော့ ဒကာမကြီးတွေက ကြိုးစားရဲ့လား။ (ကြိုးစားပါတယ် ဘုရား)။ ကြိုးစားကြပေါ့။ ဒကာကြီးတွေကကော “ငါ သူတို့ထက်သာ အောင် အားထုတ်မယ်”လို့ ကြိုးစားရဲ့လား။ (ကြိုးစားပါ ဘုရား)။ ယုံရခက်သားဘဲ၊ ဒကာကြီးတွေက နဲတယ်၊ ဒကာမကြီး တွေက များတယ်နော်။ ကဲ-ဓမ္မဒိန္နာရဲ့ ကြံစည်ပုံလေးက အင်မတန်ကောင်းတယ်။

ဒါကြောင့်မို့ လို့....

ကမ္ဘာမီးထက်၊ ပူချက်ပြင်းထန်။
ဘယ်မီးလဲကွဲ့၊ ဉာဏ်နဲ့ဝေဘန်။
ကိလေသာမီး၊ ထိန်ငြီးဝေလျှံ။
ဘဝတိုင်း၊ မဆိုင်းလောင်နေပြန်။

ဦးပဥ္စင်းတို့ ဒကာ ဒကာမတို့တတွေမှာ လောင်နေတာနော်။ (မှန်ပါဘုရား)။ အပြင်ကလောင်တာလား၊ အတွင်းကလောင်တာလား။ (အတွင်းကလောင်နေပါတာပါဘုရား)။ ဝိပဿနာတရားအလုပ်တွေ အားထုတ်လိုက်လို့ရှိရင် ဒီမီးတွေဟာ ပျောက်သွားမယ် တဲ့၊ အတွင်းအပူတွေဟာ အကုန်ငြိမ်းသွားမယ်လို့ ဓမ္မဒိန္နာက စဉ်းစားတာမဟုတ်လားဗျာ။

ဒါကြောင့်မို့ —

သန္တဘုမ္မံ နန္တဉဏုံ၊ အဝိပ္ပယောဂံ စရာမဟံ။
ဘူသနေနာ နာလင်္ကာရံ၊ အနိဿဥ မဟာဝနံ။

နန္တဉဏုံ- အနန္တဉဏုံ၊ အပြင်မှာအေးလို့ အထဲမှာပူ ငရဲသူပုံတန္ဒုန်းကဲ့သို့ အုံပုန်းဆွေးစရာလဲ မရှိပေ ထသော။ အဝိပ္ပယောဂဥ၊ ချစ်သောသူနှင့်ကွဲကွာ၍ အသဲနာစရာလဲ မရှိပေထသော။ အနိဿဥ၊ မနာလိုငြူစူ စိမ်းကားသူလဲ မရှိပေထသော။ ဘူသနေနာ နာလင်္ကာရဥ၊ သနပ်ခါးဟန်ဆင် မှန်ပြင်တသသနဲ့ ပန်ဆင်စရာ့တန်ဆာ ရတနာလဲ မရှိပေထသော။ သန္တဘုမ္မံ၊ ဖလ်ဝါရည်အထယ်ဖျော့ရယ်နဲ့ စမ္ပာယ်ကြော့တင်သိုင်း၍ ကသိုဏ်းနှင့်ပရိက်ဓမ္မသံယောဇန်ကိုယ်လုံးခြုံ၍ ချိုပြုံးပုံ တရားကြည်အေးပေသည့်တပါးမထေရ်ကလေးတို့၏ ပျော်စံရာဌာနလဲ ဖြစ်ပေထသော။ ဝါ၊ ဟေမဝါစံရာဗွေမှာ ပန်ကာလေတရားဓမ္မစက်ဖြင့် ပတ္တမြားပုခက်ဘာဝနာကို အခါခါကြာခြည်ဆင်၍မို့ သာကီဝင်ပျိုပဥ္စင်းတို့၏ တကိုယ်ချင်းမွေ့လျော် ပျော်စံရာဌာနလဲ ဖြစ်ပေထသော။ မဟာဝနံ၊ စိမ်းစိမ်းလဲ့လဲ့ ယိမ်းနွဲ့နွဲ့နှင့် သွဲ့သွဲ့ညွှင်းညွှင်းလေပြေသွင်း၍ နေခင်းသာယာ လူသံသူသံနှင့် ဆူညံတာတွေလဲ

မကြားရသော တောဝနာသို့။ ဂန္ဓာ၊ အဖေါ်မမှီး တကိုယ်တည်းသာ သွားရောက်ပါ၍။ အဟံ၊ ပုထုဇဉ်တို့၏ အလေ့ဆိုရင် အတွေ့ကို ခံမင်လျက်ပါသဲ့ ကြုံလျှင်မရှက်ဆိုတဲ့ ဇာတ်အနွယ်ကို အပြတ်ပယ်ကာ တအားဖြုတ်လျက် တရားအလုပ်ကိုအားထုတ်လို သောငါသည်။ စရာမိ၊ ရွှေနောက်ဆံမတင်းပါဘူး ငယ်စာရင်း ဖြုတ်ကာ မယ်မငြင်းမဆုတ်ပါ အလုပ်မှာတအားခဲပြီးတော့ မနားဘဲ အားထုတ်ပါတော့အံ့သတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

အဲဒီလို စဉ်းစားပြီးလျှင် ဘိက္ခုနီမကျောင်းကို ပို့ကြတယ်တဲ့။ အဲဒီလို ဘိက္ခုနီမကျောင်း ပို့ပြီးတယ်ဆိုရင်ဘဲ ဓမ္မဒိန္နာ ဘိက္ခုနီမ ပြုလုပ်တဲ့ ပွဲကြီးဟာဖြင့် ရာဇဂြိုဟ်တနိုင်ငံလုံး သိမ့်သိမ့်တုန်မျှ ဒါလောက်ကြီးကျယ် ခမ်းနားပါသတဲ့။

ဒါနဲ့ဘဲ ဘိက္ခုနီမပြုလုပ်ပြီးတယ်ဆိုရင် ဝိသာခသူဌေးကတော် ဓမ္မဒိန္နာကို မမြင်ဘူးတဲ့ ပုဂ္ဂိုလ်တွေကမျှားနေတော့ လူရင်း တန်းရင်းဖူးမျှော်ရင်းဆိုပြီး သွားသွားလူလိုက်ကြည့်လိုက်ကြတာ၊ ဒါတွေကို အလူခံနေရတဲ့အတွက်ကြောင့် အားလပ်တဲ့အချိန်ကို မရရှာဘူးတဲ့။

အဲဒါ တခြားကြောင့် ဒီလောက်လာဘ်သပ်ပကာ ပေါတာ လား၊ အတိတ်ကပြုခဲ့တဲ့ဒါနလား။ ( အတိတ်က ပြုခဲ့တဲ့ ဒါနပါ ဘုရား)။ ဒီပြင် ရုပ်ရေတွေ လှပချောမော ပြေပြစ်နေတာ အခုမှ ဆရာဝန်က ပြုပြင်ပေးရတာလား၊ အတိတ်ကဆောက်တည် ခဲ့တဲ့ သီလလား။ ( အတိတ်က ဆောက်တည်ခဲ့တဲ့ သီလပါ ဘုရား)။

ကိုင်း - အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားဆိုတာ မပေါ်လွင်ဘူးလား။ (ပေါ်လွင်ပါတယ်ဘုရား)။သို့သော် ခန္ဓာငါးပါးရရှိထားလို့ ခုနက ဝိသာခသူဌေးကြီး ငြိုငြင်ခြင်းခံနေရတော့ သူစိတ်ချမ်းသာရဲ့လား။ (မချမ်းသာပါဘူး ဘုရား)။ ဘယ်လောက်ချောချော၊ ဘယ်လောက် ပစ္စည်းပေါပေါ၊ ဘာသစ္စာဖြစ်နေသလဲ။ (ဒုက္ခသစ္စာပါ ဘုရား)။

အဲ-ဒုက္ခသစ္စာဖြစ်နေတယ်၊ သို့သော် သူသိပါရဲ့လား စောစောက။(မသိပါဘူး ဘုရား)။မသိတာက-အဝိဇ္ဇာ။ (မှန်ပါ)။ သူ့ကိုယ့်သူ အထင်ကြီးပြီးခင်နေတာက-ဒိဋ္ဌိတဏှာပေါ့။ (မှန်ပါ့ဘုရား)။အဲဒီခန္ဓာကိုယ်ကာယကို စွဲလမ်းနေတာက-ဥပါဒါန်၊ ဒီခန္ဓာ ကိုယ်ကာယကလေးကိုပင်လျှင် ပြုလိုက်ပြင်လိုက် ဖီးလိုက်လိမ်းလိုက်နဲ့ အားထုတ်နေတာက-ကမ္မဘဝ၊ အင်း-ဒါကံပေါ့ဗျာ။ (မှန်ပါ့ ဘုရား)။ သခါရ ကံပါဘဲနော်။ (မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ကံဆိုတော့ ဒါကောင်းကံလား၊ ဆိုးကံလား။ (ဆိုးကံပါ ဘုရား)။ သူများပစ္စည်း သွားခိုးလို့ ဆိုးကံဖြစ်တာလား၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် မသိလို့ ဒကာဒကာမတွေ ကိုယ့်ဟာကိုယ်နေရင်းနဲ့ ဆိုးကံဖြစ်တာလား။ (မသိလို့ဆိုးကံဖြစ်တာပါဘုရား)။သဘောပေါက်ပါတယ်နော်။ (မှန်ပါ့ဘုရား)၊ အဲဒါနဲ့ဘဲ ဒကာဒကာမတွေ သူ့မှာ သံသရာလည်ခဲ့ရတာ။ (မှန်ပါ ဘုရား)။

အခုတော့ဖြင့် "ဩော်- ဒုက္ခတွေများတယ် ဒုက္ခတွေများတယ်"လို့ မသိဘူးလား။ (သိပါတယ်ဘုရား)။ ခန္ဓာဒုက္ခများတာက-ဒုက္ခသစ္စာပေါ့။ (မှန်ပါ)။ ဒုက္ခတွေများတယ်လို့ သိတဲ့

ဥာဏ်ကလေးက.... (မဂ္ဂသစ္စာပါ ဘုရား)။ ကဲ-အလုအပတွေ သူ ပစ်ပယ် မသွားဘူးလား။ (ပစ်ပယ်သွားပါတယ် ဘုရား)။ လုချင်ပချင် ဖိလိမ်းချင် ဝတ်စားချင်တဲ့ ဒကာဒကာမတွေ တဏှာ, ဥပါဒါန်, ကံဆိုတဲ့တရားတွေ သူ့မှာရှိသေးလား။ (မရှိတော့ပါဘူး ဘုရား)။ ဒါဖြင့် တဏှာ, ဥပါဒါန်, ကံဆိုတဲ့တရားတွေ သေသွားတာ ဘာသစ္စာလဲ။ (သမုဒယသစ္စာပါ ဘုရား)။ သမုဒယသစ္စာ အကြောင်းတရားသေလို့ သူ့အတွက် အပါယ်လေးပါး အကျိုးတရား ဇာတိတွေချုပ်ပြီးတော့ ချက်ချင်းဘဲ သူများ အတွက် စိုးရိမ်ပူဆွေးတဲ့ သောက ပရိဒေဝမီးတွေ ငြိမ်းနေတာ က ဘာသစ္စာလဲ။ (နိရောဓသစ္စာပါ ဘုရား)။

ကဲ-အဲဒီတင်မှ မဖြစ်သေးဘူး၊ ဒီအလုအတန်းတွေ ငါ ညှော်ထောက်ခံနေရလို့ရှိရင် ဝိသာခါသူဌေးကြီးရောက်တဲ့အနာဂါမ် စခန်း ငါ ဘယ်နည်းနဲ့ရောက်မလဲ၊ မဖြစ်တော့ဘူး ဆိုပြီးတော့ ဥပဇ္ဈာယ် ဘိက္ခုနီမကြီးကို ပန်ကြားပြီး ဟိုတောထဲသွားပြီး တရားအားထုတ်လိုက်တာ ရက်အနည်းငယ်မှာဘဲ အာသဝေါ ကုန်ခန်းလို့ ရဟန္တာဖြစ်လာတယ်။ (မှန်ပါ ဘုရား)။

ခုနကတရားတွေပေါ်လေ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ပိုင်းခြား, သမုဒယသစ္စာယိုပယ်, နိရောဓသစ္စာကို မျက်မှောက်ပြုတဲ့အခါ ကျတော့ ရဟန္တာဖြစ်သွားတယ်။ (မှန်ပါ ဘုရား)။

ဒါနဲ့ဘဲ ရာဇဂြိုဟ်မြို့အတွင်း ပြန်လာတော့ မြတ်စွာဘုရား က "ငါ့သမီးတော် ဓမ္မဒိန္နာသည် အင်မတန်မှ သူများထက် ထူးမြတ်ပါပေတယ်" ဆိုပြီးတော့ တရားဟော ဓမ္မကထိက အကောင်းဆုံးလို့ ရွေးလိုက်တယ်၊ တရားဟောကောင်းတဲ့နေရာ

မှာ နှစ်ပါးမရှိဘူးပေါ့ဗျာ။ (မှန်ပါ့ ဘုရား)။ ဒါနဲ့ မိန်းမဖြစ် ဓမ္မကထိက မထေရ်တပါးရယ်လို့ သာသနာတော်မှာ အတော် ကျော်ကြားသွားပါတယ်။ (မှန်ပါ)။

အဲဒါ ဒါနပါရမီ တဲ့၊ ဆုတောင်းပေါ့ဗျာ။ (မှန်ပါ)။ သီလ ဆုတောင်းပေါ့ဗျာ။ (မှန်ပါ ဘုရား)။ အခုတော့ ဝိပဿနာ တရားအလုပ် အားထုတ်လိုက်တော့ သံသရာခန္ဓာ အညွန့်တုံး ပြီး အိုခြင်းဆင်းရဲ နာခြင်းဆင်းရဲမှ လွတ်သွားပြီ။

သေခြင်းဆင်းရဲကကော နောင်တဖန်လာအုံးမလား။ (မလာ ပါဘူးဘုရား)။ ကိုင်း–ဒါဖြင့် အဲ ဒီအိုခြင်းဆင်းရဲ နာခြင်းဆင်းရဲ သေခြင်းဆင်းရဲလွတ်တာက ဒါနရိုးရိုးကြောင့် လွတ်သလား၊ သီလ ရိုးရိုးကြောင့် လွတ်သလား၊ ဝိပဿနာဉာဏ်နဲ့ ခြံရံမှလွတ်သ လား။ (ဝိပဿနာဉာဏ်နဲ့ ခြံရံမှ လွတ်ပါတယ် ဘုရား)။

ဒါနသီလအပြင် ခုလို ဝိပဿနာခြံရံလိုက်တော့ လွတ်သွားပြီ ပေါ့ဗျာ။ (မှန်ပါ ဘုရား)။ အတုခိုးဘို့ မကောင်းပေဘူး လား။ (မှန်ပါ ဘုရား)။ အဲဒီတွင် ရာဇဂြိုဟ်မြို့ထဲ ပြန်လာတာ ကို ဝိသာခသူဌေးကြီးက ကြားတော့ ဩော်– ဓမ္မဒိန္နာ ဓမ္မ ဒိန္နာ၊ ငါ အစကတည်းက အပြောသားဘဲ....တဲ့။

အင်း–အနာဂါမ်ကြီးကတော့ အဘိညာဉ်ကလဲမရဘူး၊ ဈာန် ကော.... (မရပါဘူး ဘုရား)။ ကုန်းကြောင်း လျှောက်ရတဲ့ အနာဂါမ်ကြီးကိုး ဗျ၊ ဒီတော့ ဖြစ်ရပ်မှန်ကို မသိဘူးပေါ့။ (မှန်ပါ ဘုရား)။ ဓမ္မဒိန္နာကတော့ သူများစိတ် အကြံလဲသိ တယ်၊ ဈာန်တရားလဲရတယ်၊ တရားဟောမှာလဲ တောင်ဂုဏ်ဘွဲ့ထူး

ကြီးရတယ်။ ကိုင်း–ဒကာကြီးတွေနဲ့ ဒကာမကြီးတွေ ဘယ်သူက သာသွားတုံး။ (ဒကာမကြီးတွေက သာနေပါတယ် ဘုရား)။ ဒကာမကြီးတွေက သာသွားတယ်။ အဲဒီတော့ တရားပွဲထဲမှာတော့ ဘယ်သူ သာတယ်ဆိုတာကို ဦးပဥ္စင်းက အဆုံးအဖြတ်မပေးသေးပါဘူး။ (မှန်ပါ)။

နောက်တော့မှ ဝိသာခသူဌေးကြီးက ဩဝါဒ–၄ ါအပြောသွားဘဲ အစကထဲက "မမ္မဒိန္နာ၊ မိန်းမများဟာ မခံချင်တဲ့စိတ်ဓါတ်နဲ့ ထင်ရာတွေကို လုပ်တတ်တယ်၊ အဲဒါ မင်းလူပြန်ထွက်လာလို့ရှိရင် အခက်ကြီးကြုံပြီးတော့ မျက်စရာကြီး ဖြစ်လိမ့်မယ်" လို့ ၄ ါအပြောသွားဘဲ၊ အခုတော့ အဆင်းရဲ မခံနိုင်တာနဲ့ ပြန်လာပြီး လူထွက်မယ်လို့ ထင်ပါရဲ့။ အေးလေ–၄ ါသွားပြီးတော့ မေးပါအုံးမယ်၊ ထွက်ချင်လဲ ထွက်ပါစေလေဆိုတဲ့ စိတ်ထားနဲ့ ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာ ရောက်နေတဲ့ ဘိက္ခုနီမကျောင်းကို အမြန်လာခဲ့ပါတယ်။ (မှန်ပါ)။

ကျောင်းကျတော့ ဘိက္ခုနီမ ဓမ္မဒိန္နာကို ရိုရိုသေသေ လေးလေးစားစားရှိခိုးပြီး အရှင်မ ကျန်းမာရဲ့လား၊ ချမ်းသာရဲ့လားလို့ အလ္လာပသလ္လာပစကားတွေ ပြောကြားတယ်။ ချမ်းသာပါတယ် ဒကာကြီးရယ်၊ ကျန်းမာပါတယ် ဆိုတော့ လူထွက်ချင်လို့ ပြန်လာတာလားလို့ မေးဘို့ရာကလဲ သူက ဣန္ဒြေတွေကခန့်ညားနေတယ်၊ ခါတိုင်းနဲ့ မတူဘူး။ (မှန်ပါ)။

## သက္ကာယဒိဋ္ဌိဆိုတာ

အဲဒီတော့ ၄ ါဒီအတိုင်းသွားပြီး တဲ့တဲ့မေးလို့ ပညာရှင်မပီသရာကျမယ်၊ သွယ်ဝိုက်တဲ့နည်းနဲ့ မေးမှဘဲဆိုပြီး သူမေးလိုက်ပုံကလေးက–

> သက္ကာယော သက္ကာယောတိ အယျေ ဝုစ္စတိ၊ ကတ-
> မော နုခေါ အယျေ သက္ကာယော ဝုတ္တော ဘဂ
> ဝတာ–

လို့ ဒီလိုပါဌ်လို မေးလိုက်ပါတယ်။ အဓိပ္ပါယ်ကတော့-အို အရှင်မ ဓမ္မဒိန္နာ၊ သက္ကာယော၊ သက္ကာယလို့ မြတ်စွာဘုရားဟော တော်မူပါတယ်တဲ့၊ ဘယ်ဟာကို သက္ကာယ၊ ဘယ်ဟာကို ဒိဋ္ဌိ ဆိုတာ သိရအောင် အရှင်မဓမ္မဒိန္နာမထေရ်မြတ်သည် အကျွန်ုပ် အား ဟောပြတော်မူပါလို့ ဝိသာခသူဌေးကြီးက လျှောက်ထား ရတယ်။ (မှန်ပါ ဘုရား)။ ဦးပဥ္ဇင်းတို့ အလုပ်လုပ်ဘို့ ဒီဝတ္ထု ထုတ်တာပါ။ (မှန်ပါ ဘုရား)။

ဒကာဒကာမတွေ၊ ဒါသောတာပန်အသိဉာဏ်ကို စမ်းလိုက်တာ နော်။ (မှန်ပါ) ။သောတာပန်ဖြစ်လို့ရှိရင် သက္ကာယနဲ့ဒိဋ္ဌိခွဲတတ် သလား၊ မခွဲတတ်ဘူးလား။ (ခွဲတတ်ပါတယ် ဘုရား)။ မဟာ သောတာပန်မှ ခွဲတတ်သလား၊စူဠသောတာပန်ကကော။(ခွဲတတ် ပါတယ်)။ သိမှုနဲ့လဲ ခွဲတတ်တယ်၊ ပွားမှုနဲ့ရော။ (ခွဲတတ်ပါ တယ်)။ အေး–အဲဒါတွေ ခွဲတတ်လို့ရှိရင် စူဠသောတာပန်ဖြစ်ပြီ၊ ဒါ အပါယ်တံခါးပိတ်တာဘဲ။ (မှန်ပါဘုရား)။ အပါယ်တံခါး ပိတ်ဘို့အရေးမကြီးဘူးလား။ (ကြီးပါတယ်ဘုရား)။ ဒီသက္ကာယ ဒိဋ္ဌိကို သက္ကာယနဲ့ ဒိဋ္ဌိမခွဲတတ်ရင် ဦးပဥ္ဇင်းရော ဒီကအမိအဖ ဒကာကြီးတွေ ဒကာမကြီးတွေရော သေရင် ဘယ်သွားမှာလဲ။ (အပါယ်သွားမှာပါဘုရား)။

ဒါဖြင့် အခုမသေခင် အဘိုကြားနဲ့အနာကြားမှာ ယနေ့ည သက္ကာယနဲ့ဒိဋ္ဌိကို အသိနဲ့လဲ ခွဲသွားမယ်၊ အပွားနဲ့လဲ ခွဲတတ်

မယ်ဆိုရင် စူဠသောတာပန်ပေါ့။ ဦးပဥ္စင်းတို့ ဒီတရားပွဲထဲမှာဘဲ သေသေ အိမ်ရောက်မှဘဲ သေသေ၊ အပါယ်လေးပါး သွားဘို့ ရှိသေးလား။ (မရှိတော့ပါဘူး ဘုရား)။

အကြောင်းချုပ်တော့ အကျိုးချုပ်တယ်။ အင်း- ဒီတရားမျိုးတွေကို ဒကာဒကာမတွေက ပျင်းလဲမပျင်းနဲ့နော်။ (မှန်ပါဘုရား)။ ပျင်းနေကြပြီလား။ (မပျင်းပါဘူး ဘုရား)။ မပျင်းကြနဲ့၊ ဒီနေရာမှာ အင်မတန်အသားပါတဲ့အဖြေကို တွေ့တော့မှာနော်။ (မှန်ပါ)။

ဒါဖြင့် ဝိသာခနဲ့ ဓမ္မဒိန္နာဝတ္ထုကတော့ ဒီလောက်ဘဲ၊ နိဂုံးချုပ်လိုက်လို့ရှိရင် သောတာပန်အမြင်ကို မေးတယ်။ ဓမ္မဒိန္နာက လျင်မြန်သွက်လက်စွာဘဲ ဖြေလိုက်တယ်နော်။ (မှန်ပါ)။

သန္တော ကာယော သက္ကာယော။

သန္တော၊ ထင်ရှားရှိသော။ ကာယော၊ ပေါင်းဖွဲ့ပြီးတော့ဖြစ်ပေါ်လာတဲ့ သဘောတရားကလေးကို။ သက္ကာယော၊ သက္ကာယဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တော၊ ဟောတော်မူသည်-

လို့ဖြေလိုက်တယ်။ (မှန်ပါ ဘုရား)။ အဲဒါပြီးတော့ သကဒါဂါမ် အနာဂါမ်ပုစ္ဆာတွေ မေးလိုက်တာဘဲ၊ ဝိသာခသူဌေးကြီးကလေ။ (မှန်ပါ)။ နောက်တော့ဖြင့် သူက ဒီထက် ရှေ့ဆက်မမေးတတ်တော့ ဓမ္မဒိန္နာက စူဠဝေဒလ္လသုတ်ကိုဆက်ပြီး ရဟန္တာ

တို့ရဲ့အမြင်ကို ဟောချလိုက်တာ သူဌေးကြီး နားမလည်တော့ဘူးပေါ့ဗျာ။ (မှန်ပါ့ ဘုရား)။

အဲဒီကျမှ "ငါ့ အထင်အမြင်တွေ မှားပါပေါ့ကလား"ဆိုပြီး ကာယကံ ဝစီကံ မနောကံအားဖြင့် ဖြစ်မှားကျူးလွန်ခဲ့သည့် အပြစ်တွေကို ပျောက်ပါစေခြင်းအကျိုးငှါ ဦးသုံးကြိမ်ချကန်တော့ပြီး ဝိသာခသူဌေးကြီးအိမ်ပြန်လာရတယ်၊ ရဟန်းဆိုတာက အထုံဝါသနာ ပါရမီရှိမှ ဖြစ်တာကိုး။ ဒကာ ဒကာမတွေ၊ ရဟန်းပြုဘို့ရာ မလွယ်ဘူးတဲ့။ (မှန်ပါ ဘုရား)။

အနာဂါမ်အဖြစ်နဲ့ဘဲ တိုက်အိမ်ကြီးပေါ်မှာ သွားစံရတာပေါ့လေ။ (မှန်လှပါ)။ ဒါဖြင့် ဝိသာခရှုံးသွားပြီ၊ ဓမ္မဒိန္နာဘာဖြစ်သွားလဲ။ (နိုင်ပါတယ်ဘုရား)။ သူနိုင်တာက ကိစ္စမရှိဘူး၊ ဦးပဥ္ဇင်းတို့ ဒကာ ဒကာမတွေ သက္ကာယနဲ့ ဒိဋ္ဌိခွဲတတ်ဖို့က အရေးကြီးတယ်နော်။ (မှန်ပါ)။

## သက္ကာယနဲ့ ဒိဋ္ဌိခွဲရအောင်

ဒါဖြင့် ဒီအတိုင်းခွဲတာထက် သိမ္မဥာတပရိညာနဲ့ ခွဲလို့ရှိရင် ကောင်းမယ်၊ ဒါလဲ နည်းသေးတယ်၊ တီရဏပရိညာ-ပွားမှု ကလေးနဲ့ခွဲတတ်ရင် ပိုမကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)။ ဒါဖြင့် ဒကာကြီးတွေက ပလ္လင်ခွေထိုင်ကြ၊ တရားလဲ နာရင်း၊ တီရဏပရိညာနဲ့ သက္ကာယနဲ့ ဒိဋ္ဌိပါ ကိုယ့်ဥာဏ်ထဲမှာ ရှင်းသွားပြီဆိုလို့ရှိရင် ဩော်- ဒို့ ငူသေးတာပန်အစစ် ဖြစ်ပြီး အပါယ်တံခါးပိတ်တဲ့အမြင်ဟာ ဒါဘဲလို့ ကိုယ့်ဥာဏ်နဲ့ ကိုယ့် ခန္ဓာကို ရှင်းရှင်းလင်းလင်း သစ္စာဥာဏ် ပွင့်လင်းလာအောင်

ဒကာကြီးတွေက တင်ပလ္လင်ခွေ ထိုင်ပါ၊ ဒကာမကြီးတွေက ကြုံ့ကြုံ့ထိုင်ပါ၊ ဘယ်လက် ကလေးတွေကို အောက်ကထား၊ ညာလက်ကလေးတွေကို အပေါ်ကတင်လိုက်ပါ၊ ကိုယ်ကလေးတွေကိုဖြောင့်စွာထား၊ မျက်လွှာကလေးတွေချ၊ ချပြီးတော့ ဒီက မေးတဲ့အခါကျတော့ ဖြေတာပေါ့တဲ့။

ဝင်လေသိ ထွက်လေသိ - ခဏိကသမာဓိကလေးကို ထူထောင်လိုက်ကြပါ၊ အဲဒီလိုဘဲ မှန်မှန်ကလေး ရှူမှုရှိုက်မှုကိုလုပ်၊ ကြမ်းကြမ်းကြီးလဲမလိုပါဘူး၊ သတိကလေးနဲ့ မိမိခန္ဓာအရှိကို မိမိဉာဏ်ကလေးနဲ့သိရုံပါဘဲ၊ အဲဒီလို ရှိုက်ချင်တဲ့ စိတ်ကလေးသိ၊ ရှူထုတ်ချင်တဲ့ စိတ်ကလေးသိ။ အဲဒီလို မှတ်ပြီးတော့ နေရပါတယ်။

မှန်မှန်ကလေး ရှူမှုရှိုက်မှုကို အားထုတ်ပြီးနေတာက—သမ္မာဝါယာမ။ ဒါဝင်လေဘဲ ဒါထွက်လေဘဲလို့ ကွဲပြားအောင် ခွဲခြားပြီးတော့ သိတာက—သမ္မာသတိ။ အခု တရားအားထုတ်နေတဲ့ ယောဂီတို့၏စိတ်သည် အာရုံတပါး မလှင့်သွားဘဲနဲ့ ဒီဝင်လေထွက်လေအပေါ်မှာ တည်ကြည်နေတာက- သမ္မာသမာဓိ။ အဲဒီ သမာဓိမဂ္ဂင်သုံးပါးရှိရင် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါးက အံဝင်ခွင်ကျဖြစ်လာပါလိမ့်မယ် တဲ့။ ဒါက အာရမ္မဏူပနိဇ္ဈာနစျာန် မဟုတ်ပါဘူး၊ လက္ခဏူပနိဇ္ဈာနစျာန်လို့ ခေါ်တယ်၊ လက္ခဏာကို မြင်ရုံမျှဖြစ်တဲ့ သမာဓိစျာန် တဲ့။

ဒါဖြင့် အခုကြည့်လိုက်တော့ "ဒကာ ဒကာမတွေ"လို့ ခေါ်လိုက်တဲ့အခါ အသံတည်းဟူသော အာရုံရယ် နားတည်းဟူသော ဒွါရရယ် နှစ်ခုတိုက်တဲ့ အကြောင်းကြောင့် ကြားစိတ်ကလေး

ရယ် ပေါ်မလာဘူးလား။ (ပေါ်လာပါတယ် ဘုရား)။ အလိုလို ပေါ်တာလား၊ အာရုံနဲ့ ဒွါရတိုက်လို့လား။ (အာရုံနဲ့ ဒွါရတိုက်လို့ပါဘုရား)။ နားဆိုတာက–ဒွါရ၊ အာရုံဆိုတာက–အသံ၊ အာရုံနဲ့ဒွါရတိုက်တော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါပေါ် လာသလား၊ ကြားစိတ်ကလေး ပေါ်လာသလား။ (ကြားစိတ်ကလေး ပေါ်လာပါတယ် ဘုရား)။ ကြားစိတ် ကလေးဟာ သူ တခုတည်းလား ဆိုတော့ မဟုတ်ပါဘူး တဲ့၊ အသံရယ် နားရယ်က – ရုပ်။ ကြားလို့ကောင်းတယ် မကောင်းဘူး ခံစားတာက - ဝေဒနာ။ အဲဒီဥစ္စာ ဘယ့်သူ့အသံလဲလို့ မှတ်သားထားတာက–သညာ။ အင်း–ဒီအသံကို ဆက်ပြီးတော့ နားထောင်အုံးမယ် ဆိုတဲ့ စေ့ဆော်တဲ့ စေတနာက – သင်္ခါရ။ ငါသိပြီ၊ ဒါဘယ်သူ့အသံဘဲဆိုတဲ့ သိလုံးကလေးက–ဝိညာဏ။ ဒီတော့ ကြားစိတ်ကလေး တချက်ပေါ်လာရင် ခန္ဓာဘယ်နှစ်ပါး ဖြစ်တုံး။ (ငါးပါးပါ ဘုရား)။ တခုစီဖြစ်တာလား၊ တပေါင်းတည်းလား။ ( တပေါင်းတည်းပါ ဘုရား )။ ပဉ္စဝေါကာရဘုံကိုး။

ဩော် ဒါဖြင့် တပေါင်းတည်း ဖြစ်ပေါ်လာတဲ့ ဒီခန္ဓာငါးပါးကို သက္ကာယလို့ မှတ်ပါ။ (မှန်ပါ ဘုရား)။ တပေါင်းတည်းဖြစ်ပေါ်လာတဲ့ ဒီခန္ဓာငါးပါးကို ဘာခေါ်မယ်....(သက္ကာယပါ ဘုရား)။ ကြားစိတ် ခန္ဓာငါးပါးကို.... (သက္ကာယပါ ဘုရား)။ အခု ယားတယ် ယံတယ် နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် ပူတယ် အေးတယ် ညောင်းညာတယ်တောင့်တင်းတယ် ယိုးယိုးရွရွ မိုးမိုးမွမွဆိုတဲ့ ကာယဝိညာဉ် ခန္ဓာငါးပါးကိုကော....(သက္ကာယပါ ဘုရား)။

အဲဒါကို သက္ကာယလို့မှတ်ထား၊ ရှိုက်သွင်းချင်တဲ့စိတ်ကလေး မှုတ်ထုတ်ချင်တဲ့စိတ်ကလေးကကော....(ခန္ဓာငါးပါးသက္ကာယပါ ဘုရား)။ အာရုံနဲ့ဒွါရနှစ်ခုတိုက်တာက—အကြောင်း။ (မှန်ပါ)။ အင်း—ဒီသက္ကာယပေါ်လာတာက.... ( အကျိုးပါဘုရား )။ ဒါဖြင့် အကြောင်းနဲ့ အကျိုးဘဲ မဟုတ်လားဗျာ။ (မှန်ပါ ဘုရား)။

အာရုံ ဒွါရအကြောင်းက-ပဋိစ္စ၊ ခန္ဓာငါးပါး သက္ကာယ အကျိုးတရားက-သမုပ္ပါဒ်။ သက္ကာယနဲ့ ဒိဋ္ဌိနဲ့မကွဲမချင်း ဒီ ဉာဏ်ကိုမရှင်းလို့ ဒီတရားကိုမရမချင်း(၁၅)မိနစ်အတွင်း မိုးကြိုး ဘဲပစ်ပစ်၊ မြွေဘဲကိုက်ကိုက်၊ မီးဘဲလောင်လောင်၊ ဒီတရားကို မရလျှင် ငါဒီနေရာကလဲမရွေ့ဘူး၊ ပြောင်းလဲမပြောင်းဘူးဆိုတဲ့ အဓိဋ္ဌာန်လေး ထားနိုင်ရဲ့လား။ (ထားနိုင်ပါတယ် ဘုရား)။

ကဲ ခန္ဓာကိုယ်ပေါ်က အခု ရွရွ ရွရွပေါ်နေတယ်၊ ဒါ ဘာ ခေါ်ကြမယ်... (ခန္ဓာငါးပါး သက္ကာယပါ ဘုရား)။ ရှင်းရဲ့ လား။ (ရှင်းပါတယ် ဘုရား)။ အခု ပူလိုက် အေးလိုက်ဖြစ်ပေါ် လာတာက ဘာပါလိမ့်.... (သက္ကာယပါ ဘုရား)။ ရွေ့ချင် ပြောင်းချင်တဲ့စိတ်ကလေး ဝမ်းထဲပေါ်လာတာက ဘာပါလိမ့်.... (သက္ကာယပါ ဘုရား)။

ဒကာဒကာမတွေ၊ အဲဒီသက္ကာယဆိုတဲ့ ခန္ဓာငါးပါးသည် မြဲ သလား၊ မမြဲဘူးလား။ (မမြဲပါ ဘုရား)။ မမြဲတာက ဖြစ်ပျက် ဆိုတော့ ဆင်းရဲသလား၊ ချမ်းသာသလား။ (ဆင်းရဲပါတယ် ဘုရား)။ မမြဲဘူးလို့ သိတဲ့ဉာဏ်ကလေးက.... (မဂ္ဂပါ ဘုရား)။ အဲဒါ ဒကာဒကာမတွေမှာ သက္ကာယသာဖြစ်၍ ဒိဋ္ဌိမဖြစ်တော့ဘူး၊

သိတဲ့ဉာဏ်ကလေးပေါ်လာတော့ ဒိဋ္ဌိကပ်နိုင်လေးလား။ (မကပ်နိုင်ပါ ဘုရား)။ ဒါဖြင့် သက္ကာယဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ ဘုရား)။သိတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါ ဘုရား)။ ဟောဒိဋ္ဌိ တဏှာ သေတာက....(သမုဒယသစ္စာပါ ဘုရား)။ ဒီတော့ စိုးရိမ်တဲ့ သောက ငြိမ်း မသွားဘူးလား။ (ငြိမ်းသွားပါတယ် ဘုရား)။ အဲဒါ ဘာသစ္စာလဲ။ (နိရောဓသစ္စာပါ ဘုရား)။ အလုပ်ပေးတရား ယနေ့ညအရှင်းဆုံးဘဲ၊ ခင်ဗျားတို့ တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းမှတ်စမ်းပါ။ (မှန်ပါ့ ဘုရား)။

ငါးမိနစ်ကျော်ကျော် ကျန်တော့တယ်၊ ဒါသက္ကာယနဲ့ဒိဋ္ဌိ ခွဲပုံပြန်ပြောမယ်။ (အမိန့်ရှိပါ ဘုရား)။ အခု ရှူရှူ ရှူရှူနဲ့ ဒကာဒကာမတွေ ကိုယ်ပေါ်မှာ ပေါ်လာတာက ဘာပါလိမ့်...(သက္ကာယပါ ဘုရား)။အဲဒါကို ငါကောင် သူကောင်ထင်ပြီးတော့ သွားကုတ်လိုက်လို့ရှိရင် ဒိဋ္ဌိပေါ့။ (မှန်ပါ့ ဘုရား)။ရှူရှူ ရှူရှူပေါ်တာက ဘာပါလိမ့်....(သက္ကာယပါ ဘုရား)။ ငါကောင် သူကောင်ထင်တာကဘာပါလိမ့်....(ဒိဋ္ဌိပါ ဘုရား)။သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ပေါင်း....(သက္ကာယဒိဋ္ဌိပါ ဘုရား)။

အေး–တရားအားထုတ်တဲ့ အချိန်ကလေးမှာ သက္ကာယနဲ့ဒိဋ္ဌိ မခွဲနိုင်ရင် ဒိုသေရင်ဘယ်သွားမလဲလို့ မမေးနဲ့၊ တကယ့်ကို ခင်ဗျားတို့ အပါယ်လေးပါးသွားမှာ သေချာတယ်။ (မှန်ပါ ဘုရား)။ ဟောဒီ ငါးမိနစ်အတွင်းလောက်မှာ သက္ကာယနဲ့ ဒိဋ္ဌိ ရှင်းအောင် လုပ်ပြစမ်းပါဗျာ။ (မှန်ပါ ဘုရား)။ အားထုတ်ကြမှာလား။ (ထုတ်ပါမယ် ဘုရား)။

အခု နည်းနည်းကျန်တော့တယ်၊ လေးမိနစ်လောက် ကျန်တော့တယ်နော်။ (မှန်ပါ့ ဘုရား)။ ကဲ–အခု ရှူရှူ ရှူရှူနဲ့ ကိုယ်

ပေါ်မှာဖြစ်လာတယ်၊ ဘာပါလိမ့်....(သင်္ခါယပါ ဘုရား)။ မြဲသလား၊ မမြဲဘူးလား။ (မမြဲပါဘူး ဘုရား)။ မမြဲတဲ့တရားဟာ နိစ္စခေါ်မလား၊ အနိစ္စခေါ်မလား။ (အနိစ္စပါ ဘုရား)။ မမြဲတာက–အနိစ္စ၊ သိတာက–မဂ္ဂ။ (မှန်ပါ့ ဘုရား)။ ဒိဋ္ဌိသေတာက–သမုဒယသစ္စာသေတာ။ (မှန်ပါ့ ဘုရား)။

ဩြော် - လေများဖြတ်အုံးမလားလို့ စိုးရိမ်သေးလား။ (မစိုးရိမ်ပါဘူး ဘုရား)။အဲ - စိုးရိမ်မှုငြိမ်းသွားတာက–နိရောဓသစ္စာ။ (မှန်ပါ့ ဘုရား)။ အဲဒီလိုမှမဟုတ်ဘဲနဲ့ ခင်ဗျားတို့က ကုတ်လိုက်မယ် လှုပ်လိုက်မယ် ရွှေ့လိုက်မယ် ပြောင်းလိုက်မယ်ဆိုတော့ ဘာဖြစ်လို့လှုပ်တာတုံး၊ ညောင်းလို့ပေါ့။ အို - ညောင်းတာက ဘာတုံး....(သင်္ခါယပါ ဘုရား)။ ဒါကိုပြောင်းတယ်ဆိုတော့ ငါကောင် သူကောင်ထင်လို့ ပြောင်းတာက.... (ဒိဋ္ဌိပါ ဘုရား)။ ညောင်းတာက.... (သင်္ခါယပါ ဘုရား)။ ငါကောင်သူကောင်ထင်တာက....(ဒိဋ္ဌိပါဘုရား)။သင်္ခါယနဲ့ဒိဋ္ဌိနဲ့ပေါင်း....(သင်္ခါယဒိဋ္ဌိပါ ဘုရား)။ သင်္ခါယဒိဋ္ဌိဆိုတော့ အပါယ်လွတ်ပါ့မလား။ (မလွတ်ပါဘူး ဘုရား)။ ဒါဖြင့် အပါယ်တွန်းပို့တာ သယ်သူပါလိမ့်....(သင်္ခါယဒိဋ္ဌိပါ ဘုရား)။

ဒါဖြင့် သင်္ခါယဖြစ်၍ ဒိဋ္ဌိမဖြစ်အောင်လုပ်လိုက်ရင် ခင်ဗျားတို့ ဦးပဥ္စင်းတို့တတွေသည် အပါယ်လေးပါးက လွတ်ပြီနော်၊ ဒီက ဦးပဥ္စင်းက အမိ အဖ ညီအကို မောင်နှမလို့ သဘောထားပြီးတော့ အင်မတန်ကို စေတနာကြီးကြီးနဲ့ ပြောနေတာနော်။ (မှန်ပါ ဘုရား)။ ကိုင်း–ဒါဖြင့် ဒီလိုလုပ်ပါ၊ သင်္ခါယနဲ့ ဒိဋ္ဌိနဲ့ ခွဲလိုက်ကြစို့ဗျာနော်။ (မှန်ပါ ဘုရား)။

ရှကန်ပေါ်လာတယ်။ဩော်–ဒါဖြစ်ပြီးပျက်တဲ့ တရားကလေး ဘဲလို့ တရားအားထုတ်တဲ့အချိန်မှာ ရှုဖြစ်အောင်ရှုပါ။ (မှန်ပါဘုရား)။ တခြားသောအချိန်မှာတော့ ပြောင်းချင်ပြောင်းပါ၊ ရွှေချင်ရွှေပါ။ (မှန်ပါ)။ ဒီလိုအချိန်မှာ ပြောင်းလဲမပြောင်းနဲ့၊ ရွှေလဲမရွှေနဲ့၊ လှုပ်လဲမလှုပ်နဲ့၊ ကုတ်လဲမကုတ်နဲ့။ (မှန်ပါဘုရား)။

အဓိဋ္ဌာန်ထားတယ် မဟုတ်လား။ (မှန်ပါဘုရား) ။ကဲ–ကြားစိတ်ကလေး ပေါ်လာတာ ဘာလဲ။(သက္ကာယပါ ဘုရား)။ ရှကန်မှကန်ပေါ်တာဟာ....(သက္ကာယပါ ဘုရား)။ ခန္ဓာကိုယ်ထဲ စစ်ကနဲ့ လှစ်ကနဲဖြစ်နေတာဟာ....(သက္ကာယပါဘုရား) ။ပူလိုက် အေးလိုက် ညောင်းလိုက် ညာလိုက် ဖြစ်နေတာ.... (သက္ကာယပါ ဘုရား)။ တောင့်တယ် တင်းတယ် နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ်ဆိုတာတွေက.... (သက္ကာယပါ ဘုရား)။ မြဲနေသလား၊ မမြဲဘူးလား။ (မမြဲပါဘုရား)။ နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါ ဘုရား)။

ကဲ–အနိစ္စက ဖြစ်ပြီးပျက်တော့ ဘာသစ္စာ....(ဒုက္ခသစ္စာ)။ သိတဲ့ဉာဏ်က ဘာသစ္စာ....(မဂ္ဂသစ္စာပါ ဘုရား)။ ဒိဋ္ဌိလာသေးလား။(မလာတော့ပါဘူး ဘုရား)။ ဒါဖြင့် သက္ကာယကို သက္ကာယဘဲလို့သိတာသည် ဒိဋ္ဌိလား၊ ဉာဏ်လား။ (ဉာဏ်ပါ ဘုရား)။ အဲ–ဉာဏ်ဆိုတော့ ဘာသစ္စာလဲ။ (မဂ္ဂသစ္စာပါ ဘုရား)။ အဲဒီ မဂ္ဂသစ္စာပေါ်လာတော့ သက္ကာယရှိသေးရဲ့လား။ (မရှိတော့ပါဘူး ဘုရား)။ မရှိတာက – ဖြစ်ပျက် ဒုက္ခသစ္စာ၊ ဟုတ်လား။ (မှန်ပါ)။သိတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါ ဘုရား)။ ဒိဋ္ဌိ ဒိဋ္ဌုပါ

ဒါနဲ့ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေသေတာက.... (သမုဒယသစ္စာပါ ဘုရား)။ မလှုပ်မယှက်ဘဲနဲ့ ငြိမ်ငြိမ်သက်သက်နဲ့ သောကပရိဒေဝငြိမ်းနေတာက ဘာသစ္စာလဲ။ (နိရောဓသစ္စာပါဘုရား)။

သစ္စာလေးပါး မပေါ်ဘူးလား။ (ပေါ်ပါတယ် ဘုရား)။ ဒါဖြင့် ခန္ဓာလဲမရှေ့နဲ့၊ ပြောင်းလဲမပြောင်းနဲ့၊ ရှေ့ချင်တဲ့စိတ်က လေးပေါ်တာလဲ သက္ကာယဘဲ၊ ရှေ့ချင်တဲ့စိတ်ကလေး ကိုယ်ပေါ်မှာ ပေါ်တာလား၊ ဝမ်းထဲက ပေါ်တာလား။ (ဝမ်းထဲက ပေါ်တာပါ ဘုရား)။ ဝမ်းထဲကပေါ်လာတဲ့ ရှေ့ချင်တဲ့စိတ်ကလေးက ဘာပါလိမ့်ဗျာ.... (သက္ကာယပါ ဘုရား)။ ဟော- သက္ကာယကလေး ပေါ်လာပြီလို့ သိလိုက်တော့ရှိသေးရဲ့လားဗျာ။ (မရှိပါ ဘုရား)။ မရှိတာက-ဖြစ်ပျက်၊ ဘာသစ္စာလဲ.... (ဒုက္ခသစ္စာပါ ဘုရား)။ သိတဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါ ဘုရား)။ သက္ကာယသာဖြစ်တယ်၊ ဒိဋ္ဌိမဖြစ်တော့ဘူး။ (မှန်လှပါ)။

သက္ကာယလေးက ဖြစ်ပြီးရင်.... (ပျက်သွားပါတယ်ဘုရား)။ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။ဒုက္ခသစ္စာသိတဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါဘုရား)။ ဒိဋ္ဌိ ဒိဋ္ဌိပြဒါနဲ့ ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံတွေ သေတာက (သမုဒယသစ္စာပါဘုရား)။ ဒါဖြင့်....မလှုပ်မယှက်နဲ့ ငြိမ်ငြိမ်သက်သက်နဲ့သောကပရိဒေဝငြိမ်းနေတာက ဘာသစ္စာလဲ၊ (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာဆိုတော့ သစ္စာလေးပါး မပေါ်ဘူးလား။ (ပေါ်ပါတယ် ဘုရား)။ ရှိတာလဲ လေးပါးထဲ ရှိတယ်။ (မှန်ပါ)။ ဒကာ ဒကာမတွေ ဉာဏ်ထဲမှာလဲ လေးပါး ပေါ်တယ်။ (မှန်ပါ)။ လေးပါး ပေါ်ချင်လို့ ပေါ်တာလား၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ခွဲတတ်လို့လား။ (ခွဲတတ်လို့ပါ ဘုရား)။

ခွဲတတ်ပလား။ (ခွဲတတ်ပါပြီ ဘုရား)။ အဲ-သက္ကာယသိတဲ့ ပုဂ္ဂိုလ်သည် သက္ကာယဖြစ်ပျက်ဘဲ။ (မှန်ပါ ဘုရား)။ ဒိဋ္ဌိမပေါ်နိုင်တော့ဘူး၊ ဉာဏ်က မဂ်ဘဲ။ (မှန်လှပါ)။ ဒိဋ္ဌိမပေါ်နိုင်ဘဲနဲ့ သေတာက သမုဒယသစ္စာ ပယ်ပြီးသားဘဲ။ (မှန်ပါ ဘုရား)။ မလှုပ်မရှက်ဘဲ ငြိမ်ငြိမ်သက်သက်နဲ့ သောကပရိဒေဝ ငြိမ်းနေတာ နိရောဓသစ္စာဘဲ။ (မှန်လှပါ ဘုရား)။ ရှင်းပလား။ (ရှင်းပါပြီ ဘုရား)။

အဲဒီအတိုင်းသာ အားထုတ်ရင် ဦးပဥ္စင်းတို့ ဒိဒကာဒကာမတွေ အပါယ်လေးပါးက မလွတ်ပေဘူးလား။ (မှန်ပါ ဘုရား)။ အဲဒါကြောင့် ဘုန်းရှင်ကံရှင်များမို့ ဒီတရားကို နာနိုင်တာလို့ မှတ်ကြစမ်းပါ။ (မှန်လှပါ ဘုရား)။ ဒါ ဦးပဥ္စင်းက ပြောတာလားဆိုတော့ မဟုတ်ဘူးနော်။ (မှန်ပါ)။

မိဒွေးတော်ကြီးက ဂေါတမမြတ်စွာဘုရားကို လျှောက်ထားတာကရှိလို့ပါ-

မဓုရာနိ ပဟာဋ္ဌာနိ၊ ဒေါသဂ္ဃါနိ ဟိတာနိ စ။
ယေ တေ ပါကျာနိ သောဿန္တိ၊ တေပိ ဧညာ နရုတ္တမ။

နရုတ္တမ၊ လူတို့၏ဥက္ကဋ္ဌ လွန်ထူးမြတ်တော်မူသော မြတ်စွာဘုရား။ မဓုရာနိ၊ ဆိုမိန့်သာယာ ချိုမြိန့်စွာကုန်ထသော။ ပဟာဋ္ဌာနိ၊ ကြားသူတို့၏စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် စေနိုင်ကုန်ထသော။ ဒေါသဂ္ဃါနိ၊ အပြစ်မျိုးမှကင်း၍ သန့်ရှင်းစင်ကြယ်ကုန်ထသော။ ဟိတာနိ စ၊ ကြားတိုင်းနာတိုင်း မဆိုင်းမတွ အကျိုးရစေကုန်ထသော။ တေ၊ ဘုန်းတော်တောက်ကြွား ရှင်

တော်ဘုရား၏။ ဝါကျာနိ၊ ဟောပြောပြသ ဆိုဆုံးမသောတရားစကားတော်များကို။ ယေ၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ သောဿန္တိ၊ ကြားနာမှတ်သား ကြရပေကုန်၏။ တေပိ၊ ရဟန်းရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်တို့သည်လည်း။ ဓညာ၊ ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမား ကြပါပေကုန်စွ့ မြတ်စွာဘုရား။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

တရားနာ ဘုရားအားထုတ်ကြကုန်သော ပါရမီရှင်အပေါင်းသူတော်ကောင်းတို့သည် ယခုဟောကြားပြသတဲ့ သစ္စာလေးပါးမြတ်တရားကို ကြားနာမှတ်သားပြီးသကာလ ကိုယ်၏ကျန်းမာခြင်း စိတ်၏ကျန်းမာခြင်းဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပြီးလျှင် ဒိဘဝ ဒိခန္ဓာမစွန့်မီ သက္ကာယန့်ဒိဋ္ဌိနဲ့ ခွဲခြားပြီးသောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

**ဝိသာခ ဓမ္မဒိန္နာဝတ္ထု ပြီး၏။**

## သေဘေးမှလွတ်အောင်ကျင့်ပုံ
## အလုပ်ပေးတရား

# ပါဝေယျကာ မင်္ဂလာ ဆင်တော်ဝတ္ထု

သန္တော ယော ဘဂဝါ ဓမ္မံ၊ သန္တဘာဝါယ ဒေသယိ။
သာစေရံ တံ ဘဂဝန္တံ၊ သဒါ ဝန္ဒာမိ သာဒရံ။

ယော ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ကိုးပါးဂုဏ်နှင့် ပြည့်စုံ ကျော်ကြား အကြင်ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်။ သန္တော၊ ကိုယ်တိုင်ကလည်း ကိလေမီးမှ အငြိမ်းကြီးငြိမ်းတော်မူပါပေ၏။ သန္တဘာဝါယ၊ ဝေနေယျများစွာ သတ္တဝါလည်း ကိလေသာမီးဝေး ငြိမ်းချမ်းအေးအောင်။ ဓမ္မံ၊ ကိလေသာငြိမ်း ကြောင်း ဝိပဿနာတရားကောင်းတွေကို။ ဒေသယိ၊ ခန္ဓာဉာဏ် ရောက် နိဗ္ဗာန်ပေါက်အောင် မခေါက်မအား ဟောကြားတော် မူခဲ့ပါပေ၏။ သာစေရံ၊ မိုးကုတ်ဝိပဿနာ နည်းနာဟောသုတ် အချုပ်မကျိုင် ခရိုင်ထွဋ်ထိုး ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး နှင့်တကွ။ တံ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ ကိုးပါးဂုဏ်နှင့် ပြည့်စုံကျော်ကြား ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ကမ္မဋ္ဌာန်းနည်းပြ ဇဝနတွင်ခေါ် တပည့်တော်သည်။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သာဒရံ၊ တတောင်ဆစ်၊ ဒူး၊ နဖူးမြေခ ဦးနှိမ်ချလျက်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး ခြေတော်စုံပပ် လျှိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။ ။

(သာဓု—သာဓု—သာဓု ပါဘုရား)။

ယနေ့ မိတ္ထိလာမြို့ကြီးရဲ့ အနီးအနား ရပ်ဝေးရပ်နီး အသီးသီးမှ ရောက်ရှိလာကြတဲ့ ပါရမီရှင်အပေါင်း သူတော်ကောင်းတွေကို တကယ့်မိရင်းဖရင်း ညီအကိုမောင်နှမ အရင်းကဲ့သို့ စိတ်စေတနာ မေတ္တာတရားထားပြီးတော့ ဦးပဥ္စင်းဟောတဲ့တရားကို နာလဲနာကြားနိုင်ကြပါစေ၊ နာကြားတဲ့အတိုင်းလဲဘဲ သိကြပါစေ၊ သိတဲ့အတိုင်းလဲဘဲ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ မဂ်စခန်း ဖိုလ်စခန်းကို တက်လှမ်းနိုင်ကြပါစေလို့ မေတ္တာစေတနာ အပြည့်အဝကတော့ဖြင့် ရှေးမဆွကဘဲ ထားခဲ့ပါတယ်။

ယနေ့ အထူးပြောချင်တာကတော့ ဒီက အမိအဖ ညီအကို မောင်နှမတွေ နားထောင်ကောင်းတဲ့ တရားကို ဦးပဥ္စင်းဟောတတ်ပါတယ်၊ ဇာတ်လမ်းတွေ ဝတ္ထုတွေနဲ့။ အဲဒီလိုဟာတွေကို ဟောတတ်ပေမဲ့လဲ ဒီလိုဟောခြင်းဟာ နားထောင်လို့တော့ ကောင်းပါရဲ့၊ ဒကာဒကာမအပေါင်း သူတော်ကောင်းတွေမှာ ထွက်ရပ်လမ်းကြောင်းက နဲပြီးတော့နေတယ်။ ဆောင်ဟောတဲ့ တရားတွေကို ဦးပဥ္စင်းက နှုတ်ဆက်တဲ့အနေနဲ့ မဟောချင်ပါဘူး၊ တိုက်ရိုက်ဖြစ်စဉ်ကိုက် ခန္ဓာဉာဏ်ရောက် ဒုက္ခဝဋ် အတွင်းက လွတ်ကင်းစေတတ်တဲ့ တရားတို့နဲ့သာလျှင် ကျေးဇူးဆပ်မယ်ဆိုတာ အားလုံးဒကာဒကာမတွေကို သိထားစေချင်ပါတယ်နော်။ (မှန်ပါ ဘုရား)။

ဒုက္ခသစ္စာဝဋ်အတွင်းက လွတ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်စဉ်ကိုက်ဆိုတဲ့ ခန္ဓာနဲ့ ဖြစ်စဉ်ကိုက် ဝိပဿနာတရားနဲ့သာ အမိအဖ ညီအကို မောင်နှမတွေကို ယနေ့အထူးတလည် ကျေးဇူးဆပ်လိမ့်မယ်ဆိုတာ ပြောလိုပါတယ်။ (မှန်ပါ ဘုရား)။

## လသာတုန်း ဗိုင်းငင်

ဘာဖြစ်လို့တုံးဆိုတော့ ဦးပဥ္စင်းတို့မှာ ပါရမီဆုတောင်းက တော့ဖြင့် ပြည့်စုံနေကြပါပြီ။ "လူ့ဘဝကြီး ရ,ရပါလို၏" ဆိုတဲ့ ပါရမီဆုတောင်းလဲ ပြည့်စုံပြီးသား၊ "သာသနာကြီးနဲ့ ကြုံရပါလို၏"ဆိုတဲ့ ပါရမီဆုတောင်းနဲ့လဲ ပြည့်စုံပြီးသား၊ "မိမိ တို့ဘာသာစကားနဲ့ သစ္စာတရားကိုဟောတတ်တဲ့ ဆရာသမား နဲ့ တွေ့ရပါလို၏" ဆိုတဲ့ ပါရမီ ဆုတောင်းလဲ ပြည့်စုံပြီး သား။

ဒါဖြင့် အခု လိုနေတဲ့ပါရမီက ကျင့်ကြံကြိုးကုတ် အားထုတ် ပြီး ဝိပဿနာရှုဘို့ဘဲ၊ ဒို့အဘို့မှာ အဲဒီပါရမီဘဲ လိုတော့တယ် ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချပါနော်။ (မှန်ပါ ဘုရား)။ အဲဒါက ဆုတောင်းရုံနဲ့ ပြည့်မှာလား၊ ကိုယ်တိုင်လုပ်မှ ပြည့်မှာလား။ (ကိုယ်တိုင်လုပ်မှ ပြည့်မှာပါ ဘုရား)။

ကဲ–ကောင်းပြီ၊ အလုပ်လုပ်မှ ပြည့်မယ်ဆိုတော့– ဒီလိုရှိပါ တယ်၊ ပထမတစ်နံပါတ် မှတ်ဘို့ရာက ဦးပဥ္စင်းတို့ မိတ္ထီလာမြို့ကြီး ဆိုတာဟာ ရှေးအခါတုန်းက မြို့စားကြီးတွေ မင်းတိုင်ပင်အမတ် ကြီးတွေ နေထိုင်ရာအရပ်ဒေသလဲ ဖြစ်နေလေတော့ မြန်မာ ပြည် တလွှားမှာ ကျော်ကြားတဲ့ မြို့ကြီးတမြို့ ဖြစ်ပါတယ်၊ ယခု တိုင်လဲ ကျော်ကြားနေတော့ ဒီမြို့ကြီးဟာဖြင့် မိုတင်းသိတင်း သုံးတော်မူကြတဲ့ သက်တော်ရှည် သံဃာတော်အရှင်သူမြတ်များ နှင့်တကွ မြို့သူမြို့သားအပေါင်း သူတော်ကောင်းတို့မှာ ဗဟုသုတ နဲ့ပြည့်စုံတဲ့ လူရှင်ရဟန်းတို့ရဲ့ နေထိုင်ရာမြို့ကြီးဆိုတာလဲ ဦးပဥ္စင်း တို့ ကြိုတင်ပြီးတော့ သိထားနှင့်ပြီး ဖြစ်ပါတယ်။

ဒီတော့ ကိုးကွယ်ထားတာကလဲ တကယ့်ကို ဆရာကောင်း သမားကောင်း သံဃာတော် အရှင်သူမြတ်တွေလဲ ဖြစ်နေတယ်၊ ဒကာဒကာမတွေကလဲ ဗဟုသုတနဲ့ပြည့်စုံကြပြီး အနှယ်နှယ် အရပ်ရပ်က နာမည်ကြီးမဟာထိကတွေကို ပင့်ဖိတ်ပြီးသကာလ တရားတွေ နာကြားနေရပြန်တော့ သုတပါးဟောတဲ့ တရားကို တော့ နာကြားတတ်တာ အမှန်ပါဘဲ၊ ဦးပဥ္စင်းတို့ဟောတာလဲ သုတပါးပေါ့နော်။ (မှန်ပါ့ ဘုရား)။ အခြား ပုဂ္ဂိုလ်တွေ ဟောတာကကော....(သုတပါးပါဘဲ ဘုရား)။

သုတပါးဟောတဲ့တရားကို မိတ္ထီလာမြို့သူမြို့သား လူအများ တို့က နာလဲနာကြားတတ်ပါတယ်၊ ဝေဘန်တိုင်းထွာနိုင်တဲ့ ဉာဏ် လဲရှိပါတယ်၊ သို့သော် သူများဟောတဲ့တရားကို နာကြားတတ် သလောက် ခန္ဓာကပေါ်တဲ့တရား-ခန္ဓာက ဟောတဲ့တရားကို နာကြားတတ်ဘို့က ပိုအရေးကြီးပါတယ်။ (မှန်ပါ ဘုရား)။

သူများဟောတဲ့တရားကို နာတတ်ရုံနဲ့ တိုက်ရိုက်နိဗ္ဗာန်ရောက် နိုင်ပါ့မလား။ (မရောက်နိုင်ပါဘူး ဘုရား)။ ပိုင်ပိုင်နိုင်နိုင်သာ ဖြေလိုက်၊ ဦးပဥ္စင်းတို့ခေတ် အခါမှာ သူများဟောတဲ့ တရားကို နာတတ်ရုံနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး။ (မှန်ပါ ဘုရား)။ ခန္ဓာက ဟောတဲ့တရားကို နာတတ်မှ နိဗ္ဗာန်ရောက်မယ်လို့ မှတ်ပါ။ (မှန်ပါ ဘုရား)။

နေယျပုဂ္ဂိုလ်တွေ ဖြစ်နေခြင်းကြောင့် ခန္ဓာကဟောတဲ့တရား ကို နာတတ်မှ နိဗ္ဗာန်ရောက်မယ်။ (မှန်ပါ ဘုရား)။ သို့သော် သူများဟောတဲ့တရားနဲ့ ကင်းလို့ကော ဖြစ်နိုင်ပါ့မလား။ (မဖြစ် နိုင်ပါဘူး ဘုရား)။ သူများဟောတဲ့တရားနဲ့ ကင်းလို့လဲ မဖြစ်

ဘူး၊ သူများဟောတဲ့တရား နာတတ်ရုံနဲ့လဲ နိဗ္ဗာန်မရောက်နိုင်ပါဘူး။ (မှန်ပါ ဘုရား)။

ဒီလိုဆိုတော့ သူများဟောတဲ့တရားကို ဥဃဏ်ကလေးနဲ့ မှတ်လိုက်ပါ၊ မှတ်ပြီးတော့ ခန္ဓာကဟောတဲ့တရားကို တကယ့်ကိုသတိထား ဝီရိယစိုက်ပြီး ဥဃဏ်နှင့်နာကြားတတ်လို့ရှိရင် နိဗ္ဗာန်ရောက်မယ်လို့မှတ်ပါ။ (မှန်ပါ ဘုရား)။

## ပရိယတ်ရှိမှ ပဋိပတ်သိ

သို့အတွက်ကြောင့် အခုမိတ္ထိလာမြို့ကြီးမှာ ကိုးကွယ်ထားတဲ့ သက်တော်ရှည် သံဃာတော် အရှင်သူမြတ်တွေ ဆိုရင်လဲဘဲ ပရိယတ်ဘက်ကရော ပဋိပတ်ဘက်ကပါ တကယ့်ကို စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေမဟုတ်လား။ (မှန်ပါ ဘုရား)။

သူတို့စွမ်းဆောင်နိုင်တဲ့ ပရိယတ် ပဋိပတ်မှတပါး ဦးပဥ္စင်းတို့ ကိုးစားစရာမရှိပါဘူး။ (မှန်ပါဘုရား)။ ခန္ဓာကဟောတဲ့ တရားနာဘို့ဆိုတာက ပရိယတ်ကနေ တဖန်ဆင်းသက်ပြီးမှ ခန္ဓာကဟောတဲ့တရားနာလို့ဖြစ်ပါတယ်။ (မှန်ပါ ဘုရား)။

ဒါကြောင့်—

ယထာ အာလိဆိန္နေ ဇလာ၊ ဘိဇ္ဇန္တိ ကမလာနိ စ။
တထာ ပရိယတျာ ဆိန္နေ၊ အညာနိ သာသနာနိ စ။

လို့ ကျမ်းဂန်တွေကပြဆိုထားတော့ ပရိယတ်တည်းဟူသော ကန်ဘောင်ရိုးကြီး ကျိုးသွားခဲ့သော် ပဋိပတ်တည်း ဟူသော လုပ်ငန်းစဉ်ဟာဖြင့် တည်နိုင်ပါအုံးမလား။ (မတည်နိုင်ပါဘူး

ဘုရား)။ ဒါဖြင့် မိတ္ထိလာမြို့ကြီးမှာ စာပေပရိယတ္တိတွေ ပြသနေတာဟာ ကန်ဘောင်ရိုးဆည်နေတာ၊ ကန်ဘောင်ရိုးတည်လို့ရှိရင် ပဋိပတ္တိတည်းဟူသော ရေတွေ ကျင့်စရာတွေကတော့ဖြင့် ဦးပဥ္စင်းတို့ သာသနာ ငါးထောင်စလုံး ရှိလိမ့်မယ်လို့ မှတ်ပါ။ (မှန်ပါ ဘုရား)။

ဒီလိုဆိုရင် ဘုရားသာသနာနဲ့ ကြုံနေတာဟာ ဘုရားနဲ့ တွေ့နေတာနဲ့ မတူပေဘူးလား။ (တူပါတယ် ဘုရား)။ အဲဒီအချိန်ကလေးမှာမှ ခန္ဓာကဟောတဲ့တရားကို မနာတတ်တော့ဘူးဆိုလို့ရှိရင် ဘုရားနဲ့လွဲပြီ။ (လွဲပါပြီ ဘုရား)။ ဘုရားနဲ့ တခဏကလေးလွဲသွားလို့ရှိရင် သေခါနီးကျတော့ စိုးရိမ်ခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း မလာပေဘူးလား။ (လာပါတယ် ဘုရား)။

ခန္ဓာကဟောတဲ့တရားကို နာတတ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ နာလိုက်မယ်ဆိုရင် နေတော့လဲ ပြုံးပြုံးဘဲ၊ သေတော့လည်း ပြုံးပြုံးဘဲ မသေရပေဘူးလား။ (သေရပါတယ် ဘုရား)။ ဒါဖြင့် သာသနာနဲ့ တွေ့ကြုံရကျိုး မနပ်ပေဘူးလား။ (နပ်ပါတယ် ဘုရား)။ ဒါကြောင့်မို့လို့–

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒ္ဓတ္တေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။

ဘောဓန္တော၊ ပါရမီရှင်အပေါင်း အို သူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်းတို့သည်။ ခဏံ၊ ဘုရားပွင့်ရာ သာသနာနှင့် အခါမယုတ် ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးကို။ မာ ဝိရာဓေထ၊ အမှတ်မဲ့နေ၍ ချွတ်ချော်တိမ်းပါး အချည်းနှီးကုန်ဆုံး၍ မသွားကြပါစေကုန်လင့်။ ဟိ သစ္စံ၊ ငါဘုရား၏ တိုက်တွန်းသောစကားသည် မမှားကေန် စင်စစ်မှန်၏။ ဝါ၊ ထိုစကားသည် မမှား

စင်စစ် ကေန်ဖြစ်၏။ ခဏာတီတာ၊ ကိုယ့်ဘိုကိုယ်ကား မကြိုးစားဘဲ တရားမှောက်သွန် ခဏကိုကုန်လွန်ကြကုန်သောသူတို့သည်။ သောစရေ- သောစန္တိ၊ နောင်တတဖန် ပူပန်စိုးရိမ်ကြရလေကုန်၏။ သဒတ္ထော၊ လောက်လောက်လားလား ကိုယ့်အကျိုး ကိုယ့်စီးပွား၌။ ဝါယမေယျာထ၊ ရဲရဲဝံ့ဝံ့နှင့် စွန့်စွန့်စားစား အားထုတ်ကြရကုန်ရာ၏။ ခဏော၊ ဘုရားတရားနှင့်ကြုံ ဤလူ့ဘုံမှာ ဘိုက်ဆုံခဲလှ ယခုလိုစုံလင်လှသော အခွင့်ကောင်း ကာလကြီးသည်။ ဝေါ-တုမှာကံ၊ သင်သူတော်ကောင်း သူမြတ်လောင်းတို့အား။ ပဋိပါဒိတော၊ ပက်ပင်းကြုံ၍ ရင်ဆိုင်ကြီး တွေ့နေရချေပြီတကား။ ။

(သာဓု-သာဓု-သာဓု ပါဘုရား)။

ဦးပဉ္စင်းတို့ ဒကာဒကာမတွေမှာ အခု ကျန်းမာရေးနဲ့လဲ ညီညွတ်ပြန် မိုးကုတ်ဆရာတော် ဘုရားကြီးတို့လို သစ္စာတရားဟောတတ်တဲ့ ဆရာသမားနဲ့လဲ တွေ့ရပြန်၊ အဲဒီအချိန်ကောင်းကလေးနဲ့လွဲများသွားမယ်ဆိုရင် ကိုယ်ရေးကိုယ်တာအတွက် တရားအားထုတ်ဘို့ အချိန်ရှိပါဦးမလား။ (မရှိတော့ပါဘူးဘုရား)။ တရားအားထုတ်ဘို့ အချိန်မရှိဘဲနဲ့ သေရလို့ရှိရင် စိုးရိမ်ခြင်း ပူဆွေးခြင်းတွေ မလာပေဘူးလား။ (လာပါတယ်ဘုရား)။ ကိုင်း- ကိုယ့်အတွက် ဘာပါလာမလဲဆိုတော့ စိုးရိမ်ပူဆွေးတဲ့ အကုသိုလ်ဘဲ ကိုယ့်အတွက်ပါလာမယ်။ (မှန်ပါ ဘုရား)။

## ဇာတ်လမ်း

ဒါကြောင့် ယနေ့တော့ဖြင့် ကိုယ်ရေးကိုယ်တာအတွက် သိရအောင် ရှေ့ပိုင်းကနေပြီး ဟောပေးမယ်၊သိအောင် ပြောပေးမှာကတခြားမဟုတ်ပါဘူး။

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟ-
ရတိ ဇေတဝနေ။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်အောင် ဆောက်လုပ် လှူဒါန်း၍ ထားသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံး နေထိုင်တော်မူ၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူသော ကာလဝယ် သာဝတ္ထိပြည်ကြီးကို ထီးနန်းအုပ်ချုပ် မင်းလုပ်တာက **ပသေနဒီကောသလ** မင်းကြီးဆိုတာ သူတော်ကောင်းတွေသိပြီး ဖြစ်တဲ့အတိုင်းပါဘဲ၊ သူ့မှာလဲ **ပါဝေယျက** ဆိုတဲ့မင်္ဂလာဆင်ကြီးတစီးရှိတယ်လို့ မှတ်ရမယ်နော်။ (မှန်ပါ ဘုရား)။

ဒီဆင်ကြီးကိုစီးပြီးတော့ စစ်တိုက်လို့ရှိရင် အောင်ပွဲတွေ ခဏခဏရလို့ သူ့ကို ကျကျနန သေသေချာချာ ကျွေးမွေးသုတ်သင်ပြီးတော့ ဆင်ထိန်းဆရာနဲ့ထားတယ်၊ ဆင်ကြီးကလဲ တနေ့တနေ့ တရွေ့ရွေ့ကြီးလာပြီးတော့ အိုတာဘဲ မဟုတ်လား။ (အိုတာပါဘဲ သုရား)။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေကလဲ တနေ့တနေ့နဲ့ တဖြေးဖြေးကြီးလာတာ ဘာဖြစ်တာလဲ။ (အိုတာပါဘဲ ဘုရား)။ အိုသာအိုတာ၊ ကိုယ့်ကိုကိုယ်တော့ အိုလာပါပေါ့လားလို့ သတိမရဘူး။ သားသမီးတွေ နှစ်ယောက်ကနေ သုံးယောက် လေးယောက် ထွန်း

ကားလာတော့ကော ဒါသားသမီး ထွန်းကားတာသာ မြင်တာ၊ အားအင်တွေ ဆုတ်ယုတ်လာတာကို မြင်ရဲ့လား။ (မမြင်ပါဘူး ဘုရား)။ မဆုတ်ယုတ်လို့ မမြင်တာလား၊ ဆုတ်ယုတ်ရက်နဲ့ မမြင် တာလား။ (ဆုတ်ယုတ်ရက်နဲ့ မမြင်တာပါ ဘုရား)။

ဆုတ်ယုတ်ရက်နဲ့ မမြင်တာက–အဝိဇ္ဇာ၊ ဒီ အားအင်ဆုတ် ယုတ်နေတဲ့ ခန္ဓာကိုယ်ကြီးကိုပင် ငါကောင်သူကောင် ထင်ပြီး တော့ ငါ့မှာ သားသမီးလေးယောက်ရှိပေမယ်လို့ ရုပ်ရေကမပျက် သေးဘူးလို့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတာက – တဏှာပေါ့။ (မှန်ပါ့ ဘုရား)။ စွဲလမ်းတာက–ဥပါဒါန်။ ဒီအတွက်နဲ့ မိမိ ကိုယ်ကာယကို ကိုယ်နဲ့ပြုပြင်လိုက်, ပါးစပ်ကလေးနဲ့ ပြုပြင်လိုက် လုပ်တာက–ကာယကံ, ဝစီကံပေါ့။ (မှန်ပါ ဘုရား)။

အဲဒီကံတွေဟာ တနေ့တခြား အတိတ်ကံတွေကလဲ ယိုယွင်း, ပစ္စုပ္ပန်ကံတွေကလဲ အသစ်ထပ်ထည့်ဆိုတော့ ကိုယ်ကသာ အသစ် ထပ်ထည့်တယ်ထင်တာ၊ အတိတ်ကံ ချို့ယွင်းသွားတာကဖြင့် ပြည့် သေးရဲ့လား။ (မပြည့်တော့ပါဘူး ဘုရား)။ ဖီးရင်း လိမ်းရင်း ပြုပြင်ရင်းနဲ့ ဆံပင်ကလေးတွေ ဖြူလာ။ အဖွားကြီးတွေတချို့ ဆံပင်ဖြူနုတ်ကြဆိုဘဲ၊ မိတ္တီလာက အဖွားကြီးတွေကို ပြောတာ မဟုတ်ပါဘူး၊ ရန်ကုန်က ဒကာမကြီးတွေကို ပြောတာပါ။

တချို့ကျတော့ သနပ်ခါးလေးနဲ့ ပါးရေကလေးတွန့်တာ ဖုံးလိုက် ဖိလိုက်လုပ်၊ ဩော် ပြုရင်းပြင်ရင်းနဲ့ နောက်တော့ ပြုပြင်လို့တောင် ရသေးရဲ့လား။ (မရတော့ပါဘူး ဘုရား)။ အဲဒါ အတိတ်ကံတွေ ဆုတ်ယုတ်သွားတာလို့ မှတ်ကြပါနော်။ (မှန်ပါ ဘုရား)။

ပါဝေယျကဆင်ကြီးလဲ ထိုနည်းတူစွာဘဲ ကံတွေဆုတ်သွားတာတောင် သူ့ကိုယ်သူအထင်ကြီးပြီး အစာရေစာပေါတဲ့ စားကျက်တော မြောမြောပြီး စားသွားလိုက်တာ အစာကလဲဝ ဗွက်ထဲလဲကျွံကျတော့ ခါတိုင်းလိုအထင်ကြီးပြီးနေတဲ့ ဆင်ကြီးဟာ သူ့ရှန်းတက်လို့မရတော့ဘူး တဲ့၊ဗွက်ကလဲနစ်သွားပြီ။ (မှန်ပါ့၊ နစ်သွားပါပြီ ဘုရား)။ ဗွက်နစ်နေတော့ ရှန်းတက်လို့မရတော့ဘူး။

ဖြစ်ချင်သလိုသာ ဖြစ်ပါစေတော့လို့ ပေယျာလကန်ထားပြီး ခတ်ဖြေးဖြေး အေးအေးဘဲပေါ့ဗျာ။ (မှန်ပါ)။ ဒီလိုဖြစ်နေတာကိုဆွမ်းခံတဲ့ရဟန်းတွေနဲ့ တိုင်းသူပြည်သား လူအများတွေကမြင်တော့ "ပါဝေယျကဆိုတဲ့ ရှင်ဘုရင်စီးတဲ့ မင်္ဂလာဆင်ကြီးတဲ့ဟေ့ အခုဗွက်နစ်နေတာ ကုန်းပေါ်တောင်မှ မတက်နိုင်တော့ဘူးကွ" ဆိုပြီး ကဲ့ရဲ့သဂြိုဟ် စကားတွေ ပြောဆိုကြတော့ မင်းနားတထောင်ဆိုသလို ရှင်ဘုရင့်နား ကြားသွားပါရော။ မှန်ပါဘုရား)။

ဒီတော့မှ ရှင်ဘုရင်က "ဟေ့ ဆင်ထိန်းဆရာ၊ လာအုံး၊ ပါဝေယျက မင်္ဂလာဆင်ကြီး ကုန်းအထက်ကို ရှန်းတက်နိုင်အောင်မင်းသွားလုပ်ချေ" တဲ့။

အသင်မင်းကြီး၊ ဒီအတိုင်းနဲ့တော့ဖြင့် ပါဝေယျက မင်္ဂလာဆင်ကြီး ဘယ်နည်းနှင့်မှ ကုန်းအထက်ကို ရောက်နိုင်တော့မှာမဟုတ်ဘူး၊ အဲဒီတော့ အကျွန်ုပ်ကို စစ်အင်္ဂါလေးပါးတော့ဖြင့်ခေတ္တခဏ ပေးသနားတော်မူပါလို့ ဆိုတော့ "ယူစေ"လို့ ရှင်ဘုရင်ကြီးက အမိန့်တော်မြွက် မှတ်လိုက်တယ်။

ဆင်ထိန်းဆရာက အခြားသော တိုင်းနိုင်ငံက စစ်အင်္ဂါလေးပါး ဆင်ယင်ကျင်းပတဲ့အခါမှာ ဝတ်စားဆင်ယင်ရတဲ့ စစ်ဝတ်

ဘန်းဆာတွေကို ကပြောကရာချုပ်လုပ်ပြီး ခြေသည်းတပ်တွေ မြင်းဟပ်တွေ ဆင်တပ်တွေကို အဲဒီ စစ်ဝတ်တန်းဆာတွေကို ဝတ်ဆင်ပေးပြီးတော့ စည်မောင်းခရာတွေ ရိုက်ခတ်တီးပြီး ခပ်လှမ်းလှမ်းကနေ ပြလိုက်တော့ ပါဝေဃျက မင်္ဂလာဆင်ကြီးက "ဟာ-ငါ့သတ်မဲ့ ရန်သူတွေ လာနေပါပေါ့လား" လို့ မမြင်ပေဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်တာက နားက မြင်တာလား၊ မျက်စိက မြင်တာလား။ (မျက်စိက မြင်တာပါဘုရား)။ မျက်စိက မြင်တယ်ဆိုတော့ ဒါဖြင့် အလိုလိုမြင်တာလား၊ ဟိုက စစ်အင်္ဂါအဆင်းနဲ့တိုက်မှ မြင်တာလား။ (စစ်အင်္ဂါအဆင်းနဲ့ တိုက်လို့ပါဘုရား)။ စစ်အင်္ဂါ လေးပါးတည်းဟူသော အဆင်းရယ် မျက်လုံးရယ် နှစ်ခုတိုက်တော့ မြင်စိတ် မပေါ်လာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။ ဒါကြောင့် "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ ဟောထားတာပေါ့။

မြင်စိတ်ကလေး ပေါ်လာတဲ့အခါ ဝမ်းထဲမှာ တွေးတောစိတ်ကလေးလဲ ပေါ်လာတယ်။ ဒါ—သူ့ကို ကယ်မဲ့သူတွေလား၊ သူ့သတ်မဲ့ ပုဂ္ဂိုလ်တွေလား။ (သူ့သတ်မဲ့ ပုဂ္ဂိုလ်တွေပါဘုရား)။ သူ့သတ်မဲ့ ပုဂ္ဂိုလ်တွေလို့ သူက ဆုံးဖြတ်ချက် ချလိုက်တယ်နော်။ (မှန်ပါဘုရား)။ မမြင်ဘဲနဲ့ ဆုံးဖြတ်ချက်ချတာလား၊ မြင်ပြီးတော့ ဆုံးဖြတ်ချက်ချတာလား။ (မြင်ပြီးတော့ ဆုံးဖြတ်ချက်ချတာပါဘုရား)။ မြင်တဲ့ စိတ်ကလေးက–အကြောင်းပေါ့။ (မှန်ပါ့)။ ငါ့သတ်မဲ့ပုဂ္ဂိုလ်တွေ လာနေပြီလို့ ဆုံးဖြတ်ချက်ချတဲ့စိတ်က.... (အကျိုးပါဘုရား)။ အကြောင်းနဲ့အကျိုးဘဲ၊ ဘယ်မှာမှ ပုဂ္ဂိုလ် သတ္တဝါ မပါဘူးပေါ့။ (မပါပါဘူးဘုရား)။

## ဘေးတွေ့မှ ကြိုးစားတတ်

သို့သော် ဆင်ဆိုတော့ ဒါတွေ နားမလည်ဘူးပေါ့ဗျာ။ (မှန်ပါဘုရား)။ အဲဒီတင်မှာ သူ့အသိက ဘာရှိလဲဆိုတော့ "ဒင်းတို့ အသတ်တော့ မခံဘူးကွ၊ ငါ့သတ်မဲ့ ရန်သူတွေလာနေပြီ" ဆိုပြီး တော့ လုံ့လဝီရိယတွေက ပိုမလာဘူးလား။ (ပိုလာပါတယ် ဘုရား)။ ဘာမြင်လို့ ပိုလာတာလဲ။ (ရန်သူကို မြင်လို့ပါဘုရား)။

ရန်သူတွေအသတ်တော့မခံဘူး၊ သူတို့ရန်ဘေးက လွတ်တဲ့ နေရာကုန်းအထက်ကို ငါရောက်အောင် ရုန်းတက်မယ်ဆိုတဲ့ ဝီရိယ တွေ ပိုမလာပေဘူးလား။ (ပိုလာပါတယ်ဘုရား)။ အဲဒါ-ရန်သူ ကို မြင်တာက—အကြောင်း၊ ဝီရိယပိုလာတာက—အကျိုးပေါ့။ အဲဒီတင်မှ လုံ့လဝီရိယတွေ ရှေ့တင်ပြီး နင်လားငါလားနဲ့ ခါ တိုင်းလို ရုံးရိုးမဟုတ်ဘဲ ရန်သူကိုမြင်လာတော့ ဝီရိယရှေ့တင်ပြီး ရုန်းတက်လိုက်တာ ကုန်းအထက်ကို လွယ်လင့်တကူရောက်သတဲ့။ (မှန်လှပါဘုရား)။

အိုကြီးအိုမ ပါဝေယျက မင်္ဂလာဆင်ကြီး လုံ့လဝီရိယအစွမ်း အားဖြင့် ဘယ်ရောက်လာလဲ။ (ကုန်းအထက်ကို ရောက်လာပါ တယ်ဘုရား)။ ဒီလုံ့လဝီရိယတွေက ဘာမြင်လို့ပါလိမ့်။ (ရန်သူကို မြင်လို့ပါဘုရား)။

အေး–ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ သားရေး သမီးရေး စီးပွားရေးဆိုတဲ့ စားကျက်တောမှာမြောနေတော့ ကိလေသာဗွက် ကျွံနေတယ်၊ တရားသွားနာရအောင်ဆိုရင် မအားသေးဘူး တဲ့။ ဘာဗွက် ကျွံနေတာပါလိမ့်။ (ကိလေသာဗွက် ကျွံနေပါတယ် ဘုရား)။

ဟောဒီ သားကလေးတွေ သမီးကလေးတွေက သားပျို သမီးပျိုတွေ ဖြစ်နေပြီဘုရား၊ သူတို့ချည်းထားခဲ့လို့ ဖြစ်မှာလား ဆိုတဲ့ ဆင်ခြေဆင်လက်တွေနဲ့ ဒကာဒကာမတွေ တရားပွဲမလာနိုင်ဘဲ သား သမီးနား ကပ်နေတာကကော ဘာဖြစ်နေတာလဲ။ (ကိလေသာဗွက် ကျံနေတာပါဘုရား)။ ကိလေသာဗွက် ကျံနေတာပေါ့။ (မှန်ပါဘုရား)။ အဲဒါကို ရိပ်မိကြရဲ့လား၊ ဟိုတုန်းကတော့ မရိပ်မိပါဘူး၊ ယခုတော့ သြော်-ကိလေသာဗွက်ထဲက သူတို့ဘေးမြင်လို့ ရုန်းထွက်လာတဲ့ ပုဂ္ဂိုလ်တွေမို့ တရားပွဲရောက်လာတာဆိုတာ ဦးပဉ္စင်းက ဆုံးဖြတ်ချက်ချပြီးသားပါ။

ကဲ-ဝတ္ထုကလေး ဆက်ကြရအောင်၊ ဝတ္ထုက ဟောချင်လို့မဟုတ်ပါဘူး၊ ဒါကလေး ပမာပြုပြီးတော့ ဒို့ဖြစ်စဉ်က ဒီလိုပါလားဆိုတာ ပေါ်လွင်စေချင်လို့ပါ။ (မှန်ပါ)။

ဒါနဲ့ဘဲ ပါဝေယျက မင်္ဂလာဆင်ကြီး ကုန်းအထက် ရုန်းတက်တာကို ဆွမ်းခံသွားတဲ့ ရဟန်းတွေကမြင်လျှင် ဇေတဝန်ကျောင်းတော်ရောက်တော့ ဘုရားသခင်ထံ "အရှင်ဘုရား၊ ပါဝေယျက မင်္ဂလာဆင်ကြီး ဗွက်နစ်နေတာ အတော်ကြာနေပြီဘုရာ့၊ ဆင်ထိန်းဆရာက အခြား တိုင်းနိုင်ငံက စစ်အင်္ဂါ စစ်ဝတ်တန်ဆာတွေ ဝတ်ဆင်ပြီးသကာလ စစ်အင်္ဂါလေးပါးနဲ့ စည်မောင်းခရာတွေ ရိုက်ခတ်တီးပြီး ကြွေးကြော်သံပေးလိုက်တော့မှ ငါ့သတ်မဲ့ ရန်သူတွေ လာနေပြီဆိုတဲ့ အထင်နဲ့ ပါဝေယျကမင်္ဂလာဆင်ကြီးဟာ ကုန်းအထက် လုံ့လဝီရိယတွေနဲ့ ရုန်းတက်လိုက်တာ အလွယ်တကူ ရောက်လာတယ်ဘုရား" လို့ လျှောက်ထားလိုက်တယ်။ ဒီတော့ မြတ်စွာဘုရားက တရားကောက်ဟောလိုက်တယ်။

အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါ ဥဒ္ဓရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဥ္ဇရော။ ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ အပ္ပမာဒရတာ၊ မမေ့မလျော့ မပေါ့မတန် သတိပဋ္ဌာန်တရား၌ ပျော်ပါးမွေ့လျော်ကြကုန်သည်။ ဟောထ။ ဖြစ်ကြပါကုန်လော့။ သစိတ္တံ၊ ဟိုအာရုံဒီအာရုံ ပြေးခုန်လွှားစိုင်း မိမိ၏စိတ်ရိုင်းကို။ အနုရက္ခထ၊ ဝိပဿနာတရား ဆင်ခြင်ပွား၍ ယဥ်ပါးအောင် စောင့်ရှောက်ကြပါကုန်လော့။ ယထာ၊ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ပင်္ကေ၊ လွတ်ရန်ခက်ခဲ ညွှန်ဗွက်ထဲ၌။ သန္နော၊ လှုပ်လေမြုပ်လေ ကျံ့နစ်နေသော။ ကုဥ္ဇရော၊ ပါဝေယျက နာမပေါ်ထင် အားအင်ယုတ်နည်း ဆင်အိုကြီးသည်။ ဒုဂ္ဂါ၊ ကျွတ်လွတ်ဘို့အတွက် ခက်ခဲဘိတောင်း ရွှံ့ညွှန်ပျောင်းမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရတိဣဝ၊ အားသွန်ကြိုးကုတ် ကျွတ်အောင်နုတ်သကဲ့သို့။ တုမှေပိ၊ သင်သူတော်ကောင်းတို့သည်လည်း။ ဒုဂ္ဂါ၊ ထွက်မြောက်ဘို့ရာ လွန်စွာခက်ခဲ ကိလေသာညွှန်ဗွက်ထဲမှ။ ဥဒ္ဓရထ၊ အားမာန်ထုတ်လျက် နုတ်ထွက် ကြပါကုန်လော့။ ဥဒ္ဓရထ၊ ဝိပဿနာတရားသုံးပြီး တအားကုန်းကာ ရုန်းထွက်လျက် ကုန်းအထက် မြေမာနဲ့တူတဲ့ ခေမာအင်္ဂုကမ်းအထက်သို့ လှမ်းတက်ခိုလှုံ ကြကုန်ရာသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)။

မြတ်စွာဘုရားက ချစ်သား သူတော်ကောင်းတို့၊ ပါဝေယျက မင်္ဂလာဆင်ကြီး ရွှံ့ဗွက်ကျံ့နေရာမှ စစ်အင်္ဂါလေးပါးနဲ့ သူ့ကို သတိမဲ့လူတွေလို့ထင်တော့ လုံ့လဝီရိယနဲ့ အားသွန်ခုန်စိုက် ကုန်း အထက် ရုန်းတက်သလို မင်းတို့လဲ ကိလေသာဗွက် ကျံ့နေတာကို စားကာ အိပ်ကာ ပျော်ရွှင်ကာနဲ့ မနေကြပါနဲ့ကွာ၊ မင်းတို့

ကိလေသာဗွက်ထဲက ထွက်မြောက်ဘိုရာ လွန်စွာခက်ခဲလို့ သံသရာဗွက်ထဲကနေပြီးတော့ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်ကို သတိထား ကြောင့်ကြစိုက်ပြီး လုံ့လဝီရိယတရားဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး တက်ကြစမ်းပါလို့ ဟောလိုက်တော့ ရဟန်းအပေါင်းဟာ သောတာပန်တည်သွားကြသတဲ့။ (မှန်ပါဘုရား)။

ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေက သူတို့ သောတာပန်တည်တာ အသာထား၊ ပါဝေယျကမင်္ဂလာဆင်ကြီး ကုန်းအထက် ရှန်းတက်တာလဲအသာထား၊ နမူနာယူပြီးတော့ ဒီအတိုင်း အလုပ်လုပ်ရမယ်၊ ဒကာဒကာမတွေမှာ အိုကြီးအိုမတွေဖြစ်နေပြီး သေဘို့ရာနီးပြီ၊ သေတဲ့အခါကျတော့-ဒါနနဲ့ သီလမပါရင် သေခါမှ သိလိမ့်မယ် ဆိုတာလဲ ကြားဘူးတယ်မဟုတ်လား။ (ကြားဘူးပါတယ်ဘုရား)။ ဘယ်သီလမျိုးလဲ၊ ခင်ဗျားတို့ ဆောက်တည်ထားတဲ့ ငါးပါးသီလမျိုးကို ဆိုတာမဟုတ်ဘူးနော်။ (မှန်ပါ)။ ဣန္ဒြိယသံဝရသီလလို့ ခေါ်ပါတယ်။ (မှန်ပါဘုရား)။ အခု ပါးစပ်က ဆိုပြီး ဆောက်တည်တာကတော့ ပါတိမောက္ခသံဝရသီလ လို့ ဆိုပါတယ်။ (မှန်ပါဘုရား)။

အဲဒီ သီလနဲ့ ခိုင်လုံရဲ့လား။ (မခိုင်လုံပါဘုရား)။ ငယ်တဲ့လူလဲ မှတ်စေချင်ပါတယ်၊ ဒီအထဲမှာ ငယ်တဲ့လူတွေ မှတ်စရာဇာတ်လမ်းကိုတော့ မှတ်တမ်းတင်ဘို့ဟောချင်ပါတယ်၊ သို့သော်-အဲဒါထက် အကျိုးရှိတဲ့တရားမို့ ဒါကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောတာလို့ မှတ်ကြပါ၊ ဆရာလုပ်တာ မဟုတ်ပါဘူးနော်။ (မှန်ပါ)။ အမိအဘ ညီအကို မောင်နှမတွေကို သိစေချင်တဲ့ ဆန္ဒနဲ့ "ဒို့ ဒီအသိနဲ့မှ မသိဘဲနဲ့ သေရရင်ဖြင့် သေခြင်းဆိုးသာ လျှင် ဖြစ်မယ်" ဆိုတာကို သိစေချင်လို့ပါ။ (မှန်ပါဘုရား)။

ဒီတော့-ယနေ့ အထူး လက်ဆောင်ပဏ္ဏာ ကျေးဇူးဆပ်တယ် လို့သာ မှတ်သွားကြပေတော့။ ကိုင်း-ဒီတော့ ပါဝေယျက မင်္ဂလာဆင်ကြီး ကုန်းအထက်ကိုရုန်းတက်တာဟာ တခြားကြောင့် လား၊ ရန်သူမြင်လို့လား။ (ရန်သူကို မြင်လို့ပါဘုရား)။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာလဲ အသက်အရွယ်ကြီးခါမှ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား သုံးပါးက ထိန်းထားတဲ့ အတွက် "ငါသွားနိုင်ပါသေးတယ်၊ ငါလာနိုင်ပါသေးတယ်"လို့ ကိုယ့်ကိုကိုယ် အထင်ကြီးနေတာနော်။ (မှန်ပါဘုရား)။ အိုကြီး အိုမ အထင်ကြီးနေတော့ သေခါနီးကျရင် အားကိုးရာ အား ထားရာကို တကယ်ရကြမလား။ (မရပါဘူးဘုရား)။ မရသေး ဘဲနဲ့ သားအနားက မခွာနိုင်ဘူး၊ သမီးအနားကလဲ ပစ်မသွားနိုင် ဘူး၊ ပစ္စည်းမရှာဘို့ကလဲ မလွယ်ဘူးဆိုတော့ ဒါဟာ ကိလေသာ ဗွက်ထဲ ကျွံနေတာ။ (မှန်ပါဘုရား)။

ဒကာဒကာမတွေ၊ ရှစ်ရက် လပြည့် လကွယ် ကျောင်းမှန်မှန် ထွက်နိုင်ရဲ့လား။ (မထွက်နိုင်ပါဘူးဘုရား)။ ဘာဖြစ်နေတာပါ လိမ့်....(ကိလေသာဗွက် ကျွံနေတာပါဘုရား)။အင်း-ကိလေသာ ဗွက် ကျွံနေတာပါဘဲ။ ဒီလို ကိလေသာဗွက်ကျွံနေရတဲ့ အထဲမှာ ဟိုမှာ သေမင်းစစ်တပ်က ဝိုင်းရံပစ်ခတ်နေတာကို မမြင်ရှာဘဲ ကိုး။ (မှန်ပါဘုရား)။ အဲဒီလိုမမြင်လို့ ငါ့သား ငါ့သမီး ငါ့ ပစ္စည်းဆိုပြီးတော့ အစားကြီးနေကြတာ၊ ငါးဖြာအာရုံ ကာမ ဂုဏ်တွေကို စားနေကြတာနော်။ (မှန်ပါဘုရား)။ ရိုးရိုးစားနေ တာလား၊ ဗွက်ကျွံရင်း စားနေတာလား။ (ဗွက်ကျွံရင်း စား နေတာပါဘုရား)။ သေတော့မှာဘဲ။ (မှန်ပါ)။

အဲဒါတွေကို မသိရင်လဲ မသိတာက–အဝိဇ္ဇာ၊ ဗွက်ကျံနေတဲ့ အထဲမှာဘဲ ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ပျော်ပါးနေတာက–တဏှာ။ မအားသေးဘူးဆိုပြီး ဒီနားက မခွဲနိုင်မခွာရက် စွဲလမ်းနေတာက–ဥပါဒါန်။ မခွာနိုင်ဘဲနဲ့ ပြေးလွှားပြုလုပ် ပြောဆိုနေတာက–ကာယကံ ဝစီကံ။ (မှန်ပါဘုရား)။ ဒီအချိန်မှာသေရင် ကမ္မဘာဝပစ္စယာ.... (အပါယ်ဇာတိပါဘုရား)။ အပါယ်ဇာတိဆိုတာ သေချာသွားပြီ။ (မှန်ပါဘုရား)။

ဒါဖြင့်–မအားသေးဘူးဆိုတာ ဘာလုပ်နေတာပါလိမ့်... (ဒါဒယ်အိုးသွားဘို့ လုပ်နေတာပါဘုရား)။ ဒယ်အိုးသွားဘို့လုပ်နေတာ....(မှန်ပါ)။ ကိုယ်တယောက်ထဲ လုပ်နေတာလား၊ တခြားသော ပုဂ္ဂိုလ်တွေကိုပါ ဆွယ်သေးလား။ (ဆွယ်ပါသေးတယ်ဘုရား)။ ဆွယ်တာပေါ့ဗျာ။တချို့ မပူတတ် မပင်တတ်တဲ့ ပုဂ္ဂိုလ်က အိပ်ပျော်နေလို့ရှိရင် "သူတို့က အိပ်ဘဲ အိပ်နိုင်လွန်းတယ်၊ ငါဖြင့်ဒယ်အိုးထဲရောက်မှ ရောက်ပါ့မလားလို့ ကြံလိုက်ရတာ မောလို့"တဲ့။ (မှန်ပါ)။ ဒီလို မလာပေဘူးလား။ (လာပါတယ်ဘုရား)။ သူတို့များတော့ ဒယ်အိုးမှန်း ဘာမှန်းမသိဘူး၊ သူတို့မို့ အိပ်နိုင်ပါပေတယ်ဆိုတော့ ဟိုမှာသူ့ ဟာသူ အေးအေးဆေးဆေး အိပ်နေတဲ့ဥစ္စာကို ဒီကနေ သွားအရှုံးထပြီး ဆူလား ပူလား လုပ်တယ်။ (မှန်လှပါ)။ တော်ပါ့မလားဗျာ။ (မတော်ပါဘူးဘုရား)။ မတော်ပါဘူး တဲ့။

ဦးပဉ္စင်းတို့ ဒကာဒကာမတွေကာ သေသေချာချာ စဉ်းစားရမယ်။ ဒို့ ရှိးရှိးနေရာ ရောက်နေတာလား၊ ဗွက်ကျံနေတာလား။ (ဗွက်ကျံနေတာပါဘုရား)။ အရောင်းအဝယ်လေးနဲ့ မခွာနိုင်တာလဲ ဘာဖြစ်တာပါလိမ့်....(ဗွက်ကျံနေတာပါဘုရား)။

အိမ်နားက မခွာနိုင်တာကကော.... (ဗွက်ကျံနေတာပါဘုရား)။ ဘာဗွက် ကျွံနေတာပါလိမ့်.... (ကိလေသာဗွက် ကျွံနေတာပါ ဘုရား)။

အဲဒါကို မြို့ထဲပြထဲကျတော့ ကျက်သရေမရှိလို့ဆိုပြီးခင်ဗျားတို့ မသုံးဘူးဗျနော်။ (မှန်ပါ)။ မြို့အသုံးအနှုန်းလေးနဲ့ ဖုံးထားတယ်။ "ငါ့အသက် ကြီးလို့ထင်ပါရဲ့ကွာ၊ မေ့တတ်တယ်"တဲ့။ အမယ်လေး-အသက်ကြီးလို့ မေ့နေတာလား၊ ကိလေသာထူလို့ မေ့တာလားလို့။ (ကိလေသာထူလို့ မေ့တာပါဘုရား)။ ကိလေသာထူလို့ မေ့တာကို သူက အသက်ကြီးလို့မေ့တာနဲ့ သွားဖုံးပစ်လိုက်တယ်။ (မှန်ပါ)။ ဆင်သေကို ဆိတ်ရေနဲ့ ဖုံးလို့ ရပါ့မလား။ (မရပါ ဘူးဘုရား)။

ကိလေသာထူတဲ့ လူချင်းကျတော့ "အင်း- ဟုတ်မယ်ကွ၊ ငါလဲ အသက်ကြီးတော့ မေ့တတ်လာတယ်"လို့ ဆိုပြီးတော့ ဖုံးလို့ ရချင်ရမယ်ပေါ့ဗျာ၊ ဦးပဥ္စင်းတို့ရှေ့ လာပြောရင်တော့ အထုပ်ဖြေတာဘဲ။ (မှန်ပါဘုရား)။ "ဦးပဥ္စင်းကလဲကွာ၊ အဖေအမေလို အောက်မေ့တယ်သာပြောတယ်၊ လူတောထဲမှာ အထုပ်ဖြေ အရှက်ခွဲတယ်" လို့ကော ဆိုချင်သေးလား။ (မဆိုချင်ပါဘူး ဘုရား)။ အဲဒီလောကမှ ဖေါ်မပြောရင်လဲ ခင်ဗျားတို့က မရိပ်မိလို့ ဖေါ်ပြောရတာပါ၊ ပြောတော့မပြောချင်ပါဘူး၊ အားနာပါတယ်၊ သို့သော်လဲ ထုတားတဲ့ကိလေသာကများနေလို့ ထုတ်ဖေါ်ပြောရတာပါ။ (မှန်ပါ)။

တချို့ကရှိသေးတယ်- "အသက်ကြီးလို့ထင်ပါရဲ့ကွာ၊ အိပ်မပျော်ဘူး"တဲ့၊ လာပြန်ပြီ။ (မှန်ပါ)။ အသက်ကြီးလို့ အိပ်

မပျော်တာလား၊ ကိလေသာများလို့ ဝိတက်သုံးပါး ဆက်နေတာလား။ (ကိလေသာများလို့ ဝိတက်ဆက်နေတာပါဘုရား)။ မနက်မိုးလင်းတော့လဲ "အသက်ကြီးလို့ ထင်ပါရဲ့ကွာ၊ ဟိုတုန်းကလို အိပ်လဲမပျော်ဘူး"တဲ့။ အမယ်လေး–အသက်ကလဲကြီးပြန် မုသားစကားကလဲဆိုပြန် မုသာဝါဒကံကလဲ ထိုက်ပြန်ဆိုတော့ ဒယ်အိုးထဲ ရောက်မှ ရောက်ပါ့မလား။ (ရောက်ပါတယ်ဘုရား)။

ကိုင်း–ဒါကို အသာထားပြီး ဦးပဉ္စင်းတို့ ဒကာဒကာမတွေ ဝိပဿနာအလုပ်ပေး တရားလေးနဲ့ သွားရအောင်.. နော်၊ ဗွက်နစ်နေတာလဲ သိသွားပြီ၊ ငါးဖြာအာရုံ ကာမဂုဏ် ခံစားနေတယ်ဆိုတာလဲ သိသွားပြီ၊ ဒီကြားထဲမှာ သေသွားရင် ကောင်းနိုင်ပါ့မလား။ (မကောင်းနိုင်ပါဘုရား)။

ငယ်တဲ့လူလဲ သေတာဘဲနော်၊ ကြီးတဲ့ပုဂ္ဂိုလ်ကော....(သေတာပါဘဲဘုရား)( တိုက်နဲ့တာနဲ့ နေတဲ့လူကော.... (သေတာပါဘဲဘုရား)။ ဒါကြောင့် မသေခင်ကလေးက ကိုးကွယ်ရာရမှ တော်မှာပေါ့။ (မှန်ပါ့ဘုရား)။ အဲဒါကြောင့်....

ဒဟာရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
အဍ္ဍာ စေဝ ဒလိဒ္ဒါ စ၊ သဗ္ဗေ မစ္စုပရာယနာ–တဲ့။

ငယ်တဲ့လူလဲ သေတာဘဲ၊ ကြီးတဲ့ပုဂ္ဂိုလ်ကော.... (သေတာပါဘဲဘုရား)။ ဒါပေမဲ့ ငယ်တဲ့လူနဲ့ ကြီးတဲ့လူ ဘယ်သူက သေကံနီးလို့ ဘယ်သူက သေကံဝေးသတုံး။ (ကြီးတဲ့လူက သေကံနီးပြီး ငယ်တဲ့လူက သေကံဝေးပါတယ်ဘုရား)။ ဒါဖြင့်–အဖေအမေနဲ့ သားသမီးတွေနဲ့ ဘယ်သူက သေကံနီးသတုံး။ (အဖေ

အမေက သေကံနီးပါတယ်ဘုရား)။ သေကံနီးတာက နဲနဲနီးတာ မဟုတ်ဘူး၊ ပါးစပ်ထဲ မရဏာရေက ဝင်တော့မယ်။ (မှန်ပါ့)။ မရဏာရေဝင်လို့ရှိရင် သေရုံဘဲရှိတော့တယ်။ (မှန်လှပါ)။ သားသမီးတွေက ကုန်းပေါ်ကနေတဲ့လူနဲ့ မတူဘူးလား။ (တူပါတယ် ဘုရား)။

အဲဒါ– သေခါနီးက ကိုယ်ရေနစ်နေလို့ ပါးစပ်ထဲ ရေတွေ ဝင်လာတော့မယ် ရှိနေပေမဲ့ အရေးကြီးတဲ့ အချိန်ကြီးမှာ ကိုယ်လွတ်အောင် ကူးဘို့ခတ်ဘို့တော့ မကြိုးစားဘဲနဲ့ ကုန်းပေါ် ကနေတဲ့ သားသမီးတွေကို "မင်းတို့အတွက် ခက်ပါသေးရဲ့" လို့ သေကံဝေးသေးတဲ့ သားသမီးတွေအတွက် ပူနေရင် ဒီလူဟာ လူကောင်း ဟုတ်နိုင်ပါ့မလား။ (မဟုတ်နိုင်ပါဘူး ဘုရား)။ ဘယ့်နှယ်ဗျာ သေကံဝေးသူက သူ့ဟာသူ သွားလိုရာသွား လာ လိုရာလာနိုင်ရက်သားနဲ့ သေခါနီးကြီးက ကိုယ့်အတွက် ပူရမဲ့ အချိန်မှာ ကိုယ့်အတွက်တော့မပူ၊ သူများအတွက် ပူတယ်ဆိုရင် ဒီလူကို လူကောင်းလို့ခေါ်မလား၊ အရူးလို့ခေါ်မလား။ (အရူး လို့ခေါ်ပါ့မယ် ဘုရား)။ ခုအချိန်သာ သေသွားရင် ဘာမသာ ဖြစ်မလဲ။ (အရူးမသာပါ ဘုရား)။

ဘယ်နေ့ဘယ်ရက်က ဘယ်သူတော့ဖြင့် အရူးသေ သေသွား လို့ အရူးမသာကို ကြွခဲ့ကြပါခင်ဗျာ လို့ ဖိတ်စာကလေး ရိုက်ရဲ ပါ့မလား။ (မရိုက်ရဲပါ ဘုရား)။ မရိုက်ပါနဲ့၊ ရိုက်လဲမရိုက်ရဲ ပါဘူးနော်။ ဒါပေမဲ့ မှန်တော့မမှန်ဘူးလား။ (မှန်ပါတယ် ဘုရား)။ အဲဒါကြောင့် အခုတော့ဖြင့်ဒီသေခါနီးပြီဆိုတာ ကိုယ့် ကိုကိုယ်သိပလား။ (သိပါပြီ ဘုရား)။ အဲ – သေခါနီးဆိုရင်

သားတွေ သမီးတွေအတွက် ပူနေရအုံးမှာလားဗျာ၊ ကိုယ်က ကူးဘို့ခတ်ဘို့ အချိန်ကျပြီဥစ္စာ။ (မှန်လှပါ)။

ဒကာ ဒကာမတွေ၊ ပါဝေယျက မင်္ဂလာဆင်ကြီး ဗွက်နစ်ရာက ဘာမြင်လို့ ဝီရိယထားပြီး ကုန်းအထက် ရုန်းတက်ပါလိမ့်ဗျာ....(ရန်သူမြင်လို့ပါ ဘုရား)။ ဦးပဥ္စင်းတို့ ဒီဒကာဒကာမတွေက ရှစ်ရက် လပြည့် လကွယ်မှန်မှန် ရိပ်သာတွေကိုသွားပြီးတော့ (၇)ရက်စခန်းတွေ (၁၀)ရက်စခန်းတွေမှာ ဘယ့်နှယ်ကြောင့် ကျွတ်ကျွတ်လွတ်လွတ် ၇-ရက် ၁၀-ရက်ကလေးလောက်တောင်မှ အားမထုတ်နိုင်တာလဲ၊ ဗွက်နစ်နေလို့ဘဲ။ ဗွက်ထဲကမရုန်းတာက ဘာမမြင်လို့ပါလိမ့်....(ရန်သူမမြင်လို့ပါ ဘုရား)။

အိမ်ကျတော့လဲ ခင်ဗျားတို့က တည်တည်တန့်တန့် ကြောက်ရမဲ့လူမရှိတော့ တရားအားထုတ်မယ် ကြံကာရှိသေး၊ (၁၅) မိနစ်လောက် ကြာလို့ရှိရင်ဘဲ တော်ပါပြီလေဆိုပြီး ခင်ဗျားတို့ လျှော့ပစ်လိုက်ကြတယ် မဟုတ်လား။ (လျှော့ပါတယ် ဘုရား)။ ရိပ်သာတွေမှာလို ဆရာသမားနဲ့ တင်းတင်းကြပ်ကြပ် ဆုံးမဩဝါဒပေးမဲ့ နေရာကျတော့ ကိုယ်က တရားကိုသိပြီးနေတဲ့ ပုံမျိုးလိုလို ဘာလိုလို၊ လာပုံက လာပုံက၊.... ဘယ့်နှယ်ကြောင့် ဒီလိုလာတာလဲဆိုတော့ သေခြင်းဆိုးနဲ့သေချင်လို့။ (သေခြင်းဆိုးနဲ့ သေချင်လို့ပါ ဘုရား)။ အရှုံးမသာဖြစ်ချင်လို့ပေါ့။ (မှန်လှပါ)။ ကိုယ့်အိမ်မှာ ကျတော့ကော ကြိုးစားရဲ့လား။ ( မကြိုးစားပါဘူး ဘုရား)။

ရိပ်သာတွေ သွားရအောင်ဆိုတော့ ကိုယ်ကတတ်သလိုလို နပ်သလိုလို တရားရပြီးသားလိုလိုနဲ့ ဆုတ်ဖယ်ဆုတ်ဖယ် မလုပ်ကြ

ပေဘူးလား။ (လုပ်ပါတယ် ဘုရား)။ ဘာဖြစ်ချင်လို့ပါလိမ့် ဗျာ....(သေခြင်းဆိုး အရှုးမသာဖြစ်ချင်လို့ပါ ဘုရား)။ ဖြစ်ချင်ကြသလား။ (မဖြစ်ချင်ပါ ဘုရား)။

ဒါဖြင့် သားတွေ သမီးတွေကို နှစ်ပေါင်းများစွာ ပြုစုလုပ်ကျွေးလာခဲ့ပြီးမှဘဲ၊ (၁၀) ရက်လောက်ကလေးမှ ခင်ဗျားတို့ မစွန့်လွှတ်နိုင်ဘူးလား။ (စွန့်လွှတ်ပါတော့မယ် ဘုရား)။ အမြဲဘဲ လက်မွှတ်ထိုး စွန့်လွှတ်သွားရမှာလား၊ (၁၀)ရက်ပြည့်ရင် ပြန်ကြမှာလား။ (၁၀-ရက်ပြည့်ရင် ပြန်မှာပါ ဘုရား)။ ၁၀ ရက်ပြည့်ရင် ပြန်ရမှာတောင်မှ မသွားနိုင်ဘူးဆိုတော့ ခြေဘ် ကိုယ်ရေးကိုယ်တာ အတွက်တော့ တပည့်တော်တို့ ဖြစ်ချင်သလို သာဖြစ်ပါစေတော့၊ သားသမီးတွေနဲ့ ဝဝကြီးနေရရင် တပည့်တော်တို့ သေခါမှ အပါယ်သွားချင်လဲ သွားပါစေ၊ သူတို့နဲ့ဝဝနေရရင် ကျေနပ်ပြီဆိုတဲ့ အခိပ္ပါယ် မရောက်ပေဘူးလား။ (ရောက်ပါတယ် ဘုရား)။

အဲဒီလိုကော ကျေနပ်ရဲလား။ ( မကျေနပ်ပါ ဘုရား )။ မကျေနပ်ရင် ပြင်ကြအုံးပေါ့ဗျာ။ သားတွေ သမီးတွေကိုလဲ ရှာကျွေးမယ်၊ ကိုယ်ရေးကိုယ်တာအတွက်လဲ ဒယ်အိုးတည်းဟူသော အပါယ်လေးပါးက လွတ်အောင်လုပ်မယ်ဆိုတဲ့ ဆန္ဒလေးကို မွေးနိုင်ပါ့မလား။ (မွေးပါမယ် ဘုရား)။ အဲဒီ ဆန္ဒမွေးရင် ခင်ဗျားတို့ (၁၀) ရက်လောက်တော့ စွန့်လွှတ်ထိုက်ပါတယ်။ (မှန်ပါ ဘုရား)။

မိတ္ထီလာမြို့ကြီးမှာလဲ ရိပ်သာတွေ အများကြီး ရှိနေတာဘဲ၊ အားထုတ် သင့်ပါတယ်။ ဟို – ပရိယတ္တိသာသနာ ပဋိပတ္တိ

သာသနာတွေ ထွန်းကားနေတဲ့နေရာဘဲ၊ ဆရာကောင်း သမားကောင်းတွေကို မေးကြည့်ရင်သိပါတယ်။ (မှန်ပါ့ ဘုရား)။

ကိုင်း ဒီတော့ ဒီလိုဆိုရင် ဦးပဥ္စင်းတို့ ဒကာဒကာမတွေ ဗွက်နစ်နေတာကလဲ သေချာပြီနော်။ (သေချာပါပြီ ဘုရား)။ ငါးဖြာအာရုံ ကာမဂုဏ် စားကျက်တောထဲမှာ ပျော်မွေ့နေတာလဲ သေချာသွားပြီ။ ဒါနဲ့ များ ဘယ့်နှယ်ကြောင့် သူတို့ ဆုတ်ကန် ဆုတ်ကန် လုပ်နေပါလိမ့်မလဲမေးတော့ သေဘေး မမြင်လို့ပေါ့။ ဘာမမြင်လို့ပါလိမ့် .... (သေဘေး မမြင်လို့ပါ ဘုရား)။ သေဘေးမမြင်လို့ဆိုတော့ သေဘေးမြင်အောင်ပြမယ်။

## သေမင်းစံတဲ့ နန်းတော်

ခုနက စစ်အင်္ဂါလေးပါးပြလို့ ပါဝေယျကဆင်ကြီး ကုန်းအထက်ကို ရုန်းတက်တယ်၊ ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာလဲ စစ်အင်္ဂါလေးပါးဆင်ပြီးတော့ ငစ်ခတ်နေတာ မြင်ကြရဲ့လား။ (မမြင်သေးပါ ဘုရား)။ မမြင်သေးဘူး တဲ့။ မမြင်တာက— အဝိဇ္ဇာ၊ သေဘေးအနားထားပြီး ပျော်နေတာက — တဏှာ၊ စွဲလမ်းတာက — ဥပါဒါန်၊ ပြုပြင် ပြောဆိုတာက — ကမ္မဘဝ။ အဲဒါဆို ကံတွေချည်းဘဲ။ ဒီအချိန်မှာသေရင် ကမ္မဘဝပစ္စယာ အပါယ်ဇာတိလာမယ်။ ဒါဖြင့် သေဘေးမြင်အောင် ပြရမှာပေါ့။ သေသေချာချာ ဥာဏ်ကလေးနဲ့ ကြည့်ကြနော်။ (မှန်ပါ့)။

ဦးပဥ္စင်းကလဲ စစ်အင်္ဂါလေးပါး မြင်အောင်ပြရမှာက ဒီလိုပါ–ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ ဘူတရုပ်လေးပါးကို သေမင်းလို့မှတ်ပါ။ (မှန်ပါ ဘုရား)။ မြတ်စွာဘုရားက

"ရာဓ ရဟန်း၊ ရူပေ မာရော-ကွ"လို့ မဟောဘူးလား။ (ဟောပါတယ် ဘုရား)။

ရာဓ၊ ချစ်သားရာဓရဟန်း။ ရူပေ၊ အသံနှလုံးဆိုတဲ့ ရုပ်တရားမှာ။ မာရော၊ ဇီဝိန်ကိုဖြတ် သေမင်းယုတ်သည်။ အဿ၊ ရှိနေဖြစ်နေ၏ တဲ့။ ဒီလိုဟောထားတော့ ဒကာဒကာမတွေမှာ အသံရှိက အသံကင်ဆာ လာမှာပေါ့၊ နှလုံးရှိရင် နှလုံးရောဂါ မလာပေဘူးလား။ (လာပါတယ် ဘုရား)။ ကဲ–ဒါဖြင့် ဒကာဒကာမတွေမှာ အသံနှလုံးရှိကြရဲ့လား။ (ရှိပါတယ် ဘုရား)။ သေလိမ့်အုံးမယ်။ (သေမှာပါ ဘုရား)။ အသံရှိရင် အသံကင်ဆာ လာမှာကိုး။

ကိုင်း–ဒါဖြင့် ပထဝီဆိုတာက အခု ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်မှာ နာမှုကျင်မှု ကိုက်ခဲမှုလေးတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ ဒါဘာတုံးဗျ၊ ပထဝီပေါ့။ ပထဝီဆိုတာ ခင်ဗျားတို့ကို ကောင်းအောင် ပြုနေတာလား၊ သူက မသေ့သေအောင် သတ်နေတာလား။ (မသေ့သေအောင် သတ်နေတာပါ ဘုရား)။ အခု နာတယ် ကျင်တယ် ကိုက်ခဲတယ်ဆိုတော့ ရှေ့ရင်ရွှေပေး၊ မရွှေ့ပေးရင် ပထဝီဆိုတဲ့ သေမင်းကြီးက "မင်းကိုငါ သတ်လိုက်မယ်"လို့ မကြိမ်းဘူးလား။ (ကြိမ်းပါတယ် ဘုရား)။ ကြိမ်းတော့ ကျွန်တော်မျိုးပိပိ ဟိုဘက်ဒီဘက် မပြောင်းရဘူးလား။ (ပြောင်းရပါတယ် ဘုရား)။

ဒါဖြင့် အခု ဒကာဒကာမတွေ ဘယ်သူနဲ့ထိုင်နေသလဲမေးရင် ဘယ့်နှယ်ပြောမယ်။ (ပထဝီနဲ့ထိုင်နေပါတယ် ဘုရား)။ ပထဝီဆိုတော့ ပေါ့တယ်၊ သေမင်းနဲ့ထိုင်နေတာ။ ဘယ်သူနဲ့ ထိုင်နေ

တာတုံး....(သေမင်းနဲ့ ထိုင်နေပါတယ် ဘုရား)။ သေမှာသေပါ့ မလား။ (သေမှာပါ ဘုရား)။ အဲဒါတောင်မှ ဒကာကြီးအသက် ဘယ်လောက်ရှိပလဲဆိုရင် မမေးပါနဲ့ ဘုရား တဲ့။ ဘာဖြစ်လို့တုံး၊ သေမင်းကြားသွားမှာစိုးလို့။ အိုး—သေမင်းကသင်းချိုင်းကုန်းက လာတာလား၊ ခန္ဓာမှာ ကပ်နေတာလား။ (ခန္ဓာမှာကပ်နေတာ ပါဘုရား)။ ဟုတ်တယ်၊ သေမင်းက ပြုံးနေပြီ၊ ခင်ဗျားတို့က သာ အသက်လွှဲ ပြောရမယ်ဆိုတာ ပါသေးတယ်။ (မှန်ပါ)။ နာ ကျင် ကိုက်ခဲ နေတာဟာ ပထဝီဓါတ်တွေဘဲ မဟုတ်ဘူးလား။ (ဟုတ်ပါတယ် ဘုရား)။

တေဇောဆိုတဲ့ ပူမှုအေးမှုတွေ ရှိကြရဲ့လား၊ ဒကာဒကာမတွေ ကိုယ့်ကိုကိုယ် စမ်းကြည့်စမ်းပါ။ ကြီးတဲ့လူရော ငယ်တဲ့လူရော နွေးနွေးလေး ရှိကြရဲ့လား။ (ရှိပါတယ် ဘုရား)။ ဘယ်သူလာ နေတာပါလိမ့်။ (တေဇော လာနေတာပါ ဘုရား)။ တေဇောလို့ မပြောပါနဲ့၊ သေမင်း လာနေတာပါ။ ဘယ်သူ လာတာတုံး.... (သေမင်းလာနေတာပါ ဘုရား)။ ဘာလုပ်မလို့ လာနေတာပါ လိမ့်။ (သတ်မလို့ လာနေတာပါ ဘုရား)။ သေမှာသေပါ့မလား။ (သေပါတယ် ဘုရား)။

အဲဒါက အပူလွန်ရင်လဲ သေမှာဘဲ၊ အအေးလွန်ရင်လဲ သေ မှာဘဲ။ ဒါဖြင့် အပူလွန်တာ ကြိုက်သလား၊ အအေးလွန်တာ ကြိုက်သလား။ (ဘယ်ဟာမှမကြိုက်ပါဘုရား)။ တယ်-အာသွက် ပါလား၊ အင်း-ဒါကျတော့ အာသွက်လိုက်တာနော်။ မကြိုက် သာမကြိုက်တယ်၊ ခင်ဗျားတို့ ခန္ဓာစမ်းကြည့်၊ အပူရှိသလား၊ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ ဒါဖြင့် – အေးမနေကြနဲ့။

(မှန်ပါ)။ ဘာဖြစ်လို့တုံးဆိုတော့ သေမင်းက လာနေပြီလေ။ (မှန်ပါ ဘုရား)။ အဝေးကြီးလား၊ ကပ်နေသလား။ (ကပ်နေပါတယ် ဘုရား)။ သတ်မှသတ်ပါ့မလား။ (သတ်ပါတယ် ဘုရား)။

အဲဒါမျိုး ဦးပဥ္စင်းတို့ ဒကာဒကာမတွေက မသိသားဆိုးဝါးပြီး "မအားသေးဘူးဘုရား" ဆိုတော့ အင်း–အသေစောသွားရင် ခက်ပါသေးရဲ့ဘဲ။ ဒါဖြင့် ယနေ့ သေမင်းလွှတ်တဲ့နေရာကို ပြမယ်၊ မမြင်ချင်ကြဘူးလား၊ မကြည့်ချင်ကြဘူးလား။ (ကြည့်ချင် မြင်ချင်ပါတယ် ဘုရား)။ ကိုင်း - ဒါဖြင့် ကြည့်ချင်ရင် ပြပါ့မယ်တဲ့။

ပထဝီ တေဇော တဲ့၊ အပူလွန်တော့လဲ ဒီဂရီ(၁၀၁-၁၀၂) ဆိုတော့ ဆရာဝန် ခေါ်ပါဆိုပြီး သွားမခေါ် ရပေဘူးလား။ (ခေါ်ရပါတယ် ဘုရား)။ လာတဲ့ဆရာဝန်ကရော သူက ဘယ်သူနဲ့ လာသတုံး။ (သေမင်းနဲ့ပါ ဘုရား)။ သူလဲ သေမင်းနဲ့လာခဲ့ရတာပါ။ ဒါဖြင့် မသာ မသာချင်း ကယ်လို့တော့ဖြင့် သေဘေးက လွတ်မှာ မဟုတ်ပါဘူး။ (မှန်လှပါ)။ လွတ်ပါ့မလား။ (မလွတ်ပါ ဘုရား)။ ဟိုကလာတဲ့ ဆရာဝန်ကလဲ သေမင်းနဲ့ဆိုတော့ မသာဘဲ။ (မှန်ပါ ဘုရား)။ ဒီကလဲ သေမဲ့ဆဲဆဲဆိုတော့ အသုဘဘဲ တဲ့။ ဒီတော့ မသာကို အသုဘက ကန်းပိုးလို့လဲ ဖြစ်မှာ မဟုတ်ပါဘူး၊ ခဏတော့ ရမှာပေါ့နော်။ (မှန်ပါ)။

အဲဒီတော့ ပထဝီ တေဇော အာပေါ တဲ့။ တော်တော်ကြာ သွေးလွန်တယ်တို့ ချွေးလွန်တယ်တို့ဆိုတာ ဘာဖြစ်ချင်လို့ပါလိမ့်။ (သေချင်လို့ပါဘုရား)။ ဆရာဝန် သွားခေါ်အုံးဆိုပြီး ဆရာဝန်

လာတော့ ဘယ်သူနဲ့လာသတုံး။ (သေမင်းနဲ့ ပါ ဘုရား)။ ဒီမှာရှိတာကကော ဘာရှိသတုံး။ (သေမင်းပါ ဘုရား)။ ဒါဖြင့် သေမင်း သေမင်းချင်းကျတော့ မသာနဲ့ အသုဘပါဘဲ ထဲ့။ ကဲ ဘယ်ဟာကို အားကိုးမလဲ။ (အားကိုးစရာ မရှိပါဘူး ဘုရား)။ အားကိုးစရာမရှိတာ သေချာရဲ့လား။ (သေချာပါတယ် ဘုရား)။ ဒါကြောင့်မို့လို့ ဆီးလွန်တယ် သွေးလွန်တယ်ဆိုတာ ဘယ်ဟာကောင်းသတုံး။ (ဘယ်ဟာမှ မကောင်းပါ ဘုရား)။ အဲဒါလဲ သေမင်းပါဘဲ။ (မှန်ပါ့ ဘုရား)။

တော်တော်ကြာကျတော့ တောင့်တယ် တင်းတယ် ငါ့ ဗိုက်ကြီးက ဘုံးဘုံး ဘုံးဘုံးဖြစ်နေတယ်ဆိုပြီးတော့ ဗိုက်များပုတ်နေသေးတယ်။ (မှန်ပါ့)။ ဘယ်သူကိုသွားပုတ်တာတုံး။ (ဗိုက်ကိုပါ ဘုရား) အာ –သေမင်းကို ပုတ်တာ၊ ဘယ်ကဗိုက်ရမှာတုံး။ ခင်ဗျားတို့က အတော်ဆိုးတဲ့လူတွေ၊ သေမင်းသွားပုတ်နေတာဗျ။ (မှန်ပါ)။ ဗိုက်တင်းနေပြီ သေမင်းကြီးရဲ့၊ မြန်မြန်မှ သေပါ့မလားလို့ သွားပြီးပုတ်နေတာ။ (မှန်လှပါ)။

အဲဒီလို ဗိုက်ပုတ်နေတော့ ပိုပြီးရောင်လာတယ် မဟုတ်လား၊ ပိုရောင်လာတော့ သေမင်းကြီးက ပိုကြွလာတာပေါ့။ (မှန်ပါ့)။ အဲဒါ မြန်မြန်သေအောင် သွားပုတ်တာ၊ ဟုတ်ပလား။ (မှန်လှပါ)။ ဒီလိုကော ပုတ်ဘူးပါရဲ့လား။ (ပုတ်ဘူးပါတယ် ဘုရား)။ အင်း–ကံကောင်းလို့ ခင်ဗျားတို့ ဒီတရားပွဲထဲ ရောက်လာသေးတယ်နော်။ (မှန်လှပါ)။ အဲဒီလို ပုတ်တုန်းကများ ဗိုက်ကပိုပွပြီးတော့ သေသွားလို့ရှိရင် တရားပွဲထဲတောင် ရောက်လာမှာ မဟုတ်ဘူး။

အဲဒီတော့ ဦးပဥ္စင်းတို့ ဒကာဒကာမတွေ ဘယ်သူနဲ့နေကြသတုံး။ (သေမင်းနဲ့ပါဘုရား)။ အခုမှ ခင်ဗျားတို့က တရားရေဝသွားလို့ သေမင်းနဲ့နေတာလို့ ပြောတာ၊ ဟိုတုန်းကတော့ သမီးအကြီးနဲ့ အတူနေတာဘုရာ့ တဲ့။ မိုက်လိုက်တဲ့ဖြစ်ခြင်း၊ နောက်ပြီး သားအကြီးနဲ့ နေတယ်ဘုရား တဲ့။ တချို့ကျတော့ ချွေးမနဲ့နေတယ်၊ သမီးကိုတော့ အိမ်ခွဲပေးထားတယ်နဲ့ လုပ်ချင်လုပ်နေတာ။ (မှန်လှပါ ဘုရား)။

သေမင်းနဲ့နေတယ်လို့များ လာရှဲလား။ ( မလာပါဘူးဘုရား)။ တော်ကြာ ဒကာကြီး ဦးသာဘော်က သူ့ စောင်းပြောတယ် ဖြစ်နေအုံးမယ်။ သေမင်းနဲ့အတူနေတာမှ ဟုတ်ရဲ့လား။ (မှန်လှပါ)။ အဲဒီတော့ သားနဲ့သမီးနဲ့ဆိုတာက ဗဟိဒ္ဓပစ္စည်းတွေပါ၊ ကိုယ်အတွင်းကျကျ နေတာကတော့ အိပ်နေလဲ သေမင်းနဲ့ဘဲ၊ စားနေတော့ကော....(သေမင်းနဲ့ပါ ဘုရား)။ လမ်းသွားတော့ကော....(သေမင်းနဲ့ပါ ဘုရား)။ ဒကာဒကာမတွေ တရားပွဲ အားခဲလာတာ ဘယ်သူနဲ့ပါလိမ့်....(သေမင်းနဲ့ပါဘုရား)။

ဒါဖြင့် "အိမ်နားက လူတွေနဲ့ အဖော် လုပ်လာတာပါ"လို့ ဟိုတုန်းက ခင်ဗျားတို့ ဖြေခဲ့တာ အလွဲချည်းပေါ့။ (မှန်ပါဘုရား)။ သမုတိသစ္စာနဲ့ကတော့ အိမ်နားက လူတွေနဲ့ပါဘဲ၊ မှန်ပါတယ်။ သေမင်းနဲ့မတွဲချင်ဘဲနဲ့ တွဲလာရတာနော်။ (မှန်ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာမှာ သေမင်းကပ်နေလေတော့ သေမင်းကိုထုတ်လိုက်ရင်လဲ ဒီခန္ဓာပါ ပြုတ်သွားအုံးမယ်နော်။ (မှန်ပါ)။ သေမင်းနဲ့နေရပြန်တော့လဲ သူက မသေသေအောင် သတ်နေ

တယ်၊ ဘယ်ကြောင်းတာ ပါလို့တုံး။ (မပါပါဘူး ဘုရား)။ ဘာ ယစ္စာလဲ။ (ဒုက္ခသစ္စာပါ ဘုရား)။ နောင်တဖန်များ ဒီလိုသေ မင်းနဲ့နေတဲ့ ခန္ဓာကြီးကို လိုချင်သေးလား။ (မလိုချင်ပါဘူး ဘုရား)။ အဲ-မလိုချင်တဲ့ဉာဏ်က – မဂ္ဂသစ္စာ မဟုတ်လား။ (မှန်ပါ)။ သစ္စာမပေါ်သေးဘူးလား။ (ပေါ်ပါပြီ ဘုရား)။

ကဲ-ဦးပဥ္စင်းတို့ ထမင်းကျွေးနေရတာဟာ သူများကျွေးနေ ရတာလား၊ သေမင်းတောင်းပန်ရတာလား။ (သေမင်းတောင်း ပန်ရတာပါ ဘုရား)။ဆာပြီကွ ဆိုတဲ့ ဆာ့နာလေးက ပေါက်လာ ရင် ဒါကို ပထဝီဓါတ်ဆိုပါတော့။ (မှန်ပါ)။ ပထဝီဓါတ် ဆာ နာလေးက ပေါက်လာတဲ့ အခါကျတော့ မင်းကျွေးရင်ကျွေး နော်၊ မကျွေးရင် ငါသတ်လိုက်မယ် တဲ့၊ အဲဒီတော့ ကျွန်တော် မျိုးကြီးပိပိ မြန်မြန်ခူးခတ်ကျွေးရတယ်။ (မှန်ပါ)။ အဲဒီတော့ ဘယ်သူ့ကို သွားတောင်းပန်ရတာတုံး။(သေမင်းကို တောင်းပန်ရ တာပါဘုရား)။ အံမယ်–ဒီဟင်းမျိုးနဲ့ ငါ မျိုမကျဘူးကွဆိုတော့ ကဗျာကသီ စျေးဆိုင်ပြေးဝယ်ရပြီး ပသရသေးတယ်၊ ဒီကျတော့ လဲ တယ်လောကွယ်ချော်ပါလား။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို တောင်းပန်နေရတာကိုး။ (မှန်ပါ ဘုရား)။ တောင်းပန်တော့ ကော ကျေနပ်ရှဲလား။ (မကျေနပ်ပါ ဘုရား)။ ဒီဟင်းမျိုး မကြိုက်ဘူးကွာ၊ မင်းဂုဏ်နဲ့မင်းဒြပ်ဟပ်အောင် နှစ်ခွက်သုံးခွက် တော့ လုပ်ပါမှပေါ့တဲ့၊ ဟုတ်ပါရှဲလား။ (ဟုတ်ပါတယ်ဘုရား)။ အဲဒီလို သူ့ကို ဟင်းနှစ်ခွက်သုံးခွက်နဲ့ တောင်းပန်တာတောင် ခဏဘဲ၊ ဇတော်တော်ကြာကျ ပါးစပ်ကိုတောင်းပန်ပြီးရင် ကျင် ကြီးကျင်ငယ်က ငါ့လိုက်ပို့အုံးတဲ့။ (မှန်လှပါ)။ ဟိုသေမင်း ကြီးကလာပြန်ပြီ။ (မှန်ပါ)။ ဒီသေမင်းတောင်းပန်လို့မှ မပြီး

သေးဘူး၊ ကျင်ကြီးကျင်ငယ် စွန့်ချင်တဲ့ သေမင်းက ဆွယ်ပြန်ပြီ။ (မှန်လှပါ ဘုရား)။

အဲဒီတော့ ဒါလေး အသာထားခဲ့ပြီး ကျင်ကြီး ကျင်ငယ်စွန့်ချင်တဲ့ သေမင်း သွားတောင်းပန်ရပြန်တယ်။ (မှန်လှပါ)။ မြန်မြန်ပို့ရင်ပို့ဟော့၊ မပို့ရင် ဆီးချုပ်ဝမ်းချုပ်ဖြစ်ပြီးတော့ ငါသတ်လိုက်မယ် တဲ့။ (မှန်ပါ ဘုရား)။ အဲဒီတော့–ခင်ဗျားတို့က ဖြေးဖြေးဘဲ အိမ်သာသွားရသလား၊ အပြေးအလွှား တက်ရသလား။ (အပြေးအလွှား တက်ရပါတယ် ဘုရား)။ ပြေးချင်လို့ ပြေးရတာလား၊ သတ်မှာစိုးလို့ တောင်းပန်တာလား။ (သတ်မှာစိုးလို့ပါ ဘုရား)။အဲဒါတောင်မှ ဒို့ အိမ်မို့ ကြွေအိုးလေး ထားနိုင်တာလို့ လုပ်ချင်လုပ်နေတာ။ (မှန်ပါ့ ဘုရား)။ ဖြစ်ပုံက ဖြစ်ပုံကနော်။

အခု တိုက်နဲ့တာနဲ့နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဒကာဒကာမတွေ ကျတော့လဲ ကုလားထိုင်ကလေးတွေ ဆိုဖါအမျိုးမျိုး ကုတင်အမျိုးမျိုး ခြင်ထောင်အမျိုးမျိုးတွေနဲ့၊ ဒါ ဘယ်သူ့တောင်းပန်ဘိုလဲ။ (သေမင်းတောင်းပန်ဘို့ပါဘုရား။)

ကုတင်ပေါ်စန့်စန့်ကလေး တက်အိပ်ပြီးတော့ တောင်းပန်နေရတယ်၊ မင်း ဒီမှာ ညောင်းတယ်ကွ၊ ကုလားထိုင်လေးနဲ့ ငါ့ကို တောင်းပန်လိုက်အုံးတဲ့။ (မှန်ပါ့)။ ဒီတော့ ကုလားထိုင်ပေါ် ထိုင်ရင်းကရွှေ့ပြောင်းပေးမနေရဘူးလား။ (ပေးရပါတယ် ဘုရား)။ ဒါဘယ်သူ့ကို တောင်းပန်တာပါလိမ့်....(သေမင်းကို တောင်းပန်တာပါ ဘုရား)။ အဲဒါတောင်မှ ဒို့အိမ်မို့ ဒီကုလားထိုင်မျိုး ထားနိုင်တာ တဲ့။ အမယ်လေး သေမင်းတောင်းပန်ဘို့လို့များ ဘယ်သူကပြောဘူးလို့တုံး။ (မပြောဘူးပါဘူး ဘုရား)။

သစ္စာကွယ်ခဲ့တယ် ဆိုတာဟာ မသိလို့ကွယ်တာ။ (မှန်ပါ ဘုရား)။ မသိတာက-အဝိဇ္ဇာ။ အခုတော့ ကုတင်အမျိုးမျိုး ခြင်ထောင်အမျိုးမျိုးနဲ့ ဘယ်သူ့ တောင်းပန်ဘို့ပါလိမ့်... (သေမင်း တောင်းပန်ဘို့ပါ ဘုရား)။ ပိုက်ဆံရှိတဲ့လူက ပိုတောင်းပန်ရသေးတယ်နော်။ (မှန်ပါ ဘုရား)။ ပိုက်ဆံရှိတဲ့လူမှာဆို ဆေးအမျိုးမျိုး ဝါးအမျိုးမျိုး ဆီဆို ပုံးလိုက် ဆန်ဆို အိတ်လိုက်၊ ဒီလို မတောင်းပန်ရပေဘူးလား။ (တောင်းပန်ရပါတယ် ဘုရား)။ ဆီတွေ ဆန်တွေ ဆေးဝါး ဓါတ်စာတွေ ဘယ်သူ့တောင်းပန်ဘို့.... (သေမင်းတောင်းပန်ဘို့ပါ ဘုရား)။

အဲဒါ ခဏသာ သေမင်းက ကျေနပ်တာ။ (မှန်ပါ)။ နောက်တောင်းပန်လွန်းမက တောင်းပန်တော့"ဟေ့- မင်းတို့တောင်းပန်တာ ဒီလောက်ဆို တော်လောက်ပြီကွ၊ မင်းတို့အလို ငါမလိုက်နိုင်ဘူး"ဆိုပြီး ခေါင်း(တလား)ထဲ ဝင်သွားတာဘဲ။ (မှန်လှပါ ဘုရား)။ ပြုစုရကျိုးနပ်ရဲ့လား။ (မနပ်ပါဘူးဘုရား)။ တောင်းပန်ရကျိုးကော နပ်ရဲ့လား။ (မနပ်ပါဘူး ဘုရား)။

အဲဒါကျတော့ ခင်ဗျားတို့က ဒုံးပေကပ်သတ် သည်းခံပြီးတော့ တောင်းပန်တယ်။ (မှန်ပါတယ် ဘုရား)။ တရားအားထုတ်ပါဆိုတော့ နာရီဝက်လောက်တောင် မကြာဘူး၊ ၁၅-မိနစ်လောက်ကြာတယ်ဆိုရင်ဘဲ ရှုရှု ရှုရှု ဒီကုတ် ဟိုလှုပ်နဲ့၊သေမင်းလွှတ်တဲ့ နေရာသွားပါဆိုတော့ မသွားချင်ဘူး။ (မှန်ပါ)။ သေမှာကျတော့လဲ ကြောက်လိုက်တာလွန်းလို့၊ ခင်ဗျားတို့ကို ဘယ့်နှယ်လုပ်ကယ်မတုံးဗျ။

## သေမင်းကိုတော်လှန်

ကဲ- သေမင်းလွှတ်တဲ့ အလုပ်ကျတော့ လုပ်ပါဆိုရင် ဟိုရွှေဒီပြောင်းနဲ့၊ သေမင်းက ဒီဘက်က သတ်ပြီးရင် ဟိုဘက်ကသတ်လိုက်နဲ့၊ မသတ်ဘူးလား။ (သတ်ပါတယ် ဘုရား)။

ပါဝေယျကမင်္ဂလာဆင်ကြီးက "စစ်အင်္ဂါလေးပါးလာပြီ၊အညှိုးတော့မခံဘူး"ဆိုပြီး ဝီရိယအစွမ်းအားဖြင့် ကုန်းအထက် ရှုန်းတက်ပြီး စစ်ထိုးမဲ့ပုံ ပြလိုက်သလို ဦးပဥ္စင်းတို့တတွေကလဲ ဝီရိယအားအင်ထုတ်ပြီး သေမင်းနဲ့ ရင်ဆိုင်တိုက်ကြဘို့ တော်နေပြီနော်။ (မှန်ပါ ဘုရား)။

ဆင်ကြီးက နိုင်ငံခြား စစ်အင်္ဂါတွေလို့ ပထမယော့ထင်တာကို၊ စစ်ဝတ်တန်းဆာတွေ ချွတ်ပြလိုက်တဲ့ အခါကျတော့မှ ဩော် ငါ့ လူတွေဘဲလို့ သူသိမသွားဘူးလား။ (သိသွားပါတယ် ဘုရား)။ ဒကာဒကာမတွေကလဲ သေမင်းကို တခြားက လာတယ်လို့ ထင်နေကြတာ၊ ခုတော့ကိုယ့်ကိုယ်ထဲမှာ သေမင်းရှိတယ်ဆိုတာ သိကြပြီမဟုတ်လား။ (သိပါပြီ ဘုရား)။ ဒါ ပါဝေယျက ဆင်ကြီးနဲ့ ဥပမာပေးတာပါ တဲ့။ (မှန်ပါ)။

ဦးပဥ္စင်းတို့တတွေက ဒီလိုနေလို့ မရဘူး။ ရန်သူကို တိုက်ရမယ်၊ ရန်သူက သေမင်း၊ သေမင်းစစ်တပ်က လေးတပ်တောင် ဝိုင်းထားကာ ပစ်ခတ်နေပြီမဟုတ်လား။ (မှန်ပါ ဘုရား)။ ဒီတော့ သေမင်း မမြင်နိုင်တဲ့ နေရာကို အရောက်သွားမယ်ကွ ဆိုပြီးတော့ ဝီရိယနဲ့ စစ်ဆိုးရမှာကိုး။

အဲဒီ သေမင်းတွေက နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် ပူတယ် အေးတယ် ညောင်းတယ် ညာတယ် တောင့်တယ် တင်း

ယ် ရိုးရိုးရွရွ မိုးမိုးမွမွ ဖြစ်တယ်ဆိုတဲ့ စစ်အင်္ဂါလေးပါးနဲ့ ပ်ကြီးချီလာတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။ အဲဒီ ချိန်မှာ လုံ့လဝီရိယနဲ့ သဲသဲမဲမဲ တိုက်ရမှာ။ ဒီအခါကျတော့မှ ၁၆-မိနစ်တောင် မပြည့်သေးဘူး၊ ခင်ဗျားတို့က ဟိုကုတ် ဒီလှုပ်နဲ့ ဆိုရင် သေမင်းကို တိုက်တာလား၊ အရှုံးပေး တောင်းပန်နေတာ လား။ (အရှုံးပေး တောင်းပန်နေတာပါဘုရား)။ တောင်းပန်တဲ့ လူကိုရော သေမင်းက ဘာလုပ်လဲ။ (သတ်မှာပါဘုရား)။

ကိုင်း–မြတ်စွာဘုရားနဲ့တကွ ရဟန္တာပေါင်းများစွာကျတော့ ဒကာဒကာမတွေလို သေမင်းကို တောင်းပန်သလား၊ တိုက်ထုတ် လိုက်သလား။ (တိုက်ထုတ်လိုက်ပါတယ်ဘုရား)။ ဒီတခါဘဲ မင်း အသတ်ခံမယ်ကွ ဆိုပြီး မသေခင်တောင်မှ သေမင်းလွတ်ရာ သွား သွားပြီးတော့ နေလိုက်သေးတယ်၊ ဉာဏ်ကလေးနဲ့လေ။ (မှန်ပါ ဘုရား)။ မနေဘူးလား။ (နေပါတယ်ဘုရား)။ သမာပတ်ဝင် စားတဲ့အခါမှာ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်ကို အာရုံပြုနေ တော့ ဘယ်သေမင်းက လိုက်နိုင်သေးလဲ။ (မလိုက်နိုင်ပါဘူး ဘုရား)။ တိုက်ပွဲဝင်လို့ အောင်မြင်သွားတာပေါ့ဗျာ။ (မှန်ပါ ဘုရား)။

ခင်ဗျားတို့ကတော့ ၁၅-မိနစ်တောင် မပြည့်သေးဘူး၊ တော် ကြာလှုပ်ပြန်ပြီ၊ ကုတ်ပြန်ပြီ၊ ဘာဖြစ်ချင်လို့လဲ၊ သေကောသေ ချင်သလား။ (မသေချင်ပါဘုရား)။ သေချင်သလားမေးတော့ မသေချင်ဘူး တဲ့၊ အသေလွတ်တဲ့အလုပ် လုပ်ပါဆိုတော့လဲ နာတယ်ဘုရား တဲ့၊ ဘယ့်နှယ်လုပ်ကြမလဲ။ ဘယ့်နှယ်မှ မလုပ်ချင် ရင် ခေါင်းကိုသာ ပြင်ပါတော့ဗျာ။ ရယ်မနေကြနဲ့လေ၊ ခင်ဗျား

တို့ ဘာထူးတော့မှာတုံး။ (မထူးပါဘူးဘုရား)။ မထူးတဲ့အတူတူ လုပ်လဲ အညောင်း အဖတ်တင်ရုံဘဲ၊ ခင်ဗျားတို့ ခေါင်းထဲသာ သွားကြပေတော့။

## ကိုယ့်ထူကိုယ်ထ

ဘ၀တိုင်း ဘ၀တိုင်း ဒီလိုချည်း သွားမလား။ (မသွားချင်ပါဘုရား)။ မသွားချင်လို့ရှိရင် ကိုယ့်ကိုယ်ကို အားထားရမှာဘဲ။ ခင်ဗျားတို့ ကိုယ့်အရေးကြုံလာတော့ သားဘက်လှည့်ကြည့်လိုက်၊ သားကဘဲ ကယ်နိုင်မဲ့ပုံလိုလို။ အင်း–သမီးဘက်လှည့်ကြည့်တော့ သမီးကဘဲ ကယ်နိုင်မဲ့ပုံလိုလို။ တကယ်တော့ ကယ်နိုင်ရဲ့လား။ (မကယ်နိုင်ပါဘုရား)။

ဒါဖြင့်အသေလွတ်တဲ့ဆီသွားချင်ရင်ဘယ်သူ့ အားကိုးရမယ်။ (ကိုယ့်ကိုကိုယ် အားကိုးရမှာပါဘုရား)။ ဒါဖြင့် သားသမီး မကြည့်နဲ့၊ ဒီအချိန်ဟာ ကိုယ့်ကိုကိုယ်အားကိုးရင် အသေလွတ်တဲ့ဆီရောက်တယ်လို့ ဘုရားက မဟောဘူးလား။ (ဟောပါတယ်ဘုရား)။ ဘယ်လို ဟောသလဲဆိုတော့–

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။ ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့။ အတ္တာ ဟိ အတ္တာ ဧဝ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ အားထားစရာ ကိုးကွယ်ရာအစစ် ဖြစ်ပါပေ၏။ ပရော၊ ကိုယ်မှ

တပါး အခြားတဦးဖြစ်သော။ ကော၊ ဦးမဲ့ဦးဖြူ အဘယ်သူသည်။ ဝါ၊ သားသမီးမြေးမြစ် ဇနီးချစ်စသည် အဘယ်မည်သောသူသည်။ နာထော၊ တွေ့သမျှဘေးဒဏ် ငါသာခံမည်ဟုတာဝန်ယူသည်ပိုး အားကိုးစရာ ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာဟိ၊ သူများနှင့်မဆိုင် ကိုယ့်ကိုယ်တိုင်ကသာလျှင်။ သုဒန္တေန၊ သစ္စာသိရေး ကျင့်ကြံပေး၍ ယဉ်ကျေးသည့်စိတ် ထွဋ်ထိပ်သို့တိုင်ရောက်စေနိုင်ပါမှ။ ဒုလ္လဘံ၊ ရခဲတွေ့ခဲ ကြုံရခဲသော။ နာထံ၊ ဂုဏ်ဖိုလ်နိဗ္ဗာန် အားကိုးစရာအမှန်ကို။ လဘတိ၊ ကေန်မသွေ ရရှိနိုင်ပါပေသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ကိုင်း–ကိုယ့်ကိုကိုယ် အားကိုးလို့ရှိရင် အိုဘေး နာဘေး သေဘေးလွတ်ရာဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရလိမ့်မယ်လို့ ဘုရားဟောတယ်ဆိုတော့ ဒီအတိုင်း မရနိုင်ဘူး၊ ကိုယ့်ကိုကိုယ် အားကိုးရမယ်၊ (မှန်ပါဘုရား)။ ကိုယ့်ကိုကိုယ် အားကိုးဆိုတာဟာ ဒီခန္ဓာကြီးကို အရင်းတည်ပြီးတော့ ခန္ဓာရဲ့အကြောင်းကို ဉာဏ်နဲ့ ကောင်းကောင်းကြီးသိအောင် လုပ်ရမှာ။ (မှန်ပါဘုရား)။

အဲဒါဆို အိုမှု နာမှု သေမှုလွတ်တဲ့ဆီ မရောက်ပေဘူးလား။ (ရောက်ပါတယ်ဘုရား)။ တနည်းပြောချင်တာက ဒီလိုပါ–အိုနာ သေ ဆင်းရဲတာကို ပထမမြင်မှ ဆင်းရဲလွတ်တဲ့ဆီကို သွားချင်မှာပေါ့၊ ဆင်းရဲတာကို ပထမမြင်မှသာလျှင် ဆင်းရဲလွတ်တဲ့ဆီကို.... (သွားချင်မှာပါဘုရား)။ ဒါဖြင့်–ဒကာဒကာမတွေက ဆင်းရဲတာကိုမြင်ဘို့ အရေးကြီးသလား၊ ဆင်းရဲလွတ်တဲ့ဆီကို မြင်ဘို့ အရေးကြီးသလား။ (ဆင်းရဲတာကိုမြင်ဘို့ အရေးကြီးပါ

တယ်ဘုရား)။ ဆင်းရဲတာကိုမြင်ချင်ရင် ခင်ဗျားတို့ ဟိုရွေ့ ဒီပြောင်း ဟိုကုတ် ဒီလှုပ်လုပ်နေလို့ ဆင်းရဲတာအမှန်ကို သေသေ ချာချာ မြင်ပါ့မလား။ (မမြင်ပါဘုရား)။ မမြင်ရင် ဆင်းရဲ လွတ်တဲ့ နိဗ္ဗာန်ကို သွားချင်ပါ့မလား။ (မသွားချင်ပါဘုရား)။

ဒါဖြင့်–သွားချင်တဲ့ဆန္ဒရှိလျှင် ဟိုကုတ် ဒီလှုပ်ဆိုတဲ့ သဘော တရားတွေကို သည်းခံပြီးထားရမယ်။ (မှန်လှပါဘုရား)။သည်းခံ ထားရမယ်ဆိုတာက "မရွေ့ဘူး မပြောင်းဘူး မလှုပ်ဘူး မကုတ် ဘူးလို့ အဓိဋ္ဌာန်ထားရမယ်လို့" ဆိုလိုတာပါ။ (မှန်လှပါဘုရား)။ ဒီလို ထားနိုင်ပါ့မလား။ (ထားပါ့မယ်ဘုရား)။ ၁၅-မိနစ်ထား ကြနော်။

ကဲ–၁၅-မိနစ်ဆိုတော့ ဒကာကြီးတွေက တင်ပလ္လင်ခွေထိုင်ရ မယ်၊ ဒကာမကြီးတွေက ကြုံ့ကြုံ့ထိုင်ရမယ်။ ဒါ ပေါ့ပေါ့ တန်တန် မအောက်မေ့နဲ့၊ တသံသရာနဲ့တနားဆိုတာလို ဦးပဥ္စင်း တို့ သာသနာနဲ့ကြုံလို့ ဒီတရားမျိုး နာရတာနော်။ (မှန်ပါ ဘုရား)။သာသနာနဲ့မကြုံရင် ဝေးလာဝေး၊ ဒီတရားမျိုးမနာရလို့ အားမထုတ်ဘူးရင် ဆင်းရဲတာကို မမြင်ပါဘူး။ (မှန်ပါ)။ ဆင်းရဲ တာကို မမြင်လို့ရှိရင် ဆင်းရဲလွတ်တဲ့ဆီကို ဘယ်သူမှ မသွားချင် ပါဘူး။ (မသွားချင်ပါဘူး)။

ဆင်းရဲရှိတာကို မသိတာက–အဝိဇ္ဇာ၊ ဆင်းရဲလွတ်ရာ မသွား ချင်တာက–တဏှာ၊ ဆင်းရဲတဲ့ ခန္ဓာကိုယ်ကြီးကို စွဲလမ်းတာက– ဥပါဒါန်၊ ဒီအတွက်နဲ့ အားထုတ်တာက–ကာယကံ ဝစီကံ။ ကမ္မဘဝပစ္စယာ ဇာတိ-ဆိုတော့ နောက်ဘဝ သေအိုးမှာဘဲ။ (မှန်ပါ့ဘုရား)။ အဲဒါကြောင့် ဘုရားပေးတဲ့ နည်းကလေးနဲ့ တသံသရာနဲ့ တနား ဆိုတာလိုဘဲ သာသနာနဲ့ ကြုံတဲ့အခါမှာ

ဦးပဥ္စင်းတို့တတွေ ခန္ဓာကိုယ်ကို အရင်းတည်ပြီးသကာလ ဆင်းရဲတာကို မြင်အောင်ကြည့်ကြစို့။ ဘယ်လက်ကလေး အောက်ကထား၊ ညာလက်ကလေး အပေါ်ကတင်၊ ကိုယ်ကလေးကို ဖြောင့်စွာထား၊ မျက်လွှာလေးကို ချပြီးတော့ ဝင်လေသိ–ထွက်လေသိနဲ့ ပထမ သမာဓိ ထူထောင်လိုက်ပါ။

သမာဓိ ထူထောင်ပြီးတော့ ၃၂–ကောဋ္ဌာသတည်းဟူသော တော‌အုပ်ထဲမှာ သားကောင်နဲ့တူတဲ့ ဒီအနိစ္စတရားလေးတွေ ပေါ်လာလိမ့်မယ်၊ မြင်စိတ်-ကြားစိတ်-နံစိတ်-စားစိတ်-ခတွေထိစိတ်- ပူတယ် အေးတယ်- ညောင်းညာတယ် ဆိုတာတွေပေါ့။ အဲဒီအထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မပါဘူး တဲ့။ ဝိပဿနာရှုတဲ့ ခန္ဓာဆိုတာ ပစ္စုပ္ပန်တည့်တည့် သဘောလေးတွေကိုဘဲ ယူရပါတယ် တဲ့၊ ခြေတွေ လက်တွေ ဦးခေါင်း ဒြပ် သဏ္ဌာန်တွေ မပါဘူး။

မြို့ထဲ ပြည်ထဲမှာ ယောကျ်ား မိန်းမလို့ ခေါ်ဝေါ် သုံးစွဲနေတာက သမုတိသစ္စာ-အပြောခန္ဓာ၊ အခု ဝိပဿနာရှုတာကတော့ ဖြင့် ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာ ဘယ်သူ့ကိုမှ ယူပြလို့မရတဲ့ ကိုယ့်ခန္ဓာအရှိ ကိုယ့်ဉာဏ်နဲ့ သိရတွေ့ရတဲ့ သဘောခန္ဓာ တဲ့။

၃၂–ကောဋ္ဌာသတည်းဟူသော တောအုပ်ကြီးအတွင်းမှ ဝင်လေသိ ထွက်လေသိ ဆိုတဲ့ သမာဓိတည်းဟူသော ခြုံထဲကနေပြီး ပညာဉာဏ်တည်းဟူသော ကျားကလေးက စောင့်နေပြီးတော့ စစ်ကနဲဆိုတဲ့ သားကောင်ကလေးပေါ်လာလဲ ဩော်–ဖြစ်ပျက်ဆိုပြီး ဖမ်းရှုလိုက် ဖမ်းစားလိုက်၊ ရှကနဲ မှကနဲပေါ်လာလဲ ဒါဟာ ဖောက်ပြန်နေတဲ့ သားကောင်ဘဲဆိုပြီး ဖမ်းစားလိုက်လို့ရှိရင် "ဒါတွေဟာ ဖြစ်ပျက်နေတဲ့ သဘောခန္ဓာမျှဘဲ၊

ကိုယ်တခုလုံးမှာ ဘယ်မှာလဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ။ ဘယ်မှာလဲ လူချမ်းသာ၊ ဆင်းရဲတဲ့ တရားတွေချည်းဘဲ”ဆိုတာ ပေါ်မလာဘူးလားဗျာ။ (ပေါ်လာပါတယ်ဘုရား)။

ဆင်းရဲတဲ့ တရားချည်းဘဲလို့ ပေါ်လာတဲ့ အခါကျတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါပျောက်၊ နာကျင် ကိုက်ခဲတာလဲ ဆင်းရဲတာအမှန်ဘဲ၊ ပူ အေး ညောင်းညာတာကလဲ ဆင်းရဲတာအမှန်ဘဲ။ ဒီကြားထဲ ရွေ့ချင်တယ် ပြောင်းချင်တယ်ဆိုတဲ့ စိတ်ကလေးတွေ ဝမ်းထဲပေါ်လာလဲ ဒါ ဆင်းရဲတာအမှန်ဘဲ။ လှုပ်ချင် ကုတ်ချင်တယ်ဆိုတာလဲ ဆင်းရဲတာအမှန်ဘဲ။ ဒါဖြင့် “ဒို့သန္တာန်မှာ လူချမ်းသာဆိုတာ လုံးလုံး မပါဘူး၊ ဆင်းရဲတာ မှန်တဲ့ ဖောက်ပြန်ပျက်စီးတဲ့ တရားချည်းဘဲ ရှိပါကလား”လို့ အခု ဉာဏ်ထဲမှာ ပေါ်မလာဘူးလားဗျာ။ (ပေါ်လာပါတယ်ဘုရား)။ ဆင်းရဲတဲ့တရားတွေ ဉာဏ်ထဲပေါ်လာတော့ ဒီဆင်းရဲလွတ်တဲ့ နေရာဆိုရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

အဲဒီ လှုပ်ချင်တဲ့စိတ်ကလေး ပေါ်လာတယ်ဆိုရင် သတိထားပြီး ဝီရိယစိုက် ဉာဏ်နဲ့ရှုတဲ့ ပုဂ္ဂိုလ်ကျတော့ ယောကျ်ားလား မိန်းမလား ပုဂ္ဂိုလ်လား သတ္တဝါလား၊ သဘောခန္ဓာလေးလား။ (သဘောခန္ဓာလေးပါဘုရား)။ အဲဒီ သဘောခန္ဓာလေးမှာ သူ့ကိုသတ်မဲ့ ဇရာမရဏ သတ္တိပါတယ်နော်။ (ပါပါတယ်ဘုရား)။ ဦးပဥ္ဇင်းတို့က သတိထား ဝီရိယစိုက်ပြီး ကြည့်လိုက်တော့ ဒီနေရာတင် ချုပ်မသွားဘူးလား။ (ချုပ်သွားပါတယ်ဘုရား)။ ဒီလို တဒင်္ဂချုပ်ကလေးမြင်တော့ ခန္ဓာကို ဝိပဿနာဉာဏ်နဲ့ ရှုနေတဲ့ပုဂ္ဂိုလ်သည် ခန္ဓာကို မြင်သလား၊ ခန္ဓာချုပ်မှုကို မြင်သလား။ (ခန္ဓာချုပ်မှုကို မြင်ပါတယ်ဘုရား)။ ခန္ဓာမရှိတော့

သေမင်းက မြင်သေးလား။ (မမြင်တော့ပါဘုရား)။ ဒါဖြင့် သေမင်းမမြင်နိုင်တဲ့ နိဗ္ဗာန်ကို ဒကာဒကာမတွေ တဒင်္ဂမြင်ရပြီ ပေါ့။ (မှန်ပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် မနေ့က ဟောခဲ့တာနဲ့ ကွာ သွားပြီ။ (မှန်ပါ)။ ယနေ့ကိစ္စဉာဏ်နဲ့ တွဲဟောလိုတဲ့အတွက် ဝိပဿနာမဂ်ဉာဏ်သည် ခန္ဓာကိုလဲ စွန့်တယ်၊ တဏှာကိုလဲ စွန့် တယ်၊ နိဗ္ဗာန်ကိုလဲ တဒင်္ဂမြင်တယ်လို့မှတ်ပါ။ (မှန်ပါဘုရား)။ "ဒကာဒကာမတွေ"လို့ ဆိုလိုက်ရင် ကြားတဲ့သဘောခန္ဓာလေး ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။ ကြည့်စမ်းပါ အုံး၊ ခန္ဓာကိုမြင်သလား၊ ခန္ဓာမရှိမှုကိုမြင်သလား။ (ခန္ဓာမရှိမှု ကိုမြင်တာပါဘုရား)။ ခန္ဓာတဒင်္ဂမရှိမှုက—နိဗ္ဗာန်ပေါ့။ မြင်တဲ့ ဉာဏ်က—မဂ်ဉာဏ်ပေါ့။ (မှန်ပါဘုရား)။ ဝိပဿနာမဂ်ဉာဏ်က နိဗ္ဗာန်ကို တဒင်္ဂမြင်ပါတယ်၊ လောကုတ္တရာမဂ်ဉာဏ်က နိဗ္ဗာန်ကို အစဉ်အားဖြင့် မြင်ပါတယ်။ (မှန်လှပါဘုရား)။ မကွာဘူး လား။ (ကွာပါတယ်ဘုရား)။

ဒါဖြင့် အခု ဒီအချိန် ဒကာဒကာမတွေထဲမှာ ငယ်တဲ့လူလဲ ပါတယ်၊ ကြီးတဲ့ပုဂ္ဂိုလ်လဲ ပါပါတယ်။ မအိုမသေ အမြဲနေတဲ့ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကို တဒင်္ဂမြင်ရတယ်ဆိုတဲ့ သတ္တိဟာ သာမည ပုဂ္ဂိုလ် မြင်နိုင်ပါ့မလား။ (မမြင်နိုင်ပါဘုရား)။ သုတဝါ အရိ ယသာဝကော=ဘုရား၏တပည့် သာဝကများမှ မြင်နိုင်တယ် ဆိုတာ သေချာရဲ့လား။ (သေချာပါတယ်ဘုရား)။ အဲဒါ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို တဒင်္ဂမြင်ရပုံကလေး ပြောတာနော်။ (မှန်ပါဘုရား)။အနုမာနနည်းနဲ့ မှန်းဆကြည့်ရမယ်။ (မှန်ပါ)။

ကိုင်း–ဒါဖြင့် ဒကာဒကာမတွေ ရှေ့ချင်တဲ့ စိတ်သဘော ခန္ဓာလေး ဝမ်းထဲပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။ ရှိသေးလားလို့ ကြည့်လိုက်စမ်းပါအုံး။ (မရှိပါဘုရား)။ ဒကာဒကာမတွေ ခန္ဓာကိုမြင်သလား၊ ခန္ဓာမရှိမှုကို မြင်သလား။ (ခန္ဓာမရှိမှုကို မြင်ပါတယ်ဘုရား)။ ပထမပေါ်လာတုန်းက ခန္ဓာပေါ်တယ်လို့ အစကိုသိလိုက်ရင် အဆုံးရှိသွားပြီဆိုတော့ ခန္ဓာအဆုံးကို ဘာခေါ်မလဲ၊ နိဗ္ဗာန်.... (နိဗ္ဗာန်ပါဘုရား)။ တဒင်္ဂနိဗ္ဗာန်ပေါ့ဗျာ။ ရှေ့ချင်တဲ့စိတ်ကလေး ပေါ်လာတုန်းက ခန္ဓာ အစ။ (မှန်ပါ့)။ အင်း–သမာဓိတည်းဟူသော ခြုံထဲကနေပြီးတော့ ပညာဉာဏ်ကလေးများရှိတဲ့ ပုဂ္ဂိုလ်များ ကြည့်လိုက်တဲ့ အခါကျတော့ ခန္ဓာရှိသလား၊ ခန္ဓာချုပ်ဆုံးသွားတာမြင်သလား။ (ခန္ဓာချုပ်ဆုံးသွားတာ မြင်ပါတယ်ဘုရား)။ တဒင်္ဂချုပ်မှုမြင်တယ်ပေါ့။ (မှန်ပါ)။ တဒင်္ဂချုပ်တဲ့နေရာမှာ ခန္ဓာမရှိတော့ သေမင်းပါသေးလား။ (မပါပါဘုရား)။

အင်း–သေမင်းမပါတဲ့နေရာကို ဒို့မသေခင် အခုမြင်ရပြီဆိုတာ မသေချာဘူးလား။ (သေချာပါပြီဘုရား)။ ဒီအလုပ်သာ လုပ်စမ်းပါ၊ ခင်ဗျားတို့ ဒီနေရာကို ရောက်ပါလိမ့်မယ်။ (မှန်ပါ့ဘုရား)။ အခုတော့ တဒင်္ဂ၊ တဒင်္ဂမြင်ရတော့ အားမရဘူးပေါ့ဗျာ။ (မှန်ပါ)။

အစဉ်အားဖြင့် မြင်ချင်ရင် ဒီလိုလုပ်ပါ။ ခန္ဓာငါးပါး ရုပ်နာမ်တရားက အခု ချောင်းဆိုးချင်တယ်ဆိုတာလဲ ဖောက်ပြန်တာဘဲ၊ ပူအေး ညောင်းညာတာကော.... (ဖောက်ပြန်တာပါဘုရား)။ ယားတယ် ယံတယ် နာကျင်တယ် ကိုက်ခဲတယ်ဆိုတာ

ကကော....(ဖောက်ပြန်တာပါဘုရား)။ ဝိပရိဏာမလက္ခဏာ ဒုက္ခ သစ္စာ တဲ့။

ငါ ဖောက်ပြန်တာလား၊သူ ဖောက်ပြန်တာလား။ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဖောက်ပြန်တာလား၊ ခန္ဓာငါးပါးဖောက် ပြန်တာလား။ (ခန္ဓာငါးပါးဖောက်ပြန်တာပါဘုရား)။ ခန္ဓာ ငါးပါးဖောက်ပြန်တော့ ချမ်းသာသလား၊ ဆင်းရဲသလား။ (ဆင်းရဲပါတယ်ဘုရား)။ ဟန်လုပ်ဆင်းရဲတာလား၊ အမှန်ဆင်းရဲ တာလား။ (အမှန်ဆင်းရဲတာပါဘုရား)။ အမှန်ဆင်းရဲတာက သူများခန္ဓာက ချေးငှားပြတာလား၊ မိမိခန္ဓာက ပြတာလား။ (မိမိခန္ဓာက ပြတာပါဘုရား)။ ဘယ်လိုပြသလဲ။ (အမှန်ဆင်းရဲ တာကို ပြပါတယ်ဘုရား)။ အမှန်ဆင်းရဲတာဆိုတော့ အမှန်က- သစ္စာ၊ ဆင်းရဲတာက-ဒုက္ခပေါ့။ ဒုက္ခနဲ့ သစ္စာနဲ့ပေါင်းရင်.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာကြီးကို မြင်လာတော့ ဒီခန္ဓာဒုက္ခသစ္စာကြီးကို နောင်တဖန် ပြန်လိုချင်သေးသလား။(မလိုချင်တော့ပါဘုရား)။ အခုကော နှစ်သက်သေးသလား။(မနှစ်သက်ပါဘုရား)။အဲဒါကို စောစောကပြောတဲ့ ကိလေသာထုကြီး ပါးသွားပြီလို့မှတ်ပါ။ ကိလေသာထုကြီး ပါးသွားတာ အပြောနဲ့ပါးတာလား၊အလုပ် နဲ့မှပါးတာလား။ (အလုပ်နဲ့မှ ပါးတာပါဘုရား)။ အေး- ခင်ဗျားတို့ အလုပ်လုပ်မှ ကိလေသာပါးမယ်၊ ကိလေသာပါးမှ ဆင်းရဲတာအမှန်ကို များများမြင်မယ်။ (မှန်ပါ)။ ဆင်းရဲတာ အမှန်ကို များများမြင်လေလေ နောင်လဲမလိုချင် အခုလဲ မနှစ် သက်လေဘဲ။ (မှန်ပါဘုရား)။

ဆင်းရဲတာကို လုံးဝ မနှစ်သက်တော့ဘူး၊ လူ့ဘဝ လူ့ချမ်းသာဆိုတာ အလကားပြောတာကွ၊ ရှိက်သွင်းရတာလဲ ဒုက္ခဘဲ၊ ရှုထုတ်ရတာကော.... (ဒုက္ခပါဘဲဘုရား)။ ရှုမှတ်ပွားများနေရတာသည်ပင်လျှင် ဒုက္ခဘဲ။ (မှန်လှပါ)။ နောက်တော့ အဲဒါကို ဝီရိယနဲ့တိုက်လိုက်ရင် နာတယ် ကျင်တယ် ကိုက်ခဲတယ် ဆိုတာတွေ အကုန်လုံး ပျောက်သွားလိမ့်မယ်။ (မှန်ပါ)။ ရှုစိတ် ရှိက်စိတ်ကလေးဘဲ ပေါ်ပေါက်နေသိမ့်မယ်၊ ရှုရ ရှိက်ရတာကကော သုခလား၊ ဒုက္ခလား။ (ဒုက္ခဖါဘုရား)။ မရှိက်ဘဲ နေကြည့်စမ်းပါ၊ ရရဲ့လား။ (မရပါဘုရား)။ အောင့်လာတယ်၊ ရှိက်ရပြန်တော့လဲ ဘယ်တော့ပြီးမတုံး။ (မပြီးနိုင်ပါဘုရား)။

ဒါဖြင့် မပြီးနိုင် မစီးနိုင်တာဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။ သိနေတဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါဘုရား)။ နောက်တော့ဖြင့် အဲဒီ ဒုက္ခသစ္စာထဲမှာ နာကျင် ကိုက်ခဲတာ ပါသလား။ (မပါပါဘူးဘုရား)။ မပါပေမဲ့ ရှုလိုက် ရှိက်လိုက်-ရှုလိုက် ရှိက်လိုက်နဲ့ နေရတော့ ဩော်—ရှုရှိက်နေရခြင်းသည်ပင်လျှင် တယ်ပင်ပန်းပါကလားလို့ ပေါ်လာတယ်၊ သဘောပေါက်ရဲ့လားဗျာ။ (ပေါက်ပါတယ်ဘုရား)။ နောက်တော့ဖြင့် ရှုတာရှိက်တာတောင်မှ တယ်မထင်ရှားပြန်ဘူး။ (မှန်ပါ)။ သိတဲ့သဘောလေး ပေါ်လာလိုက် ပျောက်ပျက်လိုက်၊ သိလိုက် ပျောက်ပျက်လိုက်၊ သိလိုက်ပျောက်ပျက်လိုက်၊ဒီလိုဖြစ်လာတယ်။ (မှန်ပါ)။

ဩော် ပျောက်ပျက်တဲ့ ကိစ္စရှိလို့ သိနေရတာ၊ ပျောက်ပျက်တဲ့ကိစ္စက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။ သိနေတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။ ဒါဖြင့် ပျောက်ပျက်တဲ့ ဒုက္ခသစ္စာကို

သိနေရတာပေါ့။ (မှန်လှပါဘုရား)။ ဘာသိနေရသလဲ။ (ဒုက္ခသစ္စာကို သိနေရပါတယ်ဘုရား)။ ဒုက္ခသစ္စာကို သိနေရတော့ ဒီ သိနေရခြင်းကိုပင် မဂ္ဂသစ္စာလို့ဆိုတယ်။ သူသည် သုခကိုသိရသလား၊ ဒုက္ခကိုသိရသလား။ (ဒုက္ခကိုသိရပါတယ်ဘုရား)။

ဩော်-ဒီဒုက္ခသစ္စာတွေကို သိနေရခြင်းသည်ပင်လျှင် (ဝါ) ရှုမှတ် ပွားများနေရခြင်းသည်ပင်လျှင် တယ်ကြီးတဲ့ ဒုက္ခသစ္စာကြီးပါလားလို့ ဆုံးဖြတ်ချက်လဲချလိုက်ရင် အဲ ဒါ မဂ္ဂင်ရှစ်ပါး ပေါ်တာဘဲ တဲ့။(မှန်ပါဘုရား)။ မဂ္ဂင်ရှစ်ပါးလဲပေါ်ရော ရှုမှတ်တာတွေရော ရှုမှတ်စရာတွေရော ချုပ်မသွားဘူးလား။ (ချုပ်သွားပါတယ်ဘုရား)။ ရှုမှတ်စရာကလဲ ခန္ဓာဘဲ။ (မှန်ပါ)။ ရှုမှတ်တာကလဲ မဂ္ဂင်ငါးပါးခန္ဓာဘဲ။ (မှန်ပါ)။

ဒါဖြင့်-ရှုမှတ်စရာနဲ့ ရှုမှတ်တာတွေ ရှေ့ကနေ ဖြတ်-ဖြတ်-ဖြတ်-ဖြတ်ဆို ချုပ်သွားတယ်။ (မှန်ပါ)။ နောက်ထပ်လဲ အစားထိုးမပေါ်တော့ဘူး။ (မှန်ပါ)။ ဒါဖြင့် ဘာမှမရှိတော့ဘူးပေါ့၊ ဒီလို ရှုစရာတွေ မှတ်စရာတွေ ရှေ့ကနေပြီးတော့ ချုပ်ချုပ်သွား, နောက်ကလဲ အစားထိုးမပေါ်ဘူး ဆိုတော့ ချုပ်ငြိမ်းသွားတဲ့ နေရာဟာ နိဗ္ဗာန်ပါ၊ ချုပ်ငြိမ်းမှန်းသိတဲ့ မဂ္ဂင်ရှစ်ပါးက မဂ်ဉာဏ်ပါ တဲ့။ (မှန်လှပါဘုရား)။

ရှုစရာနှင့် ရှုတာတွေ အကုန်လုံးချုပ်ငြိမ်းသွားတာကို ဘာခေါ်မယ်....(နိဗ္ဗာန်ပါဘုရား)။ ဩော်-ငါမလိုချင်တဲ့ ဒုက္ခတွေတော့ ငြိမ်းပေါ့လို့ သိတဲ့ဉာဏ်က....(မဂ်ဉာဏ်ပါဘုရား)နိဗ္ဗာန်နဲ့ မဂ်ဉာဏ် ကပ်ရက်ချပ်ရက် ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။

အာရုံနဲ့ အာရမ္မဏိက။ နိဗ္ဗာန်က–အာရုံ၊ မဂ်ဉာဏ်က–အာရမ္မဏိက။ (မှန်ပါဘုရား)။ ဒါကြောင့်–နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။ နိဗ္ဗာနံ၊ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်သည်။မဂ္ဂဿ၊ မဂ်စိတ်အား။အာရမ္မဏပစ္စယေန၊ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဆိုတော့–ဒကာဒကာမတွေ၊ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်သည် မဂ်စိတ်ရဲ့ အာရုံအပြုခံတယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ်ဘုရား)။

အဲဒီကျတော့ ဩြော်–အို နာ သေကင်းတဲ့ နိဗ္ဗာန်ဆိုတာ ဒါပါဘဲလားလို့သိပြီး ထိုင်ရက်နဲ့ သူကိုယ်တိုင် ဝမ်းသာမသွားဘူးလား။ (ဝမ်းသာပါတယ်ဘုရား)။ ဘာဖြစ်လို့ ဝမ်းသာတာလဲ။ (နိဗ္ဗာန်မြင်လို့ ဝမ်းသာတာပါဘုရား)။ နိဗ္ဗာန်မှာ အို နာ သေ ပါသေးလား။ (မပါပါဘုရား)။ ဒုက္ခရှိသေးသလား။ (မရှိပါ ဘုရား ။ အဲဒီနိဗ္ဗာန်ကို လိုချင်ရင် အခုမြင်နေတဲ့ဆင်းရဲကို များများတွေ့အောင် အားထုတ်ပါ။ (မှန်ပါဘုရား)။

ဒါဖြင့် နေယျပုဂ္ဂိုလ်ဆိုတာ အားထုတ်မှရတယ်၊ အရိုးကျေကျေ အရေခန်းခန်း ပင်ပင်ပန်းပန်း အားထုတ်တော့ ဆင်းရဲတာ အမှန်ဆိုတာ ဉာဏ်ထဲမှာ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား)။ အဲဒါကို– "သိရင်ပြီးရော" သွားမလုပ်နဲ့နော်၊ သိရုံနဲ့မပြီးသေးဘူး။ (မှန်ပါ)။ ဉာတပရိညာ–သိမှုက တမျိုး၊ တီရဏပရိညာ–အခုလိုပွားမှုက တမျိုး။ (မှန်ပါ)။ပဟာနပရိညာ-အို နာ သေတွေကို ပယ်ပြီးတော့ နိဗ္ဗာန်ကို မြင်တာက တမျိုး။ (မှန်ပါ)။ ပရိညာ ဘယ်နှစ်ပါးရှိတုံး။ (သုံးပါးပါဘုရား)။ အဲဒါကို "သိရင်ပြီးရောကွ" ဆိုရင်တော့ သွားပြီ။ (မှန်ပါ

ဘုရား)။ သိရုံနဲ့ပြီးတာက–ဒီဘုရားသာသနာတော်မှာ **မာလုကျ ပုတ္တနဲ့ ဒါရုစီရိယ ပရိဗိုဇ်၊** ဒီနှစ်ယောက်ဘဲရှိတယ်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ ဒါဘဲ သူတို့ပွားတာဘဲ၊ ဥာဏ်ကြီး ရှင်တွေပေါ့။ (မှန်ပါ)။ တခြားသော ပုဂ္ဂိုလ်တွေမှာ သိရုံနဲ့မပြီး၊ အားထုတ်တဲ့ ပုဂ္ဂိုလ်ချည်းဘဲသာမှတ်။ (မှန်ပါ)။ အဲဒါ ခင်ဗျား တို့လို လွယ်လွယ်ကြိုက်တဲ့လူနဲ့ "သိပြီးရော" ဆိုသူနဲ့တော့ ကိုက် သွားပြီ' ဟုတ်ကဲ့လား။ (မှန်ပါဘုရား)။ မပြီးပါဘူး တဲ့။ ဘုရားဟောတာကို အတည်ပြုပါ၊ ဦးပဥ္စင်းဟောတာကို အတည် မပြုပါနဲ့။ (မှန်ပါ့ဘုရား)။ သူများပြောတာလဲ အတည်မပြု ပါနဲ့၊ ခန္ဓာက ပြောတဲ့အတိုင်းကို ဘုရားဟောနဲ့ ညှိပြီးတော့ တိုက်ကြည့်ပါ။ နေယျပုဂ္ဂိုလ်မှန်ရင် ဒီအတိုင်းလုပ်မှ ရတယ်ဆို တော့ ဒီအတိုင်း အလုပ်လုပ်ပါ။ (မှန်ပါဘုရား)။ သဘောပါရဲ့ လားဗျာ။ (ပါပါတယ်ဘုရား)။ ကိုယ်ရည်သွေးပြောတာ ပါ သေးလား။ (မပါပါဘုရား)။ ငါ့စကား နွားရပြောတာပါ သေးလား။ (မပါပါဘုရား)။

ဘုရားဟောတာရယ် ခန္ဓာဖြစ်စဉ်ရယ် တိုက်ကြည့်လို့ ညီပြီဆို ရင် ဒီအတိုင်းသာ အားထုတ်ပါတော့ တဲ့။ (မှန်ပါ)။ အခု တရားပွဲထဲမှာ ဝိပဥ္စိတညူ ပုဂ္ဂိုလ်တွေလား၊ နေယျပုဂ္ဂိုလ်တွေ လား။ (နေယျပုဂ္ဂိုလ်တွေပါဘုရား)။ နေယျပုဂ္ဂိုလ်ဆိုတာ အရိုး ကျေကျေ အရေခန်းခန်း ပင်ပင်ပန်းပန်း အားထုတ်မှ ရတယ်လို့ ဘုရားမဟောဘူးလား။ (ဟောပါတယ်ဘုရား)။ လွယ်လွယ်နဲ့ ရသလား၊ ပင်ပန်းမှလား။ (ပင်ပန်းမှ ရပါတယ်ဘုရား)။

အဲဒါ–ပင်ပင်ပန်းပန်း အားထုတ်တော့မှ အခု ဆင်းရဲတာ တွေ မမြင်ဘူးလားဗျာ။ (မြင်ပါတယ်ဘုရား)။ ဆင်းရဲတာတွေ

မြင်တော့ ဒီဆင်းရဲမရှိတဲ့နေရာကို ဘာခေါ်မလဲ....(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။ မသွားချင်ဘူးလား။ (သွားချင်ပါတယ်ဘုရား)။

ဒါဖြင့်–အခု ဆင်းရဲမြင်တာ ခင်ဗျားတို့ နည်းနေသေးတယ်၊ နောက်တော့ ရိပ်သာတွေမှာသွားပြီး အားထုတ်ကြပါအုံး၊ဆင်းရဲတာကို များများမြင်အောင် အားထုတ်ကြပါ။ များများမြင်လာလို့ရှိရင် ဆင်းရဲလွတ်တဲ့ဆီကို သွားချင်–မသွားချင်....(သွားချင်ပါတယ်ဘုရား)။ အဲဒါကို နိဗ္ဗာန်ကိုစေလွှတ်တဲ့ စိတ်လို့ခေါ်တယ်၊ ဒီအတိုင်းသာ အားထုတ်သွားရင် နိဗ္ဗာန်ကိုရောက်–မရောက်....(ရောက်ပါတယ်ဘုရား)။အဲဒါကြောင့်မို့လို့–ဦးပဥ္စင်းက အားထုတ်ကြစမ်းပါလို့ ပြောတာ။ နောက်ပိုင်းမှာ ရေစက်ချစရာတွေ ရှိသေးတယ် မဟုတ်လား။

ဒါကြောင့်–ဆင်းရဲတာအမှန်က ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။ ဆင်းရဲမှန်းသိတဲ့ဉာဏ်က ဘာသစ္စာ.... (မဂ္ဂသစ္စာပါဘုရား)။ တဏှာ ဥပါဒါန် ကံသေတာက ဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား)။ ခန္ဓာမရှိလို့ သေမင်းလွတ်တဲ့နေရာက ဘာသစ္စာ.... (နိရောဓသစ္စာပါဘုရား)။ ဒါကြောင့် ကြိုးစား အားထုတ်ကြပါလို့–ဓမ္မပဒပါဠိတော်မှာ ဘုရားက–

> မာ ပမာဒမနုယုဉ္ဇထ၊ မာ ကာမရတိသန္ထဝံ၊
> အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ပရမံ သုခံ။

ဘောန္တော၊ ချမ်းသာထိပ်သီး စိတ်မငြိုးကြပါတဲ့ ရိပ်ကြီးကို ရှာ အို–သူတော်စင်အပေါင်းတို့။ ပမာဒံ၊ ကောင်းမှုကိစ္စ စိတ်မျှမသွင်း မေ့လျော့ခြင်းကို၊ မာ အနုယုဉ္ဇထ၊ သတိတမံ ဉာဏ်မြေကတုတ် ထိန်းသိမ်းချုပ်လျက် မလုပ်မိအောင် ပြုကြပါကုန်

လော့။ ကာမရတိသန္တဝံ၊ ကိလေသာအာရုံ ကာမဂုဏ်တရားတို့နှင့် ပျော်ပါးမွေ့လျော် ပေါင်းအဖေါ်ကို။ မာအနုယုဉ္ဇတ၊ သတိတမံ ဉာဏ်မြေကတုတ် ထိန်းသိမ်းချုပ်လျက် မလုပ်မိအောင် ပြုကြပါကုန်လော့။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့မဆ သတိရသည်ဖြစ်၍။ ဈာယန္တော၊ ကိလေသာပြာကျအောင် နေရာတကျဝိပဿနာကို အသိဓါတ်ပါပါနဲ့ ရှုသည်ရှိသော်။ ပရမံ၊ ချမ်းသာတကာတို့ထက် ဆထက်ပိုလွန် အမွန်မြတ်ဆုံးဖြစ်သော။ သုခံ၊ ဇာတိသန္တေအိုနာသေရေး ဒုက္ခဘေးတို့ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်သို့။ပပ္ပေါတိ၊ ကိန်းသေမချွတ် မလွတ်နိုင်ပေ ရောက်ရလေတော့သတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

## ဒါနနဲ့ နိဗ္ဗာန်

ကိုင်း–တရားကတော့ တော်လောက်ပါပြီ၊ ခင်ဗျားတို့ ဒါနကုသိုလ် သီလကုသိုလ် ကြားနာရတဲ့ ဓမ္မသဝနကုသိုလ်၊ အဲဒါတွေကို သူများကိုအမျှပေးရင် လျော့သွားသေးသလား။ (မလျော့ပါဘုရား)။ မလျော့ဘူးဆိုတော့ သစ္စာဉာဏ် ခြံရံတဲ့ အလှူဖြစ်အောင် ဦးပဥ္စင်းက ပြောပေးမယ်နော်။

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယအတိုင်း သစ္စာမပါဘဲနဲ့ ရော့–အင့် လို့ ခင်ဗျားတို့လှူတဲ့အခါ ကုသိုလ်တော့မရဘူးလား။ (ရပါတယ် ဘုရား)။ လူချမ်းသာ နတ်ချမ်းသာကော မရောက်ပေဘူးလား။ (ရောက်ပါတယ် ဘုရား)။

သို့သော် ရော့–အင့် ဆိုတဲ့အလှူက နိဗ္ဗာန် ရောက်ပါ့မလား။ (မရောက်နိုင်ပါ ဘုရား)။ နိဗ္ဗာန်ကို အထောက်အပံ့ဘဲရတယ်၊ ဒါရိုက်အကျိုးမပေးနိုင်ဘူး တဲ့။ ဘာဖြစ်လို့တုန်းမေးတော့ ရော့ အင့် ဆိုကာ "နိဗ္ဗာန်ရ ရပါလို၏" လို့ ဆုတောင်းပြီး လှူလိုက်တော့ ဥပနိဿယပစ္စည်း = ဝေးသောအကြောင်း ဖြစ်ပါတယ်။ (မှန်ပါ ဘုရား)။ ဥပနိဿယပစ္စည်းက နိဗ္ဗာန်ကို အားကြီးတဲ့ အထောက် အပံ့ ဆိုတော့လဲ မဂ္ဂပစ္စည်းနဲ့စာရင် ဝေးပါတယ်။ (မှန်ပါ ဘုရား)။

ဒီခန္ဓာငါးပါး ရုပ်နာမ်တရားကြီးဟာ ဒုက္ခသစ္စာကြီးလို့ ကိုယ် ပိုင်ဉာဏ်နဲ့ မြင်သည့်အတွက်ကြောင့် ထိုဇာတိဒုက္ခ ဗျာဓိဒုက္ခ ဇရာဒုက္ခတို့၏ ကင်းလွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ရည်မှန်းပြီး တပည့်တော်တို့ လှူဒါန်းပါတယ်ဆိုတော့ ဇာတိက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား)။ နောင်တဖန် မလိုချင်တဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါ ဘုရား)။ အဲဒီလို သစ္စာသိပြီးလှူရင် ဒီအလှူဒါန သည် နိဗ္ဗာန်ရောက် မရောက်.... (ရောက်နိုင်ပါတယ် ဘုရား)။ မဂ္ဂပစ္စည်းကိုးဗျ။

ဒါဖြင့် ဒါနက နိဗ္ဗာန်ကို ကန့်ကွက်တာလား တဲ့၊ အဝိဇ္ဇာက ကန့်ကွက်တာလား။ (အဝိဇ္ဇာက ကန့်ကွက်တာပါ ဘုရား)။ သစ္စာကို မသိတာက- အဝိဇ္ဇာ၊ ဒီတော့ ရော့-အင့် ဆိုတဲ့ အလှူ ဒါနထဲမှာ အဝိဇ္ဇာရောက်နေပြီ။ (မှန်ပါ ဘုရား)။ ဒါကြောင့် မရောက်တာ။ (မှန်ပါ)။ ဒါနက မရောက်တာလား၊ သစ္စာ မသိလို့ မရောက်တာလား။ (သစ္စာမသိလို့ မရောက်တာပါ ဘုရား)။ ပဋ္ဌာန်းပါဠိတော်ကြီးမှာ ဒါနက နိဗ္ဗာန်ကို အကျိုး ပေးပါတယ်လို့ ဘုရားမဟောဘူးလား။ (ဟောပါတယ်ဘုရား)။

ဒါနဲ့မျှား ဒါနက သံသရာရှည်တယ်ဆိုတာလဲ သွားမလုပ်နဲ့နော်။ (မှန်ပါ့)။

ဒါနက သံသရာရှည်တယ်လို့ ဟောတဲ့ပုဂ္ဂိုလ်တွေက သူတို့က တော့ ဘာလို့အလှူခံသတုံး၊ ဒါနက သံသရာရှည်တယ်လို့ ဘယ်ဘုရားဟောဘူးသတုံး။ (မဟောပါဘူး ဘုရား)။ ဘုရားမဟောဘဲ သူမျှားကလုပ်တာမျှား သွားနာရင်တော့ ငါပါဒယ်အိုးထဲလိုက်မယ်ဆိုတာ ကိုယ့်ကိုကိုယ် ဆုံးဖြတ်ချက်ချ။ ရှင်းပလား။ (ရှင်းပါတယ် ဘုရား)။ ကိုင်း–ဒါဖြင့် အာရုံပြုကြ ...။

## ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ရာဂါဒီဟိ၊ရာဂအစရှိကုန်သော။ကောဒသဂ္ဂိဟိ၊ ၁၁-သီးသောမီးတို့ဖြင့်။ ပရိပီဠိတံ၊ အလွန်အကဲ ညှင်းပန်းနှိပ်စက်အပ်ထသော။

ဒကာဒကာမတွေ အေးအေးနေရသလား၊ မီးလောင်ခံနေရသလား။ (မီးလောင်ခံနေရပါတယ် ဘုရား)။ သားရေးသမီးရေး စီးပွားရေးနဲ့ လောဘမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီးပေါင်းလိုက်တော့ (၆)ပါး၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ (၅) ခုထည့်။ (၁၁–ပါးပါဘုရား)။

ဒါဖြင့် ၁၁–မီး တငြိးငြိးတောက်ပြောင် အလောင်ကြီးလောင်နေရတော့ ဒါအေးအေးလူတွေလား၊ ပူပူလူတွေလား။ (ပူပူလူတွေပါ ဘုရား)။ အဲဒီ မီးလောင်ခံနေရတာ ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါ ဘုရား)။

ဒီမီးလောင်ခံတဲ့ နေရာဌာနက လွတ်ချင်တဲ့ ဉာဏ်က.... (မဂ္ဂသစ္စာပါဘုရား)။ အဲဒီလိုလှူရမယ်၊ဟုတ်လား။ (မှန်ပါဘုရား)။

ရာဂ ဒီဟိ၊ ရာဂ အစရှိကုန်သော။ ကောဒသင်္ဂဟိ၊ တဆယ့်တသီးသောမီးတို့ဖြင့်။ ပရိပိဠိတံ၊ အလွန်အကဲ ညှင်းပန်းနှိပ်စက် အပ်ထသော။ သံသာရဘယံ၊ ခြား ရဟာတ်ပမာ ချာချာပတ်ရစ် တဖြစ်ထဲဖြစ်၍နေသော သံသ ရာဘေးကြီးကို။ အတိဘာယိကွာ၊ အလွန်တရာကြောက် ရွံ့ကြပါကုန်သည်ဖြစ်၍။ ထတော၊ ထိုသံသရာဘေးဘယ မှ။ မုတ္တာ၊ ကင်းလွတ်ရကုန်သည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မကြာမတင် ဆောလျင်ကူးမြောက် ပေါက်ရောက်၍ မျက် မှောက်ပြုပါရခြင်းအကျိုးငှါ။ ဉာဏစက္ခုနာ၊ ဉာဏ် ပညာစက္ခုဖြင့်။ ဂဝေသန္တာ၊ ရှာမှီး ကြကုန်သည်ရှိ သော်။ ဘိက္ခဝေ၊ သံသရာဘေးဘယကို တွေးဆိုမျှော်ရှု လေ့ရှိကြကုန်သော သူတော်ကောင်းတို့။ ပုညံ၊ ကုသိုလ် ကောင်းမှုဟူသမျှသည်။ သုခံ၊ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကြီးကို။ ဇနေတိ၊ ဖြစ်စေတတ်၏။

ကုသိုလ်ကောင်းမှုကတော့ လူချမ်းသာ နတ်ချမ်းသာကော မပေးဘူးလား။ (ပေးပါတယ် ဘုရား)။ နိဗ္ဗာန်ချမ်းသာကော။ (ပေးပါတယ်ဘုရား)။ သို့သော် ကိုယ်ကရွေးယူမှ ရမှာပေါ့ဗျ။ (မှန်ပါ)။ ဒါဖြင့် ရွေးယူလိုက်မယ်ဆိုရင် နိဗ္ဗာန်မရပေဘူး လား။ (ရပါတယ်ဘုရား)။ သရက်သီး အကင်းကလေးစားရင် မဖန်ဘူးလား။ (ဖန်ပါတယ်ဘုရား)။ နန်နဲကြီးမှ စားရင်။ (ချဉ် ပါတယ်ဘုရား)။ ချဉ်တာပေါ့။ စောင့်ပြီးတော့မှ စားရင် မချို ပေဘူးလား။(ချိုပါတယ်ဘုရား)။စောင့်ပြီးတော့မှ စားရင် ချိုရ မှာပေါ့။ (မှန်ပါဘုရား)။

အဲဒီတော့ လူချမ်းသာနဲ့တူတဲ့ အဖန်ကလေး၊ နတ်ချမ်းသာ နဲ့တူတဲ့ အချဉ်၊ နိဗ္ဗာန်ချမ်းသာနဲ့တူတဲ့ အချို။ (မှန်ပါ)။ ဘယ်ဟာကို ကြိုက်တုံး။ (အချိုကြိုက်ပါတယ်ဘုရား)။ အချို ကြိုက်ရင် ခင်ဗျားတို့ စောင့်ပြီးတော့ ရွေးရမယ်။ (မှန်ပါ)။ ခုနက ရွေးပြီးပြီမဟုတ်လား။ (ရွေးပြီးပါပြီဘုရား)။ သတိ သား ဝီရိယစိုက်ပြီးတော့ စောင့်ရွေးလိုက်တော့ လူ့ဘဝ လူ့ ချမ်းသာဘဲလား၊ ဆင်းရဲတာအမှန်လား။ (ဆင်းရဲတာအမှန်ပါ ဘုရား)။ ကြိုက်သလား။ (မကြိုက်ပါဘုရား)။ မကြိုက်ဘူးဆို တော့ ရွေးတတ်လို့မကြိုက်တာပေါ့။ (မှန်ပါဘုရား)။ မရွေးတဲ့ လူဆိုရင် ရေ့-အင့် ဆိုပြီးတော့ လှူလိုက်တာဘဲ၊ လှူပြီးတော့မှ "တပည့်တော်တို့ လှူဒါန်းရတဲ့အတွက်ကြောင့် နိဗ္ဗာန်ရောက်ရပါ လို၏" လို့ ရမ်းတောင်းချလိုက်တာဘဲ။ (မှန်ပါဘုရား)။နောက် ပြီးတချို့က "မရခင်စပ်ကြား" ဆိုတာကို အဆစ်ထည့်လိုက်သေး တယ်။ ဒါ ဘာဖြစ်ချင်လို့ အဆစ်ထည့်တာလဲ.... (မသာဖြစ် ချင်လို့ပါဘုရား)။

တပည့်တော်တို့သည် နိဗ္ဗာန်မရမီစပ်ကြား ဒီသား ဒီသမီး ဒီမြေး ဒီမြစ်နဲ့ ဒီလင် ဒီမယားနဲ့ သိုက်သိုက်ဝန်းဝန်းကြီး နောက် ဘဝ အတူနေရပါလို၏-ဆိုတော့ ဇာတိဆိုက်သွားပြီး မသာဖြစ် အုံးမယ်။ (မှန်ပါ)။ ယူမလား။ (မယူချင်ပါဘုရား)။ အခုလို သစ္စာသိတော့ ထည့်ရဲသေးလား။ မထည့်ရဲတော့ပါဘုရား)။ ဒီသား ဒီသမီး ဒီမြေး ဒီမြစ်နဲ့ဆိုတဲ့အဆစ် မထည့်တော့ဘူးဆို တော့ အတော်ဟုတ်သွားပြီ။ (မှန်ပါ)။ ကဲ-ဘာသိလို့ပါလိမ့် ဗျာ။ (သစ္စာသိလို့ပါဘုရား)။ လူ့ဘဝက ဘာသစ္စာ... (ဒုက္ခ သစ္စာပါဘုရား)။ သားတွေ သမီးတွေ မြေးတွေ မြစ်တွေက

ကော....(ဒုက္ခသစ္စာပါဘုရား)။ အင်း–ဒီဒုက္ခသစ္စာဝဋ်အတွင်းက လွတ်ကင်းချင်တဲ့ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။

ဒါကြောင့်မို့ တပည့်တော်တို့ ယနေ့ယခု အလုပ်ကြီး ပြုလုပ်ပါတယ်ဆိုလို့ရှိရင် ဒါဟာ ရိုးရိုးလုပ်တဲ့ အလုပ်လား၊ သိစ္စာသိလုပ်တဲ့ အလုပ်လား။ (သစ္စာသိလုပ်တဲ့ အလုပ်ပါဘုရား)။ ဒါကြောင့် ဘုရားက "စိတ္တာလင်္ကာရစိတ္တပရိက္ခာရဒါနံမေဝ သေဋ္ဌံ" လို့ အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ တိုက်ရိုက်ဟောထားတယ်။ သမထ ဝိပဿနာ ခြံရံလုပ်တဲ့ အလှူဒါနမှ ဒါနရှစ်မျိုးထဲမှာ အမြတ်ဆုံးဖြစ်လို့ ငါသာဓုခေါ်တယ်ကွ လို့ ဘုရားဟောထားတယ်။ (မှန်ပါဘုရား)။ ဒီတော့ ဒကာဒကာမတွေ ဒါဖြင့် အမြတ်ဆုံး အလှူဒါနကြီးကို ယနေ့ပြုရပြီဆိုတော့ ဝမ်းသာစရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ ကဲ–ရွေးကြံအုံးစို့–။

လူ့ဘဝ စတာ ဘယ်က စခဲ့တုံးမေးတော့ ဇာတိ။ အဲဒီ ဇာတိကြီးကို နောင်တဖန် လိုချင်သေးလား။ (မလိုချင်ပါဘူးဘုရား)။ ဒါဖြင့်လိုက်ဆို၊ ရွေးကြရအောင်–။

တပည့်တော် တပည့်တော်မတို့သည် ညောင်းလို့လဲ မလုပ်ရ၊ ယားလို့လဲ မကုတ်ရ၊ ကိုးလကျော်ဆယ်လ ထောင်ကျရသော ပဋိသန္ဓေဒုက္ခသစ္စာကြီးကို ရှုံခြင်း မုန်းခြင်း ငြီးငွေ့ခြင်း နောင်တဖန် မလိုချင်ခြင်း ရှိသည်ဖြစ်ပါ၍ ဤဒါန ဤကုသိုလ်ကောင်းမှုကို ပြုလုပ်လှူဒါန်းပါ၏ အရှင်ဘုရား။

ဒါဖြင့် ရိုးရိုးအလှူလား၊ နောက်ဇာတိကြောက်လို့ လှူတဲ့အလှူလား။ (နောက်ဇာတိကြောက်လို့ လှူတဲ့ အလှူပါဘုရား)။ နောက်ဇာတိက ဘာသစ္စာ... (ဒုက္ခသစ္စာပါဘုရား)။ ကြောက်စရာကောင်းတယ်လို့ သိတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။ဒါဖြင့်

အတိတ်တုန်းက သစ္စာမသိလို့လူတာ ဘာသစ္စာ.... (သမုဒယ သစ္စာပါဘုရား)။ အခု ကိုယ်တိုင်ရထားတာက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။

အခုတော့ဖြင့် သိလို့လူတာ ဘာသစ္စာ.... (မဂ္ဂသစ္စာပါ ဘုရား)။ အဲ-နောင်ရမှာက....(နိရောဓသစ္စာပါဘုရား)။ မကွာ ဘူးလားဗျာ။ (ကွာပါတယ်ဘုရား)။ အဲ-သစ္စာဉာဏ် ခြံရံပြီးမှ လူတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သာမညပုဂ္ဂိုလ် လူနိုင်တာလား၊ စူဠ သောတာပန်မှ လူနိုင်တာလား။ (စူဠသောတာပန်မှ လူနိုင်ပါ တယ်ဘုရား)။ စူဠသောတာပန်မှ သစ္စာဉာဏ်ခြံရံပြီးတော့ လူလို့ ဖြစ်တာ။ (မှန်ပါဘုရား)။ ရှင်းပြီနော်။ (ရှင်းပါပြီဘုရား)။

ဒါဖြင့်-ဇာတိက ကျွတ်လာတော့ အခု ဘယ်အခြေအနေ ရောက်နေပြီလဲ။ (အိုပါပြီဘုရား)။ နောင်တဖန် အိုခြင်းဆိုးကြီး လိုချင်သေးလား။ (မလိုချင်ပါဘုရား)။ အိုပြီးရင် ဘာဖြစ်ကြ အုံးမှာလဲ။ (သေမှာပါဘုရား)။ မသေနဲ့အုံး။ အမယ်လေး သေခွင့်မပေးသေးဘူး တဲ့။ မင်းတို့မှာ အရှက်တကွဲ အကျိုးနဲ့နဲ့ နာပွဲကြီးနဲ့ ငါ ထားအုံးမယ် တဲ့။ အတိတ်ကံကလေ-(မှန်ပါ ဘုရား)။ ဒကာဒကာမတွေ တောင်းထားတဲ့ကံက ကုန်ပြီလား။ (မကုန်သေးပါဘုရား)။ မင်းတို့ကို ငါ ဆုကြီးလာဘ်ကြီး ပေး ရအုံးမယ်ကွာ တဲ့။ တချို့ အဖွားကြီးတွေက အထိုင် အထ လေး လာပြီး သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ပြောလို့မရဘူး ဆိုရင် "နင်တို့နဲ့တော့ ငါ သေမျှားသေချင်ပါကော" လို့ မညည်း ဘူးလား။ (ညည်းပါတယ်ဘုရား)။

ကံကမသေနဲ့အုံးကွ တဲ့၊ မင်းတောင်းထားတဲ့ဆုက ဒါလေ ာက် မကသေးဘူး တဲ့။ သားတွေ သမီးတွေ ပြောလို့မရတဲ့အခါကျ

တော့ မျက်နှာကြီး ရှုံ့မဲ့နေတာကိုလဲ ငါကြည့်အုံးမယ် တဲ့၊ အတိတ်ကံက သေခွင့်မပေးသေးဘူး တဲ့။ (မှန်ပါဘုရား)။ မင်းကိုယ့် ကျင်ကြီးကျင်ငယ်မှ မသိမ်းနိုင်တဲ့အခါကျတော့ အရှက်တကွဲအကျိုးနဲ့ နာပွဲကြီးနဲ့လဲ ငါထားရမယ်အုံးမယ် တဲ့။ (မှန်ပါ)။ မင်းတောင်းထားတဲ့ဆုက ဒါတွေပါတယ် တဲ့၊ မင်းက မသိလို့တဲ့။ (မှန်ပါ)။ ငါပေးအုံးမယ် တဲ့၊ ယူကြအုံးမလား။ (မယူချင်ပါဘုရား)။ အဲ-မယူချင်လဲ ဒီဘဝတော့ ယူကြရမှာ ဘဲ။ (မှန်ပါဘုရား)။ နောင်မရအောင်သာ လုပ်ကြပါ။ ဒါ မသိရင် ခင်ဗျားတို့နောင်ဘဝမှာ လူ့ဘဝ လူ့ချမ်းသာ တောင်း အုံးမှာ။ (မှန်ပါဘုရား)။ အခုတော့ ပါးစပ်ထဲ ထည့်ရဲသေးရဲ့ လား။ (မထည့်ရဲတော့ပါဘုရား)။

ကိုင်း-ဆိုကြပါစို့။ လူကယောက် မကျန်းမမာဖြစ်ပြီဆိုရင် အဝတ်ကောင်း ဝတ်ပေးသလား၊ အဝတ်ဟောင်း ဝတ်ပေး သလား။ (အဝတ်ဟောင်း ဝတ်ပေးပါတယ်ဘုရား)။ အဝတ် ကောင်းတွေ ဘာလုပ်သလဲ။ (ချွတ်လိုက်ပါတယ်ဘုရား)။ ကဲ- နာပွဲဟာ ရိုးရိုးလား၊ အဝတ်ကောင်းချွတ်တဲ့ပွဲလား။ (အဝတ် ကောင်းချွတ်တဲ့ပွဲပါဘုရား)။ နောင်တဖန် နွှဲချင်သေးလား။ (မနွှဲချင်ပါဘုရား)။

ဒကာဒကာမတွေ ပစ္စည်းဥစ္စာရှိပေမဲ့ မမာတဲ့အခါ စားချင် တာ စားရသလား၊ ဘေးပုံပြီး အငတ်နေရသလား။ (ဘေးပုံပြီး အငတ်နေရတာပါဘုရား)။ ဒါဖြင့် နာပွဲဆိုတာ ရိုးရိုးလား၊ အငတ်နေရတဲ့ပွဲလား။ (အငတ်နေရတဲ့ပွဲပါဘုရား)။နောင်တဖန် နွှဲချင်ကြသေးလား။ (မနွှဲချင်ပါဘုရား)။

တယ်ကြောက်စရာ ကောင်းပါလား။ အခုအချိန်မှာ ခင်ဗျား တို့က ပစ္စည်းပစ္စယနဲ့ ပြည့်စုံတော့ ကိုယ်အင်္ဂါ ကြီးငယ်အသွယ်သွယ်ကိုအရှက်ပြေဝယ်ဖုံးတဲ့အပြင်မကျေနပ်သေးလို့ လှပတင့်တယ်အောင်ဆိုပြီးတော့ အထပ်ထပ် လုပ်ကြတယ်နော်။ (မှန်ပါ)။ အထပ်ထပ်ဖုံးလေသမျှ မကျန်းမာတော့ ကိုယ့်ကျင်ကြီးကျင်ငယ်မှ သိမ်းနိုင်သေးရဲ့လား။ (မသိမ်းနိုင်ပါဘုရား)။

အဲဒီအခါကျတော့ ဆွေမျိုးများရင် များသလောက် မလာကြပေဘူးလား။ (လာပါတယ်ဘုရား)။ သူများက ကျင်ကြီးကျင်ငယ်ကို သုတ်သင်ပေးရတယ်ဆိုတော့ အသက်ရှည်လျက်ကျန်းမာစဉ်ကာလက ဖုံးဖိထားသလောက် ဒီနေရာမှာ အရှက်မကွဲဘူးလား။ (ကွဲပါတယ်ဘုရား)။ ဒီတော့ နာပွဲဆိုတာရိုးရိုးလား၊ အရှက်ကွဲတဲ့ပွဲလား။ (အရှက်ကွဲတဲ့ပွဲပါဘုရား)။ နောင်တဖန် နွှဲချင်သေးလား။ (မနွှဲချင်ပါဘုရား)။ ဒါဖြင့် လိုက်ဆိုပါ—

တပည့်တော် တပည့်မတော်တို့သည် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့[illegible]ား ဤလူ့ဘဝဝတ္ထုအလုံးစုံကို သဒ္ဓါကြည်ဖြူ ဆပ်ကပ်လှူဒါန်းပါ၏အရှင်ဘုရား လှူဒါန်းရသောကောင်းမှုစေတနာတို့ကြောင့် အဲတက်ကောင်းချွတ်ရတဲ့နာပွဲ၊ တံတွေးထွေးခံရတဲ့နာပွဲ၊ အငတ်နေရတဲ့နာပွဲ၊ အရှက်ကွဲရတဲ့နာပွဲကြီးကို ရှုံခြင်း မုန်းခြင်း ငြီးငွေ့ခြင်း နောင်တဖန် လိုချင်ခြင်းမရှိသည်ဖြစ်ပါ၍ နာပွဲလွတ်ရာ အဗျာဓိ ဟု ဆိုအပ်သောနိဗ္ဗာန်ကိုသာ ရည်မှန်း၍ သမထဝိပဿနာခြံရံပြီး သစ္စာသိသောဉာဏ်ဖြင့် လှူဒါန်းပါ၏အရှင်ဘုရား။

ကိုင်း–ရိုးရိုးအလှူကား၊ နာပွဲကြောက်လို့ လှူတဲ့အလှူလား။ (နာပွဲကြောက်လို့ လှူတဲ့အလှူပါဘုရား)။ နာပွဲက ဘာသစ္စာ..... (ဒုက္ခသစ္စာပါဘုရား)။ ကြောက်စရာကောင်းတယ်လို့ သိတဲ့ ဉာဏ်က ... (မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဒီဒါနထက်မြတ်တာ ရှိသေးလား။ (မရှိပါဘုရား)။ အဲဒီလိုရွေးယူရင် နိဗ္ဗာန် ရ–မရ... (ရနိုင်ပါတယ်ဘုရား)။ ဒါဖြင့် ဒါနကြောင့် သံသရာရှည်သေးလား။ (မရှည်ပါဘုရား)။ ဒါနက သံသရာရှည်တာလား၊ အရွေးမတတ်လို့ ရှည်တာလား။ (အရွေးမတတ်လို့ ရှည်တာပါဘုရား)။

အရွေးမတတ်တာက အဝိဇ္ဇာပေါ့။ ဒါဖြင့် ဒါနက သံသရာရှည်တာမဟုတ်ဘူး၊ မသိမှုကြောင့် ရှည်တာလို့ မှတ်ကြပါ။ (မှန်ပါ)။ သံသရာဘယ့်နှယ်ကြောင့် ရှည်ပါလိမ့်။ (မသိမှုကြောင့် ရှည်တာပါဘုရား)။ အဲဒါနဲ့မျှား တဘက်စောင်းကြီးနဲ့ ဒါနက သံသရာရှည်သလေး-ဘာလေးနဲ့ သွားမလုပ်နဲ့နော့။ ဒယ်အိုးထဲရောက်ကုန်မယ်။ (မှန်ပါဘုရား)။ ဒါဟာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ရှင်းပေးထားတယ်။

ဂဂ်ါဝါဠု သဲစုမက ပွင့်ကြသီးသီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည် ဘာပါရမီ အရင်းခံလဲ။ (ဒါနပါရမီ အရင်းခံပါတယ်ဘုရား)။ ဒါဖြင့် ယနေ့လှူတဲ့အလှူသည် ရိုးရိုး ရော့-အင့်ကိုတဲ့ အလှူလား၊ ရွေးလှူတဲ့အလှူလား။ (ရွေးလှူတဲ့အလှူပါဘုရား)။ ဒါဖြင့် သိလို့လှူတာက ဘာသစ္စာ... (မဂ္ဂသစ္စာပါဘုရား)။ မဂ္ဂသစ္စာဆိုတာ ဝိဇ္ဇာဉာဏ်ဘဲပေါ့။ နောင်တဖန် ရမှာက.... (နိရောဓသစ္စာပါဘုရား)။ ဟိုရှေးအတိတ်တုန်းက မသိလို့လှူတာက ဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား)။ အခု

ကိုယ်တိုင်ရထားတဲ့ လူ့ဘဝက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။ မကွာဘူးလား။ (ကွာပါတယ်ဘုရား)။

အတိတ်တုန်းက အလှူပေးပြီး ကုသိုလ်ကောင်းမှုလုပ်တော့ လူ့ဘဝရောက်လာတာ ဒုက္ခကြီး တဲ့။ (မှန်လှပါ)။ ဉာဏ်နဲ့ရွေး လိုက်တော့လေ...,(မှန်ပါဘုရား)။ နောင်တဖန် ဒီလိုဒုက္ခမျိုး လိုချင်သေးသလား။ (မလိုချင်ပါဘုရား)။ ဒါဖြင့် ဒီခန္ဓာဒုက္ခ နောင်မလိုချင်တာက—မဂ္ဂသစ္စာပေါ့။ (မှန်ပါ့ဘုရား)။ ရှင်းပြီ မဟုတ်လား။ (မှန်ပါ) ရိုးရိုးအလှူမဟုတ်ဘူး၊ ရွေးလှူတဲ့အလှူ နော်။ (မှန်လှပါ)။ ကိုင်း—ရေစက်ချ ဆက်သွားကြအုံးစို့....။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးအပေါင်း သူတော်ကောင်း တို့။ ပုညံ၊ ကုသိုလ်ကောင်းမှုဟူသမျှသည်။ သုခံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကြီးကို။ ဇနေတိ၊ ဖြစ်စေ တတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ သုံးလူ့ဆရာ စေသတ္တာ သည် မိန့်မှာဟောကြားအပ်သော စကားကို။ မနသိကတွာ၊ နှလုံးနှစ်ခြိုက် ပိုက်မိကြကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏ ဂုဏ်သုံးပါးနှင့်။ သဟ သဟော၊ ထပ်တူထပ်မျှ အတူတကွ သာလျှင်။ ပဥ္စသီလာနိ၊ ငါးပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ-ဂဏှိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ကြ ကုန်ပြီး၍။ ဣမာနိ ဒါတဗ္ဗဝတ္ထူနိ၊ ဤလှူဘွယ်ဝတ္ထု ပစ္စည်း အစုစုတို့ကို။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ ဒေမ၊ မအိုမသေ အမြဲနေသောနိဗ္ဗာန်ကို ရည်မှန်း၍ သစ္စာဉာဏ်ခြံရံ သော ဒါနအဖြစ်ဖြင့် လှူဒါန်းပါကုန်၏ အရှင်ဘုရား။ ။

ကဲ ရိုးရိုးအလှူလား၊ သစ္စာဉာဏ်ခြံရံလှူတဲ့အလှူလား။ (သစ္စာ ဉာဏ်ခြံရံလှူတဲ့ အလှူပါဘုရား)။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမိနာ ဒါနပုညေန၊ ဤသို့ သစ္စာဉာဏ်ခြံရံပြီး လှူဒါန်းရတဲ့ ကုသိုလ်ကံ စေတနာကြောင့်ရင်း။ ဣမိနာ သီလပုညေန၊ ဤသို့ ဆောက်တည်ရသော သီလကုသိုလ်ကံ စေတနာကြောင့်ရင်း။ အညေဟိ၊ တပါးကုန်သော။ ပုညေဟိ၊ အနမတဂ္ဂသံသရာမှ စ၍ ယခုဘဝရောက်အောင် ပြုလုပ်ခဲ့ကြကုန်သော ကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့်ရင်း။ အဇာတိံ၊ ပဋိသန္ဓေမနေရာ စင်စစ်ဖြစ်သော၊ အဇရံ၊ မအိုရာ စင်စစ်ဖြစ်သော။ အဗျာဓိံ၊ မနာရာ စင်စစ်ဖြစ်သော။ အမတံ၊ မသေရာ စင်စစ်ဖြစ်သော။ သိဝံ၊ ဇာတိဇရာ ဗျာဓိမရဏာ စသည်ထောင်သောင်း ဘေးအပေါင်းတို့၏ ကောင်းကောင်းကြီး ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ သီဃတရံ၊ အလွန် သျင်လျင်မြန်မြန်။ သစ္ဆိကရေယျာမ၊ ဖြစ်ပျက်လက္ခဏာ ခန္ဓာ ဉာဏ်ရောက် အလင်းပေါက်၍ မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမသ္မာ၊ ဤကောင်းမှုကံ၏။ ဘာဂံ၊ အဘို့ကို။ ဂုဏဝိသေသဝတာနံ၊ ဂုဏ်ကျေးဇူး အထူးအားဖြင့် ကြီးမားကြကုန်သော။ မာတာပိတူနဉ္စ၊ လက်ရှိဖြစ်သော မိခင်ဘခင် ကျေးဇူးရှင်တို့အားရင်း။ မာတာပိတူနဉ္စ၊ သေလွန်သွားကြကုန်သော ကျေးဇူးအရှင် မိခင်ဘခင်တို့အားရင်း။ အာစရိယာနဉ္စ၊ ဆုံးမပဲ့ပြင် သွန်သင်ပေးတတ် ဆရာမြတ်တို့အားရင်း။ ဣမာသံ ပရိသာနဉ္စ၊ ဤတရားသဘင်သို့ စည်းဝေးရောက်လာကြကုန်သော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အားရင်း။

ဒေဝတာနဥ္စ၊ အလုံးစုံသော နတ်အပေါင်းတို့အားရင်း။ ကေတိ သဘာဝေ၊ သုံးဆယ့်တဘုံ၌။ စရန္တာနံ၊ ကျင်လည် ပြေးလွှား၍ နေကြကုန်သော။ သဗ္ဗသတ္တာနဥ္စ၊ အလုံးစုံသော ဒုက္ခိတ သုခိတ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အားရင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေ သတ္တာ၊ ထိုဆိုအပ်ခဲ့ပြီးသော သတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူထပ်မျှသော။ ဣမံ ပုညဘာဂံ။ ဤယနေ့ ယခု ပြုလုပ်ကြရကုန်သော ကုသိုလ်ကောင်းမှု၏ အဘို့ဘာဂကို။ လဘိတွာ၊ အတူတကွ ရရှိကြကုန်သည်ဖြစ်၍။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာရှိကြကုန်သည်။ မုဒိတာ၊ ပီတိမောက်လွှမ်း၍ ဝမ်းမြောက်ခြင်းရှိကြကုန်သည်။ ဘဝန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေကုန်သတည်း။ (ဝါ) ဖြစ်ကြပါစေကုန်သောဝ်။ ။

ကဲ—အားလုံးက ညီညီညာညာ အမျှဝေကြပါစို့။ ။

(အမျှ—အမျှ—အမျှ ယူတော်မူကြပါကုန်လော့—)။

(သာဓု—သာဓု—သာဓုပါဘုရား)။

ပါဝေယျက မင်္ဂလာ ဆင်တော်ဝတ္ထု ပြီး၏။

# သာသနာနဲ့ဒါယကာ ရေနံ့ကြာ

ယနေ့ တောင်ဥက္ကလာပမြို့ (၉) ရပ်ကွက် ကျက်သရေဆောင် လူထုဓမ္မာရုံကြီးမှာ မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ကြီးက ကော်မီတီများဖွဲ့၍ ရပ်ဝေး ရပ်နီး အသီးသီးမှ တရားနာလာကြတဲ့ သူတော်ကောင်းအပေါင်းတို့ ကိုယ်၏ ကျန်းမာခြင်း စိတ်၏ ကျန်းမာခြင်းဖြင့် ကျင့်ကြံ ကြိုးကုတ် ပွားများအားထုတ်ပြီးတော့ သစ္စာဉာဏ်ပွင့်လင်း၍ မအိုမသေ အမြဲနေသောနိဗ္ဗာန်ကို မြန်မြန်ကြီး ရနိုင်ကြပါစေ ဆိုတဲ့ စိတ်ထားဖြင့် ဆောင်ရွက်ပေးလို့ ယနေ့တော့ဖြင့် (၉) ရက်မြောက် ရောက်လာပြီပေါ့နော်။ စခန်းဝင်ပြီး အားထုတ်နေကြတဲ့ သူတော်ကောင်းတွေနဲ့ ပတ်ဝန်းကျင်ကလာပြီးတော့ တရားဓမ္မကို နာကြားပြီး နှလုံးသွင်းကြတဲ့ ပုဂ္ဂိုလ်တွေကလဲ ပါရှိပြန်လို့ ယနေ့ အားလုံးနဲ့ ပတ်သက်တဲ့တရားကို လွယ်လွယ်ကူကူ မှတ်သားနိုင်စေခြင်းအကျိုးငှာမှန်ကို ဥပမာပြလို့ ဝိပဿနာရှုနည်းကို ဟောပါ့မယ်။

ဆရာကောင်းသမားကောင်းထံက နည်းရပြီး လွယ်လွယ်ကူကူနဲ့ ရှုနိုင်လို့ရှိရင် ခန္ဓာအနိစ္စကို မြင်တယ်ဆိုကတည်းက ယထာဘူတဉာဏ်၊ အနိစ္စမြင်ဖန်များလို့ ရှုံမုန်းငြီးငွေ့စရာဖြစ်တာက နိဗ္ဗိန္ဒဉာဏ်။ အဲဒီ နိဗ္ဗိန္ဒဉာဏ်က တဆင့်တက်လို့ ရင့်ကျက်ခဲ့သော် မဂ်ဉာဏ်ဆိုတဲ့ ကတဉာဏ်ကို ကောန့်ပင် ရနိုင်ပါတယ်ဆိုတဲ့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဥပဒိဿအတိုင်း ရပ်ဝေးရပ်နီး အသီးသီးမှ ရောက်ရှိလာကြကုန်

သော ညီအကို မောင်နှမတို့အား ယနေ့ည အထူးဘဲ ကျေးဇူး ဆပ်ပါမယ်။

ရှေ့ပိုင်းမှာ ဇာတ်သွားကလေးကတော့ သာသနာနဲ့ ဒါယကာ ရေနဲ့ကြာဆိုတဲ့တရားကို ဟောပါမယ်။ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးက နေလိုလလို ထွန်းလင်း တောက်ပနေရခြင်းသည်ကား ဘာကြောင့်လဲလို့ ဆန်းစစ်တော့ (၂၂၇) သွယ်သော သိက္ခာဝိနည်းတွေကို ထမ်းရွက်နေကြတဲ့ ရဟန်းသံဃာတော်တွေရှိကြနေလို့ နေလို-လနှယ် ထွန်းတောက်ပတယ် ဆိုရင် လွဲပါမလား။ (မလွဲပါဘုရား)။ ဒါဖြင့် ဒကာဒကာမတွေက တပည့်တော်တို့ မပါဘူးလားဆိုတော့ ဒကာဒကာမတွေက တစ်နံ့ပါတ်အနေနဲ့ သာသနာ့ အုတ်မြစ်ကြီးတွေ ပါဘဲလို့ ဆိုလို့ရှိရင် လွဲမယ်မထင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ ဒီရဟန်းသံဃာတော်များသည် ဆေးကုစားလို့လဲမဖြစ်၊ ရောင်းဝယ် ဖောက်ကားစားလို့လဲ မလျော်၊ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားလို့လဲ မကိုက်။ ဒါဖြင့် သူတို့ အာဟာရသိဒ္ဓိပြီးနေလို့လား မေးပြန်တော့ကော မဟုတ်ပါဘူးတဲ့၊ အာဟာရသိဒ္ဓိလဲမပြီးဘူး။ ဒါဖြင့် ဒီပုဂ္ဂိုလ်တွေ ဘယ့်နှယ်ကြောင့် သည်ပိုး ထမ်းဆောင်နိုင်ကြပါလိမ့်မလဲဆိုတော့ အမြော်အမြင်ကြီးလို့ပါဘဲ။ ဒါကြောင့်—

ယထာ အာလိဆိန္နေ ဇလာ၊ ဘိဇ္ဇန္တိ ကမလာနိ စ။
တထာ ပရိယတ္တျာ ဆိန္နေ၊ အညာနိ သာသနာနိ စ။

အာလိဆိန္နေ၊ ကန်ဘောင်ကန်ရိုး ပေါက်ပျက်ကျိုးသည်ရှိသော်။ဇလာ—ဇလာနိ စ၊ ကန်တွင်းတည်နေ သောက်သုံးရေတို့

သည့်ရင်း။ ကမလာနိ စ၊ လှပန့်သင်း ကြာခပင်းတို့သည့်ရင်း။ ဘိဇ္ဇန္တိ ယထာ၊ ကွယ်ပျောက်ပြုန်းတီး ပျက်စီးကြကုန်သကဲ့သို့။ တထာ၊ ပမာယုဉ်နှိုင်း ထိုအတိုင်းသာလျှင်။ ပရိယတ္ယာ ဆိဋ္ဌေ၊ သုံးပုံပိဋကတ် ပရိယတ်က ပုဒ်ပါဋ္ဌ်မမှန် ဖောက်ပြန်ယွင်းပျက် ထိုထက်ဆိုးရွား ကွယ်ပျောက်သွားသည်ရှိသော်။ အညာနိ၊ ထိုမှ ကြွင်းလတ် ပဋိပတ်ပဋိဝေ နှစ်ထွေသိက္ခာ သာသနာတို့သည် လည်း။ ဘိဇ္ဇန္တိ၊ ချုပ်ငြိမ်းကွယ်ပျောက် ပျက်စီးခြင်းသို့ရောက် ကြလေကုန်တော့သတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

ပရိယတ္တိ သင်ကြားတော်မူ ဆောင်ထားတော်မူတဲ့ ရဟန်း သံဃာအရှင်မြတ်တွေက ကန်ဘောင်နဲ့တူတယ်၊ ယခု လူရှင် ရဟန်းကျင့်သုံးတဲ့ ပဋိပတ်အကျင့်က ရေနဲ့တူတယ်၊ အချိန် ကြာညောင်းလို့ ပေါ်ပေါက်လာမဲ့ ကြာဖူးကြာပွင့်က ပဋိဝေဓ နှင့်တူတယ် တဲ့။ ကန်ဘောင်ကျိုးလျှင် ရေကုန်မှာဘဲ၊ ရေကုန်ရင် ကြာဖူးကြာပွင့် ကြာရန့်ရဘို့ ဝေးပြီ။ ။

ဒါကြောင့်–အကျင့်တရားတည်း ဟူသော ရေတွေမပျောက် မပျက်ရအောင် ပရိယတ် ထမ်းရွက်တော်မူကြတဲ့ ရဟန်းတော် တွေက ကန်ဘောင်ဆည်ထားကြပါတယ်၊ ဒီပုဂ္ဂိုလ်တွေကို ဘယ် သူကထောက်ပံ့လို့ ဒီလောက်ကြိုးစားပြီး ပရိယတ်ကန်ဘောင် သည်နိုင်ပါလိမ့်မလဲလို့ တွေးကြစမ်းပါ၊ ဒကာ ဒကာမတွေက ကျောင်း-သင်္ကန်း-သွမ်း ဆေး အထောက်အပံ့ပေးထားလို့ မဟုတ် သား။ (မှန်ပါ့ ဘုရား)။

ဒါဖြင့်-ဦးချစ်ခိုင်ရေ ကန်ဘောင်ဆည်တဲ့ ကန်ရှင်များက ကြာ ဖူးကြာပွင့် ကြာဝတ်ဆံ ကြာစွယ်ကို သုံးဆောင်ကြသလို ပစ္စည်း

လေးပါးထောက်ပံ့တဲ့ သူတွေလဲ အတူအမျှ ခံစားစံစား ကြရမှာ ပါ့ဘဲ။ (မှန်ပါ ဘုရား)။ ဘာကြောင့်လဲဆိုတော့ ကျောင်း သင်္ကန်း ဆွမ်း ဆေး ပစ္စည်းလေးပါး အထောက်အပံ့ပေးတဲ့ ဒကာဒကာမတွေရှိလို့ ဒီပုဂ္ဂိုလ်တွေဟာ တည်တံ့နေတာ မဟုတ် လား။ (မှန်ပါ ဘုရား)။ ဒီရဟန်းတော်များ တည်တံ့ခြင်း ကြောင့်လဲ ပရိယတ် ပဋိပတ် သာသနာနှစ်ရပ်လဲ ခိုင်မြဲနေ တာပေါ့။

မြတ်စွာဘုရား၏ သာသနာကြီးက စိမ်းလဲ့ကြည်လင် မြေ သန့်စင်တဲ့ ရေကန်တော်ကြီးနဲ့ တူပါတယ်။ ဆွမ်းဒကာ ဆွမ်း အမ ပစ္စည်းလေးပါး အထောက်အပံ့ ပေးကြတဲ့ ဒီတရားနာ ပရိသတ်တွေရှိမှ သူတော်ကောင်းတရားတွေက ကြာပင်ကြာဖူး များနဲ့တူပါတယ်၊ ရေသည်ကြာရှိမှ တင့်တယ်သလိုကြာသည် ရေရှိ မှ ဖူးပွင့်နိုင်တယ်ဆိုတာ မသေချာဘူးလား။ (သေချာပါတယ် ဘုရား)။

အခု ဒကာဒကာမတွေဘဲ စဉ်းစားကြည့်ပါ၊ "သူတော် ကောင်းတို့"လို့ ခေါ်လိုက်ရင် ကြားတဲ့စိတ်ကလေး မပေါ်ဘူး လား၊ ဒီကြားစိတ်ကလေးက နဂိုက ရှိသလား၊ အခုမှ အသံနဲ့ နားနဲ့တိုက်လို့ ပေါ်တာလား။ (အသံနဲ့နားနဲ့ တိုက်လို့ပါ ဘုရား)။ အသံနဲ့နားနဲ့တိုက်တော့ နားအကြည် ရုပ်ပေါ်မှာ "ကြားစိတ်" နာမ်လေး သွားပေါ်တယ်၊ ဒါဖြင့် ရုပ်ပေါ်မှာ နာမ်ပေါ်တော့.... (ရုပ်နာမ်ပါ ဘုရား)။ အဲဒီ ရုပ်နာမ်လေးကို ကြည့်ရအောင် မြဲနိုင်ရဲ့လား။ (မမြဲနိုင်ပါဘူး ဘုရား)။ မမြဲနိုင် ဘူးဆိုတော့ ကြားတုန်းက ဖြစ်တာ၊ မမြဲနိုင်တဲ့အခါမှာ ပျက်တာ ဆိုတော့ ဖြေ–ဒါက ဖြစ်ပျက် အနိစ္စ၊ သိတဲ့ ဝိပဿနာက

မဂ္ဂဆိုတော့ မဂ်ဉာဏ်တည်းဟူသော ကြာပန်းလေး ပွင့်မလာ ဘူးလား။ (ပွင့်လာပါတယ် ဘုရား)။

ကိုယ့်အစွမ်းကောင်းလို့ ပွင့်တာလား၊ ရေအမှီရလို့ ပွင့်တာ လား။ (ရေအမှီရလို့ပါဘုရား)။သာသနာတည်းဟူသော အဆုံး အမ ရေတွေရလို့ မဂ္ဂသစ္စာ ကြာပန်းပွင့်တာပါ။ သာသနာ တည်းဟူသော ရေကန်ကြီးအတွင်းမှာ ပေါက်ရောက်လာကြတဲ့ သူတော်ကောင်းတွေ၊ ရေသည်ကြာရှိမှ တင့်တယ်သလို ကြာ သည်လဲ ရေကိုအမှီရမှ ဖူးနိုင်ပွင့်နိုင်တာပါ၊ သာသနာတော်ကြီး ကို ဒီလိုပစ္စည်းလေးပါးနဲ့ အထောက်အကူမပေးလို့ရှိရင် တင့် တယ်ပါ့မလား။ (မတင့်တယ် ဘုရား)။

အဲဒါဖြင့် ဒီသာသနာတည်းဟူသော ရေကိုအမှီမရတဲ့ ပုဂ္ဂိုလ် များမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကြာပန်းပွင့်ပါ့မလား။ (မပွင့်ပါ ဘုရား)။ ဒါကြောင့် အခုတော့ သာသနာကြီးကို အမှီရတော့ ဒကာဒကာမတွေမှာလဲ ဝိပဿနာဉာဏ် ကြာပန်းတွေ အနည်းဆုံး ပွင့်လန်းကြတယ်၊ သာသနာရေကန်တော်ကြီးကလဲ အလွန်လှပ တင့်တယ်ဆိုတော့ ရေသည်ကြာရှိမှ တင့်တယ်သလို ကြာသည် ရေရှိမှ ဖူးနိုင်ပွင့်နိုင်ပါတယ်ဆိုတဲ့ အဋ္ဌကထာဆရာရဲ့ စကားက မမှန်ဘူးလား။ (မှန်ပါတယ် ဘုရား)။ ဒါကြောင့်–

ဘိက္ခုူ၊ အိမ်ရာမထောင် လူ့ဘောင်ခွါမြန်း သာသ
နာတော် ထမ်းကြတဲ့ ရှင်ရဟန်းတို့သည်။ မေမွေနှ၊ ပရိယတ်
ပဋိပတ် အကျင့်မြတ်ဖြင့်။ အနုဂ္ဂဟေယျုံ၊ အစွမ်းရှိသ
လောက်ချီးမြှောက် ထောက်ပံ့ကြရာ၏။ ဂိဟီ၊ အိုးပိုင်
အိမ်ပိုင် နေထိုင်ပျော်ပါး လူအများတို့က။ ပစ္စယေနှ၊

ကျောင်းနှင့်သင်္ကန်း ဆေးဆွမ်းမလပ် လေးရပ်သော ပစ္စည်းအမြတ်ဖြင့်။ အနုဂ္ဂဟေယျုံ၊ ချီးမြှောက်ထောက် ပံ့ကြရာ၏။ ဝေံ၊ ဤသို့ သူ့တာဝန် ကိုယ့်တာဝန် ကျေပြွန်အောင်ချီးမြှောက် ထောက်ပံ့ကြကုန်သည် ရှိသော်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာသည်။ စိရံ၊ အနှစ်မြားမြောင် ငါးထောင်ပတ်လုံး ခေတ်ကုန်ဆုံးအောင်။တိဋ္ဌတိ၊ သုံးလောက တိုက်ဘောင်မှာ အမိုက်မှောင်ပယ်ခွင်း၍ လမင်းကြီးတရထည် ဝင်းဝင်းကြီးတည်နိုင်ပါတော့သတည်း။ ။

## သီရိဓမ္မာသောကမင်းကြီး

ကိုင်း သာသနာနဲ့ ဒါယကာ ရေနံ့ကြာဆိုတဲ့ ဇာတ်သွားကို မှတ်သားဘို့ရန်က....မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ရာ့တဆယ့်ရှစ်နှစ် မြောက်သောအခါ အိန္ဒိယတိုင်း ပါဋလိပုတ်ပြည်ကြီးမှာ စည်ထီးနှင့်တကွ အုပ်ချုပ်မင်းလုပ်တာက **သီရိဓမ္မာသောက**မင်းတဲ့။ သူ့မှာလဲ တောင်ညာတင်ထား အသန္ဓိမိတ္တာ မိဖုရားတပါးရှိတယ်။ အသန္ဓိမိတ္တာဆိုတာက သူ့ကိုဘယ်သူမှ မိတ်မဆက်ရဘဲနဲ့ ချစ်ခင်ကြလို့ **အသန္ဓိမိတ္တာ** မိဖုရားရယ်လို့ အားလုံးမှတ်လိုက်တာပေါ့။ (မှန်ပါ့ဘုရား)။

ဒီလောကလူ့ပြီးတော့ သူများချစ်ခင်စရာဖြစ်တာက တခြားကြောင့် မဟုတ်ပါဘူး တဲ့၊ သူ့မှာ ဒါနတရား သီလတရာ သမထဘာဝနာ တရားတွေကို ဘဝဆက်တိုင်း ပြုလုပ်ခဲ့လို့ ဒီဘဝမှာလာပြီးတော့ လူချစ်ခင်စရာ ဖြစ်လာတယ်ဆိုတာ မှတ်ထားကြတာပေါ့။ (မှန်ပါ့ရှဲဘုရား)။

အခုလဲ ဆွမ်းလှူကြတဲ့ကုသိုလ် ဆေးလှူကြတဲ့ကုသိုလ် ရေလှူကြတဲ့ကုသိုလ် ဝေယျာဝစ္စတွေ ပြုလုပ်ပေးရတဲ့ ကုသိုလ်ဆိုတာ ဟာလဲ သာသနာ့ဒါယကာတွေချည်းပါဘဲ၊ကိုင်း ဒီတော့ ပါဠိလိပုတ်ပြည်ကြီးမှာ စည်ထိုးနှင့်တကွ မင်းလုပ်တဲ့ သီရိဓမ္မာသောကမင်းက အသန္ဓိမိတ္တာကို တောင်ညာတင်ထား မိဖုရားအရာမှာ ထားတယ်၊ အင်မတန်မှလဲ စိတ်ထားစေတနာကလဲ ကောင်းတဲ့ အမျိုးသမီးကလဲဖြစ်၊ ရဟန်းသံဃာတော်များနှင့်လဲ အကျွမ်းတဝင် ဆက်ဆံတတ်တဲ့ သူတော်ကောင်းကြီး ဖြစ်နေတဲ့အတွက် ကြောင့်—

ဒါနစာဂီ ပါပဟာရီ၊ သော ဟိ ရူပဓာရိနီ။
သီလစာရီ ပိယဘာသီ၊ အဟော ပတ္တဋ္ဌထောမနီ။

ဟိ၊ အသန္ဓိမိတ္တာမိဖုရား၏ ဝေနီးကြေငြာ သြဘာဂုဏ်သတင်းတရပ်ကို အစုံလင်းကာ ဟောလိုက်ပေဦးအံ့။ သော၊ အဆင်း၏ကြက်သရေကို မပျက်မသွေအောင် စောင့်စည်းတတ်ပါတဲ့ ထိုအသန္ဓိမိတ္တာ မိဖုရားသည်။ ဒါနစာဂီ၊ မျက်နှာရွှင်ပြုံးနှလုံးကြည်စွာ စေတနာဖြူဖွေး၍ အလှူပေးခြင်းဆိုတဲ့ ပါရမီထူးကို ဆည်းပူးကာ နေတတ်ပါပေ၏။ သီလစာရီ၊ လောကဝတ်ဓမ္မဝတ် မချွတ်ကေန် အကျိုးမှန်အကြောင်းစပ် ကောင်းမြတ်တဲ့ သီလကို ညီမျှစွာကျင့်သုံး၍ နေတတ်ပါပေ၏။ ပိယဘာသီ၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အယုတ်အလတ် အမြတ်အားဖြင့် ခွဲခြားမဆို နားဝင်ချိုသာ ချစ်စရာစကားကို နှစ်သက်ဖွယ်ပြောကြားကာ နေတတ်ပါပေ၏။ ပါပဟာရီ၊ ကိုယ်နှုတ်စိတ်အား တရားမဖွယ် ဆယ်ပါးသောဒုစရိုက်တွေကို ဂရုစိုက်လွှင့်ပယ်၍ တင့်တယ်စွာစံ၍ နေတတ်ပါလေ၏။ ရူပဓာရိနီ၊

သူ့ရုပ်ပုံကလေး ကြည့်လိုက်ပြန်တော့လဲ တမျိုးလှ အမူအရာကလဲ အချိုးကျပြန်တော့ မိုးမာဃသုဇာတာလို လူ့ပြည်မှာ ပထမအတန်းအဆင့်မှ အလှပန်းပွင့်၍ နေပါပေ၏။ ပတ္တဋ္ဌထောဇနီ၊ နိုင်ငံတကာ ထောမနာမခန်း ဩဘာလွှမ်း၍ ချီးမွမ်းသံလည်းမစဲရှိပါပေ၏။ အဟော၊ သူ့ပါရမီနှယ် လူ့ရွာဝယ်ရှားမှ ရှားတာမို့ဩြဘ်–အံ့အားသင့်မဆုံး ရှိရပါပေစွတကား။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

အသန္ဒိမိတ္တာ မိဖုရားဟာ လူ့ပြည်မှာဆိုရင် အိန္ဒိယတိုင်းတတိုင်းလုံး အင်မတန်မှ ကျော်ကြားတဲ့ အမျိုးသမီးပေါ့။ တခြားကြောင့် ကျော်ကြားတာ မဟုတ်ပါဘူး၊ အဆင်းလှမှုကြောင့်ပါ။ အဲဒီ အဆင်းလှမှု ဆက်ဆံရေးပြေပြစ်မှုက မိုးပေါ်က ကျတာလား၊ သိကြား ဗြဟ္မာ ဘုရားဖန်ဆင်းပေးတာလား၊ ဒါန သီလကုသိုလ်ကြောင့်လား။ (ဒါနသီလကြောင့်ပါဘုရား)။ ဒါဖြင့်–ဒီနေ့လာပြီးတော့ ဆည်းပူးကြတဲ့ သူတော်ကောင်းများမှာ ဒါနကုသိုလ်လဲပါတယ်၊ သီလကုသိုလ်လဲ ပါတယ်နော်၊ သမထဝိပဿနာကုသိုလ်လေးကလဲ ထပ်ဖြည့်အုံးမယ်ဆိုတော့ ဝမ်းသာစရာကြီးပါလား။ (မှန်လှပါဘုရား)။

ကိုင်း–ဆိုကြပါစို့။ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် ကျောင်းတွေ တန်ဆောင်းတွေ ဇရပ်တွေ စေတီတွေ ဒီလို လှူဒါန်းလိုက်တာ ရှစ်သောင်းလေးထောင်ချည်းဘဲ။ အမြို့မြို့ အရွာရွာ အတိုင်းတိုင်း အပြည်ပြည်မှာ သီရိဓမ္မာသောကမင်းသည် ဒိဋ္ဌိရန်ခပင်းကို ဖြိုခွင်းပြီးတော့ သာသနာတော်ကြီးကို ရှင်းရှင်းလင်းလင်းကြီး ဖြစ်အောင် ပြုစု ဆောင်ရွက်ပါသတဲ့။

ရဟန်းသံဃာတွေနဲ့ နီးစပ်နေတော့ "ဒါဟာ အကြောင်း၊ ဒါဟာ အကျိုး" ဆိုတာလဲ သူတို့ တော်တော်လေးတော့ ကြားနာထားရတာပေါ့လေ။ (မှန်လှပါဘုရား)။ သို့သော် သိရုံမျှသာ သောကမင်းကြီးကတော့ လှူဒါန်းရရင် သူ့ဝါသနာက အင်မတန်မှ ကျေနပ်နေတယ်ဆိုတော့ သီလတရား သမထတရား ဝိပဿနာ ဘာဝနာ တရားဘက်မှာတော့ အားနည်းလှပါတယ်တဲ့။

ဒကာတွေနဲ့ ဒကာမတွေ ဘယ်သူတွေက ငရဲရောက်ဘို့ ပိုများမလဲမသိဘူး။ (ဒကာတွေက ပိုများပါတယ်ဘုရား)။ နာလိုက်တာ–ဦးချစ်ခိုင်ရေ၊ မသေခင်ကလဲ ပြုစုလုပ်ကျွေးရ နေပူမရှောင် မိုးရွာမရှောင် ဒကာတွေဘဲနော်၊ ကောင်းကောင်းမွန်မွန် ရွှေလေး ငွေလေး ဝတ်စရာရှိတော့ကော ဒကာတွေဘဲနော်။ (မဟုတ်ပါဘူးဘုရား)။ ဪ–ဒကာမတွေလား။ ကဲ–ဒါဖြင့် သေလို့ အပါယ်သွားစရာရှိတော့ကော ...(ဒကာတွေပါဘုရား)။ ဪ–ဦးနှစ်နာကြီးတွေဘဲ၊ ဒကာမကြီးတွေကတော့.... (ဒေါ်သာကြီးတွေပါဘုရား)။ ဒေါ်သာပေါ့ဗျ၊ အဲဒါ အားလုံးဘဲ၊ ကိုယ့်အရာမဟုတ်သလို မနေကြနဲ့နော်။

ဦးပဥ္စင်းက သိစေချင်လို့ ပြောတာပါ။ မိမိတို့ ရရှိထားတဲ့ ဘဝကြီးကို သားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ဖြုန်းပစ်လိုက်မယ်ဆိုရင် ဒီရွာမှာ စုဆောင်းထားတဲ့ ပစ္စည်းတွေဟာ ကိုယ်ကတော့ဖြင့် နေပူ၊ ရှောင် မိုးရွာမရှောင် တယောက်ထဲ သွားရှာရတယ်၊ စားရာကျတော့ အများကဝိုင်းစားတယ်၊ ခံစရာရှိတော့လဲ တယောက်ထဲ ခံရမယ်ဆိုတော့ ဒါဟာ သိပ်မသင့်ဘူးနော်။

အဲဒီတော့—သားရေး သမီးရေး စီးပွားရေးလဲ ရှာကျွေးတာပေါ့၊ ကိုယ်ရေးကိုယ်တာလေးတွေအတွက်လဲ လုံလုံ လောက်

လောက်ကလေး ဖြစ်ရအောင်တော့ တရားနာမှု တရားအား ထုတ်မှုတွေကိုလဲ လေ့လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။ လေ့လာကြပါလို့လဲ အထူး မေတ္တာရပ်ပါတယ်။ ဒါဟာ တခြားကြောင့် မဟုတ်ပါဘူး၊ အမိအဖ ညီအကို မောင်နှမများ၏ အကျိုးစီးပွားကို အလိုရှိခြင်းကြောင့်ပါဘဲ၊ ဒါ-သတိပေးတဲ့ သဘောနဲ့ ကျေးဇူးဆပ်တာပါလို့ အားလုံးမှတ်ကြပါ။

တနေ့သောအခါမှာ အသန္ဒိမိတ္တာမိဖုရားရဲ့စိတ်ထဲမှာ ချဉ်ခြင်းအာသာ ဖြစ်လာတယ်၊ သြော်–မြတ်စွာဘုရားရဲ့ သာသနာကြီးတော့ ပြုစုပျိုးထောင်ရတာ အတော်ဘဲ ငါတို့ဇနီးမောင်နှံ ခရီးရောက်ခဲ့တယ်၊ ရဟန်းသံဃာတွေကိုလဲ ကိုးကွယ်နေရပြီ၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည် ကဏ္ဍမ္ဗအမည်ရှိတဲ့ သရက်ဖြူပင်ရင်းက စတုတ္ထစျာန်ဝင်စားလို့ ကောင်းကင်ယံမှာ ပျံသန်းပြီး အင်မတန်ကြီးကျယ်တဲ့ ရေမီးအစုံ တန်ခိုးပြာဋိဟာဂုဏ်ကြီးကို ပြတော်မူသလို အဲဒါမျိုးများ ဖူးမြင်ရရင် တယ်ပြီးတော့ ကောင်းမှာဘဲလို့ ချဉ်ခြင်းအာသာ ဖြစ်ပေါ်လာသတဲ့။

ဒါနဲ့ ရဟန္တာတွေပင့်ပြီးတော့ အရှင်ဘုရားတို့၊ မြတ်စွာဘုရားက ရေမီးအစုံ တန်ခိုးပြာဋိဟာဂုဏ်ကို ပြတော်မူသည့်အတိုင်း တန်ခိုးတော်ဖြင့် အရှင်ဘုရားများက ဖန်ဆင်းလို့ပြ ပေးပါဆိုတော့ ဒကာကြီးရေ ဒို့တော့ဖြင့် ဘုရားကိုလဲမမှီဘူး၊ ဘုရားကဲ့သို့ တန်ခိုးလဲမကြီးလို့ ဖန်ဆင်းမပြနိုင်ဘူး။ ကာလနဂါးကြီးဟာဖြင့် ဘုရားကိုလဲမှီတယ်၊ ရေမီးအစုံ တန်ခိုးပြာဋိဟာဂုဏ်ကို ပြတော်မူတုန်းကလဲ သူလဲရှိတယ်၊ သူက တန်ခိုးလဲကြီးတယ်၊ သူ့ကို သင်မင်းကြီး ခေါ်ဆောင်ပြီး တန်ခိုးပြခိုင်းပါလို့ အမိန့်ရှိတော်မူကြသတဲ့။

အဲဒီ တန်ခိုးပြာဋိဟာဂုဏ်ကိုတော့ဖြင့် ဦးပဥ္စင်း ရွှေပိုင်းက နဲနဲ ပြောပြပါမယ်၊ အာရုံပြု ကြည်ညိုကြပါ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တိတ္ထိရန်ခပင်းကို ဖြိုခွင်းဘို့ရန်အရေး မျှော်တွေးပြီးတော့ သာဝတ္ထိပြည် ကောသလ မင်းကြီး၏ သရက်ဥယျာဉ်အတွင်းမှာ ဥယျာဉ်မှူးတဦးက သရက် ဖြူသီးတလုံး ကျန်နေတာကို ခါချဉ်ထုပ်ထဲက ရွေးထုတ်ပြီးတော့ ရှင်ဘုရင်ထံဆက်သဘို့အလာ မြတ်စွာဘုရားနဲ့ ပက်ပင်းတွေ့တော့ ငါ့ကို ရှင်ဘုရင်ကြီး သတ်ချင်သတ်ပါစေ၊ ငါ-ဘုရားလှူမယ်ဆိုပြီး ဘုရားကိုလှူတယ်၊ သေသေချာချာ ခွဲစိတ်လှူဒါန်းတယ်၊ မြတ်စွာ ဘုရားက ဆွမ်းမဘုဉ်းပေးတော့ဘဲ သရက်ဖြူသီးကြီးကို ဘုဉ်း ပေးပြီး သရက်စေ့ကို "ဥယျာဉ်မှူး-လာကွာ၊ ဒီနေရာမှာ မြုပ် ပေးစမ်း" ဆိုပြီး သူ့ရှေ့မှာ မြုပ်ခိုင်း၊ ပြီးတော့ "ငါ့လက်ကို ရေလောင်းဟေ့" ဆိုပြီး အဲဒီအပေါ်မှာ ရေဆေးချပေးလိုက် တယ်၊ ချက်ခြင်းဘဲ ထွန်တုံးပမာဏရှိတဲ့ သရက်ပင်အစို့ပေါက် ကြီး ထွက်လာတယ် တဲ့။

အခိဋ္ဌာန်တော်မူလိုက်တာဘဲ၊ ကြည့်ရင်း ကြည့်ရင်းနဲ့ သရက် ပင်ကြီးဟာ ယူဇနာငါးဆယ်အမြင့် ရှိလာသတဲ့။ အဝန်းအပိုင်းက ယူဇနာတရာဆိုတော့ သရက်ပင်ကြီးက ဝေနေတာပေါ့၊ အဲဒီ သရက်ပင်ရင်းမှာ မြတ်စွာဘုရားသည် စတုတ္ထစျာန် ဝင်စားပြီး ဟိုကောင်းကင်ယံမှာ စျာန်အဘိညာဏ်တန်ခိုးနဲ့ အရှေ့စကြာ ဝဠာတံတိုင်း အနောက်စကြာဝဠာ တံတိုင်းကို တိုင်ချေပြုပြီး အလယ်မှာ ဘယ်က အင်္ဂလန်ဒိုင်းမှမပါဘဲ၊ တန်ခိုးနဲ့ပေါ့ဗျာ၊ ရတနာခုနစ်ပါး စီခြယ်ထားတဲ့ စင်္ကြာစောင်းတန်းကြီး ဖန်ဆင်း ပြီး လူးလာခေါက်ပြန်ပင် စင်္ကြံနိလျှောက်တော်မူပါတယ်၊ အဲဒီ အခါမှာ—

ဘယ်ဘက်နားက ရေတံခွန်တွေသွယ်ဖြာ၊ ညာဘက်နားက မီးတံခွန်တွေထွက်ပေါ်လာ၊ ညာလက်ရုံးက မီးတံခွန်တွေထွက် ပေါ်လာ၊ ဘယ်လက်ရုံးက ၄ရေတံခွန်တွေသွယ်ဖြာ၊ ခြေဖဝါး တော်မြတ်က မီးတံခွန်တွေထွက်ပေါ်လာ၊ ဆံတော်ဖျားက ရေ တံခွန်တွေသွယ်ဖြာ၊ ဒီနေရာမှာ ညိုသောရောင်ခြည် ရွှေသော ရောင်ခြည် နီသောရောင်ခြည် ဖြူသောရောင်ခြည် မောင်းသော ရောင်ခြည် ပြိုးပြိုးပြက် တခဲနက်သောရောင်ခြည်၊ ရောင်ခြည်တွေက လဲ လွှတ်လိုက်တာ ဝင်းကနဲ လင်းကနဲ လက်ကနဲ ဖျတ်ကနဲ လျှပ် ကနဲနဲ့၊ ရေမီးအစုံတွေနဲ့ဆိုတော့ ကြည်ညိုလို့ မဆုံးနိုင်အောင် အင်မတန်မှ ကျက်သရေရှိတာပေါ့၊ အခု ဦးပဥ္စင်းပြောပြချက် အရဘဲ အာရုံပြုကြည့်မယ်ဆိုရင် တော်တော်ကြည်ညိုစရာကောင်း ပါတယ်နော်။

အဲဒီအခါတုန်းက အင်မတန်ကြီးကျယ်တဲ့ တန်ခိုးပြာဋိဟာ ပြရင်း အာကာသ ဟင်းလင်းပြင်ကြီးပေါ်မှာ ကိုယ်တော်မြတ် ကြီးက လမ်းလျှောက်တော်မူပါတယ်၊ တဖန် နိမ္မိတရုပ်ပွားတဆူ ဖန်ဆင်းပြီး ရေမီးအစုံ တန်ခိုးပြာဋိဟာ ဂုဏ်ပြုပြီး ကိုယ်တော် မြတ်ကြီးက ပြဿနာမေးလျှင် နိမ္မိတဘုရားက ပြဿနာဖြေတယ်၊ နိမ္မိတရုပ်ပွားတော်က ပြဿနာမေးလျှင် ကိုယ်တော်မြတ်ကြီးက ပြဿနာဖြေတယ် တဲ့။ အံ့သြစရာကြီးပေါ့လေ၊ အဲဒီကနေ တန်ခိုး ပြာဋိဟာ ပြပြီးတယ်ဆိုရင်ဘဲ ဝါဆိုလပြည့်ကျော် တရက်နေ့ မှာ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်တဲ့ မြင့်မိုရ်တောင်မင်းက ဦးညွတ်ပြီးတော့ ဝပ်စင်း ခံသည့်အလား နှစ်လှမ်းသုံးဖဝါးနဲ့ဘဲ တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူပါတယ်။

သန္တုဿိတမယ်တော် မိနတ်သားကို တရားတည်းဟူသော အမြိုက်ဆေး တိုက်ကျွေးတော်မူပါတယ်၊ တဝါတွင်းလုံးပေါ့။ ဒီမှာလဲဦးပဥ္စင်းတို့က လက်လှမ်းမှီသလောက် ဘဝါဘဝက မတော်ခဲ့ဘူးသော ဆွေမျိုး ညီအကို မောင်နှမ မရှိဘူးဆိုသလို အမိအဖ ညီအကို မောင်နှမအရင်းလို သဘော ထားပြီး သတိပေးသင့်တာလေးတွေကို သတိပေးလိုက်ပါတယ်။ ဒါကြောင့်—

ဘဂဝတော၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘုဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင်သိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊ ပိတဥ္စာနေဟိ၊ မျက်စိကိုယ်ရေ ဝါရွှေရာရာ အရပ်ဌာန ဟူသမျှတို့မှ။ ပိတာ၊ အဝါဘက်ကိုလဲမပါ စိမ်းပြာဘက်ကိုလဲ မကပ် နှစ်မျိုးစုံရောစပ်တဲ့ အသရေအဆင်းကဲ့သို့ ရွှေဝင်းသော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ပဥ္စာန်းရွှေစာ ဒေသနာကို သေချာစူးစမ်းဉာဏ်တော်စမ်းကြောင့် နေအသန်း လအသန်းမကလှမ်း၍ ကြွမြန်း ကွန့်မြူးတော်မူကြပါကုန်သတည်း။ ။

(သာဓု—သာဓု—သာဓု ပါဘုရား)။

အဲဒီ ရောင်ခြည်တော် ခြောက်သွယ်နှင့် တင့်တယ်စွာ ကွန့်မြူးတဲ့ပုံအထူးကို ဖူးမြင်လိုပါတယ်ဆိုတဲ့ ဆန္ဒနဲ့ သိရိမေဃာသောကမင်းကို အသန္ဓိမိတ္တာ မိဖုရားကြီးက ပူဆာတော့ နဝရတ်လက်စွပ်ကိုချွတ်ပြီး အမိန့်တော်ပြန်လွှတ်လိုက်တယ်၊ ဒီအခါ မဟာပထဝီမြေကြီးဟာ တုန်ဟီးလို့ သွားရပါသတဲ့။

ကာလနဂါးမင်းကြီးကို ခြသေ့ယာဉ်ပုံ ပလ္လင်ခံသည့် စိန်ရွှေမြဖာလ် ရောင်လျှံယှက်သန်း ရွှေနန်းဘုံပေါ် ချက်ချင်းရောက်

အောင် ခေါ်ခဲ့ရမယ်လို့ အမိန့်တော်ပြန်လိုက်တာကိုး။ ကာလနဂါးမင်းကြီး လန့်နိုးသွားရှာတယ်။

ဒါဟာ တန်ခိုးကြီးတဲ့မင်းက ခေါ်တာဘဲဆိုပြီးတော့ နတ်တို့ရဲ့တန်ခိုးနဲ့ နန်းတော်တွင်းကို ချက်ချင်းဘဲ မြေလျှိုးပြီးလာခဲ့ရပါတယ်၊ ဒီရောက်တယ်ဆိုရင်ဘဲ အသင်မင်းကြီး- အကျွန်ုပ်ကို ဘာကိစ္စ ခေါ်ပါသလဲမေးတော့ အသင်နဂါးမင်းကြီး၊ ကျွန်ုပ်၏ မိဖုရားကြီးက မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာဂုဏ်ကို ဖူးမြင်ချင်တယ်ဆိုလို့ ပြတော်မူပါလို့ ပြောဆိုတယ်၊ ဒီတော့ အို-ရေ မြေသနင်း ပြည့်ရှင်မင်းကြီး၊ ဘုရားဆိုတာ အတုမရှိတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဘယ် တူအောင်ပြနိုင်မလဲ၊ အနည်းငယ်မျှဘဲ တူမယ်၊ အနည်းငယ်မျှ တူရင်ဘဲ ကျေနပ်ပါ၊ တဆယ့်ခြောက်စိတ် စိတ်ရင် တစိတ်လောက်တော့ တူအောင် ပြပါမယ် ဆိုပြီးတော့ ကာလနဂါးမင်းကြီးက ဝန်ခံလိုက်သတဲ့။ ဒါကြောင့် ...

ကာလောရဂံ သမာနေတွာ၊ အသောကော သကတေဇသာ၊
ဗုဒ္ဓရူပံ မာပေတွာန၊ သမ္မာ ပူဇယိ နိမ္မိတံ။

အသောကော၊ ထက်အောက်နှစ်ဖြာ ယူဇနာတိုင်တိုင် စိုးပိုင်သနင်း ဓမ္မာသောကမင်း တရားသည်။ သကတေဇသာ၊ မြေကိုစိုးတဲ့ တန်ခိုးထက်မြက် မိမိအာဏာစက်ဖြင့်။ ကာလောရဂံ၊ ရှင်တော်ဘုရား လက်ထက်က ရွှေခြောက်စောင့်ထိန်း အငြိမ်းနေပြီး အအိပ်ကြီးလှသော ကာလနဂါးကြီးကို။ သမာနေတွာ၊ ခြသေ့ယာဥ်ပုံ့ ပလ္လင်ခံသည့် စိန်ရွှေမြဖာလ် ရောင်လျှံယှက်သန်း ရွှေနန်းဘုံပေါ် ရောက်အောင်ခေါ်၍။ ဗုဒ္ဓရူပံ၊ ဖြူနီညိုရွှေ မီးရေအစုံ ရောင်စုံပြိုးပြက် အသက်ထင်ရှား ဘုရားရှင်ပင် ရုပ်အသွင်တော်

ကို။ မာပေတွာ၊ တူတန်သမျှ ဖန်ဆင်း၍ပြရမည်ဟု မိန့်ဟမြွက်ခြွေ ဖန်ဆင်းတော်မူစေ၍။ နိမ္မိတံ၊ ရောင်ခြောက်ဖြာထိန်လင်းအောင် ကာလနဂါးဖန်ဆင်း၍ လက်ငင်းပင်ပြသော ဘုရားရှင်ပင် ရွှေရုပ်သွင်ကို။ သမ္မာ၊ ပီတိအရှိန် မတင်းမတိမ်နိုင်ဘဲ မရောင့်ရဲစွာ။ ပူဇယိ၊ မမိုတ်သောမျက်စိဖြင့် ခုနစ်ရက်တိတိ အမိတရုပ်အသွင်ကို ကြည်လင်စွာဖူးမျှော်၍ ပူဇော်ရင်း မတင်းမတိမ်နိုင်ဘဲရှိလေတော့သတည်း။

(သာဓု—သာဓု—သာဓု ပါဘုရား)။

အဲဒီ ကာလနဂါးမင်းကြီးက ဖန်ဆင်းပြလိုက်တော့ ခုနစ်ရက်တိတိ မမှိတ်သောမျက်စိနဲ့ ကြည့်ပြီးတော့ မြတ်စွာဘုရား၏ ပုံအသွင်ကို ယုံယုံကြည်ကြည်ဘဲ ဖူးမျှော်၍နေကြပါသတဲ့။ ဗုဒ္ဓါနုဿတိဂုဏ် ကိုယ်လုံးခြုံနေတာပေါ့၊ အဲဒီအချိန်သာ သေရင် ဗြဟ္မာပြည်တောင် ရောက်နိုင်ပါတယ်။

တခါ မကြာမီဘဲ အသန္တိမိတ္တာ မိဖုရားရဲ့စိတ်ထဲမှာ တမျိုးတမည်ပြောင်းလာပြန်တယ်၊ အကြောင်းအကျိုးတွေ ဆက်စပ်ပြီးသိတဲ့ အမျိုးသမီးကောင်းဆိုတော့ အခုနေများ မြတ်စွာဘုရားရဲ့ အသံတော်သာ ကြားရမယ်ဆိုရင် တရားထူးတရားမြတ် ကေန်ဒါရမှာဘဲလို့ ဆုံးဖြတ်ချက်ချပြန်သတဲ့။ (မှန်လှပါ ဘုရား)။

မောင်တော်၊ မြတ်စွာဘုရားရဲ့ အသံတော်ကို ကြားချင်လှပါသေးတယ်၊ ဒီအသံတော်ကိုသာ မကြားရရင်တော့ နှမတော်ရောဂါဝေဒနာစွဲကပ်မှာ သေချာတယ် ဆိုပြီး ပူဆာပြန်တယ်။

ဒီတော့ ရဟန္တာတွေပင့်ပြီး မေးပြန်တယ်။ ဟို...ဟိမဝန္တာဝန္တမဒနု တောင်တန်းမှာတော့ ကရဝိက်ငှက်မင်းကြီးတွေ စံမြန်း

တယ်၊ အသင်မင်းကြီးခေါ်ရင် ရမယ်၊ သို့တို့အသံက မြတ်စွာဘုရားရဲ့ အသံတော်နဲ့တူတယ် ဒကာကြီးလို့ ပြောတော့ နဝရတ်လက်စွပ်ကိုချွတ်ပြီး ရွှေလှော်ချိုင့်ကြီး ပြုလုပ်ပြီးတော့ "ကရဝိက်ငှက်မင်းကြီးကို နန်းတော်တွင်း ချက်ချင်းရောက်အောင် ခေါ်ခဲ့ရမယ်"လို့ အမိန့်တော် ပြန်လိုက်တယ်။ အလှန်တန်ခိုးကြီးတဲ့ ရှင်ဘုရင်ကြီးဘဲနော်။ အဲဒါကြောင့် ပါရာဇိကာဏ် အဋ္ဌကထာ၏ နိဒါန်းက–

အသောကော သကတေဇေန၊ ပေသေတွာ သောဏ္ဏပဉ္ဇရံ။
ဒိဇရာဇံ နယာပေသိ၊ အဟော ရာဇဿုဠာရတာ။ ။

အသောကော၊ ထက်အောက်နှစ်ဖြာ ယူဇနာတိုင်တိုင် စိုးပိုင်သနင်း ဓမ္မာသောက မင်းတရားသည်။ သကတေဇေန၊ ကောင်းကင်ကိုစိုးတဲ့ တန်ခိုးထက်မြက် မိမိအာဏာစက်ဖြင့်။ သောဏ္ဏပဉ္ဇရံ၊ ရွှေသားအတိတွင် မဏိခြယ်သန်းလျက် ငှက်နန်းဟုခေါ်ရသော ရွှေချိုင့်စကြာကြီးကို။ ပေသေတွာ၊ ငှက်မင်းပါအောင် ခေါ်ဆောင်ရန်သွားချေဟု နှုတ်သံတော်မြွက်ခြွေကာ စေလွှတ်တော်မူပြီး၍။ ဒိဇရာဇံ၊ စောင်းညှင်းပြွေ မမှီလေအောင် ကြားလေတိုင်းပင် နှလုံးရွှင်၍ ကြည်လင်နှစ်သိမ့် ကိုယ်လုံးဖိမ့်မျှ နှစ်သက်ဖွယ် အသံရှိန်ကောင်းလှသော ကရဝိက်ငှက်မင်းကို။ နယာပေသိ၊ ဟိမဝန္တာမြိုင်တန်းဟု ခိုင်ပန်းစုံတဲ့ရဂုံတောမှ လျင်တဆောဆောင်ကြဉ်း၍ နန်းတော်တွင်းသို့ ရောက်တော်မူစေပြီ။ ရာဇဿ၊ လောကထိပ်ပန်း ရွှေနန်းဦးကိုင် ဘုန်းလှိုင်သနင်း ဓမ္မာသောက မင်းတရား၏။ ဥဠာရတာ၊ နှုတ်သံတော်တချက် မိန့်လိုက်လျှင် သိမ့်ကနဲ မြေမိုးတုန်၍ တန်ခိုးဂုဏ် ကြီးမြတ်ခြင်းသည်။ အဟော၊

လူသာဓုခေါ်နတ်သာဓုခေါ် ကျော်ကြားတဲ့ ဘဝစခန်းမှာဖြင့် ပထမတန်းအံ့ချီးဘွယ် ကောင်းလှပါပေစွတကား။ ။

(သာဓု-သာဓု-သာဓုပါဘုရား)။

အခုနေမျှား ဒီလို ရှင်ဘုရင်ကြီးမျိုးရှိရင် ဦးပဥ္စင်းတို့ ဒကာ ဒကာမတွေ ဘုရားဖူးရမှာ သချာတယ်။ အေးလေ-ကိုယ့် ကုသိုလ်ရှိသလောက်တော့ဖြင့် ဘုရားကိုအာရုံပြုပြီး ဖူးမျှော်ရင် တော့ သင့်သလောက်ဖြစ်ပါတယ်။

အဲဒီထက် အဖိုးတန်တာကတော့ "တရားသိမှ ဘုရားမြင်တယ်" ဆိုတဲ့အတိုင်း သူတော်ကောင်း အပေါင်းတို့ ခန္ဓာငါးပါး ရုပ် နာမ်တရားတွေကို ပစ္စုပ္ပန်တဲ့တဲ့မှာ ပေါ်တိုင်းပေါ်တိုင်း "ဒါ- ဖြစ်ပြီးရင်ပျက်တဲ့ အနိစ္စတရားဘဲ၊အနိစ္စတရားဘဲ"လို့ ဒီလို ဒီတရား သိလိုက်ရင် ဘုရားမြင်တာပါဘဲ။ (မှန်လှပါဘုရား)။

ယော ဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿေ န ပဿတိ။

ဆိုတဲ့အတိုင်း တရားသိလျှင် ဘုရားတွေ့တာပါဘဲ တဲ့။ ဒါလို ကရဝိက်ငှက်မင်းကြီး နန်းတော်တွင်းကို ရောက်လာ တော့ တနေ့လဲ တွန်နိုး-တနေ့လဲ တွန်နိုးနဲ့ မျှော်နေလိုက်ရတာ၊ ကရဝိက်ငှက်မင်းကလဲ မတွန်ဘဲနဲ့ ငေးမှိုင်ပြီးတော့သာနေသတဲ့။ အမတ်ကြီးမျှား၊ ကရဝိက်ငှက်မင်းကြီးကလဲ မတွန်ပါလားလို့ မေးတော့ ဟာ၊ ဘယ်တွန်နိုင်မလဲ၊ တောတိရစ္ဆာန်ဘဲ၊ ဒီနေ့ရော သားရင် တွန်ဘို့ဝေးရော ကြာရင်သေသွားနိုင်ပါတယ်လို့လျှောက် ထားကြတယ်။ ဒါဖြင့် ဘယ်လို လုပ်ကြမှာတုံး အမတ်ကြီးတို့ရဲ့ ဘဲ့။ တွန်စေချင်ရင် မင်္ဂလာဥယျာဉ်မှာထုတ်၊ အရပ်လေးမျက်နှာ

မှာ ကိုယ်လုံးပေါ်မှန်ကြီးတွေ စေ့နေအောင်ကာပြီး ကရဝိက်ငှက်မင်းကြီးရဲ့ လှောင်ချိုင့်ကြီးကို မှန်ခလယ်လောက်မှာချထားပါ။ အသံကြားချင်တဲ့ ပုဂ္ဂိုလ်များက ချုံကောင်းကောင်းကပုန်းအောင်းပြီးတော့ နားထောင်ပါ။ မှန်ထဲမှာ အရိပ်တွေပေါ်လာရင် ငါ့စိမြန်းတဲ့ ဂန္ဓမဒနတောင်တန်း ပြန်ရောက်ပြီ၊ ငါ့အဖော်တွေနဲ့လဲ တွေ့ပြီလို့ မူးကြွပြီး တွန်သံပေးပါလိမ့်မယ်ဘုရားလို့ အကြံဉာဏ်ပေးကြတာပေါ့လေ။ (မှန်လှပါဘုရား)။

ခုနစ်ရာကျော် ရံရွေတော်တွေနဲ့ အသန္ဓိမိတ္တာ မိဖုရားကြီးကချုံကောင်းကောင်းကနေ ချောင်းပြီးတော့ ကရဝိက်ငှက်မင်းကြီးတွန်တော့မယ် တွန်တော့မယ်နဲ့ နားထောင်နေကြတယ်။

ကရဝိက်ငှက်မင်းကြီးကလဲ မှန်တွေအထပ်ထပ်များသလောက် ကရဝိက်ငှက်မင်းတွေက များနေတော့ ဟန်ကျပဟေ့- ငါစိမြန်းတဲ့ ဂန္ဓမဒနတောင်တန်း ပြန်ရောက်လို့ အဖော်တွေနဲ့တွေ့ပေါ့ထင်ပြီး စိတ်ထဲမှာမူးကြွပြီး ခြေထောက်ကလေးတွေကိုဆန့်တန်း၊ အမြီးလေးတွေကိုခါ၊ အတောင်တွေကို ရိုက်ခတ်တီး၊ လည်ပင်းကြီး တန့်ခေါက် ကွေးပြီးတော့ တွန်သံပေးလိုက်တယ်။ ဒါကို ပြလိုသည့်အတွက်ကြောင့်—

ဥက္ခိပ္ပ ဒက္ခိဏံ ပါဒံ၊ ပက္ခံ တာဠိယ သော ဒိဇော။
နဒိတ္တ ပသာရံ ဂိဝံ၊ ဇနာ မဇ္ဈေ သု တာဝဒေ။

သော ဒိဇော၊ စုံမြိုင်နိမိတ်နှင့် မှန်ရိပ်ထဲတွင် ငှက်ကိုမြင်၍ ပျော်ရွှင်မူးကြွနွံ လူးလွန့်သည့်စိတ် ကရဝိက်သနင်း ထိုငှက်မင်းသည်။ ဒက္ခိဏံ ပါဒံ၊ လက်ယာခြေထောက်ကို။ ဥက္ခိပ္ပ—ဥက္ခိပိတွာန၊ ကခုန်တော့မည့်ပုံအသွင်လို ဟန်ပြင်ကာ မြှောက်ကြွလိုက်

လေ၍။ ပက္ခံ၊ မြီးဆံဖြန့်ကာ ဝဲယာစုံယှက် အတောင်ကြီးနှစ်ဘက်ကို။ တာဋ္ဌိယ-တာဋ္ဌေတွာန၊ ဗျန်းဗျန်းသွက်သွက်မြည်အောင်နှက်၍။ ဂိဝံ၊ ဆန်းကြယ်ကြော့ရှင်း သွယ့်လည်ပင်းကို။ ပသာရံ-ပသာရေတွာ၊ တွန်တော့မည့်အနေတွင် ဟန်ပန်တွေကြော့ကြော့အားယူလိုတဲ့ အရေးဖြင့် အသာကလေးမော့လိုက်လျက်။ နဒိတ္တွာ၊ စောင်းသံလဲမမှီ စည်သံနှင့်လဲမတူ ရွှေခြူငွေခြူလှုပ်၍ နှဲမြေမှုတ်သလောက်လဲမက ပဥ္စတူရိယာ မယှဉ်သာတုလွတ် ကြားတိုင်းညွတ်အောင် သံစုံလွှတ်ကျူးရင့်လိုက်လေသတည်း။ တာဝဒေ၊ ထိုကရဝိက်ငှက်မင်း ကျူးရင့်ခြင်းပြုသောအခါ၌။ ဇနာ၊ ကြားရသသူ များလူဝန်းကျင် ဗိုလ်ပြင်ထပ်ထပ် ပရိသတ်တို့သည်။ မဇ္ဇိသု၊ သဒ္ဒါရုံဘဝင်စိမ့်လို့မို့ နှစ်သိမ့်တဲ့စိတ်မနောဖြင့် မေ့မောမူးယစ်ကြလေကုန်တော့သတည်း။

(သာဓု–သာဓု–သာဓုပေါ့ဘုရား)။

ကရဝိက်ငှက်မင်းကြီးရဲ့ တွန်သံ ဘယ်လောက်များ သာယာသလဲဆိုတော့ အသန္ဓိမိတ္တာ မိဖုရားကြီးနှင့်တကွ ခုနစ်ရာကျော်ရှိရွှေတော်တွေဟာ ခေတ္တခဏလောက် ပီတိသောမနဿဇောနဲ့မေ့မြောသွားကြပါသတဲ့။ အဲဒီကနေ ပြန်သတိရတယ်ဆိုရင်ဘဲ "သြော်–ကရဝိက်ငှက်မင်းတောင်မှ ဒီလောက် အသံသာယာနေရင် သက်တော်ထင်ရှား မြတ်စွာဘုရားဆိုရင် ပြောဘွယ်ရာ မရှိဘူး၊ ဘုရားမမှီတာ နှစ်နာလေခြင်း"လို့ ငြိုးငယ်တဲ့စိတ်ကလေးပြောင်းလဲလာတယ်။

တခါ ဒီအသံလေး ပြန်ပြီး တွေးလိုက်ပြန်တော့လဲ "တယ်သာယာတဲ့ အသံဘဲ"လို့ ဝမ်းမြောက်စိတ် ပြောင်းလဲသွားပြန်တယ်၊

တခါတလေ ဝမ်းမြောက်တာနဲ့ ဝမ်းနည်းတာ ပျောက်ပြီးတော့ ရှုတာ ရှိုက်တာ ပေါ်ပေါက်လာပြန်တော့လဲ တမျိုးစိတ်ပြောင်း လဲလာပြန်တယ်။

အဲဒါကို အကြောင်းအကျိုးစပ်ပြီးတော့ ဆရာကောင်းတပည့် ဖြစ်နေခြင်းကြောင့် ဩဝ်–ခန္ဓာရဲ့ အနိစ္စဆိုတာ တခြားလား အောက်မေ့တယ်၊ ဒီသဘောတွေပါလား၊ တရားထိုင်နေတဲ့အခါ နာကျင်ကိုက်ခဲတော့ ဒေါမနဿဝေဒနာ ဖြစ်လာတယ်၊ နာကျင် ကိုက်ခဲမရှိလို့ရှိရင် ဒီတခါ တရားထိုင်ရတာ တယ်ကောင်းတယ် ဆိုပြီး သုခဝေဒနာ ဖြစ်လာတယ်။ တခါတလေကျတော့ နာကျင် ကိုက်ခဲတဲ့ ဆင်းရဲလဲမရှိ၊ ချမ်းသာလဲမရှိဘဲ ရှုမှု ရှိုက်မှုလေး ပေါ် လာပြန်တော့ ဥပေက္ခာဝေဒနာလေး ပြောင်းလဲပေါ်လာတယ်၊ အဲဒီလို ခန္ဓာပြောင်းလဲနေတာဟာ အနိစ္စဘဲ၊ ပစ္စုပ္ပန်တဲ့တဲ့မှာ ပေါ်လာတဲ့ ခန္ဓာရဲ့ အနိစ္စဘဲ အနိစ္စဘဲလို့ သူတို့ရဲ့ ဉာဏ်ထဲမှာ မြင်ပြီး ခုနစ်ရာကျော် ရံရွှေတော်တွေနဲ့ တပြိုင်တည်း အသန္တိမိတ္တာ မိဖုရားကြီးတို့ ဒီအမြင်ကို မြင်ကြတယ်။

နောက်–အနိစ္စတရားတွေ မြင်ဖန်များတော့ ဩဝ်–စင်စစ် တော့ ငါဝမ်းသာတယ် ငါဝမ်းနဲ့တယ် အောက်မေ့တယ်၊ အခု တော့ ဝမ်းသာတာကလဲ မမြဲတဲ့ အနိစ္စ၊ ဝမ်းနဲ့တာကလဲ မမြဲတဲ့ အနိစ္စ၊ ရှုရှိုက်နေရတာလဲ မမြဲတဲ့ အနိစ္စ။ ကဲ–မိဖုရားလို့လဲ မမြင်ဘူး၊ ငယ်ကျွန်ရယ်လို့လဲ မမြင်ဘူး၊ ဝေဒနာလို့လဲ မမြင် ဘူး၊ အနိစ္စလို့ဘဲသာ မြင်တော့တယ်။

အနိစ္စမြင်တာသည် ယထာဘူတဉာဏ်၊ အနိစ္စတွေ မြင်ဖန် များလို့ မုန်းလာတာသည် နိဗ္ဗိန္ဒဉာဏ်၊ မုန်းလွန်းမက မုန်းလာ တော့ သစ္စာအစစ်ဘဲလို့ ဆုံးဖြတ်ချက်လဲ ချလိုက်ပါရော၊ ဖြစ်မှု

ပျက်မှု ဒုက္ခအစုတွေ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်နှင့် မြင်ပြီး သောတာပန် တည်ကြပါတယ်။

ဒကာဒကာမတွေ အံ့ဩစရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ သာသနာအတွင်းမှာ မှီတင်းပြီးတော့နေတဲ့ အာသန္နမိတ္တာ မိဖုရားကြီးရဲ့ ခုနစ်ရာကျော် ရံရွေတော်တွေကလဲ အစစအရာရာမှာ အကူအညီရတယ်မဟုတ်လား။ စိမ်းလဲ့ကြည်လင် အေးမြသန့်စင်တဲ့ မြတ်စွာဘုရား၏ သာသနာ ကန်တော်ကြီး အတွင်းမှာ မှီတင်းပြီး ပေါက်ရောက်နေတဲ့ ကြာပင်ကြာဖူးနဲ့ တူတဲ့ အာသန္နမိတ္တာ မိဖုရားကြီးတို့မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော ကြာပန်းတွေ ပွင့်သွားကြပြီ။

အဲဒါကြောင့်မို့လို့ ရေသည် ကြာရှိမှ တင့်တယ်သလို ကြာသည် ရေအမှီရမှ ဖူးနိုင်ပွင့်နိုင်တယ်၊ ဒါကြောင့် သာသနာနဲ့ ဒါယကာဆိုတာ၊ နဂိုကတဲက အကြည်ညိုတွေတိုးပြီးတော့ သာသနာကြီးကို ချီးမြှောက်ကြတာပေါ့။ ဒါဖြင့် သာသနာနဲ့ဒါယကာ ရေနဲ့ကြာဆိုတာ သဘောပေါက်ပြီလား။ (ပေါက်ပါပြီဘုရား)။ ဒါကြောင့်–

ဒိဇသဒ္ဒံ ဟိ သုတွာန္တိ၊ ဒေဝီ အာသန္နမိတ္တကာ။
ဒါသိသတ္တသတေဟေဝ၊ သောတာပတ္တိဖလေ ဌိတာ။

ဟိ၊ သာသနာတော် နှစ်ရာကျော်နှစ်အတွင်းမှာ ထင်လင်းစွာဖြစ်ခဲ့ရဘူးသည်ကား။ ဒေဝီ အာသန္နမိတ္တကာ၊ အသောကမင်းတရား၏ ညာထားချစ်ခင် သောင်းရွေခွင်၌ ကျော်ထင်နွံ့ပြားအာသန္နမိတ္တာ မိဖုရားကြီးသည်။ ဒိဇသဒ္ဒံ၊ စောင်းညှင်းနှဲပြွေ မမှီလေအောင် ကြားလေတိုင်းပင် နှလုံးရွှင်၍ ကြည်လင်နှစ်သိမ့်

ကိုယ်လုံးဖိမ့်မျှ နှစ်သိမ့်ဖွယ် အသံရှိသော ကရဝိက်ငှက်ကြီး၏ တွန်သံကို။ သုဏန္တိ၊ သဒ္ဒါရုံပီတိဇောဖြင့် မနောမှာထိခိုက်၍ နားစိုက်ကာကြားလိုက်ရသည်ရှိသော်။ ဒါသိသတ္တသတေဟော၊ ခုနစ်ရာကျော် ရံရွေတော်တို့နှင့် အတူတကွပင်လျှင်။ သောတာပတ္တိဖလေ၊ ဒိဋ္ဌိမှားယွင်း ကုန်စင်ကင်း၍ လေးသင်းပါယ်ရွာ ကွယ်ကာနိုင်ဘိ သုဂတိနှင့် သိဒ္ဓိထိုထို အလိုပြီးဘိ သောတာပတ္တိခေါ်တဲ့ ပထမဖိုလ်၌။ ဌိတာ၊ တောထွက်လို့ မကျင့်ကြံရဘဲ အသံကိုမှူရင်းထားပြီးတော့ တရားပေါက်ပုံ ထူးလှပါပေ့ ရည်စူးတဲ့အတိုင်း အကျိုးပေး၍မို့ လွယ်လွယ်လေးနဲ့ သောတာပန် တည်နိုင်လေတော့တည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

ယခုလို လွယ်လွယ်လေးနဲ့ သောတာပန် တည်တာဟာ တည်ချင်လို့တည်တာလား၊ ဆရာကောင်း သမားကောင်း အမှီရလို့လား။ (ဆရာကောင်း သမားကောင်း အမှီရလို့ပါ ဘုရား)။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကို အမှီရ ထားမှဖြင့် ဘာမှကြောက်စရာ မလိုပါဘူး။ ဆရာတော်ဘုရားကြီးလဲ ဘုရားဟောသားတဲ့အတိုင်း ဟောနေတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော ကြာပန်း ပွင့်နိုင်ပါတယ်။

ဒါကြောင့် ဉာဏ်ကောင်းကောင်းနဲ့ ခန္ဓာရဲ့အကြောင်းကို ... အောင်ကြိုးစားဘို့ဘဲလိုတယ်၊ ဒါဆိုရင် သာသနာနဲ့ဒါယကာ၊ ရေနံ့ကြာ ပေါ့ဗျာ။ အခုဘဲ သာသနာတော်ကြီးကို တော... ဉက္ကလာပ ( ၉ ) ရပ်ကွက် လူထုဓမ္မာရုံကြီးမှာ ပိုင်းဝန်းပြီး

ချီးမြှောက် ထောက်ပံ့ကြတယ်ဆိုတော့ ဒကာ ဒကာမတွေဟာ ကြာပင် ကြာဖူးကြီးတွေဘဲ မဟုတ်လားဗျာ။ (ဟုတ်ပါတယ် ဘုရား)။

အဲဒီမှာ မိုးကုတ်ဆရာတော် ဘုရားကြီး၏ အသံသွင်းခွေတွေ ဖွင့်ပေးတဲ့ အခါမှာလဲ နာကြားနေရတော့ နာဖန်များလာရင် ဒကာဒကာမတွေဆိုတဲ့ ကြာဖူးကြီးတွေက ပွင့်ဘို့ရန် ခဲယဉ်းတာ မဟုတ်ပါဘူး။

အဲဒါကြောင့် သာသနာနဲ့ မကွေမကွာ အမြဲနေကြပါလို့ အမိ အဖ ညီအကို မောင်နှမတွေကို အထူးဘဲ မေတ္တာရပ်ပါတယ်။

ခန္ဓာရဲ့အကြောင်း ကောင်းကောင်းသိအောင် ဉာဏ်ကလေး သာ လှည့်ပေးမယ်ဆိုလို့ ရှိရင်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်းဟူသော ကြာပန်းတွေပွင့်မှာ သေချာပါတယ်။ ဒါဖြင့် သာသနာနဲ့ ဒါယကာ၊ ရေနဲ့ကြာဆိုတာ အဓိပ္ပါယ်ရှင်းပြီ မဟုတ်လား။ (ရှင်းပါပြီ ဘုရား)။

ဒါကြောင့်မို့ သူ့တာဝန်သူထမ်း၊ ကိုယ့်တာဝန်ကိုယ်ထမ်း ကြရင် သာသနာ ငါးထောင်သည် တည်ပါတယ်။ သာသနာ ငါးထောင်တည်ခဲ့သော် အမိအဖတွေက သားသမီးတွေကို ချစ် ရာရောက်ပါတယ်။ မိမိတို့ကျောင်းဆောက် ဘုရားတည် ဓမ္မာရုံ တွေပြုပြင်ကြ။ အဲဒီ ကုသိုလ်ကောင်းမှုတွေကို သားသမီးတွေက အတုလိုက်ပြီးပြုလုပ်တော့ သားသမီးတွေပါ အပါယ်တံခါး ပိတ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ပွင့်လင်းနိုင်တယ်။

ဒါကြောင့်မို့လို့ — သာသနာနဲ့ ဒါယကာ၊ ရေနဲ့ကြာကို အစသတ်ပြီးတော့ ဦးပဥ္စင်းတို့ မှန်ကိုဥပမာပေး၍ ဝိပဿနာ တရား ရှုပွားကြရအောင်။

ဘိက္ခု၊ အိမ်ရာမထောင် လူ့ဘောင်ခွါမြန်း သာသနာတော်ထမ်းကြတဲ့ ရှင်ရဟန်းတို့သည်။ ဓမ္မေန၊ ပရိယတ်ပဋိပတ် အကျင့်မြတ်ဖြင့်။ အနုဂ္ဂဟေယျုံ၊ အစွမ်းရှိသလောက် ချီးမြှောက်ထောက်ပံ့ကြရာ၏။ ဂိဟီ၊ အိုးပိုင်အိမ်ပိုင် နေထိုင်ပျော်ပါး လူအများတို့က။ ပစ္စယေန၊ ကျောင်းနှင့်သင်္ကန်း ဆေးဆွမ်းမလပ် လေးရပ်သော ပစ္စည်းမြတ်ဖြင့်။ အနုဂ္ဂဟေယျုံ၊ ချီးမြှောက်ထောက်ပံ့ကြရာ၏။ ဧဝံ၊ ဤသို့ သူ့တာဝန် ကိုယ့်တာဝန် ကျေပြွန်အောင် ချီးမြှောက်ထောက်ပံ့ကြကုန်သည်ရှိသော်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ သာသနာသည်။ စိရံ၊ အနှစ်မြားမြောင် ငါးထောင်ပတ်လုံး ခေတ်ကုန်ဆုံးအောင်။ တိဋ္ဌတိ၊ သုံးလောက တိုက်ဘောင်မှာ အမိုက်မှောင်ပယ်ခွင်း၍ လမင်းကြီးတရထည် ဝင်းဝင်းပြီးတည်နိုင်ပါပေသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)။

ဒကာဒကာမတွေ ပစ္စုပ္ပန်တဲ့တဲ့ပေါ်တဲ့ ခန္ဓာကို ရှုတာကို ဝိပဿနာခေါ်တယ်၊ ဝိပဿနာကို လုပ်မယ်ကြံရင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဒိဋ္ဌိကို အရင်ဖြုတ်ပါလို့ ပြောတယ်၊ ဒိဋ္ဌိကို အသိနဲ့ဖြုတ်ပြီး ဝိပဿနာအလုပ်ကို လုပ်လိုက်လို့ရှိရင် ခန္ဓာအနိစ္စကို ထင်ရှားစွာ မြင်ပါလိမ့်မယ်။

ခန္ဓာနဲ့အနိစ္စကို ထင်ရှားစွာမြင်ရင် မဂ်ဉာဏ်တည်းဟူသော ကြာပန်း ပွင့်လာပါလိမ့်မယ်၊ မဂ်ဉာဏ်တည်းဟူသော ကြာပန်း ပွင့်ရင် ကိလေသာ သေတာပါဘဲ။

ဦးပဥ္စင်းတို့ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါးဟာ အတိတ်က-သခၤါရဆိုတဲ့ တရားနှစ်ပါးက တည်ထောင်ပေးထားတာဘဲ။ တရားနာနေကြတာဟာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေလား။ (ခန္ဓာငါးပါးတွေ ပါဘုရား)။

အဲဒီ ခန္ဓာငါးပါးကို ဦးပဥ္စင်းတို့ ဒကာဒကာမတွေက မှတ်လိုက်ပါ။ ရှင်ပုဏ္ဏဟောသလို အပြောခန္ဓာ ငါးပါးတည်းဟူသော မှန်ကြီးကို ထောင်ထားလိုက်တာပေါ့။

ဒကာကြီးတွေက တင်ပလ္လင်ခွေထိုင်၊ ဒကာမတွေက ကြုံ့ကြုံ့လေးထိုင်။ ဘယ်လက်ကလေးတွေကို အောက်မှာထား၊ ညာလက်ကို အပေါ်ကတင်၊ ကိုယ်ကလေးကို ဖြောင့်စွာထား၊ မျက်လွှာကလေးချပြီးတော့ သုံးဆယ့်နှစ်ကောဋ္ဌာသ တည်းဟူသော ရုပ်ခန္ဓာ မှန်ကြီးထောင်ပြီး သတိပဋ္ဌာန်ဉာဏ်မျက်လုံးနဲ့ ကြည့်ရမယ်။

မှန်ကြီးတချပ် မျှောကထောင်ပြီးတော့ ဒီဘက်က လူသွားရုပ်လို့ရှိရင် မှန်ထဲမှာ ဘာသွားပေါ်မလဲ။ (အရိပ်ပေါ်ပါတယ်ဘုရား)။အဲဒီအရိပ်ကို ဘာခိုင်းလို့ရသလဲ၊ အဝတ်လျှော်ခိုင်းလို့လဲ မရဘူး၊ သနပ်ခါးသွေးခိုင်းလို့လဲ မရဘူး။ အဲဒီလို ခိုင်းလို့မရဘူး ဆိုတော့ လူလား၊ အရိပ်လား။ (အရိပ်ပါဘုရား)။

ဒါဖြင့်–ဘာအသုံးကျသလဲ၊ ဘာမှ အသုံးမကျဘူးနော်။ ဒီမှာလဲ–သုံးဆယ့်နှစ် ကောဋ္ဌာသတည်းဟူသော ခန္ဓာမှန်ကြီးကို ထောင်လိုက်စမ်းပါ။ မျက်လွှာကလေးချ၊ သတိပဋ္ဌာန် ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ ကြားစိတ်ကလေး ပေါ်လာတာလဲ အရိပ်၊ နံစိတ်ကလေး ပေါ်လာတာလဲ အရိပ်၊ နာစိတ် ကျင်စိတ်

ကိုက်စိတ် ခဲစိတ် ပူစိတ် အေးစိတ် ညှောင်းစိတ် တောင့်စိတ် တင်းစိတ် ရှရှမှမှဆိုတဲ့ စိတ်တွေ ပေါ်လာတော့ကော ငါလား၊ သူလား၊ အရိပ်လား။ (အရိပ်ပါဘုရား)။

တခြား သွားပေါ်တာမဟုတ်ပါဘူး တဲ့၊ မှန်လယ်ခေါင်မှာ ပေါ်တာပါ။ ခန္ဓာမှန်ကြီးကို ရှေ့ကထောင်၊ သတိပဋ္ဌာန်မျက်လုံးနဲ့ကြည့်တော့ အရိပ်ဘဲရှိတယ်။ ငါ သူတပါး ယောကျ်ားမိန်းမ အရိပ်လားဆိုရင် အရိပ်ဘဲရှိပါတယ်။ အဲဒီစိတ်ကလေးတွေ ပေါ်လာတာဟာ အရိပ်ချည်းဘဲလို့မှတ်ပါ၊ ပစ္စုပ္ပန်တဲ့တဲ့ပေါ်တဲ့ အရိပ်နော်။

အဲဒီ အရိပ်ကို ဦးပဉ္ဇင်းတို့တတွေမှာ ရှိုက်သွင်းတဲ့စိတ် ရှူထုတ်တဲ့စိတ်ကလဲ အရိပ်ဘဲနော်။ ထိုင်းမှိုင်းတယ် ငိုက်မျည်းတယ် ပျင်းရိတယ် ပြန့်လွင့်တယ်ဆိုတာကကော.... (အရိပ်ပါဘုရား)။

အဲဒီ အရိပ်လေးတွေကို ဟိုတုန်းက အရိပ်လို့ သိကြရဲ့လား။ (မသိပါဘုရား)။ မသိတာက ဉာဏ်မျက်လုံးမပါလို့၊ အဝိဇ္ဇာက မသိတာ။ အခုတော့ သတိပဋ္ဌာန် ဉာဏ်မျက်လုံးနဲ့ကြည့်လိုက်တော့ ရွှေ့ချင်တဲ့စိတ်ကလေး ပေါ်လာလဲ အရိပ်ဘဲ၊ ပြောင်းချင်တဲ့စိတ်ကလေးတွေ ပေါ်လာတော့ကော အရိပ်ဘဲ။ တခြားသွားပေါ်တာလား၊ ခန္ဓာမှန်ကြီးထဲမှာ ပေါ်တာလားဆိုရင် ခန္ဓာမှန်ကြီးထဲမှာ ပေါ်တာပါ။

အပြောခန္ဓာ မှန်ကြီးကို ထောင်ပြီးတော့ သတိပဋ္ဌာန်ဉာဏ်မျက်လုံးနဲ့ကြည့်တော့ သဘောခန္ဓာလေးတွေက ဖျတ်ကနဲ ဖျတ်ကနဲ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ ဒါဖြင့်-သူတော်ကောင်းတွေ-ဝိပဿနာဆိုတာ ခဲယဉ်းသလား။ (မခဲယဉ်းပါဘူးဘုရား)။

အဲဒီ–အရိပ်တွေ ပေါ်တိုင်းပေါ်တိုင်း ကြာ:စိတ်ကလေးတွေ ပေါ်လာတိုင်း သတိပဋ္ဌာန်ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်စမ်းပါ၊ ရှိသေးရဲ့လားလို့။ (မရှိပါဘုရား)။

ယောကျ်ား မိန်းမမို့ မရှိတာလား၊ အရိပ်မို့ မရှိတာလား။ (အရိပ်မို့ မရှိတာပါဘုရား)။ သတိပဋ္ဌာန် ဉာဏ်မျက်လုံးနဲ့ ကြည့်လေလေ အရိပ်တွေ ပေါ်သေလေဘဲ။ ဒါဖြင့်–အရိပ်တွေ ဟာ ပေါ်လိုက် ပျောက်လိုက် ပေါ်လိုက်ပျောက်လိုက်နဲ့နေ တော့ ဘာများ အသုံးကျတုံးဗျာ။

အသုံးမကျတာတွေကို ကြည့်နေရခြင်းသည်ပင် ကိုယ့်မှာ ချမ်းသာခွင့်လဲမရဘူး၊ မကြည့်ဘဲ နေပြန်ရင်လဲ တဏှာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်က တန်းသွားအုံးမယ်။ အရိပ်ကို ငါကောင်ထင်လို့ ရှိရင် မခင်ပေဘူးလား၊ ခင်ရင် စွဲလမ်းမယ်၊ စွဲလမ်းရင် ရွေ့မယ် ပြောင်းမယ် အားထုတ်မယ်ဆိုတဲ့ ကံ မြောက်တယ်၊ ကံမြောက် ရင် ကမ္မဘဝပစ္စယာ–ဇာတိပေါ့။ ဇာတိလာရင် ဇရာ မရဏက "ငါလဲ လိုက်မယ်"ဆိုတော့ နောက်ဒုက္ခ ရောက်အုံးမယ်။

အပြောခန္ဓာ မှန်ကြီးကိုထောင်ပြီး သဘောခန္ဓာအရိပ်တွေကို ကြည့်နေပြန်တော့ ဖြစ်ပြီးရင် ပျက်နေတာဘဲ မဟုတ်လား။ ဒါဖြင့်–အရိပ်တွေ ဖြစ်ပြီး ပျက်တာက–ဒုက္ခသစ္စာ၊ သတိပဋ္ဌာန် ဉာဏ်မျက်လုံးက–မဂ္ဂသစ္စာ၊ တဏှာ ဥပါဒါန် ကံ သေတာက– သမုဒယသစ္စာ။ ဩော်–အရိပ်မို့ အရိပ်ပြောနေတာဆိုတော့ စိုးရိမ်ခြင်း ပူဆွေးခြင်းကင်းပြီး သောကငြိမ်းတာက–နိရောဓ သစ္စာ။

အဲဒါ ခန္ဓာမှန်ကြီးထောင်ပြီးတော့ သတိပဋ္ဌာန်ဉာဏ်မျက်လုံး နဲ့ ကြည့်လိုက်ရင် သဘောခန္ဓာ အရိပ်ကလေးတွေ ပေါ်လာ

တော့ အနိစ္စမမြင်ဘူးလား။ (မြင်ပါတယ်ဘုရား)။ မြင်ဖန်များ တော့ မုန်းတယ်၊ မုန်းဖန်များလို့ မလိုချင်တဲ့အဆုံးကျရင် အနိစ္စ ခန္ဓာတွေ ချုပ်ဆုံးပြီး နိဗ္ဗာန်ပေါ်မလာဘူးလား။ (ပေါ်မှာပါ ဘုရား)။ နိဗ္ဗာန်ပေါ်လာရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော ကြာပန်းပွင့်မှာ သေချာပါတယ်၊ ဒါဖြင့် မှန်အောင်ကြည့်တတ်ဖို့ အရေးကြီးတယ်။ သဘောပါပြီလား။ (ပါပါပြီဘုရား)။

နေ့အခါမှာ သွားရေး သမီးရေး စီးပွားရေးလုပ်ပါ။ မနက် တကြိမ် ညတကြိမ်လောက်တော့ အပြောခန္ဓာ မှန်ကြီးထောင် ပြီး သတိပဋ္ဌာန်ဉာဏ်မျက်လုံးနဲ့ သဘောခန္ဓာ အရိပ်ကလေး တွေကို ကြည့်ကြည့်ပြီး ဖြစ်ပျက်ရှုရင် ဒါလူဖြစ်ရကျိုး နပ် ဘာပါတဲ့။

ရှင်းကြပြီလား။ (ရှင်းပါပြီဘုရား)။ အဲဒါဆိုရင် သုံးဆယ့် တဘုံ ဝဋ္ဋအတွင်းက မလွတ်ကင်းပေဘူးလား။ (လွတ်ကင်းပါ တယ်ဘုရား)။ ဒါကြောင့်မို့လို့−

မနုဿတ္တံ လဘိတွာန၊ နာနာဝိဓဂုဏာလယံ၊
သဗ္ဗသမ္ပတ္တိသမ္ဘူတံ၊ ကရောထ ဓမ္မမုတ္တမံ။

ဘောန္တော၊ အိုလူအပေါင်း သူတော်ကောင်းတို့။ ဗုဒ္ဓ သာသနေ၊ ဘုရားအဆုံးအမ သုံးဝသိက္ခာ သာသနာတော်မြတ် ကြီး၌။ နာနာဝိဓဂုဏာလယံ၊ အထူးထူးအဖုံဖုံ ကျေးဇူးဂုဏ် များစွာ ဖြစ်ထွန်းရာဌာန ဖြစ်ပေထသော။ သဗ္ဗသမ္ပတ္တိသမ္ဘူတံ၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ လိုချင်ရာကို ရနိုင်ရာလည်း ဖြစ် ပေထသော။ မနုဿတ္တံ၊ ခဲယဉ်းစွာလှ လူ့ဘဝကြီးကို။ လဘိ တွာန၊ အခါလျဉ်းသင့် အခွင့်ကောင်းကြုံ ရကြကုန်သည်ဖြစ်၍။

ဥတ္တမံ၊ တွေ့ခဲ့ကြုံခဲ့ လွန်ကဲဖိုးတန် အမြတ်ဆုံး မှန်လှပါပေသော။ ဓမ္မံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နှံ့နီး ဝိပဿနာဆိုတဲ့ ပဓာနအလုပ်ကြီးကို။ တုမှေ၊ သင်သူတော်ကောင်း အပေါင်းတို့သည်။ ကရောထ၊ ပဋိသန္ဓေ အိုနာ သေခြင်း သံသရာဝဋ်အတွင်းမှ မြန်မြန်ကြီးလွတ်ကင်းရအောင် အပြင်းအထန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်ရာသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)။

သာသနာနှံ့ဒါယကာ ရေနံ့ကြာ ပြီး၏။

# ဆင်းရဲနှင့် ငရဲကင်းရေး

## ဝိပဿနာအလုပ်ပေးတရားတော်

### (မဟာဓနသူဌေး စိတ်ကူးရှည်ဖြတ်ပုံ)

တေဇာဓိတေဇဓမ္မာနံ၊ ဇေယျာဘူမိမသေသကတံ။
ဓမ္မံ ပဋ္ဋံ ပဝေက္ခာမိ၊ သေဋ္ဌံ သုဏာထ သာဓုကံ။

တေဇာဓိတေဇဓမ္မာနံ၊ တန်ခိုးရှိန်ဖော် ကျော်ကြီးကျော်၍ အဟော် ဝတ သုံးလောကဘုံတကျော်မှာ ဂုဏ်သဘောတွေရှိသမျှ တို့ထက်။ သေဋ္ဌံ၊ ချီးမွမ်းအပ်၍ မြတ်လည်းမြတ်တော်မူပေထ သော။ ဝါ၊ နာဋ္ဌာဂိရိ မည်ရှိသညာ ဆင်ရာဇာနှင့် စိဋ္ဌမာဠုတ္တိ အင်္ဂုလိမာလတဖြာ အာဠဝက နတ်ယက္ခတို့ ပြုသမျှအသွယ်သွယ် မတွယ်စိတ်ကြမ်း မတန်းရွေလက် ချေမှုန်းကာ ဖျက်နိုင်သည့် လက်နက်ပါရမီ တသရှည်ဟိုးကျော် တန်ခိုးတော်လည်း ရှိပေထ သော။ ဇေယျာဘူမိံ၊ အဘွင်းရန်အပြင်ရန် မာန်ဟူသရွေ့ကို အငွေ့မျှမကျန် တွန်းလှန်ဖျက်ဆီး၍ နိဗ္ဗာန်တည်းဟူသော အောင် မြေကြီးဆီသို့။ ဇေယျာဘူမိံ၊လောဘကိုအောင် ဒေါသကိုအောင် မောဟကိုအောင် မာနကိုအောင် ကာမကိုအောင် ရာဂကိုအောင် ပကာသနကိုအောင် ပါပအမှောင် မမှန်မကန်ဆိုတဲ့ တရားတွေ ကို ပယ်ရှားတွန်းလှန်၍ ဇယန္တော ဗောဓိဆိုတဲ့ နိဗ္ဗာန်တည်း ဟူသော အောင်မြေကြီးဆီသို့၊ ဇေယျာဘူမိံ၊ဒါနကြောင့်အောင် သီလကြောင့်အောင် သမထကြောင့်အောင် ဝိပဿနာကြောင့် အောင် သာသနာ့ရောင်ဒေသနာဓမ္မတို့ကြောင့် ဇေယျာသနလို့

ခေါ်တဲ့ နိဗ္ဗာန်တည်းဟူသော အောင်မြေကြီးဆီသို့။ ပတ္တံ၊ ကြံ့ကြံ့ ခိုင်ခိုင် ရောက်လဲရောက်စေနိုင်ထသော။ အသောကတံ၊ စိုးရိမ်ခြင်းမရှိ ပကတိချမ်းသာသည်၏ အဖြစ်သို့။ အသောကတံ၊ အတွင်းပူအပြင်ပူ ဆူဆူထန်ပြင်း အပူခပင်းတို့မှ သန့်ရှင်းအေးမြဘေးမခတဲ့ ပကတိချမ်းသာသည်၏အဖြစ်သို့။ ပတ္တံ၊ ကြံ့ကြံ့ ခိုင်ခိုင် ရောက်လည်းရောက်စေနိုင်ထသော်။ ဓမ္မံ၊ သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော ဒေသနာအရပ်ရပ်ကို။ ဓမ္မံ၊ ဘုရားရှင်ကိုယ်တော်မြတ် ဆုံးမတော်မူအပ်တဲ့အတိုင်း လိုက်နာကြပါက တကယ်အေး တကယ်မြ အပါယ်ဘေးအပါယ်ဘဝသို့ တကယ်မကျ မကပ်မသွားရအောင် ဒါနတရား သီလတရား သမထဝိပဿနာတရားတည်းဟူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အဆုံးအမကိုသာလျှင် ပဝေက္ခာမိ၊ ယခုရောက်ရှိပြီး နားသောတဆင်နေကြတဲ့ ဒကာကြီး ဒကာမကြီးတွေ သဘောကျအောင် ဟောပြတော်မူပါတော့အံ့သတည်း။ တုမှေ၊ ပဋိသန္ဓေ အိုနာသေတည်းဟူသော သံသရာမှ နိဗ္ဗာန်ကိုသွားလိုကြတဲ့ သင်သူတော်ကောင်းတို့သည်။ သာဓုကာံ၊ စိတ်စေတနာမစောင်းကြနှင့် စိတ်ကောင်းစိတ်မြတ်ဖြင့်သာလျှင်။ သုဏာထ၊ သောတဒွါရ ကရိုဏ်းပြု၍ မနသွင်းပိုက် ထောင်နားစိုက်ကြကုန်ရာသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ရပ်ဝေးရပ်နီး အသီးသီးမှ ရောက်ရှိလာကြကုန်သော ပါရမီရှင်အပေါင်း သူတော်ကောင်းတို့အား ယနေ့တော့ဖြင့် မိမိတို့ရရှိထားတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မိမိတို့အလိုကိုနည်းနည်းကလေးမှ မလိုက်ဘူးဆိုတဲ့ အကြောင်းကို ညာဏ်နား

ကလေးနဲ့ထောင်ရင် ကောင်းကောင်း သိသွားပါစေဆိုတဲ့ ဆန္ဒနဲ့ ဟောမဲ့တရားပွဲကြီးလဲ ဖြစ်နေတာကတကြောင်း ဒီမှာ အမိ အဖ ညီအကို မောင်နှမ ဘ၀ါ ဘ၀က မတော်စပ်ခဲ့ဘူးတဲ့ သူမည်သည်မရှိဘူးလို့ မြတ်စွာဘုရားက ဟောထားတဲ့ အတိုင်း အမိအဖ ညီအကို မောင်နှမတွေကို ကျေးဇူးဆပ်လိုတာက တကြောင်း အဲဒီ နှစ်ရပ်ပေါင်းပြီး ဟောတဲ့တရားဖြစ်တော့ "ငါတို့တော့ဖြင့် ဒီတရားသိမှ ဒီငရဲ ဒီဆင်းရဲမှ လွတ်ကင်းမယ်" ဆိုတာကို ဆုံးဖြတ်ချက်လဲ ချကြပါနော်။ (မှန်ပါ)။

သစ္စာတရားကို မသိဘဲနဲ့တော့ "ဆင်းရဲခြင်းက လွတ်ကင်းရပါလို၏"လို့ ဘုရားရှေ့မှာ အာပေါက်အောင် ဆုတောင်းငြားပေမဲ့ ရနိုင်ပါ့မလား။ (မရနိုင်ပါဘူးဘုရား)။

ဒါကြောင့်မို့–မြတ်စွာဘုရားက "မင်းတို့ဆင်းရဲနဲ့ ငရဲကင်းချင်လို့ရှိရင် ဒီအတိုင်း မနေကြနဲ့ကွ၊ သားရေး သမီးရေး စီးပွားရေးနဲ့ချည်း မပျော်ကြနဲ့၊ အချိန်တွေ မကုန်စေနဲ့ကွ၊ သစ္စာကို သိရအောင် ထိုးထိုးထွင်းထွင်းနဲ့အားထုတ်ကြစမ်းပါ"လို့ အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ မမှာဘူးလားဗျာ။ (မှာပါတယ်ဘုရား)။ သူ့ဘို့ မှာတာလား တဲ့၊ ဒကာဒကာမတွေ သတ္တဝါတွေကို သနားလို့ မှာတာလား။ (သတ္တဝါတွေကို သနားလို့ မှာတာပါဘုရား)။ အဲဒါကြောင့် မြတ်စွာဘုရားက–

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော၊
သက်ိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံ န ခေပယေျ။

ပဏ္ဍိတော၊ သံသရာနက်ဝှမ်း တဖက်ကမ်းမှ ထွက်လမ်းမြော်မြင်ပညာရှင်သည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်မုချ ချုပ်

ပျက်ရမည့် မြင်သမျှဝတ္ထု သင်္ခါရာတရားအစု၌။ နိဗ္ဗိန္ဒိတ္ထာနု၊ စက်ဆုပ်ဖွယ်ကြီး ကြောက်ဖွယ်တည်းဟု မှိုင်ညည်းဟိန်းချ ငြီးငွေ့ကြ၍။ သင်္ကိစ္စ၊ သံသရာလမ်းထုပ်၊ နှောင်ထမ်းကုတ်ဘို့ မယုတ်စေရ ကိုယ့်ကိစ္စကိုသာလျှင်။ အနုယုဉ္စေယျ၊ မနားမဆုတ် အားပါးထုတ်၍ သုတ်သုတ်လျှင်စွာ ပြုပြင်လိုက်ရာ၏။ မောဃကာလံ၊ စားကာအိပ်ကာ ပျော်ရွှင်ကာဖြင့် လိုရာမပြီး ခရီးမလှ အချည်းနှီးသောကာလကို။ န ခေပယေျ၊ မကုန်မခန်းမကျွမ်းစေရာသတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)။

ကိုင်း—ဆင်းရဲနဲ့ ငရဲကင်းချင်တဲ့ ပုဂ္ဂိုလ်များ မိမိတို့သန္တာန်မှာ တသံသရာလုံးက အထင်လွဲ အမြင်လွဲဖြစ်လာတဲ့ ဒိဋ္ဌိတွေကို ခွာပြီး ယနေ့ မှတ်ကြစမ်းပါ။ (မှန်ပါ့ဘုရား)။ ဆင်းရဲတဲ့ ငရဲကင်းချင်ရင်တော့ဖြင့် မိမိတို့သန္တာန်မှာ အထင်လွဲမှု အမြင်လွဲမှု ဆိုတာကို ဒိဋ္ဌိလို့ ခေါ်ခြင်းကြောင့် ဒီ-ဒိဋ္ဌိကို ဉာတပရိညာ=သိမှုနဲ့တတန်၊ တီရဏပရိညာ—ပွားများမှုနဲ့တတန်၊ အဲဒီ ဒိဋ္ဌိ အထင်မှားမှုကို ပြုတ်အောင် ဖြုတ်လိုက်လို့ရှိရင် ဆင်းရဲနဲ့ ငရဲ မကင်းပေဘူးလား။ (ကင်းပါတယ်ဘုရား)။

ကိုင်း-ဒီလိုဆိုရင် အထင်လွဲမှု အမြင်လွဲမှုက ရုပ်ကလွဲတာလား၊ စိတ်ကလွဲတာလား။ (စိတ်ကလွဲတာပါဘုရား)။ စိတ်ကနေ ဦးဆောင်ပြီးတော့ ရုပ်အပေါ်မှာလဲ လွဲတယ်နော်။ (မှန်လှပါဘုရား)။ စိတ်ချင်းကလဲ လွဲတာဘဲဟဲ့၊ "ငါမြင်တယ်၊ ငါကြားတယ်၊ ငါစားတယ်၊ ငါတွေးတယ်၊ ငါ့အကြံအစည် သိပ်ကောင်းတယ်"ဆိုတဲ့ ရှေ့စိတ်ရဲ့အမှုအရာကို မသိလို့ နောက်စိတ်က ငါကောင်း သူကောင်းထင်ပြီး အထင်လွဲတာကို ဘာခေါ်မလဲ။ (ဒိဋ္ဌိပါဘုရား)။

အဲဒီ ဒိဋ္ဌိရှိနေရင် ဆင်းရဲနဲ့ ငရဲ ကင်းနိုင်ပါ့မလားလို့။ (မကင်းနိုင်ပါဘုရား)။ ဒါဖြင့် ယနေ့ အထင်လွဲမှု အမြင်လွဲမှု ကလေးတွေကို ဖြုတ်ကြပါနော်။ (မှန်ပါဘုရား)။ အထင်လွဲမှု အမြင်လွဲမှုကို မဖြုတ်ရင် စိတ်ကူးက သိပ်ရှည်တာ၊ စိတ်ကူးရှည် တာဟာ ရှည်ချင်လို့ ရှည်တာလား၊ အထင်လွဲလို့ ရှည်တာလား။ (အထင်လွဲလို့ ရှည်တာပါဘုရား)။ အထင်လွဲတဲ့ တရားကို ဘာ ခေါ်မယ်။ (ဒိဋ္ဌိပါဘုရား)။

အဲဒီ–ဒိဋ္ဌိက ဒီတဘဝထဲလား၊ ဘဝတိုင်း ပါလာတာလား။ (ဘဝတိုင်း ပါလာတာပါဘုရား)။ အထင်လွဲမှု ဒိဋ္ဌိ ဘဝတိုင်း ပါခဲ့လို့လဲဘဲ ဦးပဥ္စင်းတို့ စိတ်ကူးရှည်ခဲ့ပါတယ်။ (မှန်ပါဘုရား)။ စိတ်ကူးရှည်ခဲ့လို့လဲ တဏှာ ဥပါဒါန် ကံ မြောက်ပြီး ဘဝတိုင်း ဘဝတိုင်း ဇာတိက စမိခဲ့ရင် ဇရာ မရဏမလွဲဆိုတော့ မအိုချင် ဘဲနဲ့ အိုရတဲ့ဒုက္ခ၊ မနာချင်ဘဲနဲ့ နာရတဲ့ဒုက္ခ၊ မသေချင်ဘဲနဲ့ သေရတဲ့ဒုက္ခတွေဟာ ဘဝတိုင်း မတွေ့ခဲ့ရဘူးလား။ (တွေ့ခဲ့ရပါ တယ်ဘုရား)။

ဩော်–ဒီအိုခြင်းဒုက္ခ နာခြင်းဒုက္ခ သေခြင်းဒုက္ခဖြစ်အောင် ဘယ်သူက လုပ်တာပါလိမ့်မလဲလို့ လက်သယ်ရှာကြည့်တော့ ဘယ် သူ့သွားတွေ့ပါလိမ့်ဗျာ။ (ဒိဋ္ဌိတွေ့ပါတယ်ဘုရား)။ ယနေ့ အဲဒီ ဒိဋ္ဌိကို ခွာရမယ်နော်၊ ဒိဋ္ဌိရှိရင် ဘာဖြစ်သလဲမေးရင် စိတ်ကူး ရှည်တတ်တယ်။ (မှန်ပါဘုရား)။ စိတ်ကူးရှည်တဲ့ ပုဂ္ဂိုလ်မှာ တဏှာ ဥပါဒါန် ကံ မမြောက်ဘူးလား။ (မြောက်ပါတယ် ဘုရား)။ ဒီကံတွေနဲ့ သေလိုက်တော့ ကမ္မဘဝပစ္စယာ.... (ဇာတိ ပါဘုရား)။

အင်း–ဇာတိကပြီးတော့ အိုမယ် နာမယ် သေမယ်ဆိုတာ သူ့ထုံးစံဘဲမဟုတ်ပါလား။ အဲဒီ–အို နာ သေဒုက္ခတွေဟာ ဘဝတိုင်းလား၊ တဘဝထဲလား။ (ဘဝတိုင်းပါဘုရား)။ဒုက္ခသံသရာဆိုတာ ဒါကိုခေါ်တာလို့ ဦးပဥ္စင်းတို့ ဒကာဒကာမတွေ မှတ်ကြစမ်းပါနော်။ (မှန်ပါ့ဘုရား)။

ကိုင်း–စိတ်ကူးရှည်လို့ရှိရင် ဒုက္ခသံသရာရှည်မယ်။ စိတ်ကူးရှည်တာ ရှည်ချင်လို့ ရှည်တဲ့ စိတ်ကူးလား တဲ့၊ အဲဒီ ဒိဋ္ဌိကြောင့်လား။ (ဒိဋ္ဌိကြောင့်ပါဘုရား)။ ဒါဖြင့် စိတ်ကူးရှည်ဖြတ်လို့ရှိရင် ဒိဋ္ဌိလဲ ပြတ်တာဘဲ။ (မှန်ပါဘုရား)။ဒိဋ္ဌိပြတ်ရင် တဏှာ ဥပါဒါန် ကံဟာလဲ ချုပ်တာဘဲ။ မှန်ပါဘုရား)။ ဒိဋ္ဌိချုပ်လို့ တဏှာ ဥပါဒါန် ကံချုပ်သွားရင် ကမ္မဘဝနိရောဓ ...(ဇာတိနိရောဓပါဘုရား)။

အဲ ဇာတိချုပ်တယ်ဆိုတော့ ဘယ်ဇာတိ ချုပ်မှာတုံးဘုရားလို့ မေးရင် အပါယ်ဇာတိချုပ်မှာပါ။ (မှန်လှပါ)။ ဘယ်ဇာတိ ချုပ်မှာလဲ.... (အပါယ်ဇာတိ ချုပ်မှာပါဘုရား)။ အပါယ် လေးပါးဇာတိက ကိုယ့်အတွက် ကျန်သေးလား။ (မကျန်တော့ပါဘူးဘုရား)။ သုဂတိဇာတိကျန်ပြီးတော့ နိဗ္ဗာန်ကို သုဂတိက နေမြင်နေတာဘဲ။ (မှန်ပါ့ဘုရား)။ အဲဒီ နိဗ္ဗာန်ကိုမြင်တာ တခြားကြောင့် မြင်တာလား၊ စိတ်ကူးရှည်ပြတ်လို့လား။ (စိတ်ကူးရှည်ပြတ်လို့ပါဘုရား)။ စိတ်ကူးရှည် သမုဒယသစ္စာက ပြတ်ချင်လို့ ပြတ်တာလား၊ ဒိဋ္ဌိပြတ်သွားလို့လား။ (ဒိဋ္ဌိပြတ်သွားလို့ပါဘုရား)။

အေး–အဲဒီ ဒိဋ္ဌိပြုတ်အောင် ဖြတ်လိုက်လို့ရှိရင် စိတ်ကူးရှည်ပြတ်တယ်၊စိတ်ကူးရှည်ပြတ်ရင် အပါယ်သံသရာရပ်တယ်၊ အပါယ်

သံသရာရပ်လို့ရှိရင် ဆင်းရဲနဲ့ငရဲ ကင်းပြီလို့ မှတ်ကြပါ။ (မှန်ပါ့ဘုရား)။ ဘာဖြစ်လို့တုံးဆိုတော့ ဦးပဥ္စင်းတို့ ဒီတရားပွဲထဲက ပုဂ္ဂိုလ်တွေက ဆင်းရဲနဲ့ ငရဲ သိတ်ကြောက်တဲ့ ပုဂ္ဂိုလ်တွေကိုး။ (မှန်ပါ့ဘုရား)။ ဒါဖြင့်–ဆင်းရဲနဲ့ ငရဲပေးတာ သူများကပေးတာလား၊ စိတ်ကူးရှည်ခြင်းကြောင့် ဖြစ်တာလား။ (စိတ်ကူးရှည်ခြင်းကြောင့် ဖြစ်တာပါ ဘုရား)။ စိတ်ကူးက ရှည်ချင်လို့ ရှည်တာလား၊ ဒိဋ္ဌိကြောင့်လား။ –(ဒိဋ္ဌိကြောင့်ပါ ဘုရား)။ ဒါဖြင့်–ဒိဋ္ဌိကိုသာ ဦးပဥ္စင်းတို့တတွေ ဒီ ဥဒယပညာနှင့် သိ၊ တီရဏပညာနှင့် ပွားများပြီး ဖြုတ်လိုက်မယ်, ပြီးတော့ ပဟာနပညာနဲ့ ပယ်လိုက်မယ်ဆိုရင် ဆင်းရဲနဲ့ ငရဲက မကင်းပေဘူးလား။ (ကင်းပါတယ် ဘုရား)။

## မဟာဓနသူဌေးကြီး

ကဲ–ဒါဖြင့်"ဘယ်သူတွေများ စိတ်ကူးရှည်ဖြတ်လို့ ကင်းသွားဘူးသလဲ ဘုရား"လို့ ဒကာဒကာမတွေက မေးဘို့အခါအခွင့်ကြုံလာပြီ။ (မှန်ပါဘုရား)။ မှတ်ပါတဲ့၊ ဘယ်သူတွေလဲဆိုတော့–

ဧဝံ မေ သုတံ–ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ၊

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်အောင် ဆောက်လုပ်လှူဒါန်း၍ထားသော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ သီတင်းသုံး နေထိုင်တော်မူ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန်ပေါ့။ သာဝတ္ထိပြည်ကြီးမှာ တန်ဆောင်မုန်း လပြည့်နေ့ဆိုရင် အင်မတန်မှ စည်ကားတဲ့ **တောင်ထွတ်နက္ခတ်ပွဲသဘင်** ဆိုတာ ရှိပါတယ်။ ဗမာ့ထုံးစံနဲ့ ဆိုရင်တော့ တန်ဆောင်တိုင်ပွဲပေါ့။ (မှန်ပါ့ ဘုရား)။

ဒီနေရာမှာ သာဝတ္ထိပြည်သူပြည်သား လူအများသည် အိမ်မှာရှိတဲ့ လက်ဝတ်ရတနာတွေကို ခြေကုန်သွန်ဝတ်ပြီးတော့ ဒီပွဲမှာနွှဲကြတာပေါ့လေ။ (မှန်ပါ ဘုရား)။

အဲဒါကြောင့် ဟိုဗာရာဏသီတိုင်းပြည်က မဟာဓနသူဌေးကြီးက တောင်ထွတ် နက္ခတ်ပွဲသဘင်ကို ဆင်ယင်ကျင်းပတဲ့ပွဲကြီးအမှီသွားပြီး အမြတ်ထုတ်ရောင်းချရအောင် ဝတ်ပန်းချိတ်ပုဆိုးတွေကို လှည်းအစီးငါးရာနဲ့ တိုက်ပြီး ဗာရာဏသီ တိုင်းပြည်ကထွက်လာခဲ့ပါတယ်။

သာဝတ္ထိပြည်သို့ ဆိုက်ရောက်တယ်ဆိုသော်လဲ တဖက်ကမ်းမှာဘဲ ရှိနေသေးတယ်၊ "ဒို့တော့ အချိန်မရှိတော့ပါဘူးကွာ၊ ဒီနေရာမှာ တည်းခိုတော့ ခေတ္တနားကြဦးစို့၊ မနက်မှဘဲကူးပြီး ဒို့အေးအေးဆေးဆေး ရောင်းတာပေါ့ကွာ" ဆိုပြီး ချောင်းတဖက်ကမ်းမှာ လှည်းတပ်ကြီး စခန်းချ ရပ်နားနေလိုက်ကြတယ်၊ ညကျတော့ မမျှော်လင့်ဘဲ အခါမဟုတ် အကာလမိုးကြီး သည်းထန်စွာရွာသွန်းချလိုက်တယ်၊ တောင်ပေါ်ကရေတွေ လျှောကျဆင်းပြီးလာတဲ့အခါမှာ သူတို့ဖြတ်ကူးမဲ့ ချောင်းမှာ ရေတွေကပြည့်လျှံနေတော့ လှည်းငါးရာကူးလို့ ဖြစ်ပါအုံးမလား။ (မဖြစ်ပါ ဘုရား)။ မဖြစ်တော့ ဝတ်ပန်းချိတ်ပုဆိုးတွေနဲ့ ဟိုဘက်

ကမ်းကဘဲ ရေအကျ စောင့်နေရတယ်၊ ငါးရက်ခြောက်ရက် လောက် ကြာသွားတာပေါ့ဗျာ။ (မှန်ပါ ဘုရား)။

တောင်ထွတ် ပွဲသဘင်ကြီးကလဲ ပြီးသွားပြီ၊ အဲဒီအတိုင်း ပြန်လို့တော့ မဖြစ်ဘူး၊ ဟိုဘက်ကမ်းကို ကူးကြစို့ကွာဆိုပြီး တဖက်ကမ်းကူးကြတယ်။ လှည်းစခန်းချပြီး အဲဒီနေရာမှာဘဲ ဆောင်းရာသီထဲ ဝင်လာတယ်။ (မှန်ပါဘုရား)။ တန်ဆောင် မုန်းလဆိုတော့ မိုးရာသီ ကုန်သွားပြီကိုးဗျ။ (မှန်လှပါ)။ ဆောင်းလေးလတော့ တည်းခိုပြီး ဆက်ရောင်းချနေအုံးမယ်လို့ တွေးပြီး ဗာရာဏသီပြည်မှာ ရှားပါးတဲ့ကုန်တွေကိုလဲ ပြန်ဝယ် သွားပြီးတော့အမြတ်ထုတ်အုံးမယ် တဲ့။ စိတ်ကူးကရှည်ထားလိုက် တာ။ဒီမှာ် လေးလ ရောင်းမယ်၊ ဟို-ဗာရာဏသီတိုင်းပြည် ပြန်ပြီး တော့ လေးလ ရောင်းချအုံးမယ်ဆိုတော့ (၈) လပေါ့နော်။ (မှန်ပါဘုရား)။

## ဘုရားကိစ္စတော်ငါးပါး

သို့သော်-သူရှည်ထားတဲ့စိတ်ကူးက ဒီလောက်တောင် ကမယ် မထင်ဘူးဗျ၊ အဲဒီထက် စိတ်ကူးရှည်ရင်လဲ ခက်အုံးမယ်နော်။ (မှန်ပါ)။ ဒီဒကာဒကာမတွေကော စဉ်းစားထားပေါ့။ ဒကာ ဒကာမတွေ မြတ်စွာဘုရားမှာ ဗုဒ္ဓကိစ္စငါးပါးဆိုတာရှိပါတယ်။

| | | |
|---|---|---|
| ပုရေဘတ္တကိစ္စ | = | နံနက်ပိုင်းအလုပ် |
| ပစ္ဆာဘတ္တကိစ္စ | = | နေ့ခင်းပိုင်းအလုပ် |
| ပုရိမယာမကိစ္စ | = | ညဥ့်ဦးယံအလုပ် |
| မဇ္ဈိမယာမကိစ္စ | = | သန်းခေါင်ယံအလုပ် |
| ပစ္ဆိမယာမကိစ္စ | = | သန်းခေါင်ကျော်အလုပ်- |

ဆိုတဲ့ဗုဒ္ဓကိစ္စငါးပါးရှိတယ်၊ သူ့ကိစ္စအတိုင်း ဆင်ခြင်ကြည့်တဲ့အခါ—မဟာဓနသူဌေးကြီးရဲ့ တရားရဘို့အရေး ရွှေညာဏ်တော်ကွန်ယက်ထဲမှာ ဘွားကနဲ ပေါ်လာတာကိုး။ ဩော်– မဖြစ်သေးပါဘူးလေ၊ ဒီသတ္တဝါသေမှာက မနက်၊ စိတ်ကူးရှည်ထားတာက ရှစ်လတောင်တဲ့။

သေမှာက ဘယ်တော့တုံး။ (မနက်ပါဘုရား)။ စိတ်ကူးရှည်ထားတာက.... (ရှစ်လပါဘုရား)။ ဒီတော့မှ မြတ်စွာဘုရားက "အာနန္ဒာ—လာကွာ၊ ဒို့ဆွမ်းခံထွက်ရအောင်" ဆိုပြီး သက်န်းတွေရုံ၊ သပိတ်ယူပြီး ထွက်ကြွတော်မူလာတယ်၊ မဟာဓနသူဌေးကြီးရဲ့ လှည်းဝိုင်းနားလဲရောက်ကရော မြတ်စွာဘုရားက ပြုံးတော်မူတယ်၊မြတ်စွာဘုရားက ပြုံးတော်မူတယ်ဆိုတာကို တခြားကြောင့်သိရတာမဟုတ်ပါဘူး၊ သွားတော်ကနေပြီးတော့ စိန်ရောင်ခြည်ထွက်တယ်၊ စိန်ရောင်ခြည်က လက်ျာရစ် သုံးပတ်လှည့်ပြီးတဲ့အခါမှာ ပျောက်သွားတော့ ညီတော်အာနန္ဒာက နောက်ကလိုက်ပေမဲ့ သိရတယ်လို့ မှတ်ပါ။ (မှန်ပါဘုရား)။

တော်တော်ကြာ ဒကာဒကာမတွေက ခင်ဗျားတို့ မိတ္ထီလာမြို့ကြီးမှာကလဲ လူပညာရှိ ရဟန်းပညာရှိတွေက များနေပြန်တော့ အရှင်ဘုရား "အာနန္ဒာက နောက်ကလိုက်ရက်နဲ့ ဘုရားပြုံးတာ ဘယ်လိုသိသတုံး"လို့ မေးချင်မေးနေကြအုံးမယ်။ဦးကျော်ကြီးက မေးချင်သေးလား၊ မမေးနဲ့တော့တဲ့။ မြတ်စွာဘုရားသွားတော်က စိန်ရောင်ခြည်ထွက်တယ်။ (မှန်ပါဘုရား)။ ဒါဟာ ဩဒါတရောင်ခြည် တဲ့။

ဘဂဝတော၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂတဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် သိတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ ဩဒါတဋ္ဌာနေယှိ၊ အရိုးတော် သွားတော် မျက်ဖြူတော်ဟုဆိုအပ်သော ဖြူရာဖြူရာ အရပ်တော်ဌာန ဟူသမျှတို့မှ။ ဩဒါတာ၊ စိန်တောင်ကို တိမ်အရောင်ဟပ်သကဲ့သို့ ဖြူဖွေးသော ရောင်ခြည်တော်ခတ်တို့သည်။ နိက္ခမိံသု၊ ပဋ္ဌာန်း ရွှေဝါ ဒေသနာကို သေချာစူးစမ်း ဉာဏ်တော်စွမ်းကြောင့် နေအသန်းလအသန်း မကလွှမ်း၍ ကြွမြန်းကွန့်မြူးတော်မူကြလေကုန်သတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ဒီတော့မှ မြတ်စွာဘုရားကို အာနန္ဒာက "အရှင်ဘုရား၊ ဘယ်လို အရေးကိစ္စနဲ့ ပြုံးတော်မူတာလဲဘုရား" လို့ မေးလျှောက်တယ်။ "အာနန္ဒာ၊ မင်း မဟာဓနသူဌေးကြီးကို မြင်တယ်မဟုတ်လား" တဲ့။ မြင်ပါတယ်ဘုရား။ အဲဒါ နက်ဖြန်ကာ သေမှာကွ၊ သူ စိတ်ကူးထားတာက ရှစ်လစောင်ဘဲ၊ ပုထုဇဉ်များ သိပ်ခက်ပါတယ်ကွာဆိုတော့၊ အရှင်ဘုရား ဒီလိုဆိုရင် တပည့်တော် သွားပြောရမလားဘုရား တဲ့။ သွားပြောရင်တော့ ကောင်းတာပေါ့ကွာ၊ သတ္တဝါတွေကို သနားသောအားဖြင့် ကယ်မတယ်ဆိုတဲ့ မေတ္တာ ကရုဏာဆိုတာ အင်မတန်မှ တန်ဘိုးကြီးတာဘဲ အာနန္ဒာရလို့ ညီတော်ကိုပြောတော့၊ အရှင်ဘုရား ဘယ်လိုပြောရမှာတုံးလို့ လျှောက်တော့ ဒီလို-ဒီလို သွားပြောချေကွာဆိုပြီး ဂါထာနှစ်ပုဒ် သင်ပေးလိုက်တာပေါ့၊ ဂါထာနှစ်ပုဒ်ကို သင်ပေးလိုက်တယ်ဆိုရင် အာနန္ဒာကြွသွားတယ်၊ ဒီတော့ မဟာဓနသူဌေးကြီးက ဆွမ်းလာလောင်းတယ်။ ဒကာကြီး ဘယ်က လာရောင်းတာ

တုံး။ ဗာရာဏသီတိုင်းပြည်ကပါဘုရား။ သာဝတ္ထိပြည်မှာ ဘယ်လောက်ကြာအောင် နေအုံးမှာလဲ ဒကာကြီးရဲ့။ တပည့်တော် ပြန်လို့လဲ မဖြစ်သေးဘူးဘုရား ဆိုပြီးတော့ သူ့ရဲ့ ကုန်ရှုံးတဲ့ အကြောင်းတွေကို အထုပ်ဖြေပြတာကိုး။ (မှန်ပါ့ဘုရား)။

ဒကာဒကာမတွေလဲ ဒီလိုဘဲ အခုလို လကုန်ပိုင်းလေးမှာ ရောင်းလို့ဝယ်လို့ မကောင်းဘူးဆိုရင် အထုပ်ဖြေချင်ပြီ။ မမေးပါနဲ့အေ၊ ရောင်းရဝယ်ရတာတော့ မကောင်းပါဘူး ဆိုတာက ဘာလုပ်တာလဲ။ (အထုပ်ဖြေတာပါဘုရား)။အင်း—ခင်ဗျားတို့ကသာ အထုပ်ဖြေနေ၊ ဟိုမှာက သေတော့မယ်၊ ခန္ဓာကြီးက သေဘို့ ဦးတည်နေတယ်။ (မှန်ပါ့)။ အဲဒီမှ သူ့အထုပ် ဖြေတော့တာပေါ့လေ။

"အရှင်ဘုရား၊ တပည့်တော်က လှည်းငါးရာနဲ့ လာရတာဘုရား" တဲ့။ ဒီအထဲမှာ အထည်သည်တွေ ပါနေသေးလား မပြောတတ်ပါဘူး။ တော်ကြာ စောင်းပြောတယ်လို့တော့ မထင်နဲ့နော်၊ ဒကာကြီး ဦးသာဘော်၊ တည့်တည့်ပြောတာပါ။ (မှန်ပါဘုရား)။

အဲဒီတော့မှ "အရှင်ဘုရား တပည့်တော် လှည်းငါးရာနဲ့ လာရတာ စရိတ်စခကလဲ မနည်းဘူးဘုရား၊ ဒီလို အခိုင်းအစေတွေကို ပေးရမဲ့ စရိတ်စခတွေကလဲ မနည်းတဲ့အတွက် ဒီမှာ လေးလတည်းခိုပြီးတော့ ကုန်ရောင်းမယ်ဘုရား။ ဒီကကုန်တွေ ပြန်ယူပြီးတော့လဲ ဗာရာဏသီတိုင်းပြည်မှာ ပြန်ပြီး လေးလရောင်းအုံးမယ်ဘုရား" ဆိုတော့ အောင်မယ်လေး–ဒကာကြီးရဲ့စိတ်ကူးက ရှည်လှချည်လားတဲ့။

ဒကာဒကာမတွေကော စိတ်ကူးရှည်ထားတဲ့ ပုဂ္ဂိုလ်ပါသေးလား ဒီအထဲမှာ။ (ပါ,ပါတယ် ဘုရား)။ အင်း–သေတော့မယ် ခင်ဗျားတို့၊ အဲဒါလဲစဉ်းစား၊ တော်တော်ကြာ သားလေးတွေကို နေရာချထားရအုံးမယ်၊ သမီးကလေးတွေကို နေရာချထားရအုံးမယ်တဲ့၊ ဒါ ဘာလုပ်တာလဲ၊ စိတ်ကူးရှည်တာဘဲ။

အင်း – ဒီကြားထဲသေရင်တော့ ဒုက္ခပါဘဲ။ တောဒေယျ သူဌေးကြီးတို့ ဒီကြားထဲ သေလို့ခွေးဖြစ်သွားတာလေ။ (မှန်ပါ ဘုရား)။ စိတ်ကူးရှည်ဖြတ်ပြီး သေလို့ခွေးဖြစ်တာလား၊ စိတ်ကူးရှည်ပြီးသေလို့ ခွေးဖြစ်တာလား။ (စိတ်ကူးရှည်ပြီးသေလို့ ခွေးဖြစ်တာပါ ဘုရား)။ ဒီနေ့ တိုက်ကြီးပေါ်မှာ သူဌေးကြီး၊ မနက်ဖြန် ခွေးကြီးဖြစ်သွားတယ်။ (မှန်ပါ ဘုရား)။

အဲဒါ ဖြစ်ချင်လို့ဖြစ်တာလား၊ စိတ်ကူးရှည်လို့ ဖြစ်တာလား။ (စိတ်ကူးရှည်လို့ ဖြစ်တာပါ ဘုရား)။ ဦးပဥ္စင်းတို့ ဒကာဒကာမတွေကော စိတ်ကူးရှည်သေးလား။ (မရှည်ကြပါဘူး ဘုရား)။ မဟုတ်ပါဘူးလေ၊ ဖြောင့်ဖြောင့်ပြောဗျာ၊ ခင်ဗျားတို့ မကောက်နဲ့ မကောက်နဲ့၊ အခုနေမျှားသေရင် ဘာဖြစ်မတုံး ခင်ဗျားတို့။ (ခွေးဖြစ်မှာပါ ဘုရား)။ ဦးပဥ္စင်းကပြောတာ မဟုတ်ဘူးနော်၊ ဒါ စိတ်ကူးရှည်တဲ့လူ၏ ဖြစ်စဉ်ပါ။ (မှန်ပါ)။ သို့သော်လဲ စိတ်ကူးရှည်ပေမယ်လို့ ဦးပဥ္စင်းတို့ကမှ မသေသေးဘဲ။ (မှန်လှပါ)။ ဖြတ်ရင်မရဘူးလားဗျာ။ (ရပါတယ် ဘုရား)။

အင်း စိတ်ကူးရှည်ဖြတ်ပြီးတော့ သေရင် ဒို့တော့ မြတ်သောသေခြင်းလို့ ကိုယ့်ကိုကိုယ် ယနေ့ဆုံးဖြတ်ချက်ချနိုင်အောင် ဟောမှာပါ။ (မှန်ပါ ဘုရား)။ သေသေချာချာလဲ တရားကို နားလည်စေချင်တယ်။ (မှန်လှပါ ဘုရား)။ ဒကာကြီးတွေက

တရားကိုသေသေချာချာ မနာကြတော့ခက်တယ်၊ မနေ့ကဟော ခဲ့တဲ့ ဝိသာခ အနာဂါမ် အိုင်တင်မျိုးနဲ့ အိမ်ပြန်စေချင်တယ်။ (မှန်ပါ)။

အခုတော့ ခင်ဗျားတို့က တရားပွဲကပြန်သွားရင် အိုင်တင်မှ မရှိဘဲဗျာ၊ အိမ်ကလူတံခါးဖွင့်မပေးမှာစိုးလို့ "ဘယ်သူရေ ဘယ် ဝါရေ အိပ်ပလားဟေ့"နဲ့ မျက်နှာချို သွေးလိုက်ရတာလွန်ရော။ သူဌေးကြီးဝိသာခက ဒီလိုမျက်နှာချို သွေးသလား။ (မသွေးပါ ဘူး ဘုရား)။ အိမ်ကဓမ္မဒိန္နာက ပြန်ပြီးတော့ မျက်နှာချိုသွေး တာတောင်မှ အနာဂါမ်အိုင်တင်နဲ့ အရေးမလုပ်ပါဘူး။ (မှန်ပါ ဘုရား)။ ခင်ဗျားတို့က ပုထုဇဉ် အိုင်တင်ကြီးနဲ့ ပြန်သွားတော့ ဟိုက ဈေးကိုင်တာပေါ့ဗျ။ (မှန်လှပါ ဘုရား)။ တံခါးဖွင့် မပေးမှာစိုးတော့ ခင်ဗျားတို့က နှုတ်ဆက်လိုက်ရတာ ရှမ်းရှမ်းကို ဝေလို့။ ဘုန်းကြီးနဲ့တွေ့တော့ အ,အတွေလို ဖြစ်နေတယ်။

အိမ်ပြန်တော့ တယ်လျှာသွက်တာ ခင်ဗျားတို့၊ ဒါ့ကြောင့်မို့ သေသေချာချာ နာစမ်းပါလို့ ဒီနေ့တရားကို သတိပေးပါရစေ နော်။ (မှန်လှပါ ဘုရား)။

> အဇ္ဈေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
> န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။ ။
> (မဇ္ဈိမ)

အဇ္ဈေဝ၊ ရက်ဆိုင်းမရှေ့ ဤယနေ့ပင်လျှင်။ အာတပ္ပံ၊ ကိလေသာကို ပူပန်စေတတ် ပြုဘွယ်ကိစ္စအရပ်ရပ်ကို။ ကိစ္စံ- ကာတဗ္ဗံ၊ လောလောလတ်လတ် ပြုလုပ်အပ်၏။ သုဝေ၊ နေမြင့် ရှည်ကြာ နက်ဖြန်ခါ၌။ မရဏံ၊ အခြေမှောက်ယှင်း သေပျောက် ခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ မုချပိုင်ပိုင် သိစွမ်း

နိုင်ပါတော့အံ့နည်း။ မဟာသေနေန၊ တပါးမက များလှစွာ သော စစ်သည်အခြံအရံရှိသော။ တေန မစွနှာ၊ ထိုရှင်သေမင်း နှင့်။ သင်္ဂရံ၊ တိုင်ပင် ချိန်းချက်ခြင်းသည်။ နော၊ ငါတို့အား။ န ဟိ န ဝေ၊ မရှိပါပေသတည်း။ ။

(သာဓု – သာဓု – သာဓုပါဘုရား)။

အဲဒီဂါထာကို ရွတ်ဆိုလိုက်ပြီး "ဒကာကြီးရေ – ပြုလုပ်ဖွယ်ရာ ကုသိုလ်ကောင်းမှု ဒါနတရား ဝိပဿနာတရားတွေကို ကြိုးစားပါတဲ့၊ သေခြင်းတရားနဲ့ တိုင်ပင်ချိန်းချက်ထားတာဟာ နက်ဖြန် လား သဘက်ခါလားလို့ ငါတို့မှာ မရှိပါဘူး"လို့ ပြောဟောလိုက် တော့ "အရှင်ဘုရား တပည့်တော်များ ဘေးမြင်လို့ပါလား ဘုရား"လို့ မေးလိုက်တယ်။ မြင်တယ်ဒကာကြီး၊ နက်ဖြန်ခါသေ မှာ၊စိတ်ကူးရှည်မနေနဲ့ တဲ့။ အားရှိစရာဘဲနော်။ (မှန်ပါဘုရား)။

ဒါကြောင့် ဒကာဒကာမတွေလဲ – ဒို့တိုက်တာကလေးနဲ့တော့ နေရာကျပြီကွ၊ နောက်တိုက်တလုံး ရအောင်ဖြင့် စုလိုက်အုံးမှဘဲ ဆိုတာ ဘာဖြစ်လာပါလိမ့်။ (စိတ်ကူးရှည်တာပါဘုရား)။ သေ ချင်လို့ – သေချင်လို့ ... (မှန်ပါ)။ တော်တော်ကြာကျရင် သား ကလေး စာမေးပွဲအောင်လာရင် ဘယ်လို – သမီးကလေး ဒီဂရီ ရလာရင် ဘယ်နှယ်ဆိုပြီး ဒကာဒကာမတွေ ဟိုတိုက်နဲ့ ဒီတိုက် အချင်းချင်း တိုင်ပင်ကြတာတွေကကော ဘာဖြစ်တာတုံး.... (စိတ် ကူးရှည်တာပါဘုရား)။ ဘာဖြစ်ချင်လို့ပါလိမ့်.... (သေချင်လို့ ပါဘုရား)။

သို့သော် – စိတ်ကူးမရှည်ရဘူးလို့ မပြောပါဘူး။ စိတ်သည် ရှည်လို့ရနိုင်သလား၊မရနိုင်ဘူးဆိုတာ အကဲခတ်နိုင်ပြီး စိတ်ကူးရှည် လို့ရှိရင် ဒါကိစ္စမရှိပါဘူး။ (မှန်ပါဘုရား)။

သုတဝါ အရိယသာဝကော = အရိယာ၏ သာဝကအဖြစ်နဲ့ မသေချင်တော့ စိတ်ကူးရှည်ရမှာပေါ့။ (မှန်လှပါ)။ အင်း· သေဘို့ရာ မကျန်းမမာတွေ ဖြစ်လာတယ်ဆိုရင် ဘြော်–ဒို့ စိတ်ကူးစရာ အချိန်မဟုတ်ဘူးကွ၊ ဖြစ်ပြီးရင် ပျက်တဲ့တရားဟာ ဒါပါလားလို့ ရှုမှတ်ပွားများလို့ရှိရင် ဒို့ရှုမှတ်ပွားများထားတဲ့ တရားဟာ ဒီနေရာမှာ အားကိုးစရာကြီးပါကလားလို့ ပေါ်လာ လိမ့်မယ်။ ဒီလိုဆိုရင် ကိုယ့်အတွက် မသက်သာဘူးလား။ (သက် သာပါတယ်ဘုရား)။ အဲဒါ စိတ်ကူးမရှည်စေချင်လို့ မဟုတ်ပါ ဘူး၊ စိတ်ကူးရှည်တာကို နောက်ထား၊ ဒိဋ္ဌိဖြုတ်ပြီးတော့ သစ္စာ သိဘို့ရာကို ရှေ့ထားစေချင်လို့ ပြောတဲ့စကားလို့ အားလုံး မှတ် ကြပါ။ (မှန်လှပါဘုရား)။

ဒီတင်မှာ “အရှင်ဘုရား၊ တပည့်တော်ကို မကယ်နိုင်တော့ဘူး လားဘုရား”လို့ လျှောက်ထားတယ်။ မနက်ဖြန်ကာ သေမယ်ဆို တော့ မကြောက်ပေဘူးလား။ (ကြောက်ပါတယ်ဘုရား)။ “ဒကာကြီးရေ၊ ကယ်နိုင်တဲ့တရားက ဒီလို ဒီလို ရှိတယ်” ဆိုပြီး အရှင်အာနန္ဒာက–

ဇေ၀ိဟာရီ အာတာပီ၊ အဟောရတ္တမတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။

ဂဟပတိ၊ သူကြွယ်ဒကာကြီး။ ဇေ၀ိဟာရီ၊ ဤသို့မြတ်သောအ ကျင့်ဖြင့် နေလေ့ရှိထသော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ် သော လုံ့လဝီရိယရှိထသော။ အဟောရတ္တံ၊ နေ့ညဉ့်တို့ ကာလ ပတ်လုံး။ အတန္ဒိတံ၊ ပျင်းရိခြင်းမရှိသော။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ· ကေန္တေန၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ ဘဒ္ဒေက ရတ္တောတိ၊

တည့်မျှပင် အသက်ရှင်လည်း သူတော်စင်အပေါင်း ချီးမွမ်းကြောင်းဖြင့် ကောင်းသော အသက်ရှည်ခြင်းဟူ၍။ သန္တော၊ သူတော်စင်စစ် ဖြစ်တော်မူသော။ မုနိ၊ မြတ်စွာဘုရားသည်။ အာစိက္ခတေ၊ သဘောစိမ့်အောင် ဟောမိန့်တော်မူလိုက်ပါပေသတည်း။

(သာဓု–သာဓု–သာဓုပါဘုရား)။

"ဒကာကြီးရေ-ကယ်နိုင်တဲ့ တရားတော့ရှိတယ်၊ ကယ်နိုင်တဲ့ တရားက နေ့ရေညဥ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်းဆိုသလို မိမိရဲ့ သေရမဲ့ဘေးကို သိပြီး ဒီလို ဒါနတွေပြု၊ သီလတွေဆောက်တည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းရှုတဲ့ ဝိပဿနာတရားအလုပ်ကို ပွားများအားထုတ်လို့ရှိရင် တညဥ့်ဘဲ နေရ နေရ၊ ဒကာကြီးရေ မြတ်သောနေခြင်း မြတ်သောသေခြင်းလို့ မြတ်စွာဘုရား ဟောလိုက်ပါတယ်"လို့ ဆိုလိုက်တယ်။

ဒကာဒကာမတွေ—မနက်ဖြန်ခါ သေမယ်ဆိုတာကို တကယ်သိရတဲ့အခါကျတော့ အားကိုးရာ ရှာမလား၊ မရှာဘူးလား။ (ရှာပါတယ်ဘုရား)။ စောစောတုန်းက သူ အားကိုးရာ မရှာတာဟာ အတ္တဒိဋ္ဌိစွဲပြီး စိတ်ကူးရှည်လို့ မရှာတာ၊ အခုတော့ အနတ္တမှန်းသိတော့ ရှာ-ပြီနေဉ်။

စိတ်ကူးရှည်နေတော့ ကိုယ်သေရမဲ့ဘေး သိသေးသလား။ (မသိပါဘုရား)။ အဲဒီတင်မှာ "အရှင်ဘုရား၊ ဒီလိုဆိုရင် မြတ်စွာဘုရားနဲ့တကွ ရဟန်းတော်ငါးရာသည် တပည့်တော်ရဲ့ လှည်းစခန်းကို နံနက်မိုးသောက် အလင်းရောက်သည့်အခါ ဆွမ်းခံကြွတော်မူပါ"လို့ ပင့်လိုက်တယ်။

နောက်တနေ့ နံနက်မိုးသောက် အလင်းရောက်တော့ မြတ်စွာဘုရားနှင့် ရဟန်းငါးရာကြွလာတယ်၊ ဝတ်ပန်းချိတ်ပုဆိုးတွေကို သင်္ကန်းအဖြစ်နဲ့ တစုံစီတစုံစီ လှူတာပေါ့ဗျာ။ (မှန်ပါ့ဘုရား)။

အခု အထည်သည်တွေလဲ မနက်ဖြန် သေမယ်သာသိရင် သင်္ကန်းတွေကို အစုံလိုက်လှူအုံးမှာ။ (မှန်ပါ့ဘုရား)။ သူက မနက်ဖန်ခါ သေရမဲ့ဘေးကို တိတိကျကျသိတော့ တကယ့်ကို အားကိုးရာတရားရှာဘို့ရာ အခွင့်ရတယ်နော်။ (မှန်ပါဘုရား)။

ဦးပဥ္စင်းတို့လို သေရမဲ့ဘေး မသိသေးတဲ့ ပုဂ္ဂိုလ်က ပိုပြီးတော့ ကြိုးစားထားဘို့ကောင်းတယ်။ (မှန်လှပါဘုရား)။ သူက မနက်ဖန်ခါ သေမှာသိတယ်၊ ကိုယ်က နေ့သေမလား၊ ညသေမလား ဆိုတာတောင် မသိသေးဘူး။ (မသိပါဘုရား)။ မသိတော့ သူ့ထက်ကိုယ်က ပိုကြိုးစားရမယ်။ (မှန်ပါဘုရား)။ မရှင်းဘူးလား ဗျာ။ (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ မဟာနေသူဌေးကြီးက နံနက်မိုးသောက် အလင်းရောက်ရင် အဲဒီ ဝတ်ပန်းချိတ်ပုဆိုးတွေကို မြတ်စွာဘုရားနဲ့ ရဟန်းတော်ငါးရာကိုလှူပြီး ဆွမ်းကပ်တယ်၊ မြတ်စွာဘုရားက ဘွမ်းဘုဉ်းပေးတဲ့ ကိစ္စပြီးတယ်ဆိုရင် အနုမောဒနာ တရားဟော လိုက်တာက တခြား မဟုတ်ပါဘူး။ ဒကာကြီးရေ၊ လှူတာ တန်းတာကလဲ ကုသိုလ်ရပါတယ်၊ သီလဆောက်တည်တာလဲ ကုသိုလ်တော့ ရပါတယ်၊ ဒါပေမဲ့ ဆင်းရဲနဲ့ငရဲ ဘဝတိုင်း ကင်းလိမ့်မယ်လို့တော့ ငါဘုရား တာဝန်မယူနိုင်ဘူးကွ တဲ့။ ဒါနပြု သီလဆောက်တည်ပြီးတဲ့အခါမှာ ဝိပဿနာဆိုတဲ့ သစ္စာခြံရံပြီး လှူတဲ့ ဒါနမျိုးကျတော့ နိဗ္ဗာန်ကို မရောက်သေးလို့ သုဂတိခိုနား ရသော်လဲဘဲ နောင်တဖန် ပြန်ပြီးတော့ ဆင်းရဲနဲ့ငရဲကို ဘယ်

တော့မှ မရောက်တော့ဘူး၊ ဆင်းရဲနဲ့ ငရဲကင်းပြီဟူ၍ ငါဘုရား တာဝန်ယူတယ် တဲ့။ (မှန်ပါဘုရား)။

ကိုင်း—အားရှိစရာ မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)။ အဲဒီလို အလှူမျိုး ဒါနမျိုး သီလမျိုးကို ဒကာဒကာမ တွေ ပြုလုပ်တတ်ဖို့ကလဲ အရေးကြီးပါတယ်။ (မှန်ပါဘုရား)။

ပုညံ့ သုခံ ဇနေတိ။ ပုညံ၊ ကုသိုလ်ကောင်းမှု ဟူသမျှသည်။ သုခံ၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာ ကို။ဇနေတိ၊ဖြစ်စေတတ်၏ဆိုတော့ ကုသိုလ်တရားဆိုရင် လူချမ်း သာကိုရော နတ်ချမ်းသာကိုရော နိဗ္ဗာန်ချမ်းသာကိုရော.... (ပေး နိုင်ပါတယ်ဘုရား)။ ဒါပေမဲ့ နိဗ္ဗာန်ချမ်းသာကို ရိုးရိုးသီလ ရိုးရိုး ဒါနက မပေးနိုင်ပါဘူး။ (မှန်ပါ)။ အဲဒီ ဒါနအပေါ်မှာ ဝိပဿနာဆိုတဲ့ သစ္စာသိလှူတဲ့ ဒါနမှ နိဗ္ဗာန်ချမ်းသာကို ပေးနိုင် မှာ။ (မှန်ပါဘုရား)။ ရော့-အင့် ဆိုတဲ့ ဒါနမျိုးကတော့ လူ ချမ်းသာ နတ်ချမ်းသာဘဲ ပေးမယ်။ (မှန်ပါ)။

လူချမ်းသာ နတ်ချမ်းသာရရင် အိုခြင်းဆိုးဒုက္ခ နာခြင်းဆိုး ဒုက္ခတွေက ငါလဲလိုက်မယ် တဲ့။ အဲဒါကျတော့ ကြိုက်ကဲ့လား။ (မကြိုက်ပါဘူးဘုရား)။မကြိုက်ရင် ဒါနပြု သီလဆောက်တည်တဲ့ အခါမှာ လူချမ်းသာလဲ မတောင့်တနဲ့၊ နတ်ချမ်းသာကော.... (မတောင့်တပါဘုရား)။ အခုလက်ရှိ ရထားတဲ့ ခန္ဓာငါးပါး ဒီ ဒုက္ခသစ္စာဝဋ်အတွင်းက လွတ်ကင်းချင်ပါတယ် ဆိုတဲ့ ဆန္ဒကို ပြောင်းလိုက်ရင် ဒါအဝိဇ္ဇာအပြစ်ကော သင့်သေးလား။ (မသင့် တော့ပါဘုရား)။

အင်း—တဏှာအပြစ်တွေကော ပါသေးလား။ (မပါပါဘူး ဘုရား)။ ဒါဖြင့် ကာယကံနဲ့ လက်အုပ်ချီ ဝစီကံနဲ့ လှူဘဝ

နတ်ဘာဝ ဆုတောင်းတဲ့ ကံတွေကော မြောက်သေးလား။ (မမြောက်တော့ပါဘူးဘုရား)။ ဒီ တဏှာ ဥပါဒါန် ကံတွေဟာ မမြောက်ချင်လို့ မမြောက်တာလား တဲ့၊ ခန္ဓာငါးပါးရဲ့ ဒုက္ခ သစ္စာသိလို့လား။ (ခန္ဓာငါးပါးရဲ့ ဒုက္ခသစ္စာ သိလို့ပါဘုရား)။ ခန္ဓာငါးပါးက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။ သိတဲ့ဉာဏ် က....(မဂ္ဂသစ္စာပါဘုရား)။ ကဲ-အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသာ မသေဘူးလား။ (သေပါတယ်ဘုရား)။ တဏှာ ဥပါဒါန် ကံ သေတာဟာ သမုဒယသစ္စာ သေတာဘဲ။ (မှန်ပါ ဘုရား)။ သမုဒယသစ္စာ အကြောင်းချုပ်တော့ အပါယ်လေးပါး ဇာတိ အကျိုးတရားတွေ မချုပ်ဘူးလား။ (ချုပ်ပါတယ်ဘုရား)။

ဒါဟာ ဘာဉာဏ်ခြံရှိလို့တဲ့ ဒါနလဲမေးရင်.... (သစ္စာဉာဏ်ပါ ဘုရား)။ ကဲ-သစ္စာဆိုတာ တခြား မဟုတ်ပါဘူး၊ ဒကာဒကာမ တွေ ကိုးလလွယ် ဆယ်လ ပဋိသန္ဓေနေရတာဟာ ညောင်းလို့လဲ မလှုပ်ရ ယားလို့လဲ မကုတ်ရဆိုတော့ သုခလား ဒုက္ခလား။ (ဒုက္ခပါဘုရား)။

ဒါဖြင့် ဒီဒုက္ခကြီးကို ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေ တခြား ကြောင့် ရတာ လား၊ ဆုတောင်းယူတာလား။ (ဆုတောင်းယူတာ ပါ ဘုရား)။ သိလို့တောင်းတာလား၊ မသိလို့တောင်းတာလား။ (မသိလို့တောင်းတာပါဘုရား)။ ဟော-မသိတာက-အဝိဇ္ဇာ၊ ဆုတောင်းတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ကာယကံ ကလေးနဲ့ လက်အုပ်ချီ ဝစီကံကလေးနဲ့ ဖွင့်ထုတ်လိုက်တော့ ကံ မမြောက်ဘူးလား။ (မြောက်ပါတယ်ဘုရား)။ အဲဒါနဲ့ များ တချို့က ဆုတောင်းပြည့်ဘုရားများကို လိုက်ရှာသေးတယ်နော်။ ဆုတောင်းပြည့်ဘုရားရှာတာ ရှာချင်လို့ ရှာတာလား၊ နောက်

ဒုက္ခ ရောက်ချင်လို့လား။ (နောက်ဒုက္ခ ရောက်ချင်လို့ပါဘုရား)။ ရှာဘူးကြလား။ (ရှာဘူးပါတယ်ဘုရား)။ ဆုတောင်းပြည့်ဘုရားတွေတွေ့ အခါကျတော့ ရိုးရိုးဆုတောင်းပြီး ပြန်လာသလား၊ ကျောက်တုံးကလေးများ မ-ခဲ့သေးလား။ (မ-ပါတယ်ဘုရား)။ ဩော်–ဖြစ်ရပလေ။ နောက်ဒုက္ခ သေမှ သေချာပါ့မလားလို့ ပေါ့နော်။ နောက်ဒုက္ခကလဲ အဝိဇ္ဇာဆိုတော့ လေးတယ်၊ ကျောက်တုံးက ဘယ့်နှယ်လဲ ပေါ့လား၊ လေးလား။ (လေးပါတယ်ဘုရား)။

သေချာပြီ၊ ဒါဖြင့်–အဲဒါကို ရမှာဘဲတဲ့နော်။ ကိုင်း-ဒီတော့ ဒီလို လိုက်ဆိုပါ–

တပည့်တော် တပည့်တော်မတို့သည် ယနေ့ယခု ပြုလုပ်ရသော ဒါနကုသိုလ် သီလကုသိုလ် ကြားနာရသော ဓမ္မသဝနကုသိုလ်စေတနာတို့ကြောင့် ကိုးလကျော်ဆယ်လ ထောင်ကျရသော ပဋိသန္ဓေ-ဇာတိဒုက္ခဝဋ်အတွင်းမှ လွတ်ကင်းရာဖြစ်သော နိဗ္ဗာန်ကိုသာ ရည်မှန်း၍ သစ္စာသိသော ဉာဏ်အမြင်ဖြင့် ကုသိုလ်တရားတို့ကို ပြုလုပ်ပါကုန်၏ အရှင်ဘုရား။

ကဲ–ဒီနေ့ပြုလုပ်တဲ့ ဒါနကုသိုလ် သီလကုသိုလ်ဆိုတဲ့ဟာက ရိုးရိုးလုပ်တဲ့ ကုသိုလ်လား၊ သစ္စာသိပြီးလုပ်တဲ့ ကုသိုလ်လား။ (သစ္စာသိပြီးလုပ်တဲ့ ကုသိုလ်ပါဘုရား)။ ဒါဖြင့် နောင်တဖန် ပဋိသန္ဓေ မနေချင်ဘူးဆိုတာကို သိတယ်ဆိုတော့ ပဋိသန္ဓေက ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ မနေချင်လို့ ဒီဒါနတရားတွေ လှူဒါန်းပါတယ်ဆိုတဲ့ ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။ ပဋိသန္ဓေဒုက္ခသစ္စာဟာ ငါလား သူလား၊ ခန္ဓာငါးပါးလား။ (ခန္ဓာ

ငါးပါးပါဘုရား)။ ဘာသစ္စာလဲဆိုတော့ ဒုက္ခသစ္စာ။ ဒါဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို သခုဆင်တဲ့ ဒိဋ္ဌိဘာဝ ချုပ်တာပေါ့ ဗျ။ (မှန်ပါ့)။ ဒုက္ခသစ္စာဘဲလို့ အမှန်သိမြင်တဲ့ ဝိဇ္ဇာဉာဏ်ပေါ်လာတော့ အဝိဇ္ဇာသဝ ချုပ်တာပေါ့။ ဒုက္ခသစ္စာတွေကို မဂ္ဂသစ္စာနဲ့ တကယ်သိတော့ လိုချင်-ရချင်တဲ့ တဏှာ ဥပါဒါန်ကမ္မဘာဝတွေ တဒင်္ဂဝိက္ခမ္ဘနဖြစ်တာက ကာမာသဝချုပ်တာ။ ဒီအလှူထဲမှာ ဒီကုသိုလ်ထဲမှာ အဝိဇ္ဇာအဖြစ် ဒိဋ္ဌိအဖြစ် တဏှာအဖြစ် မရောဘဲနဲ့ အဖြစ်ကင်းတဲ့အတွက် အပါယ်လေးပါးဇာတ်သိမ်းတာက ဘဝါသဝ ချုပ်တယ်လို့ ဆိုနိုင်ပါပြီ။ ဒကာဒကာမတွေ သဘောထဲမှာ ရှင်းကြရဲ့လား။ (ရှင်းသွားပါပြီဘုရား)။ ဒါကြောင့် မင်္ဂလသုတ်ပါဠိတော်က ဟောတာပေါ့။

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဒါနဉ္စ၊ အလှူပေးရခြင်းသည်၎င်း။ ဓမ္မစရိယာ စ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်၎င်း။ ဉာတကာနံ၊ အဆွေအမျိုးတို့အား။ သင်္ဂဟော စ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း။ အနဝဇ္ဇာနိ၊ အဝိဇ္ဇာ ဒိဋ္ဌိ တဏှာအဖြစ်မရှိကုန်သော။ ကမ္မာနိ စ၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းတို့သည်၎င်း။ ဧတံ၊ ဤသို့ အဝိဇ္ဇာ ဒိဋ္ဌိ တဏှာအဖြစ်မရှိသော ကုသိုလ်ကို ပြုလုပ်ရခြင်းကို။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ လောကီမှာလဲ မင်္ဂလာ လောကုတ္တရာမှာလဲ မင်္ဂလာ အစစ်ပါပေတည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ သဘောစိမ့်အောင် ဟောမိန့်တော်မူပါပေသတည်း။ ။

(သာဓု—သာဓု—သာဓုပါဘုရား)။

ဒါ—ရိုးရိုး ရေ့-အင့်ဆိုတဲ့အလှူလား၊ သစ္စာသိပြီးလှူတဲ့အလှူလား။ (သစ္စာသိပြီးလှူတဲ့ အလှူပါဘုရား)။ အဲဒါကြောင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက "ဒါန-သီလ နောက်ထား သစ္စာသိဖို့က အရေးကြီးတယ်"လို့ ဆိုတာပေါ့ဗျာ။ (မှန်ပါ့)။ ဒါဒါနပယ်တာလား။ (မပယ်ပါဘုရား)။ သစ္စာမသိဘဲလှူရင် ကုသိုလ်တော့ရပါတယ်။ အာသဝချုပ်ကြောင်း သစ္စာသိမှုမပါတော့ "ဘဝဘောဂသမ္ပတ္တိဒေတိ" ဘဲရမယ်။ ယခုလို သစ္စာသိလှူတော့ ဆင်းရဲနဲ့ ငရဲ ကင်းရပါလို၏ လို့ ပြောစရာလိုသေးလား။ (မလိုတော့ပါဘုရား)။ ဒီဒါနမျိုးကျတော့ သံသရာကော ရှည်သေးလား၊ ဘာသိလှူလို့လဲ။ (သစ္စာသိလှူလို့ပါဘုရား)။ ဒါဖြင့် မိုးကုတ်က ဒါနပယ်တာလား၊ ဒါန အကောင်းဆုံးဖြစ်အောင် ပြင်ပေးတာလားဆိုတာ ရှင်းပလား။ (ရှင်းပါပြီဘုရား)။ သံသရာရှည်တာ ဒါနကြောင့် ရှည်တာမဟုတ်ဘူး၊ သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် ရှည်တာလို့ မှတ်ကြပါ။ (မှန်ပါဘုရား)။ ဒါကြောင့် မဟာစနေသူဌေးကြီးကို မြတ်စွာဘုရားက ဆွမ်းအနုမောဒနာတရား ဟောလိုက်တဲ့အခါမှာ ဒီလို ဟောတာပါ။

ဒကာဒကာမတွေလဲ နေ့တိုင်းနေ့တိုင်း ဆွမ်းလောင်းနေတာဘဲ မဟုတ်လား၊ ရဟန်းသံဃာတော် အရှင်မြတ်များ ကြွလာရင် ဩော်—ဒါ ဒို့ရဲ့ ကိုးကွယ်ရာ ရဟန်းသံဃာတော်မြတ်တွေဘဲ၊ ဒို့ရဲ့ အားထားရာတွေဘဲ ဆိုပြီးတော့ လှူဒါန်းတဲ့အခါကျတော့ "တပည့်တော်သည် အိုခြင်းဆိုးဒုက္ခ နာခြင်းဆိုးဒုက္ခတွေကို နောင်တဖန် မလိုချင်လို့ အရှင်ဘုရားများအား ဤဆွမ်းကို လှူဒါန်းပါတယ်"လို့ ဆိုမယ်ဆိုရင် သစ္စာမပါဘူးလား။ (ပါပါတယ်ဘုရား)။

အိုခြင်းဆိုးဒုက္ခ နာခြင်းဆိုးဒုက္ခက ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ နောင်တဖန် မလိုချင်လို့ လှူဒါန်းပါတယ်ဆိုတဲ့ သစ္စာက ဘာသစ္စာလဲ။ (မဂ္ဂသစ္စာပါဘုရား)။ အဲဒီတော့ အခုဘဝကာမတဏှာ သေတာဟာ သမုဒယသစ္စာသေတာဘဲ။ (မှန်ပါဘုရား)။ သမုဒယသစ္စာ–အကြောင်းတရားချုပ်တော့ နောင်အပါယ်လေးပါး ဇာတိအကျိုးတရား မချုပ်ဘူးလား။ (ချုပ်သွားပါတယ်ဘုရား)။ ဆင်းရဲနဲ့ ငရဲကင်းတဲ့ အကျိုးကို လှူရုံနဲ့ ရတော့မယ်။ (မှန်ပါဘုရား)။ ဒီဒါနမျိုးကျတော့ မလှူသင့်ဘူးလား။ (လှူသင့်ပါတယ်ဘုရား)။ အဲဒီ ဒါနမျိုးကျတော့ နိဗ္ဗာန်ကို ရောက် မရောက်...(ရောက်ပါတယ်ဘုရား)။ ရောက်ပါတယ်ဆိုတာကို ဆုံးဖြတ်ချက်ချပါနော်။ (မှန်ပါဘုရား)။ မြတ်စွာဘုရားက မဟာဓနသူဌေးကြီးကို ဒီလို ဟောလိုက်တယ်–

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။
ဣတိ ဗာလော ဝိစိန္တေသိ၊ အန္တရာယံ န ဗုဇ္ဈတိ။ (ဓမ္မပဒ)

ဣဓ၊ ဤအရပ်၌။ ဝဿံ၊ မိုးလေးလကာလပတ်လုံး။ ဝသိဿာမိ၊ နေလိုက်ပါဦးအံ့။ ဣဓ၊ ဤအရပ်၌။ ဟေမန္တဂိမှိသု၊ ဆောင်းလေးလ နွေလေးလတို့၌။ ဝသိဿာမိ၊ ရောင်းဝယ်ကာ နေလိုက်ပါဦးအံ့။ ဣတိ၊ ဤသို့။ ဗာလော၊ လောဘ ဒေါသ မောဟပြောတူ မိုက်သောသူသည်။ ဝိစိန္တေသိ၊ ကြံစည်ကာ စိတ်ကူးရှည်နေ၏။ အန္တရာယံ၊ ခန္ဓာငါးပါး ပျက်စီးမည့်အရေး အန္တရာယ်ဘေးကို။ န ဗုဇ္ဈတိ၊ မသိနိုင်ပါပေသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ကိုင်း–ဒါဖြင့် ဒကာဒကာမတွေ စိတ်ကူးရှည်သို့ တော်ပမလား။ (မတော်ပါဘူးဘုရား)။ ဘာဖြစ်လို့ မတော်တာတုံးလို့ မေးရင် သေခြင်းတရားက မြန်လွန်းလို့မဟုတ်လား။ (မှန်ပါဘုရား)။ ဦးပဥ္စင်းတို့ ဒကာဒကာမတွေက-ခန္ဓာငါးပါးနဲ့နေတော့ ဒီခန္ဓာငါးပါးမှာ သေမင်းတွေက အများကြီး ဝိုင်းနေတယ်။ (မှန်ပါဘုရား)။ သေမင်းက တယောက်ထဲလား၊ အများကြီးလား။ (အများကြီးပါဘုရား)။ အများကြီးဆိုတော့ ရုပ်က (၂၈) ပါးဗျာ။ ဘုန်းကြီးလူထွက်တွေလဲ ပါတယ်နော် ဒီအထဲမှာ၊ စေတသိက်က-၅၂ ပါး။ (မှန်ပါ)။ ကဲ (၂၈) နဲ့ (၅၂)နဲ့ ပေါင်း....(ရှစ်ဆယ်ပါဘုရား)။ စိတ်က (၈၉) ပါးတဲ့။ ပေါင်းလိုက်တော့ ဘယ်လောက်ရှိလဲ။ (၁၆၉-ပါးပါဘုရား)။ တရာ့ခြောက်ဆယ့်ကိုး။ အမယ်လေး-စျေးသည်တွေ ဖြစ်မှဖြစ်ရလေဗျာ။ သူတို့ရမဲ့ ပိုက်ဆံကျတော့ လောဘကလေးနဲ့ တွက်ချလိုက်တာ၊ အင်း-သူများလိုမဟုတ်ဘူး၊ ဒီလောက် ငွေကလေးများအရေးမလုပ်ပါဘူး၊ ဘယ်လိုတွက်တွက် ရတယ်လို့ ပြောနေတာ၊ တရားအတွက်ကျတော့ ဘယ့်နှယ်၊ အဲဒါ စိတ်ကူးရှည်ထားတာ။ ခင်ဗျားတို့ သည့်ပြင်နေရာကျတော့ ဒို့က ငွေတထောင်ကိုးရာ၊ သောင်းနဲ့သိန်းနဲ့ ချီကိုင်နေတာ။ တထောင်ကိုးရာများ ဒို့ဘယ်တော့မှ မမှားဘူးလို့ ခင်ဗျားတို့ ဂုဏ်ယူလိုက်သေးတယ်။ အပါယ်သွားမဲ့ဟာကျတော့ ဂုဏ်ယူတယ်။ (မှန်ပါ)။ ဒီမှာကျတော့-အာလေးနေတယ်၊ နိဗ္ဗာန်သွားမှာကျတော့ ဘယ့်နှယ်ဖြစ်နေတုံး။ (အာလေးနေပါတယ်ဘုရား)။ ကဲ–အာသွက်အောင် ပြန်ပြောပါအုံး၊ ဒါဖြင့် သေမင်းက (၁၆၉)ယောက်၊ အသတ်ခံရမဲ့ လူက တယောက်ထဲ၊ ဒီမသာတွေ သေမှသေပါ့မလား။ (သေပါတယ်ဘုရား)။ ကြောက်သလား၊ မကြောက်နဲ့။ သေရမှာ အမှန်ဘဲ

ဆိုရင် အားကိုးရာ ရှာရမယ်။ (မှန်ပါ)။ ဘာရှာရမှာပါလိမ့်.... (အားကိုးရာ ရှာရပါမယ်ဘုရား)။

ဒါနဲ့-မဟာခနေသူဌေးကြီးဟာ ငါမနက်ဖန်ခါ သေရမှာဘဲ ဆိုပြီးတော့ တညဥ့်လုံး အားထုတ်နေလိုက်တာ၊ "ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ စစ်ကနဲ လှစ်ကနဲ ရှကနဲ မှကနဲ နာလိုက် ကျင်လိုက် ကိုက်လိုက် ခဲလိုက် ပူလိုက် အေးလိုက် ညောင်းလိုက် ညာလိုက် တောင့်လိုက် တင်းလိုက်၊ တော်တော်ကြာ ရွေ့ချင် ပြောင်းချင် ကုတ်ချင် လှုပ်ချင် ငိုက်မျဉ်းလိုက် တွေဝေလိုက် ပြုံ့လွင့်လိုက်ဆိုတာတွေဟာ လက်စသတ်တော့ ငါမှမဟုတ်ဘဲ၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတွေ၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားတွေချည်းဘဲ၊ ဖြစ်ပြီးရင်ပျက်တယ်၊ ဖြစ်ပြီး ရင်ပျက်တယ်"လို့ အဲဒီလို ယထာဘူတဉာဏ်ရပြီး မြင်နေတာကိုး ဗျ။ (မှန်ပါ)။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမြင်သလား၊ ဖြစ်ပျက်မြင်သလား။ (ဖြစ်ပျက်မြင်ပါတယ်ဘုရား)။ ငါ့ဖြစ်ပျက် လား၊ သူ့ဖြစ်ပျက်လား၊ ခန္ဓာဖြစ်ပျက်လား။ (ခန္ဓာဖြစ်ပျက်ပါ ဘုရား)။

အခု-ဦးပဥ္စင်းတို့ ဒကာဒကာမတွေ မြင်နေတဲ့ "ချောတယ် လှတယ်၊ ပိန်တယ်၊ ဝတယ်၊ ဖြူတယ်၊ မဲတယ်" ဆိုတဲ့ ခန္ဓာမျိုးလား၊ သဘောခန္ဓာလား။ (သဘောခန္ဓာပါဘုရား)။ ဒကာဒကာမတွေ ကြားရဲ့လား။ (ကြားပါတယ်ဘုရား)။ အဲ-ကြားတာဟာ ကြား ခန္ဓာဘဲ။ (မှန်ပါ)။ ကြားခန္ဓာကလေးက ဘယ်သွားပေါ်ပါ လိမ့်ဗျာ။ ခေါင်းပေါ်မှာလား၊ မျက်စိပေါ်မှာလား၊ နားပေါ် မှာလား။ (နားမှာ ပေါ်ပါတယ်ဘုရား)။ ပြစမ်းပါဗျာ၊ ကြားတဲ့ ခန္ဓာကလေးကြည့်ရအောင်။ (မပြနိုင်ပါဘုရား)။မကြားလို့လား။

(ကြွားပါတယ်ဘုရား)။ ကြွားတဲ့ခန္ဓာတုန်းက ဖြစ်တာလေ။ (မှန်ပါ)။ ဘယ်သူ ဖြစ်တာပါလိမ့်....(ခန္ဓာဖြစ်တာပါဘုရား)။

အေး–"ခန္ဓာဖြစ်တာ မပြနိုင်တော့ဘူး ဘုရား"ဆိုတဲ့ အချိန်ကျတော့.... (ပျက်သွားပါတယ်ဘုရား)။ ပျက်သွားတယ်လား၊ ဒါဖြင့် ကြွားတုန်းက ဖြစ်တာဟာ မပြနိုင်တဲ့ အချိန်ကျတော့... (ပျက်တာပါဘုရား)။ ဖြစ်တာနဲ့ ပျက်တာနဲ့ပေါင်း....(ဖြစ်ပျက်ပါဘုရား)။ အဲဒါမျိုးကိုသာ ပိုင်ပိုင်နိုင်နိုင် မိမိရဲ့ခန္ဓာထဲမှာ အစိတ်စိတ်အမွှာမွှာ ခွဲခြားလို့ ဒီအတိုင်းသာမြင်နေပြီး ဖြစ်ပျက်မှတပါး ဘာမှမရှိဘူးလို့ တရားရှုတဲ့အချိန်ကလေးမှာ ဆုံးဖြတ်ချက်ချနိုင်ရင် စိတ်ကူးရှည်ပြတ်ပြီ၊ အားကိုးရာဖြစ်ပြီလို့မှတ်ပါ။

သွားရေး သမီးရေး စီးပွားရေး အားထုတ်နေတဲ့ အချိန်ကို မဆိုပါဘူး။ (မှန်ပါဘုရား)။ ရှုပွားတဲ့ အချိန်ကို ဆိုတာပါ။ အို–ဒီ ဖြစ်ပျက်မျိုးသာ ဒကာဒကာမတွေ ပိုင်ပိုင်နိုင်နိုင်မြင်လို့ရှိရင် ပုဂ္ဂိုလ် သတ္တဝါပျောက်ပြီး စိတ်ကူးရှည်ပြတ်တာပါဘဲ။

ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ပိုင်ပိုင်သိတာက မဂ္ဂသစ္စာ၊ စိတ်ကူးရှည်ပြတ်တာက သမုဒယသစ္စာကိုပယ်တာ၊ သောကငြိမ်းတာက–နိရောဓသစ္စာလို့ မှတ်ပါ။ ဒါဖြင့် အကြောင်းကတော့ အမြဲတိုက်နေတာဘဲ။ (မှန်ပါ)။ အကြောင်းတရားက အမြဲတိုက်နေရင် အကျိုးတရား သဘောခန္ဓာက အမြဲပေါ်တာပါဘဲ။ (ပေါ်ပါတယ်ဘုရား)။ အမြဲပေါ်တဲ့ခန္ဓာက သတိထား ဝီရိယစိုက်ဉာဏ်နှင့်ကြည့်ရင် အမြဲပျက်နေတာဘဲ။ (မှန်ပါဘုရား)။ အဲဒီ–တရားရှုနေတဲ့ အချိန်မှာ "ပျက်တယ်၊ ပျက်တယ်"လို့ မြင်ရင် ဒါ မမြတ်ပေဘူးလားဗျာ။ (မြတ်ပါတယ်ဘုရား)။ လူဖြစ်ရကျိုးနပ်တော့ မြတ်တာပေါ့။ (မှန်လှပါဘုရား)။

မဟာဓနသူဌေးကြီးက အဲဒီလို မြင်နေပြီး ဖြစ်ပျက်တွေကို မှန်းတီးနေတုန်း မြတ်စွာဘုရားက ခုတင်က ဆွမ်းအနုမောဒနာ တရား ဟောလိုက်တော့ တရားလဲဆုံးရော သောတာပန်တည်တာ ပါဘဲဗျာ။ (မှန်လှပါဘုရား)။ သောတာပန်တည်တော့ စိတ်ကူး ရှည်ကြီးတွေ ဘာဖြစ်သွားလဲ။ (ပြတ်သွားပါတယ်ဘုရား)။

ဒါထက် ဖြစ်ပျက်တွေမြင်တာက ဘာသစ္စာ... (ဒုက္ခသစ္စာပါ ဘုရား)။ အို... ဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာမှတပါး ဘာမှ လိုချင်စရာ ရချင်စရာ ရှုချင်စရာ မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချ လိုက်ရင် ရှေးက ဖြစ်ပျက်လဲ ချုပ်တယ်၊ နောက်က ဖြစ်ပျက် ကလဲ အစားထိုး မပေါ်ဘူးဆိုတော့ ဒီနေရာမှာ ဖြစ်ပျက်ချုပ်တဲ့ နိဗ္ဗာန်မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။ ဩော်–ဖြစ်ပျက် တွေက-ဒုက္ခသစ္စာ ဒုက္ခသစ္စာတွေ ချုပ်ဆုံးပေါ့လို့ သိတဲ့ဉာဏ်က မဂ်ဉာဏ်၊ ဒီလို မလာပါပေဘူးလား။ (လာပါတယ်ဘုရား)။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ပျောက်မသွားဘူးလား။ (ပျောက် ပါတယ်ဘုရား)။

အယုတ်သစ္စာတရား နှစ်ပါးချုပ်၍ အမြတ်သစ္စာနှစ်ပါး ပေါ် ပေါက်လာတာကို နိရောဓနိဗ္ဗာန်ကို မဂ္ဂသစ္စာတည်းဟူသောဉာဏ် က အာရုံပြုနိုင်တာကို သောတာပန်လို့ မှတ်ပါ။ (မှန်ပါ)။ ရှင်း လား။ (ရှင်းပါတယ်ဘုရား)။ စိတ်ကူးရှည်ပြတ်တာက သမု ဒယသစ္စာကို ပယ်လိုက်တာ၊ ဒုက္ခငြိမ်းတာက နိဗ္ဗာန်မြင်တာ။ (မှန်ပါ)။ အာရုံပြုတဲ့ဉာဏ်ကို မဂ်ဉာဏ်လို့ ခေါ်တယ်။ (မှန်ပါ ဘုရား)။ သဘောပါရဲ့လား။ (ပါပါတယ်ဘုရား)။

အဲဒီတင်–မြတ်စွာဘုရားကို လိုက်ပို့ပြီး ပြန်လာတယ်ဆိုရင် ခေါင်းကိုက်တယ် ခေါင်းကိုက်တယ်ဆိုပြီး အိပ်ယာပေါ်မှာလှဲ

ရင်းနဲ့ သေပါရော။ (မှန်ပါဘုရား)။ စိတ်ကူးရှည်ပြီးတော့ သေတာလား၊ စိတ်ကူးရှည်ပြတ်ပြီး သေတာလား။ (ပြတ်ပြီးသေတာပါဘုရား)။ စိတ်ကူးရှည်ပြတ်တာက ဘာဖြစ်လို့လဲမေးတော့ ခန္ဓာရဲ့ ဖြစ်ပျက်ကိုမြင်လို့။

ခန္ဓာဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။ မြင်တဲ့ ဉာဏ်က.... မဂ္ဂသစ္စာပါဘုရား)။ အဲ-စိတ်ကူးရှည်တွေ ပြတ်သွားတာက.... (သမုဒယသစ္စာပါဘုရား)။ သမုဒယသစ္စာဆိုတဲ့ စိတ်ကူးရှည်ပြတ်လို့ သောကပရိဒေဝငြိမ်းပြီး အပါယ်ဇာတ်သိမ်းသွားတာက....(နိရောဓသစ္စာပါဘုရား)။

ကဲ-သစ္စာလေးပါး ပေါ်ပြီးတော့ သေရတာ။ (မှန်ပါဘုရား)။ မမြတ်ပေဘူးလား။ (မြတ်ပါတယ်ဘုရား)။ မြတ်တဲ့ အကြောင်းကို ဦးပဥ္စင်းက ဒီဒကာဒကာမတွေ အားရှိအောင် ပြောတာ မဟုတ်ပါဘူး တဲ့။ ဓမ္မပဒပါဠိတော်မှာဘဲ-

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ ပုဂ္ဂလော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ အာရုံ့ဒွါရတိုက်၍ ပစ္စုပ္ပန်တည့်တည့်၌ ပေါ်လာတဲ့ ခန္ဓာငါးပါး၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ၊ အပဿန္တော၊ မသိမမြင်ပါဘဲ။ ဝဿသတံ၊ သချ်ာတွက်သုံး အနှစ်တရာကာလပတ်လုံး။ ဇီဝေ၊ မပျက်အစဉ် အသက်ရှင်၍ နေရပါသော်လည်း။ နု သေယျော၊ မမြတ်။ ယော စ ပုဂ္ဂလော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ အာရုံ့ဒွါရတိုက်၍ ပစ္စုပ္ပန်တည့်တည့်၌ ပေါ်လာသည့် ခန္ဓာငါးပါး ဖြစ်ခြင်းပျက်ခြင်း သဘောတရား

ကို။ ပဿတော၊ ရှုပွားသိမြင်ရသည်ရှိသော်။ ကောဟံ ဇီဝိတံ၊ တနေ့တရက် တမနက်ပင်အသက်ရှင်ရပါသော်လည်း။သေယျော၊ တနေ့တခြား တရားဝင်ကပ် မြတ်သထက်မြတ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေသတည်း။ ။

(သာဓု သာဓု-သာဓုပါဘုရား)။

အဲ-သေခါနီးကျလို့ရှိရင် ဒကာဒကာမတွေ သားဘက်လဲ မလှည့်နဲ့၊ စိတ်ကူးမရှည်ပါနဲ့နော်။ (မှန်ပါ)။ သမီးဘက်လဲ လှည့်ပြီး စိတ်ကူးမရှည်ပါနဲ့။ (မှန်ပါ)။ ပစ္စည်းဘက်လဲ လှည့် ပြီးတော့ စိတ်ကူးမရှည်ပါနဲ့။ (မှန်လှပါ)။ အဲဒါကို သဘော ခန္ဓာ ရှုံက်ရကြပ်ရင် ရှုံက်ရကြပ်တယ်ဆိုတဲ့ စိတ်ကလေးကို ဖြစ် ပျက်ရှုပါ။ (မှန်ပါ)။ ရှုထုတ်ရ ကြပ်တယ်ဆိုရင်လဲ ဒီသဘော ကလေးကို ဖြစ်ပျက်ရှုပါ။ (မှန်ပါ)။ ရှုလိုက်တဲ့အခါကျတော့ စိတ်ကူးရှည်ပြတ်မသွားဘူးလား။ (ပြတ်သွားပါတယ်ဘုရား)။ စိတ်ကူးရှည်ပြတ်ပြီး သေရလို့ မဟာခနေသူဌေးကြီး သောတာပန် အဖြစ်နဲ့ သေရပြီး နတ်ပြည်မှာ နတ်သောတာပန်ကြီး သွားမဖြစ် ဘူးလားဗျာ။ (ဖြစ်ပါတယ်ဘုရား)။

ကဲ-သူ့ရဲ့ သေခြင်းဟာ မြတ်သလား၊ မမြတ်ဘူးလား။(မြတ် ပါတယ်ဘုရား)။ ဦးပဉ္စင်းတို့လဲ ဒီလမ်းစဉ်လိုက်ရင် မြတ်ရမှာ ပေါ့ဗျာ။ (မှန်လှပါဘုရား)။ ဒါဖြင့် စောစောတုန်းက တရား နာတဲ့စိတ်ကလေး ရှိသေးလား။ (မရှိတော့ပါဘူးဘုရား)။ ဖြစ် ပြီးလို့....(ပျက်သွားတယ်)။ပျက်သွားတာက ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။ အပြောခန္ဓာဖြစ်ပျက်လား၊ သဘော ခန္ဓာဖြစ်ပျက်လား။ (သဘောခန္ဓာ ဖြစ်ပျက်သွားတာပါဘုရား)။

အဲ သဘောခန္ဓာက ဖြစ်ပျက်လို့ သိတဲ့ဉာဏ်က.... (မဂ္ဂသစ္စာပါ ဘုရား)။

အဲဒါကြောင့်မို့လို့ ဒီလို ပုဂ္ဂိုလ်မျိုးကျတော့ မြတ်စွာဘုရားက ယော စ ပုဂ္ဂလော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ အာရုံဒွါရ နှစ်ခုတိုက်မှ ဖြစ်ပေါ်လာတဲ့ သဘောခန္ဓာငါးပါးရဲ့ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ တရားကို။ ပဿတော၊ ဝိပဿနာ ဉာဏ် ပညာဖြင့် မှန်ကန်တည့်တည့် ယခုလို တွေ့မြင်ရသည်ရှိသော်။ ဧကာဟံ ဇီဝိတံ၊ တနေ့တရက် တမနက်ပင် အသက်ရှင်၍ နေရပါ သော်လည်း။ သေယျော၊ သာသနာနှင့် တွေ့ကြုံရကျိုး နပ်ပါ သဖြင့် မပြတ်တစေ မြတ်လှပါပေသတည်း။ ။

(သာဓု - သာဓု - သာဓုပါဘုရား)။

ဒါဖြင့် ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေ စိတ်ကူးရှည်လို့ တော်ပါ့မလား။ (မတော်ပါဘူးဘုရား)။ ရှေ့နှစ်ခါ ဘာလုပ်မယ် ဆိုတာ ဘာပါလိမ့်...(စိတ်ကူးရှည်တာပါဘုရား)။ အင်း-ဒီသား ကလေး သမီးကလေး ကြီးလာလို့ရှိရင် ဘယ်လို အမွေပေးရမယ် ဆိုတာကကော...(စိတ်ကူးရှည်တာပါဘုရား)။ အင်း-စိတ်ကူးပြီး သေလို့ရှိရင် ငရဲနဲ့ဆင်းရဲ မသွားဘူးလား။ (သွားပါတယ် ဘုရား)။ ဘယ်သူတွေ သွားဘူးလို့တုံးဆိုတော့ အို-တော ဒေယျသူဌေးကြီးဟာ ယနေ့ သူဌေးကြီးလေ၊ မနက်ဖန်ခါကျ တော့ ဘာဖြစ်သွားလဲ.... (ခွေးကြီး ဖြစ်သွားပါတယ်ဘုရား)။ ခွေးကြီး ဖြစ်သွားတယ်။ (မှန်ပါဘုရား)။ ဖြစ်ချင်လို့ ဖြစ်တာ လား၊ စိတ်ကူးရှည်လို့ ဖြစ်တာလား။ (စိတ်ကူးရှည်လို့ပါဘုရား)။

ဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရား ကြီးက ဦးပဉ္ဇင်းတို့ကို "တသံသရာလုံး ကြွေးတင်တာ ဝိပဿနာ

ဆားတလျက်နှင့် ကြေတယ်၊ အချိန်မဆွဲကြနဲ့”လို့ ဆုံးမတာပေါ့ဗျာ။ (မှန်ပါ့)။ ကိုင်း–ဒါဖြင့် ဦးပဥ္စင်းတို့ ဒကာဒကာမတွေ ဝိပဿနာဉာဏ်နဲ့ ဖြတ်လို့ရှိရင် ရ-မရ.... (ရပါတယ်ဘုရား)။ သေခါနီးမှ ဖြတ်ရမှာလား၊ မသေခင် ဖြတ်ရမှာလား။ (မသေခင် ဖြတ်ရမှာပါဘုရား)။ မသေခင် စိတ်ကူးရှည်ဖြတ်နည်းကို သင်ထားမှပေါ့။ (မှန်ပါ့ဘုရား)။ စိတ်ကူးဖြတ်နည်းကို သင်ထားလိုက်လို့ရှိရင် မကျန်းမမာ ဖြစ်လာတဲ့အခါ အဆင်သင့် မရပေဘူးလား။ (ရပါတယ်ဘုရား)။ ဒါဖြင့် မကျန်းမမာ ဖြစ်လာတဲ့ အချိန်ကျတော့ သားဘက်လှည့် စိတ်ကူးရှည်ရမလား၊ သမီးဘက်လှည့် စိတ်ကူးရှည်ရမလား။ ဝိပဿနာနဲ့ ဖြတ်ရမှာလား။ (ဝိပဿနာနဲ့ ဖြတ်ရမှာပါဘုရား)။ အဲ-အခုလို ဒီအချိန်ထဲက သိထားတော့ ကိုယ်ရေးကိုယ်တာအတွက် အားကိုးရာကြီး မလုံလောက်ပေဘူးလားဗျာ။ (လုံလောက်ပါတယ်ဘုရား)။

ဒါဖြင့် ငါ မိနစ်လောက်တော့ ခင်ဗျားတို့ စိတ်ကူးရှည်ဖြတ်ရအောင် ဒကာကြီးတွေက တင်ပလ္လင်ခွေထိုင်ကြ၊ အကျိုး များသည်ထက် ပိုပြီး များသွားအောင်၊ ငယ်တဲ့သူတွေလဲ အတူတူဘဲ၊ နေ့ဘောမလား၊ ညဥ့်သေမလားမသိ။ အဲ-ဒါ စိတ်ကူးရှည်ဖြတ်နည်း နိသျှည်းဆိုတဲ့ ဝိပဿနာ အလုပ်ကလေးကို အားထုတ်ရအောင်၊ အချိန်ကလဲ နဲနဲဘဲကျန်တော့တယ်။

ဒကာမကြီးတွေက ကြုံ့ကြုံ့ကလေး ထိုင်၊ ဘယ်လက်ကလေး အောက်ကထား၊ ညာလက်ကလေးတွေကို အပေါ်က ထပ်တင်လိုက်ပါ၊ ကိုယ်ကလေးတွေကို ဖြောင့်စွာထား၊ မျက်လွှာကလေးတွေကို ချလိုက်ကြ၊ မျက်လွှာကလေးတွေချပြီးတော့ ဝင်လေသိတွက်လေသိကို မှတ်လိုက်။

ဩော်–ရှိက်ချင်တဲ့ စိတ်ကလေးသည် ရှုထုတ်တဲ့ အချိန်ကျ တော့ ပျက်မသွားဘူးလား။ (ပျက်သွားပါတယ်ဘုရား)။ ငါ ပျက်တာလား၊ သူပျက်တာလား၊ သဘောခန္ဓာနော်။ (မှန်ပါ ဘုရား)။ ကြားတာ နံတာ စားတာ တွေ့ထိတာ ကြံစည်တာဟာ သဘောခန္ဓာချည်းဘဲလို့ မှတ်နော်။ (မှန်ပါဘုရား)။ အမိန့်ဒိဋ္ဌာန် ထား၊ လက်နဲ့လိုက်လို့ မရဘူး၊ လက်နဲ့လိုက်ရင် ဒိဋ္ဌိစွဲသွားလိမ့် မယ်။ စိတ်ကူးရှည်အောင် ဘယ်သူက လုပ်တာလဲ၊ ဒိဋ္ဌိကလုပ် တာ၊ အဲဒါ ဥပမာ။ ကိုယ်ပေါ်မှာ ရွရွ ရွရွ ပေါ်လာတယ်၊ ရွရွ ရွရွဆိုတဲ့ သဘောတရားတွေက တရွလျှင်... (တခန္ဓာပါ ဘုရား)။ အင်း-ရွရွ ရွရွနဲ့ ဒုတိယအရွပေါ်တော့ ပထမအရွ လေးက ဘာဖြစ်သွားလဲ။ (ပျက်သွားပါတယ်)။ အဲဒီ ပျက်သွား တာကလေးတွေ မမြင်တဲ့အခါကျတော့စိတ်ကူးရှည်တဲ့ ဒိဋ္ဌိက ငါ တော့ ကုတ်အုံးမှ၊ မပျောက်သေးဘူးဆိုပြီး သွားကုတ်တာ၊ ငါက ကုတ်တာလား၊ သူကကုတ်တာလား၊ဒိဋ္ဌိကကုတ်တာလား။ (ဒိဋ္ဌိက ကုတ်တာပါဘုရား)။

အဲဒါ တရားထိုင်တဲ့ အချိန်ကလေးတောင်မှ ခင်ဗျားတို့ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် မနေနိုင်ဘဲ သွားကုတ်ရင် ငါ့ သန္တာန်မှာ ဒိဋ္ဌိရှိသေးတယ်ဆိုတာ ဆုံးဖြတ်ချက်ချ။ (မှန်ပါ ဘုရား)။ ရှင်းပလား (ရှင်းပါတယ်ဘုရား)။ အဲဒါ–တရား ထိုင်တဲ့ အချိန်မှာ အဓိဋ္ဌာန်ဖျက်ပြီးတော့ သွားကုတ်တာ ဒိဋ္ဌိဘဲ။ (မှန်ပါ)။ လှုပ်တာကတော့ (ဒိဋ္ဌိပါဘုရား)။ရွေ့တာ ပြောင်း တာကကော....(ဒိဋ္ဌိပါဘုရား)။ ဆင်းရဲနဲ့ငရဲ ကင်းပါ့မလား။ (မကင်းပါဘူးဘုရား)။ အဲ-ဆင်းရဲနဲ့ငရဲ ကင်းချင်သလား၊မကင်း ချင်ဘူးလား။ (ကင်းချင်ပါတယ်ဘုရား)။ ကင်းချင်လို့ရှိရင် ဒိဋ္ဌိကို ဒီနေရာမှာ ပြုတ်အောင် ဖြုတ်ပါ၊ ပွားမှုနဲ့နော်။ (မှန်လှပါ)။

အခု ခန္ဓာကိုယ်ပေါ်မှာ ရှကနဲ့ မှကနဲ့ စစ်ကနဲ့ လှစ်ကနဲ့ ပေါ်တယ်၊ ဒါတွေဟာ မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား။ (မမြဲတဲ့တရားပါဘုရား)။ ငါမို့ မမြဲတာလား၊ သဘောခန္ဓာမို့ မမြဲတာလား။ (သဘောခန္ဓာမို့ မမြဲတာပါဘုရား)။ သဘောခန္ဓာမို့ မမြဲတာကို ကိုယ်ကသွားကုတ်ရင် ဒိဋ္ဌိပေါ့။ (မှန်ပါ)။ ရိုးရိုးရှရှ ပေါ်လာတာက သဘောခန္ဓာ။ (မှန်လှပါဘုရား)။ အဲဒါကို ငါကောင် သူကောင်ထင်ပြီးတော့ သွားကုတ်တာက အတ္တဒိဋ္ဌိပေါ့။ (မှန်ပါ)။ အဲဒီတော့ အတ္တဒိဋ္ဌိ ဖြစ်သွားလို့ရှိရင် ဆင်းရဲနဲ့ ငရဲကင်းပါအုံးမလား။ (မကင်းပါဘူးဘုရား)။ လုပ်လဲမလုပ်နဲ့၊ ကုတ်လဲမကုတ်နဲ့၊ လေးမိနစ်လောက်ဘဲ ကျန်တော့တယ်နော်။ (မှန်ပါ)။ ဩော်-၃၂-ကောဋ္ဌာသတည်းဟူသော ခန္ဓာအတွင်းမှာဖြင့် ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါက မှန်သလား၊ ဖြစ်ခြင်းပျက်ခြင်းက မှန်သလား။ (ဖြစ်ခြင်းပျက်ခြင်းက အမှန်ပါ)။ ကဲ-ဖြစ်ခြင်းပျက်ခြင်းက ဘာသစ္စာ... (ဒုက္ခသစ္စာ)။ အဲဒါ ရိုးရိုးပုဂ္ဂိုလ်က သိမှာလား၊ ဝီရိယစိုက်ဉာဏ်နှင့် ကြည့်တဲ့ပုဂ္ဂိုလ်မှ သိမှာလား။ (သတိထား ဝီရိယစိုက်ပြီး ဉာဏ်နှင့်ကြည့်မှ သိမှာပါ)။

ဒါဖြင့် စိတ်ကူးရှည်ဖြတ်နည်း နိသျှည်းကိုဖြင့် သေသေချာချာ မှတ်စမ်းပါ။ (မှန်ပါဘုရား)။ ခန္ဓာကိုယ်ထဲမှာ ရိုးရိုးရှရှ မိုးမိုးမှမှနဲ့ ဖောက်ပြန်ပျက်စီးတာက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။ သတိထား ဝီရိယစိုက်ပြီးတော့ ဉာဏ်ကလေးနဲ့ အခု သိနေတာက.... (မဂ္ဂသစ္စာပါဘုရား)။ ကဲ-ငါဘယ်သွားအုံးမယ် သူသွားအုံးမယ်ဆိုတာက ကိုယ့်ခန္ဓာက နက်ဖန်သဘက် နေရအုံးမယ်လို့ ပါရဲ့လား။ (မပါပါဘူးဘုရား)။ အခု ဖြစ်ပြီးရင်...

(ပျက်ပါတယ်ဘုရား)။ အင်း-ရှကနဲ မှကနဲဆိုတာက အခု ဖြစ်ပြီးရင်….(ပျက်ပါတယ်ဘုရား)။ ရွှေ့ချင်ပြောင်းချင်တဲ့ စိတ်ကလေးတွေက ဝမ်းထဲကပေါ်လာတော့ အခု ဖြစ်ပြီးရင်…. (ပျက်ပါတယ်ဘုရား)။ နက်ဖန်သဘက် တာဝန်ခံရဲ့လား။ (မခံပါဘူးဘုရား)။ ဒါဖြင့် အဲဒီ ဖြစ်ပြီးပျက်တဲ့တရားက ဘာသစ္စာ…. (ဒုက္ခသစ္စာပါဘုရား)။ သိတဲ့ဉာဏ်က…. (မဂ္ဂသစ္စာပါဘုရား)။

တဏှာ ဥပါဒါန် ကံနဲ့ စိတ်ကူးရှည်တွေ ပြတ်သွားတာက ဘာသစ္စာ … (သမုဒယသစ္စာပါဘုရား)။ စိတ်ကူးရှည်ပြတ်တော့ "ငါကြံထားတာ ဖြစ်မှဖြစ်ပါ့မလား"ဆိုတဲ့ သောက ပရိဒေဝငြိမ်းပြီးတော့ ဆင်းရဲနဲ့ရောကင်းလို့ အပါယ်ဇာတိသိမ်းတာက…. (နိရောဓသစ္စာပါဘုရား)။

ဒကာဒကာမတွေ၊ မမြတ်ဘူးလား။ (မြတ်ပါတယ်ဘုရား)။ အဲဒါ မနက်တကြိမ် ညတကြိမ် မှန်မှန်ကလေး အားထုတ်ကြပါ။ (မှန်ပါ)။ နေ့အခါကျတော့ သားရေး သမီးရေး စီးပွားရေးနဲ့ ရောင်းကြဝယ်ကြစမ်းပါ။ (မှန်ပါ)။

အကာလညအခါ ဘုရားပုထိုး ရှိခိုးပြီးလို့ ဆီမီးပူဇော် ပန်းတွေကပ်၊ ရေချမ်းတွေ လှူဒါန်းပြီးတော့ ဒီလို စိတ်ကူးရှည်တရားတွေကို ဖြတ်ကြစမ်းပါ။ (မှန်ပါ)။ အဲဒါ မမြတ်ပေဘူးလား။ (မြတ်ပါတယ်ဘုရား)။ ဒါဖြင့် အကာလ ညအခါသည် ကာမဂုဏ်အရိပ် အိပ်ဘို့ မဟုတ်ဘူးပေါ့နော်။ (မှန်ပါဘုရား)။ စိတ်ကူးရှည်ဖြတ်ဘို့ ဖြစ်လာတဲ့ အကာလညပါတဲ့။

ထေရဂါထာ ပါဠိတော်မှာ ဥဒါန်းကျူးထားတာ ရှိတယ်။ (မှန်ပါဘုရား)။ အကာလညအခါ ဆိုတာကွာ တဲ့–ကာမဂုဏ်

အရိပ်မှာ အိပ်ပြီးတော့ စိတ်ကူးရှည်ဘို့ မဟုတ်ပါဘူး တဲ့။ ဝိပဿနာတရားအလုပ်ကို အားထုတ်ဘို့ ဖြစ်ပေါ်လာတဲ့ ည ပါတဲ့၊ အဲဒါကြောင့်-

န တာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတုမေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။ ။
(ထေရအပါဒါန် ပါဠိတော်)။

နက္ခတ္တမာလိနီ၊ ကတ္တိပါညိုလွင် စိန်ပြေၾကက်တွေဆင်သလို ကြည်လင်လတ်ဆတ် သပ်ယပ်ဆန်းကြယ် အလွန် တင့်တယ်ပေ ထသော။ ရတ္တိ၊ ငှက်တိရစ္ဆာန် လူသံဆိတ်ငြိမ် အချိန်အေးမြ ယခုလို ညဉ့်ကာလသည်။ သုပိတုံ၊ ကာမဂုဏ် အရိပ်တောစပ်မှာ အဖြာဖြာစုံ စိတ်သောကတွေနဲ့ အိပ်မောကျ၍ နေခြင်းငှါ။ န တာဝ ဟောတိ၊ ဖြစ်ပေါ်၍လာရတဲ့ ည မဟုတ်ပါပေတကား။ ဧသာ ရတ္တိ၊ ရောင်းရေးဝယ်တာ အဖြာဖြာနှင့် လူ့ရွာကိစ္စ အား လပ်ကြ၍ အေးမြသာယာ ဤညချမ်းအခါသည်။ ဝိဇာနတံ၊ လောကကို လျှောက်တွေးလိုက်ပြန်တော့ ကြောက်သွေးတသိမ့်သိမ့် ကျောတစိမ့်စိမ့် အေးငြိမ်းစေရန် နိဗ္ဗာန်မျှော်ညှောင်း ပညာရှင် သူတော်ကောင်းတို့၏။ ပဋိဇဂ္ဂိတုမေဝ၊ စက်ခန်းသဥ္ဇာညှောင် မှာ မဂ်လမ်း တဒင်္ဂါဆောင်ရအော င်လို့ ဝိပဿနာတရားအလုပ် တွေကို အားထုတ်ဘို့ အလို့ငှါသာလျှင်။ ဟောတိ၊ ဖြစ်ပေါ်၍ လာရပါပေ၏။ ဟောတိ၊ ညဉ့်ရုံတော် ဓမ္မာပြစေဘို့ အတင်းခုန် ကျော် အမတာနဂရကိုဖြင့် မဟာပထမတစ်အကျော်ရလေအောင် ခြော်-ကမ္ဘာအစရယ်က ဖြစ်ပေါ်၍ လာရတဲ့ ညပါပေတကား။

(သာဓု-သာဓု-သာဓုပါဘုရား)။

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ယခု ဟောကြားပြသခဲ့တဲ့ စိတ်ကူးရှည်ကိုဖြတ်တတ်တဲ့ ဝိပဿနာဉာဏ် ခန္ဓာဖြစ်ပျက်ကို ကိုယ်၏ကျန်းမာခြင်း စိတ်၏ကျန်းမာခြင်းဖြင့် ဉာဏ်မင်္ဂနဲ့ ရှုမှတ် ပွားများနိုင်ကြပြီးလျှင် မအိုမသေ အမြဲနေရတဲ့ နိဗ္ဗာန်ကို ဒီဘဝ ဒီခန္ဓာ မစွန့်မီ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် မြန်မြန်ကြီး မျက်မှောက်ပြုနိုင်ကြတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တွေ ဖြစ်နိုင်ကြပါစေသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

**ဆင်းရဲနှင့် ငရဲကင်းရေး ပြီး၏။**

# ဆင်သေနှင့် ကျီးမိုက်

## သုံးပါးအရွယ် တပါးဖယ်တရား

ဗုဒ္ဓဿ၊ သစ္စာလေးလီ ခိုင်နှင်းဆီကို လှမ်းမှီဆွတ်ခူး ထွတ်ဖူးထိပ်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ ဗုဒ္ဓဿ၊ သစ္စာလေးဖြာ လေးနက်စွာကို ဆရာမကူ သယမ္ဘူဉာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် သိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရှိခိုးပါ၏ဘုရား။

ဓမ္မဿ၊ မဂ်လေးရပ် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရှိခိုးပါ၏ဘုရား။

သံဃဿ၊ ပရမတ္ထသမုတိ ယခုရှိများစွာ သံဃာတော် အရှင်မြတ်အား။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရှိခိုးပါ၏ဘုရား။

အာစရိယဿ မဟာထေရဿ၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးအား။ မေ၊ အကျွန်ုပ်၏။ မေ-နမက္ကာရော၊ ရှိသေမြတ်နိုး ရှိခိုးခြင်းသည်။ အတ္ထု-ဘဝတု၊ ပ်စစ်မသေ့ ဖြစ်ပါစေသတည်း။ ။

(သာဓု-သာဓု-သာဓုပါဘုရား)။

ယနေ့ တရားပွဲကတော့ဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်တဲ့ နေ့ ပါဘဲ။ ဒီမိတ္ထီလာမြို့ကိုလဲ တခါမှ မရောက်ဘူးတာက တကြောင်း

မိတ္ထီလာမြို့ ပဋ္ဌာပတ္တိပြန့်ပွားရေးအဖွဲ့ကြီးမှ ဒကာကြီးဦးသာဘော်တို့က စာနဲ့ ပေနဲ့ ရေးသားပြီး ပင့်ဖိတ်တာကတကြောင်း ဦးပဥ္စင်းတို့မှာဆိုရင်လဲ အဖွဲ့ပေါင်းတွေက အမြောက်အများရှိနေတော့ ဒီလိုခြားပေါက် ထွက်ဟောဘို့ဆိုတာက အခွင့်ရဘို့ရာ မလွယ်ပါဘူး။

သို့သော် ပုဗ္ဗေ စ ကတပုညတာ ပတိရူပဒေသဝါသော ဆိုတဲ့အတိုင်း ရှေးရှေးဘဝက ခင်မင်ခဲ့ဘူးကြသဖြင့် လာပြီးတော့ဆုံတွေ့တဲ့အခါမှာ အမိ အဖ ညီအကို မောင်နှမလို သဘောထားပြီး ကြုံကြိုက်တဲ့အခါမှာ တရားဓမ္မနဲ့ ကျေးဇူးဆပ်မယ်ဆိုတဲ့စေတနာသဒ္ဓါ အပြည့်အဝဘဲ ရှိပါတယ်။ ဒါကြောင့် ယနေ့တော့ဖြင့် အချိန်ရရင် ရသလို ဝတ္ထုထုတ်ပြီးတော့ ဟောပါမယ်။

ရွှေပိုင်းမှာတော့ဖြင့် ကြုံကြိုက်တဲ့အခါမှာ ဒကာဒကာမတွေက ဒါနတွေ လှူခဲ့တာလဲ များပြီ၊ သီလဆောက်တည်နေတာလဲ မနည်းပါဘူး၊ ဒီတရားတွေဟာလဲ ကောင်းတဲ့တရားချည်း ဖြစ်နေခြင်းကြောင့် သူ့ထက်ကောင်းတဲ့ တရားတွေကိုလဲ ပွားများ အားထုတ်ပြီး ယူဖြစ်အောင် ယူကြပါဆိုတာ တိုက်တွန်းချင်တယ်၊ တိုက်တွန်းတရားဘဲ ယနေ့ ဟောချင်တယ်၊ အဲဒါ ဒကာဒကာမတွေက နှစ်သက်နိုင်ပါ့မလား။ (နှစ်သက်နိုင်ပါတယ်ဘုရား)။

အေး-ဒါကြောင့် ဒါနသီလပညာဆိုတာဟာ သုံးခုလုံး ညီမျှမှ ဒီဘဝမှာ လူဖြစ်ကျိုး နပ်မယ်နော်၊ လူ့ဘဝဆိုတာဟာ ရဘို့ခဲယဉ်းတယ်၊ ရခဲတဲ့ လူ့ဘဝကို ရလာတဲ့အခါ ဒါန သီလ ပညာ ပြည့်စုံရမယ်လို့ မှတ်ကြပါ။ ဒါကြောင့်-

တေဇာဝိတေဇမမ္မာနံ၊ ဇေယျာဘူမိမသောကတံ။
ဓမ္မံ ပတ္တံ ပဝေက္ခာမိ၊ သေဋ္ဌံ သုဏာထ သာဓုကံ။

သုဓမ္မဝတီ (က—၁၄၁) ၁၅

တေဇာဓိတေဇဓမ္မာနံ၊ တန်ခိုးရှိန်စော် ကျော်ကြီးကျော်၍ အဟော်ဝတ သုံးလောကဘုံတကြောမှာဖြင့် ဂုဏ်သဘောတွေရှိ သမျှတို့ထက်။ သေဋ္ဌံ၊ ချီးမွမ်းအပ်၍ မြတ်လဲမြတ်တော်မူပေထ သော။ ဝါ၊ နာဋ္ဌာဂီရိ မည်ရှိသညာ ဆင်ရာဇာနှင့် စိဥ္စမာဏ္ဍတ္တိ အင်္ဂုလိမာလတဖြာ အာဋ္ဌာဝက နတ်ယက္ခတို့ ပြုသမျှအသွယ်သွယ် မတွယ်စိတ်ကြမ်း မတန်းရွေလက် ချေမှုန်းကာ ဖျက်နိုင်သည့် လက်နက်ပါရမီ တာရှည်ဟိုးကျော် တန်ခိုးတော်လဲ ရှိပေထ သော။ ဇေယျာဘုမိံ၊ အတွင်းရန် အပြင်ရန်တို့ကို ကေန်မှုချ အောင်မြင် ရွေပလ္လင်သို့ သေနင်ဖျက်ဆီး နိဗ္ဗာန်တည်းဟူသော အောင်မြေကြီးဆီသို့။ဇေယျာဘုမိံ၊ လောဘကိုအောင် ဒေါသကို အောင် မောဟကိုအောင် မာနကိုအောင် ကာမကိုအောင် ရာဂကို အောင် ပကာသနကိုအောင် ပါပအမှောင် မမှန်မကန်ဆိုတဲ့ တရားတွေကို ပယ်လှန်၍ ဇယန္တော ဗောဓိဆိုတဲ့ နိဗ္ဗာန်တည်း ဟူသော အောင်မြေကြီးဆီသို့။ ဇေယျာဘုမိံ၊ ဒါနကြောင့် အောင် သီလကြောင့်အောင် သမထကြောင့်အောင် ဝိပဿနာ ကြောင့်အောင် သာသနာ့အရောင် ဒေသနာဓမ္မတို့ကြောင့် ဇေ ယျာသနခေါ်တဲ့ နိဗ္ဗာန်တည်းဟူသော အောင်မြေကြီးဆီသို့။ ပတ္တံ၊ ကြံ့ကြံ့ခိုင်ခိုင် ရောက်လဲရောက်စေနိုင်ထသော။ အသော ကတံ၊ စိုးရိမ်ခြင်းမရှိ ပကတိချမ်းသာသည်၏အဖြစ်သို့။ အသော ကတံ၊ အတွင်းပူ အပြင်ပူ ဝှန်ဆူထန်ပြင်း အပူခပင်းတို့မှ သန့်ရှင်း အေးမြ ဘေးမခတဲ့ ပကတိချမ်းသာသည်၏အဖြစ်သို့။ ပတ္တံ၊ ကြံ့ကြံ့ခိုင်ခိုင် ရောက်လဲရောက်စေနိုင်ထသော။ ဓမ္မံ၊ သုံးပုံ ပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မခန္ဓာအပေါင်း ရှစ် သောင်းလေးထောင်တည်းဟူသော ဒေသနာအရပ်ရပ်ကို။ ဓမ္မံ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တဲ့ ဝိပဿနာ

တရားမြတ်ဒေသနာကိုသာလျှင်။ ပဝေဏ္ဍာမိ၊ ယခုရောက်ရှိပြီး နားသောတဆင်နေကြတဲ့ သူတော်ကောင်း အပေါင်းတို့အား သဘောကျအောင် ဟောပြပါတော့အံ့သတည်း။တုမှေ၊သံသရာမှ နိဗ္ဗာန်ကို သွားလိုကြတဲ့ သင်သူတော်ကောင်း အပေါင်းတို့သည်။ သာဓုကာ၊ စိတ်စေတနာ ဘယ်မှ မစောင်းကြစေနှင့် စိတ်ကောင်း စိတ်မြတ်ဖြင့်သာလျှင်။ သုဏာထ၊ သောတဒွါရ ကရိုဏ်းပြု၍ မနှ သွင်းပိုက် ထောင်နားစိုက်ကြကုန်ရာသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ရခဲတဲ့လူ့ဘဝ သစ္စာတရားနဲ့ ကြုံခဲ့တဲ့တခဏာ နှစ်ခုပေါင်းစပ် ပြီးတော့ သိကောင်းတဲ့ တရားလေးကို သိသွားကြမယ်ဆိုရင် ငယ်တဲ့ပုဂ္ဂိုလ်ရော ကြီးတဲ့ပုဂ္ဂိုလ်ပါ သြော်–ငါတို့သည် သံသရာ စခန်း သတ်ရတော့မှာပါကလားလို့ ဆုံးဖြတ်ချက်ချနိုင်အောင် မြတ်စွာဘုရားက လျှော့စျေးတရားလို့တော့ မထင်နဲ့ လူ့ဘဝ ရောက်လာတဲ့ ပုဂ္ဂိုလ်များ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ ပါစေဆိုတဲ့ မဟာကရုဏာတော်ကြီးနဲ့ "မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ" ဆိုတဲ့ ကိုယ်တော်မြတ်ကြီးက ကရုဏာတော်ကြီးကြီးနဲ့ မင်းတို့ အနည်းဆုံးတော့ဖြင့် ဒီလိုကျင့်မှ ဒီလိုအားထုတ်မှဖြစ်တော့မှာဘဲကွာလို့ဆိုတော့ အရွယ်သုံးပါးမှာ သုံးပါးစလုံး မပျော်ကောင်းဘူးလို့ ဒကာဒကာမတွေ အားလုံး မှတ်ကြပါ။ (မှန်ပါဘုရား)။

ရှေးဆိုရိုးစကား ရှိနေတာဘဲ၊ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ပယာနာ ဘာဝနာ ရှာလို့၊ ဒါကို လူကြီးတွေလဲ ပြောတယ်။ ဘုရားလဲ ဟောထား တယ်။ ဒါဖြင့် သုံးပါးအရွယ် တပါးဖယ်ဆိုတဲ့ တရားလို့ မှတ်ပါ။

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။

အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်ခင်မြတ်နိုးအပ်၏ ဟူ၍။ စေ ဇညာ၊ အကယ်၍ကား သိပါငြားအံ့။ နံ၊ ထိုချစ်ခင်မြတ်နိုးအပ်သော မိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်အပ်သည်ကို။ ကတွာ၊ ပြု၍။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ တိဏ္ဏံ၊ သုံးပါးသောအရွယ်တို့တွင်။ အညတရံ ယာမံ၊ တပါးပါးသောအရွယ်၌။ ပဏ္ဍိတော၊ ရှေးရေးနောက်ရေး ထောက်ထွေးမြော်မြင် ပညာရှင်သည်။ ပဋိဇဂ္ဂေယျ၊ ဝိပဿနာတရားအလုပ်ဖြင့် အားထုတ်ကာ သုတ်သင်ရှင်းလင်းရာသတည်း—

လို့ ဓမ္မပဒပါဠိတော်မှာ ဟောခဲ့ပါတယ်။

ကိုယ့်ကိုကိုယ်ချစ်ရင် အရွယ်သုံးပါးထဲက အနဲဆုံး တပါးလောက်အရွယ်မှာ ကိလေသာတွေကို ဖယ်ရှားသုတ်သင်ရမယ်တဲ့၊ ဒါမှ အပါယ်လေးပါးမှ လွတ်ကင်းနိုင်မယ်နော်။ (မှန်ပါဘုရား)။ နေ့စဉ်ရက်ဆက် သားရေး သမီးရေး စီးပွားရေးတွေနဲ့ ပျော်နေမယ်ဆိုရင် အပါယ်ကျမှာဘဲ၊ သေခြင်းတရားကလဲ ခန္ဓာမှာ အမြဲကပ်ပြီး အိုလိုက်မယ် နာလိုက်မယ် သေလိုက်မယ် ဒုက္ခရောက်လိုက်မယ်လို့ မပြောပေမဲ့ ပြောသလိုဘဲ အမြဲပြနေတယ်။ (မှန်ပါဘုရား)။ အဲဒါကို မသိရင် လောကီအာရုံတွေကို သာယာနေတော့တာဘဲ တဲ့။

ဒကာဒကာမတွေ၊ ခန္ဓာငါးပါးက နေ့စဉ် အချိန်ရှိသရွေ့ ယောက်ျား မိန်းမ ပြသလား၊ ဒုက္ခသစ္စာပြသလား။ (ဒုက္ခသစ္စာ ပြပါတယ်ဘုရား)။ အခုလို သိလာရင် -ဒါဟာ အပါယ်တံခါး

ပိတ်မယ်မှတ်ပါ၊ မသိရင် အပါယ်တံခါး ပွင့်တယ်ဆိုတာလဲ သံသယမရှိနဲ့။ (မှန်ပါ့ဘုရား)။ မသိတာက-အဝိဇ္ဇာ၊ မသိလို့ ဒုက္ခသစ္စာကို သုခထင်ပြီး သာယာတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ပြောကြလုပ်ကြတာက-ကာယကံ ဝစီကံဆိုတော့ ဒီကံတွေက အပါယ်ချတာပေါ့။ (မှန်ပါ့ဘုရား)။

ဒါကြောင့် "ပမတ္တဿ စတ္တာရော အပါယာ သကဂေဟာ သဒိသာ" လို့ ဓမ္မပဒအဋ္ဌကထာဆိုတာ။

စတ္တာရော၊ လေးပါးကုန်သော။ အပါယာ၊ အပါယ်လေးဘုံ တို့သည်။ ပမတ္တဿ၊ ဒုက္ခသစ္စာမသိဘဲ မေ့နေသောသူ၏။ သက ဂေဟာသဒိသာ၊ အမြဲနေရာ အိမ်ဂေဟာ တဲ့။

ဒါဖြင့်—သစ္စာမသိရင် လူ့ပြည်အလည်လာပြီး ဘယ်ပြန်ကြ မလဲ။ (အပါယ်လေးဘုံပါဘုရား)။ ပြန်ချင်ကြသလား။ (မပြန် ချင်ပါဘုရား)။မပြန်ချင်ရင်အရွယ် သုံးပါးတပါးပါးမှာ ကျင့်ကြ တော့။ (မှန်ပါ)။သစ္စာသိအောင် မကျင့်ကြရင်တော့ ဦးပဉ္စင်းတို့ ဒကာဒကာမတွေ အလည်လာပြီး ဘယ်ပြန်ကြမှာလဲ၊ အိုဘေး နာဘေး သေဘေးကို မသိလို့ရှိရင် ဘယ်ကို ပြန်ကြမှာလဲ။(အပါယ် လေးဘုံပါဘုရား)။ အဲဒါ မပြန်ချင်ကြရင်ဖြင့် သစ္စာဉာဏ်ကို ယနေ့ဘဲ ရအောင် လုပ်ကြပါဆိုတာ ဦးပဉ္စင်းက ညီအကို မောင် နှမတွေလို သဘောထားပြီး ကျေးဇူးဆပ်ပါရစေ။ (မှန်ပါ ဘုရား)။

အဲဒါကို ဒကာဒကာမတွေကလဲ ဒို့ကို ဆွေမျိုး ညီအကို မောင်နှမလို သဘောထားပြီး ကျေးဇူးဆပ်နေတာပါကလားလို့ ကြည်ကြည်ဖြူဖြူ လက်ခံပြီး ယူမယ်ဆိုရင်တော့ ဦးပဉ္စင်း ပင်ပန်း ရကျိုး နပ်ပါပြီ။ (မှန်ပါဘုရား)။

ကိုင်း–ဒီတော့ အရွယ်သုံးပါးစလုံး မပျော်ကောင်းဘူး၊ သုံးပါးစလုံးပျော်ရင် ကောင်းကောင်းသေမှာလား၊ သေခြင်းဆိုးသေမှာလားဆိုရင် သေခြင်းဆိုးသေမှာ၊ သေခြင်းဆိုးသေပြီးရင် သေခြင်းဆိုး အပါယ်ရောက်မှာ သေချာတယ်လို့ ဆုံးဖြတ်ချက်ချ။ (မှန်ပါဘုရား)။

## အရိန္ဒမမင်းဝတ္ထု

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ပါရမီအဆင့် မရင့်ကျက်သေးလို့ နှစ်ဦးအခါက ရာဇဂြိုဟ်တိုင်းပြည်မှာ မဂဓမင်းကြီးရဲ့သား ဖြစ်ခဲ့ဘူးတယ်။ (မှန်ပါ)။ ရာဇဂြိုဟ်တိုင်း တဲ့။ ရှင်ဘုရင်ကြီးရဲ့နာမည်က မဂဓမင်းတဲ့။ (မှန်ပါဘုရား)။သူ့ သားနာမည်ကိုတော့ အရိန္ဒမမင်းသားလို့ ခေါ်တယ်လို့မှတ်ကြ။ (မှန်ပါ)။ အရိန္ဒမမင်းသားနော်။ (မှန်ပါ)။ သူနဲ့အတူတူ နန်းတော်တွင်းမှာ ပုဏ္ဏားအမတ်ကြီးကလဲ အချိန်ထဲမှာဘဲ သားဖွားတယ်ဆိုတော့ သောဏကလို့ အမည်ပေးထားတယ်။ (မှန်ပါဘုရား)။

အဲဒါ မြေမှုန့်ကစားဘက် ဖွားဘက်တော်ဆိုပြီးတော့ အတူတူ ထားကြတာပေါ့။ ၁၄-နှစ် ၁၅-နှစ်သား အရွယ်ရောက်တော့ ပုဏ္ဏားသားကိုလဲ ပုဏ္ဏားအတတ် ရှင်ဘုရင်သားကိုလဲ ရှင်ဘုရင်အတတ် သင်ကြားဘို့ တက္ကသိုလ်တိုင်းပြည် စေလွှတ်လိုက်ကြတယ်၊ အသက် ၂၀–အရွယ်လောက် ရှိလာတော့ ပညာစုံလင်တာနဲ့ သူငယ်ချင်းနှစ်ယောက် အတူပ်ထမ်းပြီး မိဘရပ်ထံ ပြန်လာကြတယ်၊ မြို့လမ်းက ထွက်လာကြတော့ တိုင်းပြည်တပြည်က မြို့ကြီးတမြို့ကို ရောက်တယ်ဆိုရင် မင်္ဂလာ အခမ်းအနားကြီးတခုနဲ့ သွားတွေ့ကြတယ်၊ ဟိုက လာတာကတော့ မင်းညီမင်းသားတွေနဲ့

ဘူရဲကွ၊ ဒို့ ညွှန်ကြရအောင်ဆိုပြီး အထိမ်းအမှတ်အနေနဲ့ မင်္ဂလာပွဲမှာ အဝတ်ဖြူတခု အဝတ်နီတခု ခင်းပြီးထားကြတယ်။

အဲဒီမှာ–သူတို့ သူငယ်ချင်းနှစ်ယောက် ရောက်လာတော့ "လာပါ ကြွပါ ထိုင်ပါ စားပါ သောက်ပါ" ဆိုပြီး ဖိတ်ခေါ်ကြလို့ ဝင်ထိုင်လိုက်ကြတာပေါ့။ အရိန္ဒမမင်းသားက အဝတ်နီအပေါ်မှာ ထိုင်ခွင့်ရတယ်၊ သောဏကဆိုတဲ့ ပုဏ္ဏားရဲ့ သားကတော့ အဝတ်ဖြူပေါ်မှာ ထိုင်ခွင့်ရတယ်။ (မှန်ပါဘုရား)။

သူတို့အချင်းချင်းလဲ ဗေဒင်ယာယီ အင်္ဂဝိဇ္ဇာတွေနဲ့ ကြည့်ပြီး နိမိတ်ဖတ်လိုက်တော့ အင်း-ငါကတော့ အဝတ်ဖြူပေါ်မှာ ထိုင်တဲ့ ကောင်မို့ လွတ်လပ်ရေးရမဲ့ပုဂ္ဂိုလ်၊ ဝဠ်အတွင်းက လွတ်ကင်းမဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ။ (မှန်လှပါဘုရား)။ဒီကောင်ကတော့ ရှင်ဘုရင်ဖြစ်မဲ့ ပုဂ္ဂိုလ်ဘဲလို့ သူတို့ သိနားလည်ထားကြတယ်။

ဆုမွန်ကောင်း တောင်းပေးပြီး စားသောက်တဲ့ ကိစ္စပြီးလျှင် တချီတမောင်း သွားကြစို့ဆိုပြီး ထွက်လာပြန်တော့ ဗာရာဏသီတိုင်းပြည်ရဲ့ ဥယျာဉ်နားရောက်လို့ ကျောက်ဖျာထက်မှာတက်ပြီး ခေတ္တ အပန်းဖြေကြတယ်၊ ဒီအချိန်မှာ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး နတ်ရွာစံ ကံတော်ကုန်သွားတာ (၇) ရက်ရှိသွားပြီလို့ဆိုတော့ သားကလဲ မထွန်းကား၊ သမီးတယောက်ဘဲ ဖွားမြင်ထားခဲ့တဲ့ အတွက် မင်းသမီးက ထီးနန်း စိုးစံဘို့ဆိုတာကလဲ မတော်သေးတာနဲ့ ရှေးထုံးစံအတိုင်း ဖုတ်သွင်းရထား လွှတ်မှာဘဲဆိုပြီး မင်းမြှောက်တန်ဆာ ငါးပါးတင်ဆောင်လို့ ဖုတ်သွင်းရထား လွှတ်လိုက်ကြတယ်။ အဲဒီအခါမှာ ဖုတ်သွင်းရထားက ဒီသောဏကတို့ အရိန္ဒမမင်းသားတို့ နေတဲ့ဘက်ကိုဘဲ ဦးတည်လာတယ်။

ဒီတော့ သောဏကက အင်း-ဒို့ မင်္ဂလာ အခမ်းအနားတုန်းကထဲက ဒီကောင် ရှင်ဘုရင်ဖြစ်မဲ့ အရည်အချင်းရှိတယ်ဆိုတာ ငါတွေးမိသားဘဲ။ ဒီကောင် ရှင်ဘုရင်ဖြစ်ရင်တော့ ငါပါ အမတ်ဖြစ်ပြီး ဂျောက်ကျနေအုံးမယ်၊ ဒီကောင့်အနားနေလို့ မတော်ဘူး၊ လစ်မှဘဲဆိုပြီး အလစ်ကို ကြည့်နေတော့တာပေါ့၊ သူက သူတော်ကောင်းကိုးဗျ။ (မှန်ပါဘုရား)။

ဖုတ်သွင်းရထားကလဲ သူတို့ဆီ ဦးတည်လာတော့ ဖုတ်သွင်းရထား အနားနီးလာတယ်ဆိုရင်ဘဲ သောဏက-က အပေါ့အပါး သွားသလိုလိုနဲ့ တောထဲဝင်သွားပြီး ကွယ်ရာကနေ အသာချောင်းကြည့်တယ်၊ ဒီမှာ ပုဏ္ဏားဖြူ-ပုဏ္ဏားညိုတွေက "အရှင်မင်းသား ကျွန်ုပ်တို့ရဲ့ ဗာရာဏသီတိုင်းပြည်မှာ ရှင်ဘုရင်မရှိလို့ သင်မင်းသားသည် မင်းမြောက်တန်ဆာ ငါးပါး ဝတ်ဆင်မြန်းပြီး တိုင်းပြည် အုပ်ချုပ် မင်းလုပ်တော်မူပါ"လို့ တောင်းပန်တော့ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုပြီး ရှင်ဘုရင်လုပ်ဘို့ရာ လိုက်သွားတယ် ဆိုကြပါစို့။ (မှန်ပါဘုရား)။

သောဏက-က အသာ ဂျောက်ဖျာပေါ်ပြန်တက်ပြီး အင်း-ငါ့သူငယ်ချင်းတော့ သွားပတော့-ဂျောက်ကျပဟဲ့လို့ အောက်မေ့တယ်။ (မှန်ပါဘုရား)။ ဒကာဒကာမတွေ ရှင်ဘုရင်ဖြစ်ရတာများကို သူတော်ကောင်းက ဂျောက်ကျတယ်ဆိုပါလား။ (မှန်ပါဘုရား)။

ဟုတ်မှဟုတ်ကြရဲ့လား။ (ဟုတ်ပါတယ်ဘုရား)။ ဟုတ်သာဟုတ်တယ်၊ ခင်ဗျားတို့အရပ်ထဲ လူကြီးဖြစ်ချင်လို့ ရွေးလိုက်ရတာ မနဲကို မဲဆွယ်ရတယ်၊ ဂျောက်ကျချင်လို့နဲ့တူတယ်။ (မှန်ပါ

ဘုရား)။ ဒါကြောင့်မို့–သတင်းစာထဲမှာ ကာတွန်းက ရေး ထားတယ်။

သူငယ်ချင်း လာကွာ၊ ဒို့ ကစားရအောင် တဲ့။ ဘာလုပ်တမ်း ကစားမှာတုန်းဆိုတော့ သမဝါယမလူကြီးလုပ်တမ်း ကစားမယ် ကွာ တဲ့၊ ဟင့်အင်းကွာ–ငါမပါချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူများ ဆဲလွန်းလို့ကွ တဲ့၊ အဲဒါကို စဉ်းစားကြည့်မှပေါ့။ ဦး ပဥ္စင်းတို့ သစ္စာနဲ့ ကြည့်တဲ့အခါကျတော့ ရှင်ဘုရင်ဆိုရင် တတိုင်း တပြည်က စစ်ခင်းလာမှာ ပူရတာလဲ သူ့တာဝန်ဘဲ။ (မှန်ပါ့ ဘုရား)။ တိုင်းရေးပြည်ရေး အေးဆေးဘို့ရာကလဲ သူ့တာဝန် ဘဲ။ (မှန်ပါ့)။

အင်း-ဒီနေရာမှာ တိုင်းပြည်ရဲ့စားရေး သောက်ရေး စည်ပင် သာယာဝပြောရေးကလဲ သူ့တာဝန်ဘဲ။ (သူ့တာဝန်ပါဘဲ ဘုရား)။ဒါတွေ မကျေပြွန်လို့ ရှိရင်တော့ဖြင့်–သူကတမျိုး ငါက တမျိုးနဲ့ ပြောကြဆိုကြတာဘဲ။ (မှန်ပါဘုရား)။ အဲဒီတော့ သူ့တာဝန်တွေက သေးသလားဗျာ။ (မသေးပါဘူးဘုရား)။

တတိုင်းတပြည်လုံး ဒုက္ခမျိုးစုံဟာ ရှင်ဘုရင်အပေါ်မှာ အကုန် ပုံကျခြင်းကြောင့် သောဏက က "ငါ့သူငယ်ချင်းတော့ ဂျောက် ကျပဟေ့"လို့ သူတော်ကောင်းစိတ်ဓာတ်နဲ့ ပြောတာ။ (မှန်ပါ ဘုရား)။ အို–သူကသာ ဂျောက်ကျတယ်လို့ သူ့ သူငယ်ချင်း အတွက် စိုးရိမ်နေတာ၊ ဟိုကတော့ဖြင့် သတိတောင် မရဘူးနော်။ (မှန်ပါဘုရား)။

ငါးဖြာအာရုံ ကာမဂုဏ်နဲ့ ပျော်ရမှာကိုးဗျ။ (မှန်ပါ ဘုရား)။ ဒါကြောင့် ပုထုဇဉ်များဟာ (အလောင်းတော်လဲ– ဒီအချိန်မှာ ပုထုဇဉ်ပါဘဲ)။ (မှန်ပါဘုရား)။

## ရှစ်လုံးဘွဲ့ကဗျာ

သတ္တဝါအများ၊ လိုက်စားဖျော်ဖြေ။
ကာမမှောင်ဝိုင်း၊ ဒေါင်စိုင်းလို့နေ။

အာရုံတုပ်လျက်၊ ရှုပ်ရှက်ပူပွေ။
မလွတ်ထွက်၊ ဝဋ်စက်သံသာဗွေ။

နေ့စဉ်လိုက်စား၊ မိုက်မှားအာရုံ။
မဖြတ်နိုင်ဘဲ၊ ဝဋ်ထဲသုန်သုန်။

တဏှာစက်ကွင်း၊ လဏ်ငင်းတွေ့ကြုံ။
အကြိုက်တွေ့၊ လိုက်ရှဲဘယ်မကုန်။ ။

ငါးဖြာအာရုံ ကာမဂုဏ်ဆိုတာ တော်ပြီ တန်ပြီလို့ ရှိရဲ့လား။ (မရှိပါဘူးဘုရား)။ အဲဒါ သစ္စာဉာဏ် မပေါ်သရွေ့ကာလပတ်လုံး ငါးဖြာအာရုံ ကာမဂုဏ်ကို နှစ်သက်တယ်ဆိုတာဟာ မသိတဲ့ အဝိဇ္ဇာ။ (မှန်ပါ)။ နှစ်သက်တာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ဒီအတွက်နဲ့ ပြေးလွှားပြောဆိုပြီး နေပူမရှောင် မိုးရွာမရှောင် လုပ်ကိုင်ဆောင်ရွက်ရတာက-ကံ၊ ကာယကံ ဝစီကံပေါ့။

ဒါကြောင့် ကမ္မဘဝပစ္စယာ ဇာတိ–ဆိုပြီးတော့ သံသရာ လည်တာပေါ့။ (မှန်ပါဘုရား)။ ဇာတိသံသရာလည်တော့– ဇာတိပစ္စယာ ဇရာ မရဏံပေါ့။ (မှန်ပါဘုရား)။ အဲဒီတော့ သေခါနီးကျရင် တခါထပ်ပြီး ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ မလာပေဘူးလား။ (လာပါတယ်ဘုရား)။ အဲဒီလောကဓံ မီးတွေက တညီးညီးတပြောင်ပြောင် ဝိုင်းပြီး လောင်တဲ့ အခါကျတော့ သေခြင်းဆိုး သေရပြန်တယ်၊ သြော်–ဦးပဉ္ဇင်းတို့ သံသရာလည်ခဲ့တာ ကြောက်စရာကြီးဘဲနော်။ (မှန်ပါဘုရား)။

တဆယ့်တမျိုးဆိုတာက ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ နောက်–သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ-ဆိုတော့ ဘယ်နှစ်မီးရှိတုံး။ (တဆယ့်တမီးပါဘုရား)။

ကိလေစစ်တပ်၊ ပစ်ခတ်ချိန်ရွယ်။
တဆယ့်တမျိုး၊ လျှံခိုးအကျယ်။
ပြင်းထန်မှောက်မှား၊ တောက်ပွားလေတယ်။
သုံးတိုက်လုံး ဟုန်းဟုန်းစက်မီးလယ်။

ဆိုတော့ ဘုံသုံးပါးမှာ မီးလောင်ခံရတဲ့ သတ္တဝါတွေဘဲလို့ မှတ်ကြပါ။ (မှန်ပါဘုရား)။

ကိုင်း–ဆက်ကြပါအုံးစို့၊ သောဏက-က ခေါင်း တဆတ်ဆတ်နဲ့ ကျောက်ဖျာထက်ကနေပြီးတော့ "ငါ့ သူငယ်ချင်းတော့ ဂျောက်ကျပကွာ" ဆိုပြီး သူ့မှာတော့ဖြင့် သံဝေဂဉာဏ်တွေ ပွားနေတုန်း ဗြုံးဆို သူ့အပေါ်မှာ မိုးနေတဲ့ သစ်ရွက်အစိမ်းကလေးတွေက ဖျတ်ကနဲဖျတ်ကနဲ ကြွေကြွေကျနေတာဟာ သူ့အတွက် ထိတ်လန့်တဲ့သဘော ရောက်လာတယ်။ (မှန်ပါဘုရား)။

ကြည့်စမ်း–အဝိညာဏက အသက်မရှိတဲ့ သစ်ရွက်မှသော်လဲ သစ်စိမ်းကျိုး-ကျိုးပြီးတော့ ဖျတ်ကနဲဖျတ်ကနဲကြွေရတယ်၊ ဥပစ္ဆေဒကကံ ဖြတ်သလိုဘဲ။ ဩော်-တယ်ပြီးတော့ လျင်မြန်ပါလား။ စိမ်းစိမ်းစိုစို ရှင်ရှင်လန်းလန်း နုနုနယ်နယ်ကလေးတွေဟာလဲ ဖျတ်ကနဲဖျတ်ကနဲ ကြွေကျတယ်။ အဝိညာဏက အသက်မရှိတဲ့ သစ်ရွက်တောင် ဒါလောက် ပျက်စီးနေရင် ဒို့ သဝိညာဏက

အသက်နဲ့နေတဲ့ သတ္တဝါတွေတော့ ဘယ်လိုများ နေမှာပါလိမ့် မလဲလို့ ခန္ဓာဉာဏ် လှည့်သွားတယ်နော်။ (မှန်ပါဘုရား)။

ခန္ဓာဉာဏ်လှည့်သွားတော့ ခန္ဓာကိုယ်အတွင်းမှာ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ တရားတွေက နာမ်ဘက်ကကြည့်လိုက်လဲ တဖျတ်ဖျတ်နဲ့ပျက်၊ ရုပ်ဘက်ကကြည့်လိုက်တော့လဲ တဖျတ်ဖျတ်နဲ့ပျက် ဆိုတော့ ဘယ်မှာလဲ နာကျင်ကိုက်ခဲ ပူအေး ညောင်းညာတာ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ကော ခေါ်နိုင်ကြပါ့ရဲ့ လား။ (မခေါ်နိုင်ပါဘူးဘုရား)။

အဲဒီသဘောတရားတွေဖြစ်လာလို့ လုပ်ချင် ကုတ်ချင် ရွေ့ချင် ပြောင်းချင်တယ်၊ စောင်းချင် ငဲ့ချင်တယ်။ အင်း–ဒီသဘော တရားတွေ နာမ်ဓမ္မတွေကိုကော ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ခေါ်နိုင်ကြပါ့ရဲ့လား။ (မခေါ်နိုင်ပါဘုရား)။ အဲဒီလို ရုပ်နာမ်တွေ အကျိုးအကြောင်း ဆက်ပြီးနေတော့ ရုပ်က အကြောင်းဆိုရင် နာမ်ကအကျိုး ဖြစ်တယ်၊ နာမ်ကအကြောင်း ဆိုရင် ရုပ်က...(အကျိုးဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အကြောင်းဆိုတာက-ပဋိစ္စ၊ အကျိုးဆိုတာက-သမုပ္ပါဒ်။ ပဋိစ္စ သမုပ္ပါဒ် ဓမ္မလမ်းစဉ်အတိုင်း ဓမ္မနိယာမတွေဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ နေတာပါကလားဆိုတာ မပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား)။ သူ့မျှားဉာဏ်ထဲ ပေါ်တာက အလုပ် မဟုတ်ဘူး၊ ဒကာဒကာမတွေရဲ့ ဉာဏ်ထဲမှာပေါ်ဖို့က သိပ်အရေး ကြီးတယ်။ (မှန်ပါဘုရား)။

အခု တရားနာတာဟာ သိပ်မကြာသေးဘူး၊ မိနစ် (၂၀) လောက်ရှိတော့ ဒကာဒကာမတွေရဲ့ ခန္ဓာကိုယ်ကြီးမှာ ရွကနဲ့ မှကနဲ့ စစ်ကနဲ့ လှစ်ကနဲ့ ပေါ်မလာပေဘူးလား။ (ပေါ်လာပါ

တယ်ဘုရား)။ အဲဒါ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလား၊ ဖောက်ပြန်တာလား။ (ဖောက်ပြန်တာပါဘုရား)။ သူများ ခန္ဓာက ဖောက်ပြန်တာလား၊ မိမိခန္ဓာက ဖောက်ပြန်တာလား။ (မိမိခန္ဓာက ဖောက်ပြန်တာပါဘုရား)။

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဖောက်ပြန်တော့ ရွှေပေးချင်တယ်၊ ပြောင်းပေးချင်တယ်၊ လှူပ်ပေးချင်တယ်၊ ကုတ်ပေးချင်တယ်ဆိုတဲ့ နာမ်ဓမ္မတွေကကော ဖောက်ပြန်မလာဘူးလား။ (ဖောက်ပြန်လာပါတယ်ဘုရား)။ တခြားစီ (အသားလွတ်) ဖောက်ပြန်တာမဟုတ်ဘူး၊ အကြောင်းအကျိုး ဆက်ပြီး တော့ ဖောက်ပြန်တယ်ဆိုတာ သေချာတယ်။ (မှန်လှပါဘုရား)။ အဲဒီ ဖောက်ပြန်တဲ့အထဲမှာ–ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ လုံးဝ မရှိဘဲနဲ့ ပကတိသက်သက် ရုပ်နာမ်ဓမ္မတရားတွေကသာ တခုပြီး တခု မနေမနားဘဲ စက်ရထားကဲ့သို့ ဖောက်ပြန် ပျက်စီးနေတာ ပါကလားလို့ ဒကာဒကာမတွေ မြင်လိုက်လို့ရှိရင် သူများခန္ဓာက ချေးငှါးပြတာ မြင်တာလား၊ မိမိခန္ဓာကပြတာ မြင်တာလား။ (မိမိခန္ဓာကပြတာကို မြင်တာပါဘုရား)။

ဟန်လုပ်ပြတာလား၊ အမှန်ဘဲလား။ (အမှန်ပါဘဲဘုရား)။ ဒါဖြင့် အမှန်ပြတာကို မသိဘူးလားဗျာ။ (သိပါတယ်ဘုရား)။ အမှန်က-သစ္စာ၊ သိတာက-ဉာဏ်၊ သစ္စာနဲ့ ဉာဏ်နဲ့ ပေါင်း.... (သစ္စာဉာဏ်ပါဘုရား)။

ဒကာဒကာမတွေ–ဒါဟာ သေပျော်တဲ့ တရားတဲ့။ (မှန်ပါဘုရား)။ ဒါပေမဲ့ နေပါအုံးဘုရား၊ တပည့်တော်တို့ အသိဉာဏ်ကလေး ဒီထက် တိုးချင်ပါသေးတယ်လို့ လုပ်စမ်းပါ ခင်ဗျားတို့က။

(မှန်လှပါ)။ နေပါအုံးဘုရား၊ တပည့်တော်တို့ သစ္စာဉာဏ်လေး အသိဉာဏ်နဲ့ မကျေနပ်သေးလို့ ကိစ္စဉာဏ်အထိ တပည့်တော်တို့ အသိဉာဏ်တိုးချင်ပါသေးတယ်လို့ ရှေ့နေလိုက်စမ်းပါ။ (မှန်လှပါဘုရား)။ ဦးကျော်တို့–ခင်ဗျားတို့က မဟုတ်တဲ့ နေရာမှာ သွားပြီးတော့ လျှာရှည်တာဗျ၊ ဒီနေရာမှာ ရှေ့နေလိုက်ဘို့ သိပ်ကောင်းတာဗျ။ (လိုက်သင့်ပါတယ်ဘုရား)။

ကိုင်း–ဒီတော့ ခန္ဓာငါးပါး ရုပ်နာမ်တရားကြီးက အမျိုးမျိုး အဖုံဖုံ ဖောက်ပြန်ပျက်စီးနေတာ အမှန်က-သစ္စာ။ (မှန်ပါ)။ သိတဲ့ သဘောတရားလေးက-ဉာဏ်၊ သစ္စာနဲ့ ဉာဏ်နဲ့ ပေါင်း.... (သစ္စာဉာဏ်ပါဘုရား)။ သစ္စာဉာဏ်ရပြီနော်၊ ကိုင်း–ကိစ္စဉာဏ် လေး နည်းနည်းတိုးပြီး ပြောကြအုံးစို့။ (အမိန့်ရှိပါဘုရား)။

ဦးပဉ္ဇင်းတို့ ဒကာဒကာမတို့မှာ ငြိမ်ပြီးတော့နေလိုက်ရင် ရှူ လိုက်ရှိုက်လိုက်တိုင်း ရှူစိတ်ရှိုက်စိတ်ကလေးတွေက ကိုယ့်သဘောနဲ့ ပေါ်လာတာလား။ ကံ-သဘောနဲ့ ပေါ်လာတာလား။ (ကံသဘောနဲ့ ပေါ်လာတာပါဘုရား)။ အတိတ်ကံကနေပြီးတော့ မင်းတို့ ရှိုက်စိတ်ကလေး ပေါ်လိုက်ဆိုရင်.... (ပေါ်ရတာပါဘဲ ဘုရား)။ မင်းတို့ ရှူစိတ်ကလေး ပေါ်လိုက်ဆိုလဲ ပေါ်ရတာဘဲ။ အတိတ်ကံသဘောနဲ့ ပေါ်ရတာကိုးဗျ။ (မှန်ပါဘုရား)။ ကုသလဝိပါကံ၊ အကုသလဝိပါကံ ပေါ့။

ဒီစိတ်ကလေးဟာ ပေါ်တိုင်းပေါ်တိုင်း မြဲရဲ့လား။ (မမြဲပါဘူးဘုရား)။ မမြဲချင်လို့ မမြဲတာလားတဲ့၊ သူ့ကိစ္စက ဇရာ မရဏမီးလောင်တဲ့ ကိစ္စရှိလို့ မမြဲတာလို့ မှတ်ကြစမ်းပါနော်။ (မှန်လှပါဘုရား)။ ပျက်ချင်လို့ ပျက်တာလား၊ မီးလောင်ခြင်း

ကိစ္စရှိလို့ ပျက်တာလား။ (မီးလောင်ခြင်းကိစ္စရှိလို့ ပျက်တာပါဘုရား)။ ရှိုက်ချင်တဲ့ စိတ်ကလေးလဲ တဒင်္ဂဘဲ။

ဦးကျော်တို့ စဉ်းစားကြည့်—ဇရာ မရဏမီး ရှိ-မရှိ.... (ရှိပါတယ်ဘုရား)။ ဒါဖြင့် လေကလေး ရှိုက်သွင်းချင်တဲ့စိတ် ပေါ်လာပြီးနောက် ပျောက်ချင်လို့ ပျောက်တာလား၊ မီးလောင်လို့ ပျောက်တာလား။ (မီးလောင်လို့ ပျောက်တာပါဘုရား)။ ဒါဖြင့် ဒီစိတ်ကလေးမှာ မီးလောင်ခြင်းကိစ္စ ရှိ-မရှိ.... (ရှိပါတယ်ဘုရား)။ မီးလောင်ခဲ့သည်ရှိသော် ဒီ ရှူထုတ်ချင်တဲ့စိတ် ရှိုက်သွင်းချင်တဲ့ စိတ်သည် ခန္ဓာပါဘဲ။ (မှန်လှပါဘုရား)။ ဒီခန္ဓာမှာ မီးလောင်ခြင်းကိစ္စ ပါလို့ရှိရင် ပျောက်ပျက်ခြင်း ရှိ-မရှိ.... (ရှိပါတယ်ဘုရား)။ အဲဒါကြောင့်—ရှိုက်ချင်တဲ့ စိတ်ကလေး ပေါ်လာလဲ သူ့ကိစ္စဟာ ပျောက်ပျက်တဲ့ ကိစ္စဘဲ။ (မှန်ပါ့ဘုရား)။ တော်တော်ကြာ လှုပ်ချင်တဲ့စိတ်ကလေး ပေါ်လာလဲ သူ့ကိစ္စဟာ ပျောက်ပျက်တဲ့ကိစ္စဘဲ။ (မှန်ပါ့ဘုရား)။

ရွှေ့ချင် ပြောင်းချင်တဲ့ စိတ်ကလေးပေါ်လာလဲ သူ့ကိစ္စဟာ ပျောက်ပျက်တဲ့ကိစ္စဘဲ။ (မှန်ပါဘုရား)။ ပျောက်ပျက်တဲ့ကိစ္စက ဘယ်သူ့ကိစ္စလဲမေးရင် ခန္ဓာကိစ္စ။ (မှန်ပါဘုရား)။ အဲဒီခန္ဓာမှာ ဘာကိစ္စရှိသလဲလို့မေးရင် ပျောက်ပျက်တာရှိတယ်။ (မှန်ပါ)။ ဒကာဒကာမတွေ၊ ခန္ဓာ၏ကိစ္စက ဘာလဲ။ (ပျောက်ပျက်တာပါဘုရား)။ ဒါကြောင့် ပျောက်ပျက်တဲ့ ကိစ္စသည် ခန္ဓာ၏ကိစ္စ။ (မှန်ပါ)။

အဲဒီပျောက်ပျက်တဲ့ကိစ္စကို ယောကျ်ားကသိသလား၊ မိန်းမကသိသလား၊ ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာက သိသလား၊ ဉာဏ်ရှိမှသိသလား။ (ဉာဏ်ရှိမှ သိပါတယ်ဘုရား)။ ဒါဖြင့် ပျောက်

ပျက်တာက ဘယ်သူ့ကိစ္စလဲဆိုတော့ ခန္ဓာ၏ကိစ္စ၊ ပျောက်ပျက်သွားတယ်၊ ပျောက်ပျက်သွားတယ်ဆိုတာ ဘယ်သူ့ကိစ္စ.... (ခန္ဓာ့ကိစ္စပါဘုရား)။ အဲဒီ ခန္ဓာကို ဘယ်သူက သိသလဲ။ (ဉာဏ်က သိပါတယ်ဘုရား)။ ဒါဖြင့် ကိစ္စနဲ့ ဉာဏ်နဲ့ ပေါင်း.... (ကိစ္စဉာဏ်ပါဘုရား)။ အဲဒီ ဉာဏ်မျိုးသာ ဦးပဥ္စင်းတို့ အတိတ်ကာလက တဒင်္ဂလောက်သိခဲ့ရင် ဦးပဥ္စင်းရော ဒကာဒကာမတွေရော ဒီမှာ လာမတွေ့ဘူး။ (မှန်ပါဘုရား)။

အနည်းဆုံး နတ်ပြည်မှာ သေ-တာပန်အဖြစ်နဲ့ သွားတွေ့ကြမှာဗျ။ (မှန်လှပါ ဘုရား)။ အခုတော့ဖြင့် ဒီဉာဏ်ကို လုံးဝ မမြင်ခဲ့သည့်အတွက်ကြောင့် အဝိဇ္ဇာဖုံးခဲ့လို့ အပျော်ကြီးပျော်ခဲ့ကြတာ။ (မှန်ပါ ဘုရား)။ အရွယ်သုံးပါးမှာ ဒို့ ဘယ်အရွယ်ရောက်နေပြီလဲလို့ ပြန်လည် ဆန်းစစ်ကြရဲ့လား။ (မစစ်မိပါဘုရား)။ အင်း—ပြန်ဆန်းမစစ်မိဘူးဆိုတော့ သိလို့လား၊ မသိလို့လား။ (မသိလို့ပါ ဘုရား)။ မသိတာက—အဝိဇ္ဇာ။ (မှန်လှပါဘုရား)။ "အသက် ၆၀-ကျော်ပေမဲ့ ငါက အရွယ်တင်တယ်၊ အင်း—မဆိုးသေးဘူး"ဆိုတော့ ဒီလို သာယာတာက- တဏှာ။ (မှန်လှပါ)။

တော်တော်ကြာ ဒကာကြီး ဦးသာကျော်က ငါ့စောင်းပြောတယ် ဖြစ်ချင်ဖြစ်နေမှာ။ မဟုတ်ပါဘူး၊ မပြောပါဘူးနော်။ ဒကာဒကာမတွေက ပြန်ဆန်းမစစ်တာဟာ မသိလို့ မစစ်တာ၊ မသိတာက ဘာလဲ။ (အဝိဇ္ဇာပါ ဘုရား)။ ငါ့အသက် ၄-၅ ၆၀-ရှိနေပေမဲ့ အပ်ပေါက်ထိုးနိုင်သေးတယ်ကွလို့ ကိုယ့်ကိုကိုယ် သာယာတာက .... (တဏှာပါ ဘုရား)။ သာယာရုံတင်လား၊ တော်တော်ကြာ စွဲလမ်းတဲ့ ဥပါဒါန်ကလေးက မပါဘူးလား။

(ပါပါတယ် ဘုရား)။ ဥပါဒါနိ်ပါတော့ ကိုယ့်ကိုကိုယ်လဲ ချီးမွမ်း ခန်းဖွင့်နေတာက-ဝစီကံ။ ဟိုသွား ဒီသွားနဲ့ သွားနေတာက- ကာယကံ။ (မှန်ပါ ဘုရား)။

အဲဒီအတိုင်းများ လမ်းမှာဘဲသေသေ၊ အိမ်ပေါ်မှာဘဲသေ သေ၊ သေလိုက်ရင် ကမ္မဘဝပစ္စယာ....(ဇာတိပါ ဘုရား)။ ဇာ တိက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား)။ ဒီဘက်ကသေတဲ့ မရဏကကော.... (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခ ဒုက္ခချင်း ဆက် တာတောင် ဘဝကူးကောင်းတယ်လို့ ခင်ဗျားတို့က လုပ်ချင်လုပ်- နေတာ။ (မှန်ပါ ဘုရား)။ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ် ဘုရား)။

ဒီဒုက္ခ ဟိုဒုက္ခနဲ့ဆက်တာကို ဘဝကူး ကောင်းတယ်ဆိုတော့ ဒကာဒကာမတွေ နှစ်ချက်မှားကြီးဗျ။ (မှန်လှပါ ဘုရား)။ ဘဝ မကူးဘဲနဲ့ ကူးတယ်လို့ယူတဲ့ သဿတဒိဋ္ဌိ တချက်မှား, ဘဝဒုက္ခ သစ္စာ မကောင်းတာကို အဝိဇ္ဇာကဖုံးထားလို့ ဘဝကူးကောင်း တယ်လို့ ယူထားတာက တချက်မှားဆိုတော့ ဘယ်နှစ်ချက်မှား နေတုံး။ (နှစ်ချက်မှားပါ ဘုရား)။

ဒုက္ခတွေကို ဒကာဒကာမတွေက မရှိလို့ မသိတာလား၊ ရှိရက် နဲ့မသိတာလား။ (ရှိရက်နဲ့ မသိတာပါ ဘုရား)။ ဒါဖြင့် စုံလုံး ကန်းတွေပေါ့။ (မှန်ပါ ဘုရား)။ စုံလုံးကန်း ဒကာမကြီးတွေက ခေါင်းပေါ်ကသန်းကိုသာ စမ်းပြီး ဖမ်းတတ်တယ်ဗျ၊ ဒုက္ခရှိနေ တာကျတော့ မသိဘူး။ (မှန်ပါ ဘုရား)။ ဒါပေမဲ့ ဒီက ဒကာမကြီးတွေကို ပြောတာမဟုတ်ဘူးနော်၊ စိတ်တော့ မဆိုး

ကြန့်၊ ရန်ကုန်က ဒကာမကြီးတွေကို ပြောတာပါ။ ကိုင်း ဒါ ကြောင့်မို့ မြတ်စွာဘုရားက—

နိစ္စံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်း။ ပဇ္ဇလိတော၊ ကိလေသာမီး ထိန်ညီးတောက်ပြောင် အလောင်ကြီးလောင်၍ နေသည်ဖြစ်ပါလျက်။

မနက် မိုးလင်းလာရင် ဈေးသည်ကလဲ ဘယ်သွားမှာလဲ။ (ဈေးသွားပါတယ်)။ အင်း–နေမြင့်မှ ထသလား၊ စောစော ဘဲလား။ (စောစောထပါတယ် ဘုရား)။ အိပ်ပါအုံးဗျ၊ စော ပါသေးတယ်ဆိုရင် "အို - ဘာသိလို့လဲ၊ ဘာသိလို့လဲ၊ အချိန်နဲ့ အခါနဲ့သွားမှ"ဆိုတော့ ဒါ ဘာမီးလောင်လို့လဲ။ (လောဘမီး ပါဘုရား)။ ကိလေသာမီးပေါ့ဗျာ၊ ခင်ဗျားတို့ကလဲ။ (မှန်ပါ ဘုရား)။

တော်တော်ကြာ ဘာတရားဟောသလဲဆို မေ့သွားတယ်တဲ့။ မေ့သွားတာ မေ့ချင်လို့မေ့တာလား၊ ကိလေသာများလို့လား။ (ကိလေသာ များလို့ပါ ဘုရား)။ အဲဒီကျတော့ ခင်ဗျားတို့က ကျက်သရေတုံးလို့ ဘယ်သူကမှ မသုံးဘူးဗျာနော်။ (မှန်ပါ)။ ဒို့က အသက်ကြီးလို့ထင်ပါရဲ့ဗျာ၊ မေ့တတ်တယ်တဲ့။ ဒါ ဘယ် ဟုတ်ရမှာလဲ့၊ ကိလေသာများလို့ မေ့တာ။ (မှန်ပါ ဘုရား)။ အဲဒါ ဘယ်နှယ်ဖုံးတုံး။ (အသက်ကြီးလို့ပါတဲ့ ဘုရား)။

သစ္စာမသိတဲ့လူတွေများ သိတ်ကြောက်စရာ ကောင်းတယ် နော်၊ ယဉ်တယ်ဗျ၊ မကျန်းမမာ ဖြစ်နေတာတောင် ကြည့်ပါ လား။ ဒါဟာ ဒုက္ခသစ္စာကို ပြတာမဟုတ်လား။ (ဟုတ်ပါတယ် ဘုရား)။ ဒါနဲ့တောင် "နေကောင်းရဲ့လား" လို့ မေးရင် "အိုကွာ

တနေ့ရွှေ တနေ့ငွေ"ပါဘဲတဲ့။ ဟိုမှာဖြင့် ဒုက္ခသစ္စာကြီးပြနေတာ တောင်မှ ရွှေနဲ့ ငွေနဲ့ သုံးဖုံးကြရသေးတယ်။ (မှန်ပါ ဘုရား)။ လူ့ အသုံးဟာ ယဉ်ကျေးသလောက် သိတ်ကြောက်ဘို့ ကောင်းတယ် နော်။ (မှန်ပါဘုရား)။

ယနေ့တော့ဖြင့် သစ္စာတရားသိအောင် ကျေးဇူးဆပ်ချင်လို့ ပါ။ (မှန်ပါ ဘုရား)။ နိစ္စံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်း။ ပဇ္ဇလိတေ၊ ကိလေသာမီး ထိန်ညီးတောက်ပြောင် အလောင်ကြီးလောင်သည် ဖြစ်ပါလျက်။

သားအတွက်မအေးတာလဲ ကိလေသာမီး လောင်တာဘဲ။ (မှန်ပါ ဘုရား)။ သမီးကလေးအတွက် စိတ်မချမ်းသာဘူးဆို တာကော။ (ကိလေသာမီး လောင်တာပါဘဲ ဘုရား)။ ဒါဖြင့် သေခါနီးတောင် ငါသေရတာက ကိစ္စမရှိပါဘူး၊ မင်းတို့အတွက် ခက်တယ်ဆိုတာက ဘာဖြစ်တာလဲ.... (ကိလေသာမီး လောင်တာ ပါ ဘုရား)။ အင်း–အဲဒါ သေခြင်းဆိုးသာမှတ်။ (မှန်လှပါ)။ ကြားဘူးလား အဲဒီမသာမျိုး။ (မကြားဘူးပါ ဘုရား)။ ခင်ဗျား တို့က ခပ်တင်းတင်းလုပ်ဗျာ၊ လေတော့မလျော့နဲ့၊ ခတ်တင်းတင်း လုပ်ကြပေါ့။

ငါသေရတာက ကိစ္စမရှိပါဘူး၊ မင်းတို့အတွက် ခက်တယ်ဆို တာ၊ အဲဒါ မီးလောင်နေတာ။ (မှန်ပါ ဘုရား)။ ဒီအချိန်သေ ရင် ဘာသေခေါ်မလဲ.... (မီးလောင်သေပါ ဘုရား)။ သေခြင်း ဆိုးလုပ်ဗျာ၊ ခင်ဗျားတို့ကလဲ။ (သေခြင်းဆိုးပါ ဘုရား)။ သေ ခြင်းဆိုးသေတာနော်။ (မှန်ပါ ဘုရား)။ အဲဒီ အသေမျိုး ဟာ ဘဝပေါင်း ဘယ်လောက်များပြီလဲလို့ မေးတော့ မရေနိုင်ဘူး။ (မရေနိုင်ပါဘူး ဘုရား)။ ဘာမသိလို့မေးတော့ သစ္စာမသိလို့ မီး

လောင်တာ။ (မှန်ပါဘုရား)။ အခု ဦးပဥ္စင်းတို့ ဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးက ဘာသစ္စာတွေပြနေသလဲ....(ဒုက္ခသစ္စာပါဘုရား)။ အဲဒါ ငါက သိတာလား၊ အခု ဉာဏ်ရှိလို့ သိတာလား....(ဉာဏ်ကသိတာပါ ဘုရား)။

ဉာဏ်က သိတာဆိုတာ ဆုံးဖြတ်ချက်သာချ၊ အိမ်မှာနေတုန်းက သိကိုမသိဘူး။ (မှန်ပါ ဘုရား)။ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကို ပြောတာနော်။ (မှန်ပါ ဘုရား)။ တော်တော်ကြာ ဒီကိုယ်တော်က ဝါးလုံးရှည်ရှည်နဲ့ အကုန်သိမ်းရမ်းတယ်ဆိုပြီး နောက် ဆွမ်းမကပ်ဘဲ နေအုံးမယ်။ အဲဒါကြောင့် ဒကာဒကာမတွေဟာ အိမ်မှာသာနေရင် မသိနိုင်ပါဘူး၊ အခုတော့ဖြင့် "ဟုတ်သားဘဲ၊ ဒို့ခန္ဓာကိုယ်ကြီးက ဘယ်လိုလဲလို့မှ မသိရဘဲနဲ့ ရွေ့ပြောင်းနေရတာ ဒုက္ခသစ္စာပါလား"ဆိုတာ ဉာဏ်ထဲပေါ်မလာဘူးလား။ (ပေါ်လာပါတယ် ဘုရား)။ အဲဒီ ဒုက္ခဝဋ်အတွင်းက လွတ်ကင်းချင်တယ်ဆိုရင် ဒီတရား အားထုတ်ရမယ်ဆိုတာကို သိလာပြီ။ (မှန်ပါ)။ အဝိဇ္ဇာ ကွာသွားတာပေါ့ဗျ။ (မှန်လှပါဘုရား)။ အဲဒါကြောင့် ဓမ္မပဒ ပါဠိတော်မှာ မြတ်စွာဘုရားက

ကိန္နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

နိစ္စံ နေ့ရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်း။ပဇ္ဇလိတေ၊ ကိလေသာမီး ထိန်ညီးတောက်ပြောင် အလောင်ကြီးလောင်၍နေသည်ဖြစ်ပါလျက်။ ကိန္နုဟာသော၊ အပျော်ကို လက်သပ်မွေး၍ ဘယ်အရေးကြောင့် ပျော်ဆေးဖေါ်ကာ နေကြပါကုန်သနည်း။ ကိမာနန္ဒော၊ ဘယ်အာရုံမျှော်မှန်း၍ ဝမ်းမြောက်ဝမ်းသာ နေကြပါကုန်သနည်း။ အန္ဓကာရေန၊ အကြောင်းရင်းကို ရှာလိုက်တော့

အဝိဇ္ဇာသာမူလ သူကယျက်ဆိုး ကြီးစွာသော အမိုက်မှောင်ကြီးသည်။ ဩနုဒ္ဓါ၊ နင်ဘယ်ကိုပြေးမည်ဟု ရှုပ်ထွေးဝိုင်းအုံ အမှုကြီးကြုံ၍ နေသည်ဖြစ်ပါကုန်လျက်။ ပဒီပံ၊ သံသရာနှောင်ရေးဝဋ်ကြမ္မာ လွတ်ကာအေးစေဘို့ စိတ်တွေးကြံဖန် သံဝေဂခေါ်တဲ့ အလင်းဉာဏ်ကို။ နဂဝေသထ၊ မရှာမှီးသေး ငေးကြီးငေး၍ အေးအေးသက်သာ အဘယ်ကြောင့် နေကြပါကုန်သနည်း–လို့ ဘုရားကမျှား မေးလိုက်ရင် မသိလို့ပါ ဘုရားလို့ ဖြေရမှာပေါ့နော်။ (မှန်ပါ ဘုရား)။ ဒါဖြင့် ဒီလိုလုပ်ကြဗျာ ။ (မှန်ပါ ဘုရား)။

တုမှေ၊ သင်သူတော်ကောင်း သူမြတ်လောင်းတို့သည်။ ပဒီပံ၊ သံသရာနှောင်ရေး ဝဋ်ကြမ္မာလွတ်ကာအေးစေဘို့ စိတ်တွေးကြံဖန် သံဝေဂဆိုတဲ့အလင်းဉာဏ်ကို။ ဒါနို၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနှင့် ကြုံလာရပါ ခုအခါ၌။ ဂဝေသထ၊ မြေ့ပေ့းမြေ့ဟောက် မြားမြောက်ထူပြော တောနက်မျက်မဲ ညဥ့်မှောင်ထဲမှ ရှောင်လွှဲချင်သူ ပမာယူလျက် ဖုတ်ပူမီးတိုက် အားစိုက်ခွန်စိုက် ရှာမှီးလိုက်ကြကုန်ရာသတည်း။

(သာဓု–သာဓု–သာဓု ပါဘုရား)။

ကိုင်း–ဒါဖြင့် ဦးပဉ္စင်းတို့လဲ သောဟကလို ရှာမှီးသုံးသပ်ကြရအောင်နော်၊ ခုနကပြောတဲ့ ခန္ဓာဘက်ကို ဉာဏ်လှည့်လိုက်တော့ ရှုစိတ်ရှုက်စိတ် မမြဲ၊ခန္ဓာမှာပေါ်နေတဲ့ နာကျင်ကိုက်ခဲပူအေး ညောင်းညာ ရိုးရိုးရွရွ မိုးမိုးမှမှန့်ဖေါက်ပြန်ပျက်စီးတဲ့ တရားတွေကလဲ မမြဲ၊ ဒါတွေဟာ ဩြော်–ပုဂ္ဂိုလ်သတ္တဝါမှမဟုတ်ဘဲ၊ သက်သက်သော "ဝိပရိဏာမလက္ခဏာ"ဆိုတဲ့ ဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာတွေပါကလားဆိုတာ ဉာဏ်ထဲမှာပေါ်မလာဘူးလားဗျာ။ (ပေါ်လာပါတယ် ဘုရား)။

ဒါတွေ သိဖန်များလာတဲ့အခါကျ သြော် — ရှိုက်ရတာလဲ ဒုက္ခ၊ ရှူသွင်းရတာလဲ ဒုက္ခ၊ ဒါဖြင့် ငါရဲ့ သန္တာန်မှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လုံးရုပ်သဏ္ဍာန် ဟန်ပန်နိမိတ် မရှိဘဲနဲ့ ဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခသစ္စာချည်း ပါလားလို့ မြင်လာမယ်၊ မြင်ဖန်များတော့ ဉာဏ်ထဲမှာ လိုချင်သေးလား။ (မလိုချင်ပါဘူး ဘုရား)။ မုန်းလာတယ်ပေါ့။ အဲဒါကို နိဗ္ဗိန္ဒဉာဏ်လို့မှတ်ပါ။ (မှန်လှပါ)။

ခန္ဓာငါးပါး ရုပ်နာမ်တရားကြီးသည် ကိုယ့်အလိုမပါဘဲနဲ့ ဖေါက်ပြန် ပျက်စီးနေတာကို မြင်တာက ယထာဘူတဉာဏ်၊ ဖေါက်ပြန် ပျက်စီးတာမှတပါး ဘာမှလိုချင်စရာ ရချင်စရာ ရှုချင်စရာမရှိဘူး၊ မုန်းစရာချည်းဘဲလို့ ပေါ်လာတာဟာ ငြီးငွေ့လာကဲ့ နိဗ္ဗိန္ဒဉာဏ်ပေါ့။ (မှန်လှပါ ဘုရား)။

ဒီလိုနဲ့ ဉာဏ်ကတဆင့်ထက် တဆင့် ရင့်ကျက်လာပြီး ဖြစ်ဒုက္ခပျက်ဒုက္ခမှတပါး ဘာမှလိုချင်စရာ ရချင်စရာ ရှုချင်စရာ မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်လဲ ချလိုက်ရော၊ ဖေါက်ပြန်ပျက်စီးနေတဲ့ တရားတွေဟာ ချုပ်ငြိမ်းမသွားဘူးလား။ (ချုပ်ငြိမ်းသွားပါတယ် ဘုရား)။ ဖေါက်ပြန်ပျက်စီးတတ်တဲ့ တရားတွေအတွင်းမှာ ခန္ဓာအထည်ကြီးပါ ပျောက်ပြီးတော့ ဖြစ်စရာ ပျက်စရာတွေ အကုန် ငြိမ်းသွားတာက နိဗ္ဗာန်။ (မှန်လှပါ ဘုရား)။

သြော်—ဒုက္ခတွေ တသံသရာလုံး ထမ်းလာရတဲ့ ဝန်ထုပ်ကြီး ကကျသွားပေါ့လို့ သိထားတာက မဂ်ဉာဏ်။ (မှန်လှပါဘုရား)။ ရုပ်နာမ်တရား အထည်တွေပျောက်ပြီးတော့ ဖြစ်စရာ ပျက်စရာ

တွေ ချုပ်ငြိမ်းသွားတာကို ဘာခေါ်မယ်....(နိရောဓပါ ဘုရား)။ နိရောဓဆိုတာ နိဗ္ဗာန်ဘဲ၊ ရဲရဲပြောပါ။ (မှန်ပါ ဘုရား)။ ခန္ဓာငါးပါးအထည်တွေ ပျောက်ပြီးတော့ ဖြစ်စရာ ပျက်စရာတွေပါ ချုပ်ငြိမ်းသွားတာ ဘာခေါ်မယ်....(နိရောဓသစ္စာပါ ဘုရား)။ ဩော်–ချုပ်ငြိမ်းပေါ့လို့ သိတဲ့ဉာဏ်က....(မဂ္ဂသစ္စာပါ ဘုရား)။

ခုနကဟောခဲ့တဲ့ သောဏကဟာ သောတာပန်တည်ပြီးတော့ ရှေ့ဆက်ပြီး ပွားများလိုက်တာ လေးမဂ်လေးဖိုလ်စလုံး ရောက်သွားတယ်။ (မှန်ပါဘုရား)။ အဲဒါ အာသဝေါ ကုန်ခန်းလို့ အရဟန္တာလို့ ဆိုရမှာဘဲနော်။ မှန်လှပါ ဘုရား)။ သို့သော် သာသနာပမှာမို့ ပစ္စေကဗုဒ္ဓါလို့ဘဲ ခေါ်ရပါတယ်။ (မှန်ပါဘုရား)။ အဲ–သူ့ဆရာဘယ်သူလဲမေးတော့ သစ်ရွက်က သူ့ဆရာနော်။ (မှန်ပါ)။ ဦးပဥ္စင်းတို့ ဒကာဒကာမတွေ ကျတော့ အိမ်နားမှာ သစ်ရွက်မကြွေဘူးလား။ (ကြွေပါတယ် ဘုရား)။ သံဝေဂရသလား၊ တံမြက်စီးဘဲ ကြိုးလှဲနေသလား။ (တံမြက်စီးဘဲ ကြိုးလှဲနေပါတယ် ဘုရား)။ အဲဒါ နိဗ္ဗာန်ရောက်မှာစိုးလို့။ (မှန်ပါ)။

ဒီသစ်ရွက်တွေက ကြွေ ကြွေနိုင်လွန်းတယ်ကွာ၊ ခလေးတွေနဲ့မြေပါးကင်းပါးလို ခင်ဗျားတို့က တရားထဲဟောတဲ့ သစ်ရွက်ကိုတောင် ရန်ဖြစ်ဒေါပွနေသေးတယ်ဆိုတော့ နိဗ္ဗာန်နဲ့တော့ နီးပြီနော်။ (မနီးပါ ဘုရား)။ သစ်ပင်ကြီးက ဝုန်းကနဲလေတိုက်လို့ လဲချင်လဲမယ်၊ ခင်ဗျားတို့ကတော့ သံဝေဂရပုံ မပေါ်ဘူး။ (မှန်ပါ)။ ထင်းခွဲဆိုက်ဘိုသာ စိတ်ကူးမှာဘဲ။ အဲဒါကြောင့် ဒို့ အဝိဇ္ဇာ ဘယ်လောက်ထူတယ်၊ ကိလေသာ ဘယ်လောက်များတယ်ဆိုတာ ရိပ်မိကြရဲ့လား။ (ရိပ်မိပါတယ် ဘုရား)။ ဘယ်

လောက်များသလဲ။ (မပြောနိုင်လောက်ပါဘူး ဘုရား)။ မပြောနိုင်လောက်အောင်ကို များနေတယ်။ (မှန်ပါ)။ ဒါကြောင့်....

ကိလေစစ်တပ်၊ ပစ်ခတ်ချိန်ရွယ်။
တဆယ့်တမျိုး၊ လျှံခိုးအကျယ်။
ပြင်းထန်မှောက်မှား၊ တောက်ပွားလေတယ်။
သုံးတိုက်လုံး၊ ဟုန်းဟုန်းစက်မီးလယ်။

သောဏက က ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်ဆိုတော့ ဝဋ်အတွင်းက လွတ်ကင်းသွားပြီပေါ့နော်။ (မှန်ပါ ဘုရား)။ အဲဒီပစ္စေကဗုဒ္ဓါတို့၏ ထုံးတမ်းစဉ်လာအရ နန္ဒမူလိုဏ်မှာ သီတင်းသုံးနေပြီး နိရောဓ သမာပတ်(၇)ရက် ဝင်စားလိုက်၊ မြောက်ကျွန်းသွား ဆွမ်းခံစားလိုက်၊ ဒီလိုနေတော့တာဘဲ တဲ့၊ ဦးပဉ္ဇင်းတို့ဒကာဒကာမတွေမှာတော့ ကိလေသာအပူတွေနဲ့ အကုသိုလ်များနေကြတယ်၊ ချမ်းသာခွင့်မရကြဘူး။ တနေ့တနေ့ ကုသိုလ်ကနဲနဲရယ် အကုသိုလ်က မနက်လင်းတယ်ဆိုကတဲက ဖြစ်လာတာကဲနော်။ (မှန်ပါ ဘုရား)။

ဒါကြောင့်မို့လို-ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ်မေးလေပါ၊ လိုက်ဆိုကြဗျာ။

ကိုယ့်ကိုယ်ကိုတွေး၊ ကိုယ်မေးလေပါ။
နေ့စဉ်အားထုတ်၊ အလုပ်ဘာယ်ဟာ။
ကုသိုလ်တပဲ၊ ငရဲတပိဿာ။
လူဖြစ်ရှုံး၊ နစ်အုံးအပါယ်ရွာ။ ။

ချိန်ကိုက်ကြည့်လိုက်တော့ အဝိဇ္ဇာရှိနေတဲ့ ဦးပဉ္ဇင်းတို့တတွေမှာ ဦးပဉ္ဇင်းပါထည့်ပါ၊ ခင်ဗျားတို့ချည်း ပြောနေရင် တော်ကြာ

ဒီကိုယ်တော်က ဘယ်လောက် အဆင့်အတန်းရှိလို့ ဒို့ကိုချည်း ပြောတာလဲ ဖြစ်ချင်ဖြစ်နေအုံးမယ်။ (မှန်ပါ)။ ပြောချင်ပြော မှာ၊ ဒီအထဲ လျှာရှည်တဲ့လူက ပါချင်ပါနေမှာ။ (မပါပါဘုရား)။ အဲဒီတော့ ခြွင်းချက်မရှိအောင် လုပ်ထားမှ ဦးပဥ္စင်းတို့တတွေက ကိလေသာ ဘယ်လောက်များလဲဆိုတော့ မနက်မိုးလင်းလာရင် လေ ဘာစားရကောင်းမလဲတဲ့၊ မနောပေါက်က ဖွင့်လိုက်တယ် ဆိုရင်ဘဲ အင်း-စားဘို့ကြံတယ်၊ သာယာတယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတော့ အကုသိုလ်ကံချည်း တန်းသွားတယ်။ (မှန်လှပါဘုရား)။

မျက်လုံးပေါက်က ကြည့်ပြန်တော့လဲ ဒီနေရာ အထားအသို မတော်ပါဘူး၊ သမီးလေး ဘယ်သွားလဲ၊ သမီးလေးရှိရဲ့လား ဆိုရင်, မြင်တယ်၊ ခင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုရင် အကုသိုလ်ကံချည်းဘဲ။ (မှန်ပါဘုရား)။ နားပေါက်ကလဲ မနက် စောစောစီးစီး ဆူဆူညံညံကြားရရင် ဒီကောင်တွေ ဘာကောင် တွေမှန်း မသိဘူးဆိုပြီး ကြားရင် ဒေါသထွက်တယ်ဆိုတော့ အကုသိုလ်တွေ တန်းသွားပြန်တာဘဲ။ (မှန်လှပါဘုရား)။

ဒါဖြင့် ကုသိုလ်အချိန်နဲ့ အကုသိုလ်အချိန် ဘယ်ဒင်းကများ တုံး။ (အကုသိုလ်အချိန်က များပါတယ်ဘုရား)။ အပါယ်ကို သွားမှ သွားပါ့မလား။ (သွားပါတယ်ဘုရား)။ ကူးတို့ခကလေး များ ထည့်စရာလိုသေးလား။ (မလိုပါဘူးဘုရား)။ အဲဒါနဲ့များ ခင်ဗျားတို့က သူသေတယ်ဆိုရင် ကူးတို့ခ တမတ် ထည့်ကြသေး တယ်။ (မှန်ပါ)။ အဲဒါ ဘာလုပ်ဘို့လဲမေးတော့ ကူးတို့ကူးတဲ့ အခါကျရင် ကူးတို့ခမပေးနိုင်က ရိုက်တယ်တဲ့၊ ခင်ဗျားတို့ မြင်ရ လား။ (မမြင်ပါဘုရား)။ အမယ်လေး—ဒီက စုတိမရဏာဆိုရင်

ဟိုမှာ ပဋိသန္ဓေဒယ်အိုးထဲ ရောက်သွားတာ၊ ဘယ်ကူးတို့နဲ့ ကူး သေးလို့တုံး။ (မကူးပါဘုရား)။ အနန္တရပစ္စည်းကိုးဗျ။ ဒီလိုဆို နှမြောလိုက်တာများ၊ ငွေတမတ် မှန့်ဝယ်စား မနဲဘူးရမှာ။ (မှန်လှပါဘုရား)။ ဒါကြောင့် မဟုတ်တာတွေ မလုပ်ကြပါနဲ့၊ ဒိဋ္ဌိအယူတွေပါနော်။ (မှန်လှပါဘုရား)။

ကိုင်း ဒါတွေထားပြီး ဦးပဉ္စင်းတို့ကုသိုလ်က တပဲဘိုးရှိတာ နော်၊ တနေ့တနေ့မှာ။ (မှန်လှပါဘုရား)။ ငရဲတပိဿာနဲ့ ချိန် ပြီးတော့ကြည့်။ ဒါဖြင့် ဦးပဉ္စင်းတို့ ချိန်ခွင်ထဲထည့်ပြီး ချိန်မယ် ဆိုရင် ချိန်ခွင်လျှာက အထက်ကိုပြမလား၊ အောက်ထိုးပြမလား။ (အောက် ထိုး ပြ ပါ တယ် ဘု ရား)။ ဘာတွေ များလို့ပါလိမ့်။ (အကုသိုလ်တွေ များလို့ပါဘုရား)။ အထက်သွားမယ်ပြောတာ လား၊ အောက်သွားမယ်ပြောတာလား။ (အောက်သွားမယ် ပြောတာပါဘုရား)။ ဖြေးဖြေးဘဲလား၊ ချိန်ခွင်လျှာက မြန်မြန် ဆင်းသွားသလား။ (မြန်မြန်ဆင်းသွားပါတယ်ဘုရား)။ တယ် ခြေသွက်ပါလား။ (မှန်ပါဘုရား)။ အဲဒီတော့ ဒကာဒကာမတွေ စဉ်းစားထားနော်၊ ဒို့ အိမ် ဒို့ နေတာ ဘာအပြစ်ရှိလဲလို့ မအောက် မေ့ပါနဲ့၊ အပြစ်တွေကတော့ ပုံနေတာဘဲ။ (မှန်လှပါဘုရား)။

ဒါကြောင့်မို့လို့ အရိန္ဒမမင်းသားဟာ ဟိုမှာ ဂျောက်ကျနေ လိုက်တာ၊ တိုင်းရေးပြည်ရေး စားရေးသောက်ရေး တိုင်းပြည် ငြိမ်းသက်ဘို့အရေး သူများတိုင်းပြည်က စစ်ခင်းလာမဲ့အရေး မောင်းမမိဿံတွေ စားဘို့သောက်ဘို့အရေး ပူပန်သောကတွေ များနေတော့ ဒုက္ခတွေ မများဘူးလား။ (များပါတယ်ဘုရား)။ အဲဒီတော့ ပစ္စေကဗုဒ္ဓါက ငါ့သူငယ်ချင်းတော့ ဂျောက်ကျနေ တာ အနှစ်လေးဆယ်လောက် ရှိနေပြီ၊ ငါသွားပြီးတော့ တရား

ဟောအုံးမှတော်မှာ၊ တရားမရှိဘဲသေရင်. ဒီကောင် သေခြင်းဆိုးသေပြီးတော့ သေခြင်းဆိုး အပါယ်ရောက်တော့မယ် တဲ့။ သူတော်ကောင်းများက မြင်လိုက်တာနော်။ (မှန်ပါဘုရား) ။

ကာမဂုဏ်စည်းစိမ်ကြီးကို အနှစ်လေးဆယ်လောက် ခံစားပြီးမှ အရိုးမမင်းသားကလဲ ဟာ–ငါလာတုန်းက သူငယ်ချင်း နှစ်ယောက်ပါ၊ ဘယ်များ တယောက်ပျောက်သွားပါလိမ့် တဲ့။

အမယ်လေး–အနှစ်လေးဆယ်ကြာမှ သတိရတယ်တဲ့နော်။ (မှန်ပါဘုရား)။ ဒကာဒကာမတွေ၊ အဲဒါ ဘာထူပြောတာလဲ။ (ကိလေသာထူပြောနေတာပါဘုရား)။ ကိလေသာထူပြောနေတာ။ (မှန်ပါဘုရား)။

ဒါကြောင့်မို့လို–တရားလေးတွေကို မှတ်တော့ မှတ်တယ်ဘုရာ့၊ မေ့မေ့သွားတယ်ဆိုတာ ဘာဖြစ်တာပါလိမ့်.... (ကိလေသာထူပြောနေတာပါဘုရား)။ သို့သော် ဒီလို မသုံးကြဘူးနော် ခင်ဗျားတို့။ (မသုံးပါဘူးဘုရား)။ အသက်ကြီးတာလေးနဲ့ ဖုံးတယ်။ (မှန်ပါဘုရား)။ အသက်ကြီးလို့ ထင်ပါရဲ့ကွာ၊ ဒို့က မေ့တတ်တယ် တဲ့၊ ဘယ်ဟုတ်ရမလဲဗျာ။ ကိလေသာထူလို့ဗျ။ “ငါ့ကိလေသာတုံးကြီးမို့ မေ့တတ်တယ်”လို့များ သုံးဘူးရဲ့လားဗျာ။ (မသုံးဘူးပါဘူးဘုရား)။ အဲဒါ မြို့ကလူတွေက “ဒို့ လိမ်မပြောတတ်ဘူး” ဆိုပေမဲ့ ပြောတဲ့နေရာကျတော့ ပြောတယ်နော်။ (မှန်ပါဘုရား)။ ခလေးတွေက ပြောတာလား၊ လူကြီးတွေလား။ (လူကြီးတွေပါဘုရား)။ ဒါတောင် လူကြီးတင်မဟုတ်ဘူး၊ လူကြီးလူကောင်းလို့ ခင်ဗျားတို့က ဆိုင်းဘုတ်ဆွဲသေးတယ်။ အဲဒါ လူကြီးတဲ့၊ ကောင်းသလားဗျာ။ (မကောင်းပါဘူး

ဘုရား)။ လူကြီးလူကောင်းလို့ ဘယ်သူက သွားပြီး ဆိုင်းဘုတ် ဆွဲတယ် မပြောတတ်ပါဘူး။ သစ္စာမသိသေးရင်တော့ မကောင်း သေးပါဘူး၊ သစ္စာသိမှ ကောင်းတယ်ဆိုတာ မှတ်ကြပါ။ (မှန်ပါ ဘုရား)။

အဲဒီတင်မှ သူက တွေးလိုက်တယ်၊ ဩော်–ငါ့သူငယ်ချင်း ဘယ်နေရာများ ပျောက်ရှနေပါလိမ့်၊ တက္ကသိုလ်တိုင်းပြည်က လာတုန်းက နှစ်ယောက်လာတာ။ (မှန်လှပါ)။ ဒီတော့မှ ဩော်– ကျောက်ဖျာထက်မှာ ပျောက်ကျန်ရစ်ခဲ့တာဘဲ၊ အခုနေ ငါ့ သူငယ်ချင်း ဘယ်နေရာများ ရှိပါလိမ့်မလဲလို့ စဉ်းစားမိလာတယ်၊ အသက်တမ်းကလဲ ရှည်တဲ့အချိန်ကိုးဗျ။ မှန်လှပါ)။ မသေ သေးဘူးဆိုတာတော့ သိတယ်။ (မှန်ပါ့)။ အသက်တမ်းက ရှည် နေတော့ မသေသေးဘူးဆိုတာ သူက သိနေတာပေါ့။

ကိုင်း–ဒီလိုဆိုရင်တော့ မဖြစ်ဘူး။ ငါ့သူငယ်ချင်းကို မြန်မြန် တွေ့အောင်ရှာတို့ စာရေးဆရာ အကျော်အမော်တွေကိုခေါ်ပြီး သီချင်းစပ်ဆိုခိုင်းပြီး ရှာမယ်ဆိုပြီး သီချင်းတပုဒ် အစပ်ခိုင်းလိုက် တယ်။ ဒကာကြီး ဦးသာဘော်၊ သီချင်းဆိုပြမယ် နားထောင် မလား။ (ထောင်ပါ့မယ် ဘုရား)။ ဒီသီချင်းကို နန်းတွင်း နန်းပြင် သီဆိုစေတယ်။ သီချင်းက–

တဿ သုတွာ သတံ ဒမ္မိ၊ သဟဿ ဒိဋ္ဌသောဏကံ။
ကော မေ သောဏကမက္ခာတိ၊ သဟာယံ ပံသုကီဠိတံ။

ဘော၊ အို–တိုင်းသူပြည်သား လူအများတို့။ မေ၊ ထီးရှင် နန်းရှင် ငါဘုရင်၏။ ပံသုကီဠိတံ၊ ဖုန်မှုန့်ထဲတွင် ဟိုငယ်စဉ်က နေ့စဉ်တွဲလျက် ဆော့ဖက်ဖြစ်သော။ သဟာယံ သောဏကံ၊

သောဏကခေါ် ချစ်အဖေါ်ကို။ ကော၊ အဘယ်သူသည်။ အက္ခာတိ၊ သတင်းစကား ပြောကြားနိုင်ပါသနည်း။ တဿ၊ ထို သောဏကခေါ် ငါ့အဖေါ်၏။ သာသနံ၊ မည်သည့်မြို့ရွာ ရပ် ဒေသ၌ နေပါလေကြောင်း သတင်းကောင်းကို။ သုတွာ၊ တ ဆင့်စကား ပြောသံကြား၍။ အာရောစေန္တဿ၊ ကြားသ လောက်သာ တင်လျှောက်လာသူအား။ သတံ၊ ရွှေစင်တရာ ကျပ်သပြာကို။ ဒမ္မိ၊ ဆုလာဘ်ချကာ ငါပေးပါအံ့။ သဟာယံ သောဏကံ၊ သောဏကခေါ် ငါ့အဖေါ်ကို။ ဒိဋ္ဌံ ဒိဋ္ဌောတိ၊ ကိုယ် တိုင် ဒိဋ္ဌတွေ့မြင်ရ၏ဟူ၍။ အာရောစေန္တဿ၊ ခိုင်ခိုင်လုံလုံ အစီ တိကျ ပြောပြနိုင်သူအား။ သဟဿံ၊ ရွှေစင်တထောင် ဆုလက် ဆောင်ကို။ ဒမ္မိ၊ မေတ္တာတုံ့ပြန် တဖန်ပေးအပ် ကျေးဇူးဆပ်ပါ အံ့သတည်း။ ။(ငါးရာငါးဆယ် ဇာတ်ပါဠိတော်)။

(သာဓု-သာဓု—သာဓု ပါဘုရား)။

ရှင်ဘုရင်က ဆုလာဘ်ပေးထားတဲ့ သီချင်းဆိုတော့ တတိုင်း ပြည်လုံးက နင်လား ငါလားဆိုကြတော့တာပေါ့ဗျာ။ (မှန်လှ ပါ ဘုရား)။ သောဏကပစ္စေကဗုဒ္ဓါကလဲ ငါ့သူငယ်ချင်း လူ မိုက်ကြီး ဂျောက်ကျနေတာတော့ သွားကယ်အုံးမှဘဲ၊ နို့မဟုတ် ရင် သေခြင်းဆိုးသေပြီး သေခြင်းဆိုး အပါယ်ရောက်တော့မယ်ဆို ပြီး သူတို့ တခါက နားနေဘူးခဲ့တဲ့ ကျောက်ဖျာထက်မှာ ပြုန်း ဆို စျာန်အဘိညာဏ်နဲ့ ကြွလာတယ် ဆိုကြပါစို့။ (မှန်လှပါ ဘုရား)။

သတိရရှာတယ်နော် သူတော်ကောင်းများ။ (မှန်ပါ)။ သူ တော်ကောင်းများ သတိရရှာတယ်တဲ့၊ ဟိုမှာဖြင့် အနှစ် ၄၀- လုံးလုံး မေ့နေတယ်၊ (မှန်ပါ ဘုရား)။ ဦးပဥ္စင်းတို့ ဒကာဒကာ

မတွေ့လဲ ဦးပဥ္စင်းက ပထမနေ့က တရားဟောတယ်၊ နောက်နေ့ ကျတော့ ရှိတော့မှာမဟုတ်ဘူး၊ မေ့လောက်ပြီနဲ့တူတယ်။ (မမေ့ ပါဘူး ဘုရား)။ မမေ့သေးဘူးလား။ (တင်ပါ့)။

အဲဒီတင်မှ သူငယ်တယောက်က သီချင်းဆိုနေတယ်၊ သူငယ့် နံမည်ကတော့ စူဠဥပဥ္စကတဲ့။ (မှန်ပါ)။ အဲဒီသီချင်းကို သူထပ် ခါထပ်ခါ အသားလုပ်ဆိုနေတော့ ပစ္စေကဗုဒ္ဓါက "ဟေ့ သူငယ် မင်းက ဒီပြင်သီချင်း မရတော့ဘူးလားကွာ၊ ဒီသီချင်းဘဲ ထပ်ခါ ထပ်ခါ ဆိုနေတယ်" တဲ့။

အရှင်ဘုရား ရတာပေါ့ ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ရဲ့ ရှင်ဘုရင်ကြီးက ဒီသီချင်းကို မြတ်နိုးတော်မူလွန်းလို့ တပည့်တော် ဆိုတာပါ ဘုရား။

ယခုကာလ သူငယ်မတွေ့လိုတော့ ရှင်တခွန်း ကျမတခွန်း မပြောဘူးပေါ့ဗျာ။ ခြော် – သူက ယဉ်ကျေးပြီးသားကိုး။ (မှန်ပါ)။ ရှင်ဘုရင်ကြီးက မြတ်နိုးလို့ ဒီသီချင်းကို ဆိုတယ်ဆို တော့ မင်းဒီသီချင်းရဲ့ အတုံ့အလှဲ့ကိုကော ပြန်ဆိုတတ်ရဲ့လား တဲ့။ (ဘယ်ဆိုတတ်မလဲ ဘုရား)။ ဒီသီချင်းကိုသာ အတုံ့အလှဲ့ ပြန်ဆိုတတ်ရင် ပြောနိုင်ရင် သတင်းပေးနိုင်ရင် ရွှေစင်တရာ တဲ့ ဘုရား။ ကိုယ်တိုင်ဒိဋ္ဌပြနိုင်ရင် ရွှေစင်တထောင်ရမှာ ဘုရား၊ ဘယ်ဆိုနိုင်မှာတုံး ဘုရား။

"ဒီလိုဆိုရင် ငါသင်ပေးမယ်၊ မင်းဆိုမလား၊ မှတ်မလား" ဆို တော့ "မှတ်မယ်ဘုရား" တဲ့၊ ဒီတော့မှ စုံတွဲသီချင်းဖြစ်တာနော်။ (မှန်ပါ ဘုရား)။ အဲဒီတော့ – ဘယ်လို သင်ပေးလိုက်သလဲဆို တော့–

မယှံ သုတွာ သတံ ဒေဟိ၊ သဟဿံ ဒိဋ္ဌ သောဏကံ။
အဟံ တေ သောဏကက္ခာယံ၊ သဟဿံ ပံသုကိဋ္ဌိတံ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ အသင်မင်းကြီး၏။ ပံသုကိဋ္ဌိတံ၊ မြေမှုန့်ကစားဘက်ဖြစ်သော။ သဟဿံ သောဏကံ၊ အဆွေတော် သောဏကကို။ အက္ခာယံ၊ ကြားလျှောက်ပါတော့မည် ဘုရား။ မယှံ၊ အကျွန်ုပ်၏။ သန္တိကာ၊ အထံမှ။ သုတွာ၊ ကြားရသည်ဖြစ်၍။ အာရောစေန္တဿ၊ ပြောကြားလာသော အကျွန်ုပ်အား။ သတံ၊ ရွှေစင်တရာကို။ ဒေဟိ၊ ကရုဏာတရား မေတ္တာအားဖြင့် ပေးသနားတော်မူပါလော့။ သောဏကံ၊ အဆွေတော်သောဏကကို။ ဒိဋ္ဌ ဒွေဘတိ၊ မြင်၏မြင်၏ ဟူ၍။ အာရောစေန္တဿ၊ ပြောကြား လာသော အကျွန်ုပ်အား။ သဟဿံ၊ ရွှေစင်တထောင်ကို။ ဒေဟိ၊ ကရုဏာ တရား မေတ္တာထား၍ ပေးသနားတော်မူပါ ဘုရား။ ။

(သာဓု–သာဓု–သာဓုပါ ဘုရား)။

အဲဒီသီချင်း မင်းတို့ဘုရင်ကြီးကို အတုံ့အလှဲ့ ပြန်ဆိုပြမယ်လို့ – လျှောက်တင်ပြီး ဆိုပေါ့ကွ။ ရွှေစင်တထောင့်တရာကို တောင်းယူခဲ့ကွာလို့ ပစ္စေကဗုဒ္ဓါက ပြောလိုက်တယ်။

ထင်းခွေတဲ့ စူဠပဉ္စကသူငယ်က နန်းတွင်းဝင်ပြီးသံတော်ဦးတင်စရာရှိတယ်ဆိုပြီး အရိန္ဒမဘုရင်နဲ့ စုံတွဲသီချင်းဆိုနိုင်တယ်လို့ ဆိုပြလိုက်တာပေါ့။

ရှင်ဘုရင်ကြီးက ဒကာဒကာမတွေ ရှင်ဘုရင်ဆိုတာ သွားမယ်ဆိုရင် ချက်ခြင်း သွားလို့ရတာ မဟုတ်ဘူး။ (မှန်ပါဘုရား)။ "ရှင်ဘုရင်တခါထွက် ပဲကြီးတလှေချက်" ဆိုတာ ကြား

ဘူးတယ်မှတ်လားဗျာ။ (မှန်ပါ)။ ဟိုမှာ အစောင့်တို့ အကြပ်တို့ ဆိုတာရှိတယ်၊အခုကာလတော့ အက်စကော့ ခေါ်တာပေါ့ဗျာ။ (မှန်ပါ)။ ဟိုတုန်းကတော့ ခြေလျင်တပ် မြင်းတပ် တွေကို အကုန် အစောင့်ချပြီးတော့မှ ရှင်ဘုရင်က ထွက်ကြွရတာမို့ ချက်ချင်း မသွားနိုင်ဘူး။ (မှန်ပါ ဘုရား)။ ဘာဖြစ်နေတာတုံး မေးတော့ဟိုမှာ ခြံစည်းရိုးထဲမှာ ဂျောက်ကျနေတာ။ (မှန်ပါ)။ သစ္စာနဲ့ ကြည့်ရင်လေ။ (မှန်ပါ ဘုရား)။ ဂျောက်ကျနေတာ မသေချာဘူးလား။ (သေချာပါတယ် ဘုရား)။

လောကသမုတိနဲ့ ကြည့်ရင်တော့ဖြင့် အင်း–သမုတိ နတ် တပါးလို့ ဆိုနိုင်ပါရဲ့လား။ (မှန်ပါ)။ တကယ် မှန်မှန်ကန်ကန် သစ္စာနဲ့ကြည့်ရင် ခြံစည်းရိုးထဲမှာ ဂျောက်ကျနေတာ။ (မှန်ပါ ဘုရား)။ ဆိုကြပါစို့၊ နံနက်မိုးသောက် အလင်းရောက်တော့ ပစ္စေကဗုဒ္ဓါဆီ သွားပြီးတော့ ကျောက်ဖြာပေါ်က ပစ္စေကဗုဒ္ဓါက ထိုင်၊ သူက အောက်ကထိုင်ပြီးတော့ ပစ္စေကဗုဒ္ဓါက အလ္လာပ သလ္လာပ အောက်မေ့ဘွယ်ရာ ဝမ်းမြောက်ဘွယ်ရာ သူငယ်ချင်း ပီသစွာဖြင့် စကားတွေပြောတာပေါ့ဗျာ။ (မှန်လှပါ)။ ပြောပြီး တယ်ဆိုရင်ဘဲ ဒီကောင်ကြီး စကားတွေသိပ်ပြောလို့ မကောင်း ဘူး။ တရားဟောမှဆိုပြီး တရားစဟောတယ်။ (မှန်ပါ)။

ဒို့ရဟန်းတော်များမှာတော့ကွာ၊ သပိတ်တလုံး သက်န်းသုံး ထည်နဲ့သိတ်ချမ်းသာတာကွ။ ကျီတွေ တိုက်တာတွေနဲ့စပါးတွေ ဝယ်၊ ဝမ်းစာထည့်စရာလဲ မလိုဘူးကွ၊ စိန်ရွှေရတနာ အဖြာဖြာ တွေလဲ ဘဏ္ဍာတိုက်ထဲသွင်းပြီး သော့ခတ်စရာမလိုဘူးကွ။ မောင်း မမိဿံခြွေရံသင်းပင်းအတွက်လဲ ပူစရာမလိုဘူးကွ။ သိတ်ချမ်းသာ တာဘဲကွာလို့ ရဟန်းရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးပြီးတော့

ဟောလိုက်တာ ဂါထာတွေ အများကြီးရှိတယ်နေ့ ။ (မှန်လှပါ ဘုရား)။

အဲဒီလို ရဟန်းတွေရဲ့ တရားဟာ အင်မတန်မှ ချမ်းသာပါ တယ်ဆိုတဲ့ ရဟန်းတို့ရဲ့ ဂုဏ်ကျေးဇူး ချီးကျူးချလိုက်တော့ အရိ ဋ္ဌမမင်းက အို–ဒါက ကိုယ်တော်တို့ရဟန်းများရဲ့ အလုပ်ပါတဲ့။ တပည့်တော်နဲ့ ဘာမှမဆိုင်ပါဘူးတဲ့။ ကဲ–ဘောက်တော့ ချလိုက် တယ်။ (မှန်ပါ)။ မိုက်လုံးကြီးလိုက်တာ၊ အလောင်းတော်နေ့။ (မှန်ပါ့)။ မိုက်တာဘယ်သူတုံး။ (အလောင်းတော်ပါ ဘုရား)။ အလောင်းတော်တဲ့ ဒကာဒကာမတို့ရဲ့။ (မှန်လှပါ ဘုရား)။ အဝိဇ္ဇာကဖုံးထားတော့ သံဝေဂမရသေးဘူး။ အဝိဇ္ဇာကြောင့် မိုက်တာပေါ့။ ပုဂ္ဂိုလ် သတ္တဝါက မိုက်တာ မဟုတ်ပါဘူးတဲ့။ အဝိဇ္ဇာက မိုက်တာပါ။

အင်း–ဒီကောင်တော့ ဒီတရားနဲ့ မဖြစ်သေးဘူး။ ငါတော့ ဆက်ဟောအုံးမှ ဖြစ်မယ်ဆိုပြီး တခါ ဆက်ဟောရပြန်တာပေါ့။ (မှန်ပါ ဘုရား)။

အရိဋ္ဌမ မင်းစည်းစား၊ မင်းဟာ ငယ်တော့တဲ့ အရွယ်မဟုတ် ဘူး၊အခု အသက် ၆၀ ကျော်နေပြီ။ (မှန်ပါ)။ အခုထိ သားရေး သမီးရေး စီးပွားရေးနဲ့ အချိန်ကုန်နေမယ် ဆိုလို့ရှိရင် သေခြင်း တရားက မင်းအဘို့ နေ့လား ညလားဆိုတာ မပြောနိုင်ဘူး၊ မင်း စည်းစားဆိုတော့ ဒါလဲ သူ သဘောမပေါက်ဘူး။ (မှန်ပါ့)။

ကိုင်း–မင်းကို ငါ ဥပမာတခု ဟောမယ်ကွာတဲ့၊ ဟိုတုန်းက ယမုနာ ဂင်္ဂါ သရဘူ အစိရဝတီ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ်ရှိတာ ကိုးဗျ။ (မှန်လှပါ ဘုရား)။ မြစ်ကြီးငါးသွယ်မှာဆိုတော့ အင်

မတန်စီးတဲ့ ရေအလျဉ်ရှိတော့ ဂင်္ဂါကြောမှာ ဆင်သေကြီး တကောင်မျောလာတယ်ကွတဲ့။ အဲဒါကို ကျီးကန်းကြီးတကောင် ကမြင်တော့—

"ငါ့တသက်တော့ဖြင့် အစာဆာရင် အသားတွေစားမယ်၊ ရေဆာရင် အသွေးတွေ သောက်မယ်၊ လုံလောက်မယ်ဆိုပြီးတော့ ဆင်သေကြီးကို ငါပိုင်တယ်ဆိုပြီး သူစီးသွားပါရောကွာ"။

ဆင်သေကြီးစီးသွားပြီးတော့ ဂင်္ဂါမြစ်ရဲ့ရေဆိုတာ အင်မတန် စီးနေတော့ မဟာသမုဒ္ဒရာထဲ မြန်မြန်ရောက်တာပေါ့။ (မှန်ပါ)။

ယင်သေစီးပြီးတော့ အစာဆာရင် အသားတွေစားလိုက်၊ ရေ ဆာရင် အသွေးတွေသောက်လိုက်နဲ့ ကျီးကန်းကြီးက ငါတ ယောက်တော့ တသက်စာဖူလုံလောက်ပြီ ဆိုပြီးတော့ စီးသွား လိုက်တာ ပင်လယ်ကို ရောက်ရောပေါ့ဗျာ။ (မှန်ပါ ဘုရား)။ ပင်လယ်ဝရောက်တယ်ဆိုတော့ ပင်လယ်ဝဟာ ဒကာဒကာမတွေ ကမ်းတွေစခန်းတွေ သောင်ကမ်းတွေကို မြင်နိုင်ပါတယ်။ မမြင် နိုင်ဘူးလားဗျာ။ (မြင်နိုင်ပါတယ် ဘုရား)။ မြင်နိုင်ပါတယ်တဲ့၊ အဲဒါကို သူဟာပျံချိန်တန်သော်လဲ မပျံဘဲနဲ့ စီးသွားလိုက်တာ မဟာသမုဒ္ဒရာထဲရောက်တော့ ဒကာဒကာမတွေ ကမ်းမမြင် လမ်း မမြင်တဲ့နေရာ ရောက်သွားတယ်၊ အဲဒီမှာ တိမိ တိမိရပိင်္ဂလ အဇ္ဈာရောဟ တိမိနန္ဒ အာနန္ဒာ အစရှိတဲ့ ယူဇနာနှစ်ရာ လောက်အနည်းဆုံးရှိတဲ့ ငါးကြီးတွေက နေတာကိုးဗျ။ (မှန်ပါ ဘုရား)။ သူ့ရဲ့ အခြေအရံငါးတွေကလဲ တယူဇနာဆိုရင်ဘဲ ဆင် ထက်ကြီးနေပြီ။ (မှန်ပါ ဘုရား)။

အဲဒါတွေက တကောင်တလုပ်ဆွဲပြီး စုပ်လိုက်တော့ ဆင်သေ ကြီးကမြုပ်ကရော။ (မှန်ပါ)။ ကျီးကန်းကြီးက ဒီတော့မှ ထပျံ

တာဘဲဗျို။ (မှန်ပါ)။ ထပံ့ျတယ်ဆိုရင်ဘဲ အရှေ့ပံ့ျလဲ ကမ်းမတွေ၊ အနောက်ပံ့ျလဲ ကမ်းမတွေ၊ တောင်တွေ မြောက်တွေပံ့ျလဲ ကမ်းမတွေ့တော့—

အဲ–တွေ့နိုး တွေ့နိုးနဲ့ ဟိုဘက်လှည့်ပံ့ျ ဒီဘက်လှည့်ပံ့ျနဲ့ ကမ်းမတွေ့တဲ့ နောက်ဆုံးကျတော့ အတောင်က မီးဟုန်းဟုန်းတောက်ခမန်း ပူလောင်ပြီး ဒီနေရာမှာဘဲ ထိုးကျတော့တယ်၊ ငါးလိပ်ငမန်းတွေက ဆွဲစုပ်တော့–သူလဲ သေခြင်းဆိုးသေပြီး မြုပ်သွားတာပေါ့။ (မှန်လှပါဘုရား)။

အဲဒါကြောင့် "ပံ့ျချိန်သင့်လို့မှ မပံ့ျလို့ရှိရင် ကျီးကန်းကြီးသေခြင်းဆိုး သေတယ်ကွ တဲ့။ မင်းလဲ တောထွက်ချိန် တန်ပါလျက်ကယ်နဲ့ အရွယ်သုံးပါးမှာ သုံးပါးစလုံး ပျော်လို့ရှိရင် ကျီးကန်းကြီးလို သေခြင်းဆိုးနဲ့ သေလိမ့်မယ်ကွာ" လို့ ဟောလိုက်တယ်။ (မှန်ပါ)။ အဲဒါကို သဘောမပေါက်ဘူး၊ ဒကာဒကာမတွေကော သဘောပေါက်ကြရဲ့လား။ (ပေါက်ပါတယ်ဘုရား)။ ရိုးရိုးပြောကြဗျာ။ ဒကာဒကာမတွေမှာလဲ ဘယ်လိုဖြစ်နေလဲဆိုတော့ ဇာတိကစပြီးတော့ လာလိုက်တာ ဇရာ မရဏတည်းဟူသော ပင်လယ်ကြောမှာ သားသမီး ပစ္စည်း ဆင်သေစီးပြီး မျောလာတာမဟုတ်လား။ (ဆင်သေစီးပြီး မျောလာတာပါဘုရား)။

သားသမီး ပစ္စည်းတည်းဟူသော ဆင်သေစီးပြီးတော့ ဘယ်မှာ မျောလာလဲဆိုတော့ ဇရာ မရဏတည်းဟူသော ရေယဉ်ကြော မျောလာတာ။ (မှန်ပါဘုရား)။အဲဒီတော့ အခု အသက်ဘယ်လောက် ရှိပြီလဲဆိုတော့ ၅၀-ထက်တော့ဖြင့် ဒီရွှေနားထိုင်နေတဲ့ ပုဂ္ဂိုလ်တွေ နဲမယ်မထင်ပါဘူး။ (မနဲပါဘူးဘုရား)။ အသက်တမ်းကဘယ်လောက်တမ်းလဲ။ (၇၅-နှစ်တမ်းပါဘုရား)။

ဒါဖြင့် ပထမအရွယ်တုန်းက ပညာရှာတယ် ထားလိုက်ပါ။ (မှန်ပါ)။ ဘုရားခွင့်လွှတ်ပြီနော်။ (မှန်ပါဘုရား)။ ဒုတိယ အစိတ်အရွယ်မှာ ဥစ္စာရှာတယ်၊ ဘုရားက ခွင့်လွှတ်ပြီ။ (မှန်ပါ့ (ဘုရား)။ အခုအရွယ်က ပင်လယ်ဝရောက်နေပြီ။ (မှန်ပါ)။ ဘယ်ပင်လယ်ဝလဲဆိုတော့သင်းချိုင်းကုန်းတည်းဟူသော ပင်လယ် ဝ ရောက်နေပြီ။ (မှန်ပါဘုရား)။

မျောလာတာက ဘယ်ရေယဉ်ကြောလဲ။ (သားသမီး ရေ ယဉ်ကြောပါဘုရား)။ အမယ်လေး– ဖြစ်မှဖြစ်ရလေ၊ မရဏ တည်းဟူသော ရေယဉ်ကြော မျောလာတာလေ။ (တင်ပါ့ ဘုရား)။ သင်းချိုင်းကုန်းတည်းဟူသော ပင်လယ်ဝမရောက်သေး ဘူးလား။ (ရောက်နေပါပြီဘုရား)။ ဒါဖြင့် ပျံ့ဘို့ အချိန်သင့်ပြီ ဗျ။ (မှန်ပါဘုရား)။ ပျံ့ဆိုတာက နင်လား ငါလား ကြိုးစားပြီး တော့ ဝိပဿနာ တရားအလုပ် အားထုတ်ရမှာ။ (မှန်ပါ့ဘုရား)။ အဲဒါ ပျံ့တာပါဘဲ။ (မှန်ပါ့)။

အို–ကမ်းမမြင် လမ်းမမြင်ကျမှ လေးငါးခြောက်ဆယ် ခုနစ် ဆယ်ကျမှ သွားပြီးတော့ အားထုတ်လို့ သစ္စာ တွေ့ပါအုံးမလား။ (မတွေ့ပါဘူးဘုရား)။ အဲ–မတွေ့ရင် ကျီးကန်းကြီးလို ဒကာ ဒကာမတွေ ဟိုဘက်ထပ်ပျံ့လိုက် ဒီဘက်ထပျံ့လိုက်နဲ့ တော်တော် ကြာကျ အပါယ်လေးပါး ရောက်လိမ့်မယ်။ (မှန်လှပါဘုရား)။ အဲဒါ ဒကာဒကာမတွေ–အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ငယ်ငယ် တုန်းက အားမထုတ်ဘဲနဲ့ ၆၀-ကျော် ၇၀-ကျော်လောက်ကျမှ အားထုတ်တော့ အို–တနာရီမှာ ၁၀ ခါလောက်ပြောင်းပြီး ရှုံ့မဲ့နေတာ ဘာဖြစ်တာထင်တုံး။ ကျီးကန်းကြီး ပျံ့နေတာလေ။ (မှန်လှပါဘုရား)။ ကမ်းမတွေ့လို့ ကမ်းမတွေ့လို့။ (မှန်လှပါ)။

သစ္စာတည်းဟူသော ကမ်းမတွေ့လို့ ဟိုဘက်စောင်းလိုက် ဒီဘက်စောင်းလိုက် တော်တော်ကြာ ရှုံ့လိုက် မဲ့လိုက်နဲ့၊ အသက်ကလဲကြီး၊ ပါးရေကလဲတွန့်၊ ဒီကြားထဲ ရှုံ့လိုက် မဲ့လိုက်ဆိုတော့ ဘယ်နှယ် ကြည့်ကောင်းပါအုံးမလားဗျ။ (မကောင်းပါဘူးဘုရား)။ ဒါဖြင့် ငယ်ငယ်က ဝိပဿနာအလုပ် ကြိုးစားကြဗျာ။ (မှန်ပါ့ဘုရား)။

ကဲ–ဘယ်နေရာ ရောက်နေပြီလဲ။ (ပင်လယ်ဝ ရောက်နေပါပြီဘုရား)။ သင်းချိုင်းကုန်းလေး ထည့်ကြပါအုံးဗျာ-ခင်ဗျားတို့ကလဲ။ (သင်းချိုင်းကုန်းတည်းဟူသော ပင်လယ်ဝ ရောက်နေပါပြီဘုရား)။ ငါဖြင့်–ပုံ့ချိန် သင့်ပြီပေါ့ဗျာ။ (သင့်ပါပြီဘုရား)။ ပုံ့ချိန်သင့်လို့မှ မပုံ့လို့ရှိရင်တော့ဖြင့် မခက်ပေဘူးလား။ (ခက်ပါတယ်ဘုရား)။ပုံ့တော့ ပုံ့ချင်တယ်ဘုရာ့၊ဒါပေမဲ့ ဆင်သေကြီးထားခဲ့ရမှာ နှမြောတယ်လား။ (မှန်ပါ့)။အမိပုဂ္ဂိုလ်ယ်က ဒီမရောက်ဘူးလား။ (ရောက်ပါတယ်ဘုရား)။ တပည့်တော်က တရားအားထုတ်မလို့တော့ ကြံတယ်ဘုရေး၊ ဒါပေမဲ့ သမီးလေးက ငယ်ငယ်တုန်းကဆိုရင် တော်သေးတယ်၊ အခု အရွယ်လေး ရောက်လာတော့ သာပြီး စိတ်မချရဘူး တဲ့၊ ဒါဆင်သေလေး မလွှတ်နိုင်တာ။ (မှန်လှပါဘုရား)။ အိမ်ကလူကလဲ တယောက်ထဲ မနေရဘူးဆိုတော့ ဒါဘာလဲ။ (ဆင်သေ မလွှတ်နိုင်တာပါဘုရား)။ အင်း–သမုဒ္ဒရာအလယ်တော့ ရောက်တော့မယ်၊ (မှန်ပါ့ဘုရား)။ ခင်ဗျားတို့ မလွှတ်နိုင်တာကလဲ လွန်တယ်ဗျာ၊ မလွန်ဘူးလား။ (လွန်ပါတယ်ဘုရား)။

အဲဒီတင်မှ ဒကာဒကာမတွေ ပစ္စေကဗုဒ္ဓါအကြောင်း ဆုံးအောင် ပြောလိုက်ကြအုံးစို့နော်။ (မှန်ပါ့ဘုရား)။ဒီကောင်ကြီး

ဒီတရားနဲ့လဲ ဟောမဖြစ်သေးပါဘူးလေဆိုပြီးတော့ အရိန္ဒမ ရှေ့ကို ပစ္စေကဗုဒ္ဓါက ဆင်းရပ်လိုက်တယ်။ နောက်ပြီး မြေမှုန့် ကလေးတွေ သဲမှုန့်ကလေးတွေကို ခြေမခြေညှိုးကလေးတွေနဲ့ ညှပ်ယူသွားပြီး ကောင်းကင်ယံ ပျံတက်သွားတော့ ဖျတ်ဆို အရိန္ဒမ မင်းသားက မော့ကြည့်တယ်။ (မှန်ပါ့)။ ဒီတော့ ဟိုက ခြေစာ မှုန့်တွေကို ဖြုတ်ချလိုက်တာပေါ့ဗျာ။ (မှန်ပါဘုရား)။

ကြည့်စမ်း-ကြည့်စမ်း၊ အစတုံးက ဗာရာဏသီ တိုင်းပြည်ကြီး မှာ ငါ့ထက် မြင့်မြတ်တဲ့ကောင် မရှိဘူးအောက်မေ့တယ်၊ အခု တော့ ကြည့်စမ်းပါအုံး၊ ငါနဲ့စာလျှင် အမျိုးချင်းယုတ်နိမ့်တဲ့ သောဏက-က ငါ့ရှေ့တင်ဘဲ ကောင်းကင်ယံ ပျံတက်သွားတယ်၊ ပေါ့ပါး လျင်မြန်လိုက်တာ၊ ငါ့မှာဖြင့် အမျိုးမြတ်တယ်ဆိုပြီး မာန်မာနကြီးပြီး တိုင်းပြည်ကြီးမှာ စည်းထိုးနဲ့တကွ အုပ်ချုပ်မင်း လုပ်နေလိုက်တာ၊ အခုတော့ မြေကြီးပေါ်က တတောင်တလံ တောင်မှ ကြွအောင် မခုန်နိုင်ပါလား၊ မင်း တယ်ကိလေသာထူ ပါလားလို့ သတိကြီးစွာရပြီး ဒီဃာဝု သတိုးသားကို ထီးနန်းတွေ လွှဲအပ်ပြီး ချက်ချင်း တောထွက်တော့တယ်။ (မှန်ပါဘုရား)။

ကိုင်း-အလောင်းတော်များကျတော့ မသိသေးခင်ကသာ မိုက် တယ်။ (မှန်ပါ)။ သိတော့ ချက်ချင်းတောထွက်တယ်။ (မှန်ပါ ဘုရား)။ ဒါဖြင့် ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ မသိခင်တုန်းက ဘာဖြစ်ခဲ့တုံး။ (မိုက်ခဲ့ပါတယ်ဘုရား)။ အခု သိတဲ့အခါကျ တော့ ...(လိမ္မာလာပါတယ်)။ ဘယ် လိမ္မာရမလဲ-မိုက်တာဘဲ။ တရားက ကောင်းတော့ ကောင်းပါတယ်၊ "ဒါပေမဲ့" ဆိုတာ "မိုက်အုံးမယ်လို့" ပြောတာ။ မသိလဲမိုက်-သိလဲမိုက်။ (မှန်ပါ)။ ဒါဖြင့် ကျီးကန်းကြီးလို ဖြစ်မှာစိုးရတယ်။ (မှန်ပါဘုရား)။အဲဒီ

တင်မှ တောထွက်ပြီးကျင့်လိုက်တာ ဈာန် အဘိညာဉ်တွေရပြီး သေတော့ ဗြဟ္မာ့ပြည်ရောက်တယ်ဗျ။ (မှန်ပါဘုရား)။ အဲဒါ အလောင်းတော်တို့ရဲ့ ထုံးနော်။ (မှန်ပါ)။

ဦးပဥ္ဇင်းတို့ ဒကာဒကာမတွေမှာလဲ သားသမီးပစ္စည်းတွေက ဘာနဲ့တူတုံး။ (ဆင်သေကြီးနဲ့ တူပါတယ်ဘုရား)။ မမေ့ကြနဲ့ ဗျာ။ (မှန်ပါ)။ သားသမီးပစ္စည်းက ဆင်သေနဲ့တူတယ်။ (မှန်ပါ ဘုရား)။ အင်း—ဒါတွေကို မက်မောပြီးတော့ မခွဲနိုင် မခွာရက် ဖြစ်နေတဲ့ ပုဂ္ဂိုလ်က ကျီးမိုက်နဲ့တူတယ်။ (မှန်ပါ)။ သားသမီး ပစ္စည်း အိုးအိမ် တိုက်တာ လယ်ယာရွှေငွေအထွေထွေက ဘာနဲ့ တူသလဲ။ (ဆင်သေကြီးနဲ့ တူပါတယ်ဘုရား)။ အဲဒါတွေကို မက် မောပြီး သစ္စာတည်းဟူသော သောင်ကမ်းကို မပျံနိုင်ဘဲ မခွဲနိုင် မခွာရက် စွဲစွဲလမ်းလမ်းနေသူက ဘာနဲ့တူတုံး။ (ကျီးမိုက်နဲ့ တူပါတယ်ဘုရား)။ ပုထုဇဉ်တည်းဟူသော ဦးပဥ္ဇင်းတို့က ကျီး မိုက်ပါဘဲ။ (မှန်လှပါဘုရား)။

ခင်ဗျားတို့က ကိုယ့်ချည်းတယောက်ထဲ ပြောရတာ အားနာ တယ်ထင်တယ်၊ ဦးပဥ္ဇင်းကိုပါ ရောက ထည့်ထားနော်။ ဦးပဥ္ဇင်း တို့တတွေက ကျီးမိုက်နဲ့ မတူဘူးလား။ (တူပါတယ်ဘုရား)။ အဲဒါကြောင့်မို့ ဆင်သေကြီးကို လွှတ်ရင်လွှတ်ပါ။ အခု ပင်လယ်ဝ ရောက်နေပြီ။ (မှန်ပါဘုရား)။ ဇရာ မရဏတည်းဟူသော ရေ ယဉ်ကြော မျောလာတော့ သင်း ချိုင်း ကုန်း တည်း ဟူ သော ပင်လယ်ဝရောက်ပြီ။ အဲဒါ-ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူ သော ဆင်သေကို လွှတ်ရင်လွှတ်ပါ၊ မလွှတ်ရင်တော့ဖြင့် ကျီး ကန်းလို သေခြင်းဆိုးသေရမှာ အမှန်ဘဲ။ (မှန်လှပါဘုရား)။ သဘောပေါက်ရဲ့လား။ (ပါပါတယ်ဘုရား)။ ပျံချိန်မသိတဲ့ အဝိဇ္ဇာက

ကျီးမိုက်ဖြစ်စေ၊ ငါးဖြာအာရုံ ကာမဂုဏ်က ဆင်သေဖြစ်စေ။ (မှန်ပါ)။

ကိုင်း ဒါဖြင့်—ဒကာဒကာမတွေ၊ ဆင်သေဆိုတာဟာ တွယ်တာစရာ အာရုံဆိုတော့ သားလဲ ဆင်သေဘဲ။ (မှန်ပါ)။ သမီးတွေ မြေးတွေ မြစ်တွေ ပစ္စည်းပစ္စယတွေကကော.... (ဆင်သေပါဘဲဘုရား)။ အင်း-တချို့များ ဆင်သေမရှိလို့ ရှာလိုက်ရတာ အမောနော်။ (မှန်ပါဘုရား)။ ဆင်သေမရှိလို့ ရှာရတာအမော။ (မှန်ပါ)။ တချို့ သားလေးရှိတယ်၊ အရွယ်ရောက်လာပြီ၊ မင်း-ဟိုဘက်အိမ်သွားပြီးတော့ ကြည့်ပါလား၊ ဒီမိန်းခလေးက နေပုံထိုင်ပုံတော်တယ် တဲ့။သီတင်းဝါလကျွတ်ပြီဆိုရင် ခင်ဗျားတို့အိမ်က ဆင်သေလေးနဲ့ ကျုပ်တို့အိမ်က ဆင်သေလေးကို ဇရာ မရဏတည်းဟူသော ရေယဉ်ကြောမှာ တွဲမျှောရအောင်လို့ သွားပြောကြတာ ရှိသေးတယ်။ (မှန်ပါ)။ ဒီလိုကော ပြောဘူးကြလား။ (ပြောဘူးပါတယ်ဘုရား)။

ကဲ—သူ့ဟာသူနေတာများ ခင်ဗျားတို့က ဇရာ မရဏတည်းဟူသော ရေယဉ်ကြောမှာ မျှောကြတယ်ဗျာ။ မင်္ဂလာမဆောင်ခင်ကနဲ့ မင်္ဂလာဆောင်ပြီးတော့ ဘယ်သူက ပိုအိုတုံးဗျ။ (မင်္ဂလာဆောင်ပြီးတော့ ပိုအိုပါတယ်ဘုရား)။မင်္ဂလာဆောင်တဲ့ အချိန်နဲ့ သူတို့ အိမ်ထောင်ရက်သားကျပြီးနေတဲ့အချိန် ဘယ်က ပိုအိုတုံး။ (အိမ်ထောင်ရက်သားကျပြီးတဲ့အချိန်က ပိုအိုပါတယ်)။ ဒါနဲ့များ ခင်ဗျားတို့က "နေနဲ့လ-ရွှေနဲ့မြ" လုပ်နေကြတယ်။ (မှန်ပါဘုရား)။

ဟိုမှာဖြင့် ဇရာ မရဏတည်းဟူသော ရေယဉ်ကြောမျှောလို့ **သင်းချိုင်းကုန်းတည်းဟူသော ပင်လယ်ဝနီးသွားပြီ**။ (မှန်ပါ)။

ဒီမှာတော့ ဘာလုပ်နေကြလဲ။ (နေနဲ့လ-ရွှေနဲ့မြ လုပ်နေကြပါတယ်ဘုရား)။ ခင်ဗျားတို့က မကိုက်ဘူးဗျ၊ ဒီတော့ တော်မှဖြစ်မယ်။ ဒါဖြင့် သစ္စာနဲ့လျှော်ရဲ့လား၊ ခင်ဗျားတို့ ပြောတဲ့စကားက....(မလျှော်ပါဘူးဘုရား)။လျှော်အောင် ဒီလိုလုပ်။ ခင်ဗျားတို့အိမ်က ဆင်သေလေးနဲ့ ကျုပ်တို့အိမ်ကဆင်သေ နှစ်ကောင်တွဲပြီး ဇရာ မရဏတည်းဟူသော ရေယဉ်ကြောမျှောတဲ့ ပွဲကြီးကိုကြွကြပါခင်ဗျားလို့ ဖိတ်စာသာ ရိုက်။(မှန်ပါ)။ ကိုက်ပလား။(မကိုက်ပါဘုရား)။ မကိုက်ဘူးဆိုတော့ မမှန်လို့လား။ (မှန်ပါတယ်ဘုရား)။ မှန်တော့မှန်ပါတယ်၊ သမုတိသစ္စာနဲ့မကိုက်လို့ခဏ လျှော့ပေးပါအုံး ဘုရားလို့ဘဲ ပြောတော့။ (မှန်ပါဘုရား)။ ကျေနပ်ပြီမဟုတ်လား။ (ကျေနပ်ပါတယ်ဘုရား)။

တချို့များ အိမ်ကနေပြီးတော့ အကြင်လင်မယားချင်းကွဲလို့သတင်းစာထဲထည့်တာ ပါသေးတယ်နော်။ (ပါပါတယ်ဘုရား)။ ကျုပ်တို့အိမ်က ဘယ်နေ့ဘယ်ရက်က လက်ဝတ်တန်ဆာတွေနဲ့ဆင်းသွားတယ်၊ တွေ့တဲ့လူ အမြန်ပြန်ပို့ပါ။ လက်ခံထားရင်တရားဥပဒေအရ အရေးယူမယ်လို့ မလာပေဘူးလား။ (လာပါတယ်ဘုရား)။

ခင်ဗျားတို့ဟာက မကိုက်ဘူး၊ဒီတခါ ဒီလိုကျေညာ "ကျုပ်တို့အိမ်က ဆင်သေကြီးဟာ ကကြိုးတန်ဆာ စုံလင်စွာဖြင့် ဘယ်နေ့ဘယ်ရက်က ဇရာ မရဏတည်းဟူသော ရေယဉ်ကြော မျှောသွားတာ ဘယ်ကျီးကန်း ဦးသွားတယ်မသိဘူး၊ မြန်မြန်ပြန်ပို့ပါ"လို့ ဒီလို ကျေညာရင် မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။ ကျေညာပါလားဗျ၊ "ကျုပ်ဆင်သေ-ဘယ်ကျီး

ကန်းသုတ်သွားတယ် မပြောတတ်ဘူး”ဘို၊ ဆင်သေ ကြော်ငြာ တာလေ။ (မှန်ပါဘုရား)။

ကိုင်း—ဒါကြောင့် “ဆင်သေနဲ့ ကျီးမိုက်” ဥပမာထားပြီး ကျီးမိုက်သည် သေခြင်းဆိုးသေတာ သေချင်လို့သေတာလား၊ ပျံ ချိန်တန် မပျံလို့သေတာလား။ (ပျံချိန်တန် မပျံလို့ပါဘုရား)။ ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ ခု ဘယ်အချိန်ရောက်နေပြီလဲ။ (ပျံချိန်ရောက်နေပါပြီဘုရား)။ ပျံချိန်ဆိုတာက ခန္ဓာမှာရှိတဲ့ တရားကို ဉာဏ်ကသိရင် ဒါ သစ္စာဉာဏ်ဘဲ၊ အဲဒီ သစ္စာဉာဏ် တရားရရင် ပျံတာပါဘဲ။ (မှန်လှပါဘုရား)။ တသံသရာလုံးက သစ္စာတည်းဟူသော သောင်ကမ်းမတွေ့ဘဲနဲ့ တဏှာ ရေယဉ် ကြောမျော ဇရာ မရဏတည်းဟူသော ရေယဉ်ကြောမှာ ဆင် သေစီးပြီး မျောလာခဲ့ကြတာ သစ္စာတည်းဟူသော သောင်ကမ်း တွေ့ဘူးကြရဲ့လား။ (မတွေ့ဘူးပါဘူးဘုရား)။

မယားက လင်အားကိုး၊ လင်က မယားအားကိုး၊ သားသမီးက မိဘအားကိုး၊ အမေမိဘက သားသမီးအားကိုးတော့—ဒါ အား ကိုးရာဖြစ်ကဲ့လား။ (မဖြစ်ပါဘူးဘုရား)။ ဒါဖြင့် အခု နာကျင် ကိုက်ခဲ ပူအေး ညောင်းညာတယ်၊ ခန္ဓာကိုယ်ကြီးက ဘယ်လိုထား လို့မှ မရဘူး၊ ထမင်းမကျေးလဲ ဆာတယ်ဗျာ။ (မှန်ပါ)။ ကျွေး ပြန်တော့လဲ ဗိုက်ထဲ အိုးတိုး-အောင့်တောင့် ဖြစ်တယ်ဗျာ။ (မှန်ပါ ဘုရား)။ ကျင်ကြီးကျင်ငယ် စွန့်ပေးရ၊ ဟိုဘက်လှိမ့်ပေးရ၊ ဒီဘက် လှိမ့်ပေးရဆိုတာ ဘာဖြစ်တာလဲဆို၊ ခန္ဓာက နှိပ်စက်တာ။ (မှန်ပါ ဘုရား)။

သူများက လာနှိပ်စက်တာလား၊ ခန္ဓာက နှိပ်စက်တာလား။ (ခန္ဓာက နှိပ်စက်တာပါဘုရား)။ ဟန်လုပ် နှိပ်စက်တာလား၊

အမှန်ဘဲလား။ (အမှန်ပါဘဲဘုရား)။ ဪ–ဒါနိုပ်စက်တာ ဘဲလို့ သိလို့ရှိရင် ဒါ–အမှန်သိတာပေါ့။ (မှန်ပါဘုရား)။ အမှန်က-သစ္စာ၊ သိတာက-ဉာဏ်။ (မှန်ပါ)။ ဒါဖြင့် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလား၊ ဒုက္ခသစ္စာလား။ (ဒုက္ခသစ္စာပါ ဘုရား)။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာ တသံသရာလုံးက ဆင်သေ စီးပြီးတော့ မျောနေတာ၊ အခုတော့ဖြင့် သစ္စာတည်းဟူသော သောင်ကမ်း မတွေ့သေးဘူးလား။ (တွေ့ပါပြီဘုရား)။ အဲဒါ တွေ့လိုက်ရတော့မှ ဪ–နိုပ်စက်ခြင်းခံနေရတဲ့ ခန္ဓာငါးပါးက-ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က-မဂ္ဂသစ္စာ။ (မှန်ပါဘုရား)။ နိုပ်စက်တဲ့ ခန္ဓာကို နောင်လဲ မလိုချင်ဘူး၊ အခုလဲ မနှစ်သက်ဘူးဆိုပြီး တဏှာ ဥပါဒါန် ကံ သေတာက-သမုဒယသစ္စာကို ပယ်တာ။ (မှန်ပါဘုရား)။ အပါယ်လေးပါး ဇာတိတွေ ချုပ်ငြိမ်းပြီးတော့ သောက ပရိဒေဝမီးတွေ ငြိမ်းတာက ...(နိရောဓသစ္စာပါဘုရား)။ ကိုင်း ဒီတော့ သစ္စာလေးပါးသောင်ကမ်း ဆိုက်မလာဘူးလား။ (ဆိုက်လာပါတယ်ဘုရား)။ ဒါ သားသမီးပစ္စည်း အားကိုးလို့ လား၊ မိမိကိုယ်ကို အားကိုးလို့လား။ (မိမိကိုယ်ကို အားကိုးလို့ပါ ဘုရား)။ အဲဒါကြောင့် မိမိကိုယ်ကို မိမိအားကိုးလို့ရှိရင် သစ္စာ တည်းဟူသော သောင်ကမ်းရောက်မယ်လို့ ဘုရားက သေသေ ချာချာ ဓမ္မပဒမှာ ဟောထားတယ်။

အတ္တာ ဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

ဘောဂန္တော၊ ပါရမီရှင်အပေါင်း အို သူတော်ကောင်းတို့။ အတ္တာ ဟိ အတ္တာ ဧဝ၊ မိမိသည်သာ လျှင်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာအစစ် ဖြစ်ပါပေ၏။ ပရော၊ မိမိမှတပါး အခြားဖြစ်သော။ ကော၊ သားသမီးမြေးမြစ် ဇနီးချစ်စသည် အာဘယ်မည်သောသူသည်။ အတ္တနော၊ မိမိ၏။ နာထော၊ မှီခို ကိုးစား အားထားရာသည်။ ဟောတိ၊ ဖြစ်နိုင်ပါအံ့နည်း။ အတ္တနာ ဟိ၊ မိမိကိုယ်တိုင်ကသာလျှင်။ သုဒန္တေန၊ ဝိပဿနာ တရား ဆင်ခြင်ပွားကာ ယဉ်ကျေးပါမှသာ။ ဒုလ္လဘံ၊ တွေ့ခဲကြုံခဲ ရခဲလှစွာသော။ နာထံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်းဟူသော ကိုးကွယ်ရာကို။ လဘတိ၊ ကေန်မသွေ ရရှိနိုင်ပါပေသတည်း။ ။

(သာဓု–သာဓု–သာဓုပါဘုရား)။

ဟာရုံးနာပရိသတ်အပေါင်း သူတော်ကောင်းအားလုံး ကျွန်း မ ေ္ဘာဖြင့် သူတော်ကောင်းတရား ပွားများနိုင်ကြပါစေ၊သုံးပါး အရှယ် တပါးမယ်၍ အားထုတ်နိုင်ပြီး ဒုက္ခချုပ်ရာ သစ္စာ သောင်ဘမ်း အရောက်လှမ်းနိုင်ကြပါစေ။

ဆင်သေနှင့် ကျိုးဖိုက် ပြီး၏။

# ဥဏှရသာမဏောဝဏ္ဏု

## သံတံကျင်ပမာ ကိုယ်ခန္ဓာ တရားတော်

ဗောဓိမူလေ ပလ္လင်္ကမှိ၊ မာရံ သသေနအာဝုဓံ။
ဂဟေတွာ ပါရမီ ခဂ္ဂံ၊ ယော ဇိနာတိ ဇယုဿဝေါ။
သဗ္ဗေ ဝေရီ ပဟန္တွာန၊ သော ဝေါ ဒေတု ဇယံ ဝရံ။

ဇယုဿဝေါ၊ လောကဓာတ်တိုက်ခရိုင်မှာ ဘယ်သူဘဲပြိုင်ပြိုင် အောင်နိုင်စွာပွဲဖွင့်၍ ရဲရင့်တဲ့သတ္တိထူးဖြင့် အောင်ပွဲမှူးဖြစ်တော်မူပေသော။ ယော ဇိနော၊ အောင်ပွဲသခင် အကြင်သို့သော ရှင်တော်မြတ်ဘုရားသည်။ ဗောဓိမူလေ၊ မြေများဦးကိုင် မဏ္ဍိုင်သီရိ ဗောဓိသစ်မင်း ပင်ခြေရင်း၌။ ပလ္လင်္ကမှိ၊ နဝရတ်ကိုးသွယ် ဖြိုးကြွယ်ပြောင်လျှမ်း လောင်ကမန်းလင်းထိန်၍ နဝင်းအိမ်စက်ပန်းဖြင့် တက်လှမ်းစံနေတော်မူရာ ရတနာအမြုတေ ကျက်သရေညွတ်ရုံး အထွတ်ဆုံးမှန်ပေသော ပလ္လင်ဗွေဌာန၌။ နိသိန္နော၊ လေးသစ္စာဖူးခိုင်ကို ခူးနိုင်အောင်ခူးမည်ဟု ရည်စူးချက်အဓိဋ္ဌာန်ဖြင့် စိတ်သန်သန်စံနေတော်မူလျက်။ သသေနအာဝုဓံ၊ ဝဲယာ ရှေ့နောက် တောင်ကြီးတွေပေါက်သလို ဘယ်ကလောက်အင်အား ကုဋေပေါင်းဘယ်မျှများသည်ဟု တွက်သားမရနိုင်စဖွယ် ကြီးကျယ်ငြိမ့်ငြောင်း စစ်သည်အပေါင်းနှင့် အစောင်းထက်မြက် လက်နက်အစုံအစုံ မီးကုန်ယမ်းကုန် စွမ်းဟုန်နှင့်တကွ ချီတက်၍ လာသော။ မာရံ၊ လောကတခွင်လုံးကို သိမ်းကြုံးကာစိုးပိုင်၍ ငါလက်ကိုင်လုပ်မည်ဟု ယုတ်မာတဲ့ကြံအားဖြင့် မာရ်ပွားထောင်

လောင် မာရ်နတ်မိုက် အယုတ်ကောင်ကို။ ပါရမီ ခဂ္ဂ၊ တသိန်း နှင့်လေးသင်္ချေ ဘဝတိုင်းပျက်မသွေအောင် အထွေထွေဆည်းပူး၍ ဖြည့်ဘူးတဲ့ မဟာဝသီ ပါရမီထက်မြက် လက်သုံးတော် စိန်သံလျက်ကို။ ဂဟေတွာ၊ ရန်မူဘို့ပြိုင်လာလျှင် အနိုင်သာခွင်းမည်ဟု ရဲတင်းစွာ စွဲကိုင်တော်မူပြီးသော်။ ဇိနာတိ၊ ခုတ်ထွင်ဖြက်ပိုင်း၍ အလိုရှိတိုင်း အောင်မြင်တော်မူပေ၏။ သော ဇိနော၊ ဗောဓိပင်ခြေ ပလ္လင်ဗွေဝယ် အသင်္ချေမာရ်ဂိုဏ်းကို ခုတ်ပိုင်းဖျက်ချိုး၍ စက်တန်ခိုးဖွင့်တော်မူသော ထိုရှင်တော်မြတ်ဘုရားသည်။ သဗ္ဗေ ဝေရီ၊ အတွင်းရန် အပြင်ရန် ဘေးဒဏ်အန္တရာယ် အသွယ်သွယ်ရှိသမျှ အနိဋ္ဌအလုံးစုံတို့ကို။ ပဟန္တွာန၊ ကိုယ်တော်တန်ခိုး စွမ်းကုန်နှိုး၍ ဖျက်ချိုးပယ်လှန့် နယ်ကန့်တော်မူပြီးသော်။ ဝေါ၊ ဤတရားသဘင်မှာ အများပင်လာရောက်၍ ဝမ်းမြောက်ဝမ်းသာ ကြားနာတုံလတ် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား။ ဝရံ၊ အမွန်အမြတ်ဆုံးဖြစ်သော။ ဇယံ၊ အတွင်းရန်အပြင်ရန်တို့ကို ယခု ပစ္စုပ္ပန်မှာလဲအောင် နောင်ခါမှာလဲအနိုင်ရ ဖြစ်လေရာ ဘဝါဘဝမှာ မဟာဇယဆိုတဲ့ အောင်ပွဲကို။ ဒေတု၊ ကရုဏာတရား မေတ္တာအားဖြင့် ပေးသနားတော်မူပါ မြတ်စွာဘုရား။ ။

ယနေ့ဆိုရင် ၁၃၃၇ ခု တန်ခူးလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ ပြည်မြို့မှာရှိကြတဲ့ အမိအဖ ညီအကို မောင်နှမအပေါင်း သူတော်ကောင်းတို့သည် ကိုယ်၏ ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းဖြင့် သစ္စာတရားဓမ္မတွေကို နာကြားနိုင်ကြပါစေလို့ စေတနာ အပြည့်အဝထားပြီး ယနေ့ည ဟောမဲ့တရားက အတီတာနန္တရ ဘဝထိုထိုက ပါလာတဲ့ အကုသိုလ်ဝဋ်ကြွေး အသင်္ချေအနန္တကို ဝိပဿနာနဲ့ဆပ်ပါ၊ မဆပ်လို့ရှိရင် ဘာအပြစ်

သင့်သလဲ၊ ဆယ်လို့ရှိရင် ဘာကျေးဇူးများတယ်ဆိုတာကိုလဲ ဝတ္ထုသာမကနဲ့ ပြမှာပါဘဲ။

သို့သော် ဝိပဿနာဆိုတာ တခြား မဟုတ်ပါဘူး၊ မိမိတို့ သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏အကြောင်းကို ကောင်းကောင်းသိအောင်ကြည့်လို့ "ခန္ဓာငါးပါး သဘောဟာ ဒါဘဲ" လို့ မြင်သွားရင် ဒါဟာ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသာဝဋ်တွေ ပြတ်မယ်၊ ကိလေသာဝဋ်တွေပြတ်တော့ ကမ္မဘဝ သင်္ခါရဆိုတဲ့ ကမ္မဝဋ်တွေသေ၊ အဲဒီလို ကမ္မဝဋ်တွေ ကိလေသာဝဋ်တွေ သေခဲ့သော် အတိတ်ကပါလာတဲ့ အကုသိုလ်အသင်္ချေ ဒီဘဝမှာဖြစ်တဲ့ အကုသိုလ်အနန္တတွေဟာ အကုန်လုံး ပြာကျသွားပါတယ် တဲ့။

ဒါကြောင့်မို့လို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက "ဝိပဿနာ အားထုတ်မယ်ကြံရင် ဉာတပရိညာနှင့် ဒိဋ္ဌိကို အရင်ဖြုတ်ပါ" တဲ့။ "ဒိဋ္ဌိဖြုတ်မယ်ကြံရင်လဲ ခန္ဓာရဲ့ဖြစ်စဉ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ကြိုးစားပါ" ဆိုတော့ အခု သူတော်ကောင်းတွေ အတိတ်တုန်းက အဝိဇ္ဇာ သင်္ခါရတရား နှစ်ပါးကြောင့် စုတေမနေ သေလွန်တဲ့အခါ ဦးပဋ္ဌင်းတို့တွေမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားကြီးတွေဟာ ကိုယ်စီကိုယ်ငှ ရသလား၊ မရသလားလို့မေးရင်.... (ရပါတယ်ဘုရား)။

အားလုံးဘဲ စောစောကပြောသလို ဘယ်ကစသလဲဆိုတော့ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာလို့ ဘုရားက ကုသိုလ်ကြောင့် လူ့ခန္ဓာငါးပါးကြီးရဲ့

ဒုက္ခကို ပြတယ်တဲ့ဆိုတော့ ဇာတိက ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါ ဘုရား)။ ဇာတိက စပြန်တော့ ဆံဖြူနားထိုင်း ခါးကိုင်းသွားကျိုး အိုခြင်းဆိုးဖြစ်တာကကော ... (ဒုက္ခသစ္စာပါဘုရား)။

ဒီဒုက္ခက အကုသိုလ်ကြောင့် ရတာလား၊ ကုသိုလ်ကြောင့်ရတဲ့ ဒုက္ခလား။ (ကုသိုလ်ကြောင့် ရတာပါဘုရား)။ ဩော်-ကုသိုလ် ကြောင့်ရတဲ့ ဒုက္ခကလဲ မသေးပါလား။ (မှန်လှပါဘုရား)။ မသေးဘူး၊ တော်တော်ကြာကျတော့ သူတော်ကောင်းတွေက ဘာများ ဖြစ်အုံးမယ်လို့ ထင်ကြသလဲ။ (နာမှာပါဘုရား)။ နာ အုံးမှာ-နာအုံးမှာ။ နာတယ်ဆိုတာ ပေါ့ပေါ့တန်တန် မအောက် မေ့ကြပါနဲ့၊ ကိုယ့် ကျင်ကြီးကျင်ငယ်တောင်မှ မသိမ်းနိုင် မထိန်း နိုင်တဲ့အခါကျတော့ အရှက်တကွဲ အကျိုးနဲ့ဖြစ်ရတာကို နာပွဲ ကြီးလို့ မှတ်ကြတာပေါ့။ (မှန်လှပါဘုရား)။ အဝတ်ကောင်း ချွတ်ပြီး အဝတ်ဟောင်းတွေ ဝတ်ရတာလဲ နာပွဲသတ္တိပါဘဲ။ (မှန်ပါဘုရား)။

အနှစ်နှစ်အလလက ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေ ဘယ်လိုရှိငြားသော်လည်း မကျန်းမမာတဲ့အခါ မတည့်လို့ မစား ရတာနဲ့ မစားနိုင်လို့ ဘေးပုံပြီးတော့ အငတ်နေရတာ။ နာပွဲ ဆိုတာ ရိုးရိုးလား၊ အငတ်နေရတဲ့ပွဲလား။ (အငတ်ပွဲပါဘုရား)။ ဟာ-ဒီအငတ်ပွဲဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား)။ အကုသိုလ်ကြောင့်ရတဲ့ ဒုက္ခသစ္စာလား၊ ကုသိုလ်လုပ်ပြီးရတဲ့ ဒုက္ခ သစ္စာလား။ (ကုသိုလ်ကြောင့်ရတဲ့ ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သစ္စာလေးပါး မသိတာက-အဝိဇ္ဇာ၊ ဘုံဘဝကို တောင့်တပြီး ကုသိုလ်ကောင်းမှုတွေ ပြုလုပ်တာက-သင်္ခါရ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရဆိုတာ သေချာပြီလား။ (သေချာပါပြီဘုရား)။

သင်္ခါရဆိုတဲ့ ကုသိုလ်က ဦးစီးပြီးတော့ လူ့ဘဝဇာတိကြီး ရလာတယ်ဆိုတော့ ဒီခန္ဓာငါးပါးသည် ပြဟ္မာကြီးတွေက ပေါက်ဖွားတယ်ဆိုတာကော ဟုတ်နိုင်ပါ့မလား။ (မဟုတ်နိုင်ပါဘုရား)။

ဩော်–ဒါဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာအကြောင်းကြောင့် ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာဘယ်နှစ်ပါးပေါ်သလဲ.... (ငါးပါးပါဘုရား)။ ဘယ်တရားနှစ်ပါးက လုပ်လို့ပါလဲ.... (အဝိဇ္ဇာနဲ့ သင်္ခါရကပါဘုရား)။ ဒါဖြင့် အဝိဇ္ဇာ သင်္ခါရက အကြောင်းပေါ့။ (မှန်လှပါဘုရား)။ အဝိဇ္ဇာ သင်္ခါရ အကြောင်းသိတော့ ဘာသေလဲ။ (သံသယဝိစိကိစ္ဆာ သေပါတယ်ဘုရား)။ အဝိဇ္ဇာ သင်္ခါရအကြောင်းနှစ်ပါးက တည်ထောင်လိုက်တာ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ ပုဂ္ဂိုလ် သတ္တဝါတွေလား၊ ခန္ဓာငါးပါးလား။ (ခန္ဓာငါးပါးပါဘုရား)။ ခန္ဓာငါးပါးပါလို့သိတော့ ဒိဋ္ဌိကော မစင်သေးဘူးလား။ (စင်ပါပြီဘုရား)။ ဘာနားလည်လို့ ဒိဋ္ဌိစင်ပါလိမ့်။ (ခန္ဓာငါးပါးကိုသိလို့ပါဘုရား)။

ဟုတ်ပြီ–ခန္ဓာငါးပါးဟာ ယောကျ်ား မိန်းမ မဟုတ်ဘူးဆိုတာသိလို့ ဒိဋ္ဌိစင်တော့ ခန္ဓာငါးပါးသည် မိုးပေါ်က ကျတာလား၊ သိကြားပြဟ္မာက ဖန်ဆင်းတာလား၊ အဝိဇ္ဇာ သင်္ခါရ အကြောင်းကြောင့်လား။ (အဝိဇ္ဇာ သင်္ခါရအကြောင်းကြောင့်ပါဘုရား)။ အဝိဇ္ဇာ သင်္ခါရအကြောင်းသိတော့ ဒီခန္ဓာငါးပါး ဘယ်က လာပါလိမ့်မလဲလို့ တွေးတဲ့ ဝိစိကိစ္ဆာ ရှင်းမသွားဘူးလား။ (ရှင်းသွားပါတယ်ဘုရား)။ အဝိဇ္ဇာ သင်္ခါရက တည်ထောင်တာ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ ပုဂ္ဂိုလ်သတ္တဝါလား၊ ခန္ဓာငါးပါးလား။ (ခန္ဓာငါးပါးပါဘုရား)။

ဒါဖြင့် ငါယောက်ျား ငါမိန်းမဆိုတဲ့ ဒိဋ္ဌိကကော၊ စင်မသွားဘူးလား။ (စင်သွားပါတယ်ဘုရား)။ ဒိဋ္ဌိ ဝိစိကိစ္ဆာဟာ ဘာမျိုးစေ့လဲမေးတော့... (အပါယ်မျိုးစေ့ပါဘုရား)။ အပါယ်မျိုးစေ့-ဒီဒကာဒကာမတွေရဲ့ သန္တာန်မှာရှိသေးလား။ (မရှိပါဘုရား)။ ဘာနားလည်လို့လဲမေးတော့-ပဋိစ္စသမုပ္ပါဒ် နားလည်လို့။ ဘာပဋိစ္စသမုပ္ပါဒ်လဲမေးတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ စင်သွားပြီဆိုတဲ့အသိနှင့် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ်နားလည်လို့။

ဒါဖြင့် အတိတ်ကပါလာတဲ့ အကုသိုလ်ဝဋ်ကြွေး အသချေအနန္တကို ဘာနဲ့ဆပ်ကြမလဲ။ (ဝိပဿနာဉာဏ်နဲ့ ဆပ်ရပါမယ်ဘုရား)၊ ဝိပဿနာနဲ့ဆပ်ကြ။ မဆပ်လို့ရှိရင် တပည့်တော်တို့ ဘာအပြစ်သင့်တုံး၊ ဝိပဿနာဉာဏ်နဲ့ဆပ်ရင် ဘာ အကျိုးကျေးဇူးများတုံးဆိုတော့ အခု ဦးပဥ္စင်းတို့တတွေမှာ ထိုင်နေတဲ့အခါ အငြိမ်နေလို့ရသလား၊ ဒီ ခန္ဓာကိုယ်ကြီး ကို အတိတ်တုန်းက အကုသိုလ်က တည်ထောင်သလား၊ ကုသိုလ်က တည်ထောင်သလား။ဩော်-ကုသိုလ်က တည်ထောင်တဲ့ ခန္ဓာကြီး၊ကိုးလလွယ်ဆယ်လဖွားရတော့ ဇာတိပဋိသန္ဓေချောက်ထဲကျခဲ့လို့ ညောင်းလဲမလှုပ်နဲ့ကွ၊ ယားလဲ မကုတ်နဲ့ကွ၊ အပူစားလဲ မင်းအပေါ်ကျ၊ အအေးစားလဲ မင်းအပေါ်ကျ၊ ကိုးလဆယ်လထောင်ကျကွဆိုတာဟာ သစ္စာမသိတဲ့ ကုသိုလ်ကပေးတဲ့ ဒုက္ခသစ္စာဘဲ။

ဒါဖြင့် ကုသိုလ်လုပ်ရင် နိဗ္ဗာန်ရောက်တယ်ဆို၊ ကုသိုလ်တိုင်း နိဗ္ဗာန်ရောက်ရဲ့လား၊ သစ္စာမသိတဲ့ကုသိုလ် နိဗ္ဗာန်မရောက်ဘူး၊ ဒုက္ခရောက်တယ်။ လူ့ဘဝ လူ့ချမ်းသာက စတာလား၊ ကိုးလလွယ်ဆယ်လ ဒုက္ခသစ္စာက စတာလား။ (ဒုက္ခသစ္စာက စတာပါဘုရား)။

ဒါဖြင့် ကုသိုလ်ပြုရင် လူချမ်းသာရတယ်ဆိုတာက သမုတိသစ္စာနဲ့ ပြောကြတာပါ။ ပရမတ္ထသစ္စာ ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်ကြည့်ပြန်ရင် ဇာတိပဋိသန္ဓေက စလာပြန်တော့ ယခု ဆံဖြူ နားထိုင်း ခါးကိုင်း သွားကျိုး၊ ပြုရင်း ပြင်ရင်းနဲ့ အသားအရေတွေ လိပ်လာကြပြန်တယ်။ အဲဒါ ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား)။ ဒါနဲ့ ကုသိုလ်လုပ်ရင် နိဗ္ဗာန်ရောက်တယ်ဆို၊ သစ္စာမသိတဲ့ ကုသိုလ်များ နိဗ္ဗာန်မရောက်။ လူ့ဘဝ လူ့ချမ်းသာက စတာလား၊ ကိုးလလွယ်ဆယ်လ ဒုက္ခသစ္စာက စတာလား။ (ဒုက္ခသစ္စာက စတာပါဘုရား)။

ဒါဖြင့်—ကုသိုလ်လုပ်ရင် နိဗ္ဗာန်ရောက်တယ်ဆို၊ သစ္စာမသိတဲ့ ကုသိုလ်များ နိဗ္ဗာန်မရောက်ဘူး၊ လူ့ဘဝဒုက္ခရောက်တယ်၊ ဉာဏ်နဲ့ကြည့်ပါ၊ သူများပြောသံကြားလား၊ ကိုယ့်ကိုယ်တိုင် တွေ့တာလား။ (ကိုယ့်ကိုယ်တိုင် တွေ့တာပါဘုရား)။ ဟန်လုပ်တွေ့တာလား၊ အမှန်ဘဲလား။ (အမှန်ပါ ဘုရား)။ ကိုယ့်ကိုယ်တိုင်တွေ့နေရတာက ဆင်းရဲလား၊ ချမ်းသာလား။ (ဆင်းရဲ အမှန်ပါဘုရား)။

အမှန်က–သစ္စာ၊ ဆင်းရဲဟာက–ဒုက္ခလို့ဆိုတော့ ဒုက္ခနဲ့ သစ္စာပေါင်းတော့ (ဒုက္ခသစ္စာပါ ဘုရား)။ ဘယ်မှာလဲ လူချမ်းသာဆိုတာ၊ ပြစရာရှိရဲ့လား၊ ဒါဟာ သစ္စာဉာဏ်လို့ မှတ်ထားကြပါ။ ကဲ–ရှေ့တလုံးသွားလိုက်တော့ တော်တော်ကြာ ဆဝတ်ကောင်းတွေ ချွတ်ရတဲ့နာပွဲ၊ တံတွေးထွေးခံရတဲ့နာပွဲ၊ ကိုယ့်ကျင်ကြီးကျင်ငယ်ကိုမှ မထိန်းနိုင် မသိမ်းနိုင်တဲ့ ပွဲတွေ၊ အရှက်တကွဲ အကျိုးနဲရတဲ့ပွဲ၊ စားချင်တာကိုမှ မစားနိုင်ဘဲ အငတ်နေရတဲ့ ပွဲတွေကို မနွဲ့ရပေဘူးလား။ ဒကာဒကာမတွေ တွေ့ရမှာလား၊ မတွေ့ရဘူးလား။ (တွေ့ရမှာပါ ဘုရား)။

ဪဩ်–တွေ့ချင်ကြသလား။ မတွေ့ချင်ဘဲနဲ့ တွေ့ရတာ ဘာ သစ္စာပါလိမ့်...(ဒုက္ခသစ္စာပါ ဘုရား)။ ဦးပဥ္စင်းတို့ ဒကာဒကာ မတွေ့ တွေ့ရတဲ့ ဖြစ်စဉ်ကြီးပါ။ (မှန်ပါ ဘုရား)။ ကုသိုလ် ကြောင့် လူ့ဘဝချမ်းသာကြီး ရ,ရပါလို၏ဆိုတော့၊ အေး–မင်း ဒီလောက် လူ့ဘဝချမ်းသာကြီးလိုချင်ရင် "ကိုင်း–ရော့ကွာ"ဆို ပြီး အဝိဇ္ဇာပစ္စယာ သင်္ခါရက ဇာတိပြီးတော့ ဇရာဗျာဓိပေး တယ်တဲ့။

ဘုရားက ဟောချင်လို့ဟောတာလား၊ ခန္ဓာ့ဖြစ်စဉ်ကို ကြည့် ဟောတာလား။ (ခန္ဓာ့ဖြစ်စဉ်ကို ကြည့်ဟောတာပါ ဘုရား)။ ဘုရားရှင်ကလဲ အကုန်သိလို့ ဟောထားတယ်၊ ကိုယ်ကလဲ ကိုယ် ပိုင်ဉာဏ်နဲ့ပြန်ကြည့်တော့ တထပ်ထဲ ကျမနေဘူးလား။ အဲဒီ တော့ နားထောင်ကောင်းတဲ့တရားနဲ့ သစ္စာသိတဲ့တရား ဘယ် ဟာက ပိုအကျိုးရှိတုံး။ (သစ္စာသိအောင် ပြောတဲ့တရားက ပို အကျိုးရှိပါတယ် ဘုရား)။

ဝတ္ထုထုတ်ပါ့မယ်၊ ဒါကလေးက ရှေ့ပိုင်းမှာ သဘောကျ အောင် ပြောထားတာပါ။ နာပြီးသေရမယ်ဆိုလဲ မလွဲပါဘူး။ ဒါဖြင့်–ကုသိုလ်လုပ်ရင် နိဗ္ဗာန်ရောက်တယ်ဆို၊ အခု နိဗ္ဗာန်ရောက် သလား၊ ကိုယ့်ကိုယ်တိုင် ဒုက္ခရောက်နေသလား။ (ကိုယ့်ကိုယ် တိုင် ဒုက္ခရောက်နေပါတယ် ဘုရား)။ ဘာမသိတဲ့ ကုသိုလ်ကြောင့် ပါလိမ့်မလဲ၊ သစ္စာမသိတဲ့ ကုသိုလ်ကြောင့်။ ကုသိုလ်မှန်သမျှဟာ ပုညံ သုခံ ဇနေတိ နိဗ္ဗာန်ပို့တဲ့ တရားတွေပါ။

သို့သော်လဲ – ကုသိုလ်အပေါ်မှာ သစ္စာမသိတဲ့ အဝိဇ္ဇာက ဖုံးထားလို့ ဘဝတောင့်တတဲ့ တဏှာဖြစ်ပြီး အဝိဇ္ဇာကနိဗ္ဗာန် ကန့်ကွက် ထားလိုက်တာဘဲ၊ ကုသိုလ်က ဒုက္ခ ရောက်အောင်

လုပ်တာမဟုတ်ပါဘူး၊ အဝိဇ္ဇာတဏှာက လုပ်တာပါ့၊ အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓော ကုသိုလ်မျိုးလုပ်ရင် အနဲဆုံး သုဂတိ ဘဝကိုရောက်ပြီး နိဗ္ဗာန်ကိုမြင်ရမယ်။ (မှန်ပါတယ် ဘုရား)။

ဒါဟာ စတုကနိပါတ် အင်္ဂုတ္တိုရ် သောတာနုဂတ သုတ်မှာ လာတယ်။ "သောတာပန် နတ်ပြည်ရောက်တော့ကော ဘုရား" လို့ဆိုရင် အို–သောတာပန်ဟာ အထက်မဂ်တွေ အထက်ဖိုလ် တွေမှ မရသေးတော့ နိဗ္ဗာန်ကို ဒီဘဝမှာလဲ မြင်တယ်၊ နောင်ဘဝ လဲမြင်ပြီး နတ်ပြည်ရောက်တာဘဲ၊ ရှင်းပြီလား။ (ရှင်းပါ့ပြီ ဘုရား)။

·ကဲ–ကောင်းပြီ၊ ဒီကုသိုလ်ကြောင့်တောင် ခန္ဓာငါးပါးရတဲ့ နေ့ကစပြီး ဒီလောကဒုက္ခများနေရရင် အကုသိုလ်ကြောင့် ရတဲ့ ခန္ဓာမှာ ပြောဘွယ်ရာရှိပါ့မလား၊ ခန္ဓာရတာချင်းတူပေမဲ့နိုပ်စက် ဘို့အကုသိုလ် ပါလာတဲ့ ပုဂ္ဂိုလ်ကျတော့ တချို့ ကားမှောက် လို့တောင် သေရသေးတယ် တဲ့။

အဲဒါကြောင့် ယနေ့ဟောမဲ့တရားက အကုသိုလ် အသခ်ျေ အနန္တကို ဘာနဲ့ဆပ်ကြမယ် .... (ဝိပဿနာနဲ့ ဆပ်ရမှာပါ ဘုရား)။ ဘယ်သူကျေသလဲဆိုတာ ဝတ္ထုကိုလဲပြမှာပါ။ အချို့ သေနတ်ပစ်ခံရလို့ သေတယ် တဲ့။ ခန္ဓာငါးပါးချင်းအတူတူ သူ့ ကျတော့ ဘယ့်နှယ်ကြောင့် ဒီဒုက္ခတွေ ပိုပါလိမ့်မလဲဆိုတော့ အတိတ်ကအကုသိုလ်လို့ မှတ်ပါ။ အလွန်ကြောက်စရာကောင်းပါ လားနော်။

ဖါးကလေးဖြစ်လို့ မြွေပါးစပ်ထဲ အခွန်ဆပ်ရတာဘာကြောင့် ပါလိမ့်ဗျာ။ အကုသိုလ်ကြောင့်။ တချို့ အကောင်းသား၊ ကိုယ့်အိမ် ပေါ်မှာထိုင်နေရင်း သူများက ·လာသတ်သွားပြန်သတဲ့၊ ဒါဘာ

ကြောင့်ပါလိမ့်ဗျာ။ အကုသိုလ်ကြောင့်ပေါ့။ ဒါဖြင့် ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာရော ဒီအကုသိုလ်မျိုး ပါ မပါ၊ ဘုရား ရဟန္တာတွေတောင်မှ လွတ်ရဲ့လား။ (မလွတ်ပါ ဘုရား)။ ဟို ပုဂ္ဂိုလ်တွေတောင်မှမလွတ်ဘဲ ဦးပဥ္စင်းတို့ ဒကာဒကာမတွေမှာ စဉ်စားကြည့်နော်။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတို့ သေး အန်တဲ့ရောဂါဟာ အတိတ်ကပါလာတဲ့ အကုသိုလ်တွေပါ၊ ရှင် မောဂ္ဂလာန်ကြီးကို ခိုးသားတွေရိုက်လိုက်တာ ဖွတ်ဖွတ်ကျေသွား တာဘဲ၊ ဒါဘယ်တုန်းက အကုသိုလ်တွေ ပါလိမ့်မတုံးဆိုရင် အတိတ်ကပါလာတာ တဲ့။

လောကသုံးပါးမှာ အရဟံ အစ ဘဂဝါအဆုံး ရွှေဘုန်းတော် ကျက်သရေနှင့် ပြည့်စုံတော်မူထသော။ အပ္ပဋိပုဂ္ဂလော၊ တူသူ ပြိုင်သူ ဆိုင်သူ နိုင်သူ မရှိတဲ့ တကယ့်အဓိပတိ ပုဂ္ဂိုလ်ထူးလဲ ဖြစ် တော်မူပေထသော။ ဗလပတ္တော၊ အားတော်ဆယ်တန် ဉာဏ် တော်ဆယ်ဝ ဘယ်သူမှမပြည့်စုံနိုင်တဲ့ ဗလအစွမ်းနဲ့လဲ ပြည့်စုံ တော်မူထသောဆိုတဲ့ အဲဒီကိုယ်တော်မြတ်ကြီးတောင်မှ "ခါးကိုက် လိုက်ကွ"ဆိုရင် ကိုက်ရတယ်မဟုတ်လား၊ ခေါင်းကိုက်လိုက်ကွ ဆိုရင် ကိုက်ရပြန်တယ်။

ဒါဘာကြောင့် ဖြစ်ရတဲ့ ဒုက္ခတွေပါလိမ့်.... (အကုသိုလ် ကြောင့်ပါဘုရား)။ အတူမရှိတဲ့ ပုဂ္ဂိုလ်ကြီးတောင် အကုသိုလ် တွေက ဒီလောက်နှိပ်စက်နေရင် ဦးပဥ္စင်းတို့တတွေမှာ ဒီလိုနှိပ်စက် မည့် အကုသိုလ်မျိုး ပါ မပါ...(ပါပါတယ် ဘုရား)။ သေချာ သွားပြီနော်။

ကြက်ကလေးတွေဖြစ်လို့ ဈေးထဲမှာ ခြေနှစ်ချောင်းဆွဲပြီး ရေနွေးဖျောခံရတာ ဘယ်သူ့သတ္တိပါလိမ့်၊ အကုသိုလ်သတ္တိပေါ့။

နွားဖြစ်လို့ ပခုံးကမီးဟုန်းဟုန်းတောက်အောင် ရုန်းရပြီး အသုံး မကျတဲ့အခါကျမှ ရတဲ့ဈေးနဲ့ ရောင်းတော့ ကိုယ့်အရိုးကိုယ့်အရေ သယ်ပြီး အမဲစက်ရုံသွားရတာ ဘယ်သူ့သတ္တိပါလိမ့်၊ အကု သိုလ်သတ္တိ။

အဲဒါမျိုးကျတော့ ခံနိုင်စွမ်း ရှိပါ့မလား။ (မရှိပါဘူး ဘုရား)။ ဒါဖြင့် အတိတ်ကပါလာတဲ့ အကုသိုလ်ဝဋ်ကြွေး အသခေါ်အနန္တကို ဝိပဿနာနဲ့ ဆပ်ကြပါ။ အဲဒါများ သူတော် ကောင်းတွေက မှုနေကြအုံးမှာလား၊ မမှုကြပါနဲ့။

တချို့အိမ်ပေါ်မှာ အိပ်နေရင်း သူများက လာသတ်သွား လို့ တဲ့။ ခန္ဓာချင်းအတူတူ သူ့မှာအကုသိုလ်ဇောက သိတ်များ တဲ့အခါကျတော့ ချက်ချင်းလာပြီး အကျိုးပေးလိုက်တယ်၊တချို့ ဇွဲကြိုးချသေတယ်။ တချို့ကျတော့လဲ လမ်းသွားရင်းနဲ့ သူများ ကချောင်းပြီး ဒါးနဲ့ခုတ် ဒုတ်နဲ့ရိုက်သတ်လိုက်သတဲ့။ တချို့ကျ တော့လဲ သူပုန်သူကန်နဲ့တွေ့လို့ ခေါ်ပြီး တစိုထိုး သတ်လိုက် သတဲ့။ သေနတ်နဲ့ပစ်သတ်သတဲ့။ ဒါ ဘယ်သူ့သတ္တိပါလိမ့်.... (အကုသိုလ်သတ္တိပါ ဘုရား)။ အဲဒါမျိုးကျတော့ကော ခံနိုင်စွမ်း ရှိပါ့မလား။ (မရှိပါဘူး ဘုရား)။

ခံနိုင်စွမ်းမရှိရင် ဒါတွေက တွေ့ရမှာလား။ မတွေ့ရဘူးလား။ (တွေ့ရမှာပါ ဘုရား) ။ကြည့်လေ–ခေတ်ပျက်တုန်းကဆိုရင်ဗုံးသံ တွေ သေနတ်သံတွေကြားမှာ ကြောက်ကြောက်လန့်လန့်နဲ့ နေရ တာဟာ ဘယ်သူ့သတ္တိတွေထင်တုံး။အတိတ်တာနန္တရ ဘဝထိုထိုက ပါလာတဲ့ အလည်ဇောင်းချက်တွေက လိုက်ပြီးအကျိုးပေး နေတာပါ။အခုကော အေးအေးဆေးဆေး နေရရဲ့လား၊ မီးဘေး ရေဘေး ခိုးသူဘေးတို့ ပူမနေရဘူးလား၊ ပြည်မြို့ကြီးမှာ ရေတွေ

မြုပ်လို့ ဒီနှစ်မိုး တွင်းက ဒုက္ခရောက်ကြရတယ်၊ ဆုံးရှုံးကြတယ် မဟုတ်လား။ ဒါဘယ်သူ့သတ္တိတုံး။ အကုသိုလ်သတ္တိ။

အဲဒါကို ဝိပဿနာဉာဏ်မှ မရရင် ဒါတွေပျောက်ပါ့မလား။ (မပျောက်ပါဘူး ဘုရား)။ ဝိပဿနာဉာဏ်နဲ့ဆပ်ရင် သူတော်ကောင်းတို့ ၁၃ မိုင်ပတ်လည်ရှိတဲ့ ရေကန်ထဲမှာရှိတဲ့ ရေတွေကို သမန်းမြက်ဖျားနဲ့တို့ပြီး ယူလိုက်စမ်းပါ၊ သမန်းမြက်ဖျားမှာ ပါလာတဲ့ရေနဲ့ ရေကန်ထဲမှာရှိတဲ့ရေ ဘယ်ဟာက များတုံး။ (ရေကန်ထဲက များပါတယ် ဘုရား)။ ဒီဝိပဿနာဉာဏ်နဲ့ "ဒီခန္ဓာကြီးမှာ အနိစ္စတရား ဒုက္ခတရား အနတ္တတရား ဒုက္ခသစ္စာတွေပါလား"လို့ ဒီအမြင်မျိုးမြင်လိုက်ရင် အကုသိုလ်ဝဋ်ကြွေးတွေဟာ ရေကန်ထဲမှာ ကျန်ရစ်တဲ့ရေလောက် ကိုယ့်အတွက် လျော့သွားပြီ။ (မှန်ပါ ဘုရား)။ အကုသိုလ်ဝဋ်ကြွေးက ကိုယ့်အတွက် သမန်း မြက်ဖျားမှာ ရှိတဲ့ရေမှုန်လောက်ဘဲ ကျန်တော့တယ်ဆိုတော့ ဒီအလုပ်ဟာ တကယ်ကြိုးစားသင့်တဲ့ အလုပ်လို့ မှတ်လိုက်စမ်းပါ။ သဘောပါကြရဲ့လား။ (ပါ,ပါတယ် ဘုရား)။ ဘာဖြစ်လို့လဲဆိုတော့—

ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။

ယာဒိသံ၊ အကြင်သို့သော သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပတေ၊ မြေ၌ စိုက်ပျိုးလေသည်ရှိသော်။ တာဒိသံ၊ ထိုမျိုးစေ့နှင့်တူသော။ ဖလံ၊ အသီးအနှံသည်။ ဟရတေ၊ သီးပွင့်၍လာရလေ၏။ ပါပကာရီ၊ မကောင်းသောတရားကို ပြုလုပ်သူသည်။ ပါပကံ၊ မကောင်းသောအကျိုးကို။ လဘတေ၊ ရရှိပါပေ၏။ ကလျာဏကာရီ၊ ကောင်းသောအကျင့်ကို ကျင့်သော

သူသည်။ ကလျာဏ၊ ကောင်းသောအကျိုးကို။ လဘတေ၊ မုချ ပိုင်ပိုင် ရရှိနိုင်ပါပေသတည်း။ ။

(သာဓု-သာဓု-သာဓု ပါဘုရား)။

ကိုင်း- ဝတ္ထုထုတ်မယ်နော်။ အရှင်ဘုရားပြောလို့ တပည့်တော်တို့ သိပါပြီ ဘုရား။ မလုပ်မဖြစ်ဘူးဆိုတော့ ဦးပဉ္စင်းက တိုက်တွန်းနေရမှာလား၊ ကိုယ့်ကိုယ်တိုင်က ကြိုးစားရမှာလား။ တယောက်ထဲလား၊ လူတိုင်းလူတိုင်းလား။ (လူတိုင်း လူတိုင်းပါဘုရား)။ ကောင်းပြီ၊ အရှင်ဘုရားပြောပြလို့ သံဝေဂဉာဏ်ကြီးတွေ ပေါ်လာပါပြီ ဘုရား၊ အားထုတ်ပါ့မယ်။ ဘယ်ပုံဘယ်နည်း အားထုတ်ရမယ်ဆိုတာလဲ သိချင်ပါပြီ ဘုရား။ ဒီအကုသိုလ်အသင်္ချေအနန္တတွေကို ဘယ်သူများ ဝိပဿနာဉာဏ်နဲ့ ဆပ်လို့ ကျေသွားသလဲ။ ဝိပဿနာဉာဏ်နဲ့မဆပ်လို့ ဘယ်သူများ ဘဝဆက်တိုင်း ခံနေရသလဲဆိုတဲ့ ဝတ္ထုလေးကို ဦးပဉ္စင်းက ထုတ်ပြမယ်။

ဒီကမ္ဘာမှပြန်၍ရေတွက်လိုက်သည်ရှိသော် ၉၁-ကမ္ဘာလောက်တုန်းက သုမေဓာ မြတ်စွာဘုရားပွင့်နေတယ်၊ ဝိဇ္ဇာဓိုရ်တပါးဟာ ကောင်းကင်ယံကအသွား မဟာလှေကား ပန်းသုံးပွင့်ကိုယူပြီး လှူဒါန်းလိုက်ပါတယ်။ မြတ်စွာဘုရားက သစ္စာတရားဟောလို့တော့ ဒီပုဂ္ဂိုလ်နားလည်မှာ မဟုတ်ဘူး၊ သူ့စေတနာ သဒ္ဓါတရားတိုးပွားအောင် ဆိုပြီးတော့ မဟာလှေကား ပန်းသုံးပွင့်ကို အထက်သို့ အဓိဋ္ဌာန်ပြီး ပစ်တင်လိုက်တော့ ပန်းဗိမာန်ကြီးကြက်သကဲ့သို့ အလွန်တရာမှ ကျက်သရေ ရှိလှပါတယ်တဲ့။ ဒီကျက်သရေရှိလှတဲ့ ပန်းဗိမာန်ကြီးကို မြင်ရတော့ ဝိဇ္ဇာဓိုရ်ရဲ့ဘဝင်ဟဒယမှာ ရွှင်ပျပြီး စုတေမနေ သေလွန်တဲ့အခါ ကိုးဆယ့်

တကမ္ဘာတိုင်တိုင် အပါယ်မလားဘူးတဲ့။ (မှန်ပါဘုရား)။ ဒါ ကြောင့် ထေရာအပဒါန်ပါဠိတော်မှာ—

ဝိဇ္ဇာဓရော တဒါ အာသိံ၊ အန္တလိက္ခေစရော အဟံ။
တိသူလံ သုကတံ ဂယှ၊ ဂစ္ဆာမိ အမ္ဗရေ တဒါ။

တဒါ၊ ထိုနှစ်ကျိပ်ရှစ်ဆူဂိုဏ်းဝင် အရှင်သုမေဓာဘုရား ထင် ရှား ပွင့်တော် မူသောအခါ၌။ အဟံ၊ ဥတ္တရဟု နာမသမုတ် အကျွန်ုပ်သည်။ အန္တလိက္ခေစရော၊ လောကီအစွမ်း ကောင်းကင် လမ်းဝယ် ပျံသန်းကွန့်မြူးနိုင်သော။ ဝိဇ္ဇာဓရော၊ သံပြဒါး အင်း ဓာတ်နဝင်းကို ပိုင်နင်းတံလတ် ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်မြတ်သည်။ အာသိံ၊ ဖြစ်ခဲ့ရဘူးပါသည်။ တဒါ၊ ထိုဝိဇ္ဇာဓိုရ်ဖြစ်သောအခါ ၌။ သုကတံ၊ သိဒ္ဓိအစွမ်း လောကီလမ်းဝယ် အဆန်းတကြယ် စီစဉ် ရှိထားအပ်သော။ တိသူလံ၊ လှံတံသုံးခွရှိသော ဆေးတောင် ဝေးကို။ ဂယှ-ဂဏှိတွာန၊ ခိုင်ခိုင်မြဲမြဲ ကိုင်ကာစွဲလျက်။ အမ္ဗရေ၊ တိမ်ခြေစခန်း လေလမ်းအပြင် မိုးကောင်းကင်၌။ ဂစ္ဆာမိ၊ ဂါထာ မြွက်ကျူး တိမ်ညွန့်ဦးဝယ် ကွန့်မြူးသွားလာကာ နေခဲ့ရပါပေ သတည်း။

(သာဓု—သာဓု—သာဓု ပါဘုရား)။

အဲဒီဝိဇ္ဇာဓိုရ်ဘဝက စုတေမနေ သေလွန်တော့ ဗြဟ္မာပြည် ရောက် တဖန်ဘဝတွေပြောင်းပြီးလာလိုက်တာ တခုသောလူ့ဘဝ ရောက်လာတော့ သူငယ်လေးဖြစ်ခိုက် အိမ်နားမှာ ပေါက်ရောက် နေတဲ့ တမာပင်ပေါ်မှာ ကြီးကန်းသိုက်ထဲက ကြီးကန်းကလေး တွေတက်နှိုက်ပြီးတမာရိုးလေးတွေချွန်ကာလျှိုထိုးလို့ကစားသတဲ့။ သူငယ်ဘဝနော်။ (မှန်ပါဘုရား)။ နောက်အရွယ်ရောက်လာပြန်

တော့ အပေါင်းအသင်း မတော်တာတွေနှင့် ပေါင်းသင်းတော့ မိဘများက "သားရယ် လူလေး၊ ဒီလူနဲ့ မပေါင်းပါနဲ့ သားရဲ့၊ ဒီလမ်းဒီစခန်း မသွားစမ်းပါနဲ့ သားရယ်၊ အဖေတို့အမေတို့ စကားနားထောစမ်းပါ"လို့ ပြောတော့လဲ လူငယ်လူရွယ်ဆိုတော့ လောဘဒေါသစိတ်တွေ လွှမ်းမိုးနေတုန်းမို့ အမေမိဘက ကောင်းစေချင်လို့ ပြောပေမဲ့ သူတို့ကနားထောင်ရဲ့လား။ နားမထောင်ချင်တော့ ဒေါသကြီးကြီးနဲ့ အမေမိဘများကို "ခင်ဗျားတို့က လျှာကိုရှည်တယ်၊ သူများသွားမဲ့လာမဲ့လမ်းကို နိမိတ်မရှိ နမာမရှိနဲ့၊ ဒီလောက်လျှာရှည်နေရင် လျှာကိုသိတ်နဲ့ သိထားဘို့ကောင်းတယ်"လို့ ဒီလိုပြန်ပြီးတော့ ပြောလိုက်သတဲ့။ ဒကာဒကာမတွေ ဒါဟာ မစားရဘဲဖြစ်တဲ့ အကုသိုလ်နော်၊ ကြောက်စရာမကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)။ ဒါကြောင့်—

ဝိပါက်ရောက်ရေး၊ ကြောက်သေးတုန်ဖွယ်။
ဘုရားသော်လဲ၊ ရှောင်လွှဲမလွှယ်။
တွေ့ကြုံမြဲမို့၊ တဝဲလယ်လယ်။
မလွှတ်သေး၊ ဝဋ်ကြွေးခက်လှတယ်။
စာနာထောက်ထား၊ သနားမျှော်ခေါ်။
ကုသိုလ်ပွားမှု၊ အားပြုကြနော်။
နှိပ်စက်ညှဉ်းပန်း၊ သရမ်းပျက်ချော်။
ရှောင်ကြဉ်ရေး၊ ဝဋ်ကြွေးစင်ဘို့နော်။

ဦးပဉ္ဇင်းတို့ ဒကာဒကာမတွေ အကုသိုလ်ကြောက်စရာကောင်းတယ်။ အဲဒီဘဝက စုတေမနေ သေလွန်ခဲ့သော် နောက်ဘဝကျတော့ သံတံကျင်လျှိုပြီး သေခဲ့ရတယ်။ အကုသိုလ်ဝဋ်ကြွေးက

ကောင်းကောင်းသေတာလား၊ သေခြင်းဆိုးလား။ (သေခြင်းဆိုးပါဘုရား)။နောက်တခါ တွေ့ချင်ကြသလား။မတွေ့ချင်လျှင်ဝိပဿနာလုပ်ကြစမ်းပါ။ဦးပဥ္စင်းကအစ ဒကာဒကာမတွေအဆုံး ဒိဝင်္ဂကြွေးတွေ အားလုံးရှိတယ်နော်။ဘာနဲ့ဆပ်ကြမလဲ ဆိုတော့ ဝိပဿနာနဲ့ဆပ်ရင်ကျေတယ်။ ဘဝပေါင်းငါးရာ သိတ်ကျင်လျှိုပြီး ဘဝတိုင်းသေခဲ့ရတယ်၊ ဦးပဥ္စင်းတို့ မြတ်စွာဘုရားလက်ထက်တော်အခါတုန်းက သာဝတ္ထိပြည်မှာ ကုဋေလေးဆယ်လောက်ကြွယ်ဝတဲ့ သူဌေးကြီး သူဌေးကတော်တို့ရဲ့ သားဖြစ်လာတယ်။ ဥတ္တရကုမာရ လို့ သူတို့နံမယ်ပေးတယ်။ ထိုအခါမှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလဲဘဲ သာဝတ္ထိပြည် တောကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ ဥတ္တရကုမာရသတို့သားက အချိန်တန်အရွယ်ရောက်လာတယ်၊ ပညာကလဲတတ်ပစ္စည်းကလဲပေါ ရုပ်ကလဲချောဆိုတော့ လောကီအနေနဲ့ဆိုရင်ပြောစရာမလိုတော့ပါဘူးနော်။ (မှန်ပါ ဘုရား)။

သူ့ရဲ့သတင်းစကားကို ရာဇဂြိုဟ်နိုင်ငံက ဝေဿကာရ အမတ်ချုပ်ကြီးက ကြားတယ်၊ သူ့မှာလဲ လူမက နတ်တမျှ လှပတဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ သမီးကညာလေး တယောက် ရှိတယ်။ အချက်ကောင်းတုန်း သားမက်လောင်း ရှာအုံးမယ်ဆိုတဲ့ သဘောမျိုးနဲ့ ပဏ္ဏာဖြူပဏ္ဏာညိုတွေကို တံစိုးလက်ဆောင်ပေးပြီး သာဝတ္ထိပြည်က ဥတ္တရကုမာရသတို့သားနဲ့ ကြောင်းလှမ်းချေကွာဆိုတော့ ပဏ္ဏာတွေကလာပြီး ကြောင်းလှမ်းစကား ပြောတယ်၊ အမေမိဘတွေက သဘောကျတာပေါ့။ ကာယကံရှင်ဖြစ်တဲ့ ဥတ္တရကုမာရသတို့သားကတော့ သဘောမကျဘူးတဲ့။ ပါရမီပြည့်သာမှကိုး။

အဲဒီတော့ ငြင်းပယ်လိုက်တယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ မီးယပ်ဒူလာတို့နဲ့ ဒွါရကိုးတန်က အပုပ်ရေတွေက အမြဲကျဆင်းနေတယ်မဟုတ်လား။ ဒါကြောင့် မတင့်တယ်သော အသုဘခန္ဓာကိုယ်ကြီးတွေ ရှံစရာမုန်းစရာတွေပါလို့ တရားသဘောနဲ့ ဥတ္တရကပြောတဲ့အခါ ပုဏ္ဏားတွေက ဒီစကားကြားတော့ မသာမကြည်နဲ့ သူတို့ရဲ့ရာဇဂြိုဟ်ပြည် ပြန်သွားပြီး အမတ်ချုပ်ကြီးကို ဂုံးစကားနဲ့ မုန်းသွားအောင် ပြောကြတယ်တဲ့။

အေးပေါ့ကွာ၊ မင်းပိုင်းစိုးပိုင်းကစတင်ပြီး သူဌေးပိုင်းကို ကြောင်းလှမ်းရတာ သိပ်ရှက်စရာကောင်းတာဘဲ၊ ဒင်းတို့ ငါ့နိုင်ငံမှာသာဆိုရင် ဒင်းတို့အသက် ငါ့လက်ထဲပျက်ရမည်ဆိုပြီး ကြိမ်းမောင်းတာပေါ့။ (မှန်လှပါ ဘုရား)။

ရှင်သာရိပုတ္တရာကလဲ ဒီအိမ်မှာ အမြဲ ဆွမ်းခံနေကျဖြစ်တယ်။ အဲဒီတော့ ဥတ္တရက "အမေရယ်၊ ရဟန်းပြုပါရစေ"တဲ့။ "သားရယ်၊ ဖြစ်မှာမဟုတ်ပါဘူး၊ အမေတို့မှာ ကံကောင်းထောက်မလို့ မင်းတယောက် ရှိတာဘဲ။ ရဟန်းဆိုတာ သိပ်ဆင်းရဲပါတယ် သားရယ်၊ မင်းစဉ်းစားစမ်းပါ။ မင်း ဆင်းရဲဒုက္ခကို ခံနိုင်မှာ မဟုတ်ပါဘူးသားရယ်" တဲ့။ ထိုအခါ ဥတ္တရက အမေရယ်၊ ဒီဆင်းရဲမျိုးက ဆင်းရဲတယ်မခေါ်နိုင်ပါဘူး။ အိုဘေး နာဘေး သေဘေးသင့်တဲ့ ဒုက္ခကမှ ဆင်းရဲတာအမှန်ပါလို့ ပြန်ပြောတယ်၊ ပြောတဲ့စကား မမှန်လား။ (မှန်ပါတယ်ဘုရား)။ ဒါကြောင့် မိဘနှစ်ပါးက ရဟန်းဆိုတာ ဘယ်လောက် ဆင်းရဲတယ်ဆိုတဲ့ အကြောင်းကို ပြောပြလိုက်တယ်။

မာ တာတ ပဗ္ဗဇ္ဇာ တေန၊ ပဗ္ဗဇ္ဇာ အတိဒုက္ကရာ။
ဥဏှံ လဘတိ သီတတ္တေ၊ ဥဏှတ္တေ သတိ သီတလံ။ ။

တာတ၊ ရတနာချိန်မို့ စိန်ရတီ ပုလဲအသွေးကဲ့သို့ အချစ်ခတ်ကို နေ့စဉ်ပေးပါတဲ့ ချစ်သွေးယူဆောင် အို–သားလှလှလေးမောင်။ ပဗ္ဗဇ္ဇာ၊ သပိတ်လက်စွဲ မျက်နှာမွဲနဲ့ ရွာထဲလှည့်ပတ်ဆွမ်းခံစားရတဲ့ ရဟန်းတို့အတတ်မျိုးသည်။ အတိဒုက္ကရာ၊ ပေါ့ပေါ့ကလေး မောင်မထင်လိုက်ပါနှင့် အလွန်ပင်ပြင်းပြင်း၍ ငိုချင်အောင်ဆင်းရဲလှပါတယ် သားရယ်—လို့ ပြောတော့, အမေရယ်၊ ဒါမျိုးက ဆင်းရဲပေမဲ့ ဆွမ်းခံစားရတာဟာ သမ္မာအာဇီဝ ဖြစ်ပါတယ်၊ သားကိုသနားရင် ဆံပင်တွေကိုရိတ်ပယ် အဝါထည်ပိတ်သင်္ကန်းကို ဝတ်ဆင်မြန်းတဲ့ ရှင်ရဟန်းအဖြစ် ခွင့်ပြုပါ အမေရယ်လို့ တောင်းပန်သတဲ့။

ထိုအခါ မိဘများက ခွင့်ပြုရတော့တာပေါ့။ ရှင်သာရိပုတ္တရာထံ အပ်နှံလိုက်တော့ ရှင်သာမဏေလေးဝတ်ပေးပြီး လိင်ဆယ်ပါး ဒဏ်ဆယ်ပါး သေခိယခုနစ်ဆယ့်ငါး စုဒ္ဒသခန္ဓကဝတ်တဆယ့်လေးပါးဆိုတဲ့ ကိုရင်ရဲ့ ဝိနည်းတွေ သင်ပေးထားတော့ ယဉ်ကျေးနေတာပေါ့။

တဝါ လွန်မြောက်တဲ့အခါမှာ ရှင်သာရိပုတ္တရာကြီး လေနာရောဂါစွဲလို့ အိပ်ယာထဲ လဲပါရောတဲ့။ အဲဒီတွင် မရှုနိုင် မရှိုက်နိုင်ဆိုသလို ဖြစ်ပြီးနေတော့ ယဉ်ကျေးတဲ့ ကိုရင်ကလေးက အရှင်ဘုရား ရှေးအခါကကော ဒီလိုရောဂါမျိုး ဖြစ်ဘူးလား မေးတော့ ဖြစ်ဘူးတာပေါ့ ငါ့ရှင်သာမဏေ။ ဘယ်လို ဆေးဝါးခတ်စာနှင့်များ ကုသခဲ့ပါသလဲဘုရား။ စတုမဓု ဆေးဝါးခတ်စာနှင့် ကုသလို့ ပျောက်ကင်းခဲ့ပါတယ်ကွာဆိုတော့ ခါတိုင်းတော့ မိဘနှစ်ပါးရဲ့ အိမ်ကို ဆွမ်းခံသွားပြီး လိုတာလေးတွေ တောင်းရမ်းပြီး ပြန်လာလေ့ရှိတယ်၊ ဒီနေ့တော့ဖြင့် စောစောစီးစီးအိပ်၍ နံနက်မိုး

သောက် အလင်းရောက်ပြီ ထင်မှတ်လို့ သုံးနာရီခွဲလောက်မှာ မြိုင် တောကနေ ယတုမဓု ဆေးဝါးရှာရင်းနဲ့ ဆွမ်းခံသွားမယ်လို့ ထွက် အလာ သာဝတ္ထိပြည်အစွန်ကျတော့ ကြာမျိုးငါးသွယ် တင့် တယ်တဲ့ ရေကန်ကြီးတွေလို့ ကန်ဘောင်ပေါ်မှာ သပိတ်ကလေး တင်ထားပြီး အခုမှ အာရုံကျင်း အလင်းရောက်လာတယ်၊ ငါ မျက်နှာသစ်လိုက်အုံးမယ် ဆိုပြီးတော့ ရေကန်ထဲ မျက်နှာဆင်း သစ်တယ်။

ရာဇဂြိုဟ်နိုင်ငံဘက်ကလဲ ဒုတ်လုံတံ ဒါး လက်နက်တွေ ကိုင် ဆောင်လို့ "လိုက်ကြပါ၊ ဖမ်းကြပါ၊ ဆီးကြပါ"ဆိုတဲ့ အသံတွေ ကလဲ ဆူဆူညံလို့ ပေါ်လာတယ်။ (မှန်ပါဘုရား)။ ရွှေကပြေးတဲ့ သူခိုးကလဲ အင်း-ငါတော့ လွတ်ပုံမပေါ်ဘူး၊ ဒီဘဏ္ဍာထုပ်ကြီး သပိတ်ထဲ ထည့်ပြေးမှဆိုပြီး ထည့်ပစ်ခဲ့တယ်၊ နို့ပြီး သူခိုးက လွတ်ပြေးသွားတော့တာပေါ့၊ အာဏာသားတွေက အနားရောက် လာပြီး ရှာကြတော့ ကိုရင်ကလေးကို သွားတွေ့ကြပါရောတဲ့။ ဒီ ကိုရင် စောစောစီးစီးနဲ့ ဘာလုပ်တာလဲ၊ ရှာကြ ဖွေကြဆိုတော့ ကိုရင့်ထံမှာ ဘဏ္ဍာထုပ်ကြီး တွေ့ပါရော။ အဲဒါ အတိတ်က ဝဋ္ဋ ကြွေးပေါ့။ တကယ် ကြောက်စရာကောင်းပါလား။ (မှန်ပါ ဘုရား)။

ဒါနဲ့ဘဲ ကိုရင်ကို သူခိုးဆိုပြီး ထောင်းကြ ထုကြတာပေါ့ဗျာ။ ကိုရင်လေးကဲ ဒကာကြီးတို့ရယ် စဉ်းစားကြစမ်းပါ၊ ကိုရင်ဟာ ဒကာကြီးတို့ထင်သလို သူခိုးလဲ မဟုတ်ရပါလား ဒကာကြီးရယ်။ အရှည်ဝါသီ တောရမှိုပြီးနေတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးရဲ့ တပည့်ရင်းပါ။ အကျွန်ုပ်ကိုရင်သည် သူခိုးမဟုတ်ပါ ဘူးဒကာကြီးတို့ရယ်၊ ဒီလောက်လဲ မနှိပ်စက်ကြပါနဲ့။ အကျွန်ုပ်

ကိုရင်သည် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ လေနာရောဂါ စွဲကပ်တာကို ဆေးဝါးခါတ်စာရှာဘို့ စောစောထပြီး ဆွမ်းခံရင်း အခု ထွက်လာတာပါ ဒကာကြီးတို့ရယ်၊ ကိုရင် မခိုးရပါဘူး၊မယုံရင် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို သွားပြီး မေးကြစမ်းပါလို့ ကိုရင်လေးက ပြောရှာတယ်။

အံမာ ဆင်ကောင်ကြီး တွေ့နေမှ ဆင်ခြေရာရှာနေစရာလိုသေး လားဆိုပြီး ကြိုးတွေနဲ့ ချည်နှောင်တဲ့ကာ ရာဇဂြိုဟ်ပြည်ဘက်ကို အတင်းဆွဲတော့တာပေါ့။ ကြောက်စရာကောင်းလိုက်တာ၊ အဲဒါ အတိတ်ကဝဋ်ကြွေး ဘာနဲ့ဆပ်ကြမလဲ၊ ဝိပဿနာနဲ့ဆပ်ကြ။ ဒီဘဝမှာ ဆပ်ရင်ဆပ်နော်၊ မဆပ်လို့ရှိရင် နောက်ဆပ်ဘို့ ဘဝများ မြင်ကြသေးလား။ (မမြင်ပါဘုရား)။ သိပ် ကြောက်စရာကောင်းပါလား။ (မှန်ပါဘုရား)။

ရာဇဂြိုဟ်ပြည် ရောက်တယ်ဆိုရင်ဘဲ ဝေဿကာရ အမတ်ချုပ်ကြီးရဲ့ ရာဇဝတ်ရုံး တင်ပေးလိုက်တယ်။ ကိုရင် ဘယ်ရွာကတုံး၊ ဘယ်သူ့သားလဲ၊ နာမည် ဘယ်လိုခေါ်သလဲဆိုတော့ အကျိုးအကြောင်း ပြန်ပြောပြတဲ့အခါ ငါ့သမီးကို အပုပ်ကောင်နဲ့ တူသလေး ဘီလူးမနဲ့တူသလေးနဲ့ ပြောသွားတဲ့ပုဂ္ဂိုလ်ကိုး။ ငါ့သမီးနဲ့စပ်တုန်းက ဘာလေးညာလေးနဲ့။အခု မင်း ဘာတတ်နိုင်သေးတုံး။ ဩော်-ကိုရင်က ဥတ္တရတဲ့လား၊ ဟား ဟား ဟား- ငါ့သမီးနဲ့ စပ်တုန်းက အပုပ်ကောင်လေး ဘီလူးမလေးနဲ့၊ အသုဘနဲ့ တူသလေးနဲ့၊ အခု မင်း ဘာတတ်နိုင်လဲကွဆိုပြီး မျက်နှာထားတင်းတင်းနဲ့ ဟော့ အာဏာသားတွေ-ဟောဒီ သီလကြောင်သူခိုးကိုရင်ဥတ္တရကို ကြိုးတွေနဲ့ ချည်နှောင်တုတ်၊ သုသာန်မြေ ကားစင်တင်၊ သံတံကျင်လျှိုပြီး သတ်စေ၊ တချက်လွှတ်အမိန့်

တော်။ ကိုင်း–ဒကာဒကာမတွေ ကြားလို့မှ မကောင်းဘူးနော်။ (မှန်ပါဘုရား)။

ဒီတော့–ကိုရင်လေးက ပြောတယ်။ ဒကာကြီးရယ်၊ စဉ်းစား စမ်းပါအုံးဒကာကြီးရဲ့၊ရာဇဝတ်ခုံရုံးဆိုတာက စစ်စစ်ဆေးဆေးနဲ့ သက်သေခံလုံလောက်တို့ စုံထောက်စစ်ဆေးပြီးမှ အပြစ်ပေးရ တယ်မဟုတ်လား ဒကာကြီးရဲ့။ အခုတော့ ရောက်ရောက်ချင်း မစစ်ဆေးဘဲနဲ့ သတ်စေလို့ အမိန့်ချမှတ်လိုက်တာ၊ အဂတိတရား လေးပါး လိုက်စားပြီး မတရားဆုံးဖြတ်ရင် တကယ်မလွဲ အပါယ် ငရဲ ကျတတ်ပါတယ် ဒကာကြီးရဲ့တဲ့။ ဆန္ဒာဂတိ–တပါးသော ပုဂ္ဂိုလ်ကို ချစ်လို့ မတရားဆုံးဖြတ်ခြင်း၊ ဒေါသာဂတိ–တပါး သောပုဂ္ဂိုလ်ကို မုန်းလို့ မတရားဆုံးဖြတ်ခြင်း၊ မောဟာဂတိ– အမှားအမှန် မဝေဖန်နိုင်ဘဲ ပညာရှိအသွင် မတရားဆုံးဖြတ်ခြင်း၊ ဘယာဂတိ–ကြောက်လန့်ပြီး မတရားဆုံးဖြတ်ခြင်းဆိုတဲ့ အဂတိ လေးပါးနှင့် ငြိနေပါတယ်–ဒကာကြီးရယ်၊ စဉ်းစားစေချင်ပါ တယ်။

အကျွန်ုပ်ကိုရင်သည် သူခိုးမဟုတ်ပါဘူး ဒကာကြီးရဲ့၊ အရ ညဝါသီ တောရပ်မှိုပြီးနေတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးရဲ့ တပည့်ရင်းဖြစ်ပါတယ်၊ မခိုးရပါဘူး ဒကာကြီးရယ်။ မယုံ ရင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို သွားပြီးတော့ မေးကြစမ်းပါတဲ့။ ဟေ့–ကိုရင် လျှာရှည်မနေနဲ့။ လျှာရှည်တာ မဟုတ်ပါဘူး ဒကာကြီးရယ်၊ သူတော်ကောင်းကို ပြစ်မှားရင် အလွန်တရာ ဝန်လေးလှပါတယ် ဒကာကြီးရယ်၊ ဒါကြောင့်

စဉ်းစားစမ်းပါအုံး ဒကာကြီးရဲ့ မစစ်မဆေး၊ မမေးမမြန်းဘဲနဲ့ သတ်စေဆိုတော့ တော်ပါ့မလား ဒကာကြီးရယ်။ ဟော့–ကိုရင်လျှာရှည်မနေနဲ့၊ အာဏာသားတွေ ဆွဲကြလို့ ဆိုလိုက်တော့ အာဏာသားတွေက ကြိုးတွေနဲ့ ချည်နှောင်တည်းပြီး တခါထဲ ဆွဲကြပါရော။

ဒီအခါတုန်းက ရဟန်းသာမဏေများကို ကားစင်တင် သံကျင်လျှိုတယ်ဆိုတာလဲ မရှိဘူးသေးတော့ ရာဇဂြိုဟ် နိုင်ငံသူ နိုင်ငံသားတွေမှာ တားမရ ဆီးမနိုင် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျဆင်းပြီး ငိုယိုတမ်းတကြ, စုတ်တသပ်သပ် ရင်တဖိုဖိုနဲ့ ရှိနေကြတာပေါ့။

ဝိန္ဒိယတိုင်းဆိုတော့ ကုလားမလေးတွေ ကုလားမကြီးတွေ ကုလားအမျိုးသားတွေ ဆာဒီလေးတွေနဲ့ မျက်ရေသုတ်ပြီး တရှုံ့ရှုံ့နဲ့ ငိုကြမှာဘဲနော်။ ဒါတွေပြောရင်း ဦးပဉ္ဇင်းတောင် ဝမ်းနည်းလာတယ်။

ထိုအခါ အာဏာသားတွေက ကြိုးတွေနဲ့ ချည်နှောင်တုတ်သုသာန်မြေ ကားစင် လက်ဝါးကပ်တိုင်ပေါ်မှာ ဘယ်လက်ကလေးကိုဆွဲပြီးတော့ သံတံကျင်နှက်လိုက်တယ်ဆိုရင် သွေးတွေက ပွက်ကနဲပွက်ကနဲ ယိုထွက်တာဘဲ။ (မှန်ပါဘုရား)။

နောက်တခါ ညာလက်ကလေးဖြန့်ကာ လက်ဝါးကပ်တိုင်မှာ ကပ်ပြီး သံတံကျင်နှက်လိုက်ပြန်တော့လဲ သွေးတွေက ပွက်ကနဲ ပွက်ကနဲ ထွက်ပြန်တော့တယ်၊ ကိုရင်လေးက နာလွန်းလို့ လူးလွန့်ပြီး လိမ်တွန့်နေတာပေါ့။

တခါ ခြေထောက်နှစ်ချောင်းကိုဆွဲပြီး သံတံကျင်နှက်လိုက်ပြန်တော့လဲ သွေးတွေက ယိုထွက်၊ လက်ကလဲမလှုပ်နိုင်၊ ခြေကလဲမလှုပ်နိုင်တော့ ကိုယ်လုံးကလေးကလိမ်တွန့်နေတာပေါ့။ ဒါကို အာဏာသားတွေက ကြည့်ပြီးတော့ မသေသေးဘူးကွဆိုပြီး မမြင်ဝံ့လောက်အောင် ရင်ညွန့်မှာ သံတံကျင် ထပ်နှက်လိုက်ကြပြန်တယ်၊ သွေးတွေက ပွက်ပွက် ပွက်ပွက်နဲ့ ယိုထွက်နေတော့ တဝါသာ ဆင်မြန်းခဲ့ရတဲ့ သင်္ကန်းကလေးမှာ သွေးတွေက စို့ရွှဲပြီး ရဲရဲတောက်နေတော့တာပေါ့၊ ကိုရင်ကလေးမှာ တခါတခါကျတော့ မေ့မေ့သွားသတဲ့။

ဪ–အကုသိုလ်ဝဋ်ကြွေးဟာ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ သတိရတဲ့အခါ အရည်ဝါသီ ဟောရပ်မှီနေတဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး မကျန်းမမာ ရောဂါဝေဒနာ စွဲကပ်နေတာကို ဘယ်သူက ဆေးဝါးဓာတ်စာရှာကြံပြီး ကပ်ပါ့မလဲ၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ချွေးစွန်းနေတဲ့ သင်္ကန်းတွေကို ဘယ်သူက နေလှန်းလို့ ပေးပါ့မလဲလို့ စဉ်းစားမိတယ် တဲ့။ ကိုရင်ကလေးက လိမ္မာတော့ တွေးတာပေါ့ဗျာ။

မိခင် ဖခင်နှစ်ပါးကလဲ ဪ–ငါတို့သားကိုရင် လာနေကျ။ ယနေ့တော့ဖြင့် ဘယ်များ သွားပါလိမ့်မလဲ၊ ဘာဖြစ်လို့ မလာပါလိမ့်မလဲလို့ မျှော်နေရှာရော့မယ်။ ပျောက်သောသူ ရှာရင်တွေ့ သေသောသူ ကြာရင်မေ့ဆိုသလို သေမှန်းလဲမသိ၊ ရှင်မှန်းလဲ မသိဆိုရင် မိဘနှစ်ပါးဟာ တဆွေးဆွေးတမွေ့မွေ့နဲ့ ရောဂါတွေ ကပ်ပြီး နှလုံးသွေးခြောက်ခန်း ပင်ပန်းတော် မူကြပါလိမ့်မယ်တဲ့။

ငါသည် ခုနေများ စကားပြောနိုင်လို့ မှာလိုက်ရရင် ကောင်းမှာဘဲလို့ ကိုရင်လေးက တွေးမိသတဲ့။ (မှန်လှပါဘုရား)။ ရှေးတုန်းကတော့ ဒီလို သက်နိုးဝတ်နဲ့ ပုဂ္ဂိုလ်ကို ဖမ်းပြီးတော့ သုသာန်မြေ ကားစင်မှာ သံတံကျင်လျှိုနှက်ခံရတယ်လို့ တခါမှ မရှိဘဲကိုး။ (မှန်ပါဘုရား)။ ဒါနဲ့ ရာဇဂြိုဟ် နိုင်ငံသူနိုင်ငံသားတွေဟာ တားလို့ ဆီးလို့ ကန့်လို့ ကွက်လို့ မရနိုင်အောင် ငိုတဲ့လူတွေက ငိုကြ ဖြစ်မှုဖြစ်ရလေဆိုပြီး သုတ်သုတ်သဲသဲ ရုပ်ရုပ်သဲသဲ တုတ်တုတ်ကိုမဲအောင် သုသာန်မြေကားစင်ကို အတင်းသွားကြတာပေါ့။

ဒီတော့ ကိုရင်လေးက စဉ်းစားစရာ ပေါ်လာတယ်၊ဘယ်လို စဉ်းစားသလဲဆိုတော့—အင်း မိဘနှစ်ပါးက ငါသေတဲ့အကြောင်း သိကြရရင် တခါတဲ ပင်ပန်းမှာဘဲ၊ ငါသေမှန်းလဲမသိ ရှင်မှန်းလဲ မသိရင်တော့ နွေရာသီ ရေကျတဲ့အခါ အခြေမလှတဲ့ အင်းအိုင်တွေလိုတဆွေးဆွေး တမြွေ့မြွေ့နဲ့ ပိုပင်ပန်းရှာကြလိမ့်မယ်၊ ဒီတော့ မိဘနှစ်ပါးတံ မှာလိုက်မှဘဲလို့ မှာရန် စိတ်ထဲမှာ တွေးမိ သတိရလာတယ် တဲ့။

စိဝရံ ပတ္တမာဒါယ၊ ဒဿေထ မမ မာတရံ။
ပဿိတွာ တံ ဝိဟညန္တု၊ ဉာပေန္တု သရဏေတိယံ။

ဘောန္တော၊ သူတော်ကောင်းတို့။ မမ၊ ဝိပါက ဝဋ္ဋတရားတို့ကြောင့် ချားရဟတ်ပုံအသွင် မမြင်နိုင်ကံတရားတို့ကြောင့် ခံစားနာကျင်ရပါသော အကျွန်ုပ်၏။ စိဝရဥ္စ၊ သွေးဖြိုင်ဖြိုင်စိုရွှဲ၍ မလဲ

သာ မခွါသာ တဝါသာဆင်မြန်းခဲ့ရပါတဲ့ သင်္ကန်းလို့ခေါ်တဲ့ ဟောဒီ ကေသီလေးကိုရှင်း။ ပတ္တဉ္စ၊ သူနဲ့သာအသက်မွေးခဲ့ရပါတဲ့ ဤလူ့ဘုံတွင် အတူဆုံခါ အတူခွဲရမည့် မှောင်မဲနက်ချိပ် ဟောဒီ သပိတ်တော်လေးကိုရှင်း။အာဒါယ၊ ယူဆောင်တော်မူကြကုန်၍။ မာတရံ၊ ဝေးရပ်မြေတနယ်ခြားက မယ်ဘုရားလို့ခေါ်ရတဲ့ ကိုရင့် ဒကာမကြီးကို။ဒသေထ၊ နှလုံးနေအမှန်မမေ့လိုက်ပါနှင့် တွေ့တွေ့ချင်း ပြတော်မူလိုက်ကြစမ်းပါ။တံ၊ ကိုရင်ပေးလိုက်တဲ့ ထိုသင်္ကန်း သပိတ်ပရိက္ခရာလေးတွေကို။ ပဿိတွာန၊ သားဆိုတဲ့ အသွင်ဓာတ်ဖြင့် ထင်မှတ်ကြည့်ရှုရကုန်သည်ရှိသော်။ ဝိဟညန္တု၊ သောကမီး အပူတောက်လို့မို့ မျက်ရည်ပေါက်ကြီးငယ် အသွယ်သွယ်ကျဆင်း ရပါသော်လဲ တခါသာလျှင်ပင်ပန်းတော်မူကြပါလိမ့်မယ်။တသ္မိံ ဌာနေ၊ ကံဆိုးလို့ကြုံရပါတဲ့ ဇာတ်နှစ်ဇာတ်ဆွဲ အခုတော့ တကတဲ အတင်းသတ်ကြတော့မတဲ့ ဤအရပ်ကုန်းမြင့် ကလေးပေါ်၌။ သရစေတိယံ၊ တံခွန်တိုင်ရွှေကုက္ကားနဲ့ မုလေးဖွားရယ်ကတလူလူ ဖူးရသူတွေ သတိအခါခါရပါလို့ လာလာသမျှတွေ သံဝေရ အောင် ဖန်သတဲ့လွမ်းစေတီဖြူဖြူလေးကို။ဌာပေန္တု၊ တည်ထားကြစမ်းပါ။ ဌာပေန္တု၊ ရွှေဆွဲလွဲသံတွေကတညံ့ညံ့ တိမ်ယံတွေက လဲတည်ို့ညို့ မခို့တရို့ရွှေသရဖီဖူးချိန်မို့ စေတီအထူးကို ရည်စူး ကာတည်ထား ကိုးကွယ်ကြပါစေကုန်သတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

အဲဒီလို ကိုရင်ကလေးက တွေးပြီးတယ်ဆိုရင် မေ့သွားပြန်သတဲ့၊ ဒီတော့မှ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဂန္ဓ

ကုဋီတိုက်တော်အဟောင်းက ရွှေညာဏ်တော်ကွန့်ယက်ကို ဖြန့်၍ကြည့် လိုက်တဲ့အခါ ဩြော်-မြေးတော်လေး ဥတ္တရ-ဒုက္ခနဲ့တော့ တွေ့နေ ပါပေါ့လား၊ ငါဘုရား အသွားနှေးပါက တဘဝလုံး ဆုံးရှုံးရာ ရောက်မယ်လို့ ဆင်ခြင်ပြီး ကောင်းကင်ယံစျာန်လမ်းက ကြွမြန်း တော်မူခဲ့ပါတယ်။

ဥတ္တရသာမဏေလေး၏ ကားစင်အထက်တဲ့တဲ့မှာ စျာန်လျှော ချသက်ဆင်းပြီး လက္ခဏာကြီး သုံးဆယ့်နှစ်ပါး လက္ခဏာငယ် ရှစ်ဆယ် အသွယ်သွယ်အဝဝနဲ့ နူးညံ့ပျော့ပြောင်းလှစွာသော လက်ဖဝါးတော်မြတ်ဖြင့် ဥတ္တရသာမဏေလေး၏ ဦးခေါင်းကို သုံးသပ်တော်မူ၍ သို့ကလို အားပေးတော်မူတယ်။

သုခံ ဒဿာမိ မာ ဘာယိ၊ မမံ နုဿရ ဥတ္တရ။
အမတေနာဘိသိဥ္စတုံ၊ အာဂတောဟံ တဝန္တိကံ။

ဥတ္တရ၊ သူသာန်မြေကားစင်မှာ သံတံကျင်အသွင်းခံ၍ ပြင်း ပြင်းထန်ထန် ပူပန်လွန်ကဲ အဆင်းရဲခံနေရတဲ့ ဩြော်-မြေးတော် ကလေးဥတ္တရ။ မာ ဘာယိ၊ ဒုက္ခဝေဒနာနှင့် သေရွာသို့ လိုက်မည့် အရေးကို ကြံတွေးကြောက်လန့်ကာ မနေပါနှင့်။ တော၊ သင်မြေး တော်ကလေးအား။ သုခံ၊ သံတံကျင်ဝဋ်အတွင်းမှ မြန်မကြာ လွတ်ကင်းသည့် ချမ်းသာသုခကြီးကို။ဒဿာမိ၊မြေးတော်ကလေး မပူလိုက်ပါနှင့်တော့ လှယ်ကူစွာပေးတော်မူပါတော့အံ့။ ဥတ္တရ၊ ပါရမီဖူးညွန့် တလွန့်လွန့်ရှင်သန် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် မဝေး လှတဲ့ အို-မြေးတော်ကလေး ဥတ္တရ။ မမံ၊ သုံးလောကသနင်း တရားမင်းသခင် ငါဘုရားရှင်ကို။ အနုဿရ၊ ဂုဏ်တော်နှင့်တကွ

ဆင်ခြင်၍ ထင်မြင်အောင် ရှုပွားလိုက်စမ်းပါလော့။ အဟာ၊ ဒုက္ခသယ်ကို ကယ်တင်လိုပြီး ငါဘုရားသည်။အမတေန၊ မသေနိုင်တဲ့ ဆေးအမြွတ် မြိုက်ရေစင်အအေးဓာတ်ဖြင့်။ အဘိသိဉ္စိတုံ၊ သာတကြည်ဆွတ်ဖျန်း၍ အထွတ်နန်းနယ်တခွင်သို့ ကယ်တင်တော်မူခြင်းငှါ။ တဝန္တိကံ၊ သံတံကျင်ဝဋ္ဋဘေးမှ ယခုတိုင်မလွတ်သေးတဲ့ သင်မြေးတော်ကလေးထံသို့။ အာဂတော၊ ရွှေကျောင်းတော်နှံ့သာခန်းဆီမှ ထက်ကောင်းကင်ဈာန်ယာဉ်လမ်းဖြင့် ကြွမြန်းတော်မူခဲ့ပါပေသတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)

မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးက ဤကဲ့သို့ သတိပေးပြီး ရောင်ခြည်တော်ခြောက်သွယ် စေလွှတ်တော်မူပါတယ်။ ညိုသောရောင်ခြည် ဖြူသောရောင်ခြည် ရွှေသောရောင်ခြည် နီသောရောင်ခြည် မောင်းသောရောင်ခြည် ပြိုးပြိုးပြက် တခဲနက်ရောင်ခြည်ဆိုတဲ့ အရောင်တွေထွက်ပေါ်လာတယ်။ အတိတ်ဘဝက ဝိဇ္ဇာဓိုရ်ဖြစ်စဉ်မှာ မဟာလှေကားပန်းလှူခဲ့ဘူးတဲ့ ကုသိုလ်ထူးကြောင့် ရွှေရောင်အဆင်းရှိသော ရောင်ခြည်တော်ကို ကြည့်ပြီး ပီတိဖြစ်လာတယ်တဲ့။ ပီတိသောမနဿဇောတွေ စောပြီးဂုဏ်တော်နှင့်တကွ အာရုံနိမိတ်တွေထင်အောင် ဆင်ခြင်လိုက်တော့–

သမာဓိဈာန်တွေ ဖြစ်ပေါ်လာတယ်၊ ဒီအခါ နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာတွေ ချုပ်သွားတယ်၊ တရားတန်ခိုး ဘုရားတန်ခိုး မကြီးလားဗျာ။ ဥက္ကဋ္ဌဒကာကြီး ဦးထွန်းတင်တို့ ဦးအိဆွတ်တို့ကော သဘောကျရဲ့လား။ (ကျပါတယ် ဘုရား)။

အတိတ်ကလှူခဲ့တဲ့ မဟာလှေကားပန်းသုံးပွင့်ကလဲ တယ်အကျိုးပေးကြီးပါလား။ ဒါကြောင့် အလှူလှူတယ်ဆိုတာ ကုန်တာလား၊ ရတာလား။ (ရတာပါ ဘုရား)။ သဒ္ဒိသံ ပါကံ ဇနေတိ—တဲ့၊ တူသောအကျိုးပေးတယ်။ အေး—ဒါကြောင့် ရောင်ခြည်တော်ခြောက်သွယ်ထဲမှာ ဥတ္တရသာမဏေက ရွှေသောရောင်ခြည်ကို သဘောကျတယ်။ ဒါကြောင့်—

အရေတော်ပါး၊ ရွှေသားသိင်္ဂီ။
ဝါလျှမ်းထိန်ဝင်း၊ ကိုယ်တွင်းအဆီ။
ကြည်ကြည်ပလို့၊ ပီတိရံသီ။
တလက်လက်၊ ပေါ်ထွက်ပြန်လေသည်။

အဲဒါ မြတ်စွာဘုရားရဲ့ ကိုယ်တော်က ထွက်ပေါ်တဲ့ ရွှေသောရောင်ခြည်ကို ကြည့်ပြီးတော့ နာကျင်ကိုက်ခဲမှုတွေ ပျောက်သွားသတဲ့။ ဒီတော့မှ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြေးတော်ကလေးဥတ္တရ၊ မင်းဒီအတိုင်းမနေနဲ့ကွာ၊ အခုမင်းဝမ်းမြောက်ဝမ်းသာဖြစ်နေတာ၊ ဒါတခြားမဟုတ်ဘူး။ သုခဝေဒနာကွ၊ မင့်ဝေဒနာနဲ့ ငါနဲ့မရောစေနဲ့လို့ ဟောပေးနေတယ်။

ဟောလိုက်တဲ့အခါကျတော့ စောစောတုန်းက နာကျင်ကိုက်ခဲလို့ မခံနိုင်ဖြစ်နေတဲ့ ဒေါမနဿဝေဒနာတွေ ပေါ်နေတယ်၊ အခု ဗုဒ္ဓါနုဿတိဂုဏ် ကိုယ်လုံးလဲထုံပါရော သူ့တော်ကောင်းတို့ ဥတ္တရသာမဏေလေးမှာ ဒုက္ခဝေဒနာတွေချုပ်ပြီးတော့ သုခဝေဒနာ အစားထိုးပေါ်လာတော့တယ်။ ဒါ ငါလား၊ သူလား၊ ဝေဒနာလား။ (ဝေဒနာပါ ဘုရား)။ ဝေဒနာဟာ အလိုလိုပေါ်တာ

မဟုတ်ဘူး၊ ဖဿကြောင့် ပေါ်တာလို့ မှတ်ကြပါ။ ဘုရားရှင် ခြည်တော်တည်းဟူသော အဆင်းရယ် ဥတ္တရသာမဏေလေးရဲ့ မျက်စိရယ် ဒီနှစ်မျိုးတိုက်လိုက်တဲ့အခါ ဖဿခေါ်တယ်။ အဲဒီ ဖဿတိုက်လိုက်တယ်ဆိုရင်ဘဲ ဒီမှာခံစားမှု သဘောတရားလေး တွေ ကောင်းတယ်ဆိုတဲ့ သုခဝေဒနာပေါ်လာတယ်။ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးက မြေးတော်လေးဥတ္တရ၊ ဝေဒနာနဲ့ ငါနဲ့မရောစေနဲ့နော်၊ ဝေဒနာဟာ မြဲတဲ့တရားမဟုတ်ဘူး၊ ဝေဒ နာကို အနိစ္စမြင်အောင်ရှုပေးပါ ရှုပေးပါလို့ ဟောပေးနေတယ်။ အနိစ္စလက္ခဏာတွေမြင်အောင် ရှုနေလိုက်တော့ တခါတလေမှာ ဒေါမနဿဝေဒနာတွေက ပျောက်သွားပြီးတော့ ရှုလိုက်ရှုလိုက် ဆိုတဲ့ ဥပေက္ခာဝေဒနာတွေ အစားထိုးလာတယ်။

ဥပေက္ခာဝေဒနာကကော မြဲတဲ့တရားလား၊ မမြဲတဲ့တရား လား။ (မမြဲတဲ့တရားပါ ဘုရား)။ မမြဲတဲ့တရားတွေကို ဪ ဒါဟာ ရှိုက်သွင်းတဲ့ ဝေဒနာတွေက ရှူထုတ်တဲ့အခါကျတော့ ပျက်သွားတာဘဲ။ ရှူထုတ်တဲ့ဝေဒနာကလဲ ပြန်ရှိုက်သွင်းတဲ့ အခါကျတော့ ပျက်သွားတာဘဲ။ ဒီတရားတွေဟာ ပျက်တယ် ပျက်တယ်မြင်နေတော့ ငါမြင်သလား၊ သူမြင်သလား၊ နာကျင် ကိုက်ခဲတာ မြင်သလား၊ ပြောင်းလဲတာ မြင်သလား။ (ပြောင်း လဲတာမြင်ပါတယ် ဘုရား)။

ပြောင်းလဲတာဟာ အနိစ္စပါ။ ပြောင်းလဲမှန်းသိတဲ့ ဉာဏ်က မဂ္ဂသစ္စာ၊ မဂ္ဂင်ပေါ်လာပြီ။ ဝိပဿနာမဂ်ဉာဏ် ဝိပဿနာဉာဏ် နှင့် ဆက်ရှုလိုက်တော့ ရှူမှုရှိုက်မှုလေးတွေ ပြောင်းလဲနေပုံ၊ ဝမ်းသာတဲ့သဘောလေးတွေ ပြောင်းလဲနေပုံ ဖြစ်တယ် ပျက်တယ်

ဆိုတဲ့ တရားတွေချည်းဘဲ တွေ့နေတယ်။ ခန္ဓာကိုယ်ထဲမှာ ကြည့်မှ နာတယ်–ကျင်တယ် ကိုက်တယ်ခဲတယ်၊ ပူတယ် အေးတယ်၊ ညောင်းတယ် ညာတယ်၊ တောင့်တယ် တင်းတယ် ရွရွမွမွ ရွေ့ချင်တယ်၊ ပြောင်းချင်တယ်၊ လှုပ်ချင်တယ်၊ ကုတ်ချင်တယ်၊ ထိုင်းမှိုင်းတယ်၊ တွေဝေတယ်၊ ငိုက်မျဉ်းတယ်၊ ပျင်းရိတယ်၊ ပြန့်လွင့်တယ်ဆိုတာ ပြောင်းလဲမှု အနိစ္စပြနေတာမဟုတ်လား။ (မှန်ပါဘုရား)။

အဲဒီဝေဒနာတွေဟာ တဖျတ်ဖျတ် ပြောင်းလဲနေတာ မြင်တော့ ဒကာဒကာမတွေ ဝေဒနာပျောက်ပြီးတော့ အနိစ္စတွေ ဉာဏ်အောက်ရောက်လာတယ်။ ဒါဖြင့် ဖြစ်ပြီးရင် ပျက်တဲ့အနိစ္စက ဘာသစ္စာ....(ဒုက္ခသစ္စာပါ ဘုရား)။ ရှုတဲ့ဉာဏ်က .... (မဂ္ဂသစ္စာပါ ဘုရား)။ ဒီနေရာမှာ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ရှုလိုက်တော့ တဏှာ ဥပါဒါန် ကမ္မဘဝ သေတာက ဘာသစ္စာ....(သမုဒယသစ္စာပါ ဘုရား)။ အဲ သမုဒယသစ္စာအကြောင်းချုပ်တော့ အနာဂတ်အကျိုး ဒုက္ခသစ္စာတွေသိမ်းပြီး အခုချက်ချင်းသေက ငြိမ်းတာက ဘာသစ္စာ....(နိရောဓသစ္စာပါ ဘုရား)။

အဲဒီအတိုင်းသာ ရှုဖန်များရင် ဖြစ်ပျက်တွေမြင်၊ မြင်ဖန်များတော့ မုန်းလာမယ်၊ မုန်းဖန်များတော့ ဖြစ်ဒုက္ခ – ပျက်ဒုက္ခမှတပါး ဘာမှလိုချင်စရာ ရှုချင်စရာမရှိတော့ဘူးလို့ ဆုံးဖြတ်ချက်လဲချလိုက်တော့ ဒုက္ခတွေငြိမ်းသွားတဲ့ဟာက–နိဗ္ဗာန်။ ငြိမ်းပါလို့သိတာက– မဂ်ဉာဏ်။ ဒါဖြင့် ဒုက္ခတွေငြိမ်းတာက.... (နိဗ္ဗာန်ပါ ဘုရား)။ ငြိမ်းမှန်းသိတာက....(မဂ်ဉာဏ်ပါ ဘုရား)။

ဒါကြောင့် နိဗ္ဗာန် မဂ္ဂသာ အာရမ္မဏပစ္စယေန ပစ္စယောလို့ ပါဠိ တော်ကလာတယ်၊ နိဗ္ဗာန်ဆိုတာ သေမှ မြင်တာမဟုတ်ပါဘူး၊ မသေခင်မြင်တာပါ၊ ဥတ္တရသာမဏေမြင်သွားပြီ၊ ဝိပဿနာဉာဏ် ကတက်သွားတာ။

ဒီဒကာဒကာမတွေ တရားနာစ စိတ်နဲ့ တရားနာဆုံး စိတ် တူရဲ့လား၊ ပြောင်းလဲမနေဘူးလား။ ပြောင်းလဲနေတာ ငါလား သူလား၊ အနိစ္စလား။ (အနိစ္စပါ ဘုရား)။ အနိစ္စတွေက ဖြစ် ပြီးပျက်တော့ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလို့ ရှုလိုက်တဲ့ ဝိပဿနာ ဉာဏ်က....(မဂ္ဂသစ္စာပါ ဘုရား)။

အဲဒီအချိန်မှာ ငါကောင်သူကောင်မမြင်တော့ ခင်မင်မှုစွဲလမ်း မှု အားထုတ်မှု သေသွားတာက—သမုဒယသစ္စာ။ ခန္ဓာ့အတွက် စိုးရိမ်တဲ့သောက ပရိဒေဝမီးတွေ ငြိမ်းသွားတာက–နိရောဓသစ္စာ၊ သစ္စာလေးပါး ပေါ်ပါတယ်။ ဝိပဿနာဉာဏ်တော့ ရပြီနော်။ (မှန်ပါ ဘုရား)။ အဲဒါ အနိစ္စမှန်းအောင် ရှုဘို့လိုသေးတယ်။ (ဆုံးအောင်ရှုဘို့ လိုပါသေးတယ်)။ အဲဒါ ဥတ္တရသာမဏေက လေးခါမြင် လေးခါဆုံး လေးခါမှန်းတော့ ရဟန္တာဖြစ်သွား တယ်။ ရဟန္တာဖြစ်လို့ ဈာန်ဝင်စားလိုက်တဲ့အခါ ဒကာဒကာမ တွေ သံတံကျင်တွေ အကုန်ကျွတ်သွားတယ်။

ဒါဖြင့် ဝိပဿနာဉာဏ်နှင့် ဆပ်လိုက်တာ အတိတ်ကပါလာ တဲ့ အကုသိုလ် အသချေ အနန္တ ဘယ်သူကျေသလဲလို့ မေးလိုက် ရင် ဥတ္တရသာမဏေ ကျေသွားပါတယ်။ ဒီတော့ ဝိပဿနာဉာဏ် နဲ့မှ မဆပ်ရင် ဥတ္တရသာမဏေ နောက်ကိုဘယ်နှစ်ဘဝ ဒိဝဠ်ကြေး

ခံရအုံးမယ်လို့ ရေတွက်လို့ ရပါ့မလား။ (မရေနိုင်ပါ ဘုရား)။ ဒါဖြင့် သံတံကျင်လျှိုပြီးတော့ သေခြင်းဆိုးသေရမှာတွေလဲဝိပဿနာနဲ့ ဖြတ်ချလိုက်တယ်၊ အတိတ်ကပါလာတာတွေလဲ ဖြတ်ချလိုက်တယ်၊ ဝိပဿနာဉာဏ်တွေက ကျေးဇူးများပါတယ်။

ဥတ္တရသာမဏေသည် စောစောတုန်းက ဘဝပေါင်းငါးရာတိတိ ဝိပဿနာဉာဏ်မရတော့ သေခြင်းဆိုးနဲ့ သေခဲ့ရတယ်၊ အတိတ်ကဝဋ်ကြွေးတွေ အခုဝိပဿနာဉာဏ်ရတော့ နောင်ကို ဘဝပေါင်းမရေတွက်နိုင်အောင် ခံရမဲ့ ဝဋ်ကြွေးတွေ ကျေသွားပါတယ်။

ဒီဘဝမှာရောလွတ်မြောက်သွားတယ်။ဘာနဲ့ဆပ်လိုက်ပါလိမ့်မလဲဆိုတော့ ဒီဝိပဿနာနဲ့ ဆပ်တာသေချာပြီ။ဒါဖြင့် ဦးပဥ္စင်းတို့ ဒီဒကာဒကာမတွေ ငယ်တဲ့ပုဂ္ဂိုလ်များကလဲ မိဘများကို ပြန်လှန်မပြောကြနဲ့နော်၊ မိဘကို ပြန်နှုတ်လှန်ထိုးလို့ မိဘကခွင့်လွှတ်ပေမဲ့ အပြစ်က ခွင့်မလွှတ်ဘူးဆိုတာ ထင်ရှားနေတယ်။ အကုသိုလ်တရားတွေကိုလဲ ရှောင်ကြပါ။ ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ ခန္ဓာငါးပါး အနိစ္စတရားတွေ မြင်အောင်ရှုဘို့ အရေးကြီးတယ်၊ အခု ခန္ဓာထဲမှာ နာမှုကျင်မှု ကိုက်ခဲမှုလေးတွေဟာ တဖွားဖွားနဲ့ဖြစ်ပေါ်နေတယ်။အဲဒါ–ငါလား သူလား၊ အနိစ္စတွေလား။ (အနိစ္စတွေပါ ဘုရား)။ ဝိပဿနာဉာဏ်က–မဂ္ဂသစ္စာ၊ တဏှာဥပါဒါန် ကံ သေတာက – သမုဒယသစ္စာ၊ အပါယ်လေးပါး ဇာတ်သိမ်းပြီးတော့ အခုချက်ချင်း သောကပရိဒေဝမီး ငြိမ်းတာက–နိရောဓသစ္စာ။ သစ္စာဘယ်နှစ်ပါးပေါ်သလဲ။ (သစ္စာလေးပါးပေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်ရရင် အကုသိုလ်ကြွေးတွေ မကျေဘူး လား။ (ကျေပါတယ် ဘုရား)။ဒါဖြင့် ကျေသထက်ကျေအောင် ရှေ့ဆက်ပြီးကြိုးစားကြစမ်းပါ။ သွားရေးသမီးရေး စီးပွားရေး ကိုနောက်ထားပါ၊ ဝိပဿနာဉာဏ်ကိုရှေ့ထားပါ။ ဘာဖြစ်လို့လဲ ဆိုတော့ ကောင်းကံတွေကလဲပါတယ်၊ ဆိုးကံတွေကလဲပါတယ်။ ကောင်းကံနဲ့ကြုံကြုံ ဆိုးကံနဲ့ကြုံကြုံ မဖြုံနဲ့တဲ့။ ဝိပဿနာဉာဏ် ကိုသာ အဓိကထားမယ်ဆိုရင် ဒုက္ခသစ္စာဆိုတဲ့ ဤဘက်ကမ်းမှ သုခဆိုတဲ့ဟိုဘက်ကမ်းကို ရောက်ပါတယ်။ ဥတ္တရသာမဏေဟာ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဆိုတော့ သူများသတ်လို့ မသေဘူး၊ သေတို့ များဘယ်လောက်ကောင်းသလဲဗျာ။ ဒါဟာ အတိတ် ကုသိုလ်ကံ က ဥပနိဿယပစ္စည်းအဖြစ်နဲ့ ထောက်ပံ့ပေးလို့ မသေတာပါ။

ဦးပဥ္စင်းတို့ ဒကာဒကာမတွေလဲ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တွေဆို နိုင်လောက်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒုတိယကမ္ဘာစစ် တုန်းက သေနတ်သံ ဗုံးဒဏ် ဒါးဒုတ် လက်နက်အမျိုးမျိုးတွေဟာ ကုန်းတပ်ကတမျိုး ရေတပ်ကတဖုံ လေတပ်ကတကြောင်း ဦးပ ဥ္စင်းတို့ကို သတ်တဲ့ရန်သူပေါင်း မနည်းပါဘူး။ ကျုပ်တို့သေကြ ရဲ့လား။ (မသေခဲ့ပါ ဘုရား)။ အဲဒါအတိတ်ကုသိုလ်ကံက ဥပနိ ဿယပစ္စည်းအဖြစ်နဲ့ မသေအောင် ထောက်ပံ့စောင့်ရှောက်ပေးလို့ ရုပ်နာမ် ဓမ္မအကြောင်းအကျိုး အနိစ္စတရားမျိုးတွေအခုရှုပွားနေ နိုင်ကြတာ။

ဒါဖြင့် ပစ္ဆိမဘဝိကလို့ ဆိုနိုင်ပါပြီ။ (မှန်ပါ ဘုရား)။ သူများက ဟန်လုပ်သတ်တာမဟုတ်ပါဘူး၊ တကယ်သတ်တာပါ။

ဒါတောင်မသေခဲ့ကြဘူး။ ဘယ်လောက် အခွင့်ကောင်းရသလဲ ဗျာ။ ဒါဖြင့် အခွင့်ကောင်းရတဲ့အခါမှာ သာသနာတွင်းတရား အနိစ္စစသည်ကိုမြင်အောင် ပွားများကြလျှင် ယခုတွေ့နေကြတဲ့ ဒုက္ခသစ္စာတည်းဟူသော ဤမှာဘက်ကမ်းမှ သုခနိဗ္ဗာန်တည်းဟူ သော ဟိုမှာဘက်ကမ်းသို့ ကူးသန်းလွတ်မြောက် နိုင်တယ်ဆိုတာ နိဂုံးဂါထာပြကြပါစို့။

ကတတ္တာ နာနာကမ္မာနံ၊ ဋ္ဌာနိဋ္ဌေပိ အာဂတေ။
ယောနိသော တိတ္ထံ သန္ဓာယ၊ တရေယျ နာဝိကော ယထာ။

ဘောဓိသတ္တော၊ချမ်းသာထိပ်သီး စိတ်မငြိုးကြပါတဲ့ ရိပ်ကြီးကိုရှာ အိုသူတော်စွာအပေါင်းတို့။ နာနာကမ္မာနံ၊ ကံကောင်းကံဆိုး အမျိုးမျိုးတို့ကို။ ကတတ္တာ၊ဘဝများစွာ သံသရာက မက္ခာထက်ကြပ် ပြုလုပ်အပ်လေသောကြောင့်။ ဋ္ဌာနိဋ္ဌေ၊ အကောင်းအဆိုး အာရုံနှစ်မျိုးသည်။အာဂတေပိ၊ အကြောင်းအားလျော်စွာ ပေါ် ပေါက်၍လာခဲ့ပါသော်လည်း။ နာဝိကော ယထာ၊ ပင်လယ်ကို ကူး မာလိန်မှူးကဲ့သို့။ ယောနိသော၊ သင့်တင့်လျော်ကန် တော်မှန်ထုံးအရ အသုံးကျမည့် လုံ့လပညာ အလိမ္မာဖြင့်။ တိတ္ထံ၊ ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဘက်ကမ်းမှ စခန်းထဘို နန်းမခေမန် နေရာဘိနန်း နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းကို။ သန္ဓာယ၊ စိတ်စဉ်ဖြောင့်တန်း ကောင်းစွာမှန်း၍။ တရေ-တရေ ယျ၊ လောကဓံလှိုင်း လေမုန်တိုင်းကြောင့် မဆိုင်းမလှုပ် ဉာဏ် အားထုတ်လျက် သုတ်သုတ်လျင်စွာ ကူးခတ်လေရာသတည်း။ တရေယျ၊ ဆုတ်ကန်ဆုတ်ကန်နဲ့ လုပ်နေရန် အခါမဟုတ်ပြီဘူ့

ဘာဝနာအလုပ် ရှက်တက်တင်ကာပ မင်္ဂအင်္ဂငင်ဖောင် ကရဝိက်ပုံ နဲ့ ဟို....သောင်ထိပ်ကမ္ဘာ့ယံက အောင်နိဗ္ဗာန်ဆိုတဲ့ အမတာဘုံ ဆိုက်ရအောင် ရတနာပုံ အခါကြုံတဲ့အခိုက်ဟာမို့ အာရုံစိုက်ကာ တအားခဲပြီးတော့ မနားဘဲကူးခတ်ကြကုန်ရာသတည်း။ ။

(သာဓု–သာဓု–သာဓု ပါဘုရား)။

ပြည်မြို့မှာ ရှိကြကုန်သော မိုးကုတ်ယောဂီများနှင့် မြို့သူမြို့သားအပေါင်းတို့ ကောင်းမြတ်သော မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုခဲ့ပါတယ်။

**ဓာတကာဝိပဿနာ ဤတွင်ပြီး၏။**